www.burmeseclassic.com

BURMESE CLASSIC

# တော်ကူးဆရာတော်

# ဘဝဆည်းဆာ နှင့် ကျင့်စဉ်တရား

ဒေါက်တာမင်းတင်မွန်

ဒုက္ခဝေဒနာကို ကျော်လွှား၍ ငြိမ်းအေးမှုကို ရယူမည်

ပဉ္စမအကြိမ်

graphic design Mehm Thitsō

www.burmeseclassic.com

www.burmeseclassic.com

ပုဂ္ဂိုလ်ထူး ပုဂ္ဂိုလ်မြတ်

# တော်ကူးဆရာတော်

## ဘဝဆည်းဆာနှင့် ကျင့်စဉ်တရား

[ပဥ္စမအကြိမ်]

## ဒေါက်တာမင်းတင်မွန်

မြမွန်ရတနာ စာပေဖြန့်ချီရေး
တိုက် ၁၅၊ အခန်း ၁၉၊ ဦးဝိစာရအိမ်ရာ
ဒဂုံမြို့နယ်၊ ရန်ကုန်။ ဖုန်း–၃၈၅၂၆၁၊ ၀၉၈၀–၂၂၅၁၆

www.burmeseclassic.com

www.burmeseclassic.com

စာမူခွင့်ပြုချက်အမှတ် (၅၀၆/၂၀၀၀)(၇)
မျက်နှာဖုံးခွင့်ပြုချက်အမှတ်(၆၁၁/၂၀၀၀)(၁၀)

●

**ပုံနှိပ်ခြင်း**

၂၀၀၀ ပြည့်နှစ်၊ နိုဝင်ဘာလ၊ ပဌမအကြိမ်၊ အုပ်ရေ – ၅၀၀

●

**ထုတ်ဝေသူ**

မင်းတေဇာမွန်၊ ရတနာမင်းစာပေ (၃၄၅၅)
တိုက် ၁၅၊ အခန်း ၁၉၊ ဦးဝိစာရအိမ်ရာ
ဒဂုံမြို့နယ်၊ ရန်ကုန်။

●

**အတွင်းစာသားနှင့် မျက်နှာဖုံး ပုံနှိပ်သူ**

ဦးတင်မောင်ဝင်း၊ သင်းလဲ့ဝင်းပုံနှိပ်တိုက် (၀၅၉၄၆)
အမှတ် (၁) ဗိုလ်ရာညွှန့်လမ်း၊ ယောမင်းကြီးရပ်ကွက်
ဒဂုံမြို့နယ်၊ ရန်ကုန်။

●

**ကွန်ပျူတာစာစီ**

ခွန်မျိုး

●

**ဖြန့်ချိရေး**

မြမွန်ရတနာစာပေ
တိုက် ၁၅၊ အခန်း ၁၉၊ ဦးဝိစာရအိမ်ရာ
ဒဂုံမြို့နယ်၊ ရန်ကုန်။ ဖုန်း–၃၈၅၂၆၁၊ ၀၉၈၀–၂၂၅၁၆

●

တန်ဖိုး ၁၃၀၀ ကျပ်

www.burmeseclassic.com

www.burmeseclassic.com



တော်ကူးဆရာတော် မပျံလွန်မီတစ်ရက်၌
ဆရာတော်အား ပြုံးကြည်စွာ ဖူးမြင်ရပုံ။

www.burmeseclassic.com

www.burmeseclassic.com





တော်ကူးဆရာတော်၏အသက်တော် ၉၆ နှစ်မြောက်နေ့၌
ဆရာတော်အား စာရေးသူနှင့်အတူ ဖူးတွေ့ရပုံ

www.burmeseclassic.com

www.burmeseclassic.com

# အကျိုးမိတ်ဆက်

## အမြတ်ဆုံးပန်းတိုင်

* ဗုဒ္ဓသာသနာနှင့်ကြုံဆုံခိုက်မှာ တစ်မဂ်တစ်ဖိုလ်ဆိုတာ အလွယ်ကလေး...
* သေရာ ခုတင်ညောင်စောင်းထက်မှာ လျောင်းစက်နေရတဲ့အခါ မှန်မှန်ကန်ကန် နှလုံးသွင်းတတ်ရင် တစ်မဂ် တစ်ဖိုလ် ရသွားတာပဲ။
* မှန်မှန်ကန်ကန်နှလုံးသွင်းတယ်ဆိုတာက ဝိပဿနာရှုမှတ်ခြင်းပဲ။
* ဝိပဿနာဆိုတာ ဘေးရန်လုံခြုံတဲ့ အရိယာစားကျက်ပဲ...
* အရိယာစားကျက်မှာနေရင် ဘယ်ရန်သူမှ မနှောင့်ယှက်နိုင်ဘူး။
ရောဂါဘယများနှင့် ကိလေသာသူပုန်များလည်း မသောင်းကျန်းနိုင်ဘူး။
ဒါကြောင့် ကာယသုခ၊ စိတ္တသုခတို့နှင့် ပြည့်စုံနေတယ်။
သန္တိသုခဆိုတဲ့ အမြတ်ဆုံးနိဗ္ဗာန်ချမ်းသာကိုလည်း ခံစားနိုင်တယ်။
အဲဒါဟာ အမြတ်ဆုံး ဘဝပန်းတိုင်ပါပဲ။

BURMESE CLASSIC

## ဓမ္မောသဓဆေးကြီး

* ဒုက္ခနှင့် သောက ငြိမ်းအေးပြီး
ထာဝစဉ် ကျန်းမာရွှင်လန်းချမ်းမြေ့စေတဲ့
ဓမ္မောသဓဆေးစွမ်းကောင်းဆိုတာ
ဝိပဿနာတရားပါပဲ။

* မြတ်စွာဘုရား ပေးထားတဲ့ တရားဆေးဟာ
ဘူးသီး, ခရမ်းသီးလိုးတဲ့ သာမညဆေး မဟုတ်ဘူး။
အကျိတ်အခဲလုံးတွေကအစ ကင်ဆာရောဂါအထိ
ကြေမွကင်းစင်သွားအောင် ခုတ်မွှန်းနိုင်တယ်။
ကိလေသာသူပုန်များကိုလည်း ခုတ်သတ်နိုင်တယ်။
အကြီးကျယ်ဆုံးအောင်မြင်မှုကို ပေးစွမ်းနိုင်တဲ့ ဆေးလက်နက်ကွဲ့။

www.burmeseclassic.com

www.burmeseclassic.com

## အရေးကြီးဆုံးအလုပ်

အရေးအကြီးဆုံးအလုပ်က ရုပ်နာမ်တရားကို အမှန်သိအောင် ရှုနေဖို့ပဲ။
ဘယ်လောက်ပဲ စားရစားရ တစ်ဝမ်းဝရုံပဲ။
ဘယ်လောက်ပဲ ဝတ်ရဝတ်ရ တစ်ခါးလုံရုံပဲ။
ဘယ်လောက်ပဲ အိပ်ရအိပ်ရ တစ်ကျော့ချရုံပဲ။
သတိပဋ္ဌာန်အမှတ်နှင့်နေမှ အနေတတ်အနေကောင်းမည်။
အနေတတ်အနေကောင်းမှ အသေတတ်အသေကောင်းမည်။
အသေတတ်အသေကောင်းမှ ဘဝကူးဂတိ အထူးကောင်းမည်။

## အထက်ဆုံးလက်နက်

အဏုမြူထက် အစွမ်းထက်တာ စိတ်တန်ခိုး၊
စိတ်တန်ခိုးကို အထိရောက်ဆုံးအသုံးချတာ ဝိပဿနာ၊
ဝိပဿနာရှုပွားပါက–
ရောဂါပျောက်ကင်း၊ စိတ်ညစ်ကင်း၊ လက်ငင်းချမ်းသာသည်။
ကာယစိတ္တ၊ သုခလွန်ဘိ၊ သန္တိချမ်းသာ
မဂ်ဖိုလ်ပါ သေချာရလိမ့်မည်။

## ဘေးဘယာဝေးကွာပါစေ

ရောဂါနှစ်သင်း ပျောက်ကင်းလိုလျှင်
ရှင်တော်ဖော်ပေး တရားဆေးကိုပင်
ရှုမှတ်ပွားများ သောက်ကြားတွင်တွင်
အမှန်မလွဲ ပျောက်မြဲရောဂါစင်
ဘေးဘယ အေးမြစိတ်ကြည်လင်။

www.burmeseclassic.com

www.burmeseclassic.com

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ

# နိဒါန်း

နှောင်းတန်ခူးလဩပွင့်သော ပိတောက်ပန်းသည် သင်္ကြန်အခါသမယကို လှပတင့်မောစေသကဲ့သို့ အသက် ၉၅ နှစ်ကျော်ကာမှ ဝိပဿနာလောကတွင် ထင်ရှားကျော်စောလာသော တော်ကူးဆရာတော်ဘုရားသည် မြတ်ဗုဒ္ဓ၏ သာသနာတော်ကို လွန်စွာတင့်မောလှပစေခဲ့၏။

ဝိပဿနာရှုမှတ်ရာတွင် ထုံကျဉ်, တောင့်တင်း, ပူလောင်, ကိုက်ခဲခြင်း စသည့် နာကျင်ခံခက်သော ဝေဒနာဆိုးများသည် နီဝရဏတရားတို့နှင့်ပူးပေါင်း၍ သမုဒ္ဒရာလေးစင်း, တောင်စဉ်ခုနစ်ထပ်ကဲ့သို့ အဟန့်အတားအပိတ်အပင်ပြု လျက် ရှိကြ၏။ ဤဝေဒနာဆိုးတို့ကို ယောနိသောမနသိကာရဟူသည် မှန်ကန် သော နှလုံးသွင်းမှု, ခန္တီဟူသော သည်းခံမှုနှင့် စတုရင်္ဂဝီရိယဟူသော အရိုးကြေ ကြေ အရေခန်းခန်း နောက်မဆုတ်တမ်း ရင်ဆိုင်ဝံ့သည့် ဖွဲ့ လုံ့လတို့ဖြင့် ကျော် လွှားနိုင်ပုံ၊ 'လမ်းဆုံးလျှင် ရွာတွေ့မည်' ဟူသည်နှင့်အညီ ဝေဒနာဆိုးများကို လွတ်မြောက်သွားသည့်အခါ အလွန်တရာချမ်းမြေ့ငြိမ်းအေးသည့် သုခချမ်းသာ ကိုကြုံတွေ့ရပုံ၊ ယင်းသုခချမ်းသာဖြင့် ဣရိယာပုထ်ပြောင်းလဲခြင်းမပြုဘဲ ၂၄ နာရီကြာအောင် သက်သက်သာသာနေနိုင်ပုံတို့ကို တော်ကူးဆရာတော်သည် လက်တွေ့ပြသွားရုံသာမက ယောဂီအပေါင်းတို့ ကိုယ်တွေ့ကြုံနိုင်ရန်လည်း အလွန်ထူးခြားသည့် နည်းနာနိသယတို့ဖြင့် အောင်မြင်စွာပြသပေးနိုင်ခဲ့၏။

ဝေဒနာကြီးငယ်အသွယ်သွယ်ကို အောင်ပွဲခံထားပြီးသောသူသည် ရောဂါ တစ်မျိုးမျိုးကိုအကြောင်းခံ၍ ပေါ်ပေါက်လာသော ဝေဒနာဆိုးတို့ကိုလည်း ရှည်

www.burmeseclassic.com

www.burmeseclassic.com



ကြာသည့် ဣရိယာပုထ်တို့ဖြင့် အောင်ပွဲခံရသည့်တိုင်အောင် စူးစူးစိုက်စိုက်ရှုမှတ်နိုင်သည်သာ ဖြစ်၏။ ထိုသို့ ရောဂါဝေဒနာကို တည်ငြိမ်စွာ စူးစိုက်၍ရှုမှတ်နေခြင်းသည် ထိုရောဂါနှင့်ဝေဒနာတို့ကို အတုမရှိ အစွမ်းထက်မြက်သည့် သမာဓိဓားစကြာဖြင့် ခုတ်မွှန်းနေသကဲ့သို့လည်းကောင်း၊ အစွမ်းအထက်မြက်ဆုံး ဖြစ်သည့် ဓမ္မောသဓဆေးကြီးဖြင့် တိုက်စားချေမှုန်းနေသကဲ့သို့လည်းကောင်း၊ ပမာတူညီသဖြင့် ရောဂါဝေဒနာကို ပါးလျားသေးငယ်ပျောက်ကွယ်သွားသည်အထိ ရှုမှတ်နိုင်လာသောအခါ ထိုရောဂါသည်လည်း ပျောက်ကင်းသွားပေတော့၏။ ဤသို့ ထူးခြားဆန်းကြယ်စွာ ရောဂါပျောက်ကင်းခဲ့သည့် သာဓကများစွာကို တော်ကူးဆရာတော်သည် လက်တွေ့ပြသနိုင်ခဲ့သည့်အတွက် 'တော်ကူးမဟာသတိပဋ္ဌာန်ရိပ်သာကျောင်း'ကို 'တော်ကူးမဟာသတိပဋ္ဌာန်ဆေးရုံတော်' ဟူ၍ အမည်သမုတ်ခဲ့ကြ၏။

နာကျင်ခံခက်သည့် ဝေဒနာဆိုးများ ကင်းစင်လျက် ကျောက်ရုပ်တုကဲ့သို့ တည်ငြိမ်စွာထိုင်၍ ရှုမှတ်နေသောအခါ သို့မဟုတ် ကျောက်စာတိုင်ကဲ့သို့ ယိမ်းယိုင်ခြင်းမရှိဘဲ ခိုင်မြဲငြိမ်သက်စွာ မတ်တတ်ရပ်လျက် ရှုမှတ်နေသောအခါ သို့မဟုတ် သစ်တုံးသစ်ပိုင်းကြီးကို မြေကြီးပေါ်ချထားသကဲ့သို့ လှုပ်ရှားခြင်းမရှိဘဲ ငြိမ်ငြိမ်သက်သက်ရှုမှတ်နေသောအခါ သမာဓိရင့်ကျက်လာပြီးလျှင် ရုပ်နာမ်တို့၏သဘာဝအမှန်ကို ထိုးထွင်းကာမြင်သိလာသဖြင့် တရားထူးကိုလည်း သိရှိလာရ၏။ ယင်းသို့ သမာဓိထူထောင်ပြီးနောက် တရားထူးကို မြင်သိရန်အတွက်လည်းကောင်း၊ အရိယာတို့ မွေ့လျော်ပျော်ပိုက်ကြသည့် ဝိပဿနာစားကျက်ကြီး၌ ပျော်မွေ့စွာနေနိုင်ရန်အတွက်လည်းကောင်း တော်ကူးဆရာတော်သည် နည်းနာကောင်းများကို ညွှန်ပြခဲ့ပေသေး၏။

ဝိပဿနာစားကျက်၌ နေထိုင်သောပုဂ္ဂိုလ်သည် ကိလေသာများ တစ်စတစ်စ ပါးလျား၍ သီလ, သမာဓိ အထူးစင်ကြယ်လာသည့်အတွက် ထူးခြားသောစွမ်းရည်သတ္တိများ ဖြစ်ပေါ်လာရုံမျှမက နတ်များကလည်း ချစ်ခင်ကြည်ညိုစွာ ပူဇော်ပသကြောင်းတို့ကို တော်ကူးဆရာတော်၏ ဘဝဆည်းဆာတွင် အံ့သြကြည်ညိုစဖွယ် ဖူးတွေ့ရပေသေး၏။

နောက်ဆုံး၌ ဝိပဿနာအမှတ်သတိဖြင့် ကွယ်လွန်လျှင် မျက်စိလန်ခြင်း, အကြောဆွဲခြင်း, မချိမဆန့်ဝေဒနာခံစားခြင်းတို့ ကင်းပ၍ ညင်သာအေးငြိမ်းစွာ ကွယ်လွန်ရမည့်အပြင် တစ်မင်္ဂတစ်ဖိုလ်ကို အလွယ်တကူရနိုင်ကြောင်း၊ ကျန်ရစ်သည့်ရုပ်ကလာပ်သည်လည်း တောင့်တင်းမာကျောခြင်းမရှိဘဲ ပကတိအသွင်ဖြင့် တည်ရှိနေရမည့် အကြောင်းတို့ကို တော်ကူးဆရာတော်သည် မပျံလွန်မီ

www.burmeseclassic.com

www.burmeseclassic.com



လက်ာသီကုံး၍ ဒကာ ဒကာမများအား ရွတ်ဆိုစေခဲ့၏။ ဤလင်္ကာအတိုင်းပင် ဆရာတော်သည် ညင်သာအေးငြိမ်းစွာ ပျံလွန်ခဲ့ပြီးနောက် ရုပ်ကလာပ်တော်သည်လည်း ပုပ်ပွန်စော်, ပျက်စီးခြင်းမရှိသည်ကို ရဟန်းရှင်လူအပေါင်းတို့ အုတ်အော်သောင်းနင်း ဖူးမြင်ခဲ့ကြရပေ၏။

"မြတ်စွာဘုရားသာသနာမှာ တစ်မဂ်တစ်ဖိုလ်ဆိုတာ လွယ်လွယ်ကလေး၊ နိဗ္ဗာန်ဆိုတာ နီးနီးကလေး၊ ဗုဒ္ဓမြတ်စွာရဲ့အကောင်းဆုံး အမွေအနှစ်ကို ဘုန်းကြီးတို့ကတစ်ဆင့် အမွေပေးနေတယ်"ဟု တဖွဖွနှိုးဆော်တိုက်တွန်းခဲ့သော တော်ကူးဆရာတော်ဘုရားသည် သင်္ခါရသဘောတရားကို မလွန်ဆန်နိုင်ဘဲ ပျံလွန်သွားပြီ ဖြစ်စေကာမူ ဆရာတော်၏ အောင်ပွဲရ နည်းနိဿယများနှင့် ဆရာတော်ထံ၌ အောင်မြင်ပေါက်မြောက်စွာ တရားအားထုတ်ခဲ့ကြသော တပည့်သံဃာများတို့ ကျန်ရှိနေကြပြီးလျှင် ထိုတပည့်ရဟန်းတို့က ဆရာတော်၏နည်းဟန်မူအတိုင်း တရားပြသပေးနေကြသဖြင့် တော်ကူးဆရာတော်၏ ကျင့်စဉ်နှင့် နည်းအာနိသင်တို့သည် အဓွန့်ရှည်စွာ ရှင်သန်တည်ရှိသွားမည် ဖြစ်ပါသည်။

ယနေ့ တော်ကူးရိပ်သာတွင် တော်ကူးဆရာတော်ဘုရား သက်တော်ထင်ရှား ရှိနေသည့်အလား ယောဂီမြောက်မြားစွာတို့သည် ငြိမ်းအေးချမ်းသာစွာ ဣရိယာပုထ်ရှည်ရှည်တို့ဖြင့် အံ့မခန်းအောင် အားထုတ်နိုင်ကြလျက် ရောဂါများ ပျောက်ကင်းခြင်း၊ တရားထူးသိမြင်ခြင်း၊ ကုသိုလ်ထူးတို့ကို ဆည်းပူးနိုင်ခြင်း ဟူသော တော်ကူးဆရာတော်၏ ကျင့်စဉ်မှ ပေါ်ထွန်းလာသည့် အသီးအပွင့်များကို ပျော်ပျော်ရွှင်ရွှင် မြိန်မြိန်ရှက်ရှက် ဆွတ်ခူးစားသုံးနိုင်လျက် ရှိကြပေ၏။

တော်ကူးဆရာတော်၏ ချီးကျူးစဖွယ် ကြိုးပမ်းဆောင်ရွက်မှုများ၊ ကြည်ညိုလေးစားစဖွယ် စွမ်းရည်ဂုဏ်ထူးများ၊ နည်းမှီမှတ်သားစဖွယ် ကျင့်စဉ်များ၊ ဩဝါဒစကားများနှင့် ထူးထွေဆန်းပြားသည့် ဖြစ်ရပ်များစွာတို့ကို ဤစာအုပ်တွင် စုံလင်စွာကြိုးပမ်းတင်ဆက်သွားပါအံ့။

**တော်ကူးဆရာတော်မပျံလွန်မီရွတ်ဆိုခဲ့သောကဗျာ**

ညည်းညူမရှိ၊ သတိမမေ့၊
ချိန်နေ့သိပြန်၊ မျက်လန်ကြောဆွဲ၊
မရှိဘဲနှင့်၊ သေလည်းမတောင့်တင်း၊
ပုပ်နံ့ကင်းသည်၊ ကျိုးရင်းဝိပဿနာတန်ခိုးတည်း။

www.burmeseclassic.com

www.burmeseclassic.com

# မာတိကာ


**အကြောင်းအရာ** **စာမျက်နှာ**

အကြိုမိတ်ဆက်

နိဒါန်း

**အခန်း (၁) ဘဝဆည်းဆာ၏ ကြယ်တာရာများ**

တော်ကူးဆရာတော်ဆိုတာ ဘယ်သူလဲ ... ၁၇

ကထိကဦးမိုးစိန်၏ ကိုယ်တွေ့ ... ၁၉

ခန္ဓာကိုယ်ပေါ် စိတ်လွှမ်းမိုးနိုင်လျှင် ... ၂၁

လက်တွေ့ဘဝ၌ အသုံးကျသော သတိတရား ... ၂၃

တော်ကူးဆရာတော်၏ ထူးခြားချက် ... ၂၆

ဒေါ်ခင်မျိုးချစ်၏ ကန်တော့ပန်း ... ၂၈

ဒေါက်တာမင်းအောင်၏ ကိုယ်တွေ့ဖြစ်ရပ် ... ၃၂

တော်ကူးဆရာတော်၏ ဘုန်းကျက်သရေ ... ၃၆

မေတ္တာကြည်လင် ကရုဏာရှင် ... ၄၂

**အခန်း (၂) နေဝင်ဖျိုးဖျ ဘဝအလှ**

နာလန်ထူဆဲ အားသစ်ဆဲ ... ၄၆

ထပ်ဆင့်ကာငြိုး ကြမ္မာဆိုး ... ၄၉

မြန်မာပြည်အနှံ့ သတင်းပျံ့ ... ၅၂

တောရွာတွင်းမှ ခမ္မအလင်း ... ၅၂

၉၆–နှစ်မြောက် မွေးနေ့ ... ၅၄

နပျိုလန်းရွှင် ပန်းပိတောက်သွင် ... ၅၈

သံဃာဆောင် တိုးချဲ့ပြီ ... ၆၁

ယောဂီဆောင်သစ်များ လိုပြန်ပြီ ... ၆၂

လှူစုံလျှင် သင်္ဘောထွက်မယ် ... ၆၃

ကုသိုလ်ရေးမို့ ကြိုးပမ်းကာ ... ၆၄

သာသနာပြုရန် လွန်အားသန် ... ၆၅

နောက်ဆုံးသံဃာ့ဥပုသ် ... ၆၇


www.burmeseclassic.com

www.burmeseclassic.com

## မာတိကာ


| အကြောင်းအရာ | | စာမျက်နှာ |
|---|---|---|
| **အခန်း (၃) ဘဝနိဂုံး အလှဆုံး** | | |
| ခန္ဓာဓာတ်သိမ်းစေသောရောဂါ | ... | ၆၉ |
| တန်ခူးလဆန်း (၁၃) ရက် | ... | ၇၃ |
| နိုင်ငံခြားဧည့်သည် လာဦးမယ် | ... | ၇၅ |
| နောက်ဆုံးအကြိမ်နေ့ | ... | ၇၇ |
| တွေ့ဆုံကြုံကွဲ ဓမ္မတာပဲ | ... | ၈၂ |
| ပြီးတစ်ခါ မဲ့တစ်လှည့်မျက်နှာ | ... | ၈၄ |
| ထိုနောက်ဆုံးနေ့ | ... | ၈၇ |
| ရွှေတောင်ကြီး ပြိုလဲပြီ | ... | ၉၃ |
| **အခန်း (၄) သေလည်းမတောင့်တင်း ပုပ်နံ့ကင်း** | | |
| ပျံလွန်တော်မူသည့်ညဉ့်က ထူးခြားချက်များ | ... | ၉၇ |
| ပေါ့ပါးပျောင်းအိနေသော ရုပ်ကလာပ်တော် | ... | ၉၈ |
| သေလည်းမတောင့်တင်း ပုပ်နံ့ကင်း | ... | ၉၉ |
| သက်ဝင်လှုပ်ရှား ဆံတော်များ | ... | ၁၀၂ |
| ဆရာဝန်များ၏ စုံစမ်းချက် | ... | ၁၀၃ |
| မသင်္ဂြိုဟ်ဖြစ်သော ဈာပနပွဲ | ... | ၁၀၅ |
| သောင်းကျော်တန် မှန်ခေါင်း၌ တစ်လှည့် | ... | ၁၀၉ |
| ဆရာတော်၏ ခြေရင်းသို့ ရောက်ပါပြီ | ... | ၁၁၂ |
| စွန်းလွန်းဆရာတော်၏ ရုပ်ကလာပ် | ... | ၁၁၃ |
| စမ်းကျဆရာတော်၏ ရုပ်ကလာပ် | ... | ၁၁၄ |
| မီးသင်္ဂြိုဟ်ခဲ့သော သာဓကများ | ... | ၁၁၅ |
| တော်ကူးဆရာတော်၏ အဂ္ဂိဈာပနပူဇော်ပွဲ | ... | ၁၂၀ |
| နောက်ဆုံးခရီး | ... | ၁၂၄ |
| ယာယီပြခန်း | ... | ၁၂၅ |
| **အခန်း (၅) တော်ကူးဆရာတော်၏ ထူးခြားသည့်ဂုဏ်ရည်များ** | | |
| ရဟန္တာစစ်တမ်း | ... | ၁၂၇ |
| သမထကိုယ်ခံအား | ... | ၁၂၈ |
| ခန္တီဟူသော ပဓာနတရား | ... | ၁၃၂ |
| သည်းခံနိုင်လွန်းသော တော်ကူးလောင်းလျာ | ... | ၁၃၃ |


www.burmeseclassic.com

www.burmeseclassic.com

## မာတိကာ


| အကြောင်းအရာ | | စာမျက်နှာ |
|---|---|---|
| နိဗ္ဗာန်လမ်းမကြီးပေါ်သို့ ရောက်ပြီ | ... | ၁၃၇ |
| တရားထူးမြင်သိလျှင် ပြောလည့်ပါ | ... | ၁၄၀ |
| အကြားအမြင် ရ၍လော | ... | ၁၄၃ |
| ကြာသက်န်းနှင့် ကနက္ကဒဏ်ထီးဖြူ | ... | ၁၄၆ |
| အာယုသင်္ခါရလွှတ်ရန် တောင်းပန်ခြင်းမျိုးဖြစ်လေသလော | ... | ၁၄၈ |
| သူတော်ကောင်းလက္ခဏာ | ... | ၁၄၉ |
| ဆံပင်ဓာတ်လုံးတော် | ... | ၁၅၂ |
| ထူးခြားသည့် အသံတော် | ... | ၁၅၄ |
| ကိုလေသာချုပ်ငြိမ်း၍ ခန္ဓာဓာတ်သိမ်းလေသလော | ... | ၁၅၆ |
| နတ်များပူဇော်ခြင်း | ... | ၁၆၀ |
| ရုပ်ကလာပ် မပုပ်ပွသည့် အကြောင်းရင်းများ | ... | ၁၆၂ |

**အခန်း (၆) တော်ကူးကျင့်စဉ်တရား**

| | | |
|---|---|---|
| မြစ်ဖျားခံရာ သတိပဋ္ဌာန်မှာ | ... | ၁၆၃ |
| ကိုးပါးသီလ | ... | ၁၆၄ |
| တရားတောင်းခြင်း | ... | ၁၆၅ |
| ခန္ဓာကိုယ် အပ်နှင်းလှူဒါန်းခြင်း | ... | ၁၆၅ |
| ကိုယ်စောင့်ကမ္မဋ္ဌာန်းလေးပါးကို စီးဖြန်းခြင်း | ... | ၁၆၅ |
| ဝိပဿနာဉာဏ် ဖြစ်ပွားစေရန် | ... | ၁၆၆ |
| သူတော်ကောင်းအစစ်အမှန် ဖြစ်စေရန် | ... | ၁၆၆ |
| အလုပ်ပေးတရား | ... | ၁၆၇ |
| ဖောင်းတာ, ပိန်တာ စရှုပါ | ... | ၁၆၉ |
| စိတ္တာနုပဿနာသို့ | ... | ၁၇၀ |
| ဝေဒနာနုပဿနာသို့ | ... | ၁၇၁ |
| အားမတန် မာန်လျှော့ | ... | ၁၇၂ |
| ဝေဒနာအောင်ပွဲ | ... | ၁၇၃ |
| ငါမပါမှ အောင်ပွဲရ | ... | ၁၇၅ |
| မတ်တတ်ရပ်၍ ရှုမှတ်နည်း | ... | ၁၇၈ |
| လျောင်းသည့် ဣရိယာပုထ် | ... | ၁၈၀ |
| စင်္ကြံလျှောက်၍ မှတ်နည်း | ... | ၁၈၀ |


www.burmeseclassic.com

www.burmeseclassic.com

## မာတိကာ

**အကြောင်းအရာ** **စာမျက်နှာ**


| | | |
|---|---|---|
| ပရမတ်ဆိုက်အောင်မှတ်ပါ | ... | ၁၈၁ |
| ပိန်ဖောင်း မထင်ရှားလျှင် | ... | ၁၈၃ |
| ထူးခြားသည့် ကိုယ်အမူအရာများ | ... | ၁၈၃ |
| လမ်းပေါ်အကပမာ ယိမ်းနွဲ့ကာ | ... | ၁၈၅ |
| ဗလိဗောဓ ကင်းရှင်းမှ | ... | ၁၈၅ |
| စကားနည်းမှ တရားမြဲမည် | ... | ၁၈၇ |
| နီဝရဏတရားကို တိုက်ဖျက်ဖို့ | ... | ၁၈၈ |
| အမြတ်ဆုံး အောင်နိုင်ရေး | ... | ၁၈၉ |
| သံသယကိုပယ် | ... | ၁၉၀ |
| အစာလည်း ဆေး | ... | ၁၉၁ |
| မှသားကိုရှောင် ဖွဲ့ကိုဆောင် | ... | ၁၉၂ |
| ဝိပဿနာမှတ်တိုင် | ... | ၁၉၂ |


**အခန်း (၇) တော်ကူးဆရာတော်၏ ဩဝါဒကထာ**


| | | |
|---|---|---|
| တကယ်ချစ်လျှင် မနှစ်စေချင် | ... | ၁၉၅ |
| ငါစွဲမျက်နှာဖုံး | ... | ၁၉၆ |
| လက်ငင်းလုပ်ရမည့်အလုပ် | ... | ၁၉၇ |
| တစ်ကြောင်းတည်းသော ခရီးလမ်း | ... | ၁၉၈ |
| အကျိုးအမြတ်အကြီးဆုံးအလုပ် | ... | ၁၉၉ |
| လမ်းခုလတ်မှ ပြန်မလှည့်နှင့် | ... | ၂၀၀ |
| ဓားပြကြီး ငါးယောက် | ... | ၂၀၁ |
| သဘော်ငယ်ကို သဘော်ကြီးဖြစ်အောင် | ... | ၂၀၂ |
| မုန့်လေပွေ မီးကင်သလို | ... | ၂၀၃ |
| တရားမှောင်မခိုကြနဲ့ | ... | ၂၀၃ |
| စကားဝင်တော့ တရားမှောက် | ... | ၂၀၃ |
| ဝေဒနာပြဒါးတိုင် | ... | ၂၀၄ |
| လူ့တန်ဖိုးမတက် | ... | ၂၀၅ |
| အသိဉာဏ် ထောင်ကျနေကြတယ် | ... | ၂၀၅ |
| ကျုံ့ဒိုးသဘော် ကမ်းကခွာ | ... | ၂၀၆ |
| သစ်ရွက်စိမ်း မီးကင်ပုံနှယ် | ... | ၂၀၇ |


www.burmeseclassic.com

www.burmeseclassic.com

# မာတိကာ


| အကြောင်းအရာ | | စာမျက်နှာ |
|---|---|---|
| ဥယျာဉ်မြေကွက်ကို ခုတ်ထွင်သည့်ပမာ | ... | ၂၀၈ |
| ငါးများကို ကွန်ပစ်ဖမ်းသလို | ... | ၂၁၀ |
| မီးလောင်ပြီးမှ မီးငြိမ်းတယ် | ... | ၂၁၀ |
| ပင့်ကူထောင်ဖမ်းသည့်ပမာ | ... | ၂၁၂ |
| ငါးမိနစ်သာ သည်းခံပါ | ... | ၂၁၂ |
| ကိုယ်တွေ့သာဓက ထုတ်ဖော်ပြ | ... | ၂၁၃ |
| တရားခေါ်ရာ လိုက်သွားပါ | ... | ၂၁၄ |
| စစ်တစ်ကြောင်း အောင်နိုင်ရေးသာ ပဓာန | ... | ၂၁၅ |
| ဟန်ကိုယ့်ဖို့ မာန်သူ့ဖို့ | ... | ၂၁၆ |
| ရောဂါပျောက်မှ အပိုဆု | ... | ၂၁၆ |
| အတ္တဘယ်ပျောက်သွားသလဲ | ... | ၂၁၇ |
| ရောဂါပျောက်သပ လက်တွေ့ပြ | ... | ၂၁၉ |
| ကြက်မ ဥကို ဝပ်သည့်ပမာ | ... | ၂၂၁ |
| အရိယာစားကျက်မှာ မွေ့လျော်ပါ | ... | ၂၂၂ |



**အခန်း (၈) တော်ကူးရိပ်သာက ဖိတ်ခေါ်လျက်ပါ**


| | | |
|---|---|---|
| သာစွဋ္ဌာနေ တော်ကူးမြေ | ... | ၂၂၅ |
| ရဟန်းယောဂီများအတွက် | ... | ၂၂၆ |
| ဖော်ရွေဝတ်ကျေ စံထိုက်သလေ | ... | ၂၂၇ |
| ဩဝါဒစရိယဆရာတော်များ | ... | ၂၂၉ |
| ခုရနှစ်သွယ် ကြိုးစားမယ် | ... | ၂၃၀ |
| ထားဝယ် ရင်ငေးရိပ်သာ တရားရှုနည်း | ... | ၂၃၂ |
| တော်ကူးဆရာတော်ထံ အမွေခံ | ... | ၂၃၅ |
| ကမ္မဋ္ဌာနာစရိယဆရာတော်များ | ... | ၂၃၅ |
| ကိစ္စမြားမြောင် လူတို့ဘောင်၌ | ... | ၂၃၆ |
| သံဝေဂတရား လွန်ချောက်ချား | ... | ၂၃၇ |
| ယောက်ျားဇာနည် ဘာမထိ | ... | ၂၃၉ |
| မေတ္တာခန္တီ အားမာန်ချီ | ... | ၂၄၀ |
| စိတ်သာရှင်ဘော ဘုရားဟော | ... | ၂၄၁ |
| ဆရာနည်းကျ တရားညွှန်ပြ | ... | ၂၄၃ |


www.burmeseclassic.com

www.burmeseclassic.com





တော်ကူးမဟာသတိပဋ္ဌာန်ရိပ်သာကျောင်း၏
လက်ရှိကမ္မဋ္ဌာနာစရိယဆရာတော်ဦးနာဝိက

www.burmeseclassic.com

www.burmeseclassic.com



**အကြောင်းအရာ** **စာမျက်နှာ**

နောက်ခံဘဝဇာတ်လမ်း ... ၂၄၅
သမထမှ ဝိပဿနာသို့ ... ၂၄၆
သေလောက်သည့်ဝေဒနာကို ကျော်လွှားသော ရိပ်သာ ... ၂၄၈
တရားတန်ခိုးကြောင့် ပြည့်ဖြိုးကျန်းမာ ... ၂၄၉
အောင်ပွဲရသူများ ... ၂၅၂
တော်ကူးနည်းမှီ တရားဖြန့်ချိ ... ၂၅၄

www.burmeseclassic.com

www.burmeseclassic.com

အခန်း (၁)

# ဘဝဆည်းဆာ၏ကြယ်တာရာများ

## တော်ကူးဆရာတော်ဆိုတာ ဘယ်သူလဲ

မုဒုံမြို့နယ် တော်ကူးရွာဦး၌ မဟာသတိပဋ္ဌာန်ကျောင်းရိပ်သာကို တည်ထောင်တော်မူခဲ့သော ဆရာတော်ဦးနန္ဒိယကို တော်ကူးဆရာတော်ဟု ခေါ်ကြ၏။

ဦးနန္ဒိယသည် အသက် ၅၅ နှစ်တွင် တောထွက်၏၊ ရှုပ်ရှုပ်ချုံချုံ တရားရှာမှီးခဲ့၏၊ ခဲခဲယဉ်းယဉ်းကြိုးစားအားထုတ်ခဲ့၏။ သူ တရားတွေ့ခဲ့သောနည်းလမ်းမှာ စံတင်လောက်၏။ ယခုခေတ် တရားရှာမှီးကြသော ဝေနေယျသတ္တဝါများ စံနမူနာယူလောက်သော နည်းလမ်းကောင်းတစ်လက်ပင်တည်း။

ဦးနန္ဒိယသည် မတ်တတ်ရပ်လျက်တရားရှုမှတ်လျှင် မယိမ်းမယိုင်ကျောက်စာတိုင်ကဲ့သို့ ၂၄ နာရီတိတိ တစ်စပ်တည်းရှုမှတ်နိုင်၏။ ထိုင်သည့်ဣရိယာပုထ်ဖြင့် တရားရှုမှတ်လျှင် ခြေလက်မလှုပ်ဘဲ သစ်ငုတ်တိုကဲ့သို့ ၂၄ နာရီတိတိ တရားရှုမှတ်နိုင်၏။ လျောင်းသည့်ဣရိယာပုထ်ဖြင့် တရားရှုမှတ်လျှင်လည်း သစ်တုံးကို လှဲချထားဘိသကဲ့သို့ ၂၄ နာရီတိတိပင် မလှုပ်မယှက်ငြိမ်သက်စွာ ရှုမှတ်နိုင်၏။

ထိုသို့ ၂၄ နာရီကြာ တစ်စပ်တည်းရှုမှတ်ချိန်၌ အပေါ့အလေးသွားခြင်းကိစ္စ၊ အစားအသောက်မှီဝဲခြင်းကိစ္စ စသည်တို့ လုံးဝမရှိဘဲ မူလဣရိယာပုထ်မှ ကိုယ်လုံးဝလှုပ်ရှားခြင်းမပြုဘဲ ငြိမ်သက်စွာတရားရှုမှတ်နိုင်၏။

အဘယ်ကြောင့် ဤသို့တရားရှုမှတ်နိုင်သနည်း။

တော်ကူးဆရာတော်၏ ထူးခြားသော ဇွဲလုံ့လနှင့် မှန်ကန်သောနှလုံးသွင်းမှုကြောင့်ပင်တည်း။

www.burmeseclassic.com

www.burmeseclassic.com



ဦးနန္ဒိယသည် မိမိရှုမှတ်ခဲ့သည့်နည်းအတိုင်း ရဟန်းရှင်လူအပေါင်းတို့ ရှုမှတ်နိုင်ရန် နည်းလမ်းညွှန်ပြပေး၏။ အလွန်ထိရောက်သော နည်းလမ်းဖြစ်သည်နှင့်အညီ ယောဂီအများအပြားပင် ရှည်လျားသည့်ကာ္လရိယာပုထ်များဖြင့် လျင်မြန်စွာ တရားရှုမှတ်နိုင်လာတော့၏။

ထိုသို့ရှည်လျားသည့် ကာ္လရိယာပုထ်များဖြင့် တရားရှုမှတ်နိုင်ကြသောယောဂီများသည် သမာဓိကိုကောင်းစွာထူထောင်နိုင်ကြသည့်အပြင် မိမိတို့ခံစားနေကြရသောရောဂါများမှ ထူးထူးခြားခြား လွတ်မြောက်နိုင်ကြ၏။

အဆွေသည်လည်း ရှည်လျားသောကာ္လရိယာပုထ်ဖြင့် တရားရှုမှတ်လိုလျှင် ရောဂါဝေဒနာမှ ထူးထူးခြားခြားပျောက်ကင်းလိုလျှင် တော်ကူးရိပ်သာသို့သွားရောက်၍လည်းကောင်း၊ တော်ကူးဆရာတော်၏ နည်းနာနိဿယကို ဖတ်ရှုမှတ်သား၍လည်းကောင်း အကျိုးရှိစွာကျင့်ကြံအားထုတ်နိုင်ပါသည်။

## ရှည်လျားသည့်ကာ္လရိယာပုထ်တို့၏ အကျိုးကျေးဇူးများ

ရှည်လျားသောကာ္လရိယာပုထ်တို့ဖြင့် ရှုမှတ်နိုင်လျှင် မည်သည့်အကျိုးထူးများကို ရရှိသနည်း။

ဗုဒ္ဓမြတ်စွာ၏ စျာန်ဝင်စားနေသည့် စျာနမုဒြာနှင့် ခိုင်မြဲသောမဟာပလ္လင်တော်သည် မာရ်နတ်နှင့် မာရ်နတ်၏ စစ်သည်တော်တို့အား တုန်လှုပ်ချောက်ချားစေခဲ့၏။ တော်ကူးဆရာတော်၏ ရှည်လျားတည်ငြိမ်သော ကာ္လရိယာပုထ်များသည်လည်း မာရ်စစ်သည်တို့ကို ချောက်ချားစေနိုင်လိမ့်မည်။

ရှည်လျားသည့်ကာ္လရိယာပုထ်ဖြင့် တရားရှုမှတ်လိုသူသည် မိမိ၏ခန္ဓာ၌ ဖြစ်ပေါ်လာသည့် ဝေဒနာအမျိုးမျိုးကို ချိုးနှိမ်အောင်မြင်ရမည် ဖြစ်သည်။ ထိုသို့အောင်မြင်သွားသည့်အခါ ဤဘဝတွင် ရင်ဆိုင်ရမည့် မည်သည့်အခက်အခဲကိုမျှ ကြောက်ရွံ့နေစရာမလိုတော့ပါ၊ လောကဓံတရားများကို ကြံ့ကြံ့ခိုင်ခိုင်ခံယူနိုင်သည့်အပြင် ချမ်းသာစွာနေတတ်ထိုင်တတ်သွားမည် ဖြစ်ပါသည်။

ထို့အပြင် တည်ငြိမ်သည့်ကာ္လရိယာပုထ်ဖြင့် သမာဓိကို လျင်မြန်စွာထူထောင်နိုင်ပြီးလျှင် တရားထူးတရားမြတ်ကိုလည်း လျင်မြန်စွာထိုးထွင်းသိမြင်နိုင်ပါသည်။

မတောင်းဘဲနှင့် အလိုလို ရရှိလိုက်မည့် ဘဝဆုလာဘ်တစ်ခုသည်ကား ရောဂါဝေဒနာများ ထူးခြားစွာပျောက်ကင်းခြင်းပင်တည်း။

www.burmeseclassic.com

www.burmeseclassic.com



## ကထိက ဦးမိုးစိန်၏ကိုယ်တွေ့

ရန်ကုန်တက္ကသိုလ် ဘူမိဗေဒကထိက **ဦးမိုးစိန်** နှင့် ဇနီးဒေါ်သက်သက်ခင်တို့၏သားငယ် **မောင်သုခ** သည် အသက် ၄ နှစ် ၁–လတွင် ဦးနှောက်အမြှေးရောင်ရောဂါ **(menigitis)** ဖြစ်၍ ကိုယ်အပူချိန် ၁၀၆ ဒီဂရီအထိ မြင့်တက်သွားခဲ့၏။ အကြိမ် (၂၀) ကျော် အကြော တုံ့ဆွဲပြီး (တက်ပြီး) သတိမေ့သွား၏။ ရန်ကုန်ကလေးဆေးရုံသို့တင်၍ တစ်လကြာ ကုသခြင်းကို ခံယူရ၏။

ရောဂါသက်သာပြီး ဆေးရုံမှဆင်းခွင့်ရသည့်အခါ မောင်သုခသည် လမ်းလျှောက်၍လည်းမရ၊ စကားပြော၍လည်းမရတော့ချေ။ သူ့အား အစမှတစ်ဖန်ပြန်လည်သင်ကြားပေးရာ နှစ်လပြည့်သည့်အခါ သူအသင့်အတင့်စကားပြောနိုင်လာ၏၊ ခြောက်လပြည့်သည့်အခါ သူထိုင်နိုင်လာ၏၊ တစ်နှစ်နှင့် လေးလ ကြာညောင်းသည့်အခါ သူစမ်း၍လမ်းလျှောက်၏၊ လမ်းလျှောက်ပုံမှာ ဟန်မကျချေ။ ထစ်ထစ်ငေါ့ငေါ့၊ ထော့တော့နဲ့နဲ့နှင့် ခဲယဉ်းပင်ပန်းစွာ ရွေ့သွားရ၏။ သူ့ခြေထောက် အောက်ပိုင်းသည် အေးစက်နေပြီး အာရုံခံစားမှုအားနည်းနေ၏။ ခပ်ပြင်းပြင်း နိုပ်နင်းသည်ကိုပင် သူ နာရကောင်းမှန်းမသိချေ။ ခြေထောက်အာရုံကြောများ အလုပ်မလုပ်၍ သူ့ခြေထောက်များကိုသူကောင်းစွာအသုံးမပြုနိုင်ခြင်းဖြစ်၏။

'ရင်သွေးဟူက ချစ်မဝတည့်'ဟူသည့်စကားအတိုင်း မိဘတို့က သားလူစဉ်မီရေးအတွက် အမျိုးမျိုးကြိုးစားကြ၏။ ရှင်သာမဏေပြုနိုင်သောအရွယ်သို့ရောက်လျှင် တောင်ပုလုဆရာတော်ဘုရားထံ၌ သားကိုအပ်နှံခဲ့ပြီး တစ်နှစ်ကြာ ရှင်ပြုစေ၏။ ငွေတောင်ဆရာတော်ဦးနာရဒအား ဆေးဝါးလှူဒါန်းပြီး သားနှစ်ဦး၏ကျန်းမာရေးအတွက် ဆုတောင်းကြ၏။

ဦးမိုးစိန်နှင့် ဒေါ်သက်သက်ခင်တို့၌ ၁၀–တန်းဖြေမည့် သားကြီးတစ်ဦးရှိရာ ထိုသားကြီး၏ပါးနှစ်ဖက်၌ ညှင်းကွက်ကလေးများ ဖြစ်နေ၏။ ငွေတောင်ဆရာတော်၏ ပရိတ်ရေကို သောက်သုံးရသည့်အခါ သားကြီး၏ညှင်းကွက်များမှာ ယူပစ်လိုက်သလိုပျောက်ကင်းသွား၏။ မောင်သုခ၏ ခြေထောက်များမှာမူ ထူးမခြားနားသေးချေ။

တက္ကသိုလ်ဆေးရုံမှူး ဒေါက်တာဒေါ်လှလှက ဒေါ်သက်သက်ခင်အား ဒေါက်တာမင်းတင်မွန်ရေးသားသည့် **'ဝိပဿနာဝုဏ်ထူးဆောင် တော်ကူးဆရာတော်နှင့် ထူးဆန်းစွာရောဂါပျောက်ခြင်းများ'** စာအုပ်တစ်အုပ်ကို လက်ဆောင်ပေးလိုက်၏။ ဤစာအုပ်ကိုဖတ်ရှုပြီးသည်နှင့်တစ်ပြိုင်နက် ဒေါ်သက်သက်ခင်

www.burmeseclassic.com

www.burmeseclassic.com



သည် ၁၀–နှစ်အရွယ်ရှိလာပြီဖြစ်သော သားငယ်မောင်သုခနှင့်အတူ **တော်ကူး ရိပ်သာ** သို့သွားရန် ဆုံးဖြတ်လိုက်၏။

ဦးမိုးစိန်မှာ ဘူမိဗေဒကျောင်းသူကျောင်းသားများကို ဦးဆောင်၍ ကွင်းဆင်း လေ့လာရေးခရီးထွက်ရန် ရှိနေ၏။ သို့သော် ရက်အနည်းငယ်အားလပ်ခွင့်ရသေးသည့်အတွက် ဇနီးနှင့်သားတို့ကို မိမိကိုယ်တိုင်ပင် တော်ကူးရိပ်သာသို့ လိုက်ပို့ပေး၏။

၁၉၈၇–ခု၊ မတ်လ ၂၂–ရက်နေ့ မွန်းလွဲ ၃ နာရီအချိန်ခန့်တွင် တော်ကူး ဆရာတော်ထံမှောက်သို့ ဦးမိုးစိန်တို့မိသားစု ရောက်ရှိသွားကြပြီး လှူဖွယ်ပစ္စည်းများကို ဆက်ကပ်ကြ၏။

"အလိုရှိအပ်တောင့်တအပ်တဲ့ ကောင်းမြတ်တဲ့ဆုအလုံးစုံနှင့် ပြည့်စုံကြပါစေ၊ ဝိပဿနာတရားကို ဆံပင်များလှုပ်ရှားသည်ကိုပင် သိမြင်နိုင်အောင် စူးစူးစိုက်စိုက်ရှုမှတ်နိုင်ကြပြီးလျှင် တရားထူးများကို ရရှိနိုင်ကြပါစေ" ဟု ဆရာတော်က ဆုပေး၏။

ထို့နောက် "ဘယ်သူတွေ တရားရှုမှတ်ကြမလဲ" ဟု ဆရာတော်က မေးတော်မူ၏။

"မိသားစုအားလုံး ရှုမှတ်ကြပါမယ်ဘုရား၊ သားငယ်က ခြေထောက်များ မသန်မစွမ်းဖြစ်နေပါတယ်၊ သားငယ်ပါ ရှုမှတ်ပါမယ်"

"အေး...အေး...သာဓု...သာဓု၊ သားငယ်ကို မတ်တတ်ရပ်ပြီး တရားရှုမှတ်ခိုင်းပါ၊ လိုအပ်ရင် တိုင်နဲ့မှီပြီး ကြိုးချည်ထားပေါ့၊ ကလေးငိုပါစေ၊ ချော့မော့ပြီး မှတ်ခိုင်း၊ ဘုန်းကြီး မေတ္တာပို့ပေးမယ်၊ ကောင်းလာမှာပါ"

မိဘနှစ်ပါး အလွန်အားတက်သွားကြ၏။ ဦးမိုးစိန်က သားကလေးအား ပက်လက်အိပ်စေပြီးလျှင် လက်ယာလက်ကို ဝမ်းဗိုက်ပေါ်တင်ထားစေ၏။

"ကဲ...သား အသက်ရှူသွင်းစမ်း၊ ဖြည်းဖြည်းမှန်မှန်ရှူ၊ ရှူသွင်းတော့ ဝမ်းဗိုက်ဖောင်းလာတယ်နော်၊ အဲသလို ဖောင်းတက်လာတဲ့အခါ 'ဖောင်းတယ်' လို့မှတ် ဟုတ်လား၊ အသက်ရှူထုတ်လိုက်တော့ ဝမ်းဗိုက်ပိန်ကျသွားတယ်နော်၊ အဲဒါကို 'ပိန်တယ်' လို့မှတ်၊ ကဲ...မှတ်ကြည့်စမ်း၊ ဖောင်းတယ်၊ ပိန်တယ်၊ ဖောင်းတယ်၊ ပိန်တယ်၊ မှတ်တတ်ပြီမဟုတ်လား"

"တတ်ပါပြီ ဖေဖေ"

"ကောင်းပြီ...ခဏဆက်မှတ်ဦး၊ အဲ...ဟုတ်ပြီပေါ့၊ ကဲ...မတ်တတ်ရပ်ကြည့်မယ်၊ ခြေဖဝါးနှစ်ဖက် တစ်မိုက်လောက်ခွာထား၊ ဝမ်းဗိုက်ပေါ်မှာ လက်တင်၊ အသက်ရှူသွင်းစမ်း၊ ဝမ်းဗိုက်ဖောင်းလာတယ်နော်၊ ဖောင်းတယ်လို့မှတ်၊

www.burmeseclassic.com

www.burmeseclassic.com



အသက်ရှူထုတ်တဲ့အခါ ဝမ်းဗိုက်ပိန်ကျသွားတယ်နော်၊ ပိန်တယ်လို့ မှတ်၊ ကဲ... ကြာကြာမှတ်ကြည့်၊ ဖောင်းတယ်...ပိန်တယ်၊ ဖောင်းတယ်...ပိန်တယ်"

မောင်သုခကလေးသည် အုံ့ဩစဖွယ်ပင် တစ်ကြိမ်လျှင် သုံးနာရီခန့် ကြာသည်အထိ ရှုမှတ်နိုင်ခဲ့၏။ ယခင်က အသိအာရုံကင်းမဲ့သော ခြေဖဝါးနှစ်ဖက်မှာ မီးလိုပူလာသည်ဟုဆို၏။ ထို့နောက် ခြေဖဝါးနှင့်ကြမ်းပြင် မထိစပ်ဘဲ လေထဲ၌ ခြေဖဝါးကြွတက်နေသည်ဟုလည်း ဆို၏။

အစက မောင်သုခသည် တစ်နာရီ၊ နှစ်နာရီထိုင်သော်လည်း ခြေနာကျင်ကိုက်ခဲရမှန်းမသိ၊ ခြေထောက်အာရုံကြောများက အလုပ်မလုပ်နိုင်သောကြောင့် ဖြစ်၏။ ယခု တရားမှတ်နေသောအခါ ထိုအာရုံကြောများကို သူစေခိုင်းနိုင်ပြီ ဖြစ်သည်။

ဦးမိုးစိန်က "သားရဲ့ခြေထောက်တွေ ကောင်းလာပြီ၊ သားမြှောက်ကြည့်စမ်း"ဟု အားပေး၏။

မောင်သုခသည် ယုံကြည်စွာခြေမြှောက်လိုက်၏။ အစက မြေကြီးနှင့် လွတ်ရုံမျှသာ ခြေနှစ်ဖက်ကို ကြွနိုင်၏။ ယခုမူ ခြေနှစ်ဖက်လုံးကို မြှောက်နိုင်၊ ကွေးနိုင်၊ ဆန့်နိုင်လေပြီ။ ယခင်က လက်ဝဲဘက်ခြေသလုံးကြွက်သားများ ပျော့ညံ့နေကြ၏။ ယခု ထိုကြွက်သားများ သန်စွမ်းလာကြပြီ။

မောင်သုခကလေးသည် ၁၀–ရက်ခန့်သာ တော်ကူးရိပ်သာ၌ တရားအားထုတ်လိုက်ရသည်။ သူ့အခြေအနေမှာ သိသိသာသာကောင်းမွန်လာသဖြင့် ဦးမိုးစိန်နှင့် ဒေါ်သက်သက်ခင်တို့ ဝမ်းသာမဆုံးရှိကြပေ၏။

## ခန္ဓာကိုယ်ပေါ် စိတ်လွှမ်းမိုးနိုင်လျှင်

သား မောင်သုခနှင့်အတူ ဦးမိုးစိန်ရရှိလိုက်သည့် ဘ၀သင်ခန်းစာကလည်း တန်ဖိုးကြီးမားလှပေ၏။

ဦးမိုးစိန်သည် နှလုံးနာကျင်ခြင်း (heart pain)၊ အသည်းအောင့်ခြင်းနှင့် လိပ်ခေါင်းရောဂါတို့ကို နှစ်ရှည်လများ ခံစားနေခဲ့ရ၏။ လက်ယာဘက်နံဘေးသည် မကြာမကြာ အောင့်တတ်သည့်အပြင် အထိုင်ကြာသွားလျှင် လိပ်ခေါင်းကို ထိန်းချုပ်ပေးသည့်ကြွက်သားများ အားအင်ကုန်ခန်းသွားသဖြင့် လိပ်ခေါင်းထွက်ကျလာတတ်၏။

ဦးမိုးစိန် တော်ကူးရိပ်သာသို့ ရောက်လာခြင်းမှာ သူ၏ရောဂါများကို ကုစားဖို့မဟုတ်။ ပင်ကိုက ဝိပဿနာတရားတွင် စိတ်ဝင်စားသူဖြစ်၍ ရပ်၊ သွား၊ ထိုင်၊ လျောင်း ဣရိယာပုထ်လေးပါးတွင် တစ်ပါးလျှင် ခြောက်နာရီကျစီဖြင့်

www.burmeseclassic.com

www.burmeseclassic.com



တရားရှုမှတ်နိုင်ရန် ရည်ရွယ်၍ ရောက်လာခြင်းဖြစ်၏။ တစ်ရက်တွင်ရှိသော ၂၄ နာရီကို ဣရိယာပုထ်လေးပါးဖြင့် ခွဲဝေနေထိုင်တတ်ရန်ဖြစ်၏။

ထို့အပြင် ဇနီးနှင့်သားတို့ကို လာပို့ပေးသည့်ကိစ္စကြောင့် တော်ကူးရိပ်သာသို့ ရောက်လာခြင်းလည်းဖြစ်၏။ ပထမနေ့ ဦးမိုးစိန်တရားရှုမှတ်သည့်အခါ သတိအပြည့်ရှိနေပါသော်လည်း ခန္ဓာကိုယ်အနည်းငယ်ယိမ်းထိုးနေသည်ကို သူသတိပြုမိ၏၊ ထို့နောက် ငြိမ်သက်သွား၏။ ၄ နာရီ၁၅ မိနစ်ကြာအောင် တစ်စပ်တည်းထိုင်မှတ်ပြီးနောက် ဆက်လက်ရှုမှတ်နိုင်စွမ်းရှိသော်လည်း တမင်တကာရပ်ဆိုင်းလိုက်၏။

နောက်နေ့များတွင် ၅ နာရီ၊ ၆ နာရီ၊ ၇ နာရီအဆင့်ဆင့်တိုးမြှင့်၍ တစ်စပ်တည်း ဦးမိုးစိန်ရှုမှတ်နိုင်၏။ ထူးခြားချက်မှာ ဦးမိုးစိန်၏လက်ယာဘက်နံဘေးအောင့်ခြင်းသည် သုံးရက်အတွင်း ပျောက်ကင်းသွားပြီးလျှင် ထိုသုံးရက်မြောက်သည့်နေ့၌ နှလုံးတံခါးဖွင့်ပိတ်နေသည်ကို ဉာဏ်မျက်စိဖြင့် အထင်းသားမြင်တွေ့နေရခြင်း ဖြစ်၏။

ရင်ဘတ်ရှိအကြောများအားလုံးကို ဆွဲညှစ်လိုက်သလို တင်းကျပ်သည့်ခံစားမှု ဖြစ်ပေါ်လာပြီးလျှင် ထိုအခိုက်တွင် ဦးမိုးစိန်သည် တအားအသက်လုရှူနေရ၏။ တရားရှုမှတ်မှုကိုမဖြတ်ဘဲ ဆက်လက်ရှုမှတ်သည့်အခါ တင်းကျပ်မှု တဖြည်းဖြည်းပပျောက်သွား၏။ ထိုအခါ ရင်ဘတ်နာခြင်းလည်း ပပျောက်သွား၏။ မကြာမီက ဦးမိုးစိန်နှင့်ကျွန်တော် တွေ့ဆုံသည့်အချိန်တိုင်အောင် မူလရင်ဘတ်နာရောဂါမှာ ကင်းပျောက်နေသည်ဟု ဆို၏။

အခြားထူးခြားမှုတစ်ရပ်မှာ ဦးမိုးစိန်၏ လိပ်ခေါင်းကိုထိန်းချုပ်သည့်ကြွက်သားများသည် အင်အားရှိလာပြီး ကျုံ့နိုင်လာကြ၏။ ထို့ကြောင့် လိပ်ခေါင်းရောဂါ လုံးဝပျောက်ကင်းသည့်အခြေသို့ မဆိုက်ရောက်သေးသော်လည်း လိပ်ခေါင်းထွက်ခြင်း ညောင်းခြင်းတို့ မဖြစ်တော့ချေ။

ဦးမိုးစိန်အဖို့ အကျိုးအရှိဆုံးအချက်မှာ စိတ်ဓာတ်အင်အားနှင့် သဒ္ဓါတရားတို့ အထူးမြင့်တက်လာကြသည့်အတွက် လောကတွင် ကြောင့်ကြပူပန်ခြင်းမဖြစ်ဘဲ ချမ်းသာစွာနေထိုင်တတ်လာခြင်း ဖြစ်၏။

"အရင်ကတော့ ကျန်းမာရေးအတွက် ပူပန်ရ၊ စားသောက်ရေးအတွက် ကြောင့်ကြရ၊ သားသမီးရေးအတွက် စိတ်မအေးရနဲ့ ကျွန်တော် တော်တော်ဗျာများခဲ့ရပါတယ်။ ခုတော့ လောကဓံကို ကျွန်တော်ကြံ့ကြံ့ခံနိုင်ပါပြီ၊ ဒီရလဒ်က ဣရိယာပုထ်ရှည်ရှည်နဲ့ ခန္ဓာကိုယ်နာကျင်ကိုက်ခဲမှုတွေကို ကျော်လွှန်နိုင်ခဲ့တဲ့ အကျိုးကျေးဇူးပါပဲ"

www.burmeseclassic.com

www.burmeseclassic.com



မှန်ပါသည်၊ တရားအားထုတ်စဉ်အတွင်း မိမိ၏ခန္ဓာကိုယ်တွင်း၌ မခံမရပ်နိုင်အောင် နာကျင်ကိုက်ခဲသည့် ဆင်းရဲမှုများကို ကြံ့ကြံ့ခံနိုင်သောသူသည် ပြင်ပအခက်အခဲ အနှောင့်အယှက်များကို စိတ်မကွက်ဘဲ အေးအေးလူလူခံယူနိုင်မည်ဖြစ်ပါသည်။

ဦးမိုးစိန်သည် ဘူမိဗေဒကွင်းဆင်းသင်တန်းကို ကြီးကြပ်ပေးရန် တာဝန်ရှိနေသည့်အတွက် တော်ကူးရိပ်သာ၌ ၁၀–ရက်ကြာတရားရှုမှတ်ပြီးနောက် မိသားစုနှင့်အတူ ရန်ကုန်သို့ပြန်လာခဲ့ရ၏။

"ဒကာ...မသွားလို့ မရဘူးလား၊ ဒကာရော ဒကာ့သားရော တရားဆေးဆက်သောက်သွားရင် ရောဂါစင်ကြယ်သွားကြမှာနော်"

တော်ကူးဆရာတော်ဘုရားက ကြင်နာယုယစွာ တိုက်တွန်းတော်မူ၏။ သို့သော် ကာမဘုံ၌ ကျင်လည်နေကြရသောသတ္တဝါများသည် အကျိုးများမည့်အလုပ်ကို အကျိုးရှိမှန်းသိလျက် ဆက်မလုပ်နိုင်ကြသည့်အခါမျိုးကို မကြာခဏကြုံတိုးကြရသည်မဟုတ်လော။

ကာမအနှောင်အဖွဲ့၏ လှည့်ပတ်မှုကား ပရိယာယ်များလှဘိတောင်း။

## လက်တွေ့ဘဝ၌ အသုံးကျသော အသိတရား

**'သတိ'** စေတသိက်သည် ကျွန်တော်တို့သတိမပြုမိသော ကိုယ်ပိုင်စွမ်းအားတစ်ရပ်ဖြစ်၏။ သတိသည် မိမိနှင့်အတူတကွဖြစ်ကြသော စိတ်စေတသိက်တို့ကို အာရုံ၌ ကပ်ရောက်စေ၍ အာရုံကိုအမှတ်ရစေခြင်းသဘောဖြစ်၏။

သတိရှိမှ မြင်သမျှကြားသမျှကို အမှတ်ရသည်။ သတိမမူလျှင် ဂူကိုပင်မမြင်ချေ။ အရေးကြီးသည့်သော့တွဲကို သတိမမူဘဲ အမှတ်မထင်တစ်နေရာတွင်ထားမိသဖြင့် ပြန်ရှာ၍မတွေ့ဘဲဖြစ်ရ၏။ ကြွေပန်းကန်ပြားကို စားပွဲစွန်း၌ အမှတ်တမဲ့ချထားမိသဖြင့် ကြောင်တိုး၍ပန်းကန်ကျကွဲရ၏။

အလုပ်ကိစ္စဖြင့် အရေးကြီးသည့်လူတစ်ယောက်ကို တွေ့ဆုံရသည့်အခါ သူ့အမည်နှင့် အလုပ်အကိုင်တို့ကို အမှတ်တမဲ့နားထောင်မိသည့်အတွက် ချက်ချင်းမေ့လျော့သွား၏။ သူ့အမည်ကို ပြန်ခေါ်ချင်သည်၊ ခေါ်လို့မရတော့ပါ။

ဆရာစာသင်နေသည့်အခါ တပည့်က ဂရုစိုက်၍နားမထောင်လျှင် ဆရာ့စကားတစ်ခွန်းတစ်ပါဒကိုမျှ မမှတ်မိ။ ကြားကားကြား၏၊ မသိ။ မြင်ကားမြင်၏၊ မသိ။

သို့အတွက် ပညာရှာမှီးသည့်အခါ အလုပ်လုပ်သည့်အခါ စကားပြောသည့်အခါ မည်သည့်အခါမဆို သတိရှိရန်လိုအပ်၏။

www.burmeseclassic.com

www.burmeseclassic.com



**Be Careful** သတိထား။ **Pay attention** ဂရုစိုက်ပြီးနားထောင်။ **Mind your business** သင့်အလုပ် သင်လုပ်။ ဤစကားများသည် သတိရှိရန် သတိပေးသောစကားများပင် ဖြစ်ကြ၏။

**ဝန်စင်းမင်းရာဇာ** ကို မှတ်ဉာဏ်အထူးကောင်းမွန်သူဟု ချီးမွမ်းကြ၏။ စင်စစ်သော် သူ့ သတိကောင်းခြင်းကြောင့် မှတ်ဉာဏ်ကောင်းခြင်းဖြစ်၏။ ပညာရှိဖြစ်ရခြင်းမှာလည်း တွေ့ရာမြင်ရာကို မှတ်သားတတ်သော သတိကောင်းမွန်ခြင်းကြောင့်ပင် ဖြစ်၏။

တစ်ကြိမ်တွေ့ဖူးသောသူ၊ တစ်ကြိမ်ကြားဖူးသောစကား၊ တစ်ကြိမ် လေ့လာမှတ်သားရသောစာ စသည်ကို ကြာရှည်လေးမြင့်စွာ မမေ့မပျောက်ဘဲ မှတ်မိနေခြင်းမှာ မကြာမကြာ ပြန်လည်အောက်မေ့အမှတ်ရတတ်သော သတိတရားကြောင့်ပင်ဖြစ်၏။

မဟာသတိပဋ္ဌာန်ဝိပဿနာရှုမှတ်ခြင်းဆိုသည်မှာ မြင်တိုင်း၊ ကြားတိုင်း၊ နံတိုင်း၊ စားတိုင်း၊ ထိတိုင်း၊ သိတိုင်းကို အမှတ်သတိကပ်ပြီး သိအောင်ရှုမှတ်ရသောအလုပ် ဖြစ်၏။

သတိဖြင့် စိတ်စေတသိက်တို့ကို အာရုံ၌စွဲကပ်ထားသည့်အခါ စိတ်သည် မပျံ့လွင့်၊ စိတ်မပျံ့လွင့်လျှင် သမာဓိဖြစ်လာ၏၊ သမာဓိဖြစ်လျှင် ထိုးထွင်း၍သိမြင်နိုင်၏၊ ထိုးထွင်းသိမြင်ခြင်းသည် ပညာဖြစ်၏၊ ပညာဖြင့် မသိမိုက်မဲမှု ဟူသော မောဟအမှောင်ကို ပယ်ခွင်းနိုင်၏၊ မောဟကင်းစင်သွားလျှင် သန္တိသုခ ဟူသော ထာဝရငြိမ်းချမ်းမှုကို ရ၏။

ထို့ကြောင့် ဝိပဿနာအလုပ်သည် သတိဦးဆောင်သည့်အလုပ်ဖြစ်ပြီး အကြီးကျယ်ဆုံးသောအကျိုးကျေးဇူးကို ဖြစ်ထွန်းစေသည့်အလုပ်လည်း ဖြစ်ပေ၏။

စိတ်ကိုညစ်ညူးပူလောင်စေကြသည့် လောဘ, ဒေါသ, မောဟ စသော ကိလေသာအညစ်အကြေးအားလုံးကို ဝိပဿနာရေစင်ဖြင့် ဆေးကြောဖယ်ပစ်နိုင်၏။ ဝိပဿနာရေစင်သည် စိုးရိမ်ပူဆွေးခြင်းဟူသည့် သောက၊ ငိုကြွေးမြည်တမ်းခြင်းဟူသည့် ပရိဒေဝ၊ ကိုယ်ဆင်းရဲခြင်း ဒုက္ခ၊ စိတ်ဆင်းရဲခြင်း ဒေါမနဿ၊ ပြင်းထန်စွာပူလောင်ခြင်း ဥပါယာသ စသည်တို့ကိုလည်း ငြိမ်းအေးစေနိုင်၏။ မဂ်ဉာဏ် ဖိုလ်ဉာဏ်ဖြင့် နိဗ္ဗာန်ချမ်းသာကို မျက်မှောက်ပြုနိုင်သည်အထိ အကျိုးပြုနိုင်၏။

သို့အတွက် ဝိပဿနာဟုဆိုလိုက်လျှင် ပျင်းခြောက်ခြောက်အလုပ်ဟု သဘောမထားဘဲ ဤဘဝ၌ အကျိုးကျေးဇူးအများဆုံးပေးသောအလုပ်ဟု မှန်ကန်

www.burmeseclassic.com

www.burmeseclassic.com



စွာသဘောပေါက်၍ အနည်းဆုံးတစ်လကြာမျှ ဝိပဿနာတရားရှုမှတ်နိုင်အောင် ကြိုးစားကြရာ၏။

ဘူမိဗေဒကထိက **ဦးမိုးစိန်** က ဝိပဿနာအလုပ်ကို ဤသို့လက်တွေ့အသုံးချပြခဲ့၏။

"ကျွန်တော် တော်ကူးရိပ်သာက ပြန်လာပြီးတော့ ဘူမိဗေဒကျောင်းသူကျောင်းသားများကို ဦးဆောင်ပြီး ရှမ်းပြည်နယ်ဘက်ကို ကွင်းဆင်းလေ့လာရတယ်၊ လေ့လာရေးကဏ္ဍတစ်ရပ်အနေနဲ့ ပင်းတယမြို့နယ်က အရှေ့မြင်အနောက်မြင်တောင်, ရသာကြည်တောင်, မိုးလုံးဟိန်းတောင်တို့ကို တက်ကြရတယ်။

"ခါတိုင်း တောင်တက်တဲ့အခါ ကျွန်တော်မကြာမကြာနားရပါတယ်၊ ခုတစ်ခေါက်တော့ ဝိပဿနာရှုမှတ်မှုအလေ့က စွဲနေတော့ သတိကပ်ပြီးတက်တယ်၊ အသက်ရှူတာကို သတိကပ်ပြီးမှတ်တယ်၊ လမ်းလျှောက်နေတဲ့အခါမှာ ပိန်ဖောင်းက မထင်ရှားဘူးလေ၊ တစ်ချက်ရှူလိုက် ခြေတစ်ဖက်လှမ်းလိုက်၊ နောက်တစ်ချက် ရှူလိုက် နောက်ခြေတစ်ဖက်လှမ်းလိုက်၊ အဲဒါကို အမှတ်စွဲနေတော့ ခြေထောက်က သူ့ဘာသာသူ လှမ်းပြီးတက်သွားတယ်၊ တောင်ထိပ်အထိ မနားရဘဲ တစ်စပ်တည်းတက်သွားနိုင်တယ်၊ မောလဲ မမောဘူး၊ တစ်နေ့လုံးလျှောက်သွားနေနိုင်တယ်၊ ကျွန်တော့်လိပ်ခေါင်းလဲ ဒုက္ခမပေးတော့ဘူးဗျ"

ဦးမိုးစိန် မမောမပန်းတောင်တက်နိုင်ခြင်းကို တပည့်များက အံ့အားသင့်ကြရ၏။ "ဘယ်လိုအဆောင်ကောင်းရှိသလဲ" ဟု စူးစမ်းလာကြ၏။ 'သတိ' ထက်ကောင်းသောအဆောင်ဟူသည် အဘယ်မှာရှာတွေ့နိုင်အံ့နည်း။

စွန်းလွန်းဆရာတော်ဦးကဝိလောင်းလျာဖြစ်သော **ဦးကျော်ဒင်** သည် နွားစာအတွက် ပြောင်းရိုးများကို ခုတ်စဉ်းသည့်အခါ လက်ကို 'မြှောက်တယ်– ချတယ်၊ မြှောက်တယ်–ချတယ်' ဟု သတိကပ်ပြီး ခုတ်စဉ်းသည့်အတွက် တစ်နေကုန် ခုတ်စဉ်းသော်လည်း မမောပန်းခဲ့ချေ။

"အလုပ်လဲ တွင်၊ မောလဲ မမော၊ အမှားအယွင်းလဲ မရှိ၊ သမာဓိလဲ တည်၊ တယ်ဟန်ကျပါလား" ဟု ဦးကျော်ဒင် မှတ်ချက်ချခဲ့၏။

အလွန်ကျေးဇူးများသောဤစနစ်ကို စာရှုသူတို့ လက်တွေ့သုံးကြည့်စမ်းပါ။ ကျွန်တော်တို့က ကိုယ်မပင်ပန်းဘဲလျက် စိတ်ပင်ပန်း၍ ပင်ပန်းသည်ဟု ထင်မိကြ၏။ လေးလံသောဝန်ထုပ်ကို အဆွေထမ်းပိုးသယ်ဆောင်ရသည့်အခါ 'အောင်မယ်လေး ... လေးလိုက်တာ၊ ခါးကျိုးတော့မှာပဲ' ဟု နှလုံးမသွင်းပါနှင့်၊ မ,တင်နေသည့်အခိုက်တွင် 'မတယ် ... မတယ်'၊ လှမ်းသွားသည့်အခိုက်၌ 'လှမ်းတယ် ... လှမ်းတယ်' ဟု သတိကပ်ပြီး ရှုမှတ်သွားစမ်းပါ။ 'ငါ အလေးကြီး ထမ်း

www.burmeseclassic.com

www.burmeseclassic.com



နေရတယ်’ ဟူသည့်အတွေးကို ဖျောက်ထားလိုက်ပါ။ အဆွေ မမောမပန်းဘဲ သယ်ဆောင်သွားနိုင်မည် ဖြစ်၏။

ဦးမိုးစိန်သည် ရန်ကုန်တက္ကသိုလ် ခြင်းလုံးအဖွဲ့၏ ဥက္ကဋ္ဌလည်းဖြစ်၏။ ၁၉၈၇ ခုနှစ် နွေရာသီအတွင်းက ရန်ကုန်မြို့တွင် တက္ကသိုလ်ကောလိပ်ပေါင်းစုံ ခြင်းလုံးပြိုင်ပွဲကို ကျင်းပကြ၏။

ရန်ကုန်တက္ကသိုလ် ခြင်းလုံးအဖွဲ့သည် နာမည်ကြီးသော်လည်း ခြင်းခတ်သူများက တစ်ယောက်နှင့်တစ်ယောက် မသင့်မြတ်ကြသဖြင့် အပေးအယူ ထိထိမိမိနှင့် ခြင်းမခတ်နိုင်ကြပေ။ ဦးမိုးစိန်က သူတို့အား မေတ္တာတရားဟောပြ၏။ တစ်ဦးပေါ်တစ်ဦးပြုလုပ်မိသည့် အပြစ်များကို ခွင့်လွှတ်၍ ချစ်ကြည်ခင်မင်ကြမှ စည်းလုံးညီညွတ်မည်၊ စည်းလုံးညီညွတ်မှ အောင်မြင်မှုရနိုင်မည်ဟု ရှင်းပြ၏။

ဆရာ၏ ဖျန်ဖြေပေးမှုကြောင့် ခြင်းသမားအချင်းချင်းညီညွတ်ကာ တစ်ဦးကိုတစ်ဦး နှိပ်နယ်ပေးသည်အထိ ချစ်ကြည်လာကြ၏။ ထိုအခါ ဦးမိုးစိန်က ခြင်းခတ်ရာတွင် သမာဓိ၏အရေးကြီးပုံကို ထပ်မံရှင်းပြပြီးနောက် လှုပ်ရှားနေသော ခြင်းလုံးပေါ်တွင် သတိကပ်ထားခြင်းဖြင့် သမာဓိထူထောင်နိုင်ကြောင်း၊ ထိုအခါ မိမိတို့အလိုရှိသလို ခြင်းလုံးကိုထိန်းသိမ်းကာ အပေးအယူပြုနိုင်ကြောင်း ရှင်းပြ၏။

ခြင်းသမားများက လိုက်နာလေ့ကျင့်ကြသည့်အတွက် ပြိုင်ပွဲနေ့တွင် ပွဲကြည့်သူများ ကြည့်၍မဝနိုင်အောင် အလွန်လှပစွာခတ်ပြသွားနိုင်ကြ၏။ လမိုင်းကပ်ပြီး အစေးကပ်ထားလေသလားဟုပင် အချို့ကဝေဖန်ကြ၏။ လက်ခုပ်တီးသံတဖြောင်းဖြောင်းနှင့် အသံမစဲအောင် ပရိသတ်က ချီးကျူးခဲ့ကြ၏။

ရန်ကုန်တက္ကသိုလ်ခြင်းလုံးအဖွဲ့က ပထမဆုကို ထိုက်ထိုက်တန်တန် ရရှိလိုက်ပေ၏။ သတိတစ်လုံးဆောင်လျှင် အမှန်ပင်အောင်ရမည်သာတကား။

## တော်ကူးဆရာတော်၏ထူးခြားချက်

‘တော်ကူးဆရာတော်ဟာ ဘယ်လိုထူးခြားလို့လဲ’ ဟု အချို့သော စာရှုသူများက မေးမြန်းလိုကြပေမည်။

ဆရာတော်၏ ဘဝနှင့် လုပ်ဆောင်ချက်အပေါ်အခြေခံ၍ ကျွန်တော် ရေးသားခဲ့သော **‘ဝိပဿနာဂုဏ်ထူးဆောင်၊ ထူးခြားသော တော်ကူးဆရာတော်နှင့် ထူးဆန်းစွာရောဂါပျောက်ခြင်းများ’** စာအုပ်သည် တော်ကူးဆရာတော်၏ ထူးခြားချက်များကို ဖော်ပြထားသည့်စာအုပ် ဖြစ်ပါသည်။

၎င်းစာအုပ်ကိုဖတ်ရှုကြရသော ရဟန်းရှင်လူအပေါင်းတို့သည် ဆရာတော်

www.burmeseclassic.com

www.burmeseclassic.com



အား ကြည်ညိုကာ ဆရာတော်ထံမှောက်၌ တရားအားထုတ်လိုသည့်ဆန္ဒ ပြင်းပြစွာဖြစ်ပေါ်လာကြ၏။ သို့အတွက် မြန်မာနိုင်ငံတစ်ဝန်းလုံးရှိ အနယ်နယ်အရပ်ရပ်မှ ပါရမီရှင်အပေါင်းတို့သည် တော်ကူးရိပ်သာသို့ ရောက်လာကြ၏။

အချို့မှာ လူကိုယ်တိုင်မသွားရောက်နိုင်သေးသဖြင့် စာအုပ်တွင်ပါသည့် တော်ကူးဆရာတော်၏ နည်းနာနိဿယများအတိုင်း မိမိတို့အိမ်တွင်ပင် တရားရှုမှတ်ကြရာ ထူးခြားသည့်အကျိုးကျေးဇူးများကို လက်ငင်းခံစားကြရ၏။

မိုးကုတ်မြို့ ရွှေဘုံသာရပ်မှ **ဒေါက်တာထွန်းဝင်း**က ကျွန်တော့်ထံ စာရေးလာ၏။

"တော်ကူးဆရာတော်စာအုပ်မှာ ဆရာရေးသားထားတဲ့ ရောဂါပျောက်ခြင်းတချို့တစ်ဝက်ဟာ ဆေးပညာရှုထောင့်မှကြည့်ရင် မဖြစ်နိုင်ဘူးလို့ဆိုရလိမ့်မယ်၊ ဒါပေမဲ့ ဆရာတော်ရဲ့ တရားအားထုတ်နည်းကို မှတ်သားပြီးတော့ ကျွန်တော်တရားထိုင်ကြည့်တာ ခါတိုင်းတစ်နာရီလောက်သာ ထိုင်နိုင်ပေမယ့် ခုတော့ နှစ်နာရီခွဲကြာအောင် ထိုင်နိုင်သွားပါတယ်"

ဤသို့နာကျင်ကိုက်ခဲမှု အတားအဆီးကို ကျော်လွှန်၍ တရားရှုမှတ်မှုကို တိုးမြှင့်နိုင်ခြင်းသည်ပင် ထူးခြားသည့်အကျိုးကျေးဇူး မဟုတ်ပါလား။ ထူးဆန်းစွာ ရောဂါပျောက်ခြင်းများဟု ဆိုထားသည့်အတိုင်း သိပ္ပံနယ်ကိုကျော်လွှန်နေ၍ ထူးဆန်းနေခြင်းဖြစ်၏။ သိပ္ပံနယ်လွှန်သည့် နာမ်ဖြစ်ရပ်များကား ယနေ့တင်ပြ၍မကုန်နိုင်အောင် များမြောင်လှပေ၏။

ရန်ကုန်မြို့ ကျိုက်ဝိုင်း အောင်သဗင်ရပ်၊ ရွှေမဋ္ဌူလမ်းတွင် ဦးမောင်ချို နေထိုင်ပါသည်။ **ဦးမောင်ချို**သည် ကော့ကရိတ်မြို့နယ် ပြည်သူ့ရဲတပ်ဖွဲ့မှ အငြိမ်းစား စာရေးတစ်ဦးဖြစ်၏။

ဦးမောင်ချို၏ အိမ်နှင့် တစ်အိမ်ကျော်တွင် **ဦးဟန်ရှိန်** နေထိုင်၏။ ဦးဟန်ရှိန်သည် ရပ်ကွက်တွင် အရေးပါသူတစ်ဦးဖြစ်၏။ သူ့တွင် သတိလစ်သည်အထိ တက်တတ်သောရောဂါ ရှိ၏။ တရုတ်အပ်စိုက်နည်းဖြင့် ဆေးကုသခြင်းကိုခံယူနေ၏။ သို့စဉ်လျက် ညနေတိုင်းလိုလို ဦးဟန်ရှိန်တက်ပြီး သတိမေ့လဲသည့်အတွက် အိမ်နီးချင်းများ လာရောက်ကာ ဝိုင်းဝန်းနှိပ်နယ်ပေးကြရ၏။ အိမ်သားများကမူ စိုးရိမ်ပူပန်ကာ နေ့စဉ်ငိုကြွေးကြရ၏။

ဤရောဂါကြောင့် ဦးဟန်ရှိန်သည် မစားနိုင်မသောက်နိုင်ဘဲ အသားအရေမွဲခြောက်နေ၏။ တစ်အိမ်သားလုံးက သူ့ကို အရိပ်တကြည့်ကြည့်ဖြင့် ကြည့်နေကြရ၏။ စိုးရိမ်စရာပါပေ။ သို့သော် ပြောင်းလဲမှုက မြန်ဆန်လွန်းလှ၏။

ဦးမောင်ချိုသည် ပုသိမ်သို့ ၁၀ လကြာသွားရောက်နေထိုင်ပြီးနောက် ပြန်

www.burmeseclassic.com

www.burmeseclassic.com



လာသည့်အခါ ဦးဟန်ရှိန်ကို ဝဝဖြိုးဖြိုးမြင်တွေ့ရ၏။ ပို၍ထူးဆန်းသည်မှာ ဦးဟန်ရှိန်သည် ပေါက်တူးထမ်းလျက် တောင်ယာခြံအလုပ်မှ ပြန်လာခြင်းဖြစ်၏။

"ဟ...ဟန်ရှိန် ဝလို့ပါလား၊ ဘာဆေးနဲ့တည့်သွားတာလဲ"

"ဘုရားဆေးနဲ့ တည့်သွားတယ်"

"ဘယ်လိုဘုရားဆေးလဲ၊ ရှင်းပြပါဦး"

"သိချင်ရင် အိမ်လိုက်ခဲ့ဗျာ၊ ကျွန်တော်ပြမယ်"

ဦးဟန်ရှိန်အိမ်သို့ ဦးမောင်ချို လိုက်သွား၏။ ဦးဟန်ရှိန်က 'ဝိပဿနာ ဂုဏ်ထူးဆောင် တော်ကူးဆရာတော်' စာအုပ်ကို ခေါင်းအုံးအောက်မှ ထုတ်ယူလာပြီး ဦးမောင်ချိုလက်သို့ ထည့်ပေးလိုက်၏။

"အဲဒီစာအုပ်မှာပါတဲ့ တော်ကူးဆရာတော်နည်းအရ ကျွန်တော် မနက်တစ်နာရီ၊ ညဘက်တစ်နာရီ တရားရှုမှတ်ပါတယ်၊ အခု ကျွန်တော့်ရောဂါ ဘယ်ရောက်သွားမှန်းမသိဘူး၊ ရှာလို့မတွေ့တော့ဘူး"

"အဲသလိုဆိုရင် ဒီစာအုပ်ကို ငါတစ်ညဖတ်ပါရစေကွာ"

"ယူသွားလေ၊ အဲ...ဖတ်ပြီးရင် ကျေးဇူးပြုပြီး ပြန်ပေးပါနော်"

ဦးမောင်ချိုသည် ညနေထမင်းစားပြီးသည်မှစ၍ စာအုပ်ကိုဖတ်ရှုလိုက်ရာ မထနိုင်တော့ဘဲ တစ်ထိုင်တည်းဖြင့်ပင် အဆုံးထိဖတ်ဖြစ်သွားပေ၏။ ဖတ်ပြီးသွားသည့်အခါ တော်ကူးဆရာတော်ထံ၌ အလွန်တရားရှုမှတ်လိုသဖြင့် အချိန်မဆိုင်းဘဲ တော်ကူးရိပ်သာသို့ ရောက်လာခဲ့၏။

တော်ကူးရိပ်သာတွင် ၁၉၈၇ ခု မေလအတွင်းက ဦးမောင်ချိုအား ကျွန်တော်တွေ့ဆုံခဲ့ရ၏။ ဦးမောင်ချိုသည် တရားရှုမှတ်ရခြင်းကို ကျေနပ်အားရနေလေပြီ။ ဦးဟန်ရှိန်၏အကြောင်းကို ကျွန်တော့်အား သူအားရပါးရပြောပြခဲ့ပေ၏။

တော်ကူးဆရာတော်၏ ထူးခြားမှုကို ဖော်ပြပေးသည့် အကောင်းဆုံးဇာတ်လမ်းတစ်ခုသည်ကား စာရေးဆရာမဒေါ်ခင်မျိုးချစ်၏ အဖြစ်အပျက်ပင်တည်း။

## ဒေါ်ခင်မျိုးချစ်၏ ကန်တော့ပန်း

၁၉၈၆– ခု အောက်တိုဘာလ သီတင်းကျွတ်ကျောင်းပိတ်ရက်အတွင်း၌ ကျွန်တော် ရန်ကုန်မြို့သို့ရောက်စဉ် ဒေါ်ခင်မျိုးချစ်က အလွန်တွေ့ချင်ပါသည်ဟု ဖိတ်ခေါ်သဖြင့် ၅၀၅ (ဂ) ပြည်ရိပ်သာ၊ ကမာရွတ်၌ရှိသည့် သူတို့၏ နေအိမ်သို့ ကျွန်တော်ရောက်သွားပါသည်။

အိမ်ထဲသို့ဝင်သွားသောအခါ ကျွန်တော်၏ တက္ကသိုလ်ဆရာ, ဆရာမများ ဖြစ်ခဲ့ဖူးကြသော ဦးခင်မောင်လတ်နှင့် ဒေါ်ခင်မျိုးချစ်တို့ကို ကိုယ်စီအိပ်ရာထက်

www.burmeseclassic.com

www.burmeseclassic.com



တွင် လဲလျောင်းနေကြသည်ကိုတွေ့ရသဖြင့် ရတ်တရက်တော့ စိတ်မကောင်းဖြစ်မိပါသည်။ အသက် ၇၀ တွင်းသို့ရောက်ရှိနေကြသော ဆရာ, ဆရာမတို့သည် ဇရာထောင်းထားသည့် ဒဏ်ချက်ပေါ်တွင် ရောဂါဒဏ်က ထပ်ဆင့်ထိုးနှက်ထားသဖြင့် ဒုက္ခိတဘဝသို့ ရောက်နေကြပြီလော။

ကျွန်ုပ်တို့အားလုံးသည် ဒုက္ခိတသတ္တဝါများပါပေ။ ကမ္ဘာကျော်ရုရှား စာရေးဆရာကြီး **လီယိုတော်စတွိုင်း (Leo Tolstoy)** ရေးထားသလို လူသည် သေခြင်းကို စောင့်မျှော်နေခြင်းမှတစ်ပါး အခြားမျှော်လင့်ချက် မရှိချေ။

"ခရီးသွားယောက်ျားတစ်ဦးသည် တောလမ်းခရီး၌ ဝက်ဝံလိုက်လာသဖြင့် ရေတွင်းပျက်တစ်ခုထဲသို့ လျင်မြန်စွာဆင်းသက်ပြီး ရေတွင်းနံရံအား၌ ပေါက်နေသော သစ်ကိုင်းတစ်ခုကို ဆွဲတွယ်ထား၏။ ဝက်ဝံက သူ့ကို ကိုက်သတ်ရန် အပေါ်က စောင့်နေ၏။ အောက်သို့ငုံ့ကြည့်လိုက်သည့်အခါ ဇရာမစပါးကြီးမြွေတစ်ကောင်သည် သူ့အားဖမ်းမျိုရန် မျက်လုံးစိမ်းစိမ်းဖြင့် စိုက်ကြည့်နေ၏။ ထိုအခိုက် ကြွက်ဖြူနှင့်ကြွက်မည်းနှစ်ကောင်တို့သည် သူဆွဲတွယ်ထားသည့် သစ်ကိုင်းအရင်းကို ကိုက်ဖဲ့နေကြ၏။

"သူမည်မျှဆွဲတွယ်ထားနိုင်မည်နည်း၊ သူဆွဲတွယ်ထားနိုင်သည် ထားပါဦး၊ ကြွက်ကိုက်သည့်ဒဏ်ချက်ဖြင့် သစ်ကိုင်းကျိုးကျလျှင် မရဏာသေမင်း၏ ခံတွင်းသို့ သူသက်ဆင်းရမည်သာတည်း။ ထိုအခိုက် သူဆွဲတွယ်ထားသည့်သစ်ကိုင်း၏ အခက်အလက်၌ ပျားရည်စက်အချို့ ကပ်ငြိနေသည်ကို သူမြင်တွေ့လိုက်ရ၏။ ဆာလောင်မွတ်သိပ်မှုကို ဖြေဖျောက်ရန် ထိုပျားရည်စက်တို့ကို သူလျှာဖြင့် လျက်စားလိုက်မိ၏။

"ဘဝဟူသည် ထိုအကျဉ်းအကျပ်ရောက်နေသော ခရီးသည်နှင့် တူလှ၏၊ ဝက်ဝံနှင့် စပါးကြီးမြွေတို့မှာ မရဏာမင်း၏ တပည့်များ ဖြစ်ကြ၏။ ကြွက်ဖြူနှင့် ကြွက်မည်းတို့ဟူသည်မှာ နေ့နှင့်ညဉ့်ဖြစ်ကြ၏။ ပျားရည်စက်ဟူသည်မှာ ကာမဂုဏ်အာရုံနှင့်တူ၏။ သေရတော့မည်ကို သိနေသောသူသည် ကာမဂုဏ်အာရုံကို မခံစားချင်တော့ပါ။ ကာမဂုဏ်အာရုံခံစားခြင်းဟူသည်မှာလည်း အဓိပ္ပာယ်မရှိတော့ပါ"

ကျွန်တော့်ကို မြင်တွေ့လိုက်သည်နှင့်တစ်ပြိုင်နက် ဦးခင်မောင်လတ်နှင့် ဒေါ်ခင်မျိုးချစ်တို့မျက်နှာများပေါ်တွင် အပြုံးပန်းကိုယ်စီဝင်းသွားပြီး ထထိုင်ကြပါတော့၏။

"ထိုင်ပါ၊ ဆရာလာနိုင်တာ သိပ်ဝမ်းသာပါတယ်၊ တို့က ဖျားနာနေကြရာ

www.burmeseclassic.com

www.burmeseclassic.com



က နာလန်ထူနေကြတဲ့လူတွေပါ၊ အခြေအနေတော်တော်ကောင်းလာကြပါပြီ” ဟုဦးခင်မောင်လတ်က မိတ်ဆက်စကားပြောကြားလိုက်၏။

“ကျွန်တော်လဲ ဆရာတို့နဲ့မတွေ့ရတာကြာပြီဖြစ်လို့ မြင်တွေ့ချင်နေတာနဲ့ အတော်ပဲဆရာ”

“အစ်မကြီးက မင်းတင်မွန်ကို အလွန်ကျေးဇူးတင်စရာ အကြောင်းရှိနေတယ်ကွယ်၊ အစ်မကြီးမှာ လွန်ခဲ့တဲ့ငါးနှစ်ကစပြီး အဆစ်ရောင်ရောဂါ **(arthritis)** စွဲကပ်ခဲ့တယ်။ ဒီရောဂါဖြစ်လာပြီဆိုရင် ခေတ်မီဆေးဝါး ရိုးရာဆေးဝါး ဘယ်ဆေးဝါးနဲ့မှ ကုလို့မပျောက်ဘူးကွယ်၊ ခေတ္တခဏ သက်သာရုံလောက်သာ တတ်နိုင်ကြတာ၊ အဲဒီတော့ ရိုးရာဆေးကလေးကို မှီဝဲပြီး တရားနဲ့ကျိတ်မှိတ်ကုခဲ့ရတယ်ကွဲ့။ အင်္ဂလိပ်ဆေးကိုတော့ အစ်မကြီးမစားချင်ဘူး၊ ဆေးရဲ့ မလိုလားအပ်တဲ့ ဘေးဒဏ်ချက် **(side effect)** တွေကြောင့် အသက်ဆုံးရှုံးခဲ့ကြရတဲ့လူတွေကို အစ်မကြီးမြင်ဖူးလှပြီလေ”

“ဟုတ်ကဲ့…မမ”

“တရားကို အစ်မကြီးအားကိုးတယ်၊ လောကဓံတရားရဲ့ ထိုးနှက်ချက်များကို ကြံ့ကြံ့ခံနိုင်အောင်ရည်ရွယ်ပြီး အစ်မကြီးနဲ့ ဦးခင်မောင်လတ်တို့က ၁၉၅၅ ခုနှစ်ကတည်းက စွန်းလွန်းဆရာတော်နည်းနဲ့ ဝိပဿနာတရားရှုမှတ်ခဲ့ကြတယ်ကွဲ့၊ ဆရာသမားများရဲ့ ကြပ်မတ်သင်ပြပေးမှုကြောင့် တရားထိုင်ဆဲ ဖြစ်ပေါ်တဲ့ ဝေဒနာဆိုးတွေကို အတော်အတန်သည်းခံနိုင်ခဲ့ကြပါတယ်။

“နှစ်ပေါင်း ၃၀ ကျော် ဝိပဿနာတရားကို လက်မလွှတ်ဘဲ အစ်မကြီးတို့ နေထိုင်ခဲ့ကြတယ်ဆိုပေမယ့် ကိလေသာချုံတောနဲ့ ကာမဂုဏ်နွံတောထဲမှာ နေခဲ့ကြရလို့ ပေါ့တီးပေါ့ဆနေခဲ့တဲ့အခါတွေလဲ ရှိခဲ့တာပေါ့။ ဝိပဿနာတရား အားထုတ်တာ အရေးကြုံရင် သက်လုံကောင်းဖို့လို့ ရည်ရွယ်ခဲ့တာပဲ။ ဒါပေမဲ့ လွန်ခဲ့တဲ့ ငါးနှစ်ကျော်ကစပြီး အဆစ်အမျက်ရောဂါနဲ့ အစ်မကြီး ပက်ပင်းရင်ဆိုင်ရတော့ ဝေဒနာဆိုးတွေကို သည်းခံနိုင်အောင် ပြင်ဆင်မှုလိုနေတာကို တွေ့ရတယ်။

“သိုင်းသင်ထားပြီးတော့ အလေ့အကျင့်နည်းခဲ့တဲ့သူဟာ ရန်သူနဲ့ရင်ဆိုင်ရတဲ့အခါ အသင့်မဖြစ်သလိုပဲပေါ့လေ။ ရန်သူက လက်ဦးတော့ တစ်ချီပြီးတစ်ချီ ရှုံးနိမ့်သလိုပါပဲ၊ အစ်မကြီးလဲ တတ်သလောက် မှတ်သလောက် ဝေဒနာကို ဝိပဿနာနဲ့ခံတိုက်တာပဲ၊ ဘတစ်ပြန် ကျားတစ်ပြန်ဖြစ်နေတာပေါ့၊ ဒါပေမဲ့ ပြင်ဆင်မှုနည်းတဲ့အတွက် ဘတစ်ပြန်ကနည်းပြီး ကျားတစ်ပြန်က ပိုများနေတာကွဲ့”

ဒေါ်ခင်မျိုးချစ်က စာရေးဆရာမပီပီ ချက်ကျကျနှင့် ကွက်ကွက်ကွင်းကွင်း ပေါ်လွင်အောင် ရှင်းပြနေ၏။

www.burmeseclassic.com

www.burmeseclassic.com



"အဆစ်အမျက်ရောင်ရောဂါဆိုတော့ ဝေဒနာတော်တော်ပြင်းမှာပေါ့နော်"

"နေ့စဉ်ငိုခဲ့ရတဲ့အထိ ဆိုပါတော့ကွယ်၊ အစ်မကြီးပြောရမှာ မရှက်ပါဘူး၊ အစ်မကြီးမှာ တစ်ခုခုလိုအပ်နေသေးတယ်၊ တရားကို တိုးပြီးရှုမှတ်ဖို့လိုပါသေးတယ်လို့ ကြံစည်နေတုန်းမှာ ဦးခင်မောင်လတ်က မင်းတင်မွန်ရေးတဲ့ တော်ကူးဆရာတော်စာအုပ်ကို ယူလာပြီး အစ်မကြီးကို ဖတ်ပြတယ်လေ၊ တော်ကူးဆရာတော်ရဲ့ဘဝဖြစ်စဉ်နဲ့ သည်းခံမှုအင်အားနဲ့ ဖွဲ့နပဲနဲ့ ဝိပဿနာအားထုတ်နည်းတို့ကို ကြားသိရတော့ အစ်မကြီး ဘာလုပ်ရမယ်ဆိုတာကို တစ်ခါတည်း သဘောပေါက်သွားပါတော့တယ်။

"သဒ္ဓါ၊ သတိ၊ ဝီရိယတို့ကို တိုးမြှင့်ပြီး တော်ကူးဆရာတော်ရဲ့ နည်းအရ ရောဂါဝေဒနာကို ဘုရားစားလက်နက်နဲ့ ခုတ်မွှန်းခြေမွပစ်တော့မယ်လို့ သန္နိဋ္ဌာန်ချပြီး ဆေးဝါးမှီဝဲခြင်းကို လုံးဝရပ်စဲလိုက်တယ်၊ ညဉ့်ဦးကနေ နံနက်မိုးလင်းတဲ့အထိ ကြိုးစားပြီး တရားမှတ်ပါတယ်။ တရားထိုင်ချိန်က တစ်ကြိမ်မှာ နာရီဝက်မှ တစ်နာရီ, နှစ်နာရီအထိ ကြာပါတယ်၊ တစ်ညဉ့်မှာ အိပ်ချိန် လေးနာရီပဲ ထားပါတယ်။

"တော်ကူးဆရာတော်ရဲ့နည်းနဲ့ ဝေဒနာကို ကျော်လွှန်နိုင်အောင် မှတ်ပါတယ်။ ဝေဒနာခန်းကို ကျကျနနကိုင်တွယ်တတ်ဖို့ မင်းတင်မွန်ရေးပြထားတာ သိပ်အဖိုးတန်တာပဲကွယ်။ အစ်မကြီးတို့ကလဲ ဒါကို လိုက်ရှာနေကြတာ၊ သမာဓိထူထောင်တာက စွန်းလွန်းဆရာတော်ရဲ့ အာနာပါနနည်းနဲ့ပဲ ထူထောင်ထူထောင်၊ မဟာစည်ဆရာတော်ရဲ့ ပိန်–ဖောင်းနည်းနဲ့ပဲ ထူထောင်ထူထောင် အရေးမကြီးပါဘူး။ အရေးကြီးတာက ရလာတဲ့သမာဓိကို အသုံးချပြီး ဝေဒနာကို နိုင်နင်းအောင်ကိုင်တွယ်တတ်ဖို့ပါပဲ"

"ဟုတ်ပါတယ်မမ၊ ဝေဒနာကိုနိုင်နင်းသွားတာနဲ့တစ်ပြိုင်နက် ခပ်ကြာကြာ တရားရှုမှတ်ဖို့ ဝန်မလေးတော့ပါဘူး"

"ဒါတင် ဘယ်ကမလဲ၊ ဝေဒနာကို စူးစိုက်ပြီး ရှုမှတ်နေတဲ့အခါ ရောဂါရဲ့အဆွယ်အလက်တွေကို တရားစားလက်နက်တွေနဲ့ တစ်ခါတည်းခုတ်မွှန်းလိုက်တော့တယ်လေ။ မိုးလင်းလုအချိန်မှာ ရောဂါဝေဒနာတွေက နောက်ဆုံးအောက်မှာ လာစုကြတယ်၊ တစ်ကိုယ်လုံး အကြောတွေကိုဆွဲစုပြီး ဖျစ်ညှစ်ထားသလိုပါပဲ၊ အဲဒါကို ကြိတ်မှိတ်ပြီး အကြာကြီး ရှုမှတ်ရတယ်၊ အဲဒီဝေဒနာလဲ လွန်ရောတစ်နေ့လုံး နေထိုင်လို့ကောင်းသွားတာပဲ။

"အခု တော်ကူးဆရာတော်နည်းနဲ့ အစ်မကြီးရှုမှတ်နေတာ နှစ်လ ရှိပြီ၊ ဆေးပြတ်နေတာလဲ နှစ်လရှိပြီပေါ့။ ရောဂါလုံးလုံးမပျောက်သေးသော်လဲ နာကျင်

www.burmeseclassic.com

www.burmeseclassic.com



ကိုက်ခဲလို့ ငိုကြွေးမြည်တမ်းရတဲ့ ဆင်းရဲဒုက္ခတွေ မရှိတော့ဘူး။ နေ့ဘက်မှာလဲ တရားထိုင်တော့ အခုတစ်နေ့ကို တရားရှုမှတ်ချိန်ပေါင်း ခုနစ်နာရီ၊ ရှစ်နာရီ ရပါတယ်။ ဒီအတိုင်း တရားဆက်ရှုမှတ်သွားရင် အစ်မကြီးရောဂါပျောက်ကင်းလိမ့်မယ်လို့ အစ်မကြီးယုံကြည်ပါတယ်ကွယ်"

"ကြားသိရတာ သိပ်ဝမ်းသာပါတယ် မမ"

"အေး...မင်းတင်မွန်ကို ဘယ်လိုကျေးဇူးတင်ရမှန်းတောင် မသိတော့ဘူး၊ **My heart is too full, I cannot express.** မော်လမြိုင်တက္ကသိုလ်လိပ်စာနဲ့ မင်းတင်မွန်ဆီ အစ်မကြီးစာတစ်စောင်ရေးလိုက်ပါတယ်၊ အဲဒီစာကို တော်ကူးဆရာတော်အား ကန်တော့ပန်းအဖြစ် လျှောက်ထားပေးပါ၊ ဆရာတော်အား အကောင်းစားသင်္ကန်းစားနဲ့ နဝကမ္မဝတ္ထုငွေ ၂၀၀ ကျပ်ကို ဆက်ကပ်ပေးပါ၊ သံသရာဝဋ်ဆင်းရဲကို အမြန်ဆုံးပိုင်းဖြတ်နိုင်ပါစေလို့သာ ဆုတောင်းလိုက်ပါတယ်"

"ကျွန်တော် ဆရာတော်ကို ဆက်ကပ်လှူဒါန်းပြီး လျှောက်ထားလိုက်ပါ့မယ်"

"မင်းတင်မွန်ရေးတဲ့ တော်ကူးဆရာတော်စာအုပ်ကို လူတိုင်းဖတ်သင့်တာကွဲ့၊ ဆရာဦးခင်မောင်လတ်တစ်ဦးတည်းက အဲဒီစာအုပ် ၄၂ အုပ်ကို ဓမ္မဒါနအဖြစ် မိတ်ဆွေတွေကို လှူဒါန်းပြီးပြီကွယ်"

"သိပ်ဝမ်းသာပါတယ်၊ မမရောဂါ လျင်မြန်စွာပျောက်ကင်းပါစေလို့ ဆုတောင်းပါတယ်"

ဒေါ်ခင်မျိုးချစ်လှူဒါန်းလိုက်သော အကောင်းစားသင်္ကန်းစားနှင့် နဝကမ္မဝတ္ထုငွေတို့ကို သူ၏ကန်တော့ပန်းနှင့်အတူ တော်ကူးဆရာတော်အား ဆက်သလိုက်သည့်အခါ ဆရာတော်က သာဓုအနုမောဒနာခေါ်ပြီး မေတ္တာပို့သပေးပါသည်။

တော်ကူးဆရာတော်၏နည်းသည် အလွန်ထူးပါသည်။ ဆရာတော်သည်လည်း အလွန်ထူးသောပုဂ္ဂိုလ်ဖြစ်၍ ထူးခြားသည့်တရားရှုနည်းကို ဖော်ထုတ်နိုင်ခဲ့သည်တကား။

## ဒေါက်တာမင်းအောင်၏ ကိုယ်တွေ့ဖြစ်ရပ်

'ပြောမယုံ ကြုံဖူးမှသိ' ဟူသည့်စကားအတိုင်း သိပ္ပံနယ်လွန်သော နာမ်ဖြစ်ရပ်ဆန်းများကို ကိုယ်တိုင်မကြုံလျှင် မယုံချင်ကြပါ။ ကိုယ်တွေ့ကြုံရဖူးသည့်အခါ၌ကား ငြင်းကွယ်၍မရတော့ပါ။

ရန်ကုန်အနောက်ပိုင်းပြည်သူ့ဆေးရုံမှ လက်ထောက်ဆရာဝန် ဒေါက်တာ

www.burmeseclassic.com

www.burmeseclassic.com



မင်းအောင်သည် ဘာသာရေးကိုင်းရှိုင်းသည့်မိဘများ၏ကျေးဇူးကြောင့် ငယ်စဉ်ကတည်းကပင် ရတနာသုံးပါးကို ယုံကြည်မြတ်နိုးသည့်သဒ္ဓါတရား ရှိခဲ့ပါသည်။ ဆယ်တန်းကျောင်းသားဘဝတွင် စွန်းလွန်းဆရာတော်နည်းဖြင့် ဝိပဿနာတရားအားထုတ်ခဲ့ဖူးရာမှ ယနေ့တိုင်အောင် မပြတ်မလပ် ကြိုကြားကြိုကြား သမထ ဝိပဿနာတို့ကို နှလုံးသွင်းခဲ့သူ ဖြစ်ပါသည်။

ဒေါက်တာမင်းအောင်သည် ဆေးကျောင်းသားဘဝက ကျွန်တော်၏တပည့်တစ်ဦးဖြစ်ခဲ့သည်နှင့်အညီ တစ်နေ့ လူချင်းဆုံတွေ့ကြသောအခါ

"ဟာ...ဆရာ...အတော်ပဲ၊ ကျွန်တော် ဆရာ့ကို အထူးတွေ့ချင်နေတာ၊ ဆေးကျောင်းသားဘဝက အော်ဂဲနစ်ဓာတုဗေဒကို နိုင်နင်းအောင် ဆရာသင်ပြပေးခဲ့သလို၊ ယခုလဲ ကျွန်တော့်ကိုအချမ်းသာဆုံး အကျိုးအရှိဆုံးဘဝလမ်းကြောင်းပေါ် ရောက်အောင် ဆရာက ဘဝမီးရှူးတန်ဆောင် ထွန်းပြပေးနေတဲ့အတွက် အထူးကျေးဇူးတင်ပါတယ်"

"ဟေ...ဟုတ်လား၊ ငါ့ဘာများ အကူအညီပေးနေလို့လဲ"

"ဆရာရေးထားတဲ့ **'ဘဝအောင်မြင်ရေးသို့ ရှေးရှုကြ'** စာအုပ်နဲ့ **'ဝိပဿနာဂုဏ်ထူးဆောင်** ထူးခြားတဲ့ တော်ကူးဆရာတော်နှင့် ထူးဆန်းစွာရောဂါပျောက်ခြင်းများ' စာအုပ်လေ၊ ဒီစာအုပ်နှစ်အုပ်ကို ဖတ်လိုက်ရလို့ ကျွန်တော့်ဘဝအတွက် အဖိုးမဖြတ်နိုင်တဲ့ အကျိုးကျေးဇူးတွေ ရခဲ့ပြီဆရာ"

"ဟာ...ဝမ်းသာတယ်ကွာ၊ **'ဘဝအောင်မြင်ရေးသို့ ရှေးရှုကြ'** ဆိုတဲ့စာအုပ်ငယ်ကလေးက တက္ကသိုလ်ကျောင်းသူကျောင်းသားများနဲ့ ခေတ်ပညာတတ် လူငယ်လူရွယ်တွေကို ဘဝအမြင်မှန်ရအောင် မျက်စိဖွင့်ပေးဖို့အတွက် ငါရေးလိုက်တာပဲ။ ဘဝအဓိပ္ပာယ်၊ဘဝကိစ္စ၊ဘဝပန်းတိုင်ကို တိုတိုကျဉ်းကျဉ်းနဲ့ ရှင်းရှင်းမြင်သိသွားအောင်၊ ပြီးတော့ တကယ်အောင်မြင်တဲ့ဘဝကို ထူထောင်နိုင်အောင် ဆိုတဲ့ ငါ့စေတနာတွေကို အဲဒီစာအုပ်မှာ ဖော်ထုတ်ထားပါတယ်၊ တော်တော်အကျိုးပြုတဲ့စာအုပ်ကလေးပါပဲ"

"ပြီးတော့ **'ရှေးဘဝ–နောက်ဘဝ သိပ္ပံနည်းကျ အထောက်အထားများ'** ဆိုတဲ့စာအုပ် ရှိသေးတယ်၊ အတိတ်ဘဝ အနာဂတ်ဘဝတွေ ရှိတဲ့အကြောင်းနဲ့ နာမ်လောကရဲ့ ဖြစ်ရပ်ဆန်းတွေကို သိပ္ပံနည်းကျ ငါတင်ပြထားတာ၊ ဒီစာအုပ်လဲ ခေတ်ပညာတတ်များကို မတွေဝေအောင် သတိပေးနှိုးဆော်ရာမှာ တော်တော်အောင်မြင်နေပါတယ်"

"ဒီလိုအကျိုးများတဲ့စာအုပ်တွေကို များများရေးပေးပါဆရာ၊ အမျိုး, ဘာ

www.burmeseclassic.com

www.burmeseclassic.com



သာ, သာသနာအတွက်ရော၊ နိုင်ငံအတွက်ရော အလွန်ကျေးဇူးများပါတယ်၊ ကျွန်တော် ကိုယ်တွေ့ ခံစားလိုက်ရတဲ့ အကျိုးကျေးဇူးတွေကို ပြောပြပါရစေ…

"၁၉၈၆ ခုနှစ်အတွင်းက အနောက်ပိုင်းပြည်သူ့ဆေးရုံမှာ မအားမလပ်နိုင်အောင် ကျွန်တော်တာဝန်ထမ်းဆောင်နေဆဲမှာ တစ်နေ့ကျွန်တော် ဆီးသွားတော့ နာကျင်နေတာနဲ့ ငုံ့ကြည့်မိတယ်၊ ကျွန်တော့်ဆီးက သွေးရဲရဲနီနေတယ်လေ၊ ကျောက်ကပ် ဒါမှမဟုတ် ဆီးအိမ်, ဆီးလမ်းကြောင်းမှာ တစ်စုံတစ်ခု ချွတ်ယွင်းနေပြီဆိုတာ ကျွန်တော် ဖျတ်ခနဲသိလိုက်ပါတယ်။

"ချက်ချင်းပဲ ဆရာဝန်ကြီးများကို ပြောပြပြီး အနောက်ပိုင်းဆေးရုံမှာ ရောဂါရှာဖွေရေး လုပ်ပါတယ်၊ ဆီးစစ်တယ်၊ သွေးစစ်တယ်၊ ဆီးထဲမှာပါတဲ့ ပိုးတွေကို မွေးမြူတယ်၊ ပြီးတော့ ကျောက်ကပ်နေရာ၊ ဆီးအိမ်နဲ့ဆီးလမ်းကြောင်းနေရာတွေမှာ ဓာတ်မှန်ရိုက်တယ်၊ အဲဒီရက်များအတွင်းမှာပဲ ဘယ်ဘက်နံဘေးနဲ့ နောက်ကျောကနေ ဝမ်းဗိုက်ကိုပတ်ပြီး ဘယ်ဘက်ပေါင်ခြံအတွင်းသို့ရောက်အောင် ထိုးထိုးပြီး အောင့်တက်လာတယ်၊ ဆရာဝန်ဖြစ်ပါလျက်နဲ့ အလူးအလဲ ခံနေရတာပေါ့ဆရာ"

"အေး… ရောဂါဒဏ်ဆိုတာ ဘုရင်ဧကရာဇ်တွေတောင် မလွတ်ကင်းပါဘူး"

"ကျွန်တော်ခံစားနေတဲ့ဝေဒနာနဲ့ ဆီးထဲမှာသွေးပါနေတာကို ထောက်ရှုပြီး ဧကန္တ ဘယ်ဘက်ကျောက်ကပ်မှာ ကျောက်တည်နေပြီ၊ ကြွေကျလာတဲ့ကျောက်အချို့က ယူရီတာ (ureter) ခေါ်တဲ့ ဆီးပြွန်ထဲမှာ ပိတ်ဆို့နေပြီလို့ ယူဆရပါတယ်၊ ဒါကြောင့် ဓာတ်မှန်ဆရာဝန်ကြီးရဲ့ ညွှန်ကြားချက်နဲ့ အိုင်ဗီယူ (IVU-Intravenous Urogram) ခေါ်တဲ့ ခေတ်မီစမ်းသပ်နည်းကို ပြုလုပ်ပါတယ်၊ ဒီနည်းက ရေဒီယိုဓာတ်ကြွအိုင်အိုဒင်းပါတဲ့ ဆေးရည်ကို သွေးပြန်ကြောထဲ ထိုးသွင်းပြီး အချိန်ပိုင်းအလိုက် ဓာတ်မှန်ရိုက်ကာ ကျောက်ကပ်နှစ်ခုနဲ့ ဆီးအိမ် ဆီးပြွန်များရဲ့ ပုံသဏ္ဍာန်တို့ကို ဖော်ယူတဲ့နည်း ဖြစ်ပါတယ်၊ အဲသလိုစမ်းသပ်တော့ ရှစ်နာရီကြာတဲ့အထိ ဘယ်ဘက်ကျောက်ကပ်ဟာ ဆီးပြွန်မှာကျောက်ကျပြီး ပိတ်ဆို့နေတဲ့အတွက် အလုပ်မလုပ်နိုင်ဘူးဆိုတာကို တွေ့ရပါတယ်။

"ရောဂါကိုတော့ အတိအကျသိပြီ၊ ကုသဖို့ ခက်နေသေးတယ်၊ ဆီးတိုးတဲ့ဝေဒနာက မစောင့်ဆိုင်းဘူး၊ တိုးလိုက် ဆုတ်လိုက်ဖြစ်နေလို့ ကျွန်တော် အလူးအလဲခံနေရတယ်၊ ဆီးသိပ်တိုးတဲ့အခါ အိပ်ရာပေါ်မှာ လှဲအိပ်နေလို့လဲ မရဘူး၊ ထိုင်နေလို့လဲ မရ၊ ထနေလို့လဲ မရ၊ သိပ်ခွကျတာပဲ ဆရာ။ ကိုယ်ကိုကောက်ကွေး

www.burmeseclassic.com

www.burmeseclassic.com



ပြီး အနည်းငယ်ခံသာမယ့် အနေအထားယူပြီး အံကြိတ်ပြီး ခံစားနေရပါတယ်၊ ဒီအခါ တော်ကူးဆရာတော်ရဲ့ကုထုံးကို ကျွန်တော်ပြေးသတိရမိတယ်။

"ကျွန်တော်တို့တစ်တွေက သိပ်နာလာတဲ့အခါ ဝေဒနာဆိုးမှလွတ်မြောက်လိုကြတယ်၊ ပြေးရှောင်လိုကြတယ်၊ တော်ကူးဆရာတော်က မပြေးဘူး၊ ရန်သူကို ရဲရဲဝံ့ဝံ့ရင်ဆိုင်တယ်၊ ခန္ဓာကိုယ်က ဒုက္ခတုံးပဲဆိုတာကို ဝိပဿနာအားမထုတ်ရဘဲနဲ့ အလိုလိုဒုက္ခက ဖော်ပြနေပြီပဲ။ ပြေးရှောင်လို့ ဘယ်လွတ်ပါ့မလဲ၊ တော်ကူးဆရာတော်က လက်တွေ့နမူနာပြပြီး သင်ကြားပေးထားတာ။ ဆရာတော်ရဲ့စိတ်ထား၊ သဒ္ဓါတရား၊ သတိတရားနဲ့ ဇွဲလုံ့လတို့ကို စံနမူနာယူပြီး ကျွန်တော်လဲ နာကျင်တာကို မကြောက်မရွံ့တော့ဘဲ မပြေးမရှောင်တော့ဘဲ 'ထိုးတယ်၊ နာတယ်' လို့ စူးစူးစိုက်စိုက် ရှုမှတ်ပါတော့တယ်။

"သတိကပ်ပြီး ရဲရဲဝံ့ဝံ့ရှုမှတ်ဖန်များတော့ သမာဓိဖြစ်လာတယ်၊ ကျွန်တော့်စိတ်ဟာ ဝေဒနာမှာ စူးစိုက်နေတော့တာပဲ၊ အချိန်ကုန်မှန်းမသိ ကုန်သွားတာ သုံးနာရီကျော်သွားတယ်လို့ ကျွန်တော်ထင်ပါတယ်။ အဲဒီအခါ ထိုးအောင့်နေတဲ့ နေရာက ရှူးခနဲ မီးပန်းများပွင့်ထွက်သွားသလို ပွင့်ထွက်သွားပြီးတော့ ထိုးအောင့်နေတဲ့ဝေဒနာ တစ်ခါတည်းချုပ်ငြိမ်းသွားတယ်၊ နောက်လဲ မနာတော့ပါဘူး၊ ဆီးသွားတဲ့အခါ ကျောက်အနည်းငယ်ပါတဲ့ဆီးများ ထွက်လာပါတယ်။

"နောက်နေ့မှာ ရန်ကုန်ပြည်သူ့ဆေးရုံကြီးသို့သွားပြီး အဏုမြူဓာတ်ရောင်ခြည်ရောဂါရှာဖွေစစ်ဆေးခြင်း (Radio Isotope Remogram) ကို ခံယူပါတယ်၊ ဒီနည်းက ရေဒီယိုအိုက်ဆိုတုပ် (Radio Isotope) ပါတဲ့ဆေးကို လက်မောင်း သွေးပြန်ကြောထဲသို့ထိုးသွင်းပြီး ကျောက်ကပ်များရဲ့အလုပ်လုပ်ပုံကို စစ်ဆေးတဲ့နည်း ဖြစ်ပါတယ်၊ အဲသလိုစစ်ဆေးကြည့်တော့ ရောဂါဖြစ်ခဲ့တဲ့ ဘယ်ဘက် ကျောက်ကပ်ဟာ အကောင်းပကတိအတိုင်း ပုံမှန်အလုပ်လုပ်နေတာကို တွေ့ကြရပါတယ်။

"ဆီးနဲ့ကျောက်ကပ်ခွဲစိတ်အထူးကုဆရာဝန်ကြီး ဒေါက်တာဦးမြသောင်းထံမှာ အစစ်ဆေးခံကြည့်တဲ့အခါမှာလဲ ကျောက်ကျသွားပြီးဖြစ်လို့ ရောဂါကင်းကင်းရှင်းရှင်းပျောက်ပြီဖြစ်ကြောင်း သိရှိရပါတယ်၊ ကျွန်တော်ဝမ်းမြောက်လို့ မဆုံးဘူးပေါ့၊ ဆရာဝန်ကြီးများနဲ့ မိတ်ဆွေဆရာဝန်များကလဲ အံ့သြကုန်ကြတာပေါ့၊ ကျောက်ကပ်အလုပ်ရပ်ဆိုင်းသွားတဲ့အထိ ကျောက်တည်နေတဲ့ရောဂါဟာ ဆေးမစားရဘဲ မခွဲစိတ်ရဘဲနဲ့ မြန်မြန်ထက်ထက် ပျောက်ကင်းသွားတယ်ဆိုတာ အင်မတန်ဖြစ်နိုင်ခဲတဲ့ ဖြစ်ရပ်တစ်ခုပါပဲ၊ ဝိပဿနာတရားရဲ့တန်ခိုးတော်ကြောင့်

www.burmeseclassic.com

www.burmeseclassic.com



ပဲလို့ ကျွန်တော်လေးလေးနက်နက်ယုံကြည်ပါတယ်၊ ဒါကြောင့် တော်ကူးဆရာတော်ဘုရားနဲ့ ဆရာတို့ကို ကျွန်တော်လှိုက်လှိုက်လှဲလှဲ ကျေးဇူးတင်ပါတယ်”

“သာဓု...သာဓု၊ ကြားသိရတာ သိပ်ဝမ်းသာတာပဲကွာ၊ ဒေါက်တာမင်းအောင်ရဲ့ ကိုယ်တွေ့ဖြစ်ရပ်ကို အများပြည်သူတို့ စံနမူနာယူကြရအောင် တော်ကူးဆရာတော်အကြောင်း ဒုတိယစာအုပ်မှာ ထည့်သွင်းဖော်ပြပါရစေ”

“ဖော်ပြပါဆရာခင်ဗျား...ကျွန်တော် သဘောတူခွင့်ပြုပါတယ်”

## တော်ကူးဆရာတော်၏ ဘုန်းကျက်သရေ

တော်ကူးဆရာတော်ထံမှာ ကျွန်တော် တစ်လကြာ ဝိပဿနာတရားအားထုတ်ခဲ့ရသည်ကို ကျေးဇူးဆပ်လို၍တစ်ကြောင်း၊ ဆရာတော်၏ ထူးခြားသော စိတ်ဓာတ်နှင့် ဝိပဿနာရှုမှတ်နည်းတို့က အများပြည်သူတို့အား လွန်စွာအကျိုးပြုလိမ့်မည်ဟု ယုံကြည်၍တစ်ကြောင်း၊ ‘ဝိပဿနာဂုဏ်ထူးဆောင်’ စာအုပ်ကို ကျွန်တော်ရေးသားပြုစုခဲ့ပါသည်။ ထိုသို့ရေးသားရာ၌ တော်ကူးရိပ်သာမှ ရောဂါပျောက်ကင်းသော ဖြစ်ရပ်အလုံးစုံကို ကျွန်တော်မဖော်ပြနိုင်ခဲ့ပါ၊ သက်သေ အထောက်အထား အတော်အသင့်ခိုင်မာသောဖြစ်ရပ်အချို့ကိုသာ ကျွန်တော် ရွေးချယ်၍ တင်ပြခဲ့ပါသည်။

တင်ပြရာတွင်လည်း ကျွန်တော်၏ ရိုးရိုးကုပ်ကုပ်နေတတ်သည့် သဘာဝအတိုင်း အဖြစ်မှန်နှင့် နီးစပ်စွာ ရိုးရိုးကလေးပင်တင်ပြခဲ့ပါသည်။ စာအုပ်၏ မျက်နှာဖုံးကိုလည်း လှပခဲ့ညားအောင် တန်ဆာမဆင်ဘဲ ဈေးနှုန်းချိုသာရေးကို ပဓာနထားကာ ရိုးရိုးကလေးပင် ရိုက်နှိပ်စေခဲ့ပါသည်။

‘ဝိပဿနာဂုဏ်ထူးဆောင်’ စာအုပ်သည် ထွက်လာသည့်အခါ သုံးလအတွင်း၌ပင် စာအုပ်ရောင်း၍ကုန်သွားပါတော့သည်။ ထို့ကြောင့် ပြည်ထဲရေးနှင့် သာသနာရေးဦးစီးဌာနထံမှ အထူးခွင့်ပြုမိန့်ကိုတောင်းခံကာ ဒုတိယအကြိမ် ပုံနှိပ်ရပါသည်။ ဒုတိယအကြိမ်လည်း မကြာမီကုန်သွားပြန်သဖြင့် တတိယအကြိမ် ပုံနှိပ်ရပါသည်။

တော်ကူးဆရာတော်အကြောင်းစာအုပ်သည် လူပြောသူပြော အများဆုံးစာအုပ်တစ်အုပ် ဖြစ်လာပါသည်။ လက်ဆောင်ပေးစရာ အကောင်းဆုံးစာအုပ်တစ်အုပ်ဖြစ်လာပါသည်။ တရားမှန်ရှာမှီးနေသူတို့အတွက် တရားအလင်းရောင်ညွှန်ပြသည့် မီးရှူးတန်ဆောင်ဖြစ်သလို ရောဂါဝေဒနာဖြင့် စိတ်ဓာတ်ကျနေသည့် လူနာများအတွက် အကောင်းဆုံးအားဆေးတစ်လက် ဖြစ်လာပါသည်။

တော်ကူးဆရာတော်၏ မေတ္တာ, စေတနာ, ဇွဲလုံ့လ, တရားအားထုတ်နည်း

www.burmeseclassic.com

www.burmeseclassic.com



နှင့် တရားအားထုတ်မှုကြောင့် ရောဂါပျောက်ကင်းပုံများကို ဖတ်ရှုကြရသည့် အခါ အချို့လူနာများသည် စိတ်ဓာတ်တက်ကြွကာ တစ်မှုဟုတ်ချင်းရောဂါတစ်ဝက် သက်သာသွားကြသည်။ အချို့မှာ ရောဂါအလျဉ်းမပျောက်ကင်းသေးသော်လည်း အထူးသက်သာလာကာ သူတို့အဖို့ ဘဝသည် နေပျော်စရာဖြစ်လာပါသည်။ ဦးဟန်ရှိန်နှင့် ဒေါက်တာမင်းအောင်တို့ကဲ့သို့သောပုဂ္ဂိုလ်များမှာ ရောဂါလုံးဝပျောက်ကင်းသွားကြသဖြင့် အဖိုးမဖြတ်နိုင်သော ဘဝဆုလာဘ်များကို ရရှိသွားကြပါသည်။

'ဝိပဿနာဂုဏ်ထူးဆောင်' စာအုပ်ကို ဖတ်ရှုပြီးသူအားလုံးတို့၏ တူညီသော ခံစားချက်တစ်ရပ်မှာ ဝိပဿနာတရားအားထုတ်ရန် သဒ္ဓါတရားဖြစ်ပေါ်လာကြပြီး တော်ကူးဆရာတော်ကို ရိုသေလေးမြတ်ကာ ကိုယ်တိုင်ဖူးတွေ့လိုသည့် စေတနာ ဖြစ်ပေါ်လာကြခြင်းပင် ဖြစ်၏။

ဤအကြောင်းကြောင့်လည်း မြန်မာနိုင်ငံအရပ်ရပ်မှ ရဟန်းရှင်လူအပေါင်းတို့သည် တော်ကူးဆရာတော်ဘုရား၏ ထံမှောက်သို့ အလျှိုလျှိုရောက်လာကြပါတော့သည်။ ဤသို့ရောက်လာကြသူတို့အထဲတွင် ခေတ်ပညာတတ် ပုဂ္ဂိုလ်ကြီးများ၊ ဆရာဝန်ကြီးများ၊ အစိုးရဝန်ထမ်းအရာရှိကြီးများနှင့် နိုင်ငံခြားသားများပင် ပါဝင်လာကြသည့်အတွက် ဤလူအပေါင်းတို့ အားရကျေနပ်အောင် ခေတ်ပညာလည်းမတတ်၊ တောသားလယ်သမား လူရိုးကြီးဘဝမှ တစ်ဖြစ်လဲလာသော တော်ကူးဆရာတော်ဘုရားသည် စွမ်းဆောင်နိုင်လိမ့်မည်လောဟု ကျွန်တော်စိုးရိမ်ပူပန်မိပါသည်။

ကျွန်တော်က ကျွန်တော်နှင့်နှိုင်း၍ စိုးရိမ်ပူပန်မိခြင်းသာ ဖြစ်သည်။ တော်ကူးဆရာတော်ဘုရားက လုံးဝစိုးရိမ်ပူပန်ခြင်းမရှိချေ။ ပရိသတ်များလာလေလေ ဝမ်းမြောက်ပီတိဖြစ်လေလေ... "သံသရာအဆက်ဆက်က ငါ့ရဲ့သားသမီး မြေးမြစ်တွေ, ဆွေမျိုးသားချင်းတွေ ရောက်လာကြတာပဲ"ဟု နှလုံးပိုက်တော်မူသည်။

ခန္ဓာကိုယ်က ဝဝလုံးလုံး၊ စကြံကျောင်းငယ်ကလေး၏ ကြမ်းပြင်ပေါ်တွင် ခင်းထားသောအိပ်ရာထက်၌ ကုန်းကုန်းကွကွကလေးထိုင်ကာ စူးရှသောအကြည့်ဖြင့် စိုက်ကြည့်လျက် ပြုံးယောင်သမ်းနေသည့် ဆရာတော်၏ မျက်နှာကို ဖူးမြင်ရသူတိုင်းသည် အပူအပန်ချုပ်ငြိမ်းပြီး ချမ်းမြအေးကြည်သည့်အတွေ့ထူးကို ခံစားလိုက်ရပေတော့၏။

ဆရာတော်သည် ရောက်လာသောသူတိုင်းအား မိဘက သားသမီးကို ဆီးကြိုသည့်အသွင်ဖြင့် ပြုံးရွှင်စွာကြိုဆိုစမြဲဖြစ်၏။ လျောင်းစက်၍နားနေလျှင်လည်း ဝိုင်းဝန်းထူမစေကာ ထထိုင်၍ကြိုဆို၏။ မိမိကိုယ်တိုင် မတ်တတ်ရပ်ကာတရား

www.burmeseclassic.com

www.burmeseclassic.com



ရှုမှတ်နေလျှင်လည်း ဧည့်သည်လာသံကြားလျှင် "ချမ်းသာပါစေ...ချမ်းသာပါစေ"ဟု မေတ္တာပို့သကာ ဆီးကြိုတော်မူ၏။

ဆရာတော်တွင် ဟိတ်ဟန်မရှိ၊ ဟန်ဆောင်မှုလုံးဝမရှိ၊ ဆရာတော်အား ဖူးတွေ့ရန် မည်သူ့ကိုမျှ ခွင့်တောင်းနေစရာမလို။ ကြိုက်သည့်အချိန် ဖူးတွေ့နိုင်၏။ အလုပ်များနေသည့်အခိုက် ဝင်ရောက်ဖူးမြော်မိသည့်အတွက်လည်း စိတ်အနှောင့်အယှက်ဖြစ်ဟန်မပြ။ ဖူးမြော်သူအား ဆရာတော်က အပြည့်အဝအာရုံစူးစိုက်ကာ မေတ္တာပို့သတော်မူသည်။

လာရောက်ဖူးမြော်သူ၏ ချမ်းသာမှု, ပျော်ရွှင်မှုနှင့် ကြီးပွားမှုကို ဂရုစိုက်တော်မူသော ဆရာတော်ဘုရားအား ဖူးမြင်ရသူတိုင်းက မကြည်ညိုဘဲ မနေနိုင်။ ဆရာတော်၏ ခြေဖမိုးကို နဖူးဖြင့်တိုက်၍ ဆရာတော်၏ခြေသလုံးများကို နှိပ်နယ်ဝတ်ပြုသည်အထိ ဆရာတော်အားခင်မင်ရင်းနှီးသွားကြသည်သာဖြစ်၏။

"ဘယ်ကလာကြသလဲ၊ ခဏဝင်လည်တာလား၊ တရားအားထုတ်ဖို့လာတာလား"

ဆရာတော်သည် ၁၉၈၅ ခုနှစ်၊ သက်တော် ၉၅ နှစ်အချိန်က လေဖြတ်ခြင်းကို ခံလိုက်ရသည့်အတွက် လျှာလေးကာ စကားပီသအောင်မပြောနိုင်ချေ။ သို့သော် အဖူးအမြော်ရောက်လာသူတို့ နားလည်နိုင်ရန် စကားကို တဖြည်းဖြည်း တစ်လုံးချင်းပြော၍ မပီသဟုထင်လျှင် ထပ်မံ၍ပီသအောင် ကြိုးပမ်းရွတ်ဆိုတော်မူသည်။

"တပည့်တော်တို့ ရန်ကုန်ကပါဘုရား၊ တရားအားထုတ်ဖို့လာတာပါ"

ဤသို့သောအဖြေမျိုးကို ဆရာတော်ကြားရလျှင် အလွန်ဝမ်းမြောက်တော်မူ၏။

"အေး...ကောင်းတယ်၊ တရားတော်ကို လေးလေးစားစား ကြိုးစားအားထုတ်နော်၊ ဘုန်းကြီးတို့က တရားအမွေပေးနေပါတယ်၊ ကိုယ်တိုင်ကျင့်ကြံအားထုတ်ခဲ့ပြီး အနှစ်သာရပြည့်စုံတဲ့တရားဖြစ်လို့ ဘုန်းကြီးတို့ကတစ်ဆင့် ပြန်ဖြန့်ဝေပေးနေပါတယ်၊ ပါရမီရှိလို့ ဒီရောက်လာတာပဲ၊ တရားရဲ့အကျိုးကျေးဇူးတွေ ခံစားရလိမ့်မယ်၊ ချမ်းချမ်းသာသာနေပါ၊ နေရာထိုင်ခင်းရပြီလား၊ ဆွမ်းစားကျောင်းကို သွားနော်၊ နေဖို့ထိုင်ဖို့အဆင်ပြေအောင် မတင်ရွှေတို့ စီစဉ်ပေးလိမ့်မယ်"

**ဒေါ်တင်ရွှေ** ဆိုသည်မှာ ဆရာတော်၏ သမီးရင်း ဖြစ်သည်။ ၁၉၈၆ ခုနှစ်၌ အသက် ၆၇ နှစ်ရှိပြီဖြစ်သော်လည်း ဆွမ်းချက်ရေး၊ ဧည့်ခံကျွေးမွေးရေးနှင့် နေရာချထားရေးတို့ကို မမောနိုင်မပန်းနိုင်အောင် နံနက် ၃ နာရီမှစ၍ ညဉ့် ၁၀ နာရီအထိ နေ့စဉ်မပျက် ဆောင်ရွက်ပေးနေသူဖြစ်၏။

www.burmeseclassic.com

www.burmeseclassic.com



တော်ကူးဆရာတော်နှင့် သမီး ဒေါ်တင်ရွှေတို့သည် အလွန်ထူးခြားသော သားအဖတစ်စုံဖြစ်၏။ မော်လမြိုင်တက္ကသိုလ် အင်္ဂလိပ်စာကထိက **ဦးသိန်းမြိုင်** **(Mr. Francis)** က **"They make a striking pair.** သိပ်ထူးခြားတဲ့ သမီး အဖတစ်စုံပဲဗျာ"ဟု မှတ်ချက်ချ၏။

ဦးသိန်းမြိုင်သည် ဘာသာခြားမှ ဗုဒ္ဓဘာသာသို့ ကူးပြောင်းလာသူ ဖြစ်၏။ ၁၉၈၆ ခုနှစ် မေလ၌ အထက်တန်းပြဆရာ, ဆရာမများအား ၁၀ တန်း သင်ရိုးသစ်များကို သင်ကြားတတ်အောင် ကျွန်တော်တို့ မွမ်းမံသင်တန်းပို့ချနေသည့်အချိန်တွင် ဦးသိန်းမြိုင်သည် ဝိပဿနာဂုဏ်ထူးဆောင်စာအုပ်ကို လက်ဝယ်ကိုင်ထား၏။

"ဆရာရယ်... ကျွန်တော်တို့ အနားမှာ ဒီလိုထူးခြားတဲ့ပုဂ္ဂိုလ်တစ်ဦး အကြောင်းကို ဆရာရေးသားဖော်ပြပေးလိုက်တာ ကျွန်တော်သိပ်ကျေးဇူးတင်ပါတယ်၊ မွမ်းမံသင်တန်းပြီးရင် ကျွန်တော်သွားအားထုတ်မယ်ဗျာ"

"သွားဖြစ်အောင် သွားပါ၊ အကျိုးကျေးဇူးများမှာ သေချာပါတယ်"

ကျွန်တော် အားပေးစကားပြောကြားလိုက်သော်လည်း စိတ်ထဲမှာ တထင့်ထင့်ဖြစ်နေသည်။ ဦးသိန်းမြိုင်သည် အရာရာကို စစ်စစ်ပေါက်ပေါက်ဆန်းစစ်တတ်ပြီး သူ့စိတ်နှင့်အခန့်မသင့်သည်ကိုတွေ့လျှင် အားမနာတမ်းဝေဖန်ပြောဆိုတတ်သူတစ်ဦးဖြစ်၍တည်း။

ဆရာတော်ထံပါး၌ ရက်သတ္တနှစ်ပတ်ကြာ ဦးသိန်းမြိုင် အားထုတ်ခဲ့ပြီးနောက် ပြန်ရောက်လာသည့်အခါ ကျွန်တော်စိတ်တထင့်ထင့်နှင့်ပင် သတင်းမေးမိသည်။

"ကိုသိန်းမြိုင် ...တရားအားထုတ်ခဲ့ရတာ အားရကျေနပ်မှုရှိရဲ့လား"

"ရှိတာပေါ့ဗျာ...သိပ်ရှိတာပဲ၊ ကျွန်တော်ခွင့်ရရင် သွားတရားအားထုတ်ဦးမယ်၊ တော်ကူးဆရာတော်က သိပ်ထူးတဲ့ပုဂ္ဂိုလ်ပဲ၊ သိပ်ကြည်ညိုစရာကောင်းတယ်ဗျာ၊ **'ဝိပဿနာဂုဏ်ထူးဆောင်'** စာအုပ်မှာ ဆရာရေးထားတာ နည်းနေတယ်၊ လျော့နေတယ်ဗျာ၊ ကျွန်တော်ဖြင့် ဆရာတော်ကိုကြည်ညိုလွန်းလို့ ဆရာတော်ရဲ့ခြေဖမိုးကို ပါးစပ်နဲ့ အကြိမ်ကြိမ်စုပ်နမ်းခဲ့တယ်ဗျာ။

"အဲ... ဆရာတော်ရဲ့သမီး ဒေါ်တင်ရွှေကလဲ ဝတ္တရားကျေပွန်လိုက်တာဗျာ၊ ကျွန်တော့်မိခင်အရင်းကတောင် ကျွန်တော့်ကို သူ့ထက်ပိုဂရုစိုက်ပေးနိုင်မယ်မဟုတ်ဘူး၊ စားလို့ကောင်းရဲ့လား၊ ဘာစားချင်သလဲ၊ အမြဲမေးမြန်းပြီး နေမကောင်းရင် ယာဂု၊ နို့၊ ပေါင်မုန့်တစ်မျိုးမျိုးလုပ်ပေးတော့တာပဲ၊ မနက်အရုဏ်

www.burmeseclassic.com

www.burmeseclassic.com



ဆွမ်းစားချိန်ရောက် နေ့ဆွမ်းစားချိန်ရောက် ကျွန်တော်တို့ကို မတ်ခွက်ကြီးနဲ့ကို ကော်ဖီ တိုက်တယ်ဗျာ။

"ဆရာတော်နဲ့ သမီးဒေါ်တင်ရွှေတို့ဟာ သိပ်ထူးခြားတဲ့ သာသနာပြုသမီး အဖတစ်စုံပဲ၊ They make such a striking pair that I have no words to express their generosity. သူတို့ရဲ့ မေတ္တာစေတနာတွေက ကြီးမား လွန်းလို့ အမှန်ကိုဖော်ပြဖို့ ကျွန်တော့်မှာ စကားလုံးမရှိတော့ဘူး"

ကထိကဦးသိန်းမြိုင်ကဲ့သို့ အားမနာတမ်းဝေဖန်တတ်သူတစ်ဦးက ဤမျှ ချီးကျူးထောမနာပြုနေသည်ဆိုလျှင် တော်ကူးဆရာတော်နှင့် ဒေါ်တင်ရွှေတို့ သည် အလွန်ထူးခြားသော သားအဖတစ်စုံပါတည်း။

မှန်ပါသည်။ ဒေါ်တင်ရွှေသည် ဖခင်၏ မေတ္တာစေတနာတို့ကို အပြည့်အဝ အမွေရရှိထားသူဖြစ်သည်။ ဆရာတော်က နဝကမ္မဝတ္ထုငွေကို လက်ခံလေ့မရှိ။ ဒေါ်တင်ရွှေထံ၌ လှူဒါန်းစေပြီး တရားအားထုတ်သူများ အာဟာရသပ္ပာယဖြစ် အောင် လိုအပ်သလိုအသုံးပြုစေသည်။ ဒေါ်တင်ရွှေကလည်း ဆွမ်းစားကျောင်း ၌ရှိသမျှ အစားအစာများကို အကုန်ချကျွေးတတ်သည်။ စားသူတို့ မစားနိုင်အောင် ချကျွေးလိုက်ရသော်လည်း ဒေါ်တင်ရွှေအားရသည်မရှိချေ။

ရန်ကုန်စိတ်ရောဂါအထူးကုဆေးရုံ အထူးကုဆရာဝန်ကြီး **ဒေါက်တာ သိန်းဌေးဖေ** နှင့်အဖွဲ့ တော်ကူးရိပ်သာသို့ ရောက်လာသည့်အခါ အလွန်စိတ်အေး ချမ်းသာသွားကြသည့်အတွက် ဤသို့မှတ်ချက်ချကြ၏။

"အခုမှပဲ ခြင်ယင်မရှိပကတိအေးချမ်းတဲ့ရိပ်သာမှာ ကောင်းကောင်းနား နေရတော့တယ်၊ ရေချိုးဖို့လဲ အခက်အခဲမရှိ၊ ရေကြည်ကြည်အေးအေးကိုလဲ ဝဝ လင်လင် သောက်သုံးရတယ်၊ အကျွေးအမွေးကလဲ ရိပ်သာတွေထဲမှာ အကောင်း ဆုံးလို့ ဆိုရမှာပဲ၊ ခံတက်ချဉ်နဲ့ငါးပိရည်ချိုကတော့ဗျာ တစ်သက်မမေ့နိုင်အောင် စွဲနေပါပြီ"

တော်ကူးဆရာတော်၏ ဘုန်းတန်ခိုးကြောင့်လေလား၊ မေတ္တာအရှိန်ကြောင့် လေလားမသိ၊ တော်ကူးရိပ်သာအတွင်း၌ ခြင်ယင်များ တော်တော်နည်းလှ၏။ ရေတွင်းသုံးတွင်းမှ ကြည်လင်အေးမြသည့်ရေကလည်း တစ်နှစ်လုံး ခပ်သုံး၍ မကုန်နိုင်အောင် ရေထွက်အားကောင်းလှ၏။

အနီးဝန်းကျင်တွင် လျှပ်စစ်မီးမရှိသော်လည်း ဆရာတော်၏ ရိပ်သာဝင်း အတွင်း၌မူ ဒီဇယ်အင်ဂျင်စက်ဖြင့်လည်ပတ်သော မီးစက်ကလေးကြောင့် ထိန် ထိန်လင်းနေ၏။

တော်ကူးဆရာတော်သည် မိမိအတွက် ပြည့်စုံသည်၊ မပြည့်စုံသည်ကို

www.burmeseclassic.com

www.burmeseclassic.com



အလေးမထားပေ။ ရိပ်သာသို့ရောက်လာကြသော ရပ်ဝေးဧည့်သည်များ စိတ်ချမ်းသာရေးကိုသာ အလေးထားတော်မူ၏။

ရန်ကုန်တက္ကသိုလ်မှ သချာၤကထိက **ဦးစိန်ရှန်နှင့်ဇနီး** တို့သည် မော်လမြိုင်တက္ကသိုလ်သို့ အလည်အပတ်ရောက်ခိုက် တော်ကူးရိပ်သာသို့ အရောက်သွားလိုက်ကြ၏။ ဦးစိန်ရှန်သည် ကျန်းမာသန်စွမ်းပြီး အလွန်စိတ်ဆတ်သူဖြစ်၏၊ အာနာပါနရှုရှိုက်ရန်အတွက် ငါးမိနစ်လောက်ပင် ငြိမ်သက်စွာမနေနိုင်သူဖြစ်၏။

တော်ကူးဆရာတော်ထံ ရောက်၍ ဦးချကြပြီးနောက် စကားအနည်းငယ်ပြောပြီးလျှင်ပင် ဦးစိန်ရှန်သည် သူ့အမူအကျင့်အတိုင်း ထပြန်ချင်နေပြီဖြစ်၏။

"ဒကာ ချက်ချင်းပဲပြန်တော့မှာလား၊ ငါးမိနစ် ဆယ်မိနစ်လောက် မဆိုင်းနိုင်ဘူးလား၊ ဒီရောက်တုန်း တရားအမွေကလေးယူသွားလိုက်ပါဦးလေ၊ဘုန်းကြီးမေတ္တာပို့ပေးမယ်၊ငါးမိနစ်လောက် ဝိပဿနာတရားထိုင်မှတ်ကြပါနော်"

ဦးစိန်ရှန်က ဝိပဿနာတရားအားထုတ်ရန် စိတ်ဝင်စားသူမဟုတ်ပေ။ ဇနီးသည်က ဆရာတော်အား သိပ်ဖူးချင်သည်ဆို၍သာ လိုက်ပို့ပေးခြင်းဖြစ်၏။ ယခုဆရာဝန်ဇနီးချောက ဆရာတော်၏စကားကို လိုက်နာရန် အနူးအညွတ်ပန်ကြားနေသည်ဖြစ်၍ သူပါ လိုက်လျောရလေ၏။

ငါးမိနစ်မျှ ငြိမ်ငြိမ်မထိုင်နိုင်သူ ဦးစိန်ရှန်သည် ဝိပဿနာတရားကို တစ်သက်မှာတစ်ခါ ဖွဲ့ဆော်ဦးရှုမှတ်ရလေပြီ။ ငါးမိနစ်ခန့်ကြာလာသောအခါ ဆရာတော်က "ဒကာ ဝိပဿနာတရားရှုမှတ်တာ သိပ်အကျိုးကျေးဇူးကြီးမားပါတယ်၊ ငါးမိနစ်ထပ်မှတ်ဦးနော်"ဟု တိုက်တွန်း၏။

ဦးစိန်ရှန်က ငါးမိနစ်မှတ်ပြီးပြီ၊ နောက်ငါးမိနစ်ကလည်း မကြာချေဘူးဟု နှလုံးသွင်း၍ ဆက်ရှုမှတ်၏။ နောက်ငါးမိနစ်ပြည့်လာသောအခါ ဆရာတော်က ထပ်မံမေတ္တာရပ်ခံပြန်၏။

"ဒကာကြီး...ဝိပဿနာတရားနဲ့ မိဘနှစ်ပါးကျေးဇူးဆပ်ရတာ အမွန်မြတ်ဆုံးပဲ၊ မိခင်ရဲ့ကျေးဇူးကို ဆပ်တဲ့အနေနဲ့ ငါးမိနစ်ထပ်ရှုမှတ်ပါနော်"

ဦးစိန်ရှန် မငြင်းဆန်နိုင်ပါ။ ငါးမိနစ် ဆက်ရှုမှတ်ပြန်၏။

"ဒကာကြီး...ဖခင်ရဲ့ကျေးဇူးကို ဆပ်တဲ့အနေနဲ့ ငါးမိနစ်လောက် ရှုမှတ်လိုက်ပါဦးနော်"

ဦးစိန်ရှန်ဆက်လက်ရှုမှတ်ရပြန်၏။ ဤမျှကြာအောင် မိမိရှုမှတ်နိုင်သည့်အတွက်လည်း မိမိကိုယ်ကို မိမိအားရနေမိ၏။

"ဒကာ...ဆက်ရှုမှတ်နိုင်ရင် မတော်လိုက်ပါနဲ့၊ ငါးမိနစ်လောက် ဆက်ရှုမှတ်ပါဦး"

www.burmeseclassic.com

www.burmeseclassic.com



ဆရာတော်၏ တိုက်တွန်းမှုဖြင့် ဦးစိန်ရှန်သည် ၁၀ မိနစ်ခန့် ထပ်မံရှုမှတ်လိုက်၏။ ဦးစိန်ရှန်မျက်စိဖွင့်ပြီး နာရီကြည့်လိုက်သည့်အခါ မိနစ် ၃၀ တိတိ ငြိမ်ငြိမ်ထိုင်ပြီး တရားရှုမှတ်ခဲ့ရသည်ကို သိလိုက်ရသဖြင့် ဝမ်းမြောက်၍မဆုံး ဖြစ်သွား၏။ ဦးစိန်ရှန်၏ နှလုံးသားဝယ် ဝိပဿနာမျိုးစေ့ ကိန်းဝပ်သွားပြီမဟုတ်ပါလော။

ကျွန်တော်နှင့်တွေ့ဆုံသည့်အခါ ဦးစိန်ရှန်သည် နာရီဝက်ကြာအောင် တရားရှုမှတ်နိုင်ခဲ့သည်ကို ဂုဏ်ယူဝမ်းမြောက်စွာ ထပ်ကာထပ်ကာပြောပြ၏။ သူ၏ ဇနီးဆရာဝန်ကမူ ဆရာတော်အား အထူးကြည်ညိုသွားသဖြင့် တစ်နာရီခွဲကြာအောင်ပင် ဆရာတော်၏ ခြေရင်း၌ ဝိပဿနာတရားရှုမှတ်သွားခဲ့၏။

"ဒီဆရာတော်ဟာ တကယ်ရိုးသားပွင့်လင်းတယ်ဗျာ၊ ဘာမှကြွားဝါမှုမရှိဘူး၊ ကျွန်တော်တရားရှုမှတ်ပြီးတော့ ဆရာတော်က ဆွမ်းစားကျောင်းဝင်ပြီးမှ ပြန်ပါလို့ အကြိမ်ကြိမ်ပြောတယ်၊ ကျွန်တော်က ဘာကြောင့်ဝင်စေချင်တာကို မသိဘူး၊ တခြားနာမည်ကြီးဆရာတော်တွေက သူတို့ရဲ့ကျောင်းကြီး ခမ်းနားထည်ဝါတာကိုပြချင်လို့ ဟိုဝင်ပါဦး ဒီကြည့်ပါဦးလို့ တိုက်တွန်းတတ်တယ်။

"တော်ကူးရိပ်သာက ဆွမ်းစားကျောင်းဟာ စုတ်စုတ်ချာချာကလေး ဆိုတော့ ဆရာတော်ကြွားချင်လို့မဟုတ်ဘူးဆိုတာကို ကျွန်တော်နားလည်လိုက်တယ်၊ ဆွမ်းစားကျောင်းပေါ် ရောက်တော့မှ လားလား...ဆရာတော်ရဲ့သမီး ဒေါ်တင်ရွှေက ကော်ဖီ၊ မုန့်များနဲ့ ဖော်ဖော်ရွှေရွှေဧည့်ခံတော့တာကိုး၊ ဒီတော့မှ ဆရာတော်ရဲ့ကျွေးမွေးချင်တဲ့စေတနာကို ကျွန်တော်သဘောပေါက်သွားပါတယ်။

"တကယ်ပဲဗျာ၊ တော်ကူးရိပ်သာကို ခေတ္တရောက်သွားတာနဲ့ပဲ ဆရာတော်နဲ့ ဒေါ်တင်ရွှေတို့ရဲ့ ဖြူစင်ထက်သန်တဲ့ မေတ္တာစေတနာတို့ကို ခံယူရလို့ တစ်သက် မမေ့နိုင်အောင် ဖြစ်သွားတော့တာပဲ"

ဦးစိန်ရှန်တို့ဇနီးမောင်နှံကဲ့သို့ပင် တော်ကူးရိပ်သာသို့ရောက်လာပြီး တော်ကူးဆရာတော်ကို ဖူးတွေ့ရသောသူတိုင်းသည် အားရကျေနပ်ပြီး ပီတိဝေဖြာသွားကြရပေ၏။

တော်ကူးဆရာတော်၏ ဘုန်းကျက်သရေကား ကြီးမားလှဘိတောင်း။

## မေတ္တာကြည်လင် ကရုဏာရှင်

မေတ္တာဟူသည်မှာ သတ္တဝါတို့ကိုကြီးပွားချမ်းသာစေလိုသောသဘောဖြစ်၏။ ကရုဏာဟူသည်မှာ ဒုက္ခိတသတ္တဝါတို့ကို ဆင်းရဲဒုက္ခမှ လွတ်မြောက်စေ

www.burmeseclassic.com

www.burmeseclassic.com



လိုသောသဘောဖြစ်၏။ သားသမီးများအပေါ်တွင် ထားရှိသော မိဘတို့၏ မေတ္တာကရုဏာသည် စာဖွဲ့၍မကုန်နိုင်အောင် ကြီးမားလှပေသည်။

မိဘတို့သည် ကိုယ်အပင်ပန်း စိတ်အဆင်းရဲခံကာ သားသမီးများ ချမ်းသာကောင်းစားရေးအတွက် မနေမနားဆောင်ရွက်ပေးကြသကဲ့သို့ သူစိမ်းတစ်ရံဆံတို့ ကြီးပွားချမ်းသာရေးအတွက် မည်သူက အပင်ပန်းအဆင်းရဲခံကာ ဆောင်ရွက်ပေးလိုပါသနည်း။

တော်ကူးဆရာတော်သည် မိမိထံသို့ရောက်ရှိလာကြသော ရပ်နီးရပ်ဝေးမှ ယောကျ်ားမိန်းမအပေါင်းတို့အား သားသမီးများပမာ သဘောထားတော်မူ၏။ ကာမဂုဏ်တောထဲမှာ နစ်မျောမျော်ပါးနေကြသော လူအပေါင်းတို့သည် သေလွန်ကြသည့်အခါ အပါယ်ဘုံသို့လားရောက်ကြရမည်ဖြစ်သဖြင့် ယခုချမ်းသာနေကြသော်လည်း စင်စစ်တွင် ဆင်းရဲသည့်သတ္တဝါများသာ ဖြစ်ကြပေ၏။

လူအပေါင်းတို့ကို ဒုက္ခဝဋ်ဆင်းရဲမှ ကျွတ်လွတ်စေနိုင်သော တစ်ကြောင်းတည်းသောနည်းလမ်းမှာ ဝိပဿနာတရားရှုမှတ်သည့်နည်းလမ်းသာ ဖြစ်၏။ အခြားနည်းလမ်းများ မရှိချေ။

သို့အတွက် တော်ကူးဆရာတော်သည် မိမိထံသို့ရောက်လာကြသော လူအပေါင်းတို့အား ဝိပဿနာရှုမှတ်ကြရန် အတန်တန်တိုက်တွန်းတော်မူ၏။ ရက်ရှည်ရှည်အားမထုတ်နိုင်သေးလျှင် ခေတ္တခဏဖြစ်ဖြစ် အားထုတ်စေတော်မူ၏။

ရက်တိုရက်ရှည် အားထုတ်သူများအားလည်း ရင်ဝယ်ကြီးထွားလာကြသည့်သားသမီးများပမာ စောင့်ရှောက်ဖေးမတော်မူ၏၊ တရားရှုမှတ်နေကြသည့် ယောဂီများအနီးအပါးတွင် တစ်ချိန်လုံးစောင့်ကြပ်နေ၍ အားပေးတော်မူ၏။

သက်တော် ၉၀ ကျော်လာပြီဖြစ်လင့်ကစား ဝါးတစ်ပြန်သာသာဝေးသော စင်္ကြံကျောင်းနှင့် ဓမ္မာရုံသို့ လှူလာတဲ့ခေါက် တစ်နေ့ပတ်လုံးကူးသန်းကာ ယောဂီများအား နည်းညွှန်လမ်းပြတော်မူ၏။ ယောဂီတစ်ဦးဦးက တရားရှုမှတ်ခြင်းကို ရပ်ဆိုင်းလို၍ ဂနာမငြိမ်ဖြစ်လာသည်ကိုမြင်လျှင်...

"ယောဂီ...အားမလျှော့နဲ့၊ ကြိုးစားမှတ်နော်၊ တော်ချင်ရင် 'တော်ချင်တယ် တော်ချင်တယ်' လို့မှတ်၊ ငါးမိနစ်ရရ ဆက်မှတ်ပါနော်"

"ယောဂီ...တရားခေါ်တော့မယ် ဆက်မှတ်ပါ၊ ဝိပဿနာတရားအားထုတ်တာ အင်မတန်အကျိုးကျေးဇူးများတယ်လေ၊ 'ဖောင်းတယ် ပိန်တယ်' တစ်ကြိမ်ရှုမှတ်တိုင်း ရွှေတစ်တုံးပြီးတစ်တုံး ရနေတာနဲ့ အတူတူပဲ၊ ယောဂီပြန်တဲ့အခါ ရွှေတွေတစ်လှည်းတိုက်မက ရသွားမှာ"

ဤသို့ဖြင့် အမျိုးမျိုးဖျောင်းဖျကာ အားပေးတော်မူ၏။ ဝေဒနာနှင့် နပန်း

www.burmeseclassic.com

www.burmeseclassic.com



လုံးနေရသော အရိပ်အယောင်ကို မြင်နေလျှင်လည်း အားတက်အောင် ဤသို့ အားပေးတော်မူ၏။

"ယောဂီ…နာကျင်ခံခက်တဲ့ဝေဒနာပေါ်တာဟာ တရားဖော်ပြတာပဲနော်၊ ပါရမီထူးလို့ တရားတွေ့နေရတာ၊ စိတ်မပျက်နဲ့–စိတ်မဆိုးနဲ့၊ ဘုန်းကြီးတို့တရား ရှုမှတ်စဉ်အခါက အင်မတန်ကြီးကျယ်တဲ့ဝေဒနာတွေကို ခံစားခဲ့ရတာပေါ့ကွယ်၊ သည်းခံမှနိဗ္ဗာန်ရောက်တယ်ဆိုတဲ့အတိုင်း ဘုန်းကြီးတို့ သည်းခံပြီးမှတ်လိုက်တော့ ဝေဒနာတွေချုပ်ငြိမ်းကုန်ရော၊ နာကျင်ကိုက်ခဲတဲ့ဝေဒနာတွေ ကင်းပျောက်သွားတဲ့အခါ အနောတတ်ရေအိုင်ထဲမှာ ဆင်းနေနေရသလို တစ်ကိုယ်လုံး အေးချမ်းသွားတာပေါ့ကွယ်"

"တရားဆက်မှတ်နော် ကြိုးစားမှတ်ပါ၊ ဝိပဿနာတရားဟာ ဘုရားစားကွဲ့၊ ကုလားစား မဟုတ်ဘူး၊ ကုလားစားက ဟင်းသီးဟင်းရွက်လောက်ကို လှီးဖြတ်လို့ရတာ၊ ဘုရားစားက ဘယ်ရောဂါဝေဒနာမဆို ကြေညက်ပျောက်ပျက်သွားအောင် ခုတ်ပိုင်းလို့ရတာကွဲ့၊ လမ်းဆုံးရင် ရွာတွေ့သလို ဝေဒနာဆုံးရင် ချမ်းသာကိုတွေ့မှာပေါ့"

ဆရာတော်၏ အားပေးစကားနှင့် ကြင်နာယုယမှုတို့သည် ယောဂီတို့အား တစ်စပ်တည်းကြာမြင့်စွာ တရားရှုမှတ်နိုင်အောင် အလွန်ထိရောက်စွာ အကျိုးပြုနိုင်ခဲ့၏။ ယောဂီတို့၏ အနီးအပါးတွင် တစ်ချိန်လုံးစောင့်ကြပ်၍ အားပေးအားမြှောက်ပြုပေးသော ကမ္မဋ္ဌာနာစရိယဆရာတော်ဟူသည် ရှာမှရှားလှပေ၏။

မကျန်းမာသော ဒုက္ခိတလူနာများအား ယောဂီများအဖြစ်လက်ခံသော ရိပ်သာဟူသည်မှာလည်း ရှာမှရှားလှပေ၏။

ယောဂီများလာသောအခါ အချို့က စင်္ကြံကျောင်းပေါ်၌လည်းကောင်း၊ အချို့က ဓမ္မာရုံ၌လည်းကောင်း တရားအားထုတ်ကြ၏။ သို့အတွက် ဆရာတော်သည် စင်္ကြံကျောင်းပေါ်သို့တက်သွားလိုက် ဓမ္မာရုံသို့ဆင်းလာလိုက်ဖြင့် လူးလာခေါက်တုံ့ ကူးသန်းနေရ၏။

ဆရာတော်မှာ အိုမင်းရင့်ရော်နေသည့်အပြင် ကိုယ်ခန္ဓာလည်း ဝဖြိုးနေသည့်အတွက် ထိုင်ရာမှမတ်တတ်ရပ်နိုင်ရန် ကိုရင်တစ်ပါးက ထူမပေးရ၏။ ကူးသန်းတက်ဆင်းဖန်များသည့်အခါ သဘာဝအလျောက် ရုပ်ခန္ဓာပင်ပန်းမောဟိုက်လာသော်လည်း စိတ်ဓာတ်မှာ လန်းဆန်းလျက်ပင် ရှိ၏။

ဝိပဿနာရှုမှတ်သည့်အခါ ဝေဒနာကိုမကြောက်ရွံ့ဘဲ ဝေဒနာကို ကျော်လွှားနိုင်အောင် စူးစူးစိုက်စိုက်ရှုမှတ်ပေးခြင်းသည် အဓိကလိုအပ်ချက်တစ်ရပ်ဖြစ်၏။ ဝေဒနာကိုသည်းမခံနိုင်၍သာ တရားရှုမှတ်ရန် ဝန်လေးနေကြ၏။ ဝေ

www.burmeseclassic.com

www.burmeseclassic.com



ဒနာကို ကျော်လွှားသွားနိုင်သည့်အခါ ဝမ်းမြောက်ဝမ်းသာ တရားဆက်ရှုမှတ်ကြရမည် ဖြစ်၏။

ဝေဒနာကိုသည်းမခံနိုင်ကြသောယောဂီတို့အား "ဘုန်းကြီးကသာ ကိုယ်စားရှုမှတ်ပေးလို့ရရင် လူတစ်ရာတစ်ထောင်အတွက်ကို ဘုန်းကြီးရှုမှတ်ပေးလိုက်ချင်ပါတယ်"ဟု မိန့်ဆိုလေ့ရှိ၏။

ဤကား တော်ကူးဆရာတော်၏ စံထားထိုက်သည့် မေတ္တာကရုဏာပါပေတည်း။

ဆရာတော်ကို ဖူးမြော်လာသူတို့အားလည်း "ချမ်းသာပါစေချမ်းသာပါစေ၊ ဘုန်းကြီး နေ့တိုင်းမေတ္တာပို့ပေးမယ်နော်၊ မနက် ၆ နာရီတစ်ကြိမ်၊ ညနေ ၆ နာရီတစ်ကြိမ် ဘုန်းကြီးမေတ္တာပို့ပေးမယ်၊ သာဓုခေါ်ကြနော်"ဟု မှာကြား၏။

ဆရာတော်၏မေတ္တာစာတ်သည် အလွန်ကြီးမားလှသည့်အတွက် မေတ္တာရောင်ပြန်ဟပ်သည့်သဘောအရ လူအပေါင်းတို့က ဆရာတော်အား မချစ်ခင်၊ မကြည်ညိုဘဲ မနေနိုင်ကြတော့ချေ။ မေတ္တာဓာတ်ကြီးမားသူသည် သတ္တဝါအပေါင်းတို့အား အမြဲတစေမေတ္တာပေးဝေနိုင်၏။ မေတ္တာပန်းရနံ့ထက် ပို၍မွှေးသော ပန်းနံ့သာဟူသည် လောကတွင်မရှိပါချေ။

* * *

www.burmeseclassic.com

www.burmeseclassic.com

အခန်း (၂)

# နေဝင်ဆွမ်းဗျူ ဘာအတွက်

## နာလန်ထူဆဲ အားသစ်ဆဲ

တော်ကူးဆရာတော်သည် သက်တော် ၉၅ နှစ်အထိ တက်တက်ကြွကြွ သွားလာလှုပ်ရှားလျက် ယောဂီအပေါင်းတို့အား ကိုယ်ထိလက်ရောက် စောင့်ရှောက်ကာ တရားပြခဲ့၏။

သက်တော် ၉၅ နှစ်တွင်းသို့ တစ်လကျော်ချဉ်းနင်းဝင်ရောက်လာသော ၁၃၄၆–ခု တော်သလင်းလဆုတ် ၁၄ ရက်နံနက်၌ ခါတိုင်းကဲ့သို့ပင် နေ့ဆွမ်းဘုဉ်းပေးရန် ထိုင်ချတော်မူသည်။ ထို့နောက် လက်များကိုလှုပ်ရှားကြည့်ရာ လှုပ်၍မရတော့ချေ။ ဆရာတော်ကား လေဖြတ်သွားလေပြီ။

အနားတွင်စောင့်ကြည့်နေသောကပ္ပိယသည် အခြေအနေကို နားမလည်သဖြင့် "ဆရာတော် ဆွမ်းဘုဉ်းပေးတော်မူပါဘုရား"ဟု လျှောက်ထား၏။

ဆရာတော်က "လက်လှုပ်လို့မရဘူး"ဟု မပီကလာပြော၏။ ကပ္ပိယသည် အထိတ်တလန့်ဖြစ်သွားပြီး ဆွမ်းစားကျောင်းတွင် တာဝန်ယူနေသည့် ဒေါ်တင်ရွှေနှင့် ဒကာများကို ပြေးခေါ်၏။

ဒေါ်တင်ရွှေနှင့်ဒကာများ ရောက်လာကြသည့်အခါ ဆွမ်းဝိုင်းရှေ့၌ ကျနေ့နှင့်ထိုင်နေသော ဆရာတော်ကို တွေ့ကြရ၏။

"ဘာဘုရား ဆွမ်းဘုဉ်းမပေးနိုင်ဘူးလား၊ ဘယ်လိုဖြစ်သွားတာလဲဘုရား"

ဆရာတော်က မတုန်မလှုပ်ဖြင့် သမီးကိုစူးစိုက်၍ကြည့်နေ၏။ ဒကာများက ဆွမ်းကိစ္စပြီးစီးအောင် ဆွမ်းခွံ့ကျွေးရန်အကြံပြုသဖြင့် ဆရာတော်အား ဆွမ်းခွံ့ကျွေးကြ၏။

www.burmeseclassic.com

www.burmeseclassic.com



ဆွမ်းကိစ္စပြီးစီးသည့်အခါ ဆရာတော်အား ထူမ,ကြ၏။ ဆရာတော် မတ်တတ်မရပ်နိုင်တော့ပါ။ ထို့ကြောင့် ခြေနှစ်ဖက်စလုံးနှင့် လက်နှစ်ဖက်လုံးတို့ကို လေဖြတ်သွားကြောင်း သိရှိကြရ၏။

ဒကာများ ယောက်ယက်ခတ်ကြလျက် ဆရာတော်ကို နှိပ်သူနှိပ်၊ ဆရာဝန်ပြေးခေါ်သူခေါ်၊ အနှိပ်သည်ရှာသူရှာနှင့် ဗျာများသွားကြ၏။ ဆရာဝန်နှင့်အနှိပ်သည်တို့ ရောက်လာကြသည့်အခါ ကုသနှိပ်နယ်ပေးခြင်းကို ဆရာတော်က အသာတကြည်ခံယူ၏။ ထိုသူတို့ပြန်သွားကြသည့်အခါ မျက်စိအစုံကိုမှိတ်လျက် တရားရှုမှတ်တော်မူ၏။

လျောင်း၍ရှုမှတ်ရာတွင် အာရုံခံစားမှုမရှိတော့ပြီဖြစ်သော ခြေလက်တို့၌ မည်သည့်အာရုံမျှ မပေါ်တော့ချေ။ အာရုံမပေါ်လျှင် အာရုံကြောများပြန်လည်ရှင်သန်လာဖို့ နှိုးဆွပေးရန်ခက်ခဲလိမ့်မည်။ ထို့ကြောင့် ဝတ်ဖြည့်နေကြသည့် ဒကာများနှင့် ဦးပဉ္ဇင်းများကို ဆရာတော်မိန့်ကြား၏။

"ဒကာတို့...ဘုန်းကြီးမတ်တတ်ရပ်ပြီး တရားမှတ်ချင်တယ်၊ ဘုန်းကြီးကို ထူပေးကြပါ"

"အရှင်ဘုရား... လေဖြတ်ထားတာမို့ မတ်တတ်ရပ်ရန် မသင့်ပါဘုရား၊ သက်သောင့်သက်သာ လျောင်းစက်၍နေတော်မူပါဘုရား"

"ဘုန်းကြီးက တရားဆေးကို အမြဲမှီဝဲပါတယ်၊ ဆရာဝန်ပေးတဲ့ဆေးကို တစ်ခါတလေသုံးဆောင်တာပါ၊ ဘုရားပေးတဲ့ ဓမ္မောသဓဆေးကြီးဟာ ရောဂါခပ်သိမ်းကို ပျောက်ကင်းစေနိုင်တယ်လို့ ဘုန်းကြီးယုံတယ်၊ ဘုန်းကြီးအခုဖြစ်တဲ့ ရောဂါဟာလဲ ဓမ္မောသဓဆေးနဲ့ကုမှ ပျောက်မှာ"

"အရှင်ဘုရား သိပ်ပင်ပန်းနေပါ့မယ်ဘုရား၊ လျောင်းပြီးတော့ပဲ တရားမှတ်တော်မူပါဘုရား"

"ဘုန်းကြီးမတ်တတ်ရပ်ပြီး တရားရှုမှတ်ချင်ပါတယ်၊ ဒကာတို့ ဘုန်းကြီးကို ထူမ,မပေးနိုင်ကြဘူးလား"

"ထူမ,ပေးနိုင်ပါတယ်ဘုရား"

"အေး...အေး၊ အခု ထူမ,ပေးကြပါ"

ဒကာများနှင့် ဦးပဉ္ဇင်းတို့သည် မလွှဲမရှောင်သာကြတော့သဖြင့် ဆရာတော်ကို ထူမ,ပေးကြ၏။ ဆရာတော်၏ကြီးမားသောခန္ဓာကိုယ်ကို လူသုံးလေးယောက် ထူမ,ပေးထားပါမှ တော်ကာကျမည်။

ဆရာတော်က မိမိခန္ဓာကိုယ်ကို ခုတင်ခြေရင်းသို့ရွှေ့သွားစေပြီး အနည်းငယ် သန်စွမ်းသည့် လက်ဝဲလက်ကို မြှောက်ထားစေလျက် ခါးပန်းကြိုးဖြင့် ခြင်

www.burmeseclassic.com

www.burmeseclassic.com



ထောင်တန်းနှင့် ချည်ထားစေ၏။ ထို့နောက် ဒကာနှစ်ယောက်တို့က ဆရာတော်၏ နံဘေးနှစ်ဖက်တို့၌ရပ်လျက် ဆရာတော်ကို ဖေးမ,ထားကြ၏။ ဦးပဥ္စင်းတစ်ပါးက ဆရာတော်၏နောက်ကျောဘက်၌ရပ်လျက် ကူထိန်းပေးထား၏။

"ဒကာတို့…ဘုန်းကြီး ညနေ ၆ နာရီအထိ တရားမှတ်မယ်နော်၊ လုပ်အားပေးနိုင်ကြမလား၊ လုပ်အားပေးနိုင်တဲ့သူတွေပဲ တာဝန်ယူကြနော်"

"လုပ်အားပေးနိုင်ပါတယ်ဘုရား"

ဆရာတော် စကားဆက်မပြောတော့ချေ။ မျက်စိကိုစုံမှိတ်၍ ခမ္မောသခဆေးကြီးကို မှီဝဲနေလေပြီ။ ပထမပိုင်းတွင် ဆရာတော်၏ခန္ဓာကိုယ်မှာ အကြောသေနေကြသည့်အတိုင်း လှုပ်ရှားမှုမရှိချေ။ နောက်ပိုင်းတွင် ခန္ဓာကြွက်သားများမသိမသာလှုပ်ရှားလာကြသည်။ ဝေဒနာပြင်းထန်၍လောမသိ၊ ခန္ဓာကိုယ်မှာတစ်စတစ်စ ပို၍လှုးလွန့်လာသည်။

တရားလက်နက်တွင် အယုံအကြည်မရှိသူတို့က ဆရာတော်စိတ်နောက်နေပြီလားဟုပင် သံသယရှိမိကြပေလိမ့်မည်။ ရတနာသုံးပါးတွင် သဒ္ဓါတရားရှိသူတို့ကလည်း ဆရာတော်ကို သနားကြင်နာမိကြသည်။

သမာဓိတည်နေသော စိတ်၏တန်ခိုး၊ ဝိပဿနာတန်ခိုးတို့သည် သေနေပြီဖြစ်သော အာရုံကြောများကို ပြန်လည်ရှင်သန်လာစေနိုင်သည့်အကြောင်းကို မျက်မြင်မကြုံဖူးလျှင် မည်သူယုံကြည်ဝံ့အံ့နည်း။

ဆရာတော်သည် နေ့စဉ် ညနေပိုင်း၌ ၆ နာရီကြာရှုမှတ်၏။ ရှုမှတ်စဉ် အတွင်း ဝေဒနာပြင်းစွာပေါ်ပေါက်လျှင် ဆရာတော်သည် ကြိတ်မှိတ်၍သည်းခံရှာ၏။ ခန္ဓာကိုယ်မှာ တသိမ့်သိမ့်တုန်ခါလျက် တွန့်လိမ်နေ၏။ မည်သို့ပင် ကိုက်ခဲညောင်းညာပါစေ သတ်မှတ်ချိန်ပြည့်သည့်တိုင်အောင် ဆရာတော်ရှုမှတ်သွားသည်သာဖြစ်၏။

ဤသို့ ပြင်းပြင်းထန်ထန် လေး,ငါးရက်မျှရှုမှတ်ပြီးသောအခါ ဆရာတော်သည် ခြေလက်များကို အတော်အသင့်လှုပ်ရှားလာနိုင်၏။ ဆရာဝန်နှင့် ဒကာများက အံ့အားသင့်ကာ ဝမ်းမြောက်ဝမ်းသာဖြစ်လာကြ၏။

ဆရာတော်သည် စင်္ကြံကျောင်းပေါ်၌ ဝါးတန်းနှစ်တန်းကို ခါးစောင်းအမြင့်ခန့် တန်းထားစေ၏။ ညနေပိုင်းတွင် စင်္ကြံလျှောက်သောလေ့ကျင့်ခန်းကို ဆရာတော်ပြုလုပ်ပြန်ချေပြီ။

စင်္ကြံလျှောက်ပြန်တော့လည်း ၁၀ မိနစ်၊ ၁၅ မိနစ်ခန့်လေ့ကျင့်ပြီးနောက် ရပ်တန့်လိုက်သည်မဟုတ်။ တစ်ကြိမ်တစ်ကြိမ်လေ့ကျင့်လျှင် လေး–ငါးနာရီ

www.burmeseclassic.com

www.burmeseclassic.com



ကြာ၏။ ဆရာတော်သည် တန်းများကိုကိုင်၍လျှောက်၏။ ဒကာနှစ်ဦးက နံ ဘေးနှစ်ဖက်မှလိုက်၍ ဆရာတော်၏ကိုယ်ကို ဝိုင်းထိန်းပေးကြ၏။

ကိုယ်ကိုမထိန်းနိုင်ဘဲ ဆရာတော်ယိုင်လဲကျသွားသောအခါ ဒကာများ လည်း မထိန်းနိုင်ပါ။ ဆရာတော်နှင့်အတူ လဲကျသွားကြ၏။ ဆရာတော်သည် လဲကျသွားလျှင်လည်း ဆူပူပြောဆိုခြင်းမရှိဘဲ ဖွဲကောင်းသောကလေးငယ်ကဲ့ သို့ တစ်ဖန်မတ်တတ်ရပ်ကာ လမ်းလျှောက်ပြန်၏။ ဒကာများက စိတ်မောကိုယ် မော ဟိုက်ဟိုက်မောကြသော်လည်း ဆရာတော်က စိတ်ညှိုးနွမ်းသွားခြင်း မရှိ ချေ။

ဆရာတော်၏ဖွဲလုံ့လနှင့် ခန္တီတရားတို့ကား အံ့ချီး၍မကုန်အောင် ရှိလေစွ။

## ထပ်ဆင့်ကာငြီး ကြမ္မာဆိုး

ဆရာတော်နာလန်ထူလာသဖြင့် ဒကာတို့ဝမ်းမြောက်နေချိန်တွင် မာရ်နတ် ၏စစ်သည်တော်တို့က ဆရာတော်အား နောက်တစ်ချီအလဲထိုးရန် အခွင့်အရေး ကို စောင့်ဆိုင်းနေကြပေ၏။

ဆရာတော် လေဖြတ်သွားကြောင်းသတင်းကို ကြားသိကြသော ရပ်ဝေး ဒကာများသည် ဆရာတော်ထံသို့ ဆေးဝါးအမျိုးမျိုး ပေးပို့ကြ၏။ ထိုဆေးများ ထဲတွင် နာလန်ထူရာတွင် အထက်မြက်ဆုံး အထောက်အကူပြုနိုင်သည့် ဂျပန် ပြည်လုပ် မိုရီယာမင်း (Moriamine) ထိုးဆေးလည်း ပါဝင်သည်။

ဆရာတော်ကို ဆေးကုသပေးနေသော **ဒေါက်တာခင်မောင်ညို**က ဒကာ များနှင့်တိုင်ပင်ပြီးလျှင် ဆရာတော်အား မိုရီယာမင်းဆေး ထိုးပေးလိုက်၏။

ထိုနေ့ည ၁၁–နာရီခန့်တွင် ဆရာတော်၏တစ်ကိုယ်လုံး၌ အကြောများ ဆွဲကာ ခြေလက်များ ကွေးတက်လာကြ၏။ ဒကာများနှင့် ရဟန်းတော်များ စု ဝေးလာကြပြီးလျှင် ဆရာတော်အား နှိပ်နယ်ပေးနေကြ၏။ လူကြီး ခြောက် ယောက် ခုနစ်ယောက်တို့က ဆရာတော်၏ခြေပေါ်နှင့်လက်ပေါ် ခန္ဓာကိုယ်ပေါ် တွင် တစ်ပြိုင်နက်နင်းနှိပ်ကြ၏။

သုံးနာရီခန့်ကြာသည့်အခါမှ အကြောတက်ခြင်းပြေလာပြီး ဆရာတော် သတိရလာ၏။ ဆရာတော်စကားပြောကြည့်သည်၊ လျှာများခွေလိပ်နေသည့်အ တွက် ပြော၍မရချေ။

ဆရာတော်၏မျက်လုံးအစုံမှ မျက်ရည်များယိုကျလာ၏။ "အသံမထွက် တဲ့အထိ ငါတရားဟောမယ်"ဟု ကြွေးကြော်ခဲ့သောဆရာတော်သည် ယခုစကား သံ မထွက်နိုင်တော့သဖြင့် စိတ်ထိခိုက်၍ မျက်ရည်ကျလာဟန်တူပါသည်။

www.burmeseclassic.com

www.burmeseclassic.com



ဤသို့ မာရ်နတ်က ချက်ကောင်းကိုစောင့်၍ အလဲထိုးလိုက်သော်လည်း ဆရာတော် မသေမပျောက်ဘဲ အသက်ရှင်နေသေးသည်မဟုတ်လော။ အသက်မသေလျှင် မျှော်လင့်ချက်မကုန်သေးပါ။ အာဇာနည်တို့၏လုံ့လကို သေခါမှ လျှော့ချရမည်မဟုတ်လော။

ဆရာတော်သည် ယခင်အတိုင်း ပြန်လည်၍နာလန်ထူနိုင်အောင် မတ်တတ်ရပ်၍ တရားရှုမှတ်ပြန်၏။ ခြေလက်များ အနည်းငယ်သန်စွမ်းလာကြသည့်အခါ စင်္ကြံလျှောက်ခြင်းကို လေ့ကျင့်ပြန်၏။ ထို့အပြင် စကားပြောဆိုခြင်းကိုလည်း တစ်, နှစ်, သုံး, လေး ရေတွက်ခြင်းမှအစပြုကာ ပြန်လည်သင်ကြားယူရ၏။

ရက်လရှည်ကြာလာသည့်အခါ ဆရာတော်အားပြုစုပေးနေသူတို့က အလွန်စိတ်ပင်ပန်းကြ၏။ ဆရာတော်ကား စိတ်ဓာတ်မကျချေ။

ဆရာတော် အသင့်အတင့်နာလန်ထူလာပြန်သောအခါ မြန်မြန်အားရှိပြီးနေကောင်းလာရန်အတွက် မိုရီယာမင်းထိုးဆေးကို ဒုတိယအကြိမ်ထိုးရန် ဆရာဝန်နှင့်ဒကာများ တိုင်ပင်နေကြပြန်လေပြီ။

ပထမအကြိမ် မိုရီယာမင်းဆေးထိုးစဉ်အခါက ဆရာတော်အကြောဆွဲ၍ ကောက်ကွေးလာခြင်းသည် ဆေးကြောင့်မဟုတ်၊ ရောဂါကြောင့်သာဖြစ်သည်။ မိုရီယာမင်းဆေးထိုးသည့်အတွက်ကြောင့် အကြောဆွဲခြင်းဖြစ်သည်ကို ဆေးလောကတွင် မကြားဖူးပါဟု ဆရာဝန်က ရှင်းပြ၏။

ကံကြမ္မာ၏လှည့်ကွက်ကိုမြင်တွေ့ရန်ခဲယဉ်းလှ၏။ **'ကံကြမ္မာဆိုးတို့သည် တစ်ကြိမ်တည်းလာရိုးမရှိ'** ဟု အင်္ဂလိပ်စကားပုံက ဆို၏။

**Misfortune never comes alone.**

'ကံဆိုးမသွားလေရာမိုးလိုက်လို့ရွာ' ဟူသောမြန်မာစကားပုံနှင့် ဆင်တူ၏။

ထို့ကြောင့် ဒုတိယအကြိမ် ဆရာတော်ကို မိုရီယာမင်းဆေးထိုးပေးပြန်၏။ ဆရာတော်က မငြင်းဆန်ပါ။ စေတနာနှင့်ပြုစုကုသပေးကြသူတို့ စိတ်ကျေနပ်အောင် ကုသပေးသမျှကို အသာတကြည်ခံယူပါ၏။ သို့သော် ဆရာဝန်ပြန်သွားသောအခါ ဒကာတို့အား မိမိခြေရင်းနံရံတွင် ချိတ်ဆွဲထားသည့် တိုင်ကပ်နာရီကြီးကို လက်ညှိုးထိုးပြပြီး **"အသင့်ပြင်ထားကြ"** ဟု သတိပေးတော်မူ၏။

မှန်ပါသည်။ ယခင်အချိန်အတိုင်း ညဥ့် ၁၁ နာရီထိုးလျှင် ဆရာတော်တစ်ကိုယ်လုံး အကြောဆွဲကာ ခြေလက်များ ကောက်ကွေးလာကြပြန်၏။ လူခြောက်ယောက်, ခုနစ်ယောက် ဝိုင်းဝန်း၍နှင်းနှိပ်ကြရပြန်၏။ သုံးနာရီခန့်ကြာမှ အကြောဆွဲခြင်းပြေကာ ဆရာတော်သတိရလာ၏။ ယခင်အတိုင်း လျှာလိပ်၍ စကားပြောမရ ဖြစ်ရပြန်လေပြီ။

www.burmeseclassic.com

www.burmeseclassic.com



ဝဋ်ရှိ၍သာခံရသည်ဟု ဆရာတော်နှလုံးသွင်းတော်မူ၏။ မည်သူ့ကိုမျှ အပြစ်မတင်။ မိမိလုပ်စရာရှိသည်တို့ကိုသာ တစ်ဖန်ပြန်လည်စတင်ကာ လေ့ကျင့်ရပြန်၏။ တစ်ရက်နှစ်ရက်နှင့် ပြီးစီးသည့်အလုပ်မဟုတ်။ လနှင့်ချီ၍ လေ့ကျင့်ရသောအလုပ်ပါတကား။

ဆရာတော်စကားတစ်ခွန်းစ,နှစ်ခွန်းစ ပြောနိုင်လာသောအခါ မိုရီယာမင်း ဆေးပုလင်းကို လက်ညှိုးထိုးပြီး "ဆေးကကောင်းတယ်၊ ဘုန်းကြီးရဲ့ ခန္ဓာကိုယ်က မကောင်းတော့ဘူး၊ ဒီဆေးဒဏ်ကို ဘုန်းကြီးခန္ဓာကိုယ်က မခံနိုင်တော့ဘူး၊ ဆေးကျန်သေးရင် သူများကိုလှူလိုက်ပါတော့"ဟု ပြောရှာ၏။

သူတော်ကောင်းတို့မည်သည် အသက်ပင်ဆုံးရှုံးရစေကာမူ သူတစ်ပါးတို့အား အပြစ်တင်ရိုးမရှိ။ မိမိ၏ကံကြမ္မာသည်သာ တရားခံအစစ်ဖြစ်သည်ဟု မှတ်ယူလိုက်ကြ၏။ ချီးမွမ်းစရာပါပေတည်း။

သုံးကြိမ်သုံးခါ အကြောများပျက်စီးသွားသည့်အခြေအနေမှ ပြန်လည်နေကောင်းလာသည်အထိ နာလန်ပြန်ထူရသောကာလနှင့် ပြုဖွယ်ကိစ္စတို့သည် အလွန်ရှည်လျားလှဘိ၏။ ထိုရှည်လျားလှသောလမ်းခရီးကို ဆရာတော်သည် ကိုယ်စွမ်းရှိသမျှ တစ်လှမ်းချင်းလျှောက်လှမ်းခဲ့၏။

ကျောင်းပေါ်တွင် လမ်းလျှောက်နိုင်လာသောအခါ ကျောင်းအောက်မြေကြီးပေါ်တွင် ဆရာတော်လမ်းလျှောက်လေ့ကျင့်ပြန်၏။ ခြေထောက်နှစ်ဖက်ကို မ,တင်နိုင်လောက်အောင် စွမ်းအားမရှိသဖြင့် ခြေဖဝါးနှစ်ဖက်သည် မြေကြီးနှင့်လွတ်ရုံမျှသာ ရွေ့လျားသွားနိုင်ကြ၏။ ကျောက်တုံးကျောက်ခဲများနှင့်ကား မလွတ်ပါချေ။ ထို့ကြောင့် ခြေချောင်းကလေးများသည် ကျောက်ခဲကလေးများနှင့်တိုက်မိကာ ပွန်းပဲ့ကြကုန်၏။ ဆရာတော်က ဖိနပ်မစီးနိုင်သည့်အတွက် ခြေသည်းများပွန်းပဲ့ကာ သွေးယိုစီးလာကြ၏။

ဒကာတစ်ဦးက ကုလားထိုင်တစ်လုံးကို အသင့်မ,ချီသွားရပြီး ဆရာတော် ရပ်နားလိုသောအခါ ထိုကုလားထိုင်ကို ချပေးရ၏။ ဆရာတော်ထိုင်နားနေစဉ် သွေးထွက်နေသောခြေချောင်းများကို ပတ်တီးစည်းပေးကြ၏။ ဆရာတော်ထပ်မံလမ်းလျှောက်ပြန်သည့်အခါ ထပ်မံ၍ခလုတ်တိုက်မိပြန်၍ ပတ်တီးများပြေကုန်ပြီး ခြေချောင်းများမှသွေးယိုစီးကျလာပြန်၏။

ခန္ဓာကိုယ်မသန်စွမ်းဘဲ ဒယဉ်ိတိုက်လမ်းလျှောက်ကာ ခြေချောင်းကလေးများ ပွန်းပဲ့သွေးယိုကျနေသည်ကို မြင်ကြရသူတိုင်းသည် ကျောစိမ့်သည်အထိ ထိတ်လန့်စိုးရွံ့မိကြလေ၏။ ဆရာတော်ကား ဒဏ်ရာများကို ထိမထင်ဘဲ နောက်နေ့တွင် တစ်ဖန်လမ်းလျှောက်လေ့ကျင့်ပြန်သည်သာတည်း။

www.burmeseclassic.com

www.burmeseclassic.com



ခန္ဓာကိုယ်ပြန်လည်ကျန်းမာ၍ ယောဂီများအား တရားပြနိုင်ရေးကိုသာ ဆရာတော်နှလုံးသွင်းတော်မူသည်။

## မြန်မာပြည်အနှံ့ သတင်းပျံ့

ဆရာတော်၏ စံထားလောက်သည့် ဇွဲလုံ့လ၊ ကြည်ညိုထိုက်သည့် မေတ္တာစေတနာ၊ ထူးခြားသည့်တရားရှုမှတ်နည်းနှင့် ထူးခြားစွာရောဂါပျောက်ကင်းခြင်း နမူနာများကို ဖော်ပြထားသည့် 'ဝိပဿနာဂုဏ်ထူးဆောင်' ထွက်ပေါ်လာသည့် ၁၉၈၆ ခု မတ်လတွင် တော်ကူးဆရာတော်သည် ကျောင်းဝင်းတစ်ပတ် လျှောက်နိုင်လောက်အောင် နာလန်ထူလာပေပြီ။ စကားကိုလည်း လျှာလေးအာလေးနှင့် မပီကလာပီကလာနှင့် မမှားယွင်းအောင် သတိရှိစွာဟောပြောနိုင်လာလေပြီ။

ဆရာတော်၏ ဂုဏ်သတင်းကို ကြားသိကြရသော ရဟန်းရှင်လူအပေါင်းတို့သည် တော်ကူးရိပ်သာသို့ တဖွဲဖွဲရောက်လာကြပါသည်။ ၁၉၈၆ ခုနှစ်တွင် တော်ကူးရိပ်သာ၌တရားအားထုတ်သည့် ယောဂီများ သိသိသာသာတိုးပွားလာကြ၏။ ၁၉၈၇ ခုနှစ်သို့ ကူးပြောင်းလာသည့်အခါတွင်ကား ရိပ်သာနေရာမဆံ့အောင် ယောဂီများ အထူးများပြားလာပါတော့သည်။

'ပန်းသတင်း လေညင်းဆောင်၊ လူသတင်းလူချင်းဆောင်' ဟူသည်နှင့်အညီ ဆရာတော်၏ ဂုဏ်သတင်းသည် ပြည်မြန်မာအနှံ့ သတင်းပျံ့ကြိုင်လှိုင်သွားလေတော့၏။

## တောရွာတွင်းမှ ဓမ္မာလင်း

တရားရိပ်သာများအတွက် အရေးကြီးဆုံးသောအဆောက်အအုံမှာ ဓမ္မာရုံကြီး ဖြစ်၏။ ဓမ္မာရုံပေါ်၌ ယောဂီများသည် တရားရှုမှတ်ပြီး တရားအစစ်အဆေးကို ခံယူကြ၏။ ဓမ္မာရုံ၌ပင် ကမ္မဋ္ဌာနာစရိယဆရာတော်၏ နေ့စဉ်တရားပွဲကိုလည်းကောင်း၊ အခြားဓမ္မကထိကတို့၏ တရားပွဲများကိုလည်းကောင်း ကျင်းပကြရ၏။

နေ့အချိန်၌ ဓမ္မာရုံပေါ်တွင်သာ တရားရှုမှတ်ရင်း အချိန်ကုန်လွန်စေရပြီး ညဉ့်အခါ၌လည်း နေရာထိုင်ခင်းခက်ခဲလျှင် ဓမ္မာရုံပေါ်တွင် အိပ်စက်နားနေနိုင်ကြသေး၏။

ကျွန်တော်တို့တရားအားထုတ်စဉ်က ရှိနှင့်သော တောကူးရိပ်သာ ဓမ္မာရုံဟောင်းမှာ သေးငယ်၍ အိုမင်းရင့်ရော်နေပြီဖြစ်၏။ ကြမ်းခင်းများ မညီညာသည့်အပြင် သွပ်အမိုးကလည်း နိမ့်နေသည့်အတွက် နွေအခါ ပူအိုက်လှ၏။

www.burmeseclassic.com

www.burmeseclassic.com



တိုးတက်များပြားလာနေသော ယောဂီများအတွက် ပိုမိုကျယ်ဝန်းသည့် ဓမ္မာရုံ လိုအပ်လာတော့မည်ကို ကြိုတင်သိရှိတော်မူသော တော်ကူးဆရာတော်သည် ဓမ္မာရုံဟောင်းကိုဖြိုဖျက်စေ၍ ထိုနေရာ၌ ပိုမိုကျယ်ဝန်းသော ဓမ္မာရုံသစ်ကို အလျင်အမြန်ဆောက်လုပ်စေ၏။

အလျား ၃၅ ပေ၊ အနံ ၂၈ ပေ၊ အမြင့် ၁၆ ပေရှိသော ဓမ္မာရုံသစ်သည် ဆွမ်းစားကျောင်းနှင့် အဆောင်ကူးခန်းမဖြင့် ဆက်သွယ်လျက် သုံးလအတွင်း အကောင်အထည်ပေါ်လာပါတော့၏။

အကာအရံလုံလုံခြုံခြုံနှင့် ကြမ်းခင်းညီညာခိုင်ခံ့သော ဓမ္မာရုံသစ်သည် ပရိသတ်များ စုပေါင်း၍သီလခံယူရာဌာန၊ တရားနာကြားရာဌာန၊ တရားရှုမှတ်ရာဌာန၊ တရားအစစ်ဆေးခံရာဌာန၊ သံဃာဆွမ်းကျွေးရာဌာန၊ ညဥ့်နားနေအိပ်စက်ရာဌာန၊ အစည်းအဝေးကျင်းပရာဌာန စသည်ဖြင့် သောင်းပြောင်းထွေလာ အသုံးဝင်လှပေ၏။

ဓမ္မာရုံ၏ နံရံပေါ်တွင် တရားဆောင်ပုဒ်များကို ရေးချိတ်ထား၏။

## အရေးအကြီးဆုံးအလုပ်

*အရေးအကြီးဆုံးက ရုပ်နာမ်တရားကို အမှန်သိအောင်ရှုမှတ်နေဖို့ပါပဲ။*
*ဘယ်လောက်ပဲ စားရစားရ တစ်ဝမ်းဝရုံပဲ။*
*ဘယ်လောက်ပဲ ဝတ်ရဝတ်ရ အရေပြားဖုံးရုံပဲ။*
*ဘယ်လောက်ပဲ အိပ်ရအိပ်ရ တစ်ကိုယ်စာကလေးပဲ။*
*သတိပဋ္ဌာန်အမှတ်နှင့်နေမှ အနေတတ် အနေကောင်းမည်။*
*အနေတတ်အနေကောင်းမှ အသေတတ်အသေကောင်းမည်။*
*အသေတတ်အသေကောင်းမှ ဘဝကူးဂတိ အထူးကောင်းမည်။*
*အမှန်တရား လက်ကိုင်ထား မလားအပါယ် သေချာတယ်။*

## တစ်ကြောင်းတည်းသောလမ်း

*စိတ်အညစ်အကြေးများ ကင်းဝေးစင်ကြယ်ရန်*
*စိုးရိမ်ပူဆွေး ငိုကြွေးခြင်းတို့ကို လွန်မြောက်စေရန်*
*ကိုယ်ဆင်းရဲ စိတ်ဆင်းရဲခြင်းတို့ ချုပ်ငြိမ်းရန်*
*မဂ်ဉာဏ်ဖိုလ်ဉာဏ်ဖြင့် နိဗ္ဗာန်ကိုမျက်မှောက်ပြုရန်*
*တစ်ကြောင်းတည်းသော လမ်းမှန်သည်ကား*
*သတိပဋ္ဌာန် ဝိပဿနာလမ်းပင်တည်း။*

www.burmeseclassic.com

www.burmeseclassic.com



**အထက်ဆုံးလက်နက်**

*အဏုမြူထက် အစွမ်းထက်တာ စိတ်တန်ခိုး၊*
*စိတ်တန်ခိုးကို အထိရောက်ဆုံးအသုံးချတာ ဝိပဿနာ၊*
*ဝိပဿနာရှုပွားပါက*
*ရောဂါပျောက်ကင်း၊ စိတ်ညစ်ကင်း၊ လက်ငင်းချမ်းသာသည်။*
*ကာယစိတ္တ၊ သုခလွှန်ဘိ၊ သန္တိချမ်းသာ၊*
*မဂ်ဖိုလ်ပါ သေချာရလိမ့်မည်။*

**ဓမ္မောသဓဆေး**

*ရောဂါနှစ်သင်း ပျောက်ကင်းလိုလျှင်*
*ရှင်တော်ဖော်ပေး တရားဆေးကိုပင်*
*ရှုမှတ်ပွားများ သောက်ကြွားတွင်တွင်*
*အမှန်မလွဲ ပျောက်မြဲရောဂါစင်*
*ဘေးဘယ အေးမြစိတ်ကြည်လင်။*

တောရွာကလေးတွင် ဝိပဿနာအလင်းရောင် ထွန်းပြောင်နေသည်ကို ဤဓမ္မာရုံစာတန်းများက သက်သေထူပြနေပါပကော။

**၉၆-နှစ်ပြောက်မွေးနေ့**

ဤသို့သောမွေးနေ့ကို လူတစ်သန်းတွင်တစ်ယောက် ကျင်းပခွင့်ရဖို့မလွယ်ပါ၊ ဘုန်းရှင်ကံရှင်တို့သာ ကျင်းပခွင့်ရကြသည်။

၁၃၄၈ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၃ ရက် (၂၃–၈–၈၆) နေ့သည် တော်ကူးဆရာတော်၏ ၉၆ နှစ်မြောက်မွေးနေ့ဖြစ်၏။

လွန်ခဲ့သည့်နှစ် ဆရာတော်အား လေဖြတ်ပြီးစအခြေအနေနှင့်နှိုင်းစာလျှင် ယခုဆရာတော်သည် များစွာပို၍ရွှင်လန်းကျန်းမာနေပါသည်။

လာရောက်ကန်တော့ကြသောလူတိုင်းအား "ကျန်းမာပါစေ၊ ချမ်းသာပါစေ၊ အပါယ်တံခါးပိတ်ပြီး နိဗ္ဗာန်သို့အလျင်အမြန်လှမ်းဝင်နိုင်ပါစေ" ဟု စကားမပီကလာပီကလာနှင့် ဆုပေးတော်မူ၏။

ထိုနေ့သည် စနေနေ့နှင့် တိုက်ဆိုင်သည့်အတွက် မော်လမြိုင်တက္ကသိုလ်မှ ဆရာ, ဆရာမအချို့နှင့် မော်လမြိုင်မြို့တွင်းမှ ကျွန်တော်၏ အဘိဓမ္မာသင်တန်းသူ,သင်တန်းသား ၄၀ ခန့်တို့သည် မော်တော်ယာဉ်နှစ်စီးဖြင့် တော်ကူးရိပ်သာသို့ သွားရောက်ကြ၏။

www.burmeseclassic.com

www.burmeseclassic.com



"ဆရာတော် ကျန်းမာရဲ့လား၊ တရားဟောနိုင်ပြီလား"ဟု ကျွန်တော် လျှောက်ထားလိုက်သည့်အခါ...

"အေး...အတော်အသင့်ကျန်းမာလာပါပြီ၊ စကားပြောတာတော့ မပီသေးဘူးလေ၊ စကားတစ်လုံးကို နှစ်ကြိမ်ပြောမှ သူများနားလည်တယ်၊ ဒါပေမဲ့ ဘုန်းကြီးကြိုးစားပြီး တရားဟောနေပါတယ်၊ ဘုန်းကြီးက တရားမဟောနိုင်ရင်တောင်မှ တရားကိုလက်တွေ့ပြပေးနေတယ်လေ၊ နေ့တိုင်းဘုန်းကြီး ခြောက်နာရီတစ်ဆက်တည်း တရားမှတ်ပြပေးနေတယ်လေ"

မှန်ပါသည်။ ဆရာတော်သည် နဂိုအနေအထားသို့ရောက်အောင် ပြန်လည်၍ မကျန်းမာလာသေးသော်လည်း နေ့စဉ် ခြောက်နာရီတိတိ မတ်တတ်ရပ်၍ တရားအားထုတ်နေသည်မှာ ယောဂီအပေါင်းတို့အား တရားရှုမှတ်နည်းကို အကောင်းဆုံးညွှန်ပြနေခြင်းပင် ဖြစ်၏။

ဆရာတော်၏ မွေးနေ့တွင် ဆရာတော်အားဖူးတွေ့ရခြင်းသည် ပျော်စရာအကောင်းဆုံးပါပေ။

ဆရာတော်၏ မွေးနေ့အခမ်းအနားကို ဓမ္မာရုံသစ်ပေါ်တွင် ကျင်းပကြ၏။ ပင့်ဖိတ်ထားသော သံဃာအပါး ၁၀၀ တို့သည် ဆရာတော်ဘုရားအား ဝဲယာရံလျက် တည်ငြိမ်စွာနေရာယူကြ၏။ သံဃာတော်များအား ဆက်ကပ်လှူဒါန်းရန် လှူဖွယ်ဝတ္ထုများကို လှလှပပပြင်ဆင်ထားကြ၏။

လှူဖွယ်ဝတ္ထုများ၏ နောက်၌ လူပရိသတ်များ နေရာယူကြ၏။ ရပ်ဝေးရပ်နီးမှ လူစုံတက်စုံလာရောက်ကြသဖြင့် ဓမ္မာရုံပြည့်လုနီးပါး လူစည်ကားလှ၏။

လူပရိသတ်တို့အား ဆရာတော်က ကိုးပါးသီလကို ချီးမြှင့်ပေး၏။ ထို့နောက် ဓမ္မကထိကဆရာတော်တစ်ပါးဖြစ်သော ဦးစန္ဒောဘာသသည် ဆရာတော်ဘုရားကိုယ်စား ပရိသတ်အား တရားဟောကြားတော်မူ၏။

အားလုံးပြည့်စုံပါပြီ။ သို့သော် ပရိသတ်က ဆရာတော်၏ဩဝါဒကို မနာမကြားရသဖြင့် မချင့်မရဲဖြစ်နေကြသေး၏။ သို့အတွက် ကျွန်တော်က အသံချဲ့စက်ကို ကိုင်၍...

"ကျေးဇူးရှင်ဆရာတော်အရှင်မြတ်ဘုရား...ဆရာတော်ရဲ့ ၉၆-နှစ်မြောက်မွေးနေ့အခါသမယမှာ ဆရာတော်ရဲ့ဩဝါဒကို ပရိသတ်က ငံ့မျှော်နေကြပါတယ်ဘုရား၊ ဩဝါဒအနည်းငယ်မျှချီးမြှင့်ပေးပါရန် ပန်ကြားအပ်ပါတယ်ဘုရား" ဟုလျှောက်ထားလိုက်ပြီးနောက် မိုက်ခွက်ကို ဆရာတော်၏ရှေ့မှောက်၌ ချပေးလိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



ဆရာတော်သည် ပီတိဖြင့် မျက်စိရီဝေလာ၏။ လည်ချောင်း အနည်းငယ် ရှင်းလိုက်ပြီးနောက် လေးလေးပင်ပင် တစ်လုံးချင်း မိန့်ကြားတော်မူ၏။

"ဘုန်းကြီးရဲ့ မွေးနေ့မင်္ဂလာအခမ်းအနားကို ကြွရောက်ချီးမြှင့်ကြတဲ့ ရဟန်းသံဃာတော်များနှင့် လူပရိသတ်များကို ဘုန်းကြီးအထူးကျေးဇူးတင်ပါတယ်၊ ဘုန်းကြီးက စကားမပီတော့ ပရိသတ်ရှေ့မှာ စကားပြောရတာ အားနာပါတယ်၊ ဒကာကြီးမင်းတင်မွန်က လျှောက်ထားတော့ ဘုန်းကြီးနည်းနည်းပြောပါ့မယ်...

"ဘုန်းကြီးက မြတ်စွာဘုရားရဲ့တရားအရသာကို ကိုယ်တိုင်ခံစားထားပြီဖြစ်လို့ တရားအရသာဟာ အရသာအားလုံးထက်သာတာကို သိတယ်၊ ဝိပဿနာတရားရှုမှတ်ခြင်းဆိုတာဟာ အရိယာတို့ပျော်မွေ့ကြတဲ့ အရိယာစားကျက်ပဲ၊ ဒီအရိယာစားကျက်မှာနေတဲ့သူဟာ ဘေးရန်အားလုံး လုံခြုံတယ်၊ ရောဂါတွေ ပျောက်ကင်းပြီး ချမ်းချမ်းသာသာနေရတယ်၊ အပါယ်တံခါးပိတ်ပြီး နိဗ္ဗာန်ကို မျက်မှောက်ပြုနိုင်တယ်...

"သားတော်ရာဟုလာက ဘုရားထံမှာ အမွေတောင်းတော့ ဘဘုရားက ဘာအမွေပေးလိုက်သလဲ၊ သားတော်ရာဟုလာဟာ ဘုရင်ဖြစ်နိုင်တယ်၊ စကြဝတေးမင်းလဲဖြစ်နိုင်တယ်၊ ဒါကိုသိထားပေမယ့် ဘဘုရားက သားတော်ကို ရှင်သာမဏေပြုစေပြီး သာသနာ့အမွေကို ချီးမြှင့်ခဲ့ပါတယ်...

"ဒါကြောင့် တရားအမွေဟာ အမွေတကာ့အမွေထဲမှာ အမြတ်ဆုံးပဲ၊ ဘာဖြစ်လို့လဲ၊ အပါယ်တံခါးကိုပိတ်စေလို့ပေါ့၊ စကြဝတေးမင်းဟာ လေးကျွန်းစကြဝဠာကို ပိုင်စိုးပေမယ့် တစ်နေ့ကျရင် အပါယ်ကျရဦးမယ်မဟုတ်လား၊ **အရေးတကာ့အရေးထဲမှာ အပါယ်မကျရေးသည် အရေးအကြီးဆုံးပဲဒကာတို့ နော်...။**

"အပါယ်ဆင်းရဲ၊ သံသရာဝဋ်ဆင်းရဲမှလွတ်မြောက်နိုင်တဲ့ တစ်ကြောင်းတည်းသောနည်းလမ်းဟာ ဝိပဿနာရှုမှတ်တဲ့နည်းလမ်းပဲလို့ ဘုရားမိန့်တော်မူတယ်၊ ဒါကြောင့် ဦးခေါင်းထက်မှာ ဆံပင်မီးလောင်နေရင် ချက်ချင်းငြိမ်းသတ်ဖို့အရေးကြီးသလို ရင်ဝမှာလှံစူးနေရင် ဒီလှံကို အမြန်ဆုံးနုတ်ပစ်ပြီး အမြန်ဆုံးဆေးကုသရသလို သတ္တဝါတို့ကို အပါယ်ချနိုင်တဲ့ သက္ကာယဒိဋ္ဌိခေါ် ငါစွဲကိုပယ်နုတ်ဖို့အတွက် ဝိပဿနာတရားကို ချက်ချင်းလက်ငင်း အားထုတ်ကြရလိမ့်မယ်...

"နေ့ဆိုင်း၊ ညဆိုင်း၊ အချိန်ဆိုင်းနေဖို့ မသင့်ဘူး၊ မနက်ဖြန် မသေရပါစေနဲ့ဦး၊ သန်ဘက်ခါ မသေရပါစေနဲ့ဦးလို့ သေမင်းကိုအချိန်ရွှေ့ခိုင်းလို့ မရဘူး၊ လူတွေဟာ နေ့တိုင်းသေနေကြတာပဲ...

"လူတွေဟာ အခုရယ်မောနေကြတယ်၊ တော်ကြာသေကြပြီ၊ တာဝတိံသာ

www.burmeseclassic.com

www.burmeseclassic.com



နတ်ပြည်ရဲ့သာယာလှပတဲ့ နန္ဒဝန်ဥယျာဉ်မှာ **သုဗြဟ္မာ** နတ်သားဟာ နတ်သမီး တစ်ထောင်နဲ့အတူ ပန်းခူး, ပန်းသီနေကြတယ်၊ ပန်းပင်များပေါ်မှာ သီချင်း တကြော်ကြော်သီဆိုနေကြတဲ့ နတ်သမီးငါးရာဟာ ရုတ်တရက်အသံတိတ်သွားပြီး ကွယ်ပျောက်သွားကြတယ်။ ဘယ်ရောက်သွားပြီလဲလို့ သုဗြဟ္မာနတ်သားက ဒိဗ္ဗစက္ခုခေါ် နတ်မျက်စိနဲ့ကြည့်လိုက်တော့ ငရဲပြည်မှာအနှိပ်စက်ခံနေရတာကို မြင်ရတယ်။

"ကျန်နတ်သမီးငါးရာနဲ့ သူ့အသက်ကို ဆင်ခြင်ကြည့်လိုက်ပြန်တော့လဲ ခုနစ်ရက်သာ နတ်သက်ကျန်တော့တယ်၊ ပြီးရင် သူတို့လဲ သေကြပြီး ငရဲကျရဦး မှာကို မြင်တယ်တဲ့။ အဲဒီတော့ သုဗြဟ္မာနတ်သားနဲ့နတ်သမီးတို့ဟာ မပျော်နိုင် ကြတော့ဘူး၊ အကြီးအကျယ်ကြောက်ရွံ့တုန်လှုပ်နေကြပြီ၊ ဒါကြောင့် ဘုရားထံ ချဉ်းကပ်ပြီး တရားနာကြတယ်။ တရားအမွေရလို့ သောတာပန်တည်ကုန်ကြ တယ်၊ ငရဲဘေးမှလွတ်မြောက်သွားကြတယ်၊ စုတေကြတဲ့အခါမှာလဲ မူလ နတ် စည်းစိမ်ကို ဆက်လက်ခံစားခွင့်ရသွားကြတယ်။

"ဘုန်းကြီး ဒီရိပ်သာမှာ တရားအမွေပေးနေတာ ၂၂ နှစ်ရှိသွားပြီ၊ ဒီရိပ်သာ ရဲ့အနီးအနားမှာရှိကြတဲ့ တချို့ရွာသားတွေက တရားရှုမှတ်ရကောင်းမှန်း မသိ ကြသေးဘူး၊ ကြာပင်အောက်မှာငုတ်တုတ်ထိုင်နေကြတဲ့ ဖားသူငယ်များက ကြာ စွယ် ကြာဝတ်ရည်တို့ရဲ့အရသာကို မသိကြသလိုပဲပေါ့၊ ရပ်ဝေးကလာတဲ့ ပျား ပိတုန်းတွေက ကြာဝတ်ရည်ကို လာစုပ်ယူပြီး စားသုံးကြရသလို အချို့ရပ်ဝေးမှ လူတွေက တရားအမွေလာယူကြတော့ ရသွားကြတယ်၊ နောက်ကို အများကြီး လာကြဦးမယ်။

"ကနေ့...ဘုန်းကြီးထံ လာရောက်ကြတဲ့ ပရိသတ်အားလုံးဟာ ဘုန်းကြီး ရဲ့သားသမီးမြေးမြစ်တွေပဲလို့ ဘုန်းကြီးမှတ်ယူပါတယ်၊ ဒါကြောင့် ဘုန်းကြီး ပေးနေတဲ့ တရားရတနာအမွေကို ယူသွားကြပါ၊ အဖိုးအတန်ဆုံးအမွေဖြစ်တယ် ဆိုတာကို တရားအားထုတ်ကြည့်ရင် မကြာပါဘူး၊ ခုနစ်ရက်လောက်အတွင်းမှာ သိသွားလိမ့်မယ်၊ အနေတတ်အသေတတ်သွားမှာမို့ တစ်သက်လုံး တစ်သံသရာ လုံး ချမ်းချမ်းသာသာနေထိုင်သွားကြရမယ်။

"ကဲ...တော်လောက်ပြီ၊ ကျန်းမာကြပါစေ၊ ချမ်းသာကြပါစေ၊ ဝိပဿနာ အမွေအနှစ်ကို ရရှိကြပြီး နိဗ္ဗာန်ချမ်းသာကို ခံစားနိုင်ကြပါစေ..."

"သာဓု...သာဓု...သာဓု" ပရိသတ်များကျေနပ်သွားကြ၏။

သံဃာတော်အရှင်မြတ်များအား သင်္ကန်းတစ်စုံစီနှင့်အတူ လှူဖွယ်ဝတ္ထု များကို လှူဒါန်းပြီးနောက် ဆွမ်းကပ်လှူကြ၏။ ထို့နောက် ပရိသတ်အားလုံးတို့

www.burmeseclassic.com

www.burmeseclassic.com



အား ဝက်သားဆီပြန်၊ ကြက်သားဟင်း၊ ချဉ်ရည်ဟင်း၊ ငါးပိရေကျို၊ တို့စရာ၊ ကော်ဖီ၊ မုန့်တို့ဖြင့် ဧည့်ခံကျွေးမွေးရာ ပရိသတ်အပေါင်းက အထူးကျေနပ်အားရကာ ဝမ်းမြောက်ရွှင်လန်းသွားကြလေ၏။

## နပျိုလန်းရွှင် ပီတောက်ပန်းသွင်

တော်ကူးဆရာတော်သည် အသက် ၉၅ နှစ်အရွယ် လေဖြတ်၍တစ်ကြိမ်၊ မိုရီယာမင်းဆေးထိုးမှား၍ နှစ်ကြိမ်၊ သုံးကြိမ်တိုင်တိုင် အကြောဆွဲအကြောသေ သွားပြီးသည့်နောက် နာလန်ပြန်ထူလာသောအခါ ထူးထူးခြားခြား နပျိုလန်းဆန်းလာပါသည်။ ဤအချက်ကို ဆရာတော်အား နီးနီးကပ်ကပ် ဝတ်ဖြည့်နေကြသည့် လူအားလုံးက သတိပြုမိကြ၏။

ဆရာတော်၏ အသားအရေသည် ပြည့်တင်းဖြိုးမောက်ကာ စိုပြည်ပင်းဝါလာပါသည်။ ခြေလက်များက အနည်းငယ်ချည့်နဲ့နေသေးသော်လည်း မျက်နှာတော်မှာမူ အမြဲရွှင်ရွှင်ပျပျရှိနေ၏။ ဆရာတော်၏ သက်တမ်းတစ်လျှောက်လုံး၌ နောက်ဆုံးတစ်နှစ်တာကာလသည် ဆရာတော်၏ အရွှင်မြူးဆုံးအချိန်ဖြစ်သည်ဟု ဒကာရင်းများက ကောက်ချက်ချကြ၏။ ဆရာတော်ပျံလွန်ရန်အချိန်နီးကပ်လာလေ ဆရာတော်သည် ပို၍ရွှင်ပျမြူးကြွလာလေလေ ဖြစ်ပါသည်။

၁၃၄၈ ခုနှစ် တန်ဆောင်မုန်းလဆန်း ၁၃ ရက်နေ့တွင် မုဒုံမြို့မှ **ဦးသိန်းတင်**သည် ဆရာတော်ထံမှောက်သို့ ရောက်လာ၏။ ဦးသိန်းတင်သည် ဘဝအတွေ့အကြုံစုံလင်ပြီး လုပ်ရည်ကိုင်ရည်ပြည့်ဝသူတစ်ဦးဖြစ်၏။ မုဒုံမြို့နယ် ကုန်သွယ်ရေးဆိုင်တာဝန်ခံ၊ နလကလက်ထက်၌ စီးပွားရေးကော်မတီဝင်၊ ထို့နောက် ကျိုက်မရောမြို့နယ်နှင့် ချောင်းနှစ်ခွတိုက်နယ်ကျေးရွာအုပ်စုအတွင်းရေးမှူး၊ ထို့နောက် သံပုရာတိုက်နယ်ကျေးရွာအုပ်စုနှင့် ကလော့ကျေးရွာအုပ်စုအတွင်းရေးမှူး စသည်ဖြင့် တာဝန်အမျိုးမျိုးထမ်းရွက်ခဲ့ပြီး အသက် ၅၀ အရွယ်တွင် အနားယူခဲ့သူဖြစ်၏။

ဦးသိန်းတင်သည် တော်ကူးဆရာတော်ကို ဖူးမြော်ရပြီးသည့်နောက် ဆရာတော်ကို အလွန်ကြည်ညိုသွားကာ ဆရာတော်ထံပါးတွင် နေ့စဉ်မပျက်ဝတ်ဖြည့်လေ၏။ မုဒုံမြို့နှင့် တော်ကူးရွာသည် ငါးမိုင်သာ ကွာဝေး၏။ ထို့ကြောင့် ဦးသိန်းတင်သည် စက်ဘီးစီး၍ နံနက်စောစောတွင် ဆရာတော်ထံရောက်လာပြီး ညနေစောင်းအချိန်တွင် မုဒုံသို့ပြန်သွားလေ့ရှိ၏။

ဦးသိန်းတင်သည် ဆရာတော်အား နှိပ်နယ်ပေးပြီး ပခုံးထက်ကျော်လွန်အောင် မ,တင်၍မရသေးသော ဆရာတော်၏ လက်ယာလက်မောင်းကို အကြော

www.burmeseclassic.com

www.burmeseclassic.com



သန့်လာရန် အကြိမ်များစွာလှုပ်ရှားပေး၏။ အားကစားသမား လက်ဝှေ့သမားများအား လေ့ကျင့်ပေးသလို ဆရာတော်၏လက်မောင်းကို တောင့်ထားစေပြီး တွန်းချည်ဆွဲချည် ပြုလုပ်ပေး၏။

ဤသို့လေ့ကျင့်ပေးစဉ် ဆရာတော်နှင့်ဦးသိန်းတင်တို့သည် ရယ်စရာမောစရာများပြောလျက် ရွှင်ရွှင်ပျပျဖြစ်နေကြ၏။ ဦးသိန်းတင်၏စိတ်ရှည်လက်ရှည် လေ့ကျင့်ပေးမှုကြောင့် ဆရာတော်၏ခြေလက်များသည် အတော်သန်စွမ်းလာကြ၏။

တစ်ကြိမ်တွင် ဆရာတော်၏ပခုံးကို ဦးသိန်းတင်နှိပ်နယ်ပေးသည့်အခိုက် ကျောင်းဆရာမတစ်စုက ဆရာတော်အား လာရောက်ဖူးမြော်ကြ၏။ ဆရာတော်က ဆုပေးပြီး ညှော့ခံစကားပြောနေစဉ် ဦးသိန်းတင်၏ နှိပ်ချက်တစ်ချက်က အတွင်းကြောကို ထိမိသွားသဖြင့် ဆရာတော်ပခုံးတွန့်သွား၏။ ထို့နောက် ပြုံးရယ်ကာ ဤသို့ဆို၏။

"ဘုန်းကြီးကိုနှိပ်ပေးတဲ့ဒကာက ပြောတယ်၊ ဘုန်းကြီးဟာ ဘယ်လောက်နာနာ ဘယ်တော့မှမညည်းဘူးတဲ့၊ ခုတော့ ဆရာမတို့ရှေ့မှာ ဘုန်းကြီးညည်းပြရလိမ့်မယ်နော်၊ အာပါပါး နာလိုက်တာ...ကျွတ်...ကျွတ်...ကျွတ်"

ဆရာတော်ကညည်းပြပြီး မျက်စိမှေးကာ အားရပါးရရယ်မောနေသဖြင့် ဆရာမများကလည်း အတူရောပြီး ရယ်မောကြလေ၏။

ရိုးသားပွင့်လင်း၍ အမြဲပြုံးရွှင်နေသောဆရာတော်အား လာရောက်ဖူးမြော်သူတိုင်းက ချစ်ခင်ကြည်ညို ရင်းနှီးသွားကြသည်မှာ မဆန်းလှပါချေ။

ဆရာတော်သည် မိမိကို ဝတ်ဖြည့်လိုကြသော လူယောကျ်ားနှင့် ရဟန်းသံဃာတော်များ၊ သာမဏေများအား နင်းနှိပ်ခွင့်ပြု၏။ တစ်ခါတစ်ခါ လူနှစ်ယောက် သုံးယောက်တို့က ဆရာတော်အား တစ်ပြိုင်နက်နင်းနှိပ်ကြ၏။ ခန္ဓာကိုယ် အထူးကြီးထွားသည့် လူတချို့ကလည်း ဆရာတော်အား ဝတ်ဖြည့်လိုကြသည်ဟုဆိုကာ နင်းနှိပ်ကြပါ၏။ မည်မျှနင်းနှိပ်ကြပါစေ... နာကျင်သည်ဟု ဆရာတော်ညည်းညူခြင်းမရှိချေ။

"ကုသိုလ်ရအောင် ဘုန်းကြီးက ဝတ်ပြုခွင့်ပေးတာနော်၊ ဝေယျာဝစ္စကုသိုလ်ဟာ သီလစောင့်ရသလို မြတ်တာပဲ"

ဆရာတော်သည် စေတနာအမှန်တကယ်ရှိသူနှင့် မရှိသူတို့ကို ခွဲခြား၍သိဟန်တူ၏။ တကယ်စေတနာရှိသူတို့ကို ကြာမြင့်စွာနင်းနှိပ်ခွင့်ပြုသော်လည်း စေတနာမမှန်သူတို့ကို ခေတ္တခဏသာ ဝတ်ပြုခွင့်ပေးပြီး 'တော်လောက်ပြီဒကာ' ဟု ရပ်တန့်စေလိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



ဆရာတော်သည် အလွန်ထူး၏၊ ဆရာတော်အား နားလည်ရန်လည်း ခက်၏။

မြန်မာ့အမျိုးသားပန်းဖြစ်သော ပိတောက်ပန်းသည် အတာကူးချိန်နီးမှ ပွင့်ဖူးတတ်၏။ ပွင့်ဖူးပြန်တော့လည်း ပင်လုံးညွတ်မျှသက်န်းရောင်သမ်းလျက် ဝါဝါထိန်အောင် ဖူးပွင့်ပေတော့၏။ အမျိုးသမီးများ၏ဆံကေသာထက်၌လည်း ဖူးပွင့်ဝေဆာနေပေတော့၏။

ပတ်ဝန်းကျင်တစ်ခွင်လုံးသည်လည်း ပိတောက်နံ့သင်းလျက်...။

တော်ကူးဆရာတော်သည် တစ်နှစ်တာ၏နှောင်းကာလတွင် ပွင့်ဖူးသော ပိတောက်ပန်းကဲ့သို့ ဘဝတစ်သက်တာ၏နှောင်းကာလတွင်မှ ကျော်စောထင်ရှားလာပါသည်။ ဆရာတော်၏အသားအရေနှင့် မျက်နှာတော်တို့မှာ ထူးထူးခြားခြား စိုပြည်ဝင်းဝါလျက် နုပျိုလန်းဆန်းလာပါသည်။

အချို့ယောဂီများသည် နေဝင်ရီဖျိုးဖျအချိန်၌ ကျက်သရေရှိစွာထိုင်နေသော ဆရာတော်အား တစ်ကိုယ်လုံးဝင်းထိန်လျက် ဖူးတွေ့ရသည်ဟု ဆိုကြပါသည်။ ဤသို့ဖူးတွေ့ရသော ပရိသတ်များအထဲတွင် ကထိကဦးမိုးစိန်၏ မိသားစု၊ လက်ထောက်ကထိကဒေါ်ကြင်နွဲ့ညီအစ်မ၊ ဦးသိန်းတင် စသည်တို့ ပါဝင်ကြ၏။

မော်လမြိုင်မြို့ မြသီတာစာသင်တိုက်မှ သီလရှင်အချို့က "ဆရာတော် သိပ်တင့်တယ်တာပဲနော်၊ မနှစ်ကနဲ့မတူဘူး" ဟု မှတ်ချက်ချကြ၏။

၁၉၈၆ ခုနှစ် အောက်တိုဘာလအတွင်းက **ဒေါ်သိန်းတင်လှ** (တက္ကသိုလ်ပွင့်လန်း)၊ **မနှင်းဖြူ** (သင့်ဘဝမဂ္ဂဇင်းအုပ်ချုပ်မှုအယ်ဒီတာ) နှင့် **ဒေါ်စန်းစန်း** (ဆက်သွယ်ရေးကော်ပိုရေးရှင်းရုံးချုပ်) တို့သည် တော်ကူးရိပ်သာသို့ ရောက်လာကြပြီး ရက်တိုတရားရှုမှတ်ကြ၏။ ဆရာတော်၏ကျန်းမာရေးကောင်းပုံ၊ မျက်စိကောင်းပုံ၊ သတိကောင်းပုံ၊ သည်းခံနိုင်စွမ်းရှိပုံ၊ ဣရိယာပုထ်တစ်ခုခုဖြင့် ကြာမြင့်စွာ နေနိုင်ပုံ စသည်တို့ကို သူတို့ကိုယ်တိုင် ဖူးမြင်ကြရသဖြင့် လွန်စွာအံ့သြသွားကြ၏။

ဆရာတော်၏မျက်နှာတော်မှာ သက်တော် ၉၇ နှစ်နှင့် မလိုက်ဖက်အောင် ကြည်လင်ရွှင်ပျနေသည်နှင့်ပတ်သက်၍ ဒေါ်သိန်းတင်လှက လျှောက်ထား၏။

"အရှင်ဘုရားရဲ့မျက်နှာတော်က ကြည်လင်နေတာပဲနော်"

ဆရာတော်၏အပြုံးနှင့် အဖြေက ထိမိလှ၏။

"ဘုန်းကြီးက ငိုမှမငိုတာ၊ ဒါကြောင့် မျက်နှာကြည်နေတာပေါ့၊ ဒကာမကြီးတို့က ငိုနေတော့ မျက်နှာမလှဘူးပေါ့"

www.burmeseclassic.com

www.burmeseclassic.com



ဒေါ်သိန်းတင်လှက မိမိတတ်မြောက်ထားသည့် တိုင်းရင်းဆေးပညာနည်းနှင့် ဆရာတော်အားပြုစုရာ ဆရာတော်ကြည်ကြည်သာသာခွင့်ပြုတော်မူ၏။

"သမီးရဲ့ဆေးစားပြီးရင် ဘုန်းကြီးနေကောင်းသွားတော့မယ်နော်"ဟု သူတစ်ထူး စိတ်ကောင်းအောင် ကြံဖန်၍ပြောဆိုလိုက်သေး၏။

ဒေါ်သိန်းတင်လှခွင့်ရက်စေ့၍ ပြန်ရတော့မည့်အကြောင်း လျှောက်ထားသည့်အခါ...

"ဒကာမတို့ရဲ့ရုံးက နေမကောင်းရင် ခွင့်ယူလို့မရဘူးလား"

"ရပါတယ်ဘုရား"

"အရေးကြီးတဲ့ ကိုယ်ရေးကိုယ်တာကိစ္စ ရှိနေရင်ကော ခွင့်ယူလို့ မရဘူးလား"

"ရပါတယ်ဘုရား"

"တရားအားထုတ်ဖို့ကျတော့ ခွင့်ယူလို့မရဘူးလား၊ တရားအားထုတ်တာ အရေးအကြီးဆုံး ကိုယ်ရေးကိုယ်တာကိစ္စမဟုတ်ဘူးလား"

ဒေါ်သိန်းတင်လှတို့ အဖြေရခက်သွား၏။

"အေး...သမီးတို့ခွင့်ကုန်လို့ ဆက်နေလို့မရရင် ပြန်ကြရမှာပေါ့၊ ဘုန်းကြီး အမွေပေးနေတာ လာပြီးယူကြပါလို့ မိတ်ဆွေသင်္ဂဟများကို ပြောလိုက်ကြပါနော်"

ဆရာတော်၏ မေတ္တာကရုဏာကြီးမားပုံကို ဒေါ်သိန်းတင်လှ (တက္ကသိုလ်ပွင့်လန်း) သည် ၁၉၈၇ မေလထုတ် သင့်ဘဝအောင်မြင်ရေးမဂ္ဂဇင်းတွင် ဆောင်းပါးရေး၍ မှတ်တမ်းတင်ခဲ့ပေ၏။

**မငိုလို့ မျက်နှာကြည်ရျိသည်၊ မညည်းမညူလို့ အသားအရေဖြူစိုသည်၊ စိတ်မပင်ပန်းလို့ ခန္ဓာကိုယ်ရွှင်လန်းသည်၊ တော်ကူးဆရာတော်ကား အတာကူးချိန်ဖူးပွင့်သည့် ပိတောက်ပန်းအသွင် တင့်လန်းရှုမောဖွယ်ရှိပေစွတကား။**

## သံဃာဆောင် တိုးချဲ့ပြီ

တော်ကူးရိပ်သာတွင် သံဃာတော်များ သီတင်းသုံးနိုင်သည့်အဆောင်များမှာ စကြံကျောင်း၊ တိုက်ကျောင်း၊ သစ်သားကျောင်း သုံးကျောင်းနှင့် သိမ်တို့ဖြစ်ကြ၏။ ဤကျောင်းများတွင် စကြံကျောင်းသည် အကျယ်ဆုံးဖြစ်၏။

စကြံကျောင်းတွင် ၁၀-ပေပတ်လည်ကျယ်ဝန်းသည့် ဘုရားခန်း၊ အလျား ၂၄-ပေ၊ အနံ ၁၅-ပေကျယ်သော ဆရာတော်သီတင်းသုံးသည့်ခန်းမဆောင်နှင့်

www.burmeseclassic.com

www.burmeseclassic.com



အလျား ၆၆–ပေ၊ အနံ ၈–ပေရှိသော စကြံလမ်းတို့ပါဝင်ကြ၏။ သံဃာများလာသည့်အခါ ထိုစကြံလမ်း၌လည်း သီတင်းသုံးကြ၏။

ဆရာတော်၏ နည်းနာနိဿယကိုယူရန်အတွက် မြန်မာနိုင်ငံအနှံ့အပြားမှ သံဃာအများအပြားကြွလာကြရာ သီတင်းသုံးရန် နေရာအခက်အခဲဖြစ်လာ၏။ အချို့မှာ နှစ်ရက်, သုံးရက်ခန့်သာ တရားအားထုတ်ခွင့်ရပြီး ပြန်ကြွသွားကြ၏။

ဆရာတော်၏ ၉၆–နှစ်မြောက် မွေးနေ့အခမ်းအနား၌ သံဃာတော်များ သီတင်းသုံးရန် ၁၂–ခန်းပါရှိသည့် သံဃာဆောင်ကို အမြန်ဆောက်လုပ်နိုင်ရေးအတွက် အလှူငွေများလိုအပ်ကြောင်း ဂေါပကအဖွဲ့က နှိုးဆော်ကြေညာလိုက်၏။ မကြာမီပင် ရပ်ဝေးရပ်နီးများမှ တရားလာအားထုတ်သူများက ဝိုင်းဝန်းလှူဒါန်းကြသဖြင့် ကျပ်တစ်သိန်းကျော်တန် သံဃာဆောင်သည် ၁၉၈၇–ခု၊ မတ်လတွင် သံဃာများသီတင်းသုံးနိုင်သည့် အခြေသို့ ရောက်ရှိသွားပေ၏။

တော်ကူးရိပ်သာကား လျှင်မြန်စွာတိုးတက်နေချေပြီ။

## ယောဂီဆောင်သစ်များ လိုပြန်ပြီ

၁၉၈၆–ခုနှစ် ဆောင်းရာသီတွင် လူယောဂီများလည်း လျှင်မြန်စွာတိုးတက်လာကြသဖြင့် ရှိရင်း ၁၂–ခန်းတွဲယောဂီဆောင်နှင့် သုံးခန်းတွဲယောဂီဆောင်တို့ကို အမျိုးသမီးများနေထိုင်ရန် သတ်မှတ်ပေးရ၏။ ဤမျှဖြင့်မလုံလောက်သည့်အခါ ဓမ္မာရုံကိုပါ ညဥ့်ဘက်အမျိုးသမီးများအိပ်စက်ရန် ခွင့်ပေးကြရ၏။

အမျိုးသားများ အရေးပေါ်တည်းခိုရန်အတွက်မူ အလျား ၆၆–ပေ၊ အနံ ၈ ပေ ကျယ်သော ခြေတံရှည်စကြံကျောင်းအောက်ထပ်တွင် စင်ထိုးကာ ပျဥ်ခင်း, ဖက်ကာပေးကြ၏။ လယ်တောထဲက တဲတန်းလျားနှင့်တူလှ၏။ တည်းခိုရန်အတွက်ကား အလွန်အဆင်ပြေလှပေ၏။

ဆရာတော်သည် ယောဂီဦးရေတိုးတက်လာမည်ကို ကြိုတင်သိနှင့်နေသဖြင့် တည်းခိုရန်အဆောက်အအုံများကို ကြိုတင်ပြင်ဆင်ထားစေ၏။ ဤအကြောင်းကြောင့် ယောဂီများရောက်လာသည့်အခါ စိတ်မငြိုငြင်ကြရဘဲ အသင့်နားနေနိုင်ကြ၏။

ရပ်ဝေးမှလာရောက်ကြသော ယောဂီဦးရေမှာ ဆတက်ထမ်းပိုး တိုး၍တိုး၍သာ များပြားလာနေသဖြင့် ယောဂီအဆောင်များကို ထပ်ကာထပ်ကာတိုးချဲ့ကြရပြန်၏။ အရေးပေါ်အစီအစဥ်များကလည်း လျှင်မြန်ထက်မြက်လှ၏။ ဆရာတော်ဘုရား၏ အမြော်အမြင်ကြောင့်ပင်တည်း။

၁၉၈၇–ခု မတ်လအကုန် အခြေခံပညာအထက်တန်း စာမေးပွဲများ ပြီးဆုံး

www.burmeseclassic.com

www.burmeseclassic.com



သည့်အချိန်၌ ယောဂီဦးရေ ထပ်မံတိုးတက်လာသည့်အတွက် ရိပ်သာမြောက်ဘက်ခြမ်း ပိန္နဲပင်များအောက်ရှိမြေလွတ်များပေါ်တွင် ယောဂျီးယောဂီ ၅၀ တန်းစီအိပ်စက်နိုင်သည့် ခနိမိုး ခနိကာ ပျဉ်ခင်းတန်းလျားတစ်ဆောင်၊ အမျိုးသမီး ၂၅ ဦးဆံ့သည့် အလားတူတန်းလျားတစ်ဆောင်တို့ကို အရေးပေါ်ဆောက်လုပ်ကြရပြန်၏။

ဆရာတော်၏ဒကာရင်းများမှာ လယ်သမားကြီးများဖြစ်၍ သန်မာထွားကျိုင်းကြ၏။ တဲဆောက်လုပ်ရာတွင် ကျွမ်းကျင်ကြ၏၊ စေတနာ, သဒ္ဓါတရားအထူးကောင်းမွန်ကြ၏။ ကုသိုလ်ရေးမို့ မခိုမကတ် ညီညာဖျဖျလက်တွဲဆောင်ရွက်ကြသဖြင့် ကိစ္စအလုံးစုံမှာ လျင်မြန်စွာပြီးမြောက်သွားရပေ၏။

သင်္ကြန်နီးကပ်လာသည့်အချိန်၌ တောကျောင်းရိပ်သာတွင် ရပ်ဝေးယောဂီချည်းလူ ၂၂၀ ကျော်နှင့် ရဟန်းအပါး ၃၀ ကျော်ရှိရာ နေ့ခင်းတရားရှုမှတ်ကြသည့်အခါ ကျောင်းများပေါ်၌ နေရာမဆံ့သဖြင့် ရိပ်သာနှင့်ပူးကပ်လျက်ရှိသည့် ရာဘာခြံများအတွင်း၌ပါ တရားရှုမှတ်ကြရ၏။ ပျော်ရွှင်ကြည်နူးဖွယ်ပင်ဖြစ်၏။

## လူစုံလျှင် သင်္ဘောထွက်မယ်

၁၉၈၇ ခုနှစ် ဇန်နဝါရီလ၊ ဆရာတော်မပျံလွန်မီ သုံးလလောက်အလိုတွင် ဆရာတော်သည် အရုဏ်ဆွမ်းစားပြီးနောက် တရားမှတ်ရင်း လဲလျောင်းနေစဉ် ထူးဆန်းသောအာရုံတစ်ခုကို မြင်သိရ၏။

ဆရာတော်သည် ပင်လယ်ကမ်းခြေတစ်ခုတွင် မတ်တတ်ရပ်နေ၏။ ဆရာတော်နှင့်အတူ လူ ၃၀၀ ခန့် စောင့်ဆိုင်းနေကြ၏၊ မြန်မာ၊ ကုလား၊ တရုတ် လူမျိုးစုံပါဝင်ကြ၏၊ သစ်လွင်လှပစွာဝတ်ဆင်ထားကြ၏။ သူတို့အား ပင်လယ်ကိုဖြတ်ကူး၍ ဟိုမှာဘက်ကို ခရီးသွားနိုင်ရန် ဆရာတော်က သင်္ဘောလက်မှတ်များ ဝေငှပေးထား၏။ မကြာမီပင် မြင်ကွင်းထဲသို့ အလွန်ကြီးကျယ်ခမ်းနားခေတ်မီသော သင်္ဘောတစ်စင်းထင်ပေါ်လာပြီးလျှင် ဆရာတော်ရှိရာကမ်းခြေသို့ တရွေ့ရွေ့ချဉ်းကပ်လာ၏။ မီးတထိန်ထိန်လင်းနေသောသင်္ဘောကြီးသည် ကမ်းခြေ၌ ဆိုက်ကပ်လေပြီ။ သင်္ဘောပေါ်သို့အတက်တွင် အာရုံပြတ်သွား၏။

နောက်တစ်လခန့်အကြာတွင် ဤသင်္ဘောကို ဆရာတော်တစ်ဖန်အာရုံရပြန်သည်။ ဤတစ်ကြိမ်တွင်လည်း ခရီးသည်များ သင်္ဘောစီးခွင့်ရရန် ဆရာတော်က လက်မှတ်များ ဝေငှပေးထားသည်။ ခရီးသည်များ သင်္ဘောပေါ်သို့မတက်မီ စစ်ဆေးခြင်းကို ခံယူကြ၏။ ဤတစ်ကြိမ်တွင်လည်း ခရီးသည်များနှင့် ဆရာတော်တို့ သင်္ဘောပေါ်သို့မတက်မီ အာရုံပြတ်သွားပြန်၏။

www.burmeseclassic.com

www.burmeseclassic.com



ဆရာတော်သည် ဤအာရုံအကြောင်းကို မိမိအားပြုစုနေကြသည့် ဒကာများနှင့် ရဟန်းများအား ပြောပြပြီး "အတိတ်ကောက်ကြစမ်း" ဟု မိန့်တော်မူ၏။ ထို့နောက် ရဟန်းရှင်လူအပေါင်းတို့အား ဆရာတော် မကြာမကြာ မိန့်ဆိုသည်မှာ...

"ဘုန်းကြီးက ပရိသတ်အပေါင်းတို့ကို မဂ္ဂင်သင်္ဘောကြီးစီးဖို့ လက်မှတ်တွေ ဝေပေးနေတယ်လေ၊ ဒီမှာတရားအားထုတ်ပြီးတဲ့ယောဂီအားလုံးဟာ လက်မှတ်ရထားပြီးကြပြီ၊ လက်မှတ်ရထားပြီးတဲ့သူတွေ လက်မှတ်မပျောက်ကြစေနဲ့နော်"

ထို့နောက် ယောဂီဦးရေ တစ်စတစ်စတိုးတက်များပြားလာရာ "လူစုံရင် သင်္ဘောထွက်မယ်နော်" ဟု ဆရာတော် မကြာမကြာထုတ်ဖော်ပြောဆို၏။

သကြိန်နားနီး၍ တိုးချဲ့ဆောက်လုပ်ထားသော ယောဂီဆောင်များပါ ယောဂီပြည့်လာသောအခါ "လူစုံနေပြီ၊ မဂ္ဂင်သင်္ဘောကြီး ထွက်တော့မယ်၊ သင်္ဘောကြီး ထွက်ပြီးရင် နောက်သင်္ဘောငယ်တစ်စီးထွက်ဖို့ ကျန်ပါဦးမယ်" ဟု ဆရာတော် မိန့်တော်မူ၏။

မည်သည့်ရည်ရွယ်ချက်ဖြင့် ဆရာတော်မိန့်ကြားနေသည်ကို ဒကာများလည်း မသိကြ၊ ရဟန်းတော်များလည်း မရိပ်မိကြ။ ဆရာတော်လေဖြတ်ပြီး အကြီးအကျယ်နာမကျန်းဖြစ်စဉ်က ပျံလွန်တော်မမူဘဲရှိခဲ့သဖြင့် ယခုကျန်းမာနေသည်ဟုထင်ရသည့်အခါ၌ ပျံလွန်တော်မူလိမ့်မည်ဟူ၍ မည်သူမျှမရိပ်မိကြချေ။

ဆရာတော်သည် မပျံလွန်မီ ရက်အနည်းငယ်အထိ ကျောင်းပရဝုဏ်ကို နေ့စဉ်လှည့်ပတ်ကြည့်ရှုပြီး ဆောက်လုပ်ဆဲလုပ်ငန်းများနှင့် ပြုပြင်ရေးလုပ်ငန်းများကို အလျင်အမြန်ဆောင်ရွက်ကြရန် ညွှန်ကြားတော်မူ၏။ မိုးကုတ်ဆရာတော်မပျံလွန်မီအချိန်၌ လုပ်ဆောင်ခဲ့သောဆောင်ရွက်ချက်များနှင့် တူနေပေ၏။

## ကုသိုလ်ရေးမှူး ကြီးပမ်းကာ

တော်ကူးဆရာတော်သည် လပြည့်လကွယ်မရှောင် တစ်ရက်မျှနားရက်မယူဘဲ ယောဂီများအား တရားညွှန်ပြခဲ့သည့်နည်းတူ ဆရာတော်၏သမီး ဒေါ်တင်ရွှေသည်လည်း တစ်နှစ်လျှင် ၃၆၅ ရက်တိတိ နားရက်မယူဘဲ ယောဂီအပေါင်းအား အရုဏ်ဆွမ်းနှင့် နေ့ဆွမ်းများကျွေးမွေးရန်အတွက် စီမံချက်ပြုတ်ကျွေးမွေးရ၏။ ရောမတာဝန်ကြီးပါပေ။

ခါတိုင်းအချိန်၌ ယောဂီ ၅၀ ခန့်လောက်ကိုသာ ပုံမှန်ချက်ပြုတ်ကျွေးမွေး

www.burmeseclassic.com

www.burmeseclassic.com



နေခဲ့ရာမှ ယခု ယောဂီ ၃၀၀ ခန့်ကို ချက်ပြုတ်ကျွေးမွေးရသဖြင့် အရပ်က ဝိုင်းကူပေးရ၏။ တော်ကူး, တံခွန်တိုင်ကျေးရွာနှစ်ရွာမှ ယောက်ျားမိန်းမများသည် အရေးကြုံလျှင်ကြုံသလို ရိပ်သာသို့လာပြီး ဝိုင်းဝန်းလုပ်ကိုင်ပေးကြ၏။

ယောက်ျားကြီးများက ထမင်းနှင့်ဟင်းများကို ဒယ်အိုးကြီးများဖြင့် ချက်ပြုတ်ပေးကြ၏၊ အမျိုးသမီးများက ပြင်ဆင်, ကျွေးမွေး, ဆေးကြောသည့်တာဝန်များကို မနားတမ်းဆောင်ရွက်ကြရ၏။

ရဟန်း, ရှင်, လူ, ယောဂီများကို နံနက် ၅–နာရီမှ ၇–နာရီအထိ အရုဏ်ဆွမ်းကိုလည်းကောင်း၊ နံနက် ၉ နာရီခွဲမှ ၁၂ နာရီအထိ နေ့ဆွမ်းကိုလည်းကောင်း တစ်သုတ်ပြီးတစ်သုတ် အသုတ်ပေါင်းများစွာခွဲ၍ လက်မလည်အောင် ကျွေးမွေးကြရ၏။

သက်ကြီးယောဂီများအား ထဘီတိုရေစိုရွဲလျက် မမောနိုင်မပန်းနိုင် ရေခပ်လှူနေကြသော တောသူလုပျိုဖြူတို့၏ စေတနာကလည်း စာချိုးလောက်ပေ၏။

*ကုသိုလ်ရေးမို့ ကြိုးပမ်းကာ၊ သူတို့တစ်တွေမှာ ချွေးတလုံးလုံး။*
*ကိုယ်အားဉာဏ်အား ပေးလှူတာ၊ သူတို့စေတနာ ယှဉ်လာတိုင်းရှုံး။*
*မမောနိုင်မပန်းနိုင် ဝိုင်းလုပ်ကိုင်၊ ပီတိဝေလှိုင် ပျော်တပြုံးပြုံး။*
*ရောက်လာသည့်သည် ကြည်စေဖွယ်၊*
*ကျွေးမယ် မွေးမယ်၊ ဝေသာနံတန္တန်း။*
*ရှိတာအကုန်ကျွေး လိုတာပေး၊ လှူရေးမသုဉ်း မွန်တို့ထုံး။*
*တော်ကူးဆရာတော် ရွှင်မြူးပျော်၊ ပူဇော်စို့လား တို့လုပ်အား။*

တော်ကူးဆရာတော်၏ မေတ္တာအာနုဘော်ကြောင့် ရွာလုံးကျွတ် လှူဒါန်းကြ ကူညီလုပ်ကိုင်နေကြသည်မှာ ကြည်နူးဖွယ်မဆုံးရှိပေတော့၏။

*'သစ်တစ်ပင်ကောင်း၊ ငှက်တစ်သောင်းခို'* စာချိုးအတိုင်း သူတော်ကောင်းတစ်ဦးကိုအကြောင်းပြု၍ သတ္တဝါများတို့ ကုသိုလ်ပွားခွင့်ရကြသည်တစ်မုံ့။

## သာသနာပြုရန် လွန်အားသန်

၁၉၈၆ ခုနှစ်ကုန်လောက်တွင် မြိတ်မြို့မှ **ဦးရှင်ဘော်၊ ဒေါ်တင်ငယ်** နှင့် သားသမီးတို့သည် တော်ကူးရိပ်သာတွင် လာရောက်တရားအားထုတ်ကြ၏။ သူတို့အား ဆရာတော်ကိုယ်တိုင် တရားစစ်ဆေး၏။ ဦးရှင်ဘော်သည် အနည်းငယ်လေဖြတ်ထားသည့်အတွက် ကောင်းစွာလမ်းမလျှောက်နိုင်ချေ။ တစ်လကြာတရားအားထုတ်ပြီးသည့်အခါ ဦးရှင်ဘော်၏ ခြေထောက်များသည် ပကတိ

www.burmeseclassic.com

www.burmeseclassic.com



အကောင်းအတိုင်း မသန်စွမ်းကြသေးသော်လည်း ကောင်းစွာလမ်းလျှောက်နိုင်သည့်အခြေသို့ ရောက်လာ၏။ ဦးရှင်ဘော်သည် မတ်တတ်ရပ်သည့် ဣရိယာပုထ်ဖြင့် တစ်ကြိမ်လျှင် ခြောက်နာရီကြာ ရှုမှတ်နိုင်ပြီး ထိုင်သည့်ဣရိယာပုထ်ဖြင့်မူ လေးနာရီကြာ တစ်စပ်တည်းရှုမှတ်နိုင်၏။

ရောဂါသက်သာ၍ တရားထူးကိုမြင်သိလာသဖြင့် ဦးရှင်ဘော်သည် သဒ္ဓါတရား အလွန်ထက်သန်ပြီးလျှင် မြိတ်မြို့၌ ရိပ်သာကျောင်းတစ်ကျောင်း ဆောက်လုပ်လှူဒါန်းမည့်အကြောင်းနှင့် ဆရာတော်၏ တပည့်တစ်ဦးကို ထိုရိပ်သာကျောင်း၌သီတင်းသုံးရန် စေလွှတ်ပေးမည့်အကြောင်းတို့ကို လျှောက်ထား၏။

ဆရာတော်က သာဓုခေါ်တော်မူပြီး "ဒကာ ကျောင်းဆောက်ပြီးတဲ့အခါ အကြောင်းကြားပါ၊ ဟောဒီက ဦးနာဂိန္ဒကို စေလွှတ်ပေးမယ်"ဟု မိမိအားဝတ်ပြုနေသော ဦးနာဂိန္ဒကို ညွှန်ပြတော်မူ၏။

မုဒုံမြို့မှ **ဦးသိန်းတင်** သည် ဆရာတော်၏ ခြေရင်း၌ တရားရှုမှတ်၍ ၁၅ နာရီကြာအောင် တစ်စပ်တည်းရှုမှတ်လာနိုင်သောအခါ "ဒကာ...သာသနာပြုရမယ်"ဟု ဆရာတော်အမိန့်ရှိတော်မူ၏။

"တပည့်တော် ဗုဒ္ဓတရားအကြောင်းကို ကောင်းကောင်းနားမလည်သေးဘူး ဘုရား"

"ဒကာ...လက်တွေ့တရားရှုမှတ်လို့ ခန္ဓာကိုယ်ထဲမှာ တွေ့ထားပြီးတဲ့ အကြောင်းအရာတွေဟာ တရားတွေပဲပေါ့၊ ဗုဒ္ဓမြတ်စွာက ခန္ဓာကိုယ်ထဲမှာ တရားတွေ့ထားလို့ တွေ့ထားတဲ့အတိုင်း ဟောကြားတာပဲ။ ဒကာကလဲ ခန္ဓာထဲမှာ တရားတွေ့အောင်ရှာပြီးဟောရင် ဗုဒ္ဓရဲ့တရားတော်နဲ့ ကိုက်ညီနေမှာပေါ့"

"တပည့်တော် သာသနာပြုလိုတဲ့စိတ် ရှိပါတယ်ဘုရား"

"ဇနီးနဲ့သားသမီးတွေအတွက် စိတ်မပူနဲ့၊ ဒကာ ဘုန်းကြီးဝတ်ပြီး ဦးနာဂိန္ဒနဲ့ မြိတ်မြို့လိုက်သွားပြီး သာသနာပြုနော်"

"တပည့်တော် ကြိုးပမ်းပါ့မယ်ဘုရား"

ဆရာတော်၏ ဘဝဖြစ်စဉ်နှင့်တကွ ဆရာတော်၏ တရားအားထုတ်နည်းအရ ဣရိယာပုထ်ရှည်ရှည်ဖြင့် တရားရှုမှတ်သဖြင့် ထူးဆန်းစွာရောဂါပျောက်ကင်းပုံအကြောင်းများကို ရန်ကုန်မဟာစည်သာသနာ့ရိပ်သာ၌ အင်္ဂလိပ်ဘာသာဖြင့် ကျွန်တော်ဟောကြားခဲ့၏။ နိုင်ငံခြားသားယောဂီများက ဆရာတော်၏ အကြောင်းကိုကြားသိသောအခါ အထူးကြည်ညိုလေးစားသွားကြသဖြင့် နဝကမ္မဝတ္ထုများပင် ပေးလှူကြ၏။ ဆရာတော်၏ အကြောင်းကို အင်္ဂလိပ်ဘာသာဖြင့် ရေးသားပုံနှိပ်ပေးရန်ကိုလည်း အကြံပြုကြ၏။

www.burmeseclassic.com

www.burmeseclassic.com



ဤအကြောင်းအရာကို တော်ကူးဆရာတော်အား ကျွန်တော်ပြောပြသည့်အခါ...

"ကောင်းတယ်ဒကာ၊ ဣရိယာပုထ်ရှည်ရှည်နဲ့ ဝိပဿနာတရားအားထုတ်တဲ့နည်းကို ဒကာအင်္ဂလိပ်ဘာသာနဲ့ရေးသားပုံနှိပ်နိုင်အောင် ကြိုးစားပေါ့၊ ဗုဒ္ဓသာသနာဟာ ကမ္ဘာပြန့်သွားလိမ့်မယ်"

"ဆရာတော်ပျံလွန်တော်မူတဲ့အခါ ဒီရိပ်သာ ဆက်လက်ကြီးပွားနိုင်ပါ့မလား"ဟု ဦးသိန်းတင်က မေးမြန်းသည်ကို...

"ဒကာကြီး...ပျဉ်းကတိုးပင်ကြီးကို ခုတ်လှဲလိုက်တဲ့အခါမှာ သစ်ငုတ်တိုကျန်ရစ်ခဲ့တယ်မဟုတ်လား၊ ဒီသစ်ငုတ်တိုကို ရေမှန်မှန်လောင်းပေးရင် အညွန့်အတက်တွေ ပြန်တက်ပြီး အပင်ကြီးပြန်ဖြစ်လာနိုင်တာပေါ့"

"ဘုန်းကြီး ပျံလွန်သွားတဲ့အခါမှာလဲ ဒီရိပ်သာရယ် ဘုန်းကြီးရဲ့နည်းနိဿယတွေရယ် ကျန်ရစ်တယ်မဟုတ်လား၊ ဒါတွေကို တပည့်သားမြစ်တွေက ရေမှန်မှန်လောင်းသလို မှန်မှန်ပြုစုအားပေးသွားကြရင် နှစ်တစ်ရာလဲ တည်တံ့ကြီးပွားနိုင်တယ်"

ဆရာတော်သည် နောင်ရေးကိစ္စများအတွက်ကို စိုးရိမ်ပူပန်ခြင်းမရှိချေ။ သာသနာတော်ဆက်လက်ဖွံ့ဖြိုး၍ ကမ္ဘာအနှံ့ ပျံ့သွားမည်ကို အလေးအနက် ယုံကြည်တော်မူသည်။

ဆရာတော်၏ဆန္ဒကို ကျွန်တော်တို့ဖြည့်တင်းပေးနိုင်ကြပါစေသား။

## နောက်ဆုံးသံဃာ့ဥပုသ်

၁၃၄၈ ခုနှစ် တပေါင်းလကွယ်နေ့(၂၈-၃-၈၇)တွင် သံဃာများနှင့်အတူ ဆရာတော်သိမ်တက်၍ ဥပုသ်ကံပြုတော်မူသည်။ သံဃာ့ဥပုသ်ပါတိမောက်ကို နာကြားပြီးနောက် ဆရာတော်မိန့်ကြားသည့် ဩဝါဒစကားမှာ ထူးခြားနေပါသည်။

"သံဃာတော်များ သမစိတ္တ(ညီညီညွတ်ညွတ်) ရှိကြပါရဲ့လား"

"ရှိကြပါတယ်ဘုရား"

"အေး...မိနစ်ကို စက္ကန့်စား၊ နာရီကို မိနစ်စား၊ ရက်ကို နာရီစား၊ လကို ရက်စား၊ နှစ်ကို လစားနဲ့ ဘုန်းကြီးတို့လဲ သေဖို့နီးလာပြီ။ ဘုန်းကြီးပြောချင်တာတွေ အများကြီးရှိတာပဲ၊ ဒါပေမဲ့ ပြောဖို့အချိန်သိပ်မရတော့ဘူး။ ကိုယ်တော်တို့ ဘုန်းကြီးပေးထားတဲ့အမွေတွေကို မပျောက်ပျက်အောင် တစ်သက်လုံးထိန်းသိမ်းရစ်ကြနော်၊ ဒီအမွေတွေက ဘဘုရားရဲ့အမွေအစစ်တွေပဲ၊ ဒီအမွေတွေကို ထိန်းသိမ်း

www.burmeseclassic.com

www.burmeseclassic.com



ပါလို့ မှာကြားတာက ဝိပဿနာတရားကို အမြဲမပြတ်ရှုမှတ်နေကြဖို့ပြောတာ၊ ပေါ့ပေါ့ဆဆ မနေကြရဘူး"

"တင်ပါ့ဘုရား"

သံဃာတော်များအား ဆရာတော်မှာကြားသွားသည့် နောက်ဆုံးဩဝါဒ စကားသည် ဗုဒ္ဓမြတ်စွာ နောက်ဆုံးမိန့်မှာသွားခဲ့သည့် 'အပ္ပမာဒေန ဘိက္ခဝေ သမ္ပာဒေထ' နှင့် တစ်ထပ်တည်းဖြစ်ပေ၏။ ဤမှာတမ်းစကားသည် ရဟန်းတစ်ပါးစီအတွက် အရေးကြီးဆုံးသောစကားရပ်ပင် မဟုတ်ပါလော။

ဤစကားကိုပြောကြားစဉ်အခါက ဆရာတော်သည် ကျန်းမာရွှင်လန်းစွာ ရှိနေသည့်အတွက် သံဃာတော်များက သာမညစကားဟုသာ သဘောထားမိကြ၏။ နောက် ၁၅ ရက်ကြာ၍ ဆရာတော်ပျံလွန်သောအခါတွင်မှ ဤစကားရပ်၏ လေးနက်မှုကို ပြန်လည်ဆင်ခြင်မိကြတော့သည်။

"နောက်ဆုံး"ဟူသောစကားသည် ရင်ကိုတလှပ်လှပ်ဖိုသွားစေပြီး တသိမ့်သိမ့်ခံစားမှုကို ဖြစ်စေပါသည်။ တပ်မက်တွယ်တာမှု တဏှာမကင်းကြသေးသူတို့အား နောက်ဆံတင်းစေပါသည်။

သို့သော် နောက်ဆုံးအဖြစ်အပျက်ကို လူတိုင်းရင်ဆိုင်ရမည်သာတကား။

❋ ❋ ❋

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၃)
# ဘဝနိဂုံး အလှူဆုံး

### ခန္ဓာဇာတ်သိမ်းစေသောရောဂါ

အမေရိကန်ပြည်ထောင်စု၏ ကိုလိုရာဒိုပြည်နယ်၌ ပေါက်ရောက်သော **ဝက်သစ်ချပင်**ကြီးတစ်ပင်သည် နှစ် ၄၀၀ ကြာအောင် မားမားမတ်မတ်ရပ်တည်ခဲ့၏။ ထိုအပင်ကြီးသည် လေပြင်းမုန်တိုင်း အကြိမ်ကြိမ်တိုက်ခတ်လာသော်လည်း မပြိုလဲခဲ့ချေ၊ မိုးကြိုးဒဏ်ကို ၈၄ ကြိမ်ခံခဲ့ရသော်လည်း မပျက်စီးခဲ့ချေ။ နောက်ဆုံးတွင် အမြစ်ကို နောက်ချေးပိုးကောင်ကလေးတို့ ကိုက်စားသည့်ဒဏ်ကြောင့် မြေသို့ ဗုန်းဗုန်းလဲပြိုလေ၏။

တော်ကူးဆရာတော်ဘုရားသည်လည်း လူဝတ်ကြောင်ဘဝက သေလောက်သည့်ဒဏ်ရာ အကြိမ်ကြိမ်ရခဲ့၏။ သို့သော် မသေဆုံးခဲ့ချေ။ ရဟန်းဘဝ၌ ငှက်ဖျားရောဂါ၊ အမူးရောဂါစသည်တွဲကပ်၍ ဆေးသုဉ်းနဝင်းသုဉ်းပြီဟု ဗိန္ဓောဆရာတို့ကြွေးကြော်ကြ၏။ သို့သော် မပျံလွန်တော်မူခဲ့ချေ။ သက်တော် ၈၈ နှစ်၌ ဆင်ရေယုန်ကြီးပေါက်၍ မော်လမြိုင်ဆေးရုံကြီးတွင် တက်ရောက်ပြီး အံကုသခံရာ ဆရာဝန်ကြီးများက လက်လျှော့လိုက်ကြ၏။ သို့သော် ဆရာတော်ပြန်လည်ကျန်းမာလာခဲ့၏။

တစ်ဖန် သက်တော် ၉၅ နှစ်၌ လေဖြတ်၍တစ်ကြိမ်၊ မိုရီယာမင်းဆေးထိုးမှား၍နှစ်ကြိမ်၊ တစ်ကြိမ်လျှင် သုံးနာရီကြာမေ့မျောသွားသည်အထိ အကြီးအကျယ် ခန္ဓာကိုယ်စနစ်ချွတ်ယွင်းသွားသော်လည်း ဆရာတော်ပြန်လည်နာလန်ထူခဲ့သည်သာ ဖြစ်၏။

နောက်ဆုံး သက်တော် ၉၇ နှစ်၌ အသက်ဇီဝိန်ကို ချုပ်ငြိမ်းသွားစေသော

www.burmeseclassic.com

www.burmeseclassic.com



ရောဂါကား အထက်ပါရောဂါကြီးတို့နှင့်နှိုင်းစာလျှင် မဆိုစလောက်သည့် ဆီးချုပ်ဝမ်းချုပ်၍ လေထိုးရောဂါပင်ဖြစ်ပေ၏။ ဤရောဂါသည် အလွန်တိုတောင်းသော လေးရက်တာကာလအတွင်း၌ပင် ဆရာတော်၏အသက်နှင့် ခန္ဓာကို ချုပ်ငြိမ်းစေခဲ့၏။

ထိုရောဂါမဖြစ်ခင် တစ်လလောက်တွင် ဆရာတော်အား ခေါင်းရိတ်ပေးစဉ် မိုးရွာလာ၏။ ရေချိုးပြီးသည့်အခါ ချမ်းစိမ့်လာသဖြင့် ဆရာတော်အအေးပတ်၍ ဖျား၏။ ဆရာဝန်ခေါ်ပြီးကုသရာ မကြာမီပျောက်ကင်းသွား၏။

၁၃၄၉ ခုနှစ်၊ တန်ခူးလဆန်း ၁၂ ရက်နေ့ နံနက် ၅ နာရီ ၅၁ မိနစ်တွင် ဆရာတော်သည် အရုဏ်ဆွမ်းအဖြစ် ယာဂုခေါ် ဆန်ပြုတ်နှင့် ကော်ဖီတို့ကို ဘုဉ်းပေး၏။ ဘုဉ်းပေးပြီးလျှင် မိမိခုတင်ခြေရင်း၌ မတ်တတ်ရပ်ကာ တရားရှုမှတ်လေ၏။

ဤကား ထူးခြားမှုတစ်ရပ်ပင်တည်း။ ခါတိုင်းနေ့များတွင် ဆရာတော်သည် အရုဏ်ဆွမ်းဘုဉ်းပေးပြီးသည့်နောက် အိပ်ရာထက်တွင်လဲလျောင်း၍သာ တရားရှုမှတ်နေလေ့ရှိ၏။ ယနေ့တွင် အဘယ့်ကြောင့်မတ်တတ်ရပ်၍ တရားရှုမှတ်လေသနည်း။

နံနက် ၆ နာရီခွဲခန့်တွင် လက်ထောက်ကမ္မဋ္ဌာနာစရိယဖြစ်တော်မူသော **ဦးနာဝိက** သည် ဆရာတော်၏ ကျောင်းပေါ်သို့ တက်လာသည်။ ဆရာတော်မတ်တတ်ရပ်၍ တရားရှုမှတ်နေသည်ကို မြင်သည့်အခါ ...

"ဆရာတော်ဘုရား နေကောင်းရဲ့လား" ဟု လျှောက်ထား၏။

"အေးကွယ်၊ ညကတည်းက ဘုန်းကြီးသိပ်နေလို့မကောင်းဘူး။ ဒီမနက်မှာတော့ ပိုဆိုးလာတယ်၊ ဦးနာဝိကပဲ ယောဂီတွေကို တရားပြ၊ တရားစစ်ဆေးပြီး လိုအပ်တာစီမံပါကွယ်"

ထိုအချိန်၌ လူပုဂ္ဂိုလ်ယောဂီ ၁၀၀ ကျော်နှင့် ရဟန်းယောဂီ ၃၆ ပါးရှိနေပေသည်။ ဦးနာဝိကနှင့် ဆရာတော်အား အနီးကပ်ပြုစုနေသော **ဦးဓမ္မစာရ** တို့က ဆရာတော်ကိုယ်စား အစစအရာရာ စီမံကွပ်ကဲကြ၏။

ရဟန်းသံဃာမြတ်တို့သည် မိမိကြောင့် သူတစ်ပါးပင်ပန်းသွားမည်ကို အလိုမရှိကြချေ။ မိမိတို့၏ လိုအပ်ချက်များကိုလည်း ထုတ်ဖော်ပြောဆိုလေ့မရှိကြချေ။ ရသမျှနှင့်ရောင့်ရဲကာ ဖြစ်သမျှသည်းခံတော်မူ၏။

တော်ကူးဆရာတော်သည် မိမိ၏ဝေဒနာမည်မျှပြင်းထန်နေသည်ကို ထုတ်ဖော်ပြောဆိုခြင်းမရှိချေ။ 'နေထိုင်လို့သိပ်မကောင်း' ဟု အမေးရှိ၍သာ သာမည ဖြေကြားတော်မူခဲ့၏။ မိမိ၏ရောဂါဝေဒနာကို မိမိဘာသာ မိမိမှိဝဲနေကျ ဖြေမှာ

www.burmeseclassic.com

www.burmeseclassic.com



သမဆေးကြီးဖြင့် ကုစားရန်အလို့ငှာ မတ်တတ်ရပ်ကာ တရားရှုမှတ်နေတော်မူ၏။

နံနက်မိုးသောက်ပြီးဖြစ်၍ မကြာမီတွင်ပင် တော်ကူးရိပ်သာသို့ တရားအားထုတ်ရန် ရောက်လာကြသော ယောဂီသစ်များသည် တစ်ဦးစနှစ်ဦးစ စသည်ဖြင့် အချိန်အနည်းငယ်စီခြားကာ ဆရာတော်ထံ အဆက်မပြတ်ရောက်လာကြတော့၏။

ယောဂီတို့လာရောက်ပူဇော်ကန်တော့တိုင်း ဆရာတော်သည် မိမိတရားမှတ်ခြင်းကိုရပ်နားကာ မိမိအားစောင့်ကြပ်နေသည့်ရဟန်း သို့မဟုတ် သာမဏေ၏ အကူအညီဖြင့် ကြမ်းပြင်ပေါ်ခင်းထားသည့် မိမိ၏အိပ်ရာဆီသို့ လာရောက်ပြီးလျှင် ထိုင်ချကာ အကန်တော့ခံတော်မူ၏။

ဤတွင် အလွန်ထူးခြားသော ဆန့်ကျင်ဘက်အမူအရာနှစ်မျိုးကို ဆရာတော်အား စောင့်ကြပ်ပြုစုနေကြသည့်ရဟန်းတော်များနှင့် ဒကာရင်းများက သတိထားမိကြ၏။

ဆရာတော်သည် တရားရှုမှတ်စဉ်အခါနှင့် မိမိ၏အိပ်ရာဆီသို့တွဲလျှောက်လာသည့်အခါတို့တွင် ဝေဒနာမချိမဆန့်ခံစားနေရသော မကျန်းမာသောဂိလာနရဟန်းအသွင် ပေါ်လွင်ထင်ရှားနေ၏။ ထိုင်ချပြီးသည့်နောက် လာရောက်ကန်တော့ကြသော ယောဂီများကို ရင်ဆိုင်လိုက်သည့်အခါ ဝေဒနာအလျဉ်းမရှိသည့် ပကတိကျန်းမာနေသူကဲ့သို့ အလွန်ပြုံးပြုံးရွှင်ရွှင်နှင့် ရယ်မြူးဖွယ်သောစကားများကို ပြောဆို၏။ ယောဂီများက ဆရာတော်၏စကားကို နှစ်သက်၍ပြုံးရယ်ကြသည့်အခါ ဆရာတော်သည်လည်း ရောယောင်ကာ နှစ်နှစ်ခြိုက်ခြိုက်ပြုံးရယ်တော်မူ၏။

"ဒကာတို့ရောက်လာတာ အတော်ပဲ၊ သဘော်မီရုံကလေးရှိတယ်၊ သဘော်က ထွက်တော့မယ်၊ နိဗ္ဗာန်ထိပို့ဆောင်မယ့် မဂ္ဂင်သဘော်ကြီးလေ၊ သဘော်စီးဖို့ လက်မှတ်ရထားပြီးရင် မပျောက်ကြစေနဲ့၊ ဘုန်းကြီးတို့အမွေပေးခဲ့တဲ့ ဝိပဿနာတရားအားထုတ်တဲ့နည်းနဲ့ မပြတ်ကြိုးစားအားထုတ်ကြနော်"

"တင်ပါ့ဘုရား"

ထိုအခိုက် ဒကာတစ်ဦးရောက်လာသဖြင့် ဆရာတော်က မေးတော်မူ၏။

"ဒကာ ဘာနဲ့လာသလဲ"

"ဟွန်ဒါဆိုင်ကယ်နဲ့ လာပါတယ်ဘုရား"

"ဆိုင်ကယ်စီးလာရင် ဦးခေါင်းကိုကာကွယ်ပေးတဲ့ ဦးထုပ်ဆောင်းလာရဲ့လား"

www.burmeseclassic.com

www.burmeseclassic.com



"ဆောင်းလာပါတယ်ဘုရား"

"အေး...အေး၊ဦးထုပ်မဆောင်းရင် မော်တော်ယာဉ်ထိန်းတွေ ဖမ်းနေဦးမယ် နော်"

ဆရာတော်ရော ဒကာများပါ ဝိုင်းရယ်ကြ၏။ လူတိုင်းပျော်ရွှင်သွားကြ၏။

"ဆိုင်ကယ်ဦးထုပ်က လဲကျတဲ့အခါ ဦးခေါင်းကိုမထိခိုက်အောင် ကာကွယ်ပေးတယ်နော်၊ ဝိပဿနာတရားက သတိကိုခိုင်မြဲစေတဲ့အတွက် မလဲကျအောင် ကာကွယ်ပေးတယ်၊ လဲကျရင်လဲ ကြီးကြီးကျယ်ကျယ်အနာတရမဖြစ်အောင် ကာကွယ်ပေးတယ်၊ အနာတရဖြစ်လို့ သေဆုံးသွားရင်လဲ အပါယ်မကျအောင် ကာကွယ်ပေးတယ်။ အမြဲမှတ်နေရင် ဆင်းဆင်းရဲရဲဘယ်တော့မှမသေရပါဘူး၊ သေရင်လဲ သုဂတိဘုံသို့သာ လားရောက်ရတယ်၊ မကောင်းဘူးလား"

"ကောင်းပါတယ်ဘုရား"

"အေး...အေး၊ တရားအားထုတ်မယ့်ယောဂီတွေကို ဟောဒီက ဦးဓမ္မစာရကနေ နေရာချပေးမယ်၊ အမောပြေတဲ့အခါ ရေမိုးချိုးကြ၊ ဆွမ်းစားချိန်ရောက်ရင် ဆွမ်းစားကျောင်းမှာဆွမ်းစားကြ၊ ပြီးရင် ခဏနားချင်နားကြပေါ့၊ ၁၂ နာရီထိုးတဲ့အခါ ဓမ္မာရုံကိုသွားကြ၊ ဦးနာဝိက က ယောဂီသစ်များကို တရားရှုမှတ်နည်း ပြောပြမယ်၊ပြီးရင် ဓမ္မာရုံပေါ်မှာရှုမှတ်ကြနော်၊ ဒီမှာ ဘုန်းကြီးအနားမှာ လာရှုမှတ်ချင်ရင်လဲ ရှုမှတ်နိုင်ပါတယ်၊ ဒါပေမဲ့ လာကန်တော့ကြတဲ့လူတွေကများတော့ အနှောင့်အယှက်ဖြစ်မယ်၊ တရားရှုမှတ်တယ်ဆိုတာ သမာဓိရအောင် စွဲစွဲမြဲမြဲ ရှုမှတ်နိုင်ဖို့သာ အဓိကအရေးကြီးပါတယ်၊ ကဲ...သွားကြ...သွားကြ၊ ကျန်းမာချမ်းသာကြပါစေ၊ လိုအင်ဆန္ဒပြည့်ဝကြပါစေ"

ထိုနေ့ညနေတွင် ဆရာတော်နေမကောင်းသည်ကို ရိပ်မိကြသော ဒကာတို့က တံခွန်တိုင်ရွာအတွင်းမှ **ဒေါက်တာသန်းထွန်း** ကို ခေါ်လာကြ၏။ ဒေါက်တာသန်းထွန်းက ဆရာတော်ကိုစမ်းသပ်ပြီးနောက် ဆေးတစ်လုံးထိုးပေး၏။ ဆရာတော် မူးဝေလာသည်ဆိုသဖြင့် အမူးပြေဆေးတစ်လုံး ထပ်ထိုးပေးပြန်၏။

ဆရာဝန်ပြန်သွားပြီးနောက် ဆရာတော်သည် မိမိမှီဝဲနေကျဓမ္မာသခဆေးကြီးကို မှီဝဲသည့်အနေဖြင့် မတ်တတ်ရပ်ကာ တရားရှုမှတ်၏။ တစ်ညဉ့်လုံးမအိပ်တော့ဘဲ မတ်တတ်ရပ်လျက် တရားရှုမှတ်တော်မူ၏။ နံနက် ၂ နာရီကျော်တွင် ဆရာတော်ဝမ်းသွားလိုသဖြင့် ဆရာတော်၏ခြေရင်းတွင် ထိုင်ခုံအသွင်ပြုလုပ်ထားသော ကတို့ပေါ်၌ ဆရာတော်ထိုင်နေနိုင်ရန် အစောင့်သံဃာများက တွဲကူပေးကြ၏။

ဆရာတော်ကြာမြင့်စွာထိုင်နေပါသော်လည်း ဝမ်းမပေါက်သည့်အတွက်

www.burmeseclassic.com

www.burmeseclassic.com



ဆရာတော်ကို ဝမ်းချုပေးရ၏။ ဝမ်းအနည်းငယ်ပေါက်သွားသည့်အတွက် ဆရာတော် အနည်းငယ်သက်သာသွားပုံရ၏။

## တန်ခူးလဆန်း ၁၃ ရက် (၁၁-၄-၈၇)

တစ်ညဥ့်လုံး မအိပ်မနေတရားရှုမှတ်ခဲ့သော ဆရာတော်၏ မျက်နှာမှာ မရွှင်လန်းသည့်အတွက် ဒကာများက **ဒေါက်တာခင်မောင်ညို** အား ပင့်ခေါ်လာကြ၏။

ဒေါက်တာသန်းထွန်းနှင့် ဒေါက်တာခင်မောင်ညိုတို့သည် တော်ကူးတံခွန်တိုင် ရွာညီနောင်တွင်နေထိုင်၍ ဆေးကုသပေးနေသူများ ဖြစ်ကြ၏။ ဒေါက်တာခင်မောင်ညိုမှာ ဆရာတော်အား ပုံမှန်ဆေးကုသပေးသူဖြစ်ပြီး ဒေါက်တာသန်းထွန်းမှာ ဒေါက်တာခင်မောင်ညိုမရှိသည့်အခါများတွင် ဆရာတော်အား ဆေးကုပေးသူဖြစ်၏။

ဒေါက်တာခင်မောင်ညိုက ဆရာတော်အား စမ်းသပ်ပြီးသောအခါ...

"အဖျားနည်းနည်းရှိတယ်၊ အပူချိန် ၁၀၀ ဒီဂရီကျော်ကျော်ရှိတယ်၊ အဆုတ်နည်းနည်းပွတယ်၊ နှလုံးခုန်နှုန်း နည်းနည်းမြင့်တယ်၊ သွေးဖိအား နည်းနည်းမြင့်တယ်၊ စိုးရိမ်စရာတော့မရှိပါဘူး"ဟုမှတ်ချက်ချပြီး ဆေးထိုးပေး၏။ သောက်ဆေး...ထိုနေ့အတွက် သုံးခွက်စာ ပေးသွား၏။

ဆရာတော်သည် ဆေးကုသခြင်းကို အသာတကြည်လက်ခံသော်လည်း သိပ္ပံနည်းဖြင့်ဆေးကုသခြင်းအပေါ်တွင် အားကိုးအားထားမှုမပြုချေ။ ဆရာဝန်က ပေးခဲ့သောဆေးကို ဆရာတော်အားတိုက်သောအခါ ဆရာတော် မျိုချ၍မရချေ။

"နေပါစေတော့၊ ဒီဆေးကိုသောက်ရင်လဲ ဘုန်းကြီးရဲ့ရောဂါက ပျောက်မှာမဟုတ်ပါဘူး"ဟု ဆရာတော်မိန့်တော်မူ၏။

ထိုနေ့အရုဏ်ဆွမ်းစားချိန်နှင့် နေ့ဆွမ်းစားချိန်တို့တွင် ဆရာတော်သည် ဆန်ပြုတ်ဆွမ်းနှင့် ဟောလစ်, အိုဗာတင်း ရောဖျော်ထားသော နွားနို့ဆွမ်းတို့ကိုသာ ဘုဉ်းပေးတော်မူ၏။ ခါတိုင်းကဲ့သို့ မြိန်မြိန်ရှက်ရှက်မရှိချေ။

ယောဂီသစ်များ လာရောက်ဖူးမြော်ကြသည့်အခါ၌ကား ဆရာတော်သည် အံ့သြဖွယ်ရာ ရွှင်ရွှင်လန်းလန်း ပြုံးပြုံးကြည်ကြည်နှင့် ကြိုဆိုဧည့်ခံကာ ရယ်စရာပြော၏။ တရားချီးမြှင့်တော်မူ၏။ ထိုနေ့၌ ယောဂီသစ် ၅၀ ခန့်လာရောက်ကြရာ အောက်ပါလက်ာနှစ်ပုဒ်ကို လာရောက်ကန်တော့သူတို့အား ဆရာတော်ချပေးတော်မူ၏။

www.burmeseclassic.com

www.burmeseclassic.com



*ရုပ်ကိုသာပြင် နာမ်မပြင်၊ ရုပ်သွင်မလှ နာမ်မလှ။
နာမ်ကိုသာပြင် ရုပ်မပြင်၊ နာမ်စဉ်လည်းလှ ရုပ်လည်းလှ။
နာမ်ဓာတ်ပေါ်တွင် ဉာဏ်ဓာတ်ယှဉ်၊ လိုလျှင်ခဏ နိဗ္ဗာန်ရ။
*ရုပ်လှ စိတ်လှ အလှနှစ်သွယ်၊ ဘယ်အလှကို ပြင်ကြမယ်။
ရုပ်အလှပြင်က အပါယ်ကျ၊ စိတ်အလှပြင်က နိဗ္ဗာန်ရ။
မမှားရအောင် သတိဆောင်၊ ယောဂီမောင်မယ် ပြင်ကြစိတ်ကိုကွယ်။

"ယောဂီများ သဘောပေါက်ကြရဲ့လား"

"သဘောပေါက်ပါတယ်ဘုရား"

"ယောဂီတို့ကိုယ်အလှပြင်တဲ့အခါ ပထမအညစ်အကြေးကင်းအောင် ရေမိုးချိုးပေးရတယ်မဟုတ်လား၊ ပြီးတော့ အဝတ်အစားသစ်ဝတ်ပြီး နံ့သာလိမ်းကျံတယ်၊ စိန်ရွှေရတနာတွေ ဆင်မြန်းကြတယ်၊ ဒီလိုမဟုတ်လား"

"ဟုတ်ပါတယ်ဘုရား"

"အေး...စိတ်အလှပြင်တဲ့အခါ ကိလေသာအညစ်အကြေးတွေ ကင်းစင်အောင် ပထမဆေးကြောရတယ်၊ ပထမအဆင့်အနေနဲ့ ငါးပါးသီလ၊ ရှစ်ပါးသီလတို့ကို စောင့်ထိန်းလိုက်တော့ အကြမ်းစားကိလေသာတွေ ကင်းစင်သွားကြတယ်၊ သီလစောင့်တာဟာ လှပတဲ့အဝတ်တန်ဆာ ဆင်မြန်းတာနဲ့လဲတူတယ်၊ အဲဒီနောက် ဘုရား, တရား, သံဃာနဲ့ဆရာသမားတို့အပေါ်မှာ ယုံကြည်တဲ့သဒ္ဓါတရားကို အထွတ်တင်ရတယ်၊ ဒါက စိန်ရွှေရတနာတွေ ဆင်မြန်းလိုက်တာနဲ့တူတယ်၊ ပြီးရင် သတိဝီရိယထူထောင်ရတယ်၊ ဒါက ခေတ်မီဆလွန်းကားကို စီးနင်းလိုက်တာနဲ့ တူတယ်၊ ခဏိကသမာဓိတွေဖြစ်လာတဲ့အခါ အလတ်စားကိလေသာတွေ ငုပ်လျှိုးသွားကြတယ်၊ အဲဒီနောက် ဝိပဿနာဉာဏ်တွေ အဆင့်ဆင့်မြင့်လာတော့ ရုပ်ရောနာမ်ရော ပိုမိုလှလာကြတာပေါ့၊ နောက်ဆုံး မဂ်ဉာဏ်ဖိုလ်ဉာဏ်ရတဲ့အခါ နတ်သိကြားတွေ ပူဇော်ထိုက်လောက်အောင် လှပမြင့်မြတ်သွားကြတာပေါ့၊ မကောင်းဘူးလား"

"ကောင်းပါတယ်ဘုရား"

"ကဲ...ဝိပဿနာတရားရဲ့အကျိုးကျေးဇူးကို ဘုန်းကြီးချပေးမယ်၊ လိုက်ဆိုကြ...

*ညည်းညူမရှိ၊ သတိမမေ့၊ ချိန်နေ့သိပြန်၊
မျက်လန်ကြောဆွဲ၊ မရှိဘဲနှင့်၊
သေလည်းမတောင့်တင်း၊ ပုပ်နံ့ကင်းသည်၊
ကျိုးရင်းဝိပဿနာ၊ တန်ခိုးတည်း။ "

www.burmeseclassic.com

www.burmeseclassic.com



ဤနောက်ဆုံးလက်ာကို ဆရာတော်သည် မိမိသီတင်းသုံးသည့် စကြံ့ကျောင်းနံရံ၌ မြေဖြူဖြင့်ရေးသားထားစေ၏။ အဘယ်ကြောင့် ဤသို့ အလေးအနက်ပြု၍ ဤလက်ာကို ဆရာတော်ညွှန်ကြားနေသည်ကို မည်သူမျှမရိပ်မိကြချေ။

ထို့အပြင် လူရှင်း၍ ဆရာတော်တရားရှုမှတ်နေဆဲအချိန်တွင် "နေဦးလေ၊ နှစ်ရက်လောက် ဆိုင်းပါဦး၊ ဆွေမျိုးတွေ မစုံသေးဘူး"ဟု တစ်စုံတစ်ယောက်အား ဆရာတော်အမိန့်ရှိတော်မူ၏။ ထိုတစ်စုံတစ်ယောက်ကို မည်သူမျှမမြင်ကြချေ။

## နိုင်ငံခြားဧည့်သည်တွေ လာဦးမယ်

"မနက်ဖြန် နိုင်ငံခြားဧည့်သည်တွေ လာကြမယ်ကွဲ့"

တစ်ရက်ကြိုတင်၍ ဆရာတော်မိန့်ဆိုသည့်စကားကြောင့် မည်သို့သောပုဂ္ဂိုလ်မျိုး လာကြမည်နည်း။ တကယ်ပဲ လာကြမည်လားဟု ဒကာများက တွေးတောမိ၍ သို့လောသို့လောဖြစ်ကြ၏။

ထိုတန်ခူးလဆန်း ၁၃ ရက်နေ့တွင် ယောဂီသစ်များစွာတိုးလာသဖြင့် ထိုယောဂီတို့အား နေရာချပေးရေး၊ စားသောက်ရေးနှင့် တရားအားထုတ်ရေးတို့ကို စီစဉ်ပေးကြရသဖြင့် တာဝန်ရှိပုဂ္ဂိုလ်များက မအားလပ်နိုင်အောင် အလုပ်များနေကြ၏။

ဤနေရာ၌ ရောက်လာသောယောဂီသစ်များတွင် ရန်ကုန်မြို့ စိတ်ရောဂါအထူးကုဆေးရုံမှ အထူးကုဆရာဝန်ကြီး **ဒေါက်တာသိန်းဌွေးဖေ၊** အဖော်ဆရာဝန်တစ်ဦး၊ ဓာတ်ခွဲခန်းမှူးနှင့် ဓာတ်ခွဲခန်းဝန်ထမ်းများ၊ သူနာပြုများ စုစုပေါင်း ရှစ်ဦးပါဝင်ကြ၏။

ဆရာတော်ဘုရားကို သူတို့ဖူးမြော်ကြသည့်အခါ "ဒကာတို့လို ခေတ်ပညာတတ်တွေ ယခုလိုလာရောက်ပြီး ဘုန်းကြီးဆီက အမွေလာယူကြတာ ဘုန်းကြီးသိပ်ဝမ်းသာပါတယ်"ဟု ဆရာတော်မိန့်ကြားတော်မူ၏။

ဆရာတော်ဘုရားသည် ယောဂီသစ်များကို အထူးပြုံးရွှင်စွာ ကြိုဆိုဧည့်ခံပြီးလျှင် ရယ်စရာမောစရာများကိုပင် ပြောကြားနေသည့်အတွက် ဆရာတော်၏ အဖျားရောဂါ မည်မျှကြီးမားနေသည်ကို ယောဂီများမရိပ်စားမိကြချေ။

ယောဂီသစ်များ ဆင်းသွားသည့်အခါ ဆရာတော်သည် မချိမဆံ့ အလွန်ပြင်းပြသောရောဂါဝေဒနာကို အလူးအလိမ့်ခံစားနေရသဖြင့် ဒကာများက ဆရာတော်ကို ဝိုင်းဝန်းနင်းနှိပ်ပေးကြ၏။ ဆရာတော်၏ တစ်ကိုယ်လုံးမှာ အနင်းအနှိပ်

www.burmeseclassic.com

www.burmeseclassic.com



ခံထားရသည့်အတွက် ဖျစ်ညှစ်ထားသော ငှက်ပျောသီးကဲ့သို့ ပျော့စိစိဖြစ်နေပေတော့၏။

ညဥ့် ၇ – နာရီထိုးသောအခါ ရိပ်သာအတွင်းရှိသံဃာတော်များသည် ဆရာတော်၏စကြံကျောင်းပေါ်တွင် စုဝေးကြပြီး ဘုရားဝတ်ပြုကြ၏။ ပရိတ်တရားတော်များကို ရွတ်ဖတ်သရဇ္ဈာယ်ကြ၏။ ဗောဇ္ဈင်သုတ်ကိုလည်း ဆရာတော်၏ အမည်နာမကို ထည့်သွင်းကာ နိဿယအခိပ္ပာယ်နှင့်တကွ ရွတ်ဖတ်သရဇ္ဈာယ်ကြ၏။

ခါတိုင်းညဥ့်များ၌ ရဟန်းတော်များက ပရိတ်တရားတော်၊ ဗောဇ္ဈင်သုတ်တော်တို့ကို ရွတ်ဖတ်သရဇ္ဈာယ်ကြသည့်အခါ ဆရာတော်သည် ထပ်ထားသောခေါင်းအုံးသုံးလုံးထက်တွင် လက်နှစ်ဖက်ကိုမှေးတင်ထားပြီး ဘယ်လက်ချောင်းများကို ညာလက်ဝါးဖြင့် ဆုပ်ကိုင်ထား၏။ ထိုလက်ဖဝါးဆုပ်ပေါ်၌ နဖူးကိုမှေးတင်ကာ ပရိတ်တရားတော်များကို လိုက်ဆိုတော်မူ၏။

ယခုညဥ့်တွင်ကား ဆရာတော်သည် ခေါင်းအုံးများထက်၌ မှောက်မနေနိုင်တော့ဘဲ ပက်လက်မှီကာနေရရှာ၏။ ဝေဒနာပြင်းထန်ကြောင်းကို ဖော်ပြနေခြင်းပင်တည်း။

ရဟန်းတော်များတို့ ရွတ်ဖတ်သရဇ္ဈာယ်ပြီး၍ စကြံကျောင်းပေါ်မှ ဆင်းသွားသည့်အခါ **ဦးနာဂိန္ဒ** နှင့် **ကိုရင်သီဟ** တို့သာ ဆရာတော်အနီးတွင် ကျန်ရစ်ကြ၏။ ဦးနာဂိန္ဒသည် ဆရာတော်အားနှိပ်နယ်ပေး၏။ ထို့နောက် ဆရာတော်အား ညဥ့်ဘက်စောင့်ရှောက်ပေးရန် ဦးပါလေး၊ ဦးရွှေသိန်း၊ ဦးတင်တို့ ရောက်လာကြ၏။

မိနစ်အနည်းငယ်ကြာသောအခါ ဆရာတော်သည် မှေးနေရာမှ ထူးခြားသော စကားကို ဆိုလိုက်၏။

"အောင်မယ်...သိကြားနဲ့နတ်တွေလာပြီး ရွတ်ဖတ်သရဇ္ဈာယ်တယ်ကွဲ့၊ သူတို့ပြန်သွားကြတော့ ဝိဇ္ဇာရဟန်းတွေလာပြီး အသံကျယ်လောင်ကျယ်လောင်နဲ့ ပရိတ်ရွတ်ဆိုကြတယ်၊ ဦးပဥ္ဇင်းတို့ ကိုရင်တို့ ကြားကြရဲ့လား"

"မကြားရဘူးဘုရား"

"နားထောင်နေကြတဲ့ ပရိသတ်ကလဲ တို့ကျောင်းအပြည့်ပဲဟေ့၊ ဝတ်စားထားတာတွေကလဲ လှလှပပ သစ်သစ်လွင်လွင်နဲ့၊ ရုပ်ရည်တွေကလဲ တယ်လှတာပဲ"

"ဘယ်မှာလဲဘုရား၊ တပည့်တော်တို့လဲ မမြင်ရပါလားဘုရား၊ တပည့်တော်တို့မြင်အောင် ပြပေးပါဦးဘုရား"

www.burmeseclassic.com

www.burmeseclassic.com



ကိုရင်သီဟက မြင်လိုသည့်ဇောနှင့် လျှောက်ထားလိုက်၏။

"ပြလို့မရဘူး…ကိုရင်၊ ကဲ…အိပ်တော့"

ဦးနာဂိန္ဒနှင့် ကိုရင်သီဟတို့က ဆရာတော်အား ခြင်ထောင်ချပေးပြီးနောက် ဖျာတစ်ချပ်ပေါ်တွင် လှဲနေလိုက်ကြ၏။ မကြာမီ ဆရာတော်၏စကား ပေါ်ထွက်လာပြန်၏။

"အေး…ကောင်းတယ်၊ များများနှိပ်ပေး…ဝတ်ဖြည့်တာကုသိုလ်ရတယ်"

တစ်ယောက်ယောက်က ဆရာတော်အား နှိပ်နယ်ဝတ်ဖြည့်နေဟန်တူ၏။

"ကဲ…တော်တော့၊ ခြေချီးပေးစမ်း၊ သြော်…ဒီပုဂ္ဂိုလ်က ခြေချီးလို့ မတတ်ပါလား၊ ကဲ…တော်ပါတော့"

ဦးနာဂိန္ဒနှင့် ကိုရင်သီဟတို့သည် လက်နှိပ်ဓာတ်မီးဖြင့် ထိုးကြည့်ကြရာ မည်သူ့ကိုမျှ မတွေ့ရချေ။ ခြင်ထောင်ချထားသည့်လက်ရာလည်း မပျက်ချေ။

အတော်အတန်ညဥ့်နက်လာသည့်အခါ ဆရာတော်သည် ပါဠိဘာသာဖြင့် စကားပြောဆိုနေသည်ကို ကိုရင်သီဟတို့ ကြားရပြန်၏။

ဤထူးဆန်းသောဖြစ်ရပ်များသည် အဓိပ္ပာယ်မပေါ်လွင်ဘဲ ကျော်လွန်သွားကြ၏။

## နောက်ဆုံးအကြိုနေ့

တန်ခူးလဆန်း ၁၄ ရက် (၁၂-၄-၈၇)

ဤနေ့တွင် ဆရာတော်သည် အရုဏ်ဆွမ်းအဖြစ် ဆန်ပြုတ်တစ်ပန်းကန်နှင့် ဟောလစ်၊ အိုဗာတင်းပါသည့် နွားနို့တစ်ခွက်ကိုသာ ဘုဉ်းပေးတော်မူ၏။

အရုဏ်ဆွမ်းဘုဉ်းပေးပြီးချိန်၌ ယောဂီအဖြစ် တရားအားထုတ်နေသော စစ်ကိုင်းမှ **ဆရာဝန်ဒေါ်မိမိ**သည် ကျောင်းပေါ်သို့တက်လာ၏။ ဆရာတော်မအီမသာဖြစ်နေသည်ကိုမြင်၍ ဦးဓမ္မစာရထံမှ ဒေါက်တာခင်မောင်ညိုပေးထားသည့် ဆေးကို တောင်းယူ၏။

"ဆရာတော်…ဆေးတစ်ခွက်သောက်လိုက်ပါနော်"

"သမီးတိုက်ချင်ရင် သောက်ပါ့မယ်၊ ဘုန်းကြီးက တစ်နိုင်ငံလုံးကဆေးတွေကို သောက်ခဲ့ပြီးပြီကွဲ့၊ ရောဂါသက်သာမယ်လို့ မထင်ပါဘူး"

ဒေါက်တာဒေါ်မိမိသည် ဆေးတိုက်ရန်အားနာသွားသဖြင့် ဆေးမတိုက်ဖြစ်တော့ချေ။

ဆရာတော်၏သမီး **ဒေါ်တင်ရွှေ** ရောက်လာသည်။ ဒေါ်တင်ရွှေသည် ယောဂီ ၂၅၀ ကျော်တို့အား ကျွေးမွေးရန်အတွက် ပင်တိုင်ချက်ပြုတ်ရေးတာဝန်ခံဖြစ်၍

www.burmeseclassic.com

www.burmeseclassic.com



အလွန်အလုပ်များနေသူဖြစ်၏။ မိမိကိုယ်ကိုပင် သပ်သပ်ရပ်ရပ်ဖြစ်အောင် မဖြီးလိမ်းနိုင်ချေ။ ဖခင်နာမကျန်းသည်ကို ကြားသိရ၍လည်း မျက်နှာမရွှင်မပျဖြစ်နေ၏။

"အဖေဘုရား...ဘယ်လိုခံစားနေရပါသလဲ"

"ဘုန်းကြီးရင်ဘတ်ထဲက မူနေတယ်၊ ဆီးချုပ်ဝမ်းချုပ်နေလို့ ခါတိုင်းလို ဆွမ်းဘုဉ်းမပေးနိုင်ဘူးကွယ်၊ ဝမ်းထဲမှာ လေတွေတိုးဖော့မွှေ့ယမ်းနေလို့ စားနဲ့ ထိုးဆွမ့်နှန်းလိုးသလို နာပါတယ်"

"အဖေဘုရား...ဆရာဝန်ပေးထားတဲ့ဆေး မသောက်ဘူးလား"

"သောက်လဲ မထူးပါဘူးသမီးရယ်၊ ဘုန်းကြီးတရားနှလုံးသွင်းပြီး နေပါ့မယ်၊ ဘုန်းကြီးအတွက် ပူပန်သောကဖြစ်မနေနဲ့၊ ဘုရားရဲ့သာသနာကို ကူညီဖြည့်ဆည်းတဲ့အနေနဲ့ သမီးရဲ့ကြီးလေးတဲ့တာဝန်ကိုသာ ကျေပွန်အောင် ထမ်းရွက်ပါနော်"

"တပည့်တော်မ တာဝန်ထမ်းရွက်ရတာ ပျော်ပိုက်ပါတယ်ဘုရား၊ ကိုယ်ပင်ပန်းပေမယ့် စိတ်မပင်ပန်းပါဘူး၊ မနက်တုန်းက အရဏ်ဆွမ်းပြင်ဆင်ပြီးတဲ့နောက် အဖေဘုရားကိုယ်စား တပည့်တော်မ ဆွမ်း, ရေချမ်းနဲ့ ပန်းတော်မြတ်များကို ဘုရားရှင်အား ဆက်ကပ်ပါတယ်ဘုရား။

"ဂင်္ဂါဝါဠုသဲစုမက ပွင့်တော်မူပြီးကြတဲ့ မြတ်စွာဘုရား အနန္တတို့ဘုရား၊ တပည့်တော်မ၏ ဖခင် ရဟန်းကြီး ဦးနန္ဒိယ၏ ကိုယ်စား ဤမွှန်မြတ်သောခဲဖွယ်ဘောဇဉ်, သောက်တော်ရေချမ်းနဲ့ ပန်းတော်မြတ်များကို ဆက်ကပ်လှူဒါန်းပါတယ်ဘုရား၊ ဤအလှူဒါနသည် ဖခင်ရဟန်းကြီးဦးနန္ဒိယ၏ အလှူဒါန ဖြစ်ပါတယ်ဘုရား၊ ဤသို့လှူဒါန်းရသောကုသိုလ်ကံစေတနာကြောင့် အဖေဘုရား၏ ကိုယ်ခန္ဓာ၌စွဲကပ်နေသော ရောဂါဝေဒနာတို့သည် ပိန်းကြာဖက်ပေါ်တွင် ရေမတင်သကဲ့သို့ လျှောကျပျောက်ကင်းပါစေဘုရား၊ အဖေဘုရား၏ လေးလံနေသော ကိုယ်လက်အင်္ဂါများနဲ့လျှာတို့သည် ပေါ့ပါးသွက်လက်စွာလှုပ်ရှားနိုင်ပြီး လျှင် စကားပီပီသသဖြင့် ဒကာ, ဒကာမအပေါင်းတို့အား တရားဓမ္မများကိုဟော ကြားပြသပေးနိုင်ပါစေဘုရား။

"အဖေဘုရားအတွက်ရည်စူးပြီး တပည့်တော်မ ဤသို့အလှူဒါနပြုပြီး ဆုတောင်းခဲ့ပါတယ်ဘုရား"

"သမီးပြုတဲ့ ဒါနကုသိုလ်တွေကို **သမီးလဲ ရတယ်၊ ဘုန်းကြီးလဲ ရတယ်၊** သာဓု...သာဓု...သမီး၊ **ဒါနကုသိုလ်ကို အမျှဝေလို့ရတယ်၊ ဝိပဿနာပညာကို အမျှဝေလို့မရဘူး၊** ကိုယ်စားမှကိုယ်ဝ၊ ကိုယ်လုပ်မှကိုယ်ရတယ်နော်"

www.burmeseclassic.com

www.burmeseclassic.com



"တင်ပါ့၊ တပည့်တော်မ ဝေယျာဝစ္စအလုပ်တွေနဲ့ပိနေတော့ ဝိပဿနာတရားအားထုတ်ချိန်မရပါဘူးဘုရား"

"အေး...အေး...အချိန်ရတဲ့အခါ ကြိုးစားမှတ်ပေါ့၊ သမီးရပါလိမ့်မယ်"

"အဖေဘုရားရဲ့ရင်ဘတ်ထဲက ပူနေတာကို တပည့်တော်မ သနပ်ခါးသွေးပြီး လိမ်းပေးပါရစေဘုရား"

"သနပ်ခါးရည်လိမ်းလို့ ဘယ်လိုအကျိုးထူးမှာလဲသမီး"

"ရင်ဘတ်အပြင်ဘက်က အေးသွားရင် အထဲမှာပူလောင်နေတာသက်သာသွားမှာပေါ့ဘုရား"

"ရောဂါကြောင့် အတွင်းကပူလောင်နေတာဟာ အပြင်က သနပ်ခါးလိမ်းရုံနဲ့ သက်သာသွားနိုင်ပါ့မလား"

"သက်သာမှာပါဘုရား၊ တပည့်တော်မ လိမ်းပေးပါရစေ"

"သမီးလိမ်းချင်ရင် လိမ်းပေါ့လေ၊ ဘုန်းကြီးက လိမ်းဖို့မတိုက်တွန်းဘူး"

ခွင့်ရသည်နှင့် တစ်ပြိုင်နက် ဒေါ်တင်ရွှေသည် မိမိနေထိုင်ရာဆွမ်းစားကျောင်းသို့ အလျင်အမြန်ဆင်းလာပြီးလျှင် သနပ်ခါးသွေးလေ၏။ သနပ်ခါးရည်ကို အခိုးဆွဲအပူငြိမ်းဆေးနှင့် ရောစပ်ပြီးနောက် ဖခင်ရဟန်းကြီးထံ သွားရောက်ပြီး ရင်ဘတ်တွင် လိမ်းကျံပေးစေ၏။

ဒေါ်တင်ရွှေသည် မိမိတတ်အားသမျှ ဖခင်ကြီးအားပြုစုပေးပြီးသည့်နောက် ကျေနပ်ဝမ်းသာသွားပြီးလျှင် ဆွမ်းကိစ္စစီမံရန် ထွက်ခွာသွားလေ၏။

ဆရာတော်၏ဝေဒနာကား သက်သာခြင်းမရှိချေ။

နံနက် ၈–နာရီကျော်အချိန်တွင် ကမ္ဘာ့ကုလသမဂ္ဂဖွံ့ဖြိုးရေးစီမံကိန်း **(UNDP)** အဖွဲ့ဝင်များသည် ကားခုနစ်စီးဖြင့် တော်ကူးရိပ်သာသို့ရောက်လာကြ၏။ လူကြီးကလေး စုစုပေါင်း ၈၆–ဦးပါဝင်ကြ၏။

အဖွဲ့ခေါင်းဆောင်မှာ ဂျပန်လူမျိုး **မစ္စတာကစ်တာတာနီ** ဖြစ်၏။ ကစ်တာတာနီသည် အမေရိကန်ပြည်ထောင်စု နယူးယောက်မြို့ရှိ ယူအင်န်ဒီပီရုံးချုပ်တွင် ၁၉ နှစ် လုပ်ကိုင်ခဲ့သူဖြစ်၏။ ထိုသို့လုပ်ကိုင်နေစဉ် အစာအိမ်ကင်ဆာရောဂါဖြစ်သဖြင့် နယူးယောက်မြို့ရှိဆေးရုံတစ်ရုံ၌ တက်ရောက်ပြီး ခွဲစိတ်ကုသခြင်းကိုခံယူရ၏။ ခွဲစိတ်ပြီးနောက် သုံးလသာအသက်ရှင်နိုင်မည်ဟု ဆရာဝန်များက မှတ်ချက်ချ၏။

ကစ်တာတာနီသည် မိမိစားသောက်သည့်စနစ်ကို လုံးဝပြောင်းလဲလိုက်၏။ ဆန်လုံးညိုကိုအခြေခံ၍ ဟင်းသီးဟင်းရွက်နှင့် ပဲများကိုသာ စားသုံး၏။ အသားလုံးဝမစားချေ။ စိတ်တင်းကျပ်မှုမဖြစ်ရန် ဘာဝနာပွားများခြင်းကို ပြု

www.burmeseclassic.com

www.burmeseclassic.com



လုပ်၏။ ယခုအခါ ခွဲစိတ်ကုသပြီးသည့်အချိန်မှ ငါးနှစ်ကျော်ကြာညောင်းခဲ့ပြီ။ ကစ်တာတာနီသည် အကျန်းမာဆုံးလူကောင်းတစ်ယောက်ဖြစ်လျက်ရှိ၏။

မြန်မာ့ယဉ်ကျေးမှုနှင့် ဗုဒ္ဓဘာသာကို စိတ်ဝင်စားသဖြင့် ကစ်တာတာနီသည် ယူအင်န်ဒီပီ၏ မြန်မာနိုင်ငံကိုယ်စားလှယ်အဖြစ် လုပ်ကိုင်နေခြင်းဖြစ်၏။ ရန်ကုန်မြို့တွင် လုပ်ကိုင်နေထိုင်စဉ် တော်ကူးဆရာတော်၏အကြောင်းကို ကြားသိရသဖြင့် ကျိုက္ခမီ,စက်စဲသို့ အလည်အပတ်သွားရင်း တော်ကူးရိပ်သာသို့ဝင်ရောက်လာခြင်း ဖြစ်၏။

ဂျပန်၊ ချက်ကိုဆလားဗီးယန်း၊ တရုတ်၊ မြန်မာတို့ပါဝင်ကြသော ယူအင်န်ဒီပီအဖွဲ့ဝင်များသည် ဆရာတော်၏ကျောင်းပေါ်သို့ တက်လာကြ၏။ ထိုအခါ ဆရာတော်သည် ကတို့အိုးကုဋီပေါ်တွင် ထိုင်နေဆဲအခါ ဖြစ်၍ ကန့်လန့်ကာအဝတ်ကာထားရ၏။ ထိုအဝတ်ကို ဖယ်ရှားစေပြီး ဆရာတော်ပြုံးပြုံးရွှင်ရွှင် ထွက်လာ၏။

ကြာမြင့်စွာကွေကွင်းနေရသော သားသမီးမြေးမြစ်များကို ပြန်လည်တွေ့ဆုံရသည့်နှယ် ဆရာတော်သည် နိုင်ငံခြားဧည့်သည်များကို ရွှင်လန်းဝမ်းမြောက်သည့် အမူအရာဖြင့် ကြိုဆို၏။

မစ္စတာကစ်တာတာနီက ဆရာတော်ဘုရားနှင့် မျက်နှာချင်းဆိုင် ထိုင်မိသောအချိန်တွင် ဆရာတော်၏ကျောင်းကလေးသည် ယူအင်န်ဒီပီအဖွဲ့ဝင်များနှင့် ပြည့်နှက်သွားပေတော့၏။

ဧည့်သည်အပေါင်းက ဆရာတော်အား ဦးသုံးကြိမ်ချလိုက်သည့်အခါ ဆရာတော်က "ငါ့သားသမီးမြေးမြစ်များ ကျန်းမာကြပါစေ၊ ချမ်းသာကြပါစေ၊ လိုအင်ဆန္ဒနဲ့ ကုံလုံပြည့်ဝကြပြီးလျှင် မင်္ဂဖိုလ်နိဗ္ဗာန်ကို လျင်မြန်ထုတ်ချောက် မျက်မှောက်ပြုနိုင်ကြပါစေ" ဟု ဆုတောင်းပေးလိုက်၏။

ထို့နောက် မစ္စတာကစ်တာတာနီက တရားအကြောင်းမေးမြန်းသည်များကို ဆရာတော်က မေးသူကျေနပ်အောင် ဖြေကြားတော်မူ၏။ မေးခွန်းဆုံးသွားသည့်အခါ ဆရာတော်က တစ်လှည့်ပြန်မေး၏။

"ဒကာက ကုလသမဂ္ဂအဖွဲ့ချုပ်ကြီးရဲ့ကိုယ်စားလှယ်ဆိုတော့ ကမ္ဘာမှာ အင်မတန်ဂုဏ်မြင့်တာပေါ့နော်"

"မမြင့်ပါဘူးဘုရား၊ ကမ္ဘာမှာ ဘုန်းဘုရားတို့ကသာလျှင် အမြင့်မြတ်ဆုံးပုဂ္ဂိုလ်များ ဖြစ်ကြပါတယ်၊ ဒါကြောင့် တပည့်တော်တို့ ရှိခိုးကန်တော့နေကြရပါတယ်ဘုရား"

www.burmeseclassic.com

www.burmeseclassic.com



"အေး...အေး၊ ဒကာ တရားထိုင်ဖူးသလား"

"နည်းနည်းပါးပါး ထိုင်ဖူးပါတယ်ဘုရား"

"တစ်ခါတစ်ခါထိုင်ရင် ဘယ်လောက်ကြာသလဲ"

"နာရီဝက် တစ်နာရီလောက်ပါပဲဘုရား"

"ခြောက်နာရီကြာအောင် တစ်စပ်တည်း ထိုင်မမှတ်ချင်ဘူးလား"

"ဘယ်လိုရှုမှတ်ရပါသလဲဘုရား"

"ဒကာ နည်းသိချင်ရင် ဘုန်းကြီးနည်းပြပေးမယ်လေ"

"ဘယ်တော့ပြပေးမလဲ ဘုရား"

"ဒကာ အခုထိုင်မှတ်နိုင်ရင် အခုပြပေးပါ့မယ်၊ တရားထိုင်မှတ်လိုက်ရင် မဂ္ဂင်သဘော်စီးဖို့ လက်မှတ်ရသွားမှာပေါ့"

"တပည့်တော်က မိတ်ဆွေတွေနဲ့ ကျိုက္ခမိ, စက်စဲ သွားကြမယ်ဘုရား၊ နောက်...တပည့်တော် သပ်သပ်လာခဲ့ပါ့မယ်ဘုရား"

"ဘယ်တော့လာမလဲ"

"နောက်လ လာပါ့မယ်ဘုရား"

"ကောင်းပြီ၊ ကနေ့လာကြတဲ့ ဒကာ ဒကာမအားလုံး ဘုန်းကြီးနဲ့ရေးရေစက်ရှိလို့ ခုလိုကြုံတွေ့ကြရတာ၊ ဘုန်းကြီးနဲ့ကြုံခိုက် ဘုန်းကြီးတရားလက်ဆောင်ပေးချင်တယ်၊ ဒကာ ဒကာမတို့ မိမိကိုယ်ကိုချစ်ကြတယ်မဟုတ်လား"

"ချစ်ပါတယ်ဘုရား"

"အေး...ကိုယ့်ကိုယ်ကိုချစ်ရင် သံသရာမှာမနစ်အောင် ကြိုးစားကြရမယ်၊ ကာမဂုဏ်ချမ်းသာနဲ့ ဘဝတို့ကို နှစ်သက်တွယ်တာတဲ့ တဏှာရယ်၊ ဘဝရဲ့အမှန်သဘောကိုမသိတဲ့ အဝိဇ္ဇာရယ်၊ ဒါတွေရှိနေရင် ဒကာ ဒကာမတို့ သံသရာလည်ကြရဦးမယ်၊ ဒီဘဝမှာ ဝိပဿနာကုသိုလ် မလုပ်ထားရင် နောင်ဘဝမှာ အပါယ်မကျနိုင်ဘူးလို့ ဘယ်သူမှမပြောနိုင်ဘူး၊ အပါယ်ကျသွားရင် အပါယ်ဘဝတွေက ပြန်လွတ်မြောက်ဖို့ဆိုတာ သိပ်ခဲယဉ်းတယ်ကွဲ့။

"ဒါကြောင့် ကိုယ့်ကိုယ်ကိုချစ်ရင် ကိုယ့်ဘဝကောင်းစားအောင် လုပ်ကြရမယ်၊ ကိုယ့်ဘဝကို အကောင်းဆုံးဖြစ်အောင်ပြုလုပ်တဲ့နည်းက ဝိပဿနာတရားရှုမှတ်တဲ့နည်းပါပဲ၊ ဘုန်းကြီးရဲ့သွေးရင်းသားရင်းတွေလို ဘုန်းကြီးက ခင်မင်လို့ အမြန်ဆုံးတရားအားထုတ်ဖြစ်အောင် ကြိုးစားကြပါလို့ ဘုန်းကြီးတိုက်တွန်းပါတယ်နော်။

"ဒကာ ဒကာမတို့အားလုံး ဘေးဘယာဝေးကွာပြီး ကျန်းမာချမ်းသာအောင် ဘုန်းကြီးမေတ္တာပို့ပေးပါ့မယ်။ ဘုန်းကြီး နံနက် ၆–နာရီမှာ တစ်ကြိမ်၊

www.burmeseclassic.com

www.burmeseclassic.com



ခန့်တို့သည် ဘတ်စ်ကားကြီးတစ်စီးဖြင့် တော်ကူးရိပ်သာသို့ ရောက်လာကြ၏။ ဦးစာရိတ္တဆရာတော်သည် တော်ကူးဆရာတော်ပျံလွန်သည့်အခါ တော်ကူးရိပ်သာကို ဆက်လက်အုပ်ချုပ်ရမည့်ဆရာတော် ဖြစ်၏။

မော်လမြိုင်သတိပဋ္ဌာန်အဖွဲ့သည် ရောက်မဆိုက်ပင် ဆရာတော်၏ကျောင်းကလေးပေါ်သို့ တက်လာကြ၏။ သူတို့ကို ဆရာတော်က ပြုံးပြုံးရွှင်ရွှင် ဆီးကြို နှုတ်ဆက်သဖြင့် အားလုံး 'ဟင်း...'ဟု သက်ပြင်းချကာ ပြုံးရွှင်သွားကြလေ၏။

"ဆရာတော် နာမကျန်းဖြစ်နေကြောင်း သတင်းကြားလို့ ဆင်းလာကြတာပါ ဘုရား"

"ဟုတ်တယ်၊ ဘုန်းကြီးအခုတလော သိပ်နေလို့မကောင်းဘူး"

"တပည့်တော်တို့ အခုဆင်းလာတဲ့အချိန်မှာ အဓိဋ္ဌာန်တစ်ခုပြုခဲ့ကြပါတယ်ဘုရား၊ တော်ကူးဆရာတော် စကားပြောနိုင်တာကိုဖူးတွေ့ရရင် တပည့်တော်တို့ နေ့ချင်းပဲ မော်လမြိုင်ပြန်ကြမယ်၊ တကယ်လို့ ဆရာတော်စကားမပြောနိုင်ရင် ဒီမှာအိပ်ပြီး ဆရာတော်ကို ပြုစုကြဖို့ပါဘုရား"

ဦးဆောင်ဒကာမ **ဒေါ်လွန်းခင်** က လျှောက်ထားလိုက်၏။

"ဒီလိုဆိုရင် ဘုန်းကြီးစကားပြောမိတာ မှားသွားပြီပေါ့"

ဆရာတော်က ရယ်စရာထေ့လုံးစကားပြောလိုက်သည့်အတွက် အားလုံး ရယ်မောကြ၏။

"တပည့်တော်မတို့ ဆရာတော်ဘုရားကို ယခုလိုရွှင်ရွှင်လန်းလန်း ဖူးတွေ့ရမယ်လို့ မမျှော်လင့်ခဲ့ကြပါဘူးဘုရား၊ ဆရာတော်ရဲ့ကျောင်းမှာ ယောဂီတွေ ပြည့်သိပ်နေတာပဲ၊ ဆရာတော်လဲ အလုပ်သိပ်များနေမှာပဲ၊ တပည့်တော်တို့ ပြန်လိုက်ကြဦးမယ်ဘုရား"

"ဟင်...ရောက်မဆိုက်ပဲ ပြန်ကြတော့မှာလား၊ ဆွမ်းစားသွားကြပါဦး၊ သံဃာဆောင်သစ်နဲ့ ယောဂီဆောင်သစ်တွေ တိုးချဲ့ထားတာတွေကိုလဲ လိုက်ကြည့်ကြပါဦး"

"တပည့်တော်တို့ အခုဆင်းသွားတဲ့အခါ တစ်ပတ်ကြည့်လိုက်ကြပါမယ်ဘုရား၊ ဆွမ်းတော့ မစားကြတော့ဘူး၊ ဆရာတော်ခွင့်ပြုပါဘုရား"

"အေး...အေး၊ တွေ့ဆုံကြုံကွဲ မမြဲလောကသင်္ခါရတရားတွေပါပဲနော်"

"ဆရာတော်ဘုရား...သက်တော်ရာကျော်ရှည်ပါစေဘုရား"

"ဘုန်းကြီးက သက်တော်ရာကျော်ရှည်ပါပြီတဲ့၊ ဒကာမတို့ကကော မကြာခဏ လာနိုင်ကြမယ်တဲ့လား"

"လာနိုင်ပါတယ်ဘုရား၊ နောက်တစ်ခေါက်လာတဲ့အခါ ကိုးဆယ့်ခြောက်

www.burmeseclassic.com

www.burmeseclassic.com



ပါးသောရောဂါများကို ပျောက်ကင်းစေတဲ့ *'ဆင်ပွေးဖမ်းလျှောက်၊ ဆားလှော်နဲ့ နှောက်၊ ဆငွဝတိရောဂါပျောက်ဆေး'* ကို ယူလာပါ့မယ်ဘုရား"

"သာဓု...သာဓု၊ ကျန်းမာပါစေ... ချမ်းသာပါစေ၊ တွေ့ကြုံဆုံကွဲ မမြဲတဲ့ လောက သင်္ခါရတရားပဲနော်"

ဤနောက်ဆုံးစကားကို ဆရာတော်နှစ်ကြိမ်အမိန့်ရှိလိုက်ပေ၏။ ဒေါ်လွန်းခင်တို့က အဓိပ္ပာယ်မှန်ကို မရိပ်စားမိလိုက်ကြချေ။ ဤမျှကျန်းမာနေသော ဆရာတော်သည် မနက်ဖြန်ညဥ့် ပျံလွန်တော့မည်ကို မည်သူရိပ်စားမိနိုင်အံ့နည်း။

ဒေါ်လွန်းခင်သည် ဤတော်ကူးရိပ်သာ၌ ပထမဆုံးတိုက်ကျောင်းကို ဆောက်လှူခဲ့သောအလှူရှင်ဖြစ်၏။ ဆရာတော်၏ ဒကာမအရင်းတစ်ဦးဖြစ်သည်နှင့်အညီ ဆရာတော်က ရင်းရင်းနှီးနှီး အမှတ်တရစကားကို မိန့်ဆိုခဲ့ခြင်း ဖြစ်ပေ၏။

## ပြုံးတစ်ခါ မဲ့တစ်လှည့်မျက်နှာ

မော်လမြိုင်သတိပဋ္ဌာန်အဖွဲ့ ပြန်သွားကြပြီးသည့်နောက် ယောဂီသစ်များ တဖွဲဖွဲဆက်လက်ရောက်လာကြပြန်၏။ ရောက်လာသူတိုင်းအား ဆရာတော်သည် ပြုံးချိုစွာကြိုဆိုပြီး အဖူးမြော်ခံ၏။

စကြံကျောင်းကလေးပေါ်၌ ယောဂီများ ရှင်းသွားသည်နှင့် တစ်ပြိုင်နက် ဆရာတော်၏မျက်နှာအမူအရာသည် ညှိုးငယ်သွားပြီး နာကျင်ခံခက်သည့်အရိပ် အယောင်များ ယှက်သန်းလာကြတော့၏။

ဆရာတော်သည် မိမိကိုယ်ခန္ဓာအတွင်း၌ အလွန်ပြင်းထန်သော ဝေဒနာဆိုးများကို အလူးအလိမ့်ခံစားနေရပါလျက် ယောဂီသစ်တို့၏ရှေ့မှောက်တွင် ကျန်းမာပကတိ ချမ်းသာစွာရှိနေဟန်ဖြင့် ပြုံးပြုံးရွှင်ရွှင် နေနိုင်ခြင်းမှာ အလွန် အံ့သြစရာကောင်းလှပေ၏။

"ကဲ...ဦးပဥ္ဇင်းတို့၊ ဘုန်းကြီးကို ထူမပေးကြစမ်း၊ ဘုန်းကြီးတရားမှတ်မယ်"

ဝဖြိုးသောဆရာတော်၏ ခန္ဓာကိုယ်ကို အနည်းဆုံးလူနှစ်ယောက် ထူမပေးမှသာ ဆရာတော်သည် သက်သောင့်သက်သာ ထနိုင်ပေ၏။ ထပြီးနောက် ခုတင်ခြေရင်းဆီမှ ၁၀ လှမ်းခန့်လျှောက်သွားပြီးလျှင် ခုတင်ခြေရင်းပေါင်ကို မှေးကိုင်ကာ ဆရာတော်မတ်တတ်ရပ်လျက် တရားရှုမှတ်လေ၏။

ဆရာတော်တရားရှုမှတ်နေစဉ် ခန္ဓာကိုယ်တုန်ခါလှုပ်လွန့်နေသည်ကို ထောက်ရှုခြင်းဖြင့် ဆရာတော်၏ရောဂါဝေဒနာ မည်မျှပြင်းထန်နေသည်ကို ခန့်မှန်းနိုင်ပါသည်။ တစ်ခါတစ်ရံတွင် တဟီးဟီး...တဟင်းဟင်းဟုပင် ညည်းသံ ညင်းညင်း ပေါ်ထွက်လာပေ၏။

www.burmeseclassic.com

www.burmeseclassic.com



ဝမ်းချုပ်ဆီးချုပ်နေသူ၌ ခန္ဓာကိုယ်အတွင်း လှုပ်ရှားသွားလာနေကြသော ဝါယောဓာတ်က ထကြွသောင်းကျန်း၍ မွှေနှောက်တိုးဝှေ့လေလျှင် လေသင်တုန်းဖြတ်သည့်နှယ် အသည်းအူပြတ်မျှ ခံစားကြရသည်မဟုတ်ပါလား။

ပဋ္ဌပါဒါနက္ခန္ဓာဒုက္ခာ...ဉပါဒါန်ဖြင့်စွဲလမ်းအပ်သော ဤခန္ဓာငါးပါးအစုအဝေးသည် ဒုက္ခဆင်းရဲခြင်း အစစ်အမှန် ဖြစ်သည်ဟု ဗုဒ္ဓဟောကြားခဲ့သည်မဟုတ်ပါလား။

ပထဝီ၊ အာပေါ၊ တေဇော၊ ဝါယော တည်းဟူသော ဓာတ်ကြီးလေးပါးဖြင့် ပဓာနဖွဲ့စည်းထားသော ဤရုပ်ခန္ဓာကိုယ်တွင် တစ်ပါးပါးချွတ်ယွင်းဖောက်ပြန်လေလျှင် ခန္ဓာအဖွဲ့အစည်းတစ်ရပ်လုံးသည် သိမ့်သိမ့်တုန်လျက် ယိုင်လဲသွားပေတော့၏။

ရုပ်ခန္ဓာ၌နာကျင်မှုများသည် ဆင်းရဲသောဝေဒနာနှင့်တကွ ထိသိစိတ်(ဒုက္ခသဟဂုတ်ကာယဝိညာဏ်စိတ်) ကို အလိုအလျောက်ဖြစ်ပေါ်စေသည်ဖြစ်ရာ ဤအခါမျိုး၌ မညည်းမညူဘဲ ရွှင်ရွှင်ပြုံးပြုံးနှင့် ပြုမူပြောဆိုနိုင်ခြင်းသည် အံ့ဖွယ်ရာတစ်ပါးပင် ဖြစ်သည်။

မတ်တတ်ရပ်၍တရားရှုမှတ်သည့်အခါ၌ နာကျင်ခံခက်သည့်ဝေဒနာသည် ပို၍ပေါ်လွင်ထင်ရှားလာသည်။ အလွန်နာကျင်သည့်အခါ ခန္ဓာကိုယ်၏ အလိုအလျောက်တုံ့ပြန်မှု **(reflex action)** ကြောင့် ခန္ဓာကိုယ်သည် လူးလွန့်ယိမ်းယိုင်သွားနိုင်ပါသည်။ ခန္ဓာကိုယ်၌မခံသာအောင် နာကျင်သည့်အခါ၌ တဟင်းဟင်း...ညည်းတတ်သည့် အလေ့အထမှာ လူတိုင်းတွင်ရှိတတ်ပေ၏။

*ငိုတိုင်းလည်း ဝမ်းနည်းသည်မဟုတ်၊ မျက်ရည်ယိုတိုင်းလည်း စိတ်ဆင်းရဲမှုကြောင့်မဟုတ်။ ဝမ်းသာလွန်းလို့လည်း ငိုတတ်ကြသည်။ ပီတိဖြာသောကြောင့်လည်း မျက်ရည်ယိုတတ်ကြသည်။*

ဆရာတော်ဘုရားသည် ဝေဒနာနှင့်မည်မျှနပန်းလုံးနေရစေကာမူ ယောဂီသစ်တစ်ဦးဦး အဖူးမြော်ရောက်လာလျှင် မျက်နှာထားကို ရွှင်ပျကြည်သာအောင် ပြုပြင်လိုက်ပြီး ကြမ်းပြင်ပေါ်ခင်းထားသည့် မိမိအိပ်ရာထက်သို့သွားရောက်၍ ထိုင်ချကာ ကန်တော့ခံလေ၏။ ဆုပေးပြီးနောက် ပြုံးပြုံးရွှင်ရွှင်ပင် အာလာပသလ္လာပစကားနှင့် တရားစကားတို့ကို ပြောကြားတော်မူ၏။

ထိုတန်ခူးလပြည့်အဖိတ်နေ့တွင် တော်ကူးရိပ်သာသို့ နိုင်ငံခြားဧည့်သည်များ၊ မော်လမြိုင်သတိပဋ္ဌာန်ဧည့်သည်များနှင့် ယောဂီသစ် ၅၀ ကျော် လာရောက်ကြသည့်အတွက် ဆရာတော်သည် အဖူးမြော်ခံတစ်လှည့်၊ တရားအားထုတ်မှုတစ်လှည့်ဖြင့် တစ်နေကုန်အလုပ်များနေပေတော့၏။

www.burmeseclassic.com

www.burmeseclassic.com



ထိုနေ့တွင် ဆရာတော်၏ဝေဒနာသည် ပိုမိုပြင်းထန်လာသည့်အတွက် ဆရာတော် ကြိုးစား၍ အလုအယက်တရားမှတ်နေခြင်း ဖြစ်၏။ တရားမှတ်နေဆဲကာလ၌လည်း "ဟေး…ဟေး…နေဦး၊ ငါ့အမျိုးတွေ လာကြဦးမယ်၊ လူစုံတဲ့အထိ စောင့်ပါဦး"ဟု ဆရာတော် နှစ်ကြိမ်သုံးကြိမ် မြွက်ဆို၏။ မည်သူ့အား ရည်ညွှန်းပြောဆိုနေသည်ကို အနီးရှိရဟန်းများနှင့် ဒကာများ မသိကြချေ။

အနားလည်းမရ၊ တရားအားထုတ်ခွင့်လည်း ကောင်းစွာမရ၊ ရောဂါဝေဒနာကလည်း အထူးဖိစီးနေပြန်သည့်အတွက် အမှောင်ပျိုးလာချိန်တွင် ဆရာတော် မောဟိုက်နေ၏။

ဆရာတော်၏ကျောင်းကလေးပေါ်၌ သံဃာတော်များက ညီညီညာညာ ဝတ်ပြုပြီး ပရိတ်တရားတော်ကို ရွတ်ဆိုကြ၏။ ထို့နောက် ဗောဇ္ဈင်တရားတော်ကို ဆရာတော်၏ အမည်နှင့်တကွ ရွတ်ဆိုကြ၏။ ထိုအချိန်ကာလအတွင်း၌ ဆရာတော်သည် ဆင့်ထားသည့်ခေါင်းအုံးများကို နောက်ကျောမှီ၍ လှဲနေပြီးလျှင် ဒကာများ၏ ဝတ်ဖြည့်ခြင်းကို ခံယူတော်မူ၏။

ဦးနာဝိက,က ပရိတ်တရားရွတ်ဆိုနေရာမှ ဆရာတော်ကို လှမ်းကြည့်သည့်အခါ ဆရာတော်သည် သံဃာတော်များအပေါ်၌ စူးစိုက်ကာ တွေတွေကလေး ကြည့်နေသည်ကို မြင်တွေ့ရ၏။ နောက်ဆုံးကြည့်ခြင်းမျိုးဖြင့် ဆရာတော်ကြည့်ရှုနေလေသလောဟုပင် ဦးနာဝိက ခံစားနေမိ၏။

ညဉ့် ၈ နာရီထိုးသည့်အခါ ဆရာတော်က ဒကာများအား ဓမ္မာရုံသို့သွားပြီး တရားအားထုတ်ရန် ပြောကြားလိုက်၏။ ထို့နောက် ဆရာတော်သည် မျက်စိကို စုံမှိတ်၍ တရားနှလုံးသွင်းလေရာ ၉ နာရီကျော်ကျော်လောက်တွင် အိပ်မောကျသွားလေ၏။

ဆရာတော်အိပ်မောကျနေစဉ် အလင်းရောင်အလုံးကြီးတစ်ခုသည် ပြတင်းပေါက်မှဝင်လာပြီးလျှင် ဆရာတော်၏ ကိုယ်ထက်၌ထွန်းလင်းနေသည်ကို ဆရာတော်အား စောင့်ရှောက်နေသော ဦးဓမ္မစာရ ဖူးတွေ့ရ၏။ ယခင်ညဉ့်ကလည်း ဤသို့သောအလင်းရောင်အလုံးကြီးကို ဦးဓမ္မစာရ တစ်ကြိမ်ဖူးတွေ့ခဲ့ရသေး၏။ မိနစ်အနည်းငယ်ကြာသောအခါ အလင်းလုံးသည် ပြန်လည်ထွက်ခွာသွား၏။

သန်းခေါင်ယံကျော်လွန်သည့်အခါ ဆရာတော်နိုးလာ၏။ ဆီးသွားချင်၍ ဆီးသွားရာ ဆီးမထွက်ချေ။ ဝမ်းသွားချင်၍ဝမ်းသွားရာ ဝမ်းမပေါက်ချေ။ ဆီးချုပ်ဝမ်းချုပ်လျက် ဝမ်းတွင်းလေတို့က အထက်ဘက်သို့ တွန်းလှန်တိုးဝှေ့ မွှေနှောက်ကြသည့်အတွက် ဆရာတော် ဝေဒနာအလူးအလိမ့်ခံစားရ၏။

ထိုဝေဒနာတို့ကို သည်းခံကာ ကြိတ်မှိတ်၍တရားရှုမှတ်ရင်း အရုဏ်ဦး

www.burmeseclassic.com

www.burmeseclassic.com



ကျင်းသည့် လင်းလုချိန်သို့ ရောက်လာ၏။ သေလုမျောပါး ဝေဒနာပေါင်းများစွာကို အနိုင်မခံအရှုံးမပေးဘဲ ကြံ့ကြံ့ခံခဲ့ရသောဆရာတော်သည် ဤနောက်ဆုံးအချိန်၌လည်း အံ့ဖွယ်ချီးမွမ်းဖွယ် သတ္တိရှိရှိဖြင့် ကြိတ်မှိတ်ကာခုခံနေပါပကော။

## ထိုနောက်ဆုံးနေ့

၁၃၄၈ ခုနှစ်၊ နှောင်းတန်ခူးလပြည့်နေ့ (၁၃-၄-၈၇)

ဤနေ့သည် သင်္ကြန်အကြိုနေ့လည်းဖြစ် လပြည့်နေ့လည်းဖြစ်သည့်အတွက် တစ်ပြည်လုံးက နှစ်ဟောင်းကုန်ဆုံး၍ နှစ်သစ်သို့ကူးပြောင်းမည့် သင်္ကြန်ပွဲတော်ကြီးကို ပျော်ပျော်ပါးပါး ကျင်းပကြရန် တာစူပြင်ဆင်နေကြပေ၏။

တော်ကူးဆရာတော်ဘုရားအတွက်ကား ၉၇ နှစ်တာ ကြာညောင်းခဲ့ပြီဖြစ်သော မိမိ၏ဘဝကို နိဂုံးကမ္ပတ်အဆုံးသတ်ရန် ပြင်ဆင်ရမည့်နေ့ ဖြစ်၏။

အရုဏ်ဆွမ်းချိန် ကျရောက်လာ၏။ ဆရာတော်အား ဆွမ်းကပ်ကြ၏။ ဆရာတော် ဘုဉ်းမပေးနိုင်တော့ပြီ။ ကြက်ပြုတ်ရည်တစ်ခွက်ကိုသာ ဘုဉ်းပေးတော်မူ၏။ ယာဂုကို ဘုဉ်းပေးခြင်းမပြုတော့။ ဟောလစ်နှင့် အိုဗာတင်း ရောထားသည့် နွားနို့ကို သမီးဒေါ်တင်ရွှေက ဆက်ကပ်၍ 'အားရှိအောင် ဘုဉ်းပေးပါဘုရား' ဟု လျှောက်ထား၏။ ဆရာတော်က သမီးမျက်နှာကိုကြည့်၍ 'ဘုန်းကြီးခန္ဓာကိုယ်က လက်မခံတော့ဘူးသမီး' ဟု မိန့်ကြားတော်မူ၏။

ဒေါ်တင်ရွှေက မျက်နှာညှိုးငယ်သွားပြီး 'အဖေဘုရား နေမကောင်းဘူးလား' ဟု မေးလျှောက်၏။

"ဟုတ်တယ်၊ နေမကောင်းဘူး သမီး"

"ဒီလိုဆိုရင် ဒေါက်တာခင်မောင်ညိုကို အခေါ်ခိုင်းလိုက်ရအောင်နော်"

"ခေါ်မခိုင်းနဲ့တော့၊ တံပိုးထက် လက်ခကြီးနေလိမ့်မယ်"

"ဖေဘုရားဘာကို ဆိုလိုတာလဲဘုရား၊ တပည့်တော်မ နားမလည်ပါဘူး"

"ဟုတ်တယ်၊ သမီးတို့နားလည်အောင် ဘုန်းကြီးပြောပြစရာတွေ အများကြီး ရှိတယ်၊ ပြောလို့မရဘူးလေ"

"ဖေဘုရား...မောနေမယ်၊ မပြောပါနဲ့တော့ဘုရား"

ဒေါ်တင်ရွှေသည် စေတနာရိုးရိုးဖြင့် ဤသို့ဟန့်တားလိုက်မိသည်ကို နောင်မှနောင်တ ရမိပေလိမ့်မည်။

"အေး...အေး...ရိပ်သာမှာ ယောဂီတွေ သိပ်များနေပြီနော်၊ သမီးတို့ ပင်ပင်ပန်းပန်း ချက်ပြုတ်ကြရလိမ့်မယ်၊ ကဲ...လုပ်စရာရှိတာတွေ သွားလုပ်ချည်"

"တင်ပါ့ဘုရား...ရိပ်သာမှာ ယောဂီသုံးရာလောက် ရှိနေပြီ၊ နေရာတွေအား

www.burmeseclassic.com

www.burmeseclassic.com



လုံးပြည့်ပြီး နေရာမဆံ့တော့လို့ အချို့ရာဘာခြံထဲမှာ တရားသွားအားထုတ်ကြပါတယ်ဘုရား"

"အေး…လူပြည့်ရင် သဘော်ထွက်မယ်၊ သဘော်ထွက်တော့ လှိုင်းတွေရိုက်ပုတ်လို့ သမီးတို့မူးကြမယ်၊ အန်ကြလိမ့်မယ်၊ အန်တာကို သူများမြင်ရင် ရွံကြလိမ့်မယ်၊ အဲဒီတော့ မအန်မိအောင် ကိုယ့်ကိုယ်ကိုထိန်းသိမ်းကြနော်"

ဤစကားသည် ဆရာတော်ဆိုလိုသည့်အဓိပ္ပာယ်ကို သဘောပေါက်လျှင် အလွန်ထူးခြားလေးနက်လှ၏။ သဘော်ထွက်တော့မည်ဆိုသည်မှာ ဆရာတော်ပျံလွန်တော့မည်ဖြစ်ကြောင်း၊ လှိုင်းပုတ်၍မူးအန်ကြမည် ဆိုသည်မှာ ဒေါ်တင်ရွှေနှင့် ဒကာရင်းများက ဝမ်းနည်းပူဆွေး၍ ပရိဒေဝမီး တောက်လောင်တော့မည်ဖြစ်ကြောင်းတို့ကို ထိုအချိန်အခါ၌ ဒေါ်တင်ရွှေတို့မရိပ်စားမိကြချေ။

ဒေါ်တင်ရွှေသည် ချက်ပြုတ်စရာ စီစဉ်စရာ လုပ်ကိုင်စရာတွေ တစ်ပုံတစ်ခေါင်းကြီးမို့ မိမိတာဝန်မလစ်ဟင်းရန် ဆွမ်းစားကျောင်းသို့ ဆင်းသွား၏။ ဆရာတော်ဘုရားသည်လည်း မိုးလင်းသည်နှင့်တစ်ပြိုင်နက် လာရောက်ဖူးမြော်ကြသော ဒကာ ဒကာမများကို တွေ့ဆုံကာ ဆုပေး၏။ လက်မှတ်မပျောက်ရန် ထိန်းသိမ်းကြဖို့ မှာကြား၏။

ထို့နောက် *'ညည်းညူမရှိ၊ သတိမမေ့၊ ချိန်နေ့သိပြန်၊ မျက်လန်ကြောဆွဲ၊ မရှိဘဲနှင့်၊ သေလည်း မတောင့်တင်း၊ ပုပ်နံ့ကင်းသည်၊ ကျိုးရင်းဝိပဿနာတန်ခိုးတည်း'* ဟူသောလင်္ကာကို တိုင်ပေး၏။

ဆရာတော်သည် အအိပ်လည်းပျက် အစားလည်းပျက် အမောလည်းဖောက်နေသည့်အတွက် ပရိသတ်တို့နှင့်မတွေ့ဆုံတော့ဘဲ တစ်ခါးပိတ်၍လဲလျောင်းကာ နားနေရန် ဆရာတော်အား ပြုစုနေသူတို့က အကြံပေးလျှောက်ထားကြ၏။

"ဒကာတို့ မတားမြစ်ကြနဲ့၊ ပရိသတ်တွေကျေနပ်အောင် ဖူးမြော်ကြပါစေ"

မိမိ၏ရောဂါကို ပဓာနမပြုဘဲ သူတစ်ပါးတို့၏ချမ်းသာရေးကိုသာ ရှေးရှုဆောင်ရွက်တော်မူသော ဆရာတော်၏စိတ်စေတနာမှာ ရှာမှရှားလှပေ၏၊ စံထားလောက်ပေ၏။ မြတ်စွာဘုရားပရိနိဗ္ဗာန်ပြုတော့မည့်အချိန်တွင် သုဘဒ္ဒပရိဗိုဇ်အား ဖူးမြော်ခွင့်ပေးသည်ကို သတိရစေ၏။

တချို့ယောဂီများသည် ဆရာတော်ထံမှောက်၌ အားရလောက်အောင် တရားအားထုတ်ခဲ့ကြရပြီဖြစ်၍ နေရာဒေသသို့ပြန်ခွင့်ပြုရန် ဆရာတော်ထံလာရောက်လျှောက်ထားကြ၏။ ထိုသူတို့အထဲတွင် **ဦးမဏ္ဍလ** ဘွဲ့အမည်ရှိသော မန္တလေးမှဆရာတော်တစ်ပါးလည်း ပါဝင်၏။

www.burmeseclassic.com

www.burmeseclassic.com



ထိုဆရာတော်က ဒေါ်တင်ရွှေအား ကျေးဇူးတင်ကြောင်း နှုတ်ဆက်စကား ပြောကြားသည့်အခါ ဒေါ်တင်ရွှေက "တပည့်တော်တို့မှာ အမှားအယွင်းရှိရင် ညွှန်ပြပြီးသွန်သင်ဆုံးမပါဘုရား၊ ဖေဘုရားညွှန်ကြားတဲ့ တရားအားထုတ်နည်းမှာ အမှားပါရင်လဲ အားမနာဘဲ ညွှန်ပြပေးပါဘုရား"ဟု လျှောက်ထား၏။

"အားလုံးကောင်းပါတယ်၊ ပြောစရာတော့ တစ်ခုရှိတယ်၊ ဆရာတော်က ဖောင်းတာက ရုပ် ပူတာက ရုပ်၊ သိတာက နာမ်၊ မှတ်တာက ဉာဏ်လို့ တရားချပေးတယ်၊ ဘုန်းကြီးသိထားတာက မှတ်တာက ဉာဏ်မဟုတ်ဘဲ မှတ်တာလဲ နာမ်လို့ပဲဆိုရမယ်ကွဲ့"

ထိုဆရာတော်ကြွသွားသည့်အခါ ဒေါ်တင်ရွှေသည် မိမိ၏ခမည်းတော်ထံသွား၍ လျှောက်ထား၏။

"ဖေဘုရား...မန္တလေးဆရာတော်က မိန့်ကြားသွားတယ်၊ ဖောင်းတာက ရုပ်၊ ပူတာကလဲ ရုပ်၊ သိတာက နာမ်၊ မှတ်တာက ဉာဏ်မဟုတ်ဘူးတဲ့၊ မှတ်တာလဲ နာမ်ဖြစ်ရမယ်လို့ ဆိုပါတယ်ဘုရား"

"ဩော်...ဟုတ်လား၊ ဖေဘုရားဆိုလိုတာကို သူ သဘောမမိဘဲကိုး၊ ရိုးရိုးမှတ်သားတာ သညာနာမ်ဟုတ်ပါတယ်၊ ဖေဘုရားဆိုလိုတာက နာမ်မှဉာဏ်သို့ကူးဖို့ပြောတာ၊ မှတ်သိစိတ်ကို အခြေခံပြီး တရားသဘောကို ထိုးထွင်းသိတာ ဉာဏ်ဖြစ်ပါတယ်၊ အဲဒီတရားသဘောတွေကို ထိုးထွင်းပြီးမှတ်သိစေချင်လို့ မှတ်တာက ဉာဏ်လို့ ဖေဘုရားချပေးခြင်း ဖြစ်ပါတယ်"

"ဖေဘုရား မမှားဘူးဆိုရင် ပြီးတာပါပဲ၊ တပည့်တော်မတို့က နားမလည်ပါဘုရား"

"အေး...တရားသဘောအထိ ထိုးထွင်းသိမှ တရားအမွေရတယ်လို့ ဆိုနိုင်တယ်ကွဲ့၊ တရားသဘောအထိ ထိုးထွင်းပြီးမသိသေးရင်တော့ တရားအမွေရတယ်လို့ မဆိုနိုင်ဘူးပေါ့ကွယ်"

ထိုလပြည့်နေ့တွင် ဆရာတော်အား ဖူးမြော်သူများ အလွန်များပြားသော်လည်း ယောဂီသစ်များအနေဖြင့် သုံးဦးသာတိုးလာပါသည်။ ရိပ်သာတွင် ယောဂီများ ပြည့်ကျပ်နေသဖြင့် **'သဘောလူပြည့်ပြီ'** ဟု ဆိုနိုင်ပါ၏။

ဖူးမြော်ကန်တော့ကြသော ပရိသတ်များ စဲသွားကြသည့်အခါ ဆရာတော်သည် မိမိ တရားရှုမှတ်လိုသဖြင့် မိမိအား ထူမ,ပေးရန် အနီးရှိဒကာတို့အား မေတ္တာရပ်ခံ၏။

ဆရာတော့်ခန္ဓာကိုယ်မှာ သိသိသာသာ လေးလံနွမ်းလျနေ၏။ ခွန်အားဆုတ်ယုတ်သွားသည့်အတွက် ကိုယ်ပိုင်ခြေလှမ်းဖြင့် တစ်လှမ်းနှစ်လှမ်းမျှ လှမ်း

www.burmeseclassic.com

www.burmeseclassic.com



ရန်ကိုပင် အလွန်အားစိုက်နေရ၏။ ခြေထောက်များ ကြွခိုင်ခြင်းမရှိကြတော့သည့်အတွက် ခန္ဓာကိုယ်သည်ပင် တုန်တုန်ယင်ယင်ဖြစ်နေလေပြီ။

ဒကာရင်းများ၏ ဖေးမထားမှုဖြင့် ဆရာတော်သည် မိမိ၏ခုတင်ခြေရင်းတွင်ရပ်လျက် ခုတင်ပေါင်ကို အားပြုကိုင်ကာ တရားရှုမှတ်လေတော့၏။

ပထမတွင် တညင်းညင်းညည်းသံနှင့် မောဟိုက်သံတို့ကို အတိုင်းသားကြားနေရ၏။ သို့သော် မကြာမီပင် အမှတ်သတိစွဲမြဲသွားသည့်အလား ညည်းသံမောသံများ ပျောက်ကွယ်သွားကြ၏။

သို့သော် ကြာကြာတရားရှုမှတ်ခွင့်မရပါ။ ဆရာတော်အား ဖူးမြော်ရန် ပရိသတ်တစ်သုတ် ရောက်လာသံကြားလျှင် ဆရာတော်တရားဖြုတ်ပြီး စောစောကနည်းအတိုင်း ပြုံးပြုံးရွှင်ရွှင်နှင့် အဖူးမြော်ခံ၍ ဆုပေး၏။ သြဝါဒချီးမြှင့်၏။ ဆရာတော်မို့ သည်းညည်းခံနိုင်လွန်းလှ၏။

ဆယ်နာရီခွဲ ဆွမ်းဘုဉ်းပေးချိန်တွင် ကော်ဖီတစ်ခွက်လောက်ကိုသာ ဘုဉ်းပေးတော်မူ၏။ ဦးနာဂိန္ဒက ဆရာဝန်ပေးထားသည့်ဆေးကို တိုက်သည့်အခါ၌လည်း ဆရာတော်မသုံးဆောင်လိုတော့ပေ။ အလွန်အမင်းတောင်းပန်သည့်အခါမှ ဆရာတော်သုံးဆောင်တော်မူ၏။

ထို့နောက် ယောဂီနှင့်ပရိသတ်များ ရောက်လာကြပြန်သဖြင့် ဆရာတော်သည် ဆွမ်းဝိုင်းကိုသိမ်းစေပြီး အဖူးမြော်ခံ၏။ ပရိသတ်ရှင်းသွားသည်နှင့် တစ်ပြိုင်နက် တရားကိုကြိုးစားမှတ်ပြန်၏၊ မှတ်နေရင်းတွင် "ဟော့...ဟော့...နေဦး၊ ငါ့ဆွေမျိုးတွေ စုစည်းပါစေဦး"ဟု မကြာခဏရွတ်ဆို၏။ မာရ်နတ်၏အသိုက်အဝန်းတို့က ဆရာတော်ခန္ဓာဝန်ချရန် လောဆော်နေပြီထင့်။

"လူစုံပြီလား၊ လူစုံရင်သင်္ဘောထွက်တော့မယ်နော်"

ဤသတိပေးစကားသည် မိုးတိမ်များကိုဖောက်ထွင်း၍ နေဝန်းထွက်ပေါ်လာသည့်နှယ် မြည်ဟိန်းထွက်လာပါသော်လည်း တပည့်ရင်းများက အဓိပ္ပာယ်မဖော်တတ်ကြသေးချေ။

မွန်းလွဲပိုင်းအချိန်တွင် ဆရာတော်သည် နေရာပြောင်းရွှေ့ရ၊ တရားဟောရ၊ ဆုပေးရနှင့် အလွန်မောလာသည့်အတွက် ပရိသတ်ရှင်းခိုက်တွင် ပက်လက်ကလေးလဲလျောင်းရင်း ဝိပဿနာတရားရှုမှတ်နေတော်မူ၏။ မကြာမီပင် ဆရာတော်၏ရင်ဘတ်သည် နိမ့်ချည်မြင့်ချည်လှုပ်ရှားနေရာမှ မသိမသာညင်သာသွားပြီး လုံးဝရပ်ဆိုင်းသွား၏။ အသက်ရှူခြင်းလည်း စမ်း၍မရအောင်ငုပ်လျှိုးသွား၏။ ဆရာတော်၏အသက်မှ ရှိသေးလေလိမ့်လားဟု ဒကာများက စိုးရိမ်မိကြ၏။

ဆရာတော်အား အမြဲတစေ အနားကပ်ပြုစုနေကြသော ဦးဓမ္မစာရနှင့် ဦး

www.burmeseclassic.com

www.burmeseclassic.com



နာဂိန္ဒတို့ကား အထူးစိုးရိမ်မှုကို မပြကြချေ။ ဆရာတော် ဤသို့အသက်ရှူပျောက်ပြီး ငြိမ်သက်နေသောအဖြစ်မျိုး သူတို့ မကြာခဏကြုံတွေ့ခဲ့ရသောကြောင့်ပင်တည်း။

သို့သော် ဤတစ်ကြိမ်တွင် ဆရာတော်အသက်ရှူရပ်ဆိုင်းနေသည်မှာ တစ်နာရီခန့်ရှိသွားလေပြီ။ ထို့ကြောင့် အနီးရှိဒကာများက စိုးရိမ်လာကြပြီး ဆရာတော်အား ခေါ်စမ်းကြည့်ကြ၏၊ လှုပ်နှိုးကြည့်ကြ၏။ ဆရာတော်လုံးဝမလှုပ်ရှားချေ။

တစ်ဆင့်စကားတစ်ဆင့်နားဖြင့် သမီးဖြစ်သူဒေါ်တင်ရွှေ၏ နားသို့ ပေါက်သွား၏။ ဒေါ်တင်ရွှေသည် ဖခမည်းတော်တိမ်းပါးသွားလေလိမ့်လားဟူသော စိုးရိမ်စိတ်ဖြင့် ဆရာတော်၏ကျောင်းပေါ်သို့ သုတ်သီးသုတ်ပျာရောက်လာ၏။ ဖဘုရား၏ထံပါးတွင် ပုဆစ်တုပ်ထိုင်၍ လက်အုပ်ကလေးချီကာ ညင်သာစွာလျှောက်ထား၏။

"ဖေဘုရား...ဖေဘုရား... သမီးခေါ်နေပါတယ်၊ ဖေဘုရားအသက်ပဲ ရှိသေးရဲ့လား၊ ဖေဘုရားကြားရင် ထူးပါဦး... တပည့်တော်မတို့ စိတ်ပူနေကြပါတယ်၊ ဖေဘုရား...ဖေဘုရား"

"ဟင်း..."

ဆရာတော်၏ နှုတ်မှ ထူးသံသဲ့သဲ့ကလေး ပေါ်ထွက်လာသဖြင့် ပရိသတ်များအားတက်သွားကြ၏။

"ဖေဘုရား...ဘာလုပ်နေသလဲ"

"တရားမှတ်နေတယ်လေ"

ဆရာတော်သည် မျက်လုံးစုံမှိတ်ထားရင်းက လေးလေးတွဲ့တွဲ့ဆိုလိုက်၏။

"ဖေဘုရား လုံးဝအသက်မရှူဘဲ သတိမေ့နေတာ"

"ဟုတ်လား၊ ဘယ်လောက်ကြာသွားသလဲ"

"တစ်နာရီလောက်ကြာသွားပါတယ်ဘုရား"ဟု ဦးနာဂိန္ဒက လျှောက်ထားလိုက်၏။

"အေး...အေး...ဘုန်းကြီးဆီးသွားချင်တယ်၊ ထူမ,ပေးဦး"

သက်န်းကာရံထားသည့်ကတို့အိုးခုံပေါ်တွင် ဆရာတော်အတော်ကြာထိုင်နေပါသော်လည်း ဆီးတစ်စက်နှစ်စက်သာ သွား၏။ ဆရာတော်၏ရောဂါဝေဒနာလည်း ပြင်းထန်လာ၏။

ဆရာတော်အား အိပ်ရာပေါ်သို့ပွေ့ချီပြီး ဝိုင်းဝန်းနှိပ်နယ်ပေးကြ၏။ ဆရာတော် နေမကောင်းကြောင်း ကြားသိကြရသောယောဂီများသည် တစ်သုတ်ပြီး

www.burmeseclassic.com

www.burmeseclassic.com



တစ်သုတ် ဆရာတော့်ကျောင်းပေါ်သို့ ရောက်လာကြပြီးလျှင် ဆရာတော်အား ကန်တော့ကြ ဝိုင်းဝန်းနှိပ်နယ်ပေးကြ၏။

ညနေ ၅ နာရီထိုးသောအခါ သံဃာများဥပုသ်ကံပြုရန် သိမ်တက်ကြ၏။ ဆရာတော်ဘုရားမှာ ဤဥပုသ်နေ့တွင် သိမ်မတက်နိုင်တော့ချေ။ မိမိ၏အိပ်ရာမှသာ အာရုံပြုနိုင်ရှာ၏။

သံဃာများသိမ်မှဆင်းလာကြသည့်အခါ ဆရာတော်၏ကျောင်းအနီး စင်္ကြံလမ်းပေါ်တွင် စုရုံးနေကြ၏။ ဆရာတော်၏ရောဂါဝေဒနာ ပြင်းထန်နေသည်ကိုကြားသိကြသဖြင့် ဒကာများရော သံဃာများပါ မျက်နှာမလှကြတော့ချေ။

ဆရာတော်၏ကျောင်းကလေးပေါ်သို့ တက်သူတက် ဆင်းသူဆင်းနှင့် များပန်းခတ်မျှ ရှုပ်ယှက်ခတ်နေ၏။ ရွာထဲသို့သွား၍ ဒေါက်တာခင်မောင်ညိုကို ခေါ်သူကခေါ်၏။ အောက်ကျောင်းငယ်တစ်ခုတွင် တရားရှုမှတ်နေသော ရန်ကုန်မြို့စိတ်ရောဂါအထူးကုဆေးရုံမှ အထူးကုဆရာဝန်ကြီးဒေါက်တာသိန်းဌေးဖေအား ခေါ်သူကခေါ်၏။

ဆရာတော်ထံသို့ ဒေါက်တာသိန်းဌေးဖေရောက်လာသည့်အခါ ...

"ဒကာ...ဘာဖြစ်လို့တရားဖြုတ်လိုက်သလဲ၊ တရားပဲရှုမှတ်ပါ၊ဘုန်းကြီးကို မစိုးရိမ်ပါနဲ့၊ ဒေါက်တာခင်မောင်ညိုလာပါလိမ့်မယ်"

ဆရာတော်၏မိန့်ကြားသံကိုကြားရသဖြင့် ဒေါက်တာသိန်းဌေးဖေအံ့အားသင့်သွား၏။ မိမိကိုတရားရစေလိုသော ဆရာတော်၏စေတနာကိုလည်း ကြည်ညိုလေးစားမိ၏။

ဆရာတော်၏လက်ကောက်ဝတ်တွင် သွေးတိုးနှုန်းစမ်းသပ်ကြည့်သည့်အခါ နှလုံးခုန်နှုန်းမမှန်သည်ကို ဒေါက်တာသိန်းဌေးဖေရိပ်စားမိ၏။ ဆရာတော်၌ ခွန်အားယုတ်လျော့နေပြီ။ ချွဲသလိပ်များ ကျပ်ဆို့နေ၍ အသက်ရှူရန်လည်း ခက်ခဲနေ၏။ ချွေးသီးချွေးပေါက်များက ဒလဟောယိုစီးနေကြ၏။

ဆေးရုံတွင်သာလျှင် ဆရာတော်၏ခံတွင်းမှ ချွဲသလိပ်များကို ကိရိယာဖြင့် ဖယ်ရှား၍ အောက်ဆီဂျင်ဓာတ်ငွေ့ကိုရှူရှိုက်စေနိုင်မည်ဖြစ်၏။ ယခုမူ မည်သည့်ကိရိယာမျှမရှိ။ ဒေါက်တာသိန်းဌေးဖေတွင် လူနာစမ်းသပ်သည့် နားကြပ်မျှပင် မရှိချေ။

"ဒကာသိန်းဌေးဖေ ... တရားပဲရှုမှတ်ပါနော်၊ ဘုန်းကြီးကို မစိုးရိမ်ပါနဲ့"

ဒေါက်တာသိန်းဌေးဖေသည် မနေသာတော့ဘဲ ဆရာတော်အပါးမှ ထွက်ခွာသွား၏။

ညနေ ၆ နာရီထိုးလေပြီ။ သံဃာတော်များ ပရိတ်တရားရွတ်ဆိုချိန်ရောက်

www.burmeseclassic.com

www.burmeseclassic.com



လေပြီ။ သို့သော် ဆရာတော်အခြေအနေမကောင်း၍ ကျောင်းပေါ်သို့မတက်ဝံ့ကြချေ။

သတိကောင်းလှသော ဆရာတော်ဘုရားက "ဟဲ့..သံဃာတွေ ပရိတ်တရား မပူဇော်ကြသေးဘူးလား" ဟု မိန့်လိုက်၏။

သို့အတွက် ဒကာတစ်ယောက်သည် ကျောင်းလှေကားဦးဆီသို့ သွားပြီး...

"သံဃာတော်များဘုရား... ဆရာတော်ဘုရား ခေါ်နေပါတယ်၊ ပရိတ်တရား ချီးမြှင့်ကြပါတော့တဲ့" ဟု အော်ပြောလိုက်၏။

သံဃာတော်များ ကျောင်းပေါ်သို့တက်လာကြပြီး အသီးသီးနေရာယူကြ၏။ ဆရာတော်ဘုရားသည် အိပ်ရာခြေရင်း၌ထိုင်၍ ဆင့်ထားသည့်ခေါင်းအုံးများပေါ်တွင် လက်နှစ်ဖက်ကိုယှက်တင်ကာ မျက်နှာကိုအပ်ထား၏။

သံဃာတော်များသည် အသံညီညီညာညာဖြင့် ပရိတ်တရားများကို တစ်ပုဒ်ပြီးတစ်ပုဒ် ရွတ်ဖတ်သရဇ္ဈာယ်ကြ၏။ ပရိတ်တရားသံသည် ကျောင်းကလေးတစ်ခွင်နှင့် ပတ်ဝန်းကျင်သို့ ပဲ့တင်ထပ်ကာပြေးလွှားသွားကြ၏။ ပရိတ်တရားသံ တိတ်ဆိတ်သွားသည့်အခါ ဆရာတော်ဘုရားထံမှ

"သာဓု...သာဓု...သာဓု" ဟု လေးလေးတွဲ့တွဲ့ သာဓုခေါ်သံ ထွက်ပေါ်လာ၏။

သံဃာတော်များသည် ဆရာတော်ဘုရား ကျန်းမာရေးအတွက် ဗောဇ္ဈင်သုတ်တော်ကို ဆရာတော်၏အမည်နာမ ထည့်သွင်းလျက် ရွတ်ဆိုကြ၏။ ဦးဆောင်ရွတ်ဆိုသော ဦးနာဂိန္ဒ၏အသံမှာ သြဇာရှိ၍ သာယာနာပျော်ဖွယ်ကောင်းလှသည့်အတွက် ပရိသတ်များမှာ ငြိမ်လျက်နားထောင်နေကြ၏။

ဗောဇ္ဈင်တရားသံ ပြီးဆုံးသည့်အခါ၌လည်း ဆရာတော်ထံမှ သာဓုခေါ်သံ သုံးကြိမ်ထွက်ပေါ်လာပြန်၏။

ထို့နောက် ဆရာတော်ဘုရားသည် ပတ်ဝန်းကျင်ကို လျစ်လျူရှု၍ မိမိ၏တရားကို တွင်တွင်ရှုမှတ်လေပြီ။

## ရွှေတောင်ကြီး ပြိုလဲပြီ

ဒေါက်တာခင်မောင်ညို ရောက်လာသည့်အခါ ဒေါက်တာသိန်းဌေးဖေလည်း လိုက်ပါလာ၏။ နားကြပ်ဖြင့် ဆရာတော်၏နှလုံးခုန်သံကို နားထောင်ကြည့်ကြ၏။ ဆရာတော်၏မျက်လုံးကို လက်ဖြင့်ဖွင့်၍ လက်နှိပ်ဓာတ်မီးဖြင့် ထိုးကြည့်ကြ၏။ မျှော်လင့်ဖွယ်မရှိတော့ကြောင်း ဆရာဝန်နှစ်ဦးတို့ သိရှိလိုက်ကြ၏။

www.burmeseclassic.com

www.burmeseclassic.com



ဒကာများအား နှစ်သိမ့်စေခြင်းအလို့ငှာ ဒေါက်တာခင်မောင်ညိုသည် ဆေးအိတ်မှ ဆေးထိုးပြွန်ထုတ်ယူပြီး ဆေးထိုးရန်ပြင်ဆင်၏။

ဆရာတော်ဘုရားသည် အကြောများအလွန်အမင်းတက်လာ၍လောမသိ။ "ငါ့ဒူးတွေကို ကွေးခေါက်ပေးကြစမ်း"ဟု အမိန့်ရှိလိုက်၏။

ဒကာများသည် ဆရာတော်၏ဒူးနှစ်ဖက်ကို ကွေးခေါက်ပေးလိုက်ပြီး တစောင်းထိုင် အနေအထားသို့ ပြုပြင်ပေးလိုက်ကြ၏။ ဆရာတော်၏ဦးခေါင်းကိုလည်း ဒကာနှစ်ဦးက ဖေးမထားကြ၏။

ဆရာတော်၏ မျက်နှာတော်မှ ချွေးသီးချွေးပေါက်များ တသွင်သွင်ယိုစီးကျနေပါသော်လည်း မျက်နှာတော်မှာ ကြည်လင်တည်ငြိမ်နေ၏။

ပရိသတ်များက စူးစိုက်ကြည့်ရှုနေကြခိုက် ဆရာတော်၏ခံတွင်းသည် နှစ်ချက်မျှ အသာအယာပွင့်လာလျက် လေဟပ်ထုတ်ပြီးလျှင် မျက်နှာတော်မှာ လက်ယာဘက်သို့အနည်းငယ်တိမ်း၍ ဦးခေါင်းငိုက်သွားလေ၏။

ဆရာဝန်များက တစ်ဖန်စမ်းသပ်ကြပြန်၏။ ဆရာတော်ကား မလှုပ်ရှားတော့ပါ။ ထိုင်လျက်ပင် ပျံလွန်ခဲ့လေပြီတကား။

ဆရာတော်၏ အိပ်ရာခြေရင်းနံရံတိုင်တွင် ဆွဲကပ်ထားသည့် ရှေးဟောင်းအချိန်မှန်နာရီကြီးကို လှမ်းကြည့်ကြသည့်အခါ နာရီကြီးမှာ ထူးထူးဆန်းဆန်း ရပ်တန့်နေ၏။ ဆရာတော်ပျံလွန်တော်မူသည့်အချိန်သည် ညဥ့် ၇ နာရီ ၄၈ မိနစ် ဖြစ်ကြောင်း ညွှန်ပြနေ၏။

ရွှေတောင်ကြီး တကယ်ပြိုလဲသွားပြီဖြစ်၍ ပရိသတ်မှာ မဖြေဆည်နိုင်တော့ဘဲ ရှိုက်ကြီးတငင်ငိုကြွေးကြလေ၏။

ဆရာတော်၏ ကျေးဇူးကြောင့် ဝက်သတ်သမားဘဝမှ ကျွတ်လွတ်ခဲ့ပြီး ရရစားစား လုပ်ကိုင်စားသောက်နေသော **ကိုစန်းအောင်**သည် မိမိ၏ဖခင် ကွယ်လွန်စဉ်က ငိုရကောင်းမှန်းမသိခဲ့ချေ။ ယခု ဆရာတော်ကွယ်လွန်သည့်အခါ ရပ်တည်ရာပြိုလဲသွားသည့်အလား တော်ကူးတံခွန်တိုင်ရွာတွင်းသို့ ညတွင်းချင်း လှည့်လည်ကာ "မြင်းမိုရ်တောင်ကြီး ပြိုလဲပြီ၊ ရွှေတောင်ကြီး ပြိုလဲပြီ၊ တို့အားကိုးရာမဲ့ပြီ"ဟု ငိုကြွေးမြည်တမ်းလေ၏။

"ဟဲ့...စန်းအောင်၊ နင်ဘာဖြစ်လာသလဲ၊ အရက်သောက်လာတာလား"

အရပ်ထဲမှလူများက ကိုစန်းအောင်အား မေးမြန်းကြ၏။ ကိုစန်းအောင်သည် တော်ကူးဆရာတော်ထံ၌ တရားအားထုတ်ပြီးသည်မှ သုရာမေရယကာကို ထိန်းသိမ်းလာခဲ့သည်မှာ ၁၂ နှစ်ပင်ရှိခဲ့လေပြီ။

www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော်မမူးဘူး၊ တော်ကူးဆရာတော် ပျံလွန်သွားပြီလေ၊ ရွှေတောင်ကြီး လဲပြိုပြီ၊ ကျွန်တော် အားကိုးရာမဲ့ဖြစ်ပြီ၊ သိပ်ဝမ်းနည်းလို့ ငိုတာပါ"

ကိုစန်းအောင်၏ငိုမြည်သံကြောင့် ရွာသူရွာသားများသည် တော်ကူးဆရာတော်ပျံလွန်ကြောင်းကြားသိရပြီး ဝမ်းနည်းပူဆွေးကြကုန်၏၊ အချို့မှာတော်ကူး ရိပ်သာသို့ ညဥ့်တွင်းချင်းလာရောက်ကြသဖြင့် ရိပ်သာပရဝုဏ်တစ်ခုလုံးသည် တစ်ညဥ့်လုံး မီးထိန်ထိန်လင်းကာ လှုပ်လှုပ်ရွရွဖြစ်နေလေတော့၏။

ဆရာတော်ဘုရား၏သမီးဖြစ်သူ ဒေါ်တင်ရွှေသည် အသက် ၆၇ နှစ်ရှိပြီး အလွန်ပင်ပန်းနွမ်းနယ်လျက်ရှိရာ ပရိဒေဝမီး၏ ဖိစီးလောင်မြိုက်ခြင်းကို ထပ်ဆင့်ခံစားရလျှင် အသက်အန္တရာယ်ကိုပင် ဆိုက်ရောက်ဖွယ်ရှိသည်။ သောကမီးလျှံကို ချုပ်ထိန်းရန်အလို့ငှာ ဆရာဝန်များက ဒေါ်တင်ရွှေအား စိတ်ငြိမ်ဆေးကျွေး၍ ဖြေသိမ့်ထားကြရ၏။

"သင်္ဘောကြီးထွက်တဲ့အခါ လှိုင်းဂယက်တွေ ရိုက်ပုတ်လာကြမယ်နော်၊ အဲဒီအခါ လှိုင်းမူးပြီး အော့အန်ကြလိမ့်မယ်၊ အော့အန်ရင် သူများရွံမုန်းကြမယ်၊ အဲဒီတော့ အပ္ပမာဒတရားနဲ့ မိမိကိုယ်ကိုထိန်းသိမ်းကြ"

"လူစုံရင် သင်္ဘောကြီးထွက်မယ်နော်၊ တရားရှုမှတ်ပြီးတဲ့ ယောဂီတိုင်းကို ဘုန်းကြီးလက်မှတ်ပေးထားပြီးပြီ၊ လက်မှတ်မပျောက်စေနဲ့၊ သတိပဋ္ဌာန်တရားဆိုတာ တစ်သက်လုံးရှုမှတ်နေရမယ့်တရားနော်"

"သင်္ဘောကြီးထွက်ပြီးရင် နောက်သင်္ဘောငယ်တစ်စင်း ထွက်ပါဦးမယ်၊ မမေ့မလျော့ အားခဲပြီး ရှုမှတ်ကြ"

ဆရာတော်ဘုရား မပျံလွန်မီအခါက သတိပေးနှိုးဆော်ခဲ့သော စကားခွန်းများသည် လေထဲတွင်ပျံဝဲလျက် ယခုအခါ အဓိပ္ပာယ်ထင်ရှားပီပြင်လာကြပေပြီတကား။

*"ဟန္ဒဒါနိ ဘိက္ခဝေ အမန္တယာမိဝေါ၊*
*ဝယဓမ္မာသင်္ခါရာ အပ္ပမာဒေန သမ္ပာဒေထ"*

*"ရဟန်းတို့ ...သင်တို့အား ငါဘုရားယခုမိန့်မှာတော်မူပေအံ့။ ပြုပြင်ရသောသင်္ခါရတရားတို့သည် ပျက်စီးခြင်းသဘောရှိကုန်သည်ဖြစ်၍ မမေ့မလျော့သောသတိတရားဖြင့် ကိစ္စပြီးမြောက်အောင် အားထုတ်ကြကုန်လော့။"*

www.burmeseclassic.com

www.burmeseclassic.com



ဗုဒ္ဓမြတ်စွာ၏ 'ပဋ္ဌာနပါဠိ' နောက်ဆုံးစကားတော်ကို ပဲ့တင်ထပ်စေသည့်အလား ထိုသို့အလားတူသော ပဋ္ဌာနပါဠိကို တော်ကူးဆရာတော်ဘုရား မိန့်မှာခဲ့လေသည်တကား။

❋ ❋ ❋

www.burmeseclassic.com

www.burmeseclassic.com

အခန်း (၄)

# သေလည်းမတောင့်တင်း ပုပ်နံ့ကင်း

## ပျံလွန်တော်မူသည့်ညဉ့်က ထူးခြားချက်များ

တော်ကူးဆရာတော်ဦးနန္ဒိယသည် ကောဇာသက္ကရာဇ် ၁၂၅၂ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၃ ရက်နေ့တွင် ဖွားမြင်ခဲ့ပြီးလျှင် ၁၃၄၈ ခု၊ တန်ခူးလပြည့်နေ့ (၁၃-၄-၈၇ သကြိန်အကြိုနေ့) ညဉ့် ၇ နာရီ ၄၈ မိနစ်တွင် ပျံလွန်တော်မူသည်။ ပျံလွန်သည့်အချိန်၌ သက်တော် ၉၇ နှစ်ရှိပြီး ဝါတော် ၄၂ ဝါရှိပါသည်။

ဆရာတော်ပျံလွန်သည့်အချိန်၌ ကျောင်းသင်္ခမ်းတစ်ခုလုံး ထူးထူးခြားခြား ဆိတ်ငြိမ်လျက်ရှိ၏။ ခါတိုင်းညဉ့်များ၌ ခွေးဟောင်းသံများ ညဉ့်ငှက်သံများနှင့် လူသံများကို ကြားနေခဲ့ရ၏။

ထိုပျံလွန်သည့်ညဉ့်၌ ပျံလွန်ချိန်လောက်တွင်တစ်ကြိမ်၊ ညဉ့် ၁၀ နာရီခန့်တွင်တစ်ကြိမ်၊ နံနက် ၁ နာရီခန့်တွင်တစ်ကြိမ်၊ နံနက် ၄ နာရီခန့်တွင်တစ်ကြိမ် လေးကြိမ်တိုင်တိုင် ကျောင်းဝင်းတစ်ခုလုံး အလွန်သင်းပျံ့မွှေးကြိုင်နေပါသည်။

ကျောင်းဝင်းအတွင်းရှိ စေတီပတ်ဝန်းကျင်၌ တရားရှုမှတ်နေကြသော ယောဂီများသည် အလွန်ထူးခြားသည့် ထိုမွှေးရနံ့ကို ရရှိကြသည့်အခါ မည်သည့်အပင်များမှ အနံ့ထွက်လာသနည်းဟု စူးစမ်းသည့်အနေဖြင့် သစ်ပင်ပန်းပင်များကို လိုက်နမ်းကြည့်ကြ၏။ ကျောင်းများပေါ်နှင့် ဓမ္မာရုံပေါ်တို့တွင် ရှိနေကြသော လူအပေါင်းတို့သည်လည်း ထိုမွှေးရနံ့ကို ရှူရှိုက်မိကြရသည်သာဖြစ်၏။

မည်သည့်ပန်းရနံ့နှင့်မှလည်း မတူ၊ ရေမွှေးနံ့နှင့်လည်းမတူသော ထိုမွှေးရနံ့ကား မည်သည့်အကြောင်းကြောင့် သင်းပျံ့လေသနည်း။ ဆရာတော်၏ ဇီဝိန်ချုပ်ငြိမ်းပြီးသောရုပ်ကလာပ်တော်ကို နတ်များကပင် ပူဇော်ခြင်းဖြစ်လေသလော။

www.burmeseclassic.com

www.burmeseclassic.com



## ပေါ့ပါးပျောင်းအိနေသော ရုပ်ကလာပ်တော်

ဆရာတော်သည် မိန်းမထိုင် တစောင်းထိုင်အနေအထားဖြင့် ပျံလွန်တော်မူခဲ့၏။ ပျံလွန်တော်မူသည့်အချိန်၌ ညည်းညူခြင်း၊ သတိမေ့ခြင်း၊ မျက်စိလန်ခြင်း၊ အကြောဆွဲခြင်း စသည်တို့ မဖြစ်ပေါ်ချေ။ အမှတ်သတိမြဲလျက် ညင်ညင်သာသာပင် ပျံလွန်တော်မူ၏။

ပျံလွန်တော်မူပြီးနောက် ရုပ်ကလာပ်တော်ကို အိပ်ရာဆီသို့ သယ်မ,ကြသည့်အခါ ဆရာတော်၏ရုပ်ကလာပ်မှာ ထူးထူးခြားခြားပေါ့ပါးနေသည်ကို တွေ့ကြရပြန်၏။

ဆရာတော်ဘုရားသည် မပျံလွန်မီအခါက သာမန်လူတစ်ဦးထက် တစ်ဆခွဲမျှ ကိုယ်ခန္ဓာဝဖြိုးပြီး လေးလံသည်ဖြစ်ရာ ဆရာတော်အား ချီမရန် မဆိုထားဘိ၊ ဆရာတော်မတ်တတ်ရပ်နိုင်ရန်နှင့် လဲမကျအောင် ထူမ,ပေးထားရန်အတွက်ပင် လျှင် အလွန်အားစိုက်ကြရပါသည်။

သာမန်လူတို့၏ ရုပ်ကလာပ်သည် မသေမီအချိန်ကထက် ပို၍လေးလံလေ့ရှိသည်။ သေလွန်ပြီးမကြာမီ တောင့်တင်းလာသည့်အတွက် ရုပ်ကလာပ်ကို ချီမသယ်ပိုးရန် ပို၍ခက်လာသည်။

တော်ကူးဆရာတော်၏ ရုပ်ကလာပ်တော်မှာ ထိုသို့မဟုတ်ဘဲ ပျံလွန်သွားပြီးသည့်တိုင်အောင် အသားအရေမှာ ထွေးထွေးနွေးနွေးပင်ရှိလျက် ချွေးသီးချွေးပေါက် ကလေးများပင် စို့နေကြပါသည်။ ခြေလက်များမှာလည်း တောင့်တင်းမာကျောခြင်းမရှိဘဲ အသက်ရှင်နေစဉ်ကအတိုင်းပင် နူးညံ့ပျောင်းအိနေကြပါသည်။

ဆရာတော်ပျံလွန်တော်မူသည့်အချိန်၌ ရန်ကုန်မြို့ ဆောက်လုပ်ရေးကော်ပိုရေးရှင်းရုံးချုပ်မှ ဦးစီးအရာရှိ**ဦးစိန်သန်း** နှင့် သူ၏သားဖြစ်သူ ၁၀ တန်းကျောင်းသား **မောင်ကျော်ဦးနိုင်** တို့လည်း အနီးတွင်ရှိနေကြပါသည်။ ဦးစိန်သန်းတို့သားအဖသည် ဆရာတော်စတင်နေမကောင်းသည့်အချိန်၌ တော်ကူးရိပ်သာသို့ ရောက်ရှိလာပြီးနောက် ဆရာတော်အား နောက်ဆုံးအချိန်အထိ အနီးကပ်ပြုစုခဲ့ကြရပါသည်။

“ကျွန်တော့်အမြင်ကတော့ ဆရာတော်ဘုရားဟာ မပျံလွန်သင့်ဘဲ ပျံလွန်သွားရတယ်လို့ ယူဆတယ်ဗျာ၊ သိပ်နှမြောဖို့ကောင်းတယ်၊ ဆရာတော် ဖျားနေတဲ့အချိန်မှာ ဆရာဝန် ၁၀ ဦးလောက် အနားမှာရှိနေပေမယ့် ခေတ်မီကုသကိရိယာတွေက မရှိဘူး၊ အချွဲသလိပ်နှိုက်ထုတ်ပေးနိုင်တဲ့ကိရိယာနဲ့ အသက်ရှူဖို့ အောက်ဆီဂျင်ဘူးသာ ရှိရင်တောင် ဆရာတော် သက်သာကောင်းမွန်သွားနိုင်တယ်”

www.burmeseclassic.com

www.burmeseclassic.com



"အခုဖြစ်ပုံက ဆရာတော်ဘုရားကိုယ်တိုင်က အလွန်ဖြူစင်ပြည့်ဝပြီး နိုင်ငံခြားဆေးများကို မသုံးဆောင်ချင်ဘူး၊ ဓမ္မောသဓဆေးကြီးကိုပဲ ယုံယုံကြည်ကြည် မှီဝဲတယ်၊ ဒကာများရဲ့စေတနာကို မလွန်ဆန်ချင်လို့ ဆရာဝန်နဲ့ ဆေးအကုခံတဲ့အခါမှာလဲ ဆရာတော်ကို ကုသပေးနေကျဖြစ်တဲ့ ရှာခံဆရာဝန် ဒေါက်တာခင်မောင်ညို၊ သို့မဟုတ် ဒေါက်တာသန်းထွန်းတို့ကိုသာ ကုသစေလိုတယ်၊ တရားလာအားထုတ်နေတဲ့ ဆရာဝန်ကြီးများကို ဗလိဗောဓ,မဖြစ်စေချင်ဘူး၊ နောက်ဆုံးမှာတော့ဗျာ…ပျံလွန်တော်မူတဲ့အထိ ဆရာတော်က သူ့ဝေဒနာကို သည်းသည်းခံသွားတာပါပဲ"

"ဟုတ်ကဲ့ဗျာ…အခုနောက်ဆုံးဖြစ်တဲ့ရောဂါက ဝမ်းချုပ်ဆီးချုပ်ဆိုတော့ ယခင်ဆရာတော်ခံစားခဲ့ရတဲ့ ရောဂါကြီးတွေနဲ့နှိုင်းစာရင် သေးဖွဲ့သလိုဖြစ်နေတာပေါ့၊ ဒါပေတဲ့ လေသင်တုန်းမွှေနှောက်တဲ့ ဝါယောမြွေရဲ့အဆိပ်က အလွန်ပြင်းထန်နေတာကလားဗျာ"

"အေးလေ…မာရ်နတ်ရဲ့အသင်းအပင်းတွေ အောင်ပွဲခံသွားတာပါပဲ"

ဆရာတော်၏ရုပ်ကလာပ်ကို ချီမ,ရွှေ့ပြောင်းရာ၌ ဦးစိန်သန်းကိုယ်တိုင်ပါဝင်ခဲ့သဖြင့် ရုပ်ကလာပ်တော်၏ထူးခြားစွာပေါ့ပါးနေခြင်းကို ဦးစိန်သန်းပါ သတိပြုမိပေ၏။

## သေလည်းမတောင့်တင်း ပုပ်နံ့ကင်း

တော်ကူးဆရာတော်ပျံလွန်ပြီးသည့်နောက် ရုပ်ကလာပ်တော်မပုပ်မနံ့ရန် ဆေးသွင်းသင့်ကြောင်း၊ ခံတွင်းမှဓာတ်ဆီလောင်းထည့်သင့်ကြောင်း၊ ဓာတ်မီးခြစ်ကျောက် ထည့်ထားသင့်ကြောင်း စသည်ဖြင့် အမျိုးမျိုးအကြံပြုကြ၏။

"ဆရာတော်ရဲ့ သီလ, သမာဓိ, ပညာကို ကျွန်ုပ်တို့ယုံကြည်တယ်၊ လေးစားတယ်၊ ပုပ်မပုပ် ကျွန်တော်တို့ဖူးမြင်ချင်တယ်၊ ဘာဆေးမှမသွင်းပါနဲ့၊ နဂိုအတိုင်းထားပါ"

ရုပ်ကလာပ်တော်ကို မည်သည့်ဆေးနှင့်မျှမပြုမပြင်ဘဲ နဂိုပကတိအတိုင်းထားရန် လိုလားသည့်ဘက်က လူများစုဖြစ်သည့်အတွက် သူတို့၏ဆန္ဒအတည်ဖြစ်သွားပါသည်။

ကနဦးညဥ့်တွင် ရုပ်ကလာပ်တော်ကို ဆရာတော်ကျိန်းစက်နေကျဖြစ်သည့် အိပ်ရာထက်၌ပင် ကြာသင်္ကန်းလွှမ်းခြုံလျက် ကနက္ကဒဏ်ထီးဖြူကို ခေါင်းရင်းတွင်စိုက်ထူလျက် ပြင်ဆင်ထားကြပါသည်။ တန်ခူးလပြည့်ကျော် ၁ ရက်နေ့ နံနက်စောစောတွင် မုဒုံမြို့မှ ဒကာရင်း **ဦးသိန်းတင်** သည် ပန်းစည်းကိုကိုင်လျက်

www.burmeseclassic.com

www.burmeseclassic.com



ရိပ်သာတွင်းသို့ စက်ဘီးစီးဝင်လာပါသည်။ ခါတိုင်းနေ့များကဲ့သို့ပင် ပန်းစည်းကို ဘုရားပူဇော်ပြီးနောက် ဆရာတော်အား တစ်နေကုန်ပြုစုရန်အတွက် ဦးသိန်းတင် ရောက်လာခြင်းဖြစ်သည်။

ယမန်နေ့ မိုးမချုပ်မီအချိန်က ဦးသိန်းတင်မှဒုံသို့ ပြန်သွားခဲ့သဖြင့် ဆရာတော်ပျံလွန်သည့်အကြောင်းကို သူမကြားရသေးချေ။ ထို့ကြောင့် အပြုံးပန်းဝေဝေဖြင့် ရိပ်သာနေလူအပေါင်းကို ဦးသိန်းတင်နှုတ်ဆက်၍ စက်ဘီးကိုတွန်းလာခဲ့ပါသည်။

"ဟဲ့...သိန်းတင်၊ ညဉ့်က ဆရာတော်ပျံလွန်သွားပြီဟဲ့"

"ဗျာ"

အဒေါ်ကြီးတစ်ဦးထံမှ ဦးသိန်းတင်မျှော်လင့်မထားသောစကားကိုကြားလိုက်ရသည့်အတွက် ဦးသိန်းတင်သည် စက်ဘီးနှင့်ပန်းစည်းတို့ကို လွှင့်ပစ်ပြီး စကြံကျောင်းကလေးပေါ်သို့ ပြေးတက်သွားလေ၏။

ကြာသကင်္န်းလွှမ်းခြုံထားသည့် ရုပ်ကလာပ်တော်ကို ဖူးတွေ့ရသည့်အခါ ဦးသိန်းတင်သည် ရင်ဝယ်ဆို့နင့်သွားပြီး မျက်ရည်များမလိမ့်ဆင်းရန် စိတ်ကို တအားတင်းလိုက်ရ၏။

ရုပ်ကလာပ်၏နံဘေးတွင် ဖြည်းညင်းစွာဒူးထောက်၍ ပုဆစ်တုပ်ကာဂါရဝအပြည့်ဖြင့် ဦးချလိုက်ပြီးနောက် ဦးသိန်းတင်သည် လက်တော်ကိုဆုပ်ကိုင်လိုက်၏။

ရေခဲတုံးကိုဆုပ်ကိုင်လိုက်ရသည့်နှယ် ဦးသိန်းတင်တစ်ကိုယ်လုံး သိမ့်ခနဲအေးစိမ့်သွားသည်ကို ခံစားလိုက်ရ၏။ ဦးသိန်းတင်၏လက်သို့ အအေးဓာတ်လျှင်မြန်စွာကူးဆက်လာသည့်အတွက် ဦးသိန်းတင်၏လက်ကောက်ဝတ်မှလက်ပတ်နာရီသည်ပင်လျှင် လက်တံများမလှုပ်ရှားတော့ကြောင်း ဦးသိန်းတင်မြင်တွေ့လိုက်ရ၏။ လက်တော်ကိုလွှတ်လိုက်သည့်အခါ နာရီလက်တံများ တစ်ဖန်သွားမြဲသွားနေကြသည်ကို ဦးသိန်းတင်အံ့သြစွာမြင်တွေ့ရပြန်၏။

ရုပ်ကလာပ်တော်မပုပ်မသိုးရန် အအေးဓာတ်လွှတ်နေပြီတကား။ ကေန်မပုပ်မသိုးတော့ပြီဟု ဦးသိန်းတင် လေးနက်စွာကောက်ချက်ချလိုက်၏။

မကြာမီ မော်လမြိုင်မှဆရာဝန်တစ်ဦးသည် ဆရာတော်၏ရုပ်ကလာပ်ကိုဆေးသွင်းရန် ဆေးနှင့်ကိရိယာများကိုယူဆောင်လျက် တော်ကူးရိပ်သာသို့ရောက်လာ၏။ ဆရာတော်၏ဒကာရင်းတစ်ဦးဖြစ်သည့် (ယခင် မွန်ပြည်နယ်ပြည်သူ့ကောင်စီအတွင်းရေးမှူး) **ဦးကြီးစိန်** က စေလွှတ်လိုက်ခြင်းဖြစ်၏။

ဦးသိန်းတင်ဦးဆောင်သော ဒကာများက ဆေးမသွင်းရန် ကန့်ကွက်ကြ၏။

www.burmeseclassic.com

www.burmeseclassic.com



ဆေးသွင်းလိုက်လျှင် သဘာဝပျက်ပြီး အရောင်မည်းသွားလိမ့်မည်။ ရုပ်ကလာပ်၏ သဘာဝပျက်ခြင်းကို ဒကာများက မလိုလားသည့်နည်းတူ သံဃာတော်များကလည်း မလိုလားကြချေ။

သို့အတွက် ဆေးသွင်းရန်လာသောဆရာဝန်သည် ဆေးနှင့်အတူတကွ မော်လမြိုင်သို့ ပြန်သွားရလေ၏။

ထိုနေ့တွင် ရိပ်သာတွင်းရှိယောဂီများနှင့် တော်ကူး–တံခွန်တိုင်ရွာညီနောင်မှ ရွာသူရွာသားများသည် ရုပ်ကလာပ်တော်ကို အဆက်မပြတ်လာရောက်ဖူးမြော်ကြ၏။

ညနေပိုင်းသို့ရောက်သောအခါ ရုပ်ကလာပ်တော်ကို ရေချိုးပေးသင့်မသင့် အချေအတင် ဆွေးနွေးကြပြန်၏။ ဤတွင်လည်း သဘာဝအပျက်မခံစေလိုသည့် အဖွဲ့က အနိုင်ရသဖြင့် ရုပ်ကလာပ်ပေါ်၌ နှစ်ထပ်သင်္ကန်းကို လွှမ်းအုပ်ပြီးလျှင် ထိုသင်္ကန်းပေါ်သို့ ကင်ပွန်းရည်အနည်းငယ်ကို ဖျန်းချပေးသည့် စတိအမှုဖြင့် ရေချိုးခြင်းကိစ္စကို ပြီးမြောက်စေကြ၏။ ထို့နောက် ရုပ်ကလာပ်တော်ကို လူအများတို့ စနစ်တကျတန်းစီကာဖူးမြော်ရေးအတွက် နေရာပိုမိုကျယ်ဝန်းသည့် ဓမ္မာရုံပေါ်သို့ပြောင်းရွှေ့ရန် စီစဉ်ကြ၏။

ဆရာတော်ကျိန်းစက်ခဲ့သည့်ခုတင်ကို ဓမ္မာရုံ၌ခင်းကျင်း၍ ရုပ်ကလာပ်တော်ကို သယ်ချကြ၏။ ထို့နောက် ရုပ်ကလာပ်ပေါ်သို့ ယင်ကောင်များ မဆင်းသက်နိုင်ရန် ဇာပိတ်များဖြင့် လုံခြုံစွာကာရံကြ၏။ ရုပ်ကလာပ်တော်ကို လက်လှမ်းမမီနိုင်ရန်အတွက်လည်း လူသွားလမ်းကို အနည်းငယ်ခွာလျက် ကြိုးတန်းဖြင့် တန်းထားကြ၏။

ရုပ်ကလာပ်တော်ကို လာရောက်ဖူးမြော်ကြသော လူဦးရေသည် ဒုတိယနေ့တွင် ပို၍များပြားလာ၏။ ရုပ်ကလာပ်တော်မှာ ဆရာတော်ပကတိကျိန်းစက်နေသည့်အလား ကြည်ညိုဖွယ်ဖြစ်နေသည့်အပြင် ခြေလက်အင်္ဂါများသည် တောင့်တင်းမာကျောခြင်းမရှိ၊ အသားအရေများမှာလည်း ဝါဝင်းလျက် နဂိုအတိုင်း ပျော့ပျောင်းလျက်ရှိကြ၏။ အပုပ်နံ့လည်း လုံးဝမရှိချေ။

ဆရာတော်၏ ရုပ်ကလာပ်ထူးခြားမှုသတင်းသည် တစ်ယောက်ကတစ်ရာ ဆိုသလို သတင်းပျံ့နှံ့သွားသည့်အတွက် ပတ်ဝန်းကျင်ရွာများမှ လူအပေါင်းတို့သည် သောင်းသောင်းဖြဖြ ရောက်လာကြပြီး ရုပ်ကလာပ်တော်ကို ဖူးမြော်ကြ၏။ လက်တစ်ကမ်းအကွာမှဖူးမြော်ကြရသည်ကို မကျေနပ်နိုင်ဘဲ အသားတော်ကို ထိတွေ့ကိုင်တွယ်လိုသောဆန္ဒဖြင့် ကလေးရောလူကြီးပါ ကြိုးတန်းကို ဖိတိုးလျက် ရုပ်ကလာပ်တော်ကို ကိုင်တွယ်ကြ၏။

www.burmeseclassic.com

www.burmeseclassic.com



ထိန်းသိမ်းနေကြသည့်ဒကာများနှင့် ဦးပဥ္စင်းများက မေတ္တာရပ်ခံကြသော်လည်း ပရိသတ်က မနာယူကြချေ။ တစ်ယောက်ကိုင်ခွင့်ရသွားသည်ကို မြင်တွေ့သွားသောအခါ ကျန်လူများကလည်း ကိုင်ချင်လာကြသည်။ ကိုင်ခွင့်ရမှကျေနပ်သွားကြသည်။

စောစောကတည်းကပင် ဆရာဝန်များက ဒကာများအား ရှင်းပြထားသည့် အချက်တစ်ချက်ရှိ၏။ လူတို့၏လက်များတွင် မမြင်နိုင်သည့်ဘက်တီးရီးယားပိုးမျိုးစုံတွယ်ကပ်နေကြသဖြင့် ထိုပိုးများက ရုပ်ကလာပ်သို့ကူးစက်သွားလျှင် ရုပ်ကလာပ် ပျက်စီးယိုယွင်းသွားနိုင်သည့်အချက်ပင် ဖြစ်၏။

မှန်ပါသည်။ လူတို့၏လက်နှင့် ထိတွေ့မှုကို ခံရသောနေရာများ၌ ရုပ်ကလာပ်တော်၏အသားအရေများမှာ ဝါဝင်းနေရာမှ ညိုရင့်လာကြ၏။ လူတို့မကိုင်တွယ်ရန် မည်သို့ကာကွယ်ရအံ့နည်း။ ညဥ့်နက်လာသောအခါ အစောင့်ချထားသော ဒကာများ၏အလစ်တွင် ဦးခေါင်းတော်မှဆံပင်များကိုပင် တစ်ချောင်းရရ နှစ်ချောင်းရရ ဆွဲနုတ်သူများလည်း ပေါ်ပေါက်လာကြပြန်၏။

## သက်ဝင်လှုပ်ရှား ဆံတော်များ

ဆရာတော်မပျံလွန်မီက ရိတ်သိမ်းထားသော ဆံစကလေးများသည် ပုလင်းအတွင်း၌ တစ်ပင်နှင့်တစ်ပင်လိမ်ယှက်ပြီး ခြင်းလုံးအသွင် စေတီအသွင်ပုံဆောင်လာကြ၏။

တော်ကူးရိပ်သာတွင် သီတင်းသုံးသော **ဦးဝါယာမ** သည် ဆရာတော်၏ဆံပင်အနည်းငယ်ကို ပင်နီဆီလင်ပုလင်းလွတ်တစ်လုံး၌ ထည့်ထား၏။ ဆံပင်များ ပိဝပ်နေရန် ခဲတံတစ်ချောင်းနှင့် တမင်တကာဖိချထားခဲ့၏။ တစ်ရက် နှစ်ရက် ကြာလျှင် ဆံပင်တစ်ချောင်းစီသည် အသက်ဝင်လာသည့်ပမာ လှုပ်လှုပ်ကြွထောင်လာ၏။ တစ်ပင်နှင့်တစ်ပင် တဖြည်းဖြည်းပူးယှက်ကာ ခြင်းလုံးကဲ့သို့လုံးလာကြ၏။ ထို့နောက် အထက်ပိုင်းရှိဆံစများသည် စုယှက်လျက်က စေတီအသွင် ချွန်တက်လာကြ၏။

ထိုဆံတော်များကို ဦးဝါယာမပြသဖြင့် ကျွန်တော်ကိုယ်တိုင် ဖူးမြော်ခဲ့ရပါသည်။

အခြားပုဂ္ဂိုလ်များ၌သိမ်းဆည်းထားကြသော ဆရာတော်၏ဆံပင်စများသည် အလားတူပင် ဓာတ်တော်အသွင်၊ စေတီအသွင် လုံးချွန်လာကြကြောင်း ကြားသိရပါသည်။

www.burmeseclassic.com

www.burmeseclassic.com



သို့အတွက် ဆရာတော်၏ ဆံပင်များကို သူသူငါငါ လိုချင်လာကြသည်မှာ မဆန်းပါ။ ထိုမျှသာမက ဆရာတော်ဝတ်ရုံသုံးစွဲခဲ့သည့် သင်္ကန်းများ၊ သင်းပိုင်များ၊ မျက်နှာသုတ်ပဝါနှင့် လက်ကိုင်ပဝါများ၊ အခြားအသုံးအဆောင်များတို့ကိုလည်း လက်ဦးရာယူငင်သွားကြတော့၏။

ကျွန်တော်တော်ကူးရိပ်သာသို့သွားရောက်ပြီး ဆရာတော်၏ အထိမ်းအမှတ်ဗိမာန်တည်ဆောက်လျှင် ဆရာတော်၏ အသုံးအဆောင်ပစ္စည်းများ စုပေါင်းထားရှိရမည်ဟု အကြံပေးသည့်အခါ အတော်ပင်နောက်ကျနေလေပြီ။

သို့သော် ကနက္ကဒဏ်ထီး၊ သပိတ်၊ ကြာသင်္ကန်း၊ ပဒုမ္မာသင်္ကန်း၊ ဖိနပ်၊ စာအုပ်စာတမ်းများစသည့် အရေးကြီးသောပစ္စည်းများ ကျန်ရစ်နေသေးသဖြင့် တော်ပါသေး၏ဟုပင် သက်ပြင်းချရပါတော့၏။

## ဆရာဝန်များ၏စုံစမ်းချက်

တော်ကူးဆရာတော်ပျံလွန်သည့်အချိန်၌ တော်ကူးရိပ်သာတွင် ရန်ကုန်မြို့ စိတ်ရောဂါအထူးကုဆေးရုံမှ အထူးကုဆရာဝန်ကြီး **ဒေါက်တာသိန်းဒွေးဖေ** နှင့် လက်ထောက်ဆရာဝန်တစ်ယောက်၊ မိတ္ထီလာမြို့ အနာကြီးဆေးရုံမှ **ဒေါက်တာသန်းစိန်**၊ စစ်ကိုင်းမြို့မှ **ဒေါက်တာအေါ်မိမိ**၊ ရွာခံဆရာဝန်များဖြစ်ကြသော **ဒေါက်တာခင်မောင်ညို** နှင့် **ဒေါက်တာသန်းထွန်း** စသည်ဖြင့် ဆရာဝန် ၁၀ ဦးခန့် ရှိနေကြ၏။

ဒေါက်တာသိန်းဒွေးဖေသည် ဘာသာရေးတွင် အထူးစိတ်ပါဝင်စားနေသည့်အလျောက် တော်ကူးဆရာတော်၏ သီလ, သမာဓိ, ပညာနှင့် ဆက်စပ်၍ ရုပ်ကလာပ်၏ အခြေအနေကို ကိုယ်တိုင်စောင့်ကြပ်ကာ စမ်းသပ်ခဲ့၏။

အသက်ရှင်နေသောလူ၏ ခန္ဓာကိုယ်သည် နွေးနွေးထွေးထွေးရှိ၏။ ကွယ်လွန်ပြီးသောအခါတွင် ကိုယ်အပူချိန်သည် ပတ်ဝန်းကျင်အပူချိန်သို့ရောက်သည့်တိုင်အောင် တဖြည်းဖြည်းလျော့ဆင်းသွား၏။

တော်ကူးဆရာတော်၏ ခန္ဓာကိုယ်သည် ပျံလွန်ပြီးသည့်ညဦးပိုင်း၌ နွေးနွေးထွေးထွေးပင် ရှိနေ၏။ နောက်တစ်နေ့တွင် ဦးသိန်းတင်စမ်းသပ်သိရှိလိုက်သည့်အတိုင်း ခန္ဓာကိုယ်မှာ ရေခဲတုံးပမာအေးစက်နေ၏။ ဒုတိယနေ့တွင်မူ ခန္ဓာကိုယ်သည် နွေးနွေးထွေးထွေး တစ်ဖန်ရှိလာပြန်၏။

တစ်ဖန် သာမန်ခန္ဓာကိုယ်၏ အသားရောင်သည် သွေးလည်ပတ်မှုရပ်တန့်၍ သွေးခဲဖွဲ့လာခြင်းကြောင့် ကွယ်လွန်ပြီး သုံးနာရီခန့်ကြာလာလျှင်ပင် အကွက်အပြောက်များ ပေါ်လာကြ၏။ တစ်ရက်ခွဲနှစ်ရက်ခန့်ကြာလာလျှင် ဝမ်းဗိုက်

www.burmeseclassic.com

www.burmeseclassic.com



ပတ်လည်၌ အစိမ်းရောင်အကွက်များပေါ်လာကြ၏၊ သုံးရက်ကျော်သည့်အခါ ပခုံး, ခါးနှင့် ခြေဖျားလက်ဖျားများတွင် ခရမ်းရောင်ပေါ်လာလေ့ရှိ၏။

တော်ကူးဆရာတော်၏ ရုပ်ကလာပ်မှာ လူတို့၏အကိုင်အတွယ်လွတ်ပြီး ဖုံးအုပ်ထားသည့်နေရာတို့၌ အသားအရောင်သည် နဂိုအတိုင်းပင်တည်ရှိနေ၏။ ရက် ၂၀ ကျော်လာပြီးသည့်နောက်၌ပင် ဝမ်းဗိုက်အရောင်မှာ ဝါဝင်းလျက်ပင်ရှိပြီး ပေါင်နှစ်ဖက်သည် ရွှေရောင်ဝင်းလျက် အစိမ်းရောင်ထိုးကွင်းအကွက်များကလည်း ထင်းထင်းပေါ်လွင်လျက်ရှိကြပေ၏။

တစ်ဖန် သာမန်အလောင်းကောင်များ၌ ထင်ရှားသောပြောင်းလဲမှုတစ်ရပ်မှာ ကြွက်သားများတောင့်တင်းလာခြင်းဖြစ်၏။ မျက်ခွံနှင့် အောက်မေးရိုးကြွက်သားများသည် သေဆုံးပြီးနောက် သုံးလေးနာရီအတွင်း၌ တောင့်တင်းသွားကြ၏။ သို့အတွက် မျက်ခွံပွင့်နေခြင်း ပါးစပ်ဟနေခြင်းတို့ကို ပြုပြင်ပေး၍မရတော့ချေ။

ထို့နောက် မျက်နှာကြွက်သားများ၊ လည်ပင်းကြွက်သားများ၊ လက်, ခြေတို့၌ရှိကြသောကြွက်သားများက တဖြည်းဖြည်းတောင့်ခိုင်သွားကြသည့်အတွက် တစ်ရက်ကျော်သွားလျှင်ပင် ခြေလက်များကို ကွေးကောက်၍မရတော့ချေ။ လည်ပင်းကိုလည်း လှည့်၍မရ။ ခြေချောင်းလက်ချောင်းများကိုလည်း ကွေးကောက်၍ မရတော့ချေ။

တော်ကူးဆရာတော်၏ ရုပ်ကလာပ်ကို ၇၂ နာရီအထိ ဒေါက်တာသိန်းဌေးဖေသည် အနီးကပ်စမ်းသပ်ခဲ့၏။ ထို့နောက် ၁၀၅ နာရီတိုင်အောင် မိမိတပည့်ဆရာဝန်အား စမ်းသပ်စေပြီးနောက် မိမိထံသို့သတင်းပို့စေ၏။ ထိုသို့ ၁၀၅ နာရီ (ဝါ) ငါးရက်ခန့် စမ်းသပ်ပြီးသည့်အခါ ဆရာတော်၏ ရုပ်ကလာပ်သည် တောင့်တင်းမှုမရှိကြောင်း ဒေါက်တာသိန်းဌေးဖေ မှတ်ချက်ချခဲ့၏။

ဆရာတော်၏ ရုပ်ကလာပ်ကို ၂၅ ရက်အထိ ထားရှိခဲ့ရာတွင် နောက်ဆုံးရက်အထိ ခြေလက်များကိုလည်းကောင်း၊ ခြေချောင်းလက်ချောင်းများကိုလည်းကောင်း ကွေးဆန့်၍ရပါသည်။ အောက်မေးစေ့ကိုပင် လှုပ်ရှား၍ရကြောင်းကို ကျွန်တော်၏ရှေ့၌ စမ်းသပ်ခဲ့ကြပါသည်။

အထူးဆန်းဆုံးအချက်မှာ ဆရာတော်၏ရုပ်ကလာပ်သည် သဘာဝကို ဆန့်ကျင်လျက် ဖူးရောင်ပုပ်ပွခြင်း လုံးဝမရှိခြင်းပင်တည်း။

သာမန်လူတို့၏ရုပ်ကလာပ်ကား ကြက်, ဝက်, ငါး အသေကောင်ကဲ့သို့ တစ်ရက်ကျော်လာလျှင်ပင် အပုပ်နံ့ စထွက်လာတော့၏။ ဘက်တီးရီးယားပိုးမွှားများ၏ချေဖျက်မှုကြောင့် အသွေးအသားများပျက်စီးကာ အပုပ်ရည်များ ယို

www.burmeseclassic.com

www.burmeseclassic.com



စီးထွက်လာကြ၏။ ပုပ်ပောင်သည့်မာတ်ငွေ့များလည်း ထွက်လာကြ၏။ မျက်လုံးများလည်း ပြူးထွက်လာကြ၏။

သို့အတွက် အလောင်းကောင်သည် မြင်မကောင်း ရှုမကောင်းအောင် ဖူးရောင်ပုပ်ပွလျက် အပုပ်ရည်တစိုစိုနှင့် အသုဘပိသစ္စာ ရွံဖွယ်စက်ဆုပ်ဖွယ်ကောင်းလာလေတော့၏။

တော်ကူးဆရာတော်၏ ရုပ်ကလာပ်သည် ၂၅ ရက်ကြာ ထားပါသော်လည်း ဖူးရောင်ပုပ်ပွခြင်းမရှိ။ အပုပ်ရည် ယိုစီးထွက်ခြင်းမရှိ။ အပုပ်နံ့ဟောင်ခြင်းမရှိ။ ဦးခေါင်း၊ ဝမ်းဗိုက်၊ ပေါင်၊ ခြေလက်တို့၏ အနေအထားမှာ နဂိုအတိုင်းလောက်ပင် ရှိနေကြ၏။ ခြောက်ကပ်ရှုံ့တွန့်သွားခြင်းလည်း မရှိချေ။

သိပ္ပံပညာက မဖြေရှင်းနိုင်သော ထူးခြားချက်များပင်တည်း။

## မသင်္ဂြိုဟ်ဖြစ်သော ဈာပနပွဲ

တော်ကူးဆရာတော် ပျံလွန်ပြီးသည့်နောက် အန္တိမဈာပနပွဲ ကျင်းပရေးအတွက် ယာယီဈာပနကော်မတီကို ဖွဲ့စည်းလိုက်ကြ၏။ ဈာပနကော်မတီဝင်များသည် ရွှေကျင်ဂိုဏ်းသံဃနာယကများ ဖြစ်တော်မူကြသော ကမာဝက်ရွာ တိုက်ကျောင်းသစ်ဆရာတော်၊ ခြသေ့ကျောင်းဆရာတော်၊ ဝယ်ငယ်ဆရာတော်နှင့် တံခွန်တိုင်ဆရာတော် ဦးတေဇတို့အား ဦးတိုက်၍ဩဝါဒခံယူကြ၏။

ဆရာတော်များသည် ရွှေကျင်ဂိုဏ်းစည်းကမ်းနှင့်အညီ ရုပ်ကလာပ်တော်ကို စောလျှင်သုံးရက် နှောက်ကျလျှင် ငါးရက်ပြည့်သောနေ့၌ အဂ္ဂိဈာပနကျင်းပကြရန် တညီတညွတ်တည်းမိန့်ကြားကြကုန်၏။

သို့အတွက် ဈာပနကော်မတီသည် တော်ကူးဆရာတော်ပျံလွန်သည့်နေ့မှ ငါးရက်မြောက်နေ့ဖြစ်သော ၁၃၄၉ ခု၊ တန်ခူးလပြည့်ကျော်၅ ရက် (၁၈–၄–၈၇) နေ့၌ အန္တိမအဂ္ဂိဈာပနပူဇော်ပွဲကြီး ကျင်းပရန် အလျှင်အမြန်ပြင်ဆင်ကြလေတော့၏။

မြန်မာပြည်အရပ်ရပ်မှ တပည့်ဒကာများ ကြားသိရေးအတွက် သတင်းစာတွင် ကြော်ငြာထည့်ပေးရန် ရန်ကုန်တွင်ရှိနေသော ကျွန်တော့်ထံသို့ ဈာပနကော်မတီက အကြောင်းကြားလာသဖြင့် သင်္ကြန်အတက်နေ့တွင် ကြေးမုံ၊ မြန်မာ့အလင်းနှင့် ဗိုလ်တထောင်သတင်းစာတိုက်များသို့ ကျွန်တော်သွားရောက်ပြီး ကြော်ငြာထည့်ပေးလိုက်၏။

၁၃၄၉ ခု၊ နှစ်ဆန်း ၁ ရက်နေ့တွင် သတင်းစာများ၌ တော်ကူးဆရာတော်၏ ဈာပနကြော်ငြာပါလာသည့်အတွက် တစ်ပြည်လုံးမှရဟန်းရှင်လူများ သတင်း

www.burmeseclassic.com

www.burmeseclassic.com



ကြားသိပြီး ယူကျုံးမရဖြစ်ကြကုန်၏။ ရပ်ဝေးနေတပည့်ဒကာများစွာတို့သည်လည်း မီရာကား၊ ရထား၊ သင်္ဘောတို့ဖြင့် ဈာပနပွဲအမီ လာရောက်ကြကုန်၏။

တော်ကူးရိပ်သာတွင် အပြည့်ရှိနှင့်သော ယောဂီများသည် ဈာပနပွဲတွင် ပါဝင်ကြရန် မိမိတို့၏ရပ်ဌာန်များသို့ မပြန်ကြဘဲ ရိပ်သာ၌ပင် ဆက်လက်တရားရှုမှတ်နေကြ၏။

ရပ်ဝေးဒေသများမှ တပည့်ဒကာများ အဆက်မပြတ် တရစပ်ရောက်လာကြသည့်အခါ ရိပ်သာဝင်းအတွင်းရှိသစ်ပင်များအောက်၌လည်းကောင်း၊ ရိပ်သာဝန်းကျင်၌ရှိကြသော ရာဘာခြံများအတွင်း၌လည်းကောင်း တည်းခိုကြရကုန်၏။

လာသမျှပရိသတ်အပေါင်းတို့အား ယောက်ျားကြီးများက ဦးဆောင်၍ချက်ပြုတ်ပေးပြီး ဒေါ်တင်ရွှေ၊ ဒေါ်တင်လှ စသည့်အမျိုးသမီးတို့က ဧည့်ခံကျွေးမွေးရေးကို ဦးဆောင်ကာ ဝတ္တရားကျေပွန်စွာ ဖွယ်ဖွယ်ရာရာ မွန်မွန်မြတ်မြတ် ဧည့်ခံကျွေးမွေးပေးကြ၏။

အရုဏ်ဆွမ်းကို နံနက် ၅ နာရီမှစတင်ကျွေးမွေးရာ နံနက် ၈ နာရီခန့်တွင်မှ လက်စသတ်နိုင်ကြ၏။ တစ်ဖန် နေ့ဆွမ်းကို နံနက် ၉ နာရီမှစတင်ကျွေးမွေးရာ မွန်းလွဲ နာရီပြန် ၁ ချက် ၂ ချက်အထိ ကျွေးမွေးရလေ၏။ ညနေပိုင်းတွင်မှ ရောက်လာကြသောဧည့်သည်များကိုလည်း ဆာလောင်မွတ်သိပ်မှုကင်းစေရန် ညစာကိုလည်း တည်ခင်းကျွေးမွေးကြပြန်၏။

ထို့ကြောင့်လည်း **'စေတနာဗရပွနှင့်ကျွေးမွေးတာ တော်ကူးရိပ်သာက အသာလွန်ဆုံး'** ဆိုသည့်ဂုဏ်ဝိသေသကို ထပ်မံရရှိလိုက်ပေ၏။

ရိပ်သာက မည်မျှပင်ကျွေးကျွေး၊ ပရိသတ်များလွန်းသဖြင့် အပိုဝယ်စားလိုသူက အမြောက်အမြားပင် ရှိနေကြပေ၏။ သို့အတွက် ရိပ်သာအဝင်လမ်းတစ်လျှောက်တွင် ရွာသူရွာသားများက လာရောက်ဖွင့်လှစ်ကြသော စားသောက်ဆိုင်များသည် မှိုပေါက်သလို တစ်မဟုတ်ချင်း စည်ကားသိုက်မြိုက်စွာ ပေါ်ပေါက်လာကြ၏။

ရိပ်သာနှင့် ရွာတွင်းသို့လည်းကောင်း၊ ရွာထိပ်ကားလမ်းမသို့လည်းကောင်း အလွယ်တကူ ကူးသန်းလာနိုင်ရေးအတွက် ဆိုက်ကားဂိတ်တစ်ခုသည်လည်း ရုတ်ခြည်းပင် ရိပ်သာဝ၌ ပေါ်ပေါက်လာပေ၏။

ညဉ့်အခါတွင် ရိပ်သာမီးစက်က ညဉ့်လုံးပေါက်လည်ပတ်၍ လျှပ်စစ်မီးထိန်ထိန်လင်းနေသည့်အတွက် ပရိသတ်အပေါင်းတို့သည် ငြီးငြင်ကြောင့်ကြမှုမရှိကြဘဲ တော်ကူးဆရာတော်၏အပွဲမာဒေနမိန့်မှာချက်အတိုင်း ဝိပဿနာတရားကို အားထုတ်ကာ အဖိုးတန်သောအချိန်ကို ကုန်လွန်စေကြ၏။

www.burmeseclassic.com

www.burmeseclassic.com



အန္တိမအဂ္ဂိဈာပနကျင်းပရန်နေရာအဖြစ် ရိပ်သာမှ ရာဘာခြံတစ်ခြံ ခြားထားသည့် ကွင်းပြင်ငယ်ကလေးကို ရွေးချယ်လိုက်ကြ၏။ ရိပ်သာတွင်းမှနေ၍ ထိုကွင်းငယ်သို့ ရုပ်ကလာပ်တော်ကို သယ်ဆောင်ရန်အတွက် နိဗ္ဗာန်ယာဉ်တစ်ခုကိုလည်း လှပစွာတည်ဆောက်ကြ၏။

ဈာပနအဖွဲ့ဝင် ဒါယကာများသည် ရိုးသားသည့်လယ်သမားဦးကြီးများဖြစ်ကြရာ သဒ္ဓါတရားအရင်းခံ၍ မိမိတို့ကြည်ညိုသည့် ဆရာတော်ဘုရား၏ ဈာပနပူဇော်ပွဲအတွက် မိမိတို့မြင်သိထားသလောက် အစွမ်းကုန်အကောင်းဆုံးဖြစ်အောင် ကြိုးစားထားကြပါ၏။

မြို့ကြီးများတွင် ကျင်းပခဲ့ကြသည့် နာမည်ကြီး ဆရာတော်ဘုရားတို့၏ ဈာပနပူဇော်ပွဲနှင့်နှိုင်းစာလျှင်မူ အလွန်ပင်သိမ်ငယ်နေပေလိမ့်မည်။ ရုပ်ကလာပ်တော် ယာယီစံမြန်းရန် စံကျောင်းတော်၊ နိဗ္ဗာန်ကျောင်းတော်၊ ကြာကလပ်တော်တို့ကိုလည်းကောင်း၊ ရုပ်ကလာပ်တော်ကိုတင်ဆောင်သယ်ယူရန် ကရဝိက်ဖောင်တော်, လှေတော်သားများနှင့် လှေတော်သံတို့ကိုလည်းကောင်း၊ ရုပ်ကလာပ်တော်ကို အဆင့်ဆင့်သယ်ဆောင်ယူရန် ဗြဟ္မာများ, သိကြား, နတ်မင်းများ, နတ်သားများ စသည့်ထူးဆန်းပြောင်လက်သည့်အဝတ်တန်ဆာများကို ဝတ်ဆင်ထားသည့် ပရိသတ်များကိုလည်းကောင်း၊ နတ်လမ်း,ဆိုင်းဝိုင်းသံ, ဝိုချင်းသံ စသည်တို့ကိုလည်းကောင်း ရှုမြင်ချင် နားပန်ဆင်ချင်လိုသူများက ကျေနပ်အားရကြလိမ့်မည်မဟုတ်ချေ။

တော်ကူးဆရာတော်ဘုရားသည် ရိုးသားသည့်လယ်သမားဘဝမှ ရဟန်းဘဝသို့ ကူးပြောင်းခဲ့သူဖြစ်ပြီးလျှင် ၄၂ ဝါပတ်လုံး ကျောင်းငယ်ကလေးများတွင် ရိုးရိုးအေးအေးပင် သီတင်းသုံးတော်မူခဲ့၏။ ဂုဏ်ပကာသနကိုမမက်၊ အလိုနည်းခြင်းဟူသည့် အပ္ပိစ္ဆတာဂုဏ်၊ ရောင့်ရဲတင်းတိမ်လွယ်ခြင်းဟူသည့် သန္တုဋ္ဌိကဂုဏ် စသည်တို့နှင့်ပြည့်စုံလျက် ဝိပဿနာပြန့်ပွားရေးကိုသာ မိမိ၏အသက်နှင့်ခန္ဓာကို ပေးအပ်ခဲ့ပေသည်။

သက်တော်ထင်ရှားရှိစဉ်အခါကပင် ကြီးကျယ်ခမ်းနားစွာ ပူဇော်ပသမှုကို မလိုလားသော တော်ကူးဆရာတော်သည် ဥတုဇရုပ်ကလာပ်အစုမျှသာဖြစ်သော အဝိညာဏက, အသုဘအခြေ၌ကား ဆန်းပြားခမ်းနားစွာ ဈာပနပူဇော်ပွဲကျင်းပခြင်းကို လိုလားလိမ့်မည်မဟုတ်ချေ။

ဈာပနပူဇော်ပွဲကျင်းပရန် ကြေညာထားသောနေ့သို့ ရောက်လေပြီ။ ဆရာတော်များနှင့်တကွ ရဟန်းပရိသတ်နှင့် လူပရိသတ်တို့သည် ရိပ်သာပရဝုဏ်တစ်ခုလုံး ပြည့်ကျပ်နေအောင် ရောက်ရှိနေကြပြီ။

www.burmeseclassic.com

www.burmeseclassic.com



တော်ကူးဆရာတော်၏ ရုပ်ကလာပ်ကား ပကတိကျိန်းစက်နေသည့်အလား လတ်လတ်ဆတ်ဆတ် လန်းလန်းဆန်းဆန်းပင် ရှိနေပါသည်။ အသားအရောင်ပြောင်းလဲခြင်း၊ ဝမ်းဗိုက်ဖောင်းခြင်း၊ ဖူးရောင်ခြင်း၊ ရှုံ့တွခြင်း၊ အပုပ်ရည်ယိုစီးခြင်း၊ ပုပ်ပွခြင်း စသည်တို့ လုံးဝမရှိချေ၊ အပုပ်နံ့ပင် ကင်းနေသည်။

ဆရာတော်မပျံလွန်မီက မကြာခဏရွတ်ဆိုပြခဲ့သည့် လင်္ကာပါအချက်များနှင့် အားလုံးကိုက်ညီနေချေပြီ။

*'ညည်းညူမရှိ၊ သတိမမေ့၊*
*ချိန်နေ့သိပြန်၊ မျက်လန်ကြောဆွဲ၊*
*မရှိဘဲနှင့်၊ သေလည်းမတောင့်တင်း၊*
*ပုပ်နံ့ကင်းသည်၊ ကျိုးရင်း ဝိပဿနာတန်ခိုးတည်း။*

ဝိပဿနာတန်ခိုးကို အထင်အရှားမြင်တွေ့ကြရလေပြီ။

"ဆရာတော်ကြီးများဘုရား... ပုပ်ပွခြင်းမရှိ၊ အကောင်းပကတိဖြစ်နေတဲ့ ရုပ်ကလာပ်တော်ကို တပည့်တော်တို့ မီးသင်္ဂြိုဟ်ခြင်းမပြုလိုကြပါဘုရား၊ ဤအတိုင်း ထားခွင့်ပြုတော်မူပါဘုရား"

ရွာပနအဖွဲ့ခေါင်းဆောင်များက လျှောက်ထားပန်ကြားကြ၏။ ဆရာတော်များက နှီးနှောတိုင်ပင်ကြ၏။ ရွှေကျင်ဂိုဏ်းတော်၏ စည်းကမ်းများက အလွန်တင်းကျပ်သည်မဟုတ်ပါလား။

"ရွှေကျင်ဂိုဏ်းတော်ရဲ့စည်းမျဉ်းအရတော့ ရုပ်ကလာပ်တော်ကို မီးသင်္ဂြိုဟ်ရမှာပဲ ဒကာကြီးတို့၊ ကျောင်းပရဝုဏ်ထဲမှာ ဆက်ထားခွင့်မရှိဘူး၊ တော်ကူးဆရာတော်ရဲ့ရုပ်ကလာပ်မပုပ်သိုးဘူးဆိုတာ မှန်တယ်၊ ဒီလိုမပုပ်သိုးတဲ့ ရုပ်ကလာပ်မျိုးကို တို့နယ်မှာ အလွန်ဖူးတွေ့ရခဲပါတယ်။

"ဒါပေမဲ့ ရုပ်ကလာပ်တော်ဟာ အသုဘရုပ်မျှသာဖြစ်လို့ တွယ်တာဆည်းကပ်နေကြဖို့ မကောင်းဘူး၊ ဗုဒ္ဓမြတ်စွာ သက်တော်ထင်ရှားရှိစဉ်ကတောင် 'ငါ့ခန္ဓာအပုပ်ကောင်ကို ကြည်ညိုနေလို့ ဘာအကျိုးရှိမလဲ၊ တရားတွေ့သူသာ ငါဘုရားကိုတွေ့နိုင်တယ်၊ ဒါကြောင့် တရားတွေ့အောင် သွားအားထုတ်ချေ' လို့ **ဝက္ကလိ**ကို ဘုရားရှင်မောင်းထုတ်ခဲ့တယ်မဟုတ်လား၊ ပြီးတော့ ဗုဒ္ဓမြတ်စွာပရိနိဗ္ဗာန်စံတော်မူတဲ့အခါ ရုပ်ကလာပ်တော်သည် ကြာကြာမတည်တဲ့ဘဲ မြန်မြန်ကြီး တေဇောဓာတ်လောင်ကျွမ်းခဲ့တယ်မဟုတ်လား။

"ဒါကြောင့်... တော်ကူးဆရာတော်ကိုကြည်ညိုရင် ဆရာတော်ညွှန်ပြခဲ့တဲ့နည်းနဲ့ တရားတွေ့အောင် အားထုတ်ကြပါ၊ တရားနဲ့ပူဇော်ခြင်းသည်သာ အမြတ်

www.burmeseclassic.com

www.burmeseclassic.com



ဆုံးပူဇော်ခြင်း ဖြစ်ပါတယ်၊ ရုပ်ကလာပ်ကိုကြည်ညိုနေရုံနဲ့ တရားတွေ့မှာမဟုတ်ဘူး၊ ဒါကြောင့် ရွှေကျင်ဂိုဏ်းတော်ရဲ့စည်းမျဉ်းနဲ့အညီ ရုပ်ကလာပ်တော်ကို မီးသင်္ဂြိုဟ်ကြပါ ဒကာကြီးတို့”

ဆရာတော်များက တညီတညွတ်တည်း ဩဝါဒပေးနေကြလေပြီ။

“တပည့်တော်တို့ မသင်္ဂြိုဟ်လိုသေးပါဘုရား၊ သင်္ဂြိုဟ်လို့ ရုပ်ကလာပ်တော် မီးမစွဲရင် ဘယ့်နှယ်လုပ်ရပ့်မလဲဘုရား၊ ရုပ်ကလာပ်တော်ကို ရပ်ဝေးနေပရိသတ်များ ဆက်လက်ဖူးမြော်နိုင်အောင် တပည့်တော်တို့ကို ရက်အနည်းငယ်ဆက်လက်ထားခွင့်ပြုပါဘုရား၊ တကယ်လို့ ရုပ်ကလာပ်က ပုပ်ပွဖောက်ပြန်လာမယ်ဆိုရင် တပည့်တော်တို့ချက်ချင်းမီးသင်္ဂြိုဟ်ပါ့မယ်ဘုရား”

ပရိသတ်အများစုကလည်း ရုပ်ကလာပ်တော်ကို ဆက်လက်ပြီးပူဇော်ထားလိုကြသည်။ ဒကာအားကို သံဃာတော်က မလွန်ဆန်လိုသည့်အတွက်...

“အေး...ဘုန်းကြီးတို့ကတော့ ဩဝါဒပေးပြီးပြီ၊ ဘုန်းကြီးတို့ရဲ့ တာဝန်ဝတ္တရားက ကုန်ပြီ၊ ဒကာတို့ရဲ့တာဝန်ဝတ္တရားပဲ ကျန်တော့တယ်”

“တင်ပါ့ဘုရား...တပည့်တော်တို့ရဲ့တာဝန်ထားပါဘုရား”

ဤသို့ဖြင့် ဈာပနပွဲကို ရုပ်သိမ်းလိုက်ကြပါတော့၏။ ဈာပနပွဲလာပရိသတ်များလည်း ဆရာတော်၏ရုပ်ကလာပ်ကို အားရအောင်ဖူးမြော်ကြပြီးနောက် တစ်သုတ်ပြီးတစ်သုတ် ပြန်သွားကြလေကုန်၏။

## သောင်းကျော်တန်မှန်ခေါင်း၌ တစ်လှည့်

ပြန်သွားကြသော ပရိသတ်များမှတစ်ဆင့် သတင်းကြားသိရသော လုပ်သားပြည်သူအပေါင်းတို့သည် တော်ကူးရိပ်သာသို့ နေ့စဉ်မပြတ်ရောက်ရှိလာကြပြီး ဆရာတော်၏ရုပ်ကလာပ်ကို ဖူးမြော်ကြ၏။ ရိပ်သာ၌ တစ်ညဥ့်တည်းခိုကြသော ရပ်ဝေးဧည့်သည်များကို **ဒေါ်တင်ရွှေ**၏ ဧည့်ခံရေးအဖွဲ့က စေတနာပြည့်ဝစွာဖြင့် ဆက်လက်ဧည့်ခံကျွေးမွေးကြ၏။

ချက်ရေးပြုတ်ရေး စီမံရေးတို့နှင့် တရစပ်မအားလပ်အောင် လုံးလည်လိုက်နေသော ဒေါ်တင်ရွှေမှာ ဖခမည်းတော်၏ရုပ်ကလာပ်အနီးအပါးသို့ပင် မသီနိုင်အားသဖြင့် ပရိဒေဝမီးတောက်လောင်ခြင်းမှ သက်သာခွင့်ရသွားလေ၏။ သို့ရာတွင် ကြာရှည်စွာ အအိပ်အနေပျက်ကာ ကိုယ်စိတ်ပင်ပန်းစွာလုပ်ကိုင်နေရသည့်အတွက် ဒေါ်တင်ရွှေနှင့်တကွ ဧည့်ခံကျွေးမွေးရေးအဖွဲ့ဝင်များသည် တဖြည်းဖြည်း ပိန်ချုံးနွမ်းလျလာကြ၏။

ပရိသတ်များကို ထိန်းသိမ်းကြပ်မတ်လျက် ဆရာတော်၏ရုပ်ကလာပ်ကို

www.burmeseclassic.com

www.burmeseclassic.com



နေ့ညဥ့်မပြတ် စောင့်ကြပ်နေကြရသော ဈာပနအဖွဲ့ဝင် ဒါယကာများသည်လည်း မသက်သာကြလှချေ။ တဖြည်းဖြည်းပင်ပန်းနွမ်းရိလာကြသည်သာတည်း။ မည်မျှကြာအောင် စောင့်ကြပ်နေရဦးမည်နည်း။ ဆရာတော်၏ ရုပ်ကလာပ်သည် ခြောက်ရက်၊ ခုနစ်ရက်၊ ရှစ်ရက်၊ ကိုးရက်သို့တိုင်အောင်လည်း မပုပ်သိုးဘဲ အကောင်းပကတိရှိနေသည့်အတွက် ဒကာအချို့က မှန်ခေါင်းသွင်း၍ဗိမာန်တည်ဆောက်ကာ အမြဲပူဇော်ထားရန်ပင် အကြံပေးလာကြ၏။

ဆရာတော်၏ ရုပ်ကလာပ်ကို လာရောက်ဖူးမြော်ကြသူတို့က တစ်ကျပ်၊ နှစ်ကျပ်၊ ငါးကျပ်စသဖြင့် အလှူငွေများထည့်ပေးကြရာ စုစုပေါင်းအလှူငွေ ကျပ်တစ်သိန်းကျော် ရရှိလာပါသည်။ သို့ရာတွင် ရုပ်ကလာပ်ဖူးမြော်ရန် လာရောက်ကြသော ပရိသတ်များကို ပြန်လည်ဧည့်ခံကျွေးမွေးရသည့်အတွက် စာရင်းချုပ်လက်ကျန်ငွေမှာ ကျပ်ခြောက်သောင်းကျော် ဖြစ်ပါသည်။

အန္တိမဈာပနပူဇော်ပွဲကို ရက်ရွှေ့ဆိုင်းလိုက်သည့်အခါ ပထမဈာပနကော်မတီကို ဖျက်သိမ်းပြီး လူ ၃၃ ဦးပါဝင်သော ဈာပနကော်မတီအသစ်ကို ဖွဲ့စည်းခဲ့ကြပါသည်။ ထိုကော်မတီက ငွေများကိုစနစ်တကျထိန်းသိမ်းသုံးစွဲ၍ လက်ကျန်ငွေကို မုဒုံမြို့ပြည်သူ့ဘဏ်တွင် အပ်နှံထားကြပါသည်။

ဆရာတော်ပျံလွန်ပြီး ဆယ်ရက်မြောက်နေ့တွင် ဆရာတော်၏ မြေးရင်းနှင့်တူ၊ တူမများဖြစ်ကြသော တံခွန်တိုင်ရွာနေ **ဦးသန်းမြင့်** နှင့် **ဒေါ်အေးသန်း** တို့က အလျား ခုနစ်ပေ၊ အနံသုံးပေ၊ အမြင့်လေးပေရှိသော ကျပ်တစ်သောင်းကျော်တန်သည့် မှန်ခေါင်းကို လှူဒါန်းကြပါသည်။

ရုပ်ကလာပ်တော်သည် ခုတင်ပေါ်၌ပူဇော်ခံထားရာတွင် ပရိသတ်တို့၏ ကိုင်တွယ်မှုဒဏ်ကိုလည်းကောင်း၊ ပုရွက်ဆိတ်ငယ်များ၏ ကိုက်ဖဲ့မှုဒဏ်ကိုလည်းကောင်း အဆက်မပြတ် ခံနေခဲ့ရ၏။ ပုရွက်ဆိတ်ငယ်များနှင့် ပိုးမွှားများ မဝင်ရောက်နိုင်သော မှန်ခေါင်းအတွင်း၌ ရုပ်ကလာပ်ကို ပူဇော်ထားကြလျှင် ပို၍တင့်တယ်မည်ဖြစ်၏။

သို့အတွက် တန်ခူးလဆုတ် ၁၀ ရက် (၂၃-၅-၈၇) နံနက် ၉ နာရီတွင် ရုပ်ကလာပ်တော်ကို ရဟန်းသံဃာများက ပင့်ဆောင်လျက် မှန်ခေါင်းအတွင်းသို့ ပြောင်းရွှေ့ပူဇော်ထားကြ၏။

မပြောင်းရွှေ့မီတွင် ရုပ်ကလာပ်တော်၌ ကပ်ငြိနေသော မမြင်နိုင်သည့် ပိုးမွှားကလေးများ ပပျောက်သွားနိုင်ရန်နှင့် နောက်ထပ်ပိုးမွှားများ မဝင်တွယ်နိုင်ရန် ရည်ရွယ်ချက်ဖြင့် ဒေါက်တာခင်မောင်ညိုသည် တရုတ်ပိုးသတ်ဆေးဘူးဖြင့် ရုပ်ကလာပ်ကို အသာအယာဖျန်းပက်လိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



ကျယ်ဝန်းသောမှန်ခေါင်းအတွင်းဝယ် ဆရာတော်သုံးစွဲခဲ့သည့် သပိတ်၊ ကြာသကၢန်း၊ ယပ်နှင့်ဖိနပ်တို့ကို ရုပ်ကလာပ်ဘေးတွင် ချထားပေးကြ၏။ အခန်းငယ်ကလေးသဖွယ် ကျယ်ဝန်းမြင့်မားသော မှန်ခေါင်းတော်သည် ရုပ်ကလာပ်တော်ကို ပို၍တင့်တယ်ဝင့်ကြွားနေစေ၏။

သို့ရာတွင် ကြိုတင်မမြင်နိုင်သောဘေးအန္တရာယ်သည် ရုပ်ကလာပ်တော်ကို ထိပါးလာကြ၏။ မှန်ချပ်ကြီးများနှင့် ထည်ဝါစွာပြုလုပ်ထားသော မှန်ခေါင်းတော်သည် ပိုးမွှားများ မဝင်ရောက်နိုင်အောင် လုံခြုံသည့်အပြင် လေပါလုံနေသည့်အတွက် မှန်ခေါင်းအတွင်း၌ လူဝင်နေသည့်အခါ အပေါ်ဘက်မှန်အမိုးကိုဖွင့်ထားလင့်ကစား အပြင်မှစကားသံများကို မကြားရတော့ချေ။

တန်ခူးလ (ဧပြီလ) ၏အပူဒဏ်မှာ အလွန်ပြင်းထန်၏။ လေလုံမှန်ခေါင်းအတွင်းရှိအပူချိန်မှာ ပို၍ပင်ပြင်းထန်နေ၏။ သို့အတွက် ရုပ်ကလာပ်ခြေရင်းနားတွင် ချထားသော ကတ္တီပါဖိနပ်၏ အောက်ခံရာဘာဆိုးပြားသည် အရည်ပျော်ကျလေတော့၏။

ထို့ပြင် မှန်ခေါင်းအတွင်းသို့မသွင်းမီက ပိုးသတ်ဆေးဖျန်းပက်ခဲ့သည့်အတွက် ပိုးသတ်ဆေးထိသောနေရာများတွင် အသားရောင်သည် ညိုရင့်လာ၏။ သင်္ကန်းလွှမ်းခြုံထားသည့်နေရာများ၌ သင်္ကန်းကို လှပ်ကြည့်သည့်အခါ အသားရောင်မှာ နဂိုအတိုင်း ဝါဝင်းနေ၏။

ထိုမှတစ်ဆင့် ပိုးသတ်ဆေးဖျန်းပက်ခဲ့သည့်နေရာများတွင် အဖြူရောင်မှိုများ ပေါ်ပေါက်လာကြပြန်၏၊ မျက်ခွံနှစ်ဖက်ပေါ်တွင် ထိုမှိုဖြူများ ပေါက်လာကြသည့်အခါ မျက်စိနှစ်ကွင်းကို ပိတ်ဖြူပတ်တီးစများဖြင့် ဖုံးအုပ်ထားသည့်အသွင် မြင်တွေ့ရ၏။ ထိုမှိုတို့သည် အရက်ပြန်ဆွတ်ထားသည့် အဝတ်စဖြင့် ပွတ်တိုက်သည့်အခါ အလွယ်တကူမကျွာထွက်ဘဲ စွဲကပ်နေကြပေ၏။

သို့ဖြစ်၍ လေဝင်နိုင်ရန် မှန်ခေါင်း၏အောက်ခံပျဉ်ပြားတွင် ပြားစေ့အရွယ်အပေါက်ဝိုင်းကလေးများ ဖောက်လိုက်ကြ၏။ သို့တစေ ရုပ်ကလာပ်ပေါ်တွင် ဟိုတစ်ကွက်ဒီတစ်ကွက် စွဲကပ်နေသောမှိုပွင့်ဖြူများသည် တစ်စတစ်စ တိုးပွားလာကြ၏။

သစ်ငုတ်ဆွေးတို့ပေါ်တွင် မှိုပွင့်ဖြူများ ပေါက်လာကြသကဲ့သို့ အသက်ကင်းမဲ့သည့် ရုပ်ကလာပ်ပေါ်တွင် မှိုပွင့်ကလေးများ ပေါ်ပေါက်လာကြလေပြီတကား။

www.burmeseclassic.com

www.burmeseclassic.com



## ဆရာတော်၏ခြေရင်းသို့ ရောက်ပါပြီ

တော်ကူးဆရာတော် ပျံလွန်သည့်အချိန်သည် နွေရာသီကျောင်းပိတ်ရက် အတွင်းဖြစ်၍ ကျွန်တော်ရန်ကုန်မြို့တွင်ရှိနေသည့်အခါ ဖြစ်ပါသည်။ သင်္ကြန် အကြိုနေ့ ညဉ့် ၁၀ နာရီကျော်တွင် မွန်ပြည်နယ်ပြည်သူ့ကောင်စီအတွင်းရေးမှူး ဦးကြီးစိန်က ဖုန်းဆက်အကြောင်းကြားသဖြင့် ဆရာတော်ပျံလွန်ကြောင်းကို ကျွန် တော် ဝမ်းနည်းကြေကွဲစွာ ကြားသိလိုက်ရပါသည်။

အဝိဇ္ဇာ၊ တဏှာ၊ ဥပါဒါန်၊ ကံ စသည့်အကြောင်းတရားတို့၏ ပေါင်းဆုံမှု ကြောင့် ဖြစ်ပေါ်လာသော ရုပ်နာမ်ခန္ဓာအစုတို့သည် အနိစ္စသဘောဖြစ်၍ ပျက်စီး ရမည်သာတည်း။ သို့ရာတွင် တော်ကူးရိပ်သာ၌ ယောဂီများပြည့်ကျပ်နေသည့် အခါတွင်မှ ဆရာတော်ပျံလွန်သွားခြင်းသည် သတ္တဝါဝေနေယျတို့အတွက် ကြီး ကျယ်သော ဆုံးရှုံးမှုတစ်ရပ်ပါပေတည်း။

သင်္ကြန်တွင်း၌ ရန်ကုန်နှင့် မော်လမြိုင် ခရီးသွားလာရသည်မှာ မလွယ်ကူ ပါ။ ထို့အပြင် သင်္ကြန်လွန်သည်နှင့်တစ်ပြိုင်နက် မိတ္ထီလာ၊ မြင်းခြံနှင့် တောင်ငူ မြို့များ၌ ကျွန်တော်တရားဟောရန်နှင့် အဘိဓမ္မာသင်တန်းများပို့ချရန် တင်ကြို စီစဉ်ထားနှင့်ပြီးဖြစ်သဖြင့် တော်ကူးရိပ်သာသို့ ကျွန်တော်ချက်ချင်းမသွားရောက် နိုင်သေးပါ။

မိတ္ထီလာ၊ မြင်းခြံ၊ တောင်ငူ တရားပွဲများ၌ တော်ကူးဆရာတော်၏ထူးခြား ချက်များကို ကျွန်တော်ထည့်သွင်းပြောကြားနိုင်ခဲ့ပါသည်။ ဝိပဿနာရှုမှတ်မှု၏ လက်တွေ့တန်ခိုးသတ္တိကို ပရိသတ်အပေါင်းတို့ကြားသိကြရသည့်အခါ အလွန် ဝမ်းသာအံ့ဩကြ၏။

တော်ကူးဆရာတော်ပျံလွန်ပြီးနောက် ၂၃ ရက်မြောက်သည့် ၁၃၄၉ ခု ကဆုန် လဆန်း ၈ ရက်နေ့တွင်မှ ကျွန်တော် တော်ကူးရိပ်သာသို့ရောက်ပြီး ရုပ်ကလာပ် တော်ကို ဖူးမြော်ရပါသည်။ ထိုအခါ ဈာပနအဖွဲ့ဝင်များက ရှေ့လုပ်ငန်းစဉ် အ တွက် တိုင်ပင်ရန် ကျွန်တော့်အား စောင့်မျှော်နေကြကြောင်း ကျွန်တော်သိရပါ သည်။

တော်ကူးဆရာတော် မပျံလွန်မီအချိန်က "**ဒေါက်တာမင်းတင်မွန်** ဘယ်မှာ ရှိသလဲ၊ ဘယ်မှာတရားဟောနေသလဲ၊ ဘယ်တော့လာမလဲ" ဟု ဦးသိန်းတင်အား ဆရာတော် မကြာခဏမေးမြန်းသည်ဟုဆို၏။

ယခုတော့ ဆရာတော်၏ ခြေတော်ရင်းသို့ ကျွန်တော်ရောက်လာပါပြီ။ ဆရာ တော်၏ ဈာပနကိစ္စနှင့်ပတ်သက်၍ မြင်းခြံမြို့သို့ရောက်စဉ်အခါက ပုပ်သိုးခြင်း မရှိသည့် စွန်းလွန်းဂူကျောင်းဆရာတော်၏ ရုပ်ကလာပ်နှင့် စမ်းကျဆရာတော်

www.burmeseclassic.com

www.burmeseclassic.com



၏ ရုပ်ကလာပ်တို့ကို ကျွန်တော်လေ့လာခဲ့ပါသည်။ ထို့အပြင် ဆရာတော်ဘုရားကြီးများ၏ အကြံဉာဏ်သြဝါဒများကိုလည်း ကျွန်တော်မေးမြန်းစုံစမ်းခဲ့ပါသည်။ ဤအကြောင်းတို့ကို တော်ကူးရျာပနအဖွဲ့ဝင်များအား ကျွန်တော်တင်ပြပါသည်။

## စွန်းလွန်းဂူဆရာတော်၏ရုပ်ကလာပ်

မြန်မာနိုင်ငံတွင် ရဟန္တာတစ်ပါးအဖြစ် ကျော်ကြားခဲ့သော စွန်းလွန်းဂူကျောင်းဆရာတော်၏ ရုပ်ကလာပ်ကို မြင်းခြံမြို့ စွန်းလွန်းဂူကျောင်းတော်ဝင်းအတွင်း၌ ဂန္ဓကုဋိသံသရာအေးစေတီတည်ကာ မှန်ခေါင်းဖြူဖြင့် ပူဇော်ထားပါသည်။ စွန်းလွန်းဆရာတော်၏ဘဝနှင့် တော်ကူးဆရာတော်၏ဘဝတို့သည် တစ်စွန်းတစ်စအားဖြင့် ဆင်တူနေကြပါသည်။

ဆရာတော်နှစ်ပါးလုံးပင် လယ်သမား ယာသမားဘဝမှ သာသနာ့ဘောင်သို့ ကူးပြောင်းခဲ့ပါသည်။ ဆရာတော်နှစ်ပါးလုံးပင် အိမ်ရာထူထောင်ခဲ့ကြပြီးနောက် အသက်ကြီးရင့်သည့်အခါမှ ပဗ္ဗဇိတရဟန်းဘဝကို ရယူခဲ့ကြသည်။ သမထဝိပဿနာတရားများကို စွဲစွဲမြဲမြဲ အားထုတ်ခဲ့ကြသည်။

စွန်းလွန်းဆရာတော်လောင်းလျာဖြစ်သော ဦးကျော်ဒင်သည် တောင်ယာလုပ်ကိုင်ရင်း အသက် ၄၃ နှစ်အရွယ်တွင် အာနာပါနသတိ ခေါ် ထွက်သက်ဝင်သက် ကမ္မဋ္ဌာန်းကို စတင်ရှုမှတ်ခဲ့၏။

"...နှာသီးဖျားမှာ ထွက်လေဝင်လေတို့ ထွက်တိုင်းထိ၊ ထိတိုင်းသိ၊ ဝင်တိုင်းထိ၊ ထိတိုင်းသိ၊ အသိချင်းစပ်အောင် ရှုမှတ်ရမယ်၊ ရပ်သွားထိုင်လျောင်း ဣရိယာပုထ်လေးပါးမှာလဲ လှုပ်ရှားမှုတိုင်း ထိတွေ့မှုတိုင်းကို သိနေအောင် သတိကပ်ပြီး ရှုမှတ်ရမယ်။

"...ကာယတံခါးမှာ ထိမှုဖဿဖြစ်တဲ့အခါ ဖဿကြောင့် ဝေဒနာဖြစ်တယ်၊ ဝေဒနာမှတစ်ဆင့် တဏှာ၊ ဥပါဒါန်၊ ဘဝ စသည်တို့ မဖြစ်ပေါ်အောင် သတိနှင့်ဖြတ်ရမယ်၊ ဖြတ်လျှင် ဝေဒနာ, တဏှာ မဖြစ်တော့ဘဲ ဝေဒနာ,ပညာ ဖြစ်လာမယ်..."

လူအမည် ဦးကျော်ဒင်၊ ထို့နောက် ရဟန်းဘွဲ့တော်ဦးကဝိသည် သတိမြဲမြဲဖွဲ့ရှိရှိဖြင့် ဝိပဿနာရှုမှတ်ခဲ့ရာတွင် ခုနစ်လအချိန်အတွင်း၌ပင် လေးမဂ်လေးဖိုလ်ရပြီး တေဝိဇ္ဇရဟန္တာအဖြစ်သို့ ရောက်ရှိခဲ့သည်ဆိုခြင်းမှာ အလွန်ထူးခြားအံ့သြစရာကောင်းလှပေ၏။

စွန်းလွန်းဆရာတော်သည် ၁၃၁၄ ခုနှစ်၊ သက်တော် ၇၅ နှစ်၌ ပျံလွန်တော်မူခဲ့၏။

www.burmeseclassic.com

www.burmeseclassic.com



"ငါသေရင် ဘာမှမလုပ်နဲ့၊ ထိုးထားလိုက်"

ဆရာတော်၏အမှာစကားအရ ရုပ်ကလာပ်တော်ကို ကြိုတင်ပြုလုပ်ထားသည့် အုတ်ဂူအတွင်းထည့်သွင်းပြီး အင်္ဂတေဖြင့် ပိတ်ထားလိုက်ကြ၏။

ခုနစ်နှစ်ကြာသောင်းသည့်အခါ အထက်အညာသို့ နိုင်ငံတော်ဝန်ကြီးချုပ် ဦးနု ခရီးထွက်စဉ် စွန်းလွန်းဂူကျောင်းသို့ရောက်လာပြီး ရုပ်ကလာပ်တော်ဖူးမြော်လိုသဖြင့် ဂူပေါက်ဝကိုဖွင့်စေ၏။

ရုပ်ကလာပ်သည် ဂူထဲမှထုတ်လိုက်သည့်အခါတွင် အသားအရေစစ်ပြီး သွေ့ခြောက်နေလေပြီ။ အပုပ်နံ့လည်း ကင်းနေ၏။ သို့အတွက် စွန်းလွန်းဂူကျောင်းအတွင်း၌ပင် ဂန္ဓကုဋိသံသရာအေးစေတီကို တည်ပြီးလျှင် စေတီအောက်ခြေ၌ ရုပ်ကလာပ်တော်ကို မှန်ခေါင်းဖြင့်အပူဇော်ခံထားရှိ၏။

နှစ်ပရိစ္ဆေဒ ၃၆ နှစ်ကျော်ကြာညောင်းခဲ့ပြီးဖြစ်သော ရုပ်ကလာပ်တော်သည် သစ်တုံးကဲ့သို့ မာကျောပြီး ခြေဖျားလက်ဖျား နှာသီးဖျား စသည်တို့၌ ပွန်းပဲ့နေလေပြီ။

ဆရာတော်၏ကြီးမားသောဂုဏ်ကျေးဇူးများကို နှလုံးသွင်းအောက်မေ့လျက် အသုဘသညာနှင့်တကွ ရုပ်ကလာပ်တော်ကို ဖူးမြော်နိုင်လျှင်ကား ထူးကဲသော ကုသိုလ်စိတ်များကုဋေကုဋာဖြစ်ပေါ်ပေလိမ့်မည်။

## စမ်းကျဆရာတော်၏ရုပ်ကလာပ်

မြင်းခြံမြို့၏အရှေ့ဘက် လေးမိုင်ခန့်တွင် ကြည်လင်သည့်စမ်းချောင်းကမ်းနံဘေး၌ တောရကျောင်းကြီးတစ်ကျောင်း တည်ရှိ၏။ ထိုကျောင်း၌ စွန်းလွန်းဆရာတော်ပေါ်ထွန်းချိန်နှင့် မရှေးမနှောင်းအခါသမယတွင် စမ်းကျဆရာတော်သီတင်းသုံးတော်မူခဲ့၏။

စမ်းကျဆရာတော်သည် ရွှေကျင်ဂိုဏ်းဝင်ဖြစ်ပြီး ဝိနည်းသိက္ခာပုဒ်များကို အလွန်လေးစား၏။ တပည့်သံဃာတော်များကို စာပေကျမ်းဂန်များ ပို့ချပေးသည့်အပြင် ပဋိပတ်ကျင့်စဉ်ကိုလည်း ကြိုးစားအားထုတ်၏။ ကျောင်းဝင်းအနီး၌ လူတစ်ရပ်ကျော်မြင့်ပြီး ရှစ်ပေခန့်ကျယ်လျက် အလွန်ရှည်လျားသောဂူတစ်ခုရှိ၏၊ နေ့အခါ ပူပြင်းသည့်အချိန်၌ ဆရာတော်သည် ထိုဂူထဲ၌သာ တရားအားထုတ်နေလေ့ရှိ၏။

စမ်းကျဆရာတော်သည် မေတ္တာဘာဝနာကိုလည်း အလေးပေး၍ စီးဖြန်းတော်မူ၏။ သီလ၊ သမာဓိ၊ ပညာ မြင့်မား၍ သတ္တဝါများကို ကယ်တင်နိုင်သည့်အခြေသို့ ရောက်သောအခါ နာနာဘာဝများက လာရောက်ပြီး အမှုတော်ထမ်းခဲ့ကြ

www.burmeseclassic.com

www.burmeseclassic.com



၏။ ဆရာတော်သည် ကျောင်းပေါ်၌ထိုင်၍ သီတင်းသုံးနေစဉ် လက်နှစ်ဖက်ကို တစ်စုံတစ်ရာ ပေးဝေနေသည့်ဟန်အမူအရာကိုပြ၍ နှုတ်ကလည်း "ရော့...ရော့" ဟု ဆိုတော်မူ၏။

အတူသီတင်းသုံးသည့် တပည့်ကြီးရဟန်းက မေးမြန်းသောအခါ 'သတ္တဝါတို့ကို အမျှပေးဝေနေတာပါ' ဟု ဖြေကြားတော်မူ၏။ ထူးခြားချက်မှာ ဆရာတော်ပျံလွန်သောအခါ ရုပ်ကလာပ်တော်သည် မပုပ်မသိုးခြင်းပင် ဖြစ်၏။

ဒါယကာများက ကြည်ညိုကြသဖြင့် ကျောင်းပရဝုဏ်ပြင်ပ၌ လွမ်းစေတီကြီးတစ်ဆူ တည်ထားပြီးလျှင် စေတီအောက်ခြေ၌ ဆရာတော်၏ရုပ်ကလာပ်တော်ကို မှန်ခေါင်းနှင့်ပူဇော်ထားကြ၏။

ကာလရှည်ကြာလာသောအခါ ရုပ်ကလာပ်တော်သည် မာကျောခြောက်သွေ့၍ ရှုံ့တွညိုမည်းသွား၏၊ များမကြာမီက မသမာလူတစ်စုသည် မှန်ခေါင်းအတွင်းမှ ရုပ်ကလာပ်တော်၏ ခြေဖမိုးနှစ်ဖက်ကို ချိုးဖြတ်ယူဆောင်သွားကြ၏၊ မည်သည့်ရည်ရွယ်ချက်ဖြင့် ဤအပြစ်ကြီးလှသောအမှုကို ပြုလုပ်ကြသည်မသိ၊ ဆေးဝါးဖော်စပ်ဖို့လေလား။

ရုပ်ကလာပ်တော်ကို ကျောင်းဝင်းပြင်ပရှိ စေတီတော်၌ ဆက်လက်ပူဇော်ထားရှိရန် စိတ်မချရတော့သည့်အတွက် ကျောင်းဝင်းအတွင်းရှိ ဓမ္မာရုံတွင်းသို့ ယာယီပြောင်းရွှေ့ထားကြ၏။ ခြေဖမိုးနှစ်ဖက်ချိုးထားသည့်နေရာတို့၌ အကြောပြိုင်းပြိုင်းထလျက်ရှိသည်ဟု ဒကာများက ဆိုကြ၏။

ကျွန်တော်တို့သွားရောက်ပူဇော်သည့်အခါ ရွှံ့ဖြင့် ခြေဖမိုးအတုများ ပြုလုပ်ထားသည့်အတွက် မပြောပြလျှင် ရုပ်ကလာပ်တော်သည် အင်္ဂါစုံလင်နေသည်ဟုပင် ထင်မြင်ရ၏။ သို့သော် စွန်းလွန်းဆရာတော်၏ ရုပ်ကလာပ်ကဲ့သို့ပင် အချို့နေရာများ၌ ပွန်းပဲ့၍ မတင့်တယ်ပါလေပြီ။

## မီးသင့်ဖို့ပျက်ခဲ့သော သာသနာများ

မြန်မာ့သာသနာဝင်တွင် နေတစ်ဆူ လတစ်ဆူပမာ ထင်ရှားကျော်ကြားတော်မူသော ပရိယတ်၊ ပဋိပတ်အကျော် **လယ်တီဆရာတော်**သည် ၁၂၈၂ ခု၊ ဝါဆိုလပြည့်နေ့တွင် ပျံလွန်တော်မူခဲ့၏။ သို့သော် ဈာပနပွဲကို တပေါင်းလပြည့်နေ့တွင်မှ ကျင်းပကြ၏။

စည်ကားသိုက်မြိုက်စွာ ခုနစ်ရက်တိတိကျင်းပသော ဈာပနပွဲသို့ အင်္ဂလိပ်တိုင်းမင်းကြီးများ၊ အရေးပိုင်မင်းများ၊ အနယ်နယ်မှဆရာတော်ကြီးများနှင့်တကွ ရဟန်းရှင်လူပရိသတ်အပေါင်းတို့ သောင်းသောင်းဖြဖြလာရောက်ကြ၏။

www.burmeseclassic.com

www.burmeseclassic.com



စံကျောင်းအတွင်းရှိ အုတ်ဂူ၌ လပြည့်နေ့တွင် မီးသင်္ဂြိုဟ်ရန် နံ့သာထင်းများကို စီမံထားကြ၏။ သို့ရာတွင် အလောင်းတော်မှာ ပကတိကျိန်းစက်နေသကဲ့သို့ ပျောင်းအိဝါဝင်းနေသည့်အတွက် မီးမသင်္ဂြိုဟ်ရက်ကြချေ၊ အများဆန္ဒဖြင့် မှန်စီရွှေချ ခေါင်းသွင်းကာ အုတ်ဂူတွင်းရှိပလ္လင်ပေါ်၌ တင်ထားလျက် သံတံခါးနှစ်ထပ်ကို သော့ခတ်ပြီးလျှင် ဂူပေါက်ကို အင်္ဂတေဖြင့် အသေပိတ်လိုက်ကြ၏။

သုံးရက်ကြာသည့်နေ့တွင် ကောင်းကင်မှတုရိယာသံသာများ ပေါ်ထွက်လာ၏။ လျှင်လည်းဆက်တိုက်သုံးကြိမ်လှုပ်၏။ ဆရာတော်ကြီး ၃၀ ကျော်တို့သည် လယ်တီဆရာတော်၏ဂုဏ်ကျေးဇူးကို ပြောကြားရင်း ညဥ့်စဥ်ပင် အုတ်ဂူအနီး၌ စောင့်ကြပ်နေကြ၏။ အုတ်ဂူမှ မီးတလက်လက်မြင်ရသည်ဆို၍ ဆရာတော်များ သွားကြည့်ကြ၏။ လျှင်လှုပ်၍ ဂူပေါက်ပြိုကျသည်မှအပ ခေါင်းနှင့် သော့နှစ်လုံးမှာ ပကတိအတိုင်းရှိနေကြသဖြင့် ဆရာတော်များစိတ်အေးသွားကြ၏။

ထို့နောက် မသင်္ကာသဖြင့် သော့ဖွင့်ကြည့်ကြရာ အလောင်းတော်ပြာကျနေသည်ကို ဝမ်းနည်းကြေကွဲစဖွယ် မြင်တွေ့ကြရ၏။ ရဟန်းရှင်လူတို့၏ အများဆန္ဒက အလောင်းတော်ကို ဂူသွင်းထားလိုသော်လည်း လယ်တီဆရာတော်၏ ဆန္ဒကမူ မိမိပျံလွန်သည့်အခါ ရုပ်ကလာပ်ကို မီးသင်္ဂြိုဟ်လိုက်ပါဟု တပည့်ရင်း ဘုန်းကြီးဦးနုအား မှာထားခဲ့၏။

သို့အတွက် ဘုန်းကြီးဦးနုက ထိုနေ့ည ၁ နာရီတွင် နတ်များကိုတိုင်တည်၍ အကူအညီတောင်းပြီးလျှင် ဂူပေါက်ကို တူရွင်းနှင့်တစ်ချက်ထိုးလိုက်၏။ ထိုအခါ လျှင်သုံးကြိမ် ဆက်တိုက်လှုပ်ရှားပြီး အုတ်များ အလိုလိုပြိုကျလာ၏။ ဘုန်းကြီးဦးနုသည် အနီးရှိနံ့သာထင်းများကို ရုပ်ကလာပ်ပေါ်စုပုံ၍အလွယ်တကူပင် မီးသင်္ဂြိုဟ်လိုက်နိုင်၏။

ပုဂ္ဂိုလ်ကြည်ညိုတွယ်တာမှုဖြင့် အသုဘဖြစ်သည့်အလောင်းကောင်ကိုပင် မသင်္ဂြိုဟ်ရက်ဘဲ ဂူသွင်းထားသည်ကို ဆရာတော်ဘုရား သက်တော်ထင်ရှားရှိစဉ်က ဆန္ဒတော်အတိုင်း နတ်များကပင် ကူညီဖေးမလျက် မီးသင်္ဂြိုဟ်ခြင်းအမှုကို ပြီးမြောက်စေခဲ့လေသလော။

တော်ကူးဆရာတော်၏ ကမ္မဋ္ဌာနာစရိယဆရာတော်များမှာ မော်လမြိုင်မြို့ ပေါက်ဝ သတိပဋ္ဌာန်ကျောင်းတိုက် **ဆရာတော်ဦးပဏ္ဍဝ** နှင့် ရန်ကုန် သာသနာ့ရိပ်သာ **မဟာစည်ဆရာတော်ဘုရား** တို့ဖြစ်ကြ၏။ ဦးပဏ္ဍဝနှင့် မဟာစည်ဆရာတော်တို့၏ ဥပနိဿယဆရာတော်ကြီးမှာ **သထုံမင်းကွန်းဇေတဝန်ဆရာတော် ဦးနာရဒ** ဖြစ်၏။

www.burmeseclassic.com

www.burmeseclassic.com



သထုံမင်းကွန်းဇေတဝန်ဆရာတော်သည် ဉာဏ်ပညာနှင့် လုံ့လဝီရိယ အားကောင်းသူဖြစ်သည်နှင့်အညီ နိကာယ်ငါးရပ်ပိဋကတ်သုံးပုံကို ချောက်ချားအောင် တတ်မြောက်တော်မူ၏။ တိုက်အုပ်တာဝန်နှင့် စာပေပို့ချသည့်တာဝန်တို့ကို နှစ်များစွာထမ်းရွက်ပြီးနောက် သက်တော်၃၇ နှစ်တွင် သတိပဋ္ဌာန်ကျင့်စဉ်ကိုမဆုတ်မနစ် အားထုတ်တော်မူရာ သုံးနှစ်ကြာသည့်အခါ "ဘူတံဘူတတော ပဿတိ" အရှိကိုအရှိအတိုင်း မြင်သိလျက် မဂ်ရောက်ဖိုလ်ဝင် ဉာဏ်အမြော်အမြင်ရတော်မူခဲ့၏။

ထို့နောက် 'သွား…သွားတယ်မှတ်၊ ရပ်…ရပ်တယ်မှတ်၊ ထိုင်…ထိုင်တယ်မှတ်၊ လျောင်း…လျောင်းတယ်မှတ်' ဟူသော သတိပဋ္ဌာန်တရားတော်ကို နယ်လှည့်ကာ ဟောကြားပြသရင်း နောက်ဆုံး၌ သထုံမင်းကွန်းဇေတဝန်ကျောင်းကို ထူထောင်တော်မူသည်။ ဤကျောင်း၌ သတိပဋ္ဌာန်အားထုတ်နည်းကို ဟောကြားပြသနေစဉ် မဟာစည်ဆရာတော်လောင်းလျာဖြစ်သည့် ဦးသောဘနနှင့် မော်လမြိုင်မြို့ ပေါက်ဝ သတိပဋ္ဌာန်ဆရာတော်လောင်းလျာဖြစ်သော ဦးပဏ္ဍိတ တို့ လာရောက်ကာ နည်းနာခံယူပြီး အားထုတ်ကြ၏။

ဆရာတော်ဦးနာရဒသည် တပည့်ကြီးဦးမေဓာဝီလျှောက်ထားသဖြင့် မိမိနောက်ဘဝဆက်ရန် မရှိတော့ဟု ဖြေကြားတော်မူခဲ့၏။ မြန်မာနိုင်ငံတော်အကြီးအကဲများနှင့် လုပ်သားပြည်သူများက ဆရာတော်အား ရဟန္တာအရှင်မြတ်ကြီးဟု ယုံကြည်ကာ လာရောက်ဖူးမြော်ကြ၏။

၁၃၁၆ ခုနှစ် သီတင်းကျွတ်လတွင် "တို့…ဒီနှစ်မလွန်တော့ဘူး" ဟု မိန့်တော်မူပြီး ထိုနှစ် တပေါင်းလဆုတ် ၁၀ ရက်၊ သက်တော် ၈၆ နှစ်တွင် ပျံလွန်တော်မူ၏။

ရုပ်ကလာပ်တော်သည် ပထမနေ့၌ ဖြူဖွေးကြည်လင်သန့်စင်သည့် နို့သာရောင်၊ ဒုတိယနေ့၌ ဝင်းဝင်းမှည့်မှည့် နဂိုပကတိအသားရောင်၊ နောက်နေ့များ၌ အနီရောင်၊ အပြာရောင်၊ ညိုမှောင်သောအရောင် စသည်ဖြင့် အဆန်းတကြယ်ပြောင်းလဲတော်မူ၏။ ပုပ်ပွပုပ်ခြင်းမရှိချေ။

ရှစ်ရက်မြောက်သည့် တန်ခူးလဆန်း ၃ ရက်နေ့တွင် စောင့်ရှောက်သူအချို့တို့က အများဆန္ဒကိုမရယူဘဲ တင့်တယ်ကြည်ညိုဖွယ်ကောင်းသောအလောင်းတော်ကို ခေါင်းတော်တွင်းသို့ ထည့်သွင်း၍ ဖွဲပြာအပြည့်သိပ်လျက် သံဝက်အူများ စွဲကာ အလုံပိတ်လိုက်ကြလေ၏။

တန်ခူးလဆန်း ၇ ရက်နေ့၌ သာသာနရေးဝန်ကြီး ဦးဝင်း, ဗမာ့ခေတ် ဦးအုန်းခင်နှင့်အဖွဲ့ဝင်များ ရောက်ရှိလာကြပြီး ခေါင်းတော်ကိုဖွင့်စေရာ ရုပ်ကလာပ်

www.burmeseclassic.com

www.burmeseclassic.com



တော်သည် ဖောက်ပြန်ခြင်းမရှိဘဲ ထားမြဲတိုင်းသောသဘောဖြင့်သာ တည်နေသည်ကိုအံ့သြစဖွယ်ဖူးမြင်ကြရသည်။ ထိုအခါ အလောင်းတော်ကို သလွန်ညောင်စောင်းထက်သို့ ပြောင်းရွှေ့ကာ ပရိသတ်တို့အား ဖူးမြော်ခွင့်ပြုကြ၏။

တန်ခူးလဆန်း ၁၃ ရက်နေ့တွင် လူအများ ဖူးမြော်နေသည့်ကြားမှ ငါးပေခန့်ရှည်လျားသည့် မြွေကြီးတစ်ကောင်သည် တိုးဝှေ့ဝင်လာပြီး အလောင်းတော်၏ ခြေရင်း၌ ရပ်တည်လျက် ခေါင်းတညိတ်ညိတ်နှိပ်ကာ ဂါရဝပြုလေ၏။ ထိုမြွေ သည် တစ်နာရီကြာသော်လည်း ဖယ်ခွာသွားခြင်းမပြုချေ။

လူထုကြီးသည် အလောင်းတော်ကို ဖူးမြော်ရန်ထက် မြွေကိုအာရုံကျလျက် အလုအယက်တိုးဝှေ့ကာ ကြည့်ရှုကြ၏။ အမျိုးမျိုးအဖုံဖုံ ဝေဖန်ပြောဆိုနေကြစဉ် ရန်ကုန်မှသီလရှင်တစ်ဦးက အလောင်းတော်၏ ခြေရင်း၌ထိုင်၍ "အသင်မြွေ သတ္တဝါသည် ရိုးရိုးမြွေဖြစ်ခဲ့သော် ရိုးရိုးအတိုင်းသာနေပါ၊ တန်ခိုးရှင်မြွေ ဖြစ်သော် အလောင်းတော်မှဆင်းသက်၍ မိမိအားရစ်ပတ်ပြီး အလောင်းတော်ကို ဦးသုံးကြိမ် ညွှတ်ပြပါ" ဟု အမိန့်ရှိ၏။

ထိုအခါ မြွေသည်မနေသာတော့ဘဲ သီလရှင်ရှိရာသို့ဆင်းသက်လာသဖြင့် အဖော်သီလရှင် ၂၀ ကျော်မှာ ကြောက်လန့်ကာ ထပြေးကြ၏။ မြွေသည် အမိန့်ပြုသူသီလရှင်ကို တစ်ပတ်ရစ်ပတ်ပြီး အလောင်းတော်ရှိရာသို့ပြန်တက်၍ ဦးသုံးကြိမ်ချကာ နေမြဲတိုင်းတည်နေလေ၏။

တန်ခူးလပြည့်နေ့တွင် အဂ္ဂိရှာပနပွဲကျင်းပရန် စီစဉ်ထားသည့်အတိုင်း ထောင်ပေါင်းများစွာသော လူထုပရိသတ်သည် ကျောင်းဝင်းတစ်ခုလုံးနှင့် အနီးပတ်ဝန်းကျင်တစ်ခွင်တွင် ပြည့်ကျပ်နေတော့၏။ အလောင်းတော်ကို ဘီးလေးခုတပ်ထားသော တလားယာဉ်ဖြင့် တင်ဆောင်ဆွဲငင်ကာ နံ့သာထင်းပုံထက်သို့ တင်ကြ၏။

ဥတုဇရုပ်ကလာပ်တော်သည် ရက် ၂၀ ကျော်လွန်ခဲ့သော်လည်း မပုပ်မပွ၊ ဒွါရပေါက်များမှ အပုပ်ရည်စီးဆင်းခြင်းမရှိ၊ အသားတော်သည်လည်း ကြွံလိုခြင်းမရှိဘဲ ပကတိအတိုင်းတည်၏။ ခြေဖဝါးလက်ဖဝါးတော်များမှ အသားတို့သည် နီမြန်းလျက် သွေးခြည်ဥကာ တင်းမာသွေ့ခြောက်နေ၏။ ရင်ချိုင့်တော်၌မူ ကြာနီဖူးပမာဏနှင့် ကြာနီဖူးအသွင်သဏ္ဍာန်ရှိသော နီမြန်းသောအကွက်တစ်ခု ထင်ပေါ်နေ၏။

ရန်ကုန် အလယ်တောရဆရာတော်သည် "ငါတို့နှင့်တကွ ပရိသတ်အပေါင်းတို့ ကသိုလ်ထူးလို့ ဖူးတွေ့ကြရတာ၊ ၂၁ ရက်တိုင်တိုင် မပုပ်မသိုးဘဲ ပကတိအသွေးအသားတော်တို့နှင့် ကျိန်းစက်နေဟန်ရှိတဲ့ ဆရာတော်ဘုရားကို နေ့တက်

www.burmeseclassic.com

www.burmeseclassic.com



ဆုံး ပူဇော်တဲ့အနေနဲ့ ဖူးကြ...ဖူးကြ"ဟု ရင်ထုမနာသောလေသံဖြင့် မိန့်ဆိုတော်မူ၏။

ထိုအခါ လူထုပရိသတ်ကြီးက "ဆရာတော်ဘုရားကြီးရဲ့ ရုပ်ကလာပ်ကို မီးမသင်္ဂြိုဟ်ပါနဲ့ဘုရား၊ မီးမသင်္ဂြိုဟ်ပါနဲ့ဘုရား"ဟု တစ်ခဲနက်တောင်းဆိုကြ၏။

"သံဃာအား ဘုရားမလွန်ဆန်နိုင်၊ လူထုအား သံဃာမလွန်ဆန်နိုင်" ဟူသည်နှင့်အညီ ရုပ်ကလာပ်တော်ကို မီးမသင်္ဂြိုဟ်ဘဲ စံကျောင်းပေါ်သို့ တစ်ဖန်ပင့်ဆောင်ထားကြ၏။ အမြို့မြို့အရွာရွာမှ လာရောက်ဖူးမြော်ကြသော ပရိသတ်များလည်း ပြတ်စဲသည်မရှိချေ။

ရုပ်ကလာပ်တော်သည် အသားတော်ပြည့်လျက်ဖြင့် တဖြည်းဖြည်း တောင့်တင်းခိုင်မာလာရာ ခေါက်လိုက်လျှင် တောက်တောက်မြည်သံပေါ်လောက်အောင်ပင် ခြောက်မာလာတော့၏။ ထိုသို့ဖူးမြော်လာသူတို့အတွက် အံ့ဖွယ်တစ်ပါးဖြစ်ပါသော်လည်း ဈာပနစောင့်ရှောက်ရေးအဖွဲ့က ဆက်လက်တာဝန်ယူစောင့်ရှောက်ရန် ခက်ခဲလာတော့၏။

ရုပ်ကလာပ်တော်ကို မီးမသင်္ဂြိုဟ်ဘဲ ထားရှိခြင်းသည် ရှေးသူတော်စင်တို့၏ လုပ်ရိုးလုပ်ထုံးမဟုတ်။ သာသနာတော်ဝင်၌ ရဟန္တာတို့၏ ရုပ်ကလာပ်ကို ထားရှိခဲ့သော အစဉ်အလာလည်း မရှိ။ ဘုရားရှင်နှင့်တကွ ရှေးသာဝကများ၏ ရုပ်ကလာပ်တော်များကို မီးသင်္ဂြိုဟ်ခဲ့သည်သာဖြစ်၏။ ထို့ကြောင့် ဈာပနအဖွဲ့က ကဆုန်လဆန်း ၈ ရက်နေ့တွင် မီးသင်္ဂြိုဟ်ရန် တိုင်ပင်ညှိနှိုင်းတ်ကြ၏။

သင်္ဂြိုဟ်မည့်နံနက်ပိုင်းတွင် မင်းကွန်းဇေတဝန်ဆရာတော်၏ အထက်တန်းတပည့်ကြီးဖြစ်သော **တောင်ပုလုဆရာတော်**ဘုရားနှင့် နောက်ပါသံဃာတော်များလည်း လူပရိသတ်များနှင့်အတူ ကြွရောက်လာကြ၏။

ရုပ်ကလာပ်တော်သည် (ပျံလွန်သည့်နေ့ကိုပါ ထည့်သွင်းရေတွက်လျှင်) ၄၃ ရက်ရှိပြီးဖြစ်သော်လည်း ပုပ်သိုးခြင်းမရှိဘဲ တင်းမာခြောက်သွေ့လျက်ရှိ၏။ သို့အတွက် လူပရိသတ်တို့က မီးမသင်္ဂြိုဟ်ရန်တောင်းဆိုကြပြန်၏။ ရဟန်းသံဃာများကမူ မီးသင်္ဂြိုဟ်ရန်တိုက်တွန်းကြ၏။ နောက်ဆုံးမဲခွဲကြရာ မီးသင်္ဂြိုဟ်သည့်ဘက်က အနိုင်ရသဖြင့် ရုပ်ကလာပ်တော်ကို နံ့သာထင်းပုံပေါ်သို့တင်၍ မီးသင်္ဂြိုဟ်ကြလေ၏။

မီးသင်္ဂြိုဟ်စဉ် အလောင်းတော်သည် ကုန်းကွတွန့်လိမ်ခြင်းမရှိ၊ မူလ ထားရှိတိုင်းသာလျှင် အလျဉ်းပင် မရွေ့လျားဘဲ မီးစွဲ၍ လောင်ကျွမ်းလေ၏။ မီးစွဲလောင်ဆဲတွင် ဖြူ၊ ပြာ၊ ဝါ၊ ညို၊ စိမ်း၊ နီ၊ ခိုရောင် စသည့်အရောင်အဆင်းများ ရော

www.burmeseclassic.com

www.burmeseclassic.com



ယှက်လျက် ပန်းချီဆရာဆေးရောင်ခြယ်သည့်နှယ် ရှုမငြီးစဖွယ် မြင်တွေ့ကြရ၏။ ထို့အပြင် အညှော်အသင်းအနံ့တို့ လုံးဝမထွက်ပေါ်ချေ။

ခန္ဓာအရပ်ရပ်မှ ကြွင်းကျန်ရစ်သောဓာတ်တော်များသည် သုံးကွမ်းစာ(သုံးပြည်) မျှပမာဏရှိ၏။ ထိုဓာတ်တော်တို့ကို ခွဲဝေ၍ အမြို့မြို့၌ရှိသော မင်းကွန်းဇေတဝန်ကျောင်းဝင်းများတွင် စေတီတည်ထားကိုးကွယ်ကြ၏။

သထုံမင်းကွန်းဇေတဝန်ကျောင်းတိုက် မီးသင်္ဂြိုဟ်ရာဌာန၌မူ ဓာတ်တော်ဆူရေ ၁၀၀၀ ကျော်တို့နှင့်တကွ သပိတ်၊ သင်္ကန်း၊ အသုံးအဆောင်များကို ဌာပနာ၍ မူလ **မင်းကွန်းဓာတုစေတီ** ကို တည်ထားလေ၏။ ထိုစေတီတော်သည် ဆရာတော်သက်တော်ထင်ရှားရှိနေသကဲ့သို့ ရောက်ရှိလာသမျှသော ပရိသတ်အပေါင်းတို့အား မြတ်စွာဘုရား၏ တရားအနှစ်ဖြစ်သည့် သတိပဋ္ဌာန်တရားတော်ကို ဟောကြား ဖြန့်ချိနေသကဲ့သို့ ရှိပေ၏။

တော်ကူးဆရာတော်၏ နည်းနာနိဿယညွှန်ပြသည့် ဆရာတစ်ဆူဖြစ်တော်မူသော **မဟာစည်ဆရာတော်ဘုရားကြီး** ပျံလွန်တော်မူသည့်အခါ အလောင်းတော်ကို မီးသင်္ဂြိုဟ်ပြီးလျှင် ကြွင်းကျန်ရစ်သည့် ဓာတ်တော်မွေတော်များကို ဗိမာန်တည်ဆောက်၍ ပူဇော်ထားကြ၏။

တော်ကူးဆရာတော်ဘုရား၏ ကမ္မဋ္ဌာနာစရိယဆရာတော်ဖြစ်သော **မော်လမြိုင်မြို့ဝ သတိပဋ္ဌာန်ဆရာတော် ဦးပဏ္ဍိဝ** ပျံလွန်တော်မူသည့်အခါ၌လည်း အလောင်းတော်ကို မီးသင်္ဂြိုဟ်ပြီးသော် ဓာတ်တော်မွေတော်များကို ဆရာတော်မှာကြားခဲ့သည့်အတိုင်း မြစ်လေးဝဆုံရာ မုတ္တမကျွေ့ထဲ၌ ရေမျှောလိုက်ကြ၏။

## တော်ကူးဆရာတော်၏ အဂ္ဂိရှာပနပူဇော်ပွဲ

တော်ကူးရိပ်သာသို့ ကျွန်တော်ရောက်သည့်ညဉ့်တွင် ဈာပနအဖွဲ့ဝင်အချို့၊ ရဟန်းတော်အချို့၊ ဒေါ်တင်ရွှေနှင့် ဝေယျာဝစ္စအဖွဲ့ဝင်များအား ကျွန်တော် လေ့လာတွေ့ရှိခဲ့သော စွန်းလွန်းဆရာတော်၊ စမ်းကျဆရာတော်၊ မင်းကွန်းဇေတဝန်ဆရာတော်၊ မဟာစည်ဆရာတော်၊ သတိပဋ္ဌာန်ဆရာတော်တို့၏ ရုပ်ကလာပ်များအကြောင်းကို ကျွန်တော်ရှင်းလင်းတင်ပြပါသည်။ ထိုအခါ ဈာပနအဖွဲ့ဝင်များသည် ရုပ်ကလာပ်တော် ဆက်လက်ထားရှိခြင်း၏ အကျိုးအပြစ်များကို ဆင်ခြင်သုံးသပ်လာနိုင်ကြ၏။

နောက်နေ့တွင် ဈာပနကျင်းပရေးအဖွဲ့ဝင်များ၏ မျက်နှာစုံညီအစည်းအဝေးကို ကျင်းပပါသည်။ တော်ကူးရိပ်သာ၏ ကမ္မဋ္ဌာနာစရိယ ဆရာတော်သစ် **ဦးစာရိတ္တ** က "တော်ကူးဆရာတော်၏ ရုပ်ကလာပ်တော်ကို မီးသင်္ဂြိုဟ်ခြင်းမပြုဘဲ

www.burmeseclassic.com

www.burmeseclassic.com



ယနေ့အထိထားရှိခဲ့ခြင်းမှာ ဝိပဿနာရှုမှတ်မှု၏ အာနိသင်ကို အများပြည်သူတို့ မြင်သိပြီး ဝိပဿနာတရားကို အလေးအနက်ထားကာ ကိုယ်တိုင်ရှုမှတ်လာကြရန်အတွက် ရည်ရွယ်ကြောင်း၊ ကြွားချင်လို့လဲ မဟုတ်၊ အလှူငွေ ရချင်လို့လဲ မဟုတ်၊ ယခုအခါ ထိုရည်ရွယ်ချက်အောင်မြင်ပြီးဖြစ်၍ ရွှေကျင်ဂိုဏ်းတော်၏ စည်းမျဉ်းနှင့်အညီ ရုပ်ကလာပ်တော်ကို မီးသင်္ဂြိုဟ်သင့်ပြီဖြစ်ကြောင်း”ဩဝါဒ ပေးပါသည်။

ထို့နောက် ဈာပနအဖွဲ့ဝင်များက ကျွန်တော်၏ အကြံဉာဏ်ကို တောင်းခံသဖြင့် ရုပ်ကလာပ်တော်ကို ဆက်လက်ထားရှိပါက တာဝန်ကြီးလေးပုံ၊ ရာသီဥတု ပိုးမွှားများနှင့် မသမာသူတို့၏ အန္တရာယ်ကို စိုးရိမ်ရပုံ၊ မြတ်စွာဘုရားနှင့် သာဝကများတို့၏ ရုပ်ကလာပ်များကို အစဉ်မပြတ် မီးသင်္ဂြိုဟ်ခဲ့သည့်ထုံးတမ်း ရှိပုံတို့ကို ကျွန်တော်အကျယ်တဝင့်ရှင်းပြပါသည်။

“ဈာပနအဖွဲ့ဝင်လူကြီးများအားလုံးဟာ လယ်သမားများဖြစ်ကြပါတယ်၊ မကြာမီ မိုးကျတာနဲ့ လယ်ယာလုပ်ငန်းခွင် ဝင်ကြရတော့မယ် မဟုတ်လား၊ အဲဒီတော့ ရုပ်ကလာပ်တော်ကို ဆက်လက်စောင့်ရှောက်ဖို့တာဝန်ကို ယူနိုင်ကြမလား”

“မယူနိုင်ကြဘူး”ဟု တညီတညွတ်တည်းဖြေဆိုကြ၏။

“တော်ကူးဆရာတော်ရဲ့ဆန္ဒတော်က သူ့ရဲ့ ဝိပဿနာတရားအားထုတ်နည်းကို ကျယ်ကျယ်ပြန့်ပြန့် ဖြန့်ချိပေးဖို့ပဲ ဖြစ်ပါတယ်၊ ယခု အလောင်းတော်က ဓမ္မာရုံကြီးပေါ်မှာ နေရာယူထားတဲ့အတွက် ဝိပဿနာတရားအားထုတ်လိုသူများက ဦးနာဝိကရဲ့တိုက်ကျောင်းကျဉ်းကျဉ်းလေးထဲမှာပဲ အားထုတ်နေကြရတယ်၊ အလောင်းတော်ကို ဆက်လက်ထားရင် အသုဘရုပ်ကလာပ်ဖြစ်သည်နှင့်အညီ ကြာလေလေ မတင့်တယ်လေလေ ဖြစ်လာမှာပဲ။

“ဆရာတော်ဦးစာရိတ္တ အမိန့်ရှိသလို တော်ကူးဆရာတော် မြင်သိစေလိုတဲ့ *‘သေလည်း မတောင့်တင်း၊ ပုပ်နံ့ကင်းသည်၊ ကျိုးရင်း ဝိပဿနာတန်ခိုးတည်း’* ဆိုတဲ့အချက်ကို အများပြည်သူတို့ မျက်မြင်ကိုယ်တွေ့ သိရှိကြပါပြီ၊ ဓာတ်ပုံမှတ်တမ်းများလဲ ရှိနေပါပြီ၊ နောက်ထပ် ရုပ်ကလာပ်တော်ကို ဆက်ထားတဲ့အတွက် သိပ်အကျိုးမထူးတော့ပါဘူး။

“ရုပ်ကလာပ်တော်ကို မီးသင်္ဂြိုဟ်တဲ့အခါ နောက်ထပ်ထူးခြားချက်တွေ ဓာတ်တော်မွေတော်တွေကို ကျွန်တော်တို့ ဖူးမြော်ကြရဦးမယ်၊ ဓာတ်တော်မွေတော်များကို ဓာတုစေတီတည်ထားပြီးတော့ အမြဲထာဝရကြည်ညိုနိုင်ပါတယ်၊ ဒါမှမဟုတ် ဗိမာန်ဆောက်တည်ပြီး အများပြည်သူကြည်ညိုဖူးမြော်နိုင်အောင် ပြထားနိုင်တယ်၊ ပြီးတော့ ဗိမာန်အတွင်းမှာ မပုပ်မသိုးတဲ့ ရုပ်ကလာပ်တော်ရဲ့

www.burmeseclassic.com

www.burmeseclassic.com



ပုံတူရုပ်တုကို ထုလုပ်ပြီး ပူဇော်ထားနိုင်သေးတယ်၊ ဒီနည်းက တဖြည်းဖြည်း ယို ယွင်းလာတဲ့အသုဘရုပ်ကလာပ်တော်ကို ပူဇော်ထားတာထက် ပိုပြီးကြည်ညိုဖွယ် ဖြစ်တဲ့အပြင် စောင့်ထိန်းရတဲ့တာဝန်လဲ နည်းတယ်။

"အမြို့မြို့ အနယ်နယ်သို့ ကျွန်တော် တရားဟောရောက်စဉ် ဆရာတော် ဘုရားများကို ကျွန်တော်လျှောက်ထားပြီး အကြံဉာဏ်တောင်းခံတဲ့အခါမှာ အား လုံးက ဘုရားလမ်းစဉ်အတိုင်း ရုပ်ကလာပ်တော်ကို မီးသင်္ဂြိုဟ်ဖို့ အကြံပေးကြ ပါတယ်၊ ဒါကြောင့် ဗုဒ္ဓမြတ်စွာနဲ့ သာဝကများတို့ရဲ့ထုံးတမ်းနဲ့အညီ ဆရာတော် ဘုရားများရဲ့ဩဝါဒအတိုင်း ရုပ်ကလာပ်တော်ကို တွယ်တာကပ်ငြိခြင်းမပြုကြဘဲ မီးသင်္ဂြိုဟ်ကြပါလို့ တိုက်တွန်းပါရစေ"

ဈာပနကျင်းပရေးကော်မတီသည် အဘက်ဘက်မှ ဝေဖန်စဉ်းစားနှိုင်းချိန် ပြီးနောက် ၁၃၄၉ ခု၊ ကဆုန်လဆန်း ၁၀ ရက် (၈-၅-၈၇) မွန်းလွဲ ၁ နာရီအချိန် တွင် အဂ္ဂိဈာပနကျင်းပရန် တညီတညွတ်တည်းဆုံးဖြတ်လိုက်ကြ၏။

တော်ကူးဆရာတော်၏ အန္တိမဈာပနပူဇော်ပွဲအကြောင်းကို ပထမတစ်ကြိမ် က သတင်းစာတွင် ကြော်ငြာပြီးဖြစ်၍ နောက်ထပ်ကြော်ငြာခြင်းမပြုရန် သဘော တူညီကြ၏။ အနီးပတ်ဝန်းကျင်ရှိရွာနှင့် နာယကဆရာတော်ဘုရားများထံ လူ လွှတ်ပြီး အကြောင်းကြားစေ၏။ မော်လမြိုင်သတိပဋ္ဌာန်အဖွဲ့နှင့် ရန်ကုန်မဟာ စည်ရိပ်သာသို့လည်း တယ်လီဖုန်းဖြင့် သတင်းပို့၏။

ဤသို့ တိုတောင်းလှသောကာလအတွင်း၌ ဈာပနပူဇော်ပွဲကို စီစဉ်ကျင်းပ သော်လည်း အဂ္ဂိဈာပနပူဇော်ပွဲကျင်းပမည့်နေ့တွင် လူပရိသတ်များ စည်ကား စွာ ရောက်လာကြ၏။

သတ်မှတ်ထားသည့်အချိန်တွင် ယောဂီများသည် သတိပဋ္ဌာန်ဝန်ခံချက်နှင့် ဂုဏ်ကျေးဇူးများကို တညီတညာရွတ်ဆိုပြီး မိမိတို့၏ကျေးဇူးရှင် တော်ကူးဆရာ တော်အား ပူဇော်ကြ၏။

## သတိပဋ္ဌာန်ဝန်ခံချက်

*သတိပဋ္ဌာန် မဲ့စကကို ဝန်ခံချက်နှင့် တို့မြတ်စွာ၊*
*ဟောမိန့်ပုံမှာ ထိုတရားကိုဖြစ်ပွားစေတဲ့ ရှင်လူမှာ၊*
*အလွန်ကြာလျှင် ခုနစ်နှစ်နှင့် ရဟန္တာစစ်ဖြစ်နိုင်တာ၊*
*စွဲမှုကျန်တောင် နာဂါမ်လောက်တော့ ဆိုက်ရောက်မယ်တဲ့ ကေန်ပါ။*

www.burmeseclassic.com

www.burmeseclassic.com



မြန်သူဆိုလျှင် ခုနစ်ရက်နှင့် ထိုမဂ်ဖိုလ်ကို ရနိုင်မှာ၊
ရဲဝံ့နိုင်မှာ ဝန်ခံချက်နဲ့ ဓမ္မစက်ကိုဟောခဲ့တာ၊
နိဗ္ဗာန်လိုသူ မယုံမှားနဲ့ မြတ်ဘုရားကို ယုံကြည်ပါ။
သတိပဋ္ဌာန် ကိုယ့်သန္တာန် အမြန်ပွားစေရာ၊
သို့ပွားစေမှ နိဗ္ဗာန်ရ မုချအေးငြိမ်းမှာ။

## သတိပဋ္ဌာန်ဂုဏ်ကျေးဇူး

၁။ စိတ်အညစ်အကြေး ကင်းဝေးစေရန်၊
ကျင့်သုံးမှတ်ဘိ သတိပဋ္ဌာန်၊
ဝန်ခံချက်နှင့် ဟောမြွက်ခဲ့ပြန်၊
ကျင့်စဉ်ဆုံး ရှင်ပြုံးရမည်မှန်။

၂။ စိုးရိမ်မှုဘေး ကင်းဝေးစေရန်
ကျင့်သုံးမှတ်ဘိ သတိပဋ္ဌာန်၊
ဝန်ခံချက်နှင့် ဟောမြွက်ခဲ့ပြန်၊
ကျင့်စဉ်ဆုံး ရှင်ပြုံးရမည်မှန်။

၃။ ငိုကြွေးမှုဘေး ကင်းဝေးစေရန်၊
ကျင့်သုံးမှတ်ဘိ သတိပဋ္ဌာန်၊
ဝန်ခံချက်နှင့် ဟောမြွက်ခဲ့ပြန်၊
ကျင့်စဉ်ဆုံး ရှင်ပြုံးရမည်မှန်။

၄။ ကိုယ်ဆင်းရဲဘေး ကင်းဝေးစေရန်၊
ကျင့်သုံးမှတ်ဘိ သတိပဋ္ဌာန်၊
ဝန်ခံချက်နှင့် ဟောမြွက်ခဲ့ပြန်၊
ကျင့်စဉ်ဆုံး ရှင်ပြုံးရမည်မှန်။

၅။ စိတ်ဆင်းရဲဘေး ကင်းဝေးစေရန်၊
ကျင့်သုံးမှတ်ဘိ သတိပဋ္ဌာန်၊
ဝန်ခံချက်နှင့် ဟောမြွက်ခဲ့ပြန်၊
ကျင့်စဉ်ဆုံး ရှင်ပြုံးရမည်မှန်။

www.burmeseclassic.com

www.burmeseclassic.com



၆။ အရိယာမဂ် လှမ်းတက်ဖို့ရန်၊
ကျင့်သုံးမှတ်ဘိ သတိပဋ္ဌာန်၊
ဝန်ခံချက်နှင့် ဟောမြွက်ခဲ့ပြန်၊
ကျင့်စဉ်ဆုံး ရှင်ပြုံးရမည်မှန်။

၇။ နိဗ္ဗာန်ဆိုက်ရောက် မျက်မှောက်ပြုရန်၊
ကျင့်သုံးမှတ်ဘိ သတိပဋ္ဌာန်၊
ဝန်ခံချက်နှင့် ဟောမြွက်ခဲ့ပြန်၊
ကျင့်စဉ်ဆုံး ရှင်ပြုံးရမည်မှန်။

သံဝေဂသံရောယှက်သည့် ခမ္ဘတေးသံသည် တော်ကူးရိပ်သာပတ်လည် ရာဘာခြံအနှံ့ အာကာသတစ်ခွင်သို့တိုင်အောင် ပဲ့တင်ရိုက်ခတ်သွားရာ ပရိသတ် အပေါင်း၏ ပူဆွေးသောက မှုန်းခြယ်သသည့် ဟဒယနှလုံးများကို ငြိမ်းအေးကြည် သာသွားစေပါ၏။

## နောက်ဆုံးခရီး

ရဟန်းတော်များသည် မှန်ခေါင်းအတွင်းမှ ရုပ်ကလာပ်တော်ကို ထုတ်ယူ ကြပြီးလျှင် သစ်သားခေါင်းထဲသို့ ထည့်ကြ၏။ ထို့နောက် ခေါင်းတော်ကို ထမ်း ချီ၍ ကျောင်းတံခါးဝ၌ဆိုက်ထားသော နိဗ္ဗာန်ယာဉ်သို့ ပို့ဆောင်ကြ၏။

ထိုအခါ လူပရိသတ်က ခေါင်းတော်ကိုလက်ခံယူကြပြီးလျှင် နိဗ္ဗာန်ယာဉ် ပေါ်၌ အသာတကြည်တင်ထားကြ၏။ နိဗ္ဗာန်ယာဉ်ကို ကျွန်တော်အပါအဝင် ယောက်ျားများက ထမ်းဆောင်လျက် အမျိုးသမီးများက ကြိုးဆွဲကာ ၁ ဖာလုံခန့် ဝေးသော မီးသင်္ဂြိုဟ်ရာဌာနသို့ ပို့ဆောင်ကြ၏။

ဆရာတော်ဦးစာရိတ္တ၏ အကြံပေးချက်အရ မီးသင်္ဂြိုဟ်မည့်နေရာတွင် ကျင်းတူး၍ အောက်ခြေ၌ သွပ်ပြားခင်း၏။ သွပ်ပြားပေါ်၌ လွှစာခင်း၏။ လွှစာ ပေါ်၌ နံ့သာထင်းများနှင့် ထင်းပေါက်များကိုရော၍ စီထား၏။ တွင်းဝ၌ သံ ချောင်းငါးချောင်းကို ကန့်လန့်ခံထားပြီးနောက် ထိုသံချောင်းများပေါ်တွင် သစ် သားခေါင်းကို ချ၏။

ထင်းပေါက်များကို စတင်မီးရှို့သည့်အခါ ပြည်သူ့စစ်တပ်သားတစ်ဦးက သေနတ်ခုနစ်ချက် ပစ်ဖောက်၏။ မီးညွှန့်မီးစွယ်တို့သည် ခေါင်းအောက်ခြေ ပျဉ် ပြားများကို လောင်ကျွမ်းစေပြီးနောက် အလောင်းတော်ကို ဆက်လက်လောင် ကျွမ်းစေ၏။ အလောင်းတော်မီးလောင်စဉ် သွေးများနှင့်ဆီများပန်းထွက်ပြီး

www.burmeseclassic.com

www.burmeseclassic.com



မီးပန်းရောင်စုံထွက်ပေါ်လာ၏။ သို့သော် အဆီလောင်သည့်အနံ့၊ အသားလောင်သည့်အနံ့ စသောအညှော်အသင်းအနံ့များ လုံးဝမထွက်ချေ။ အလွန်ထူးခြားသည့် အချက်ပါပေ။ သစ်သားခေါင်း၏ အဖုံးနှင့် အကာလေးဖက်တို့ကို ရေဆွတ်ထားသည့် ဂုန်နီအိတ်များဖြင့် ဖုံးအုပ်ထားပြီး ရေအဆက်မပြတ်ပက်ဖျန်းပေးခြင်းဖြင့် မီးမစွဲလောင်ရန် ထိန်းပေးထားကြ၏။ သို့ဖြစ်၍ ဘေးပတ်ပတ်လည်မှ ဝိုင်း၍ ကြည့်ညိုကြည့်ရှုနေကြသောပရိသတ်များသည် အလောင်းတော်မီးစွဲလောင်ပုံကို မမြင်တွေ့ကြရချေ။

ကျွန်တော်တို့လူစုက ကျင်းရှေ့တည့်တည့်မှငုံ့ကြည့်ကြသဖြင့် အလောင်းတော် အစိတ်အပိုင်းများ တစ်ခုပြီးတစ်ခု လောင်ကျွမ်းနေသည်ကို မြင်တွေ့ကြရ၏။ မီးလောင်စဉ် အလောင်းတော်သည် ကုန်းကွတွန့်လိမ်ခြင်းစသည်တို့ မဖြစ်ချေ။

မီးအရှိန်ကောင်းကောင်းနှင့် တစ်နာရီခွဲကျော်ကျော် မီးသင်္ဂြိုဟ်ပြီးသော အခါ ကြီးမားသည့်တင်ပါးဆုံရိုးတစ်တုံးသာ ကျန်ရစ်ပြီး မီးဆက်လက်စွဲလောင်နေ၏။

အချိန်ကား ညနေ ၃ နာရီရှိပြီ။ ကျွန်တော်သည် အစည်းအဝေးကိစ္စအတွက် နောက်နေ့မိုးမလင်းမီ ရန်ကုန်သို့ခရီးသွားစရာရှိသဖြင့် အဂ္ဂဈာပနကျင်းပသည့် နေရာမှ ဝမ်းနည်းစွာဖယ်ခွာ၍ မော်လမြိုင်မြို့သို့သွားသည့်ကားတစ်စီးနှင့် လိုက်ပါသွားရ၏။

## ယာယီပြခန်း

အလောင်းတော်ကို မီးသင်္ဂြိုဟ်ရာတွင် ဓာတ်တော်လုံးများ အပြွတ်လိုက်ကျလိမ့်မည်ဟု ကျွန်တော်တို့ အထူးမျှော်လင့်ခဲ့ကြ၏။ သို့သော် ယခုမီးသင်္ဂြိုဟ်သောနည်းမှာ မီးပြင်းလွန်းလှသည်။

"ဈာပနဟူသည် ပြာကျသည်အထိ သင်္ဂြိုဟ်ရမည်"ဟူသော ညွှန်ကြားချက်ကို လိုက်နာနေသည့်အလား မီးသင်္ဂြိုဟ်သူတို့က မီးအရှိန်ပြင်းအောင် ထင်းပေါက်များကို မီးထဲသို့ တွင်တွင်ထည့်ပေးကြ၏။ ထိုနေ့ နေဝင်မိုးချုပ်သည်အထိ မီးသင်္ဂြိုဟ်ကြသည့်အပြင် မီးခဲများကိုလည်း ညဥ့်လုံးပေါက်ဆက်လက်မီးလောင်နေစေသည်ဟု နောက်၌ကျွန်တော်ကြားသိရပါသည်။

ထိုညဥ့်တွင် ဈာပနအဖွဲ့ဝင်အချို့နှင့် ပြည်သူ့စစ်အဖွဲ့ဝင်အချို့တို့က သချိုင်းတော်ကို စောင့်ကြပ်ကြသည်။ နံနက်မိုးသောက်သည့်အခါမှ မီးငြိမ်းသတ်ပြီး အရိုးဓာတ်တော်များကို ကောက်ယူကြသည်။ မီးပြင်းလောင်ကျွမ်းခံထားရ

www.burmeseclassic.com

www.burmeseclassic.com



သည့်အတက်ကြောင့် အရိုးများစွာမှာ ပြာအဖြစ်သို့ ကူးပြောင်းသွားကြလေပြီ။ သင့်ရုံကြီးမားပြီး ဖြူဖွေးနေသည့်အရိုးဓာတ်တော်များကို သပိတ်တစ်လုံးစာမျှသာ ရရှိပေတော့သည်။

အရိုးပြာများမှာ တလက်လက်ဝင်းပနေကြသည်။ ပြာပုံကို စနစ်တကျ စစ်လိုက်သည့်အခါ မီးလောင်ကျွမ်းထားသော စွယ်တော်လေးချောင်းနှင့် အနီရောင်၊ အညိုရောင်၊ အဖြူရောင် ဓာတ်တော်လုံးသေးသေးအချို့ကို ရရှိပါသည်။

တော်ကူးဆရာတော်ကို ကိုယ်စားပြုသည့် ဓာတ်တော်များနှင့် သပိတ်တော်၊ ပဒုမ္မာသက်န်းတော်၊ ကြာသင်္ကန်းတော် စသည့် အသုံးအဆောင်ပစ္စည်းများကို ကျယ်ဝန်းသည့်မှန်ခေါင်းအတွင်း၌ထည့်၍ ဓမ္မာရုံကြီးတွင် ပူဇော်ပြသထားကြ၏ ။

တော်ကူးဆရာတော် ပျံလွန်သွားပါသော်လည်း ဆရာတော်ဟောဖော်ညွှန်ပြခဲ့သည့် ထူးခြားသောဝိပဿနာတရားအားထုတ်နည်းနိဿယသည် အသက်ဆက်ကာ ရှင်သန်နေဆဲပင် ရှိပါသေးသည်။

စင်စစ်ကား သတိပဋ္ဌာန်ဝိပဿနာတရားတော်သည် ဗုဒ္ဓမြတ်စွာ ၄၅ ဝါပတ်လုံး ဟောကြားဆုံးမတော်မူခဲ့သည့် ပိဋကတ်သုံးပုံ၏ အနှစ်သာရအစစ်ဖြစ်ပေရာ သာသနာတည်သရွေ့ လူ့လောကတွင် ရှင်သန်ပွားစည်းနေမည် ဖြစ်ပါသည်။

ဤသတိပဋ္ဌာန်ကျင့်စဉ်ကို တစ်မူထူးခြားအောင် ရှည်လျားသောဣရိယာပုထ်ဖြင့် ဦးဆောင်ညွှန်ပြခဲ့သည့် တော်ကူးဆရာတော်၏ နည်းနာနိဿယကို ဦးနာဝိက၊ ဦးနာဂိန္ဒအစရှိသော ဆရာတော်၏ တပည့်များက ရိုသေကျိုးနွံစွာ တစ်သဝေမတိမ်း ဆက်လက်ညွှန်ကြားပြသပေးလျက်ရှိကြပါသည်။

မြန်မာနိုင်ငံအရပ်ရပ်မှ ယောဂီအပေါင်းတို့သည် တော်ကူးဆရာတော်သက်တော်ထင်ရှားရှိစဉ်ကကဲ့သို့ ရှည်လျားသောဣရိယာပုထ်ဖြင့် တရားရှုမှတ်နိုင်ကြသည့်အပြင် ရောဂါဝေဒနာများလည်း ထူးထူးခြားခြားပျောက်ကင်းလျက်ပင် ရှိပါသည်။

ဆရာတော်၏ နည်းနာနိဿယဖြင့် ကြိုးကုတ်အားထုတ်လျက် ဆရာတော်အား ပူဇော်ခြင်းသည် အမြတ်ဆုံးပူဇော်ခြင်းဖြစ်သည်တကား။

* * *

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၅)

# တော်ကူးဆရာတော်၏ ထူးခြားသည့်ဂုဏ်ရည်များ

### ရဟန္တာစစ်တမ်း

တော်ကူးဆရာတော်ပျံလွန်တော်မူပြီးနောက် ရုပ်ကလာပ်တော်ပုပ်ပွန်းစော်ခြင်း မရှိသည်ကို မြင်ကြားကြရသည့်အခါ ဆရာတော်သည် ရဟန္တာဖြစ်လေသလောဟု လူများစွာတို့က အထူးစိတ်ဝင်စားကာ မေးမြန်းလာကြပါသည်။

ဤပြဿနာနှင့်ဆက်စပ်၍ ဗုဒ္ဓမြတ်စွာသက်တော်ထင်ရှားရှိစဉ်အခါက ဖြစ်ပေါ်ခဲ့သော သာဓကတစ်ရပ်ကို တင်ပြလိုပါသည်။

အခါတစ်ပါး၌ ဗုဒ္ဓမြတ်စွာသည် သာဝတ္ထိပြည် ကောသလမင်း၏ နန်းရင်ပြင်၌ ဘုရင်မင်းမြတ်နှင့်စကားပြောဆိုနေ၏။ ထိုအခါ တိတ္ထိလေးပါးတို့သည် မိမိတို့၏ အသုံးအဆောင်ကိုယ်စီဖြင့် နန်းတော်ရှေ့မှ ဖြတ်သန်းသွားကြ၏။

ထိုအခါ ကောသလမင်းက "အရှင်မြတ်ဘုရား၊ ယခုကြွသွားတဲ့ ပုဂ္ဂိုလ်တို့ဟာ ရဟန္တာအရှင်မြတ်များ ဖြစ်ကြပါတယ်"ဟု ပြောကြား၏။

ဗုဒ္ဓမြတ်စွာက "အရှင်မင်းကြီး၊ တစ်စုံတစ်ယောက်သောပုဂ္ဂိုလ်၏ သီလကို ထိုပုဂ္ဂိုလ်နှင့် အတူတကွနေထိုင်ပြီးမှ သိနိုင်တယ်၊ ထိုပုဂ္ဂိုလ်နှင့် ပြောဆိုနှီးနှော ပြီးသောအခါမှ ထိုပုဂ္ဂိုလ်၏ သီလစင်ကြယ်မှုကို သိနိုင်တယ်၊ ဘေးရန်ကြုံသော အခါမှ ထိုပုဂ္ဂိုလ်၏ ဉာဏ်စွမ်းကို သိနိုင်တယ်၊ ထိုပုဂ္ဂိုလ်အား ပြဿနာများ မေးမြန်းပြီး ဆွေးနွေးနှီးနှောကြည့်ပါမှ ထိုပုဂ္ဂိုလ်၏ ပညာကို ခန့်မှန်းနိုင်တယ်။

"ထိုသို့ဆိုပါသော်လည်း နှလုံးသွင်းမှုမရှိဘဲ အခြေခံပညာဗဟုသုတမရှိဘဲ ခေတ္တခဏမျှ အတူတကွနေထိုင်နှီးနှော ပြောဆိုဆွေးနွေးခြင်းဖြင့် မသိနိုင်သေး

www.burmeseclassic.com

www.burmeseclassic.com



ပါဘူး၊ ကြာမြင့်စွာ အတူတကွနေထိုင်ပြီးတော့ စုံစမ်းသူက အမြဲမပြတ်နှလုံးသွင်းမှုရှိလျက် ပညာဗဟုသုတနှင့်ပြည့်စုံသူ ဖြစ်ပါမှ သိနိုင်ပါတယ်မင်းကြီး"

ဤအဖြေကိုကြားနာရသည့်အခါ ကောသလမင်းကြီးက အားရဝမ်းမြောက်လျက် "မှန်ပါတယ် အရှင်မြတ်ဘုရား၊ စောစောက ဖြတ်သန်းသွားတဲ့ပုဂ္ဂိုလ်များဟာ တပည့်တော်စေလွှတ်ထားတဲ့ သူလျှိုဒလန်များ ဖြစ်ကြပါတယ်ဘုရား"

ပုဂ္ဂိုလ်တစ်ဦး၏ သီလနှင့် ဉာဏ်ပညာကို စုံစမ်းရန်အတွက်ပင် ဤမျှခက်ခဲနေပါလျှင် ပုဂ္ဂိုလ်တစ်ဦး၌ အာသဝေါတရားများ ကုန်ခန်း၍ ကိလေသာမြူအညစ်အကြေးများ ကင်းစင်လျက် အရဟတ္တမဂ်ပညာနှင့် ပြည့်စုံသည်ဆိုခြင်းကို စုံစမ်းရန်အတွက်မူ အပြန်တစ်ရာမက ခက်ခဲပေလိမ့်မည်။

ရဟန္တာ ဟုတ်,မဟုတ် စိစစ်စုံစမ်းရန် နည်းအကျယ်ကို ဥပရိပဏ္ဏာသ **ဆဗ္ဗိသောဓနသုတ်ပါဠိအဋ္ဌကထာ၊ ဝိသုဒ္ဓိမဂ်အဋ္ဌကထာ** စသည်တို့၌ ဖော်ပြထားပါသော်လည်း ဉာဏ်ပညာစွမ်းရည် အဆင့်မီသူဖြစ်ပါမှ အဖြေမှန်ကို ဆုံးဖြတ်နိုင်မည် ဖြစ်ပါသည်။

မူလတန်းအဆင့်လောက်သာ ပညာတတ်မြောက်ထားသူတစ်ယောက်သည် ဝိဇ္ဇာဘွဲ့၊ မဟာဝိဇ္ဇာဘွဲ့၊ ဒေါက်တာဘွဲ့ အဆင့်ရှိကြသော ပညာရပ်အသီးသီးကို အကဲမဖြတ်နိုင်သကဲ့သို့ ပုထုဇဉ်လူသားတို့သည် သောတာပတ္တိမဂ်ပညာ၊ သကဒါဂါမိမဂ်ပညာ၊ အနာဂါမိမဂ်ပညာနှင့် အရဟတ္တမဂ်ပညာတို့ကို အကဲဖြတ်နိုင်ကြမည် မဟုတ်ပေ။

တော်ကူးဆရာတော်ဘုရားသည် မည်သည့်မဂ်ပညာအဆင့်အထိ ပေါက်မြောက်ခဲ့သည်ကို ပရိသတ်အပေါင်းတို့က သိရှိလိုကြ၏။ သို့သော် ကျွန်တော်တို့ ဆုံးဖြတ်နိုင်စွမ်းမရှိကြပါ။ ဆရာတော်ဘုရားကိုယ်တိုင်က မည်သည့်အဆင့်အထိ မိမိပေါက်ရောက်ခဲ့ကြောင်းကို ပြောကြားခဲ့ဖူးလေသလား၊ သို့တည်းမဟုတ် သီလသမာဓိနှင့်ပြည့်စုံ၍ အကဲဖြတ်နိုင်စွမ်းသော ဆရာတော်ဘုရားတို့က တစ်စုံတစ်ရာ အဆုံးအဖြတ်ပြုခဲ့လေသလား။

စာရှုသူပရိသတ်တို့က တော်ကူးဆရာတော်ဘုရား၏ သီလ၊ သမာဓိ၊ ပညာကို မိမိတို့ဘာသာ အကဲဖြတ်နိုင်ကြခြင်းအကျိုးငှာ ကျွန်တော်စုံစမ်းသိရှိထားရသလောက် အချက်အလက် အထောက်အထားများကို ရိုးသားစွာတင်ပြပါမည်။

## သမထကိုယ်ခံအား

ပစိဖိတ်သမုဒ္ဒရာထက် အပြန်ကုဋေကုဋာမက ကျယ်ပြောသော သံသရာသမုဒ္ဒရာရေပြင်ကျယ်ကို ဖြတ်သန်းရန်အတွက် ယာဉ်နှစ်မျိုးကို အသုံးပြုရ၏ ။

www.burmeseclassic.com

www.burmeseclassic.com



**သမထယာနိကလမ်းစဉ်** ဟူသည့် သမထယာဉ်ကိုစီးလျက် ဝိပဿနာအားထုတ်ခြင်းဖြင့် ခေမာသောင်ကမ်းနိဗ္ဗာန်နန်းသို့ တက်လှမ်းနိုင်၏။ သို့မဟုတ် **ဝိပဿနာယာနိကလမ်းစဉ်** ဟူသည့် ဝိပဿနာယာဉ်ကိုစီးလျက် ဝိပဿနာတရားအားထုတ်မှုသက်သက်ဖြင့် နိဗ္ဗာန်သောင်ကမ်းသို့ အရောက်ကူးသန်းသွားနိုင်၏။

သမထယာဉ်ဟူသည်မှာ ဈာန်တရားတို့ကိုဆိုလိုသည်၊ ကသိုဏ်းတစ်ခုခုကိုဖြစ်စေ၊ အာနာပါနဿတိကမ္မဋ္ဌာန်းကိုဖြစ်စေ၊ ပထမဈာန်, ဒုတိယဈာန်, တတိယဈာန်, စတုတ္ထဈာန် စသည်ဖြင့် ဈာန်တစ်ခုခုသို့ ပေါက်မြောက်အောင်အားထုတ်ပြီးသောသူသည် အလွန်ထက်မြက်စူးရှသည့် အပ္ပနာဈာန်သမာဓိ (စုစည်းထားသည့် စိတ်စွမ်းအား) ကို မီးမောင်းသဖွယ်အသုံးချ၍ ခန္ဓာ၏ ရုပ်နာမ်သဘောတရားကို ထိုးထွင်းမြင်သိအောင် ဝိပဿနာရှုမှတ်နိုင်၏။

အပ္ပနာဈာန်သမာဓိဖြင့် ဝိပဿနာရှုမှတ်နေသူသည် ခဏိကသမာဓိ (ခေတ္တစိတ်စူးစိုက်မှု) ကို အားကိုးပြုလျက် ဝိပဿနာယာနိကလမ်းစဉ်ဖြင့် ဝိပဿနာရှုမှတ်နေသူထက် ရုပ်နာမ်၏ သဘာဝကို ပိုမိုလွယ်ကူစွာ ထိုးထွင်းမြင်သိနိုင်မည်ဖြစ်ပါသည်။

တော်ကူးဆရာတော်ဘုရားသည် သူမတူအောင် ကြီးမားသော ဖွဲလုံ့လဖြင့် ဝိပဿနာရှုမှတ်နိုင်ခြင်း၏ အကြောင်းရင်းတစ်ရပ်မှာ သမထကိုယ်ခံအားရှိသောကြောင့်ဖြစ်သည်ဟု ယူဆနိုင်၏။

ဆရာတော်သည် လူဝတ်ကြောင်ဦးထွန်းရီဘဝကပင် မအို, မနာ, မသေသောတရားကို ရှာမှီးရန်အတွက် တော်ကူးရွာအနီး ကျောက်ရစ်ဘုန်းကြီးကျောင်းသို့ သွားလျက် ကျောင်းထိုင်ဆရာတော်ထံ နည်းနာတောင်းခံခဲ့၏။ ဆရာတော်သည် မိမိကျင့်ကြံအားထုတ်နေသော အဂ္ဂိရတ်ထိုးခြင်းအတတ်နှင့် အာလောကကသိုဏ်း (အလင်းရောင်ကသိုဏ်း) ရှုနည်းတို့ကို သင်ကြားပြသပေးလိုက်၏။ အဂ္ဂိရတ်ထိုးခြင်းသည် ဂန္ဓာရီလောကီပညာရပ်တစ်ခုဖြစ်၏၊ ဤလုပ်ငန်းသည် မအို, မနာ, မသေစေသောတရား (ဝါ) အရိယသစ္စာတရားကို မြင်သိစေနိုင်သောလုပ်ငန်းမဟုတ်ချေ။ သို့သော် ပရိယတ္တိဗဟုသုတနည်းပါးသောဦးထွန်းရီသည် ဆရာတော်ညွှန်ပြသော လုပ်ငန်းနှစ်ရပ်ကို သာသနာတော်၏ အနှစ်သာရလုပ်ငန်းများဟုထင်မှတ်၍ သဲသဲမဲမဲ လုပ်ဆောင်လေတော့၏။

ပင်ကိုဖွဲလုံ့လထက်မြက်သော ဦးထွန်းရီသည် ဆရာသမားအား ရိုသေမှု၊ ဆရာညွှန်ပြသော နည်းနိဿယတို့၌ ယုံကြည်မှုဖြင့် အဂ္ဂိရတ်ထိုးခြင်းအလုပ်ကို မနေမနား ကြိုးစားလုပ်ကိုင်လေ၏။

www.burmeseclassic.com

www.burmeseclassic.com



"ဘုန်းကြီးတို့လူဝတ်ကြောင်ဘဝက အင်္ဂရုတ်ထိုးတာ မီးသွေးကိုတစ်လှည်းတိုက် နှစ်လှည်းတိုက် ဝယ်ရတယ်ကွဲ့၊ နေ့လုံးပေါက် ညဥ့်လုံးပေါက်ပေါ့၊ ဘုန်းကြီး ဖိုထိုးလို့ အရည်မပျော်တဲ့သံဆိုတာ မရှိဘူး"

မလျှော့သောဇွဲလုံ့လဖြင့် လုပ်ကိုင်နေသူနောက်သို့ အောင်မြင်မှုသည် လိုက်ပါလာရမြဲထုံးတမ်းအရ အင်္ဂရုတ်ဖိုထိုးခြင်းမှ အရည်အသွေးကောင်းမွန်သော ဓာတ်လုံးသုံးလုံးကို ဦးထွန်းရီရရှိခဲ့၏။ တစ်လုံးကို ရဟန်းတစ်ပါးအား ပေးလှူ၏။ တစ်လုံးမှာ ပျောက်သွားပြီး ကျန်တစ်လုံး (အရည်အသွေးအကောင်းဆုံးအလုံး) ကို တော်ကူးဆရာတော် ဆောင်ထားခဲ့၏။

ၡင်းဓာတ်လုံး၏စွမ်းရည်နှင့်ပတ်သက်၍ ဆရာတော်မိန့်ဆိုဖူးသည်မှာ–

"တစ်ခါက ဘုန်းကြီးနေမကောင်းလို့ မော်လမြိုင်ဆေးရုံမှာ ဆေးတက်ကုရတယ်၊ သူနာပြုဆရာမက ဘုန်းကြီးကို ဆေးထိုးတယ်၊ သူ့အပ်ကို ဘုန်းကြီးအသားထဲ ထိုးထည့်လို့မရဘူး၊ သူနာပြုဆရာမက ဘယ့်နှယ်မဝင်တာတုံးဆိုပြီး အတင်းဖိထိုးတယ်၊ ထစ်ဆို အပ်ပြုတ်သွားရော၊ ဘုန်းကြီးအသားထဲ မဝင်ဘူး၊ ဒီတော့ ဘုန်းကြီးစဉ်းစားကြည့်တယ်၊ သြော်...ငါ့ခါးပန်းကြိုးအောက်မှာ ဓာတ်လုံးဆောင်ထားတာကိုး၊ ဓာတ်လုံးကို ဖယ်ရှားလိုက်တယ်၊ နောက်တစ်ကြိမ် ဆရာမဆေးထိုးတော့ ဘုန်းကြီးရဲ့အသား ပွပွထဲကို အပ်က လွယ်လွယ်ကူကူပဲ ဝင်သွားပါတယ်"

ဆရာတော်က ပြုံးပြီး စကားအဆုံးသတ်လိုက်၏။ တော်တော်စွမ်းသည့် ဓာတ်လုံးပါတကား။

အသက် ၅၅ နှစ်အရွယ်၌ ဆရာတော်ရဟန်းဝတ်သည့်အခါ အာလောက ကသိုဏ်းကို အပြင်းအထန်ရှုမှတ်၏။ တော်ကူးရွာ၏အရှေ့ဘက်ရှိ တောထဲ၌လည်းကောင်း၊ တောင်ခါးပန်းရှိဂဝံကျင်းများနှင့် ဂူတွင်းများ၌လည်းကောင်း ရှုမှတ်ခဲ့၏။ ကသိုဏ်းဝန်းအဖြစ် အောက်လင်းမီးအိမ် (စတောင်းကင်းမီးအိမ်) ၏ ထွန်းလင်းဝင်းပနေသည့် မီးစာကို ရှုမှတ်သည်ဆို၏။ နံနက်ချိန်ခါတွင် ထွန်းသစ်စ နေဝန်းကိုလည်း ရှုမှတ်သည်ဆို၏။

ဆရာတော်သည် ကသိုဏ်းရှုမှတ်ရာတွင် ပဋိဘာဂနိမိတ်ကိုမြင်ရပြီး ဈာန်ရသည်အထိ ပေါက်မြောက်ခဲ့သည်ဟု ယုံကြည်ရ၏။ ဤအကြောင်းနှင့်ပတ်သက်၍ အလျဉ်းသင့်သည့်အခါ ဆရာတော်မိန့်ဆိုခဲ့သည်မှာ...

"ဘုန်းကြီးတို့ ကသိုဏ်းရှုစဉ်အခါတုန်းက သမာဓိအား ဘယ်လောက်ကောင်းသလဲဆိုရင် ထန်းတစ်ဖျားလောက်မြင့်တဲ့ နေဝန်းကို စူးစိုက်ကြည့်လိုက်ရင် နေဝန်းကွယ်ပျောက်သွားရော၊ မြူတိမ်ကင်းစင်တဲ့ လပြည့်ညဥ့်အခါမှာ လ

www.burmeseclassic.com

www.burmeseclassic.com



ပြည့်ဝန်းကိုစိုက်ကြည့်လိုက်ရင်လဲ လဝန်းကြီးနဲ့ ကြယ်တာရာတွေ အကုန်ပျောက်ကုန်ရော"

(ပဋိဘာဂနိမိတ်က နေရောင်, လရောင်, ကြယ်ရောင်တို့ကို ဖုံးလွှမ်းသွားခြင်းကြောင့် နေ, လ, ကြယ်တို့ ကွယ်ပျောက်သွားခြင်း ဖြစ်၏။)

"ကသိုဏ်းရှုမှတ်တာ တစ်ခုအောင်ရင် ကျန်ကသိုဏ်းတွေလဲ အောင်တော့တာပဲ၊ ဘုန်းကြီး အကုန်လုပ်ခဲ့ဖူးတယ်လေ"

"သမထစျာန်အကြောင်းကို ဘုန်းကြီးသိပ်မပြောချင်ဘူး၊ စျာန်ချမ်းသာက သိပ်ကောင်းတာ၊ ဒကာတို့ကိုပြောပြရင် ဒကာတို့အကုန်လုံး စိတ်ဝင်စားသွားကြလိမ့်မယ်"

**"သမထအလုပ်က ဆေဒနာကို မကျော်လွှန်နိုင်ဘူးလေ၊ ဝိပဿနာအလုပ်ကသာ ဆေဒနာကို ကျော်လွှန်နိုင်တာ၊ ဆေဒနာကို ကျော်လွှန်နိုင်မှ အသေတတ်မယ်၊ အသေတတ်မှ ဘဝကူးကောင်းကြမယ်လေ..."**

တော်ကူးဆရာတော်သည် ထိုသမထလုပ်ငန်းကို အားထုတ်နေစဉ်အခါက တစ်ခါတစ်ရံတွင် ဆွမ်းခံခြင်းမပြုဘဲ တောထဲ၌ ရက်သတ္တတစ်ပတ်ခန့် စျာန်ချမ်းသာနှင့် ပျော်မွေ့နေလေ့ရှိ၏။ ဒကာ ဒကာမများက သွားရောက်ရှာဖွေကြသည့်အခါ ချုံနွယ်များအကြားတွင် ပုန်းကွယ်နေလိုက်သည်ဆို၏။

သက်တော် ၇၀ ပြည့်မြောက်၍ မော်လမြိုင်မြို့ဝ သတိပဋ္ဌာန်ကျောင်းတော်သို့ ဝိပဿနာတရားရှုမှတ်ရန် တော်ကူးဆရာတော်ကြွရောက်လာသည့်အခါ ကမ္မဋ္ဌာနာစရိယဆရာတော် ဦးပဏ္ဍိတက အောက်ပါကတိဝန်ခံချက်သုံးရပ်ကို တောင်းဆို၏။

(၁) တော်ကူးဘုန်းကြီး ဦးနန္ဒိယသည် ဆေးလိပ်သောက်ခြင်းကို ပယ်စွန့်ရမည်။

(၂) ဖျားနာသူတို့အား ရောဂါကုသပေးခြင်းကို လုံးဝရပ်ဆိုင်းရမည်။

(၃) အင်္ဂရတ်ထိုးခြင်းအလုပ်ကို လုံးဝပယ်စွန့်ရမည်။

တော်ကူးဆရာတော်သည် ရိုသေကျိုးနွံစွာ ကတိဝန်ခံချက်ပေး၏။ ထိုအခါမှစ၍ ဆေးလိပ်သောက်ခြင်း၊ ဗိန္ဓောအတတ်ဖြင့် ဆေးကုသခြင်း၊ အင်္ဂရတ်ထိုးခြင်းတို့ကို လုံးဝပယ်စွန့်လိုက်သည်။

ဗုဒ္ဓမြတ်စွာ၏ နိဗ္ဗာန်သို့ဦးတည်သော မဇ္ဈိမပဋိပဒါလမ်းစဉ်သည် သီလ, သမာဓိ, ပညာတည်းဟူသော သိက္ခာသုံးပါးကို ထူထောင်ရသော ကျင့်စဉ်တရားဖြစ်လေရာ သမထစျာန်အထိ သမာဓိထူထောင်ပြီးသောသူသည် ဝိပဿနာဉာဏ်ပညာသို့ အလွယ်တကူကူးပြောင်းနိုင်တော့သည်သာ ဖြစ်၏။

www.burmeseclassic.com

www.burmeseclassic.com



သမထကိုယ်ခံအားကောင်းမွန်လှသော တော်ကူးဆရာတော်သည် ဝိပဿနာဂုဏ်ထူးဆောင်ဘွဲ့ထူးကို တစ်ဆင့်တက်၍ ဆွတ်ခူးနိုင်ခဲ့သည်မှာ သဘာဝကျလှပေသည်တကား။

**ခန္တီဟူသော ပဓာနတရား**

တော်ကူးဆရာတော်သည် ခန္တီတရား အထူးကြီးမားသူဖြစ်၏။ ခန္တီတရားနှင့်ပတ်သက်၍ ရှေးဆရာတော်ဘုရားများ၏ အဆိုအမိန့်အချို့ကို တင်ပြလိုပါသည်။

ကြောင်ပန်းတောရဆရာတော်လောင်းလျာဖြစ်သည့် ဦးပဉ္စင်းကလေး **အရှင်ဣန္ဒက** သည် ဝိပဿနာတရား အားထုတ်ရေးအတွက် တောရဝင်ခါနီးအချိန်တွင် အပြစ်ကြီးငယ်ရှိက ခွင့်လွှတ်ပါရန် ဆရာဖြစ်သူ လယ်တီဆရာတော်ဘုရားအား ကန်တော့ဝတ်ပြု၏။ လယ်တီဆရာတော်က အရေးကြီးသည့်သြဝါဒစကားကို မိန့်ကြားတော်မူ၏။

"မောင်ဣန္ဒက…ကမ္မဋ္ဌာန်းအလုပ် တရားအားထုတ်တဲ့နေရာမှာ အရေးကြီးဆုံးက ခန္တီတရားပဲ၊ မှားသည်ဖြစ်စေ၊ မှန်သည်ဖြစ်စေ၊ ဆိုးသည်ဖြစ်စေ၊ ကောင်းသည်ဖြစ်စေ သည်းခံရမယ်နော်၊ သည်းခံခြင်း ခန္တီဟာ အရှုံးပေးတာပဲ အနာခံရတာပဲလို့ လူအများက ထင်မှတ်နေကြပေမယ့် သာသနာတော်မှာတော့ အကောင်းဆုံးတရားပဲကွဲ့၊ ပွင့်တော်မူပြီးကြတဲ့ ဘုရားရှင်တိုင်းရဲ့လက်သုံးတော် သြဝါဒကြီးပဲ"

မှန်ပါသည်။ ဗုဒ္ဓမြတ်စွာက *"ခန္တီစ သည်းခံခြင်းသည် မင်္ဂလာတရား တစ်ပါး"* ဟု ဟောကြားခဲ့သည်သာမက ခန္တီတရားကို အသက်ထက်ဆုံး ကျင့်သုံးသွားခဲ့၏။ မင်္ဂလာတရားဟူသည်မှာ ကြီးပွားချမ်းသာကြောင်းတရားတည်း။ ကြီးပွားချမ်းသာလိုသူတိုင်းသည် ခန္တီတရားကို ထွေးပိုက်ထားရမည်မဟုတ်ပါလား။

ဆရာတော်ဘုရားကြီးများကလည်း **"သည်းခံမှ နိဗ္ဗာန်ရမည်"** ဟု ထပ်ဆင့်ကာ သြဝါဒပေးကြသည်မဟုတ်ပါလော။ နိဗ္ဗာန်သို့သွားရောက်နိုင်သည့် တစ်ကြောင်းတည်းသော လမ်းခရီးသည် မဂ္ဂင်ရှစ်ပါးလမ်းစဉ် (ဝါ) ဝိပဿနာကျင့်စဉ်ဖြစ်၏။

ဝိပဿနာကျင့်စဉ်ကို လက်တွေ့အားထုတ်သည့်အခါ နာကျင်ခံခက်သည့် ဝေဒနာဆိုးအမျိုးမျိုးကို ကြုံတွေ့ကြရ၏။ ကြုံတွေ့ရသော ဝေဒနာဆိုးများကို သည်းခံနိုင်ပါမှ ဣရိယာပုထ်မြဲ၏။ ဣရိယာပုထ်မြဲမှ သမာဓိမြင့်တက်လာ၏။ သမာဓိမြင့်တက်လာသည့်အခါ ပညတ်အကာနှင့် အဝိဇ္ဇာအမှောင်ထုကို ထိုး

www.burmeseclassic.com

www.burmeseclassic.com



ဖောက်၍ ရုပ်နာမ်၏သဘောအမှန်ကို မြင်သိလာ၏။ ရုပ်နာမ်၏သဘောအမှန်ကို မြင်သိပါမှ ဝိပဿနာပညာဖြစ်ပေါ်၏။ ဝိပဿနာဉာဏ်စဉ်အဆင့်ဆင့် ဖြစ်ပေါ်ပါမှ နောက်ဆုံးတွင် သစ္စာလေးပါးကိုမြင်သိသော မဂ်ဉာဏ်ဖြစ်ပေါ်ပြီးလျှင် နိဗ္ဗာနဓာတ်ဟူသည့် ထာဝရအမြိုက်ချမ်းသာကို ခံစားနိုင်မည်ဖြစ်သည်။

သည်းခံနိုင်မှုစွမ်းရည်သည် မည်သည့်တရားများကို မြစ်ဖျားခံ၍ဖြစ်ပေါ်လာသနည်း။ အနီးကပ်ဆုံးအကြောင်းတရားမှာ ယောနိသောမနသိကာရဟူသည့် သင့်တင့်လျောက်ပတ်စွာနှလုံးသွင်းမှုဖြစ်၏။ သင့်တင့်လျောက်ပတ်စွာ နှလုံးသွင်းနိုင်ရေးအတွက် 'ငါမရှိ၊ သူမရှိ၊ သတ္တဝါမရှိ'စသည့် ပရမတ်သဘောတရားတို့ကို သုတမယပညာအသိလောက်ဖြင့် ဦးစွာသိမှတ်ထားရပေမည်။

ထို့ပြင် 'ငါ့ကို ဘာထင်သလဲ၊ ငါ့ကိုထိရင် မခံဘူးကွ'ဟူသော မာန်မာနကို ချိုးနှိမ်ထားနိုင်ခြင်း၊ နာကျင်လျှင် သည်းမခံနိုင်ဘဲ ဒေါသထွက်လျှင် ကြောက်ရွံ့အားငယ်တတ်သည့်ဒေါသကို ဖိနှိပ်ထားနိုင်ခြင်း၊ အများသတ္တဝါတို့ ကြီးပွားချမ်းသာရေးအတွက် မေတ္တာတရားများကို ပွားများနိုင်ခြင်း၊ အခက်အခဲနှင့် ကြုံတွေ့ရသည့်အခါ အရှုံးမပေးဘဲ ကြံ့ကြံ့ခံထားနိုင်သောဝီရိယရှိခြင်း၊ ဗုဒ္ဓ၏ အဆုံးအမဩဝါဒများ၌ ယုံကြည်လေးစားမှု သဒ္ဓါတရားရှိခြင်းတို့သည် ခန္တီတရားကို ဖြစ်ပေါ်လာစေသော အကြောင်းတရားများ ဖြစ်ကြ၏။

## သည်းခံနိုင်လွန်းသော တော်ကူးလောင်းလျာ

တော်ကူးဆရာတော် လူဝတ်ကြောင် ဦးထွန်းရီဘဝကတည်းကပင် သဒ္ဓါတရား ထက်သန်၍ မေတ္တာဘာဝနာကို အရင်းခံလျက် ပယောဂရောဂါများကို ပင် လိုက်လံကုသပေးခဲ့သူဖြစ်၏။ ဖွဲ့ဝီရိယအလွန်ကောင်းပြီး မိမိကိုယ်ကိုနှိမ့်ချခြင်းဟူသည့် နိဝါတဂုဏ်နှင့်လည်း ပြည့်စုံတော်မူ၏။ သို့အတွက် တော်ကူးဆရာတော်သည် သူမတူအောင် ခန္တီတရားကြီးမားသူဖြစ်လာခဲ့၏။

လယ်သမားဘဝက ဦးထွန်းရီသည် လယ်မြေ ၂၆ ဧကကို ပင်ပန်းဆင်းရဲစွာ လုပ်ကိုင်ခဲ့၏။ တောထဲသို့သွား၍ သစ်ဝါးများကိုခုတ်ယူပြီး လှည်းပေါ်သို့တင်ကာ တောင်စောင်းလမ်းကြမ်းအတိုင်း လှည်းကိုမောင်းနှင်ရ၏။ နွားနှစ်ကောင်တို့က တောင်အောက်သို့ ဒုန်းစိုင်း၍ပြေးဆင်းလာကြသည့်အခါ သစ်လုံးများက ဦးထွန်းရီကိုယ်ပေါ်သို့ ပိကျလာသဖြင့် မချိမဆန့်သောဒဏ်ရာကိုဦးထွန်းရီ အကြိမ်ပေါင်းများစွာ ခံခဲ့ရ၏။

တစ်ကြိမ်တွင် ဦးထွန်းရီသည် လှည်းဇင်းတုံးပေါ်တွင် ထိုင်လျက် ခြေတွဲလွဲချကာ တောထဲသို့ဝင်၏။ လှည်းသွားလမ်းတစ်လျှောက်တွင် ခရီးသွားသူအပေါင်း

www.burmeseclassic.com

www.burmeseclassic.com



အား အဟန့်အတားပြုနိုင်သော သစ်ကိုင်းသစ်ခက်များကို ခုတ်ထွင်ရှင်းလင်းရန် ကြည့်၍သွား၏။ လမ်းအလယ်တည့်တည့်၌ ငေါငေါပေါ်နေသော သစ်ငုတ်တိုကို သူသတိမပြုမိ၊ နွားနှစ်ကောင်က အားမာန်ကောင်းကောင်းနှင့် လှည်းကို ဆွဲသွားစဉ် ဦးထွန်းရီ၏ တွဲလွဲကျနေသော ခြေတစ်ဖက်သည် ထိုသစ်ငုတ်နှင့် အရှိန်ပြင်းစွာတိုက်မိကာ ပြတ်လုမတတ် ဟက်တက်ကွဲသွားလေ၏။

ဆေးဆရာများနှင့် နှစ်လကြာကုသပါသော်လည်း ခြေထောက်ဒဏ်ရာကြီး မပျောက်သည့်အပြင် မန်းလိုက်ကာ ကြောက်မက်ဖွယ်ရာ ရောင်ရမ်းလာ၏။ ပြင်းထန်သော ဝေဒနာကို သည်းညည်းခံလျက် မိမိဘာသာ ခြေထောက်ကို ရေအေး၌စိမ်၍ ရတနာသုံးပါးဂုဏ်တော်ကို အထပ်ထပ်ပွားများခြင်းဖြင့် ရောဂါ ပျောက်ကင်းစေနိုင်ခဲ့၏။

တစ်ဖန် အသက် ၄၀ ခန့်အရွယ်တွင် နွားသိုးကြီး ဝှေ့ယမ်းလိုက်သဖြင့် ဦးထွန်းရီ၏ လည်ပင်း ထုတ်ချင်းပေါက်သွားရပြန်၏။ လည်ပင်းအလယ်တည့်တည့် မဟုတ်ဘဲ အနည်းငယ်ဘေးချော်သွားသည့်အတွက် ဦးထွန်းရီပွဲချင်းပြီးမသေခြင်း ဖြစ်၏။ တင်ချာဆေးရည်ကို အနာပေါ်သို့ လောင်းချသည့်အခါ ဦးထွန်းရီသည် တစ်ကိုယ်လုံးတုန်ခါအောင် အလွန်နာကျင်ပူစပ်ရ၏။ သို့သော်လည်း သည်းခံရှာ၏။

ထို့နောက် အနာမန်းလိုက်ပြီး ရောင်ရမ်းလာသဖြင့် ပါးစပ်ဟ၍မရတော့ဘဲ ထမင်းရည်ကျဲကျဲကို သွားကြားမှစုပ်ယူကာ အာဟာရဖြည့်တင်းခဲ့ရ၏။ လှဲအိပ်၍မရသဖြင့် ရက် ၂၀ လုံးလုံး ခေါင်းအုံးကိုမှီကာ ငုတ်တုတ်ထိုင်နေခဲ့၏။ ဗိန္ဒောဆရာများက လက်လွှတ်လိုက်ပြီဖြစ်သော်လည်း ဦးထွန်းရီသည် တုန်လှုပ်ချောက်ချားခြင်းမရှိဘဲ ဘုရားကိုအာရုံပြုကာ မေတ္တာဘာဝနာကို တွင်တွင်ပွားများခဲ့၏။ ၂၁ ရက်မြောက်သောနေ့၌ မန်းရည်ပေါက်ကျသွားသဖြင့် အနာသက်သာသွားလေ၏။

ထို့နောက်တစ်ဖန် လမှောင်သော ညဥ့်တစ်ညဥ့်၌ ကင်းခြေများကြီး တစ်ကောင်က ဦးထွန်းရီ၏ ခြေထောက်ကို ကိုက်လိုက်သဖြင့် အဆိပ်တက်ကာ ရောင်ရမ်းပူလောင်လာတော့၏။ မီးနှင့်မြိုက်နေသကဲ့သို့ အလွန်ပူပြင်းနာကျင်သည့် ဝေဒနာလှိုင်းတို့သည် ကင်းကိုက်သည့်ဒဏ်ရာမှ ဝမ်းဗိုက်ဆီသို့ တလိမ့်လိမ့်တက်လာကြ၏။

"နာလွန်းလို့ အသံထွက်ပြီး အော်ငိုရတယ်၊ ခုနစ်အိမ်ကြား ရှစ်အိမ်ကြား ပေါ့၊ လူတွေ သတင်းလာမေးကြတယ်၊ ဒါပေမဲ့ ဝေဒနာသက်သာအောင် ဘာမှ

www.burmeseclassic.com

www.burmeseclassic.com



လုပ်မပေးနိုင်ကြဘူး၊ နောက်ဘုန်းကြီးအကြံရလို့ ခြေထောက်ဒဏ်ရာကို အောက်လင်းမီးအိမ်နဲ့ကင်တာ တစ်ဆိတ်ကလေးသက်သာတယ်၊ မီးကင်တာ များသွားလို့ မနက်ကျတော့ အသားကျက်လုမတတ် ဖူးရောင်အက်ကွဲနေတာကို တွေ့ရတယ်"

တော်ကူးဆရာတော်သည် ဤသို့လျှင် လူ့ဝတ်ကြောင်ဘဝက သေလုနီးသည့် ဒဏ်ရာကြီးများကို အကြိမ်ကြိမ်ခံစားခဲ့ရသည့်အပြင် ဘုန်းကြီးဝတ်၍ အသက် ၇၀ တွင်းသို့ ချဉ်းကပ်လာသည့်အခါ၌လည်း 'ဆေးသုဉ်းနဝင်းသုဉ်းပြီ၊ မျှော်လင့်ချက်ကုန်ပြီ'ဟု ဆေးဆရာများ သတ်မှတ်ကြရလောက်အောင် ရောဂါဝေဒနာမျိုးစုံတို့ ဖိစီးလာကြပြန်၏။

တောထဲ၌ နှစ်ရှည်လများ သမထဘာဝနာ ပွားများခဲ့သည့်အတွက် ငှက်ဖျား ရောဂါ ရလာ၏။ သွေးတိုးရောဂါနှင့် မူးဝေသောရောဂါတို့ကလည်း နှိပ်စက်လာကြ၏။ တစ်ခါတစ်ရံ လမ်းလျှောက်သွားရင်းတွင်ပင် ဆရာတော် မိုက်ခနဲ သတိမေ့ပြီး လဲကျသွားတတ်၏။ ဒူးဆစ်အောက် ခြေထောက်နှစ်ဖက်၌လည်း နှင်းခူစိုရောဂါက မြင်မကောင်းအောင် စွဲကပ်နေသဖြင့် အနာရည်တစိုစိုနှင့် ဖူးရောင်နေကြ၏။ ခြေဖမိုးနှစ်ဖက်က ဖားပြုတ်ကြီးများနှင့် တူနေကြတော့၏။ 'နူရာဝဲစွဲ လဲရာသူခိုးထောင်း' ဆိုသလို ထိုနှင်းခူများအကြားတွင် အသားပိုလုံးများက သဖန်းသီးသဖွယ် ပြွတ်သီးနေကြပြန်၏။

ထိုထက်ပိုဆိုးသည်ကား လက်ဝဲဘက်ပေါင်တွင်းကြောတုပ်ဆွဲသည့်ရောဂါဖြစ်၏။ ဆရာတော်သည် အသက်ပင်ကြီးလင့်ကစား ရောဂါများဝိုင်းဝိုင်းလည်ကာ ညှဉ်းပန်းနေလင့်ကစား ဝိနည်းတော်နှင့်အညီ နံနက်တိုင်း တော်ကူးတံခွန်တိုင်ရွာများထဲသို့ ဆွမ်းခံကြွတော်မူ၏။ ကျောင်းမှထွက်၍ တစ်မိုင်ခန့် လမ်းလျှောက်မိသောအခါ လက်ဝဲပေါင်တွင်းကြောက တုပ်ဆွဲလာသဖြင့် ခြေလှမ်း၍ မရတော့ချေ။ ထိုအခါ ခြေတစ်လှမ်း လှမ်းနိုင်ရေးအတွက် မျက်ရည်ဝေ့လည်လာသည်အထိ အားစိုက်ကာ ရုန်းကန်ရတော့၏။ ရိုးတွင်းခြင်ဆီအထိ စူးရှနာကျင်သည့်ဝေဒနာကို သည်းညည်းခံကာ ပါးပြင်နှစ်ဖက်ပေါ်တွင် မျက်ရည်ပေါက်ပေါက်ယိုစီးလျက် မိနစ်ပေါင်းများစွာ ရုန်းကန်ကာ ကျောင်းတော်သို့ အရောက်ပြန်ကြွလာရလေသည်။

ဤပြင်းထန်သောဝေဒနာကို တစ်နေ့တည်း ခံစားရသည်မဟုတ်၊ နေ့စဉ်ရက်ဆက် ဆွမ်းခံကြွသဖြင့် နေ့များစွာပင် ဆက်တိုက်ခံစားနေရပေ၏။ ဤသို့ အလူးအလဲ ဝေဒနာခံစားနေရပါသော်လည်း ဆရာတော်သည် ဒကာများအား ထုတ်ဖော်ပြောကြားခြင်းမပြုချေ။ အတိတ်ဘဝပေါင်းများစွာက ပြုခဲ့မိသော အပ

www.burmeseclassic.com

www.burmeseclassic.com



ရာပရိယဝေဒနိယကံဝဋ်ကြွေးတို့ကို ယခုဘဝခန္ဓာကိုယ်ဖြင့် ပေးဆပ်နေရခြင်း ဖြစ်သည်ဟုသာ နှလုံးသွင်းလျက် ဝေဒနာကို သည်းခံတော်မူ၏။

ဤသို့ နာကျင်ခံခက်သည့်ဝေဒနာအမျိုးမျိုးကို ခံစားရခြင်းသည် တော်ကူး ဆရာတော်၏ ခန္တီစွမ်းရည်ကို ပို၍ပို၍ရင့်ကျက်လာစေ၏။ နောက်ဆုံး၌ ကိလေ သာ မာန်စွယ်အမျိုးမျိုးနှင့် ရင်ဆိုင်တိုက်ခိုက်ရသော ဝိပဿနာစစ်တလင်းဝယ် ဣရိယာပုထ်ရှည်ရှည်ရှုမှတ်သဖြင့် အဆင့်ဆင့်ပေါ်ပေါက်လာသည့် ဝေဒနာဆိုး များကို သဒ္ဓါ၊ ဝီရိယ၊ ခန္တီလက်နက်တို့ဖြင့်ပင် အပြီးအပိုင် အောင်နိုင်တော်မူခဲ့ လေ၏။

"ဝိပဿနာရှုမှတ်လို့ တရားသဘောအရပေါ်လာကြတဲ့ ထုံကျဉ်ကိုက်ခဲ ပူလောင်တင်းကျပ်တဲ့ ဝေဒနာဆိုးတွေဟာ စင်စစ်မတော့ ဘုန်းကြီးခံစားခဲ့ရတဲ့ ကိုယ်ခန္ဓာပေါ် သစ်လုံးများဖိကျတဲ့ ဝေဒနာ၊ ဒူးခေါင်းဟက်တက်ကွဲပြီး ရောင် ရမ်းမန်းလိုက်နေတဲ့ ဝေဒနာ၊ နွားဇွေ့လို လည်ပင်းထုတ်ချင်းပေါက်ပြီး ပါးစပ်ဟ လို့မရ၊ လှဲအိပ်လို့မရအောင် နာကျင်ခံခက်လှတဲ့ဝေဒနာ၊ ကင်းကိုက်လို့ တစ်ညဉ့် လုံး နာကျင်ပူလောင်အားကြီးလွန်းလို့ ခုနစ်အိမ်ကြားလောက်အောင် အော်ငိုနေ ရတဲ့ ဝေဒနာ၊ ဒီဝေဒနာတွေလောက် မဆိုးပါဘူး"

"ဝေဒနာဆိုးတွေပေါ်တာ ဒုက္ခသစ္စာကိုမြင်တာပဲလို့ ဘုန်းကြီးသဘောထား တယ်၊ တရားမြင်တွေ့ရတာပဲလို့ မှတ်ယူပြီး ဝမ်းမြောက်ဝမ်းသာရှုမှတ်တယ်၊ အပရာပရိယဝေဒနိယကံဝဋ်ကြွေးတွေကို တရားနဲ့ပေးဆပ်နေရလို့လဲ ဘုန်းကြီး အားတက်နေတယ်။ ဇွဲရှိရှိ၊ ဝီရိယကောင်းကောင်းနဲ့ ခန္တီတရား၊ သတိတရားတို့ ကို လက်ကိုင်ထားပြီး နောက်မဆုတ်တမ်း တစ်မှတ်ချင်းတစ်မှတ်ချင်း ရှေ့တိုး ရှုမှတ်သွားတော့ 'လမ်းဆုံးရင်ရွာတွေ့' ဆိုသလို ဝေဒနာဆိုးတွေကို လွန်မြောက် ပြီး အလွန်တရာအေးမြကြည်လင်တဲ့ အနောတတ်ရေအိုင်ထဲမှာ ဆင်းစိမ်နေရ သလို တစ်ကိုယ်လုံး ပီတိ၊ ပဿဒ္ဓိ၊ သုခတို့ လွှမ်းခြုံပြီး အေးမြနေတော့တာပဲ"

*သီလက မဆောင်နှင်းပေးနိုင်သော ပစ္စည်းဥစ္စာဟူသည် မရှိ။*
*ခန္တီမေတ္တာတို့က မတွန်းလှန်နိုင်သော ဘေးရန်အန္တရာယ်ဟူသည် မရှိ။*
*ဇွဲဝီရိယက မအောင်မြင်သော အရေးကိစ္စဟူ၍လည်း မရှိချေ။*

သဒ္ဓါအား၊ သီလအား၊ ခန္တီအား၊ မေတ္တာအား၊ ဝီရိယအားတို့နှင့် ပြည့်စုံတော် မူသော တော်ကူးဆရာတော်သည် ကိလေသာတိုက်ပွဲကြီး၌ အောင်ပွဲမခံနိုင်ဘဲ ရှိပါအံ့လော။

www.burmeseclassic.com

www.burmeseclassic.com



## နိဗ္ဗာန်လမ်းမကြီးပေါ်သို့ ရောက်ပြီ

တောင်ကူးဆရာတော်သည် အိမ်ရာထူထောင်သည့် လူဝတ်ကြောင်ကတည်းကပင် သမထဘာဝနာအလုပ်ကို ကြိုးကုတ်အားထုတ်ခဲ့သည်။ အသက် ၅၅ နှစ်အရွယ်တွင် ရဟန်းဘောင်သို့ အပြီးအပိုင်ကူးပြောင်းလာသည့်အခါ၌လည်း ထိုသမထဘာဝနာအလုပ်နှင့်ပင် ၁၅ နှစ်တိုင်တိုင် ထပ်မံကျင်လည်ခဲ့ရပြန်၏။

အသက် ၇၀ အရွယ် ရောဂါမျိုးစုံနှိပ်စက်သဖြင့် မရဏသေမင်း၏ခံတွင်းဝသို့ ရောက်ရှိနေသည့်အခါ ဆေးဆရာများက ဆေးသုဉ်းနဝင်းသုဉ်းပြီဟု မှတ်ချက်ချကာ လက်မြှောက်သွားကြသည့်အခါတွင် မော်လမြိုင်မြို့သတိပဋ္ဌာန်ကျောင်းဆရာတော် ဦးပဏ္ဍိဝထံ ဝိပဿနာတရားအားထုတ်ခဲ့ဖူးသော တောင်ကူးဆရာတော်၏တူမတော်စပ်သူ **သီလရှင်ဒေါ်ပညာသီ** က တောင်ကူးဆရာတော်ထံမှောက်သို့ ရောက်လာ၏။ တရားတော်၏ထူးခြားသော 'ဩပနေယျိကဂုဏ်တော်' အရ တရားတော်၏အမြိုက်အရသာကို ခံစားနိုင်ရန် တောင်ကူးဆရာတော်ကို လာရောက်ဖိတ်ကြားခြင်း ဖြစ်၏။

"ဆရာတော်ဘုရား…ဝိပဿနာတရားတော်ဟာ သာသနာတော်ရဲ့အနှစ်သာရဖြစ်ပါတယ်၊ ကိလေသာရန်စွယ်အပေါင်းကို နှိမ်နင်းပြီး နိဗ္ဗာန်လမ်းကိုကြွမြန်းရန် တစ်ကြောင်းတည်းသောလမ်းလဲဖြစ်ပါတယ်၊ သာသနာတော်အတွင်းလူဖြစ်ကျိုးနပ်အောင် မော်လမြိုင်မြို့ဝသတိပဋ္ဌာန်ကျောင်းသို့ကြွပြီး ဝိပဿနာတရား အားထုတ်တော်မူပါဘုရား"

ဆရာတော်၏သမီးဖြစ်သူ ဒေါ်တင်ရွှေကလည်း ထိုသတိပဋ္ဌာန်ကျောင်းတွင် ဝိပဿနာတရားအားထုတ်ခဲ့ဖူးသဖြင့် ဖခမည်းတော်အား ဝိုင်းဝန်း၍တိုက်တွန်း၏။

"ကောင်းပြီ…သွားတာပေါ့၊ ငါသေစရာရှိလျှင် တရားခွင်မှာသေတာပေါ့"

ရောဂါအနည်းငယ်သက်သာလာသည့်အခိုက်နှင့် ကြုံကြိုက်သဖြင့် တောင်ကူးဆရာတော်သည် မဆုတ်ဆိုင်းတော့ဘဲ မော်လမြိုင်မြို့ဝ သတိပဋ္ဌာန်ကျောင်းတိုက်သို့ ကြွသွားတော်မူ၏။ ကမ္မဋ္ဌာနာစရိယဆရာတော်ဦးပဏ္ဍိဝထံ ဆေးလိပ်သောက်ခြင်း, ရောဂါကုခြင်း, အင်္ဂရုတ်ထိုးခြင်းတို့ကို ပယ်စွန့်မည်ဟု ကတိဝန်ခံချက်ပြုပြီးလျှင် ဝိပဿနာတရားတော်ကို စတင်ကာရှုမှတ်လေတော့၏။

ဖူးငုံလျက်ရှိသော ပဒုမ္မာကြာပန်းသည် နေရောင်ခြည်ဖြာသန်းလာသည်နှင့် တစ်ပြိုင်နက် ဖူးပွင့်ဝေဆာလာသကဲ့သို့ သမထဘာဝနာဖြင့် ဈာန်သမာဓိရရှိပြီးသော တောင်ကူးဆရာတော်သည် ဝိပဿနာနယ်ဘက်သို့ ကူးသန်းလိုက်သည်နှင့်

www.burmeseclassic.com

www.burmeseclassic.com



တစ်ပြိုင်နက် ရုပ်နာမ်သဘာဝကို တစ်စတစ်စထိုးထွင်းသိမြင်လာပြီး ဝိပဿနာဉာဏ်များကို တစ်ဆင့်ပြီးတစ်ဆင့် မျက်မှောက်ပြုလာနိုင်တော့၏။

ဝိပဿနာဉာဏ်မြင့်မြင့်တက်လာလေလေ တရားရှုမှတ်ရန် ဆန္ဒပြင်းပြလာလေလေဖြစ်သည့်အတွက် တော်ကူးဆရာတော်သည် မရပ်မနားကြိုးစားအားထုတ်လေတော့၏။ အခြားယောဂီများက ထိုင်၍တရားရှုမှတ်နေစဉ် တော်ကူးဆရာတော်သည် မတ်တတ်ရပ်၍တရားရှုမှတ်၏။ တစ်နာရီပြည့်၍ အခြားယောဂီများ စင်္ကြံလျှောက်ကြသည့်အခါ တော်ကူးဆရာတော်သည် မတ်တတ်ရပ်လျက်ပင် တရားဆက်ရှုမှတ်နေ၏။

ပူအိုက်သောရာသီဖြစ်၍ အခြားယောဂီများက ယပ်ခတ်ခြင်း, ရေချိုးခြင်းတို့ပြုလုပ်ကြသော်လည်း တော်ကူးဆရာတော်မှာ လှုပ်ရှားခြင်းမရှိ၊ ငြိမ်ငြိမ်သက်သက်ပင် မတ်တတ်ရပ်ကာ တရားရှုမှတ်နေ၏။ တစ်ရက်တစ်ကြိမ် ရေချိုးရန်ကိုပင် တရားရှုမှတ်ချိန် ယုတ်လျော့သွားမည်စိုး၍ နှစ်ရက်ကြာမှတစ်ခါ ရေချိုးတော်မူ၏။

တော်ကူးဆရာတော်သည် နာမကျန်းဖြစ်နေသည်ကတစ်ကြောင်း၊ ပေါင်ကြောဆွဲရောဂါကြောင့်တစ်ကြောင်း ဆွမ်းခံမကြွနိုင်ပါ။ လမ်းလည်း ကောင်းကောင်းမလျှောက်နိုင်ပါ။ သို့အတွက် တရားကိုသာ ဖိ၍ရှုမှတ်တော်မူ၏။ တစ်နာရီကြာသော ဣရိယာပုထ်တို့ဖြင့် ရှုမှတ်ရသည်ကိုလည်း အားမရဘဲ ဣရိယာပုထ် တစ်မျိုးတည်းကို နှစ်နာရီ၊ သုံးနာရီ၊ လေးနာရီ စသည်ဖြင့် တိုးမြှင့်ကာရှုမှတ်လေ၏။

ထိုသို့ ကြာကြာရှုမှတ်သည့်အခါ ပေါင်ကြောဆွဲရောဂါဝေဒနာသည် အလွန်ပေါ်လွင်ထင်ရှားလာ၏။ ထိုဝေဒနာကို စူးစိုက်၍ရှုမှတ်ဖန်များလာသည့်အခါ ဝေဒနာသည် မှုန်မှုန်မွှားမွှားကြေမွလျက် တစ်စစီ တစ်စစီဖြစ်ပျက်နေသည်ကို မြင်တွေ့လာရ၏။ ဝေဒနာကွယ်ပျောက်သည်အထိ ရှုမှတ်နိုင်သောအခါ ရောဂါလည်း သက်သာလာသည်ကို ဆရာတော်အံ့သြစွာတွေ့မြင်လာရ၏။

ဤသို့ ရောဂါဝေဒနာများ တစ်မျိုးပြီးတစ်မျိုး ထင်ပေါ်လာသည်ကို ကြေပျောက်သွားကြသည်အထိ ရှုမှတ်သွားသောအခါ ရောဂါများ တဖြည်းဖြည်းသက်သာသွားကြ၏။ သုံးလပြည့်သည့်အခါ ပေါင်ကြောဆွဲရောဂါ, မူးဝေသည့်ရောဂါနှင့် မုတ္တရောဂါတို့သည် လုံးဝပျောက်ကင်းသွားကြ၏။ သို့အတွက် ဆရာတော်သည် ကောင်းစွာလမ်းလျှောက်လာနိုင်၏။ ဆွမ်းခံကြွနိုင်လာ၏။

ဝေဒနာပေါ်လာသမျှကို ကျော်လွှန်နိုင်အောင် သည်းညည်းခံ၍ ရှုမှတ်နိုင်လာသောအခါ ဆရာတော်သည် စိတ်ကြိုက်ရှုမှတ်လေတော့၏။ အရဏ်ဆွမ်း

www.burmeseclassic.com

www.burmeseclassic.com



ဘုဉ်းပေးပြီးချိန် (နံနက် ၅ နာရီ) မှစ၍ နေ့ဆွမ်းအုန်းမောင်းတီးချိန် (နံနက် ၁၀ နာရီ) အထိ တစ်စပ်၊ နေ့ဆွမ်းဘုဉ်းပေးပြီးသည်မှ ညဉ့် ၆ နာရီဘုရားဝတ်တတ်ချိန်အထိ တစ်စပ်၊ ဘုရားဝတ်တက်ပြီးသည်မှ ညဉ့်သန်းခေါင် သို့မဟုတ် တစ်ခါတစ်ရံ နံနက်အရုဏ်ဆွမ်းအုန်းမောင်းတီးသည်အထိ တစ်စပ်တည်းရှုမှတ်လေ၏။

မြို့ဝသတိပဋ္ဌာန်ကျောင်းတွင် သံဃာများသီတင်းသုံးရန် နှစ်ထပ်တိုက်ကျောင်းတစ်ဆောင်ရှိ၏။ ထိုတိုက်ကျောင်း၏အထပ်နှစ်ခုစလုံးတွင် ဘေးနှစ်ဖက်၌ ရဟန်းတစ်ပါးစီ သီတင်းသုံးရန် အခန်းငယ်များဖွဲ့ထားပြီး အလယ်တွင် စင်္ကြံသွားရန် ချန်လှပ်ထား၏။ တော်ကူးဆရာတော် ဦးနန္ဒိယသည် ထိုတိုက်ကျောင်း၏ အောက်ထပ်အခန်းတစ်ခန်းတွင် သီတင်းသုံးခွင့်ရ၏။ ထိုအခါ လျှပ်စစ်မီး မသွယ်ရသေးသဖြင့် ထိုတိုက်ကျောင်းသည် ညဉ့်အခါမှောင်မိုက်လျက်ရှိ၏။

ညဉ့် ၇ နာရီထိုးသည်မှစ၍ ဦးနန္ဒိယသည် အနှောင့်အယှက်ကင်းစေရန် မိမိအခန်းတွင်းအမှောင်ထဲ၌ မတ်တတ်ရပ်လျက် တရားရှုမှတ်တော်မူ၏။ ထိုအခါ အခွင့်အခါကောင်းကို စောင့်ဆိုင်းနေကြသော ခြင်ကောင်များသည် ဦးနန္ဒိယကို သဲသဲမဲမဲကိုက်ခဲကြလေတော့၏။ ဤအခြေအနေ၌ သာမန်ယောဂီတစ်ယောက်အဖို့ သမာဓိထူထောင်ရန် မလွယ်ကူပါချေ။ ဦးနန္ဒိယကား မိမိသွေးကို ဆာလောင်မွတ်သိပ်နေကြသည့် ခြင်ကောင်များအား ရက်ရက်ရောရောပေးလှူ၍ ခြင်ကိုက်ခြင်းကို လျစ်လျူရှုပြီးလျှင် မိမိ၏ဝိပဿနာအမှတ်၌သာ အာရုံစူးစိုက်ထားလေ၏။

ဆရာတော်ဦးပဏ္ဍဝ၏မြေးဖြစ်သူ **အရှင်ပညာသီရိ**သည် လက်နှိပ်ဓာတ်မီးတစ်လက်ဖြင့် ဦးနန္ဒိယထံသို့ မကြာမကြာလျှောက်လာတတ်၏။ အမှောင်ထုထဲ၌ ခြင်အော်သံတစီစီဆူညံနေသော်လည်း မလှုပ်မရှားတရားရှုမှတ်နေသော ဦးနန္ဒိယ၏ကိုယ်ပေါ်သို့ လက်နှိပ်ဓာတ်မီးထိုးကြည့်၏။ အရှင်ပညာသီရိမြင်တွေ့လိုက်ရသောရှုကွင်းကား ကြောက်ခမန်းလိလိ ကျောချမ်းဖွယ်ကောင်းလေစွ။

သင်္ကန်းလှပ်ထားသော ဦးနန္ဒိယ၏ပခုံးပြင်နှင့် လက်ပြင်များပေါ်တွင် ခြင်ရာပေါင်းများစွာတို့သည် ပြွတ်ခဲကာ အားရပါးရသွေးစုပ်နေကြ၏။ ဦးနန္ဒိယက ခံစားမှုကင်းမဲ့လေဟန်ဖြင့် တုတ်တုတ်မျှမလှုပ်၊ အရှင်ပညာသီရိသည် မရှုရက်သဖြင့် မိမိ၏လက်ဖဝါးဖြင့် ဦးနန္ဒိယ၏ပခုံးထက်မှ လက်ပြင်တစ်လျှောက် သပ်ချလိုက်၏။

ထိုအခါ ခြင်ကောင်တို့သည်ဝေါခနဲထပျံကြပြီးလျှင် လက်ပြင်တစ်လျှောက်

www.burmeseclassic.com

www.burmeseclassic.com



၌ သွေးများ ယိုစီးကျလာ၏။ မကြာမီပင် ခြင်ကောင်များသည် ဦးနန္ဒိယ၏ အသားများပေါ်၌ ဆင်းသက်၍ တစ်ဖန်သွေးစုပ်ကြပြန်၏။ ဤမျှ ကြောက်မက်ဖွယ်ကောင်းသည့် ဝေဒနာကို တော်ကူးဆရာတော်ဦးနန္ဒိယသည် တစ်ချက်မျှမလှုပ်ရှားဘဲ ညဉ့်လုံးပေါက်သည်းခံနိုင်စွမ်းရှိသည်မှာ အလွန်တရာအံ့ဩဖွယ်ကောင်းလေစွတကား။

ဆရာတော်၏ သမာဓိအရှိန်အဟုန်ကြောင့် ခန္ဓာကိုယ်မှထွက်လာသော ကိုယ်ရောင်ကိုယ်ဝါတို့သည် အခန်းအမှောင်ကို လင်းစေပါသည်ဟု စကားစပ်မိသဖြင့် ဦးနန္ဒိယမိန့်ဆိုဖူး၏။

သို့ဖြစ်၍ ဦးနန္ဒိယ၏ တရားတွေ့ရှိပုံကို အစဉ်တစိုက်စစ်ဆေးလာသော ဆရာတော်ဦးပဏ္ဍာဝသည် သုံးလစေ့မြောက်သည့်အခါ၌ "ဦးနန္ဒိယတော့ စိုင်ကော်သွားပြီ၊ တရားရှုမှတ်တာကို တစ်ထောက်ရပ်နားပြီး ဒီရိပ်သာမှာ တရားကူပြပေးပါ" ဟု မိန့်ကြားတော်မူ၏။

"ဦးနန္ဒိယတစ်ယောက် စိုင်ကော်သွားပြီ" ဟူသောစကား၏ အဓိပ္ပာယ်ကား မည်သို့နည်း။ "ဦးနန္ဒိယတစ်ယောက် ထွန်းထွန်းပေါက်ပေါက်ဖြစ်သွားပြီ၊ တရားထူး မြင်သိသွားပြီ" ဟု ဆိုလိုခြင်းဖြစ်လေသလော။

## တရားထူးမြင်သိလျှင် ပြောလည့်ပါ

ဦးနန္ဒိယသည် မော်လမြိုင်မြို့ဝ သတိပဋ္ဌာန်ကျောင်းတွင် နှစ်နှစ်ကျော် သီတင်းသုံးပြီး လက်ထောက်ကမ္မဋ္ဌာနာစရိယဆရာတော်အဖြစ် တရားကူပြပေး၏။ အထူးသဖြင့် မွန်ယောဂီများကို မွန်ဘာသာဖြင့် တရားဟောပြောရှင်းပြပေးနိုင်သည့်အတွက် ဦးနန္ဒိယ၏ ကဏ္ဍသည် အရေးပါလျက်ရှိ၏။

ထိုသို့ တရားပြနေစဉ်အခါ၌လည်း ဦးနန္ဒိယသည် ဝိပဿနာတရားကိုကိုယ်တိုင် ရှုမှတ်နေသည်သာဖြစ်၏။ တရား၏အရသာကိုမြင်သိပြီးသောသူသည် ထိုအတုမဲ့သည့် အမြိုက်အရသာကို အဆက်မပြတ်ခံစားနေဘိသကဲ့သို့တည်း။

မော်လမြိုင်မြို့ဝ သတိပဋ္ဌာန်ဆရာတော် ဦးပဏ္ဍာဝနှင့် ရန်ကုန်သာသနာ့ရိပ်သာ မဟာစည်ဆရာတော်တို့သည် အလွန်ရင်းနှီးသည့် ဓမ္မမိတ်ဆွေများ ဖြစ်ကြသဖြင့် မော်လမြိုင်မြို့ဝ သတိပဋ္ဌာန်ကျောင်းတိုက်သို့ မဟာစည်ဆရာတော်ဘုရား နှစ်စဉ်ကြွရောက်ပြီး တရားဟောတော်မူ၏။ ထိုသို့ကြွလာသည့်အခိုက်၌ ဦးနန္ဒိယ၏ တရားအားထုတ်ပုံနှင့် တရားမြင်တွေ့ပုံတို့ကို ဆရာတော်ဦးပဏ္ဍာဝမှ တစ်ဆင့် မဟာစည်ဆရာတော် ကြားသိရသည့်အခါ သာဓုခေါ်တော်မူ၏။

ထို့နောက် ဆရာတော်ဦးပဏ္ဍာဝ၏ တာဝန်ပေးချက်အရ ဦးနန္ဒိယသည် သုံးဖြူ

www.burmeseclassic.com

www.burmeseclassic.com



ဇရပ်မြို့၌ ခြောက်လခန့်လည်းကောင်း၊ ကော့ကရိတ်မြို့၌ တစ်နှစ်ခွဲခန့်လည်း ကောင်း သတိပဋ္ဌာန်တရားကို ဖြန့်ချီတော်မူ၏။ ကောဇာသက္ကရာဇ် ၁၃၂၆ ခုနှစ်၌မူ ဇာတိချက်ကြွေရာ တော်ကူးကျေးရွာမှ ဒကာများက တော်ကူးသတိပဋ္ဌာန် ကျောင်းကို ဆောက်လုပ်လှူဒါန်းကြသဖြင့် ဆရာတော်ဦးပဏ္ဍိတ၏ ခွင့်ပြုချက်အရ တော်ကူးကျေးရွာသို့ ကြွချီတော်မူသည်။

တော်ကူးရိပ်သာ၌ ညီ, ညီမ, တူ, တူမ, မြေး, မြစ်များကို အစထား၍ ဝိပဿနာတရားကို ဟောကြားပြသရာ တရားအားထုတ်သူ တဖြည်းဖြည်းများလာ၏။ အထူးသဖြင့် ဣရိယာပုထ်ရှည်ရှည်ဖြင့် တရားအားထုတ်နိုင်ရန် မေတ္တာကရုဏာရှေ့ထားကာ ညွှန်ကြားပြသပေးသည့်အတွက် ရောဂါဝေဒနာရှင်များစွာတို့သည် ထူးထူးခြားခြား ရောဂါပျောက်ကင်းသွားကြ၏။

ဆေးရုံများ၌ ဆေးကုသ၍မပျောက်ကင်းကြသော ရောဂါရှင်အချို့သည်ပင် တောကူးရိပ်သာ၌ ဝိပဿနာတရားရှုမှတ်မှုဖြင့် ရောဂါပျောက်ကင်းသွားကြ၏။ သို့အတွက် တော်ကူးသတိပဋ္ဌာန်ရိပ်သာကို **"တော်ကူးသတိပဋ္ဌာန်ဆေးရုံတော်"** ဟူ၍ ရွာသားများက တင်စားခေါ်ဆိုကြတော့၏။

တော်ကူးဆရာတော်ကိုယ်တိုင်သည်လည်း ထိုင်သည့်ဣရိယာပုထ်ဖြင့် ၂၄ နာရီ၊ ရပ်သည့်ဣရိယာပုထ်ဖြင့် ၂၄ နာရီ၊ လျောင်းသည့်ဣရိယာပုထ်ဖြင့် ၂၄ နာရီ၊ စင်္ကြံလျှောက်သည့်ဣရိယာပုထ်ဖြင့် အလိုရှိသလောက် စံချိန်တင်ကာ ရှုမှတ်ပြသွားသဖြင့် တပည့်များကလည်း ကြိုးစားအားထုတ်ကြ၏။ ထိုသို့ ရှည်လျားသော ဣရိယာပုထ်များဖြင့် တရားရှုမှတ်သောအခါ တော်ကူးဆရာတော်၌ စွဲကျန်ရစ်သည့် နှင်းခူကြီးရောဂါသည်လည်း ပျောက်ကင်းသွား၏။ သဖန်းသီးများပမာ စုတွဲနေကြသည့်အသားပိုလုံးများလည်း တစ်လုံးပြီးတစ်လုံး ကြွေကျကာ ပျောက်ကင်းသွားကြ၏။

နောက်ထူးခြားသည့်အကြောင်းတစ်ရပ်မှာ မော်လမြိုင်မြို့ဝ သတိပဋ္ဌာန်ကျောင်းမှ ဦးနန္ဒိယခွဲခွာသွားသည့်အချိန်၌ ဆရာဖြစ်သူဦးပဏ္ဍိတက...

"ဦးနန္ဒိယရေ...နောက်ထပ်တရားထူးတွေ့ရင် တို့ကိုအကြောင်းကြားအသိပေးပါနော်"ဟု မှာကြားလိုက်၏။

ထိုသည့်နေ့မှ ၁၅ နှစ်ကြာသည့်အခါ တော်ကူးဆရာတော်ဦးနန္ဒိယသည် လှူဖွယ်ဝတ္ထုပစ္စည်းများဖြင့် မော်လမြိုင်မြို့ဝ သတိပဋ္ဌာန်ကျောင်းသို့ ကြွသွားပြီး ဆရာသမားအား ပူဇော်ကန်တော့လေ၏။

ဆရာတော်ဦးပဏ္ဍိတက "တော်ကူးဆရာတော် ဘာအကြောင်းထူးလို့လဲ" ဟု မေးတော်မူ၏။

www.burmeseclassic.com

www.burmeseclassic.com



ဦးနန္ဒိယက "ဆရာတော်မိန့်မှာထားခဲ့သည့်အတိုင်း လာရောက်ခြင်းပါဘုရား" ဟု လျှောက်ထား၏။ လျှောက်ထားပြီးနောက် ဆရာနှင့်တပည့်ပြုံးရွှင်စွာကြည့်ကြ၏။ ဆရာကလည်း ထပ်မမေး၊ ဆရာ ထပ်မမေးသည့်အတွက် တပည့်ကလည်း ထပ်မဖြေ။ ဆရာအား ဝတ်ပြုပြီးနောက် ဦးနန္ဒိယပြန်ကြွသွား၏။

ထို့နောက် ဆရာတော်ဦးပဏ္ဍဝသည် မိမိကျောင်းတိုက်အတွင်းရှိ သံဃာတော်များအား "ဦးနန္ဒိယ တရားထူးရသွားပြီဟေ့" ဟု ဝမ်းမြောက်ဝမ်းသာ မိန့်ကြားတော်မူ၏။ ထိုသို့မိန့်ကြားသည်ကို ဦးနန္ဒိယနှင့် တရားအားထုတ်ဖော်ဖြစ်သည့် ဦးစာရိတ္တလည်း ကြားသိခဲ့ရ၏။ ဦးစာရိတ္တပြောပြသည့်အတွက် ဤအကြောင်းကို ကျွန်တော်သိရှိရခြင်း ဖြစ်ပါသည်။

တော်ကူးဆရာတော်သည် **မိမိ တရားထူးရသည်နှင့်ပတ်သက်၍** အထူးလျှို့ဝှက်ထား၏။ ဒကာ, ဒကာမများအား ထုတ်ဖော်ပြောကြားခြင်းမပြုချေ။

ဆရာတော် သက်တော် ၈၉–နှစ်သို့ ရောက်သည့်အချိန်တွင် တော်ကူးရိပ်သာ၌ ကျွန်တော်တရားအားထုတ်ဖြစ်၏၊ ထိုသို့အားထုတ်စဉ် ဆရာတော်အား ကျွန်တော်မေးလျှောက်ဖူး၏–

"ဆရာတော်ဘုရား...ဝိပဿနာတရားကိုပဲ အမြဲမပြတ်နှလုံးသွင်းနေတဲ့သူဟာ မဂ်ဖိုလ်ကို မဆိုက်ရောက်သွားနိုင်ဘူးလား"

ဆရာတော်သည် ဝိပဿနာအမှတ်နှင့် အမြဲနေထိုင်သူဖြစ်သဖြင့် "အရိယာနွယ်သို့ ဝင်ရောက်ခဲ့ပြီလား" ဟု ကျွန်တော်ရည်ရွယ်ပြီး မေးမြန်းခြင်းဖြစ်၏။

"ဒကာ...မဂ်ဖိုလ်ဆိုက်တာ မဆိုက်တာ ကိုယ့်အလုပ်မဟုတ်ဘူး၊ ကိုယ့်အလုပ်က ဝိပဿနာတရားကို အမြဲရှုမှတ်နေဖို့ပဲ"

ဆရာတော်၏အဖြေမှာ ရိုးစင်းလှ၏။ မည်သည့်မျှော်မှန်းချက်ကိုမျှမထားဘဲ သူတော်ကောင်းအလုပ်ကို ကျိုးကျိုးနွံနွံလုပ်ကိုင်ရန် ဩဝါဒပေးလိုက်ခြင်းပင်ဖြစ်ပေ၏။

"အရိယာပုဂ္ဂိုလ်များဟာ ဝိပဿနာရှုမှတ်မှုနဲ့ မွေ့လျော်နေကြတယ်၊ ဝိပဿနာရှုမှတ်ခြင်းဆိုတာ အရိယာတို့ရဲ့စားကျက်ပဲ၊ ဒီစားကျက်မှာနေတဲ့သူဟာ ဘေးရန်အန္တရာယ်အပေါင်း ကင်းဝေးတယ်၊ လုံခြုံတယ်၊ သေရင်လဲ အပါယ်မလားဘူး၊ ယခု အရိယာမဖြစ်သေးရင်လဲ သေတဲ့အခါ တစ်မဂ်တစ်ဖိုလ်လောက်တော့ အလွယ်ကလေး ရနိုင်တာပေါ့" ဟု ထပ်ဆင့်၍မိန့်တော်မူ၏။

သူတော်ကောင်းတို့၏ မမော်မကြွား, ရိုးရိုးသားသား သိုသိုဝှက်ဝှက် ပကာသနမဖက်ဘဲ ရောင့်ရဲတင်းတိမ်နေတတ်သည့်ဂုဏ်အရည်အသွေးတို့ကား ချီးကျူးစရာကောင်းလေစွ။

www.burmeseclassic.com

www.burmeseclassic.com



## အကြားအမြင်ရှိသော

သီလ, သမာဓိ, ပညာနှင့်ပြည့်စုံတော်မူကြသော ဆရာတော်ဘုရားများသည် အကြားအမြင်ရကြသည်ကို မကြာခဏကြားသိရပါသည်။

ကောဇာသက္ကရာဇ် ၁၃၄၆ ခုနှစ်၊ သက်တော် ၉၃–နှစ်တွင် ပျံလွန်တော်မူသော **ရွှေဒေါင်းတောင်ဆရာတော်** ဘုရားသည် မိမိထံသို့ ပရိသတ်မည်မျှ အဖွဲ့ အမြော်ရောက်လာမည်ကို ကြိုတင်သိရှိတော်မူသဖြင့် ထမင်းဟင်းချက်ပြုတ်ထား စေလေ့ရှိ၏။

တော်ကူးဆရာတော်သည် မမြင်သလိုမကြားသလို ရိုးရိုးအေးအေး သီတင်းသုံးနေတတ်ပါသော်လည်း အကြားအမြင်ရသည့်အထောက်အထားများကို တွေ့ရှိရပါသည်။

ဆရာတော်အကြောင်း ကျွန်တော်ရေးသားထားသည့် **"ဝိပဿနာဂုဏ်ထူးဆောင်"** စာအုပ်ကို ဖတ်ရှုပြီးနောက် မိတ္ထီလာမြို့မှ **ဦးအောင်သိန်း** သည် တော်ကူးရိပ်သာ၏ စည်းကမ်းချက်များကို စုံစမ်းသည့် စာတစ်စောင်ရေးလာ၏။

ဆရာတော်ကိုယ်စား စာပြန်ပေးလေ့ရှိသော ဦးနာဂိန္ဒသည် မိမိ၏ တစ်ပါးစံကျောင်းငယ်ကလေးတွင် ဆေးလိပ်တစ်ဝသောက်ပြီးနောက် ဆရာတော်အား ဝတ်ပြုရန် ဆရာတော်၏ ကျောင်းပေါ်သို့တက်လာ၏။ တော်ကူးရိပ်သာကျောင်းသည် ရွှေကျင်ဂိုဏ်းဝင်ဖြစ်၍ သံဃာများအား ဆေးလိပ်သောက်ခွင့်မပြုချေ။

ဦးနာဂိန္ဒသည် ဦးအောင်သိန်း၏ စာကို ယူဖတ်ပြီး "တပည့်တော် စာပြန်ပေးလိုက်ရမလားဘုရား" ဟု ဆရာတော်အား မေးလျှောက်၏။

"အေး...အေး...ပြန်လိုက်ပေါ့၊ တော်ကူးရိပ်သာမှာ ဆေးလိပ်မခိုးသောက်ရဘူးဆိုတာကိုပါ ထည့်ရေးလိုက်"

ဦးနာဂိန္ဒခေါင်းနားပန်းကြီးသွား၏။ မိမိဆေးလိပ်ခိုးသောက်ခဲ့သည်ကို ဆရာတော်မြင်သိနေပါပကော။

တစ်နေ့တွင် ရိပ်သာနေရဟန်းတစ်ပါးက ကုဋီတက်၏။ ကုဋီတွင် ရေအနည်းငယ်သာကျန်ရှိနေသည်ကို ထိုရဟန်းက ကုတ်ကတ်သုံးပြီးနောက် ဆရာတော့်ကျောင်းပေါ်သို့ တက်လာ၏။ ဆရာတော်က လဲလျောင်းနေရာမှ ရဟန်းများအား ဩဝါဒပေးသည့်အသွင် မိန့်ဆိုလိုက်သည်မှာ...

"ဦးပဉ္စင်းတို့...ကုဋီသုံးရေ၊ သောက်ရေ၊ ခြေဆေးရေတွေ ကုန်နေတာကို တွေ့ရင် ခပ်ထည့်နော်၊ ဒါဟာ ရဟန်းတိုင်းရဲ့တာဝန်တစ်ရပ်ပဲကွဲ့၊ မပျက်ကွက်ကြနဲ့"

www.burmeseclassic.com

www.burmeseclassic.com



ထိုရဟန်းသည် မိမိအားရည်ရွယ်၍ ဆရာတော်အမိန့်ရှိကြောင်း တစ်မုဟုတ်ချင်း သိလိုက်သဖြင့် ရှုံးတိုးရှုန့်တန့်ဖြစ်သွားလေသည်။

တစ်ညနေတွင် ဆရာတော်သည် ဦးနာဂိန္ဒ, ကိုရင်သီဟတို့နှင့်အတူ ကျောင်းပရဝုဏ်အတွင်း လမ်းလျှောက်ကြ၏။ ကျောင်းဝင်းအတွင်း၌ ဓီးရင့်နေသည့် ခွေးမတစ်ကောင်ရှိ၏။ ထိုခွေးမသည် ကလေးမွေးပြီးသည့်အသွင်ဖြင့် ဝမ်းဗိုက်ပိန်ချပ်သွားပြီး နို့အုံတင်းနေ၏။

အမည်မသိသူတစ်ဦးက ကျောင်းဝင်းထဲသို့ ၁၀ ရက်သားအရွယ်လောက်ရှိသည့် ခွေးပေါက်စနှစ်ကောင်ကို လာစွန့်ပစ်ထား၏။ ထိုခွေးကလေးနှစ်ကောင်သည် နို့ဆာ၍ တအင်းအင်းအော်ငိုနေ၏။ ခွေးမသည် မိမိ၏နို့အုံတင်းနေသည့်အတွက် အနေခက်၍လားမသိ၊ ထိုခွေးကလေးနှစ်ကောင်ကို နို့တိုက်ပေးလေ၏။

ဤထူးဆန်းသောအခြင်းအရာကို မြင်တွေ့သည့်အခါ ဦးနာဂိန္ဒက "ဟင်… ဒီခွေးမ, ကလေးမွေးပြီးသွားပြီနဲ့တူတယ်"ဟု မှတ်ချက်ချ၏။

ကိုရင်သီဟကလည်း "အဲဒီခွေးကလေးနှစ်ကောင်ဟာ ခွေးမရဲ့ကလေးတွေ မဟုတ်ဘူးဘုရား၊ သူများတွေက ကျောင်းထဲလာစွန့်ပစ်ထားတာ"ဟု မိမိသိထားသလောက် ဖြည့်စွက်ပြောလိုက်၏။

ထိုအခါ ဘိုးဘုရားက "ဘုန်းကြီးသိတယ်လေ၊ ဒီခွေးမဟာ ဓမ္မာရုံအောက်မှာ ကလေးမွေးပြီးပြီကွဲ့၊ မွေးပြီးစကလေးတွေကို သူစားလိုက်တယ်၊ အခု သူ့နို့တင်းတော့ သူ့ကလေးမဟုတ်တဲ့ ခွေးကလေးနှစ်ကောင်ကို နို့တိုက်ပေးနေတယ်လေ၊ အဟိတ်တိရစ္ဆာန်တွေက အမှားအမှန် ခွဲခြားမသိကြဘူး"

ဘိုးဘုရား၏စကားမှန်မမှန်ကို သိလိုကြသောကိုရင်သီဟတို့သည် ဓမ္မာရုံအောက်၌ ချောင်းကြည့်ကြ၏။ ခွေးမ၏ကလေးများကို ရှာမတွေ့ကြ၊ ခွေးကလေးများကို ကိုက်စားထားသည့်အထောက်အထားများကိုသာ တွေ့ကြရ၏။

ဆရာတော်မပျံလွန်မီ တစ်နှစ်ခန့်တွင် ဦးလှို၊ ဦးတရုတ်၊ ဦးဘခွေး၊ ဦးအောင်ရှိန် စသော ဒကာကြီးတစ်စုက အငြင်းအခုံဖြစ်ကြပြီး ဆရာတော်၏ကျောင်းပေါ်သို့ တက်လာကြ၏။ ဆရာတော်အား အချေအတင် တင်ပြလျှောက်ထားကြရန်ဖြစ်၏။

သို့သော် သူတို့ဦးချကန်တော့ကြပြီး၍ နှုတ်မဟနိုင်မီ ဆရာတော်က…

"ဒကာတို့… ဒီရိပ်သာကျောင်းမှာ ဒကာတွေ၊ ရဟန်းတွေ၊ သာမဏေတွေ ဘယ်လိုနေထိုင်ကြတယ်၊ ကျင့်ကြံကြတယ်၊ စားသောက်ကြတယ်၊ ပြောဆိုကြတယ် အစရှိတာတွေကို ဘုန်းကြီးအကုန်သိပါတယ်၊ ဒီလိုသိလို့လဲ ကျောင်းထိုင်ဆရာတော်လုပ်နေတာပဲ၊ ဒကာတို့ရဲ့အငြင်းအခုံကိစ္စတွေကို ဘုန်းကြီးကို ထင်

www.burmeseclassic.com



လှည့်စီ လျှောက်တင်နေကြဖို့ မလိုပါဘူး၊ သာသနာတော်ရဲ့အကျိုးကို ထောက်ရှုပြီး စိတ်စေတနာကောင်းကောင်းနဲ့ မိမိစွမ်းနိုင်သလောက်သာ ကူညီဆောင်ရွက်ကြပါ၊ အချင်းချင်း သင့်သင့်မြတ်မြတ် ညီညီညွတ်ညွတ်နေထိုင်ပြီး မေတ္တာရှေးရှုပြီး ဆောင်ရွက်ကြပါ၊ဘုန်းကြီး ဒါကိုပဲ မေတ္တာရပ်ခံချင်ပါတယ်၊ ကဲ...သွားကြ၊ လုပ်စရာရှိတာ လုပ်ကြ"

ဒကာများလည်း နှုတ်ပိတ်ကာ ဖယ်ခွာသွားကြရ၏။ အချင်းချင်း မေတ္တာရှေးရှုပြီး ညှိနှိုင်းတိုင်ပင်ကြရာ ညီညွတ်သွားကြ၏။

ဆရာတော်သည် ယောဂီများ၏ တရားအားထုတ်မှုအခြေအနေကိုလည်း သတိမူကာ သိရှိနေဟန်တူပါသည်။ အအိပ်များသူကို အအိပ်လျှော့ရန်၊ အစားများသူကို အစားလျှော့ရန်၊ စကားများသူကို နှုတ်ပိတ်နေရန် မသိမသာ တိုက်တွန်းပြောဆိုလေ့ရှိ၏။ ကြိုးစားအားထုတ်သူများကိုလည်း ချီးကျူး၍အောင်ပွဲရသူများကို သာခုခေါ်တော်မူ၏။

ကျွန်တော်တရားအားထုတ်နေစဉ်အခါက တစ်နေ့တွင် နံနက် ၃ နာရီခန့်မှစ၍ ညနေစောင်းအထိ ယောဂီဆောင်အခန်းငယ်၌ ကျွန်တော်ဆက်တိုက်တရားရှုမှတ်နေရာ ဆရာတော်သည် အခန်းရှေ့သို့ကြွလာပြီး "ဒကာ...အားမလျှော့နဲ့၊ ဆက်မှတ်ပေး"ဟု အားပေးတော်မူ၏။

မွန်ပြည်နယ် မြို့တစ်မြို့မှ ဆရာဝန်ကြီး၏ သမီး စီးပွားရေးဂုဏ်ထူးဘွဲ့ရသူနှင့် အလယ်တန်းပြဆရာမတစ်ဦး(အမည်နှင့်နေရပ်လိပ်စာများကို တမင်တကာချန်လုပ်ထား၏) တို့သည် တော်ကူးရိပ်သာတွင် ရက်အသင့်အတင့် အားထုတ်ပြီးနောက် ဆရာတော်အား ကန်တော့၍ ပြန်ခွင့်တောင်းကြ၏။

"သမီးတို့ မပြန်ကြနဲ့ဦးနော်၊ သုံးကြိမ်ငိုပြီးမှ ပြန်ကြရမယ်၊ အဲဒီအခါမှ တရားအားထုတ်ရကျိုးနပ်ကြမယ်နော်"

ဆရာတော်၏ အလေးအနက်မှာကြားချက်ကြောင့် ထိုနေ့ညနေတွင် သူတို့မပြန်ကြသေးဘဲ ဓမ္မာရုံတွင် မတ်တတ်ရပ်ကာ တရားရှုမှတ်ကြ၏။ ဆရာတော်မိန့်ကြားခဲ့သည့်အတိုင်း သူတို့ငိုကြရလေပြီ။

သူတို့၏ ခြေဖဝါးများသည် သံပြားပူပေါ်တွင် သံမှိုစွဲထားသည့်နှယ် ခွာမရ၊ ရွေ့မရဘဲ အတင်းပူလောင်ခံနေကြရ၏။ သူတို့သည် အရှင်လတ်လတ်ငရဲခံနေကြရသည့်ပမာ လူးလွန့်ကာ ဝေဒနာကို ကြိတ်မှိတ်ခံစားနေရပြီး မျက်ရည်ဖြိုင်ဖြိုင် ကျကြရ၏။ တစ်နာရီခန့် ပူလောင်ခံကြရပြီးနောက်တွင်မှ တရားဖြုတ်၍ရကြ၏။

နောက်နေ့ နောက်နေ့ နှစ်ရက်ဆက်ကာ ပူလောင်ခံကြရပြီး ငိုယိုကြရပြန်

www.burmeseclassic.com

www.burmeseclassic.com



၏။ သူတို့သည် တကယ်ပူလောင်ခံကြရသဖြင့် ခြေဖဝါးများနှင့် ခြေဖမိုးများ နီရဲကာ မီးလောင်ဖုကလေးများပင် ပေါ်လာကြ၏။

နောက်တစ်ရက်ဆက်၍ အားထုတ်သည့်အခါ၌မူ ပူလောင်ခံရခြင်းမရှိတော့ချေ၊ အေးငြိမ်းစွာတရားရှုမှတ်နိုင်ကြ၏။ အတိတ်ကဝင့်ကြွေးကို တရားနှင့် ပေးဆပ်နိုင်ခဲ့ကြပေပြီ။ ဆရာတော်မိန့်မှာခဲ့သည့်အတိုင်းပင် သူတို့သည် တရားအားထုတ်ရကျိုးနပ်ကြပြီဖြစ်၍ ရွှင်လန်းဝမ်းမြောက်စွာအိမ်ပြန်သွားကြလေ၏။

ဆရာတော်သည် မပျံလွန်မီနှစ်ရက်က "မနက်ဖြန် နိုင်ငံခြားဧည့်သည်တွေလာကြမယ်"ဟု ကြိုတင်မိန့်ဆိုခဲ့သည့်အတိုင်း နောက်နေ့တွင် ဂျပန်၊ ဂျာမန်၊ ချက်ကိုစလားဗီးယန်း စသည်တို့ပါဝင်ကြသော ကမ္ဘာ့ကုလသမဂ္ဂဖွံ့ဖြိုးရေးစီမံကိန်း **(UNDP)** မှ ပုဂ္ဂိုလ်များ လာရောက်ကြ၏။

ဆရာတော်သည် မိမိပျံလွန်တော်မူမည့်ရက်ကို ကြိုတင်၍ အရိပ်အမြွက်ပြောကြားထားသည့်အပြင် နောက်ဆုံး သုံးရက်၌ အပြုံးရွှင်ဆုံးနေထိုင်သွားကာ အဖူးအမြော်လာရောက်သူတိုင်းအား ကန်တော့ခံ၍ မိမိနာမကျန်းဖြစ်နေသည်ကို မေ့ဖျောက်လျက် လူတိုင်းပျော်ရွှင်ချမ်းမြေ့သွားစေရန် ရယ်စရာ မောစရာများ တစ်ဝတစ်အားပြောကြားသွားတော်မူ၏။

မပျံလွန်မီတစ်ရက်က မော်လမြိုင်မြို့ဝ သတိပဋ္ဌာန်အဖွဲ့ရောက်လာသည့်အခါ၌လည်း သူတို့နှင့် နောက်ထပ်တစ်ဖန် ပြန်လည်၍ဆုံတွေ့တော့မည်မဟုတ်သည်ကို အရိပ်အမြွက်ပြသည့်အနေဖြင့် *'တွေ့ဆုံကြုံကွဲ၊ မမြဲလောက၊ သခ်ါရတရားပဲနော်'* ဟု နှုတ်ဆက်ခဲ့၏။ မော်လမြိုင်ဆရာအတတ်သင်အဖွဲ့တစ်ဖွဲ့အားလည်း *'ခန္ဓာဇာတ်သိမ်း၊ ချုပ်ငြိမ်းနိဗ္ဗူတာ'* ဟု သုံးခေါက်တိုင်ပေးခဲ့၏။

ယောဂီများအား *'ညည်းညူမရှိ၊ သတိမမေ့၊ ချိန်နေ့သိပြန်၊ မျက်လန်ကြောဆွဲ၊ မရှိဘဲနှင့်၊ သေလဲ မတောင့်တင်း၊ ပုပ်နံ့ကင်းသည်၊ ကျိုးရင်း ဝိပဿနာတန်ခိုးတည်း'* ဟူသောလင်္ကာကို အကြိမ်ကြိမ်ချပေးခဲ့ပြီး မိမိ၏ကျောင်းနံရံထက်၌ ထိုလင်္ကာကို ရေးသားထားစေခဲ့၏။

ဤသည်တို့ကား မကြာမီ မိမိပျံလွန်ရတော့မည်၊ ပျံလွန်ပြီးသည့်နောက် တောင့်တင်းပုပ်နံခြင်းကင်းမည်ဆိုသည်တို့ကို ကြိုတင်မိန့်ဆိုနေခြင်းပင် မဟုတ်ပါလော။

## ကြာသကင်နှင့် ကနက္ကာဒထာထိုးပြု

ဆရာတော်မပျံလွန်မီ လေးလအလို ၁၁–၁၂–၈၆ ရက်နေ့၌ ထူးခြားသော အလှူရှင်တစ်စု ဆရာတော်ထံမှောက်သို့ ရောက်လာကြပြီးလျှင် ထူးဆန်းသည့် အလှူများကို ပေးလှူသွားကြ၏။

www.burmeseclassic.com

www.burmeseclassic.com



ထိုအလှူရှင်တစ်စုတွင် ရုပ်ရည်လှပချောမောသော အမျိုးသမီး သုံးဦးနှင့် အမျိုးသားနှစ်ဦးတို့ ပါဝင်ကြ၏။ သူတို့သည် နေ့လယ်ချိန်တွင် ဒတ်ဆန်းအငှားကားတစ်စီးဖြင့် တော်ကူးရိပ်သာသို့ ရောက်လာကြ၏။ ဆရာတော်၏ ကျောင်းကလေးပေါ်သို့ တက်သွားကြပြီးလျှင် ဆရာတော်အား ဦးညွှတ်ကန်တော့ကြ၏။ ထို့နောက် ဆရာတော်အား ရိုသေစွာခွင့်ပန်ပြီးလျှင် မှန်ဘီလူးဖြင့် လက္ခဏာ ခြေခဏာများကို သေချာစွာစစ်ဆေးကြည့်ရှုကြ၏။

ထို့နောက် 'ဟုတ်ပြီ' ဟု မှတ်ချက်ချကြပြီးလျှင် ကားဆီသို့ဆင်းသွားကြ၏။ ကားထဲမှ ကနက္ကဒဏ်ထီးဖြူကြီးတစ်လက်နှင့် ကြာသင်္ကန်းတစ်စုံတို့ကို ယူဆောင်ကြပြီးလျှင် ဆရာတော်အား ကြည်ညိုလေးမြတ်စွာ ဆက်ကပ်လှူဒါန်းကြ၏။

ထိုကြာသင်္ကန်းသည် သုံးနှစ်ကြာရက်လုပ်ရသော အလွန်တန်ဖိုးကြီးသည့် သင်္ကန်းတစ်စုံဖြစ်၏။

"ဆရာတော်အရှင်မြတ်ဘုရား...ခန္ဓာဝန်ချတော်မူလျှင် ဤကြာသင်္ကန်းကို ဝတ်ရုံပြီး ဤကနက္ကဒဏ်ထီးဖြူအောက်တွင် ခန္ဓာဝန်ချပါဘုရား"ဟု လျှောက်ထားကြ၏။

"ကောင်းပြီ၊ သာဓု...သာဓု"

ဆရာတော်သည် ဆုပေးပြီးနောက် ကြာသင်္ကန်းကို ခေတ္တဝတ်ရုံပြီးလျှင် မိမိ၏သင်္ကန်းအဟောင်းကို စွန့်ကြဲတော်မူ၏။

ထိုအလှူရှင်တို့သည် ဆရာတော်အား နဝကမ္မအလှူငွေ ၂၀၀ ကျပ်နှင့် သံဃာအတွက် ဆွမ်းအလှူငွေ ၂၀၀ ကျပ်တို့ကို ထပ်မံလှူဒါန်းကြပြီးသော် ကျောင်းပေါ်မှ ဆင်းသွားကြ၏။

ထိုသို့ ထူးဆန်းသည့်အလှူကို ပေးလှူရာ၌ ဆရာတော်၏တူဖြစ်သူ **ဦးအုန်းဖေ** သည် အနီးဝန်းကျင်တွင် ရှိနေသဖြင့် ထိုသူတို့လျှောက်ထားတောင်းပန်သော စကားဆန်းများကို ကြားလိုက်ရ၏။ ဦးအုန်းဖေက သူကြားရသောစကားမှာ "အရှင်ဘုရား...ဤကြာသင်္ကန်းကို ဝတ်ရုံပြီး ဤကနက္ကဒဏ်ထီးဖြူအောက်မှာ ခန္ဓာဝန်စွန့်တော်မူပါ"ဖြစ်သည်ဟု ဆို၏။

ဤသို့ထူးဆန်းသည့်အတွက် အလှူရှင်များဆင်းသွားကြသည့်အခါ ဦးအုန်းဖေလည်း နောက်နားမှလိုက်ဆင်းသွား၏။ အလှူရှင်တို့သည် ကျောင်းလှေကားနားရှိ သရက်ပင်ရင်းသို့ ရောက်ကြသောအခါ "အောင်ပြီ...အောင်ပြီ...အောင်ပြီ..."ဟု လက်မြှောက်၍ ကြွေးကြော်ကြပြီးလျှင် စေတီအနီးစိုက်ပျိုးထားသည့် ဇောဓိပင်ဆီသို့ ထွက်ခွာသွားကြ၏။

www.burmeseclassic.com

www.burmeseclassic.com



ဆရာတော်ဘုရားသည် ထိုနေ့မှစ၍ ကနက္ကဒဏ်ထီးဖြူကို မိမိ၏အိပ်ရာခေါင်းရင်း၌ အမြဲဖွင့်လျက်ထူထားစေ၏။

"အရှင်ဘုရား...ထီးဖြူကြာရင် ညစ်နွမ်းသွားမယ်၊အခုသိမ်းထားပြီး အခမ်းအနားတွေ ကျင်းပတဲ့အခါကျမှဖွင့်ရင် မကောင်းဘူးလား" ဟု ဒေါ်တင်ရွှေလျှောက်ထားသည့်အခါ "နေပါစေ... မသိမ်းနဲ့၊ အခုလိုဖွင့်ထားတာ အကျိုးကျေးဇူးများတယ်"ဟု ဆရာတော်က မိန့်တော်မူ၏။

ဆရာတော်ပျံလွန်သည့်အခါ ရုပ်ကလာပ်တော်ကို ကြာသက်န်းဖြင့် လွှမ်းခြုံထားကြ၏။ ကနက္ကဒဏ်ထီးဖြူကိုလည်း ရုပ်ကလာပ်အနီးတွင် ထူထားကြ၏။

ကနက္ကဒဏ်ထီးဖြူပေါ်တွင် အလှူရှင်အမည်လား ဆိုင်ရှင်အမည်လားမသိ၊ "ဦးမြတ်အောင်–ဒေါ်ခင်ရီမိသားစု၊ကြာသက်န်းနှင့် ထီးဖြူပင်ရင်း၊ ရုံ/ခ–၁၀၊ ဆိုင် (၂၁–၂၂) ဈေးအတွင်း၊ တောင်ကြီးမြို့"ဟု ကမ္ပည်းရေးထိုးထား၏။

## အာယုသင်္ခါရလွှတ်ရန် တောင်းပန်ခြင်းမျိုး ဖြစ်လေသလော

မြတ်စွာဘုရား သက်တော် ၈၀ ပြည့်နှစ်တွင် မာရ်နတ်လျှောက်ထားတောင်းပန်သဖြင့် ပရိနိဗ္ဗာန်မစံမီ သုံးလကြိုတင်၍ အာယုသင်္ခါရကို လွှတ်တော်မူခဲ့၏။

မြတ်စွာဘုရား အာယုသင်္ခါရလွှတ်ချိန်၌ မြေငလျင်ကြီးကျယ်စွာ တုန်လှုပ်သဖြင့် ညီတော်အာနန္ဒာက မြေငလျင်လှုပ်ရသည့်အကြောင်းရင်းကို လျှောက်ထား မေးမြန်းတော်မူ၏။

မြတ်စွာဘုရားက မြေငလျင်လှုပ်ရသည့်အကြောင်းအမျိုးမျိုးကို ရှင်းပြပြီးနောက် "ညီတော်အာနန္ဒာ...ဗုဒ္ဓမြတ်စွာ အာယုသင်္ခါရလွှတ်တဲ့အခါမှာလဲ မြေငလျင်လှုပ်ပါတယ်၊ အာယုသင်္ခါရလွှတ်တယ်ဆိုတာ ဒီလိုကွဲ့၊ အိုမင်းဟောင်းဆွေးနေတဲ့ လှည်းအိုကို မပြိုပျက်အောင်ထိန်းကွပ်ပေးနေရသလို အိုမင်းရင့်ရော်နေတဲ့ ခန္ဓာကိုယ်ကို မပြိုလဲအောင် အာယုပါလကဖလသမာပတ်နဲ့ တုပ်ဆိုင်းပြီးထိန်းသိမ်းပေးရတယ်၊ဗုဒ္ဓမြတ်စွာတို့ဟာ အဲသလိုထိန်းသိမ်းသွားရင် အာယုကပ်အပြည့် အသက်ရှင်ပြီးနေနိုင်တယ်၊ အာယုကပ်ထက် ကျော်လွန်ပြီးတော့လဲ နေနိုင်တယ်၊ အာယုသင်္ခါရလွှတ်တယ်ဆိုတာ အဲသလိုထိန်းသိမ်းမှု ကြောင့်ကြစိုက်ရမှုတို့ကို စွန့်လွှတ်လိုက်တာပါပဲ"

ညီတော်အာနန္ဒာက ငိုကြွေးလျက် ဗုဒ္ဓမြတ်စွာအား သက်တမ်းအပြည့်တည်နေရန် လျှောက်ထားပါသော်လည်း မရတော့ချေ။ ထွက်ပြီးတဲ့ဆင်စွယ် ပြန်ဝင်တယ်လို့ ထုံးစံမရှိသကဲ့သို့ မြတ်စွာဘုရားတို့၏စကားတော်သည် မိန့်ဆိုပြီးသည့်နောက် တစ်ဖန်ပြောင်းလဲရန် ထုံးစံမရှိတော့ချေ။

www.burmeseclassic.com

www.burmeseclassic.com



မာရ်နတ်နှင့် အသင်းအပင်းတို့၏ ရန်စွယ်ကား ကျယ်ဝန်းလှပေ၏။ သံသရာဝဋ်ဆင်းရဲမှ ကျွတ်လွတ်သွားကြမည်ကို သူတို့ အဘယ်ကြောင့်မလိုလားကြသနည်း။ မောဟ ဖုံးကွယ်နေသည့် ဣဿာ, မစ္ဆရိယတည်းဟူသော မနာလိုဝန်တိုမှုကြောင့်ပင်တည်း။

သို့အတွက် **တော်ကူးဆရာတော်** အား "ကြာသကန်နံ့ဝတ်ရုံ၍ ကနက္ကဒဏ် ထီးဖြူအောက်တွင် ခန္ဓာဝန်ချတော်မူပါဘုရား" ဟု လျှောက်ထားခြင်းသည် အာယုသင်္ခါရလွှတ်ရန် လျှောက်ထားခြင်းမျိုးပေလော။

ထိုမျှသာမကသေး။ ဆရာတော်မပျံလွန်မီ တစ်ရက်နှစ်ရက်လောက်တွင် ဆရာတော်အချိန်လု၍ အပြင်းအထန် တရားရှုမှတ်နေစဉ် တစ်စုံတစ်ယောက်သော ပုဂ္ဂိုလ်အား လက်တော်ဖြင့် ဟန့်တားဟန်ပြု၍ နှုတ်တော်မှလည်း "ဟေ့… ဟေ့… နေဦး၊ ငါ့ဆွေမျိုးတွေ လာကြဦးမယ်၊ လူစုံတဲ့အထိ စောင့်ပါဦး" ဟု နှစ်ကြိမ် သုံးကြိမ် ဖွင့်ဟမိန့်ဆိုခဲ့၏။

ဤသည်လည်း မာရ်နတ်၏ အသင်းဝင်တစ်ဦးက တော်ကူးဆရာတော်အား ခန္ဓာဝန်ချရန် လောဆော်နေခြင်းပေလော။

မည်သို့ လောဆော်သည်ဖြစ်စေ မြတ်စွာဘုရားနှင့် သာဝကဆရာတော်ဘုရားတို့သည် ခန္ဓာဝန်ချသင့်ချိန်၌သာ ခန္ဓာဝန်ချသွားကြပေ၏။

အနိစ္စသဘောကို ဘုရားသော်မှ မလွန်ဆန်နိုင်သည်တကား။

## သူတော်ကောင်းလက္ခဏာ

ပုဂ္ဂိုလ်တစ်ဦးကို ကျွန်တော်တို့အကဲခတ်သည့်အခါ ပထမဥပမိရုပ်ကိုအကဲခတ်လေ့ရှိကြ၏။ ထို့နောက် စိတ်နေသဘောထားနှင့် အပြောအဆို အပြုအမူတို့ကို အကဲခတ်ကြ၏။

အကဲခတ်သူက ပညာအသင့်အတင့်ရှိပါလျှင် သူတော်ကောင်းလက္ခဏာနှင့် သူယုတ်မာလက္ခဏာတို့သည် အထင်းသားကွာခြားနေမည်ကို မြင်တွေ့ရမည် ဖြစ်သည်။

သောနတ္ထိုရ်မှုဆိုးကဲ့သို့ ယုတ်မာသူတို့၏ ရုပ်အသွင်အပြင်သည် ကြမ်းတမ်းခက်တရော်ရှိလှ၏။ သူတော်ကောင်းတို့၏ ယုတ်အသွင်အပြင်မှာ ဖြူစင်ကြည်လင်၍ ကြည်ညိုဖွယ်ရှိ၏။

တော်ကူးဆရာတော်သည် ဖူးမြင်ရသူတိုင်းက ကြည်ညိုလေးမြတ်သွားရလောက်အောင် ဥပမိရုပ်ကောင်းလှ၏။ အရုပ်အမောင်း မမြင့်သော်လည်း သာမန်

www.burmeseclassic.com

www.burmeseclassic.com



လူတို့လောက်မြင့်ကာ ခန္ဓာကိုယ်မှာ ပြည့်ဖြိုး၍ အသားအရေမှာ ဖြူစင်ဝါဝင်းလျက်ရှိ၏။

ဦးခေါင်းတော်သည် သာမန်လူတို့၏ဦးခေါင်းထက် အရွယ်ကြီးပြီး လုံး၍ အထက်အောက်ရှည်၏။ ဦးထိပ်ချွန်၏။ နားရွက်နှစ်ဖက်မှာ အနားဝန်း၍ ရှည်လျား ပြန့်ကား၏။ မျက်နှာတော်မှာ ခံ့ညားတည်ကြည်၍ ပြုံးချိုသောအသွင်ကို ဆောင်၏။ နှာတံပေါ်၏၊ အောက်နှုတ်ခမ်းအနည်းငယ်တွဲ၏။ မျက်လုံးနှစ်ဖက်မှာ အသက်ကြီးရင့်သည့်အခါ မျက်နက်ဝန်းနေရာတွင် အနည်းငယ်မှေးမှိန်သွားသော်လည်း ထက်မြက်စူးရှ၏။

လက်တံ ခြေတံများသည် ပွတ်လုံးများပမာ ညီညာသွယ်တန်းကာ ပြည့်ဖြိုးကြ၏။ လယ်ယာအလုပ်ကြမ်းကို ကြာမြင့်စွာလုပ်ကိုင်ခဲ့ရ၍လောမသိ၊ ပခုံးတော်နှင့် ရင်ဘတ်တော်များမှာ အသားစိုင်များ ပြည့်ဖြိုးလျက်ရှိကြ၏။ ခြေဖမိုး လက်ဖမိုးများလည်း ပြည့်ဖြိုးမို့မောက်နေကြ၏။

ထို့ပြင် သူတော်ကောင်းတို့၏ လက္ခဏာ၊ ခြေခဏာများတွင် ထူးခြားသော အမှတ်အသားများ ပါရှိတတ်၏။ ပုံစံအဖြစ် မြတ်ဗုဒ္ဓ၏ ခြေဖဝါးတော်သည် စက်တော်ရာ ၁၀၈ ကွက်နှင့် မည်သူမျှမတုနှိုင်းနိုင်အောင် ထူးခြားလျက်ရှိ၏။

တော်ကူးဆရာတော်၏ ခြေဖဝါးတော်နှစ်ဖက်တွင် ထူးထူးခြားခြား ကြာဖူးပုံသဏ္ဌာန်များ ပါရှိကြ၏။ ရန်ကုန်တက္ကသိုလ် ဘူမိဗေဒကထိက ဦးမိုးစိန်၏ ဇနီးဖြစ်သူ **ဒေါ်သက်သက်ခင်** သည် တော်ကူးဆရာတော်မပျံလွန်မီ ရက်သတ္တ သုံးပတ်ခန့်အလိုတွင် တော်ကူးရိပ်သာသို့ လာရောက်၏။

ဒေါ်သက်သက်ခင်သည် တော်ကူးရိပ်သာသို့မထွက်ခွာမီအချိန်ကလေးတွင် ရန်ကုန်မြို့ ကမာရွတ်ဘူတာလမ်းသို့ **ငွေတောင်ဆရာတော်ဦးနာရဒ** (သက်တော် ၉၄ နှစ်) ကြွရောက်လာသဖြင့် ဆရာတော်အား သားကြီးနှင့်အတူ သွားရောက်ဖူးမြော်၏။ ငွေတောင်ဆရာတော်၏ ဘယ်ဘက်ခြေဖဝါးတွင် ကြာဖူးငုံပုံသဏ္ဌာန် အမှတ်အသားရှိသည်ကိုလည်းကောင်း၊ ခြေတော်ကို ဦးတိုက်ရှိခိုးသည့်အခါ ခြေတော်မှ ချွာညှိနံ့သင်းပျံ့နေသည်ကိုလည်းကောင်း ဒေါ်သက်သက်ခင်ကိုယ်တိုင် ဖူးတွေ့လိုက်ရ၏။

နောက်ထူးခြားချက်တစ်ရပ်မှာ ငွေတောင်ဆရာတော်အား ဒေါ်သက်သက်ခင် ဆေးဝါးများလှူဒါန်းပြီးနောက် သားကြီး (တက္ကသိုလ်ဒုတိယနှစ် ရက္ခဗေဒ ကျောင်းသား) ၏ပါးနှစ်ဖက်တွင် စွဲကပ်နေသော ညှင်းနာများ ပျောက်ကင်းစေသတည်းဟု ဆုတောင်း၍ သားကြီးကိုပါ ဆရာတော်အား ဦးတိုက်ကန်တော့စေ၏။ နောက်နေ့နံနက်တွင် ညှင်းနာမရှိတော့ဘဲ ထူးခြားစွာပျောက်ကင်းသွား၏။

www.burmeseclassic.com

www.burmeseclassic.com



ထိုညှင်းနာသည် သားကြီး ၁၀ တန်းဖြေသည့်နှစ်က ဖြစ်ပေါ်လာခဲ့၏။ မျက်လှည့်ဆရာတစ်ဦးကို ပြသ၍ အကုအသခံယူရာ ညှင်းနာမပျောက်သည့်အပြင် ကြီးထွားပွားများလာခဲ့၏။ ဆေးဝါးအမျိုးမျိုး လိမ်းကျံပါသော်လည်း မပျောက်ကင်းခဲ့သော ထိုညှင်းနာသည် ငွေတောင်ဆရာတော်၏ မေတ္တာတန်ခိုးဖြင့် ရုတ်ခြည်း ပျောက်ကင်းခဲ့လေ၏။

တော်ကူးရိပ်သာသို့ရောက်သောအခါ ဒေါ်သက်သက်ခင်သည် တော်ကူးဆရာတော်၏ ခြေဖဝါး၌ ကြာဖူးငုံပုံရှိမရှိ စုံစမ်းလို၏။ သို့အတွက် လူရှင်းသည့် တစ်နေ့ နံနက်စောစော၌ ဆရာတော်၏ ခြေရင်းသို့ ချဉ်းကပ်ခဲ့၏။ ဆရာတော်က ပြုံး၍...

"ဒကာမ...ဘာကိစ္စရှိလို့လဲ"ဟု မေး၏။

မိမိ၏ဆန္ဒအမှန်ကို မလျှောက်ထားဝံ့သဖြင့် "ဆရာတော်ကို ဖူးမြော်ချင်လို့ပါဘုရား"ဟု ဒေါ်သက်သက်ခင် လျှောက်ထားလိုက်၏။

သို့သော် စိတ်မနှောဖြင့် "ဆရာတော်၏ လက်ယာခြေဖဝါးကို ဖူးမြင်ရပါစေသား"ဟု လျှောက်ထားလိုက်၏။ ဆရာတော်သည် ခြေနှစ်ဖက်ကွေး၍ ထိုင်နေရာမှ လက်ယာဘက်ခြေထောက်ကို ဆန့်ထုတ်လိုက်၏။

"သမီး...ဆန္ဒရှိတိုင်း ဖူးမြော်နိုင်ပါတယ်"ဟု ခွင့်ပြုလိုက်၏။

ဒေါ်သက်သက်ခင်သည် ဝမ်းသာရွှင်လန်းစွာဖြင့် ခြေတော်ကို ဦးတိုက်၍ ရှိခိုးလိုက်၏။ ငွေတောင်ဆရာတော်၏ ခြေတော်အစုံကို ဦးတိုက်ဖူးမြော်ခဲ့ရသကဲ့သို့ ခြေစော်အနံ့မရဘဲ ကြာညိုနံ့သင်းနေသည်ကို သိရှိလိုက်ရ၏။

ထို့နောက် ခြေဖဝါးကို စူးစိုက်ကြည့်လိုက်သောအခါ ခြေမတော်၏ အောက်နားရှိဖဝါးပေါ်တွင် ကြာဖူးသင်္ကေတနှင့်အရေးအကြောင်းကို အထင်အရှားဖြစ်နေသည်ကို ဖူးတွေ့ရပြန်၏။ ထိပ်ဘက်၌ လုံးဝန်းနေသည့် ကြာဖူးပုံသင်္ကေတဖြစ်၏။ ငွေတောင်ဆရာတော်၌ ဖူးမြင်ခဲ့ရသော ကြာဖူးပုံသင်္ကေတမှာ ငုံ၍ချွန်၏။

မိမိဆန္ဒဖြစ်ခိုက်နှင့် ဆရာတော်၏ ခြေဆန့်ခိုက် တိုက်ဆိုင်သွားခဲ့လေသလား။ "ဆရာတော်၏ လက်ဝဲခြေကိုပါ ဖူးမြော်ရလျှင် ကောင်းမှာပဲ"ဟု ဒေါ်သက်သက်ခင်တွင် စိတ်အကြံဖြစ်လာပြန်၏။

ထိုစိတ်အကြံကို ဆရာတော်သိရှိသည့်အလား လက်ဝဲဘက်ခြေထောက်ကို ဆန့်ထုတ်ပေးလိုက်ပြန်၏။ ဒေါ်သက်သက်ခင် ဦးတိုက်ရှိခိုးပြီးနောက် စူးစိုက်ကြည့်ပြန်ရာ ကြာဖူးသင်္ကေတ ဖူးတွေ့ရပြန်သဖြင့် အလွန်တရာ ကြည်နူးဝမ်းမြောက်သွားလေ၏။

"ဒကာမ...ခြေဖဝါးတွေကိုကြည့်တော့ ဘာတွေမြင်ရသလဲ"

www.burmeseclassic.com

www.burmeseclassic.com



"ကြာဖူးပုံ ခြေခဏာကို တွေ့ရပါတယ်ဘုရား၊ ခြေဖဝါးနှစ်ဖက်လုံးမှာ ဖူးမြင်ရပါတယ်ဘုရား"

"ကြာဖူးပုံတဲ့လား၊ အေး...အေး...ကောင်းတာပေါ့နော်"

ဆရာတော်၏ထံပါးတွင် ဝတ်ပြုနေသည့် **ဦးစဝန** သည် ထိုသတင်းထူးကို ကြားသည်နှင့်တစ်ပြိုင်နက် ကိုယ်တိုင်ဦးခိုက်ဖူးမြော်လိုက်၏။

ဆရာတော်၏ခြေဖဝါးအစုံတွင် ကြာဖူးပုံသဏ္ဍာန်များရှိကြောင်းကို စောစောက မည်သူမျှမသိချေ။ ဒေါ်သက်သက်ခင်၏ကျေးဇူးကြောင့် ဆရာတော်၏ သမီး ဒေါ်တင်ရွှေနှင့်တကွ အခြား ဒကာ,ဒကာမများလည်း လာရောက်ဖူးမြော်လိုက်ကြရ၏။

ဆရာတော်အား ကြာသင်္ကန်းနှင့် ကနက္ကဒဏ်ထီးဖြူပေးလှူသွားကြသော အလှူရှင်များသည် ဆရာတော်၏ ခြေဖဝါးတော်ကို မှန်ဘီလူးနှင့် စစ်ဆေးကြည့်သည့်အခါ ကြာဖူးပုံများကိုမြင်တွေ့ရသဖြင့် "ဟုတ်ပြီ...ဟုတ်ပြီ"ဟု မှတ်ချက်ချကာ ကျေနပ်သွားခဲ့ကြလေသလော။

ဒေါ်သက်သက်ခင်နှင့်မိသားစုသည် ၁၀ ရက်ခန့်တရားအားထုတ်ပြီးနောက် ရန်ကုန်သို့ပြန်သွားကြသည့်အခါ ဆရာတော်၏ ပရိတ်ရေတစ်ပုလင်းကို ယူဆောင်သွားကြ၏။ ရန်ကုန်၌ ဒေါ်သက်သက်ခင် ဈေးဝယ်နေကျဖြစ်သည့် ဈေးသည်တစ်ဦး၏ ၁၀ နှစ်အရွယ် သမီးငယ်တွင် သွားဖုံးများ ရေစီးကမ်းပြိုဖြစ်၍ ပါးစပ်တစ်ခုလုံး ရောင်အမ်းနေ၏။ ဒေါ်သက်သက်ခင်က တော်ကူးဆရာတော်၏ ပရိတ်ရေကို ပေး၍တိုက်ကြည့်ရာ တစ်ရက်အတွင်းပင် သက်သာပျောက်ကင်းသွားလေ၏။

ငွေတောင်ဆရာတော်နှင့် တော်ကူးဆရာတော်တို့၏ ထူးခြားသောတိုက်ဆိုင်မှုများပင်တည်း။

## ဆံပင်စတစ်လုံးတော်

ဆရာတော်သည် မပျံလွန်မီတစ်နှစ်ကျော်လောက်ကစ၍ မိမိကို ဆံရိတ်သည့်အခါ ဆံပင်စကလေးများကိုသိမ်းဆည်းထားရန် တပည့်တို့အား တိုက်တွန်း၏။

"ဦးပဥ္စင်းတို့...ဘုန်းကြီးရဲ့ဆံပင်ကို သိမ်းထားကြပါလား၊ ပူဇော်ချင်တဲ့ သူတွေ တောင်းတဲ့အခါ ပေးရတာပေါ့"

ဆရာတော်၏စကားကို မပယ်ရှားလိုသဖြင့် ဦးဝါယာမသည် ဆံစအချို့ကို ပလတ်စတစ်ပုလင်းတစ်လုံးတွင် ပေါ့ပေါ့တန်တန်ပင်ထည့်ထားလိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



မိုးတွင်းရောက်သည့်အခါ ပလတ်စတစ်ပုလင်းထဲမှ ဆံစများ အောင့်လာပြီဟု ယူဆ၍ ဦးဝါယာမသွန်ပစ်လိုက်၏။

မိုးဥတုလွန်သည့်အခါ ဆရာတော်ထပ်မံတိုက်တွန်းသဖြင့် ဦးဝါယာမသည် ဆံစအချို့ကို သိမ်းဆည်းထားပြန်၏။ သိမ်းဆည်းထား၍ မေ့သလောက်ရှိသော အခါတွင် ဆံစတောင်းသူတစ်ဦး ထူးထူးဆန်းဆန်းပေါ်ပေါက်လာ၏။

ထိုသူသည် ကော့ကရိတ်မြို့မှရဟန်းတော်တစ်ပါးဖြစ်ပြီး ဘုရားဓာတ်တော်များနှင့် ရဟန္တာဓာတ်တော်များကို စုဆောင်းနေသူတစ်ဦးဖြစ်၏။ ထိုရဟန်းသည် အဓိဋ္ဌာန်ဝင်၍ "ဓာတ်တော်များကိန်းဝပ်နေသည့်နေရာများကို မြင်သိနိုင်ပါစေသား"ဟု ဆုတောင်းလေ့ရှိ၏။

တစ်ကြိမ်တွင် အိပ်မက်အရ ယိုးဒယားနယ်စပ်အနီးရှိ ရှမ်းပြည်နယ်တောင်ခေါင်းတစ်ခုတွင် ရဟန္တာဓာတ်တော်မြောက်မြားစွာကို သူရရှိခဲ့၏။

တစ်ဖန် ရန်ကုန်မြို့၌သီတင်းသုံးစဉ် "မော်လမြိုင်နှင့်ကျိုက္ခမီအကြားရှိ တော်ကူးရွာမှာ ရဟန္တာတစ်ပါးပေါ်ထွန်းနေသည်"ဟု ထိုရဟန်းအိပ်မက်ရပြန်၏။ ဤအိပ်မက်အရ တော်ကူးဆရာတော်ထံသို့ သူရောက်ရှိလာခြင်းဖြစ်၏။

ထိုရဟန်းသည် ဆရာတော်၏ခြေတော်အစုံကို ဦးတိုက်ရှိခိုးပြီးနောက် မိမိယူဆောင်လာသော ရဟန္တာဓာတ်တော်အဆူ ၂၀ ကို ဆရာတော်အား ပေးလှူ၏။ ထို့နောက် ဆရာတော်၏အသုံးအဆောင်ပစ္စည်းအချို့ကို အလှူခံယူပြီးလျှင် ဆရာတော်၏ဆံပင်များကို တောင်းခံ၏။

"ဆရာတော်ရဲ့ဆံပင်တွေဟာ ဓာတ်တော်လိုလုံးနေရမယ်၊ ဆရာတော်ရဲ့ဆံပင်စတွေ သိမ်းထားတာမရှိဘူးလား"

ထိုအခါမှ ဦးဝါယာမသည် မိမိသိမ်းဆည်းထားသည့် ပလတ်စတစ်ပုလင်းကို သွားယူ၏။ ဖွင့်ကြည့်လိုက်သည့်အခါ ဆံပင်စများသည် အရှင်းရှင်းယှက်သန်းကာ ခြင်းလုံးပုံဖြစ်လျက် ထိပ်ပိုင်းတွင် စေတီပုံသဏ္ဌာန်ချွန်တက်နေ၏။

ထိုဆံပင်ဓာတ်တော်ကို ကော့ကရိတ်ရဟန်းအား ပေးလှူလိုက်၏။

ထို့နောက်တွင် ဆရာတော်ကို ဆံရိတ်တိုင်း ရဟန်းယောဂီနှင့် လူယောဂီတို့သည် ဆံတော်များကို အလုအယက်ခွဲဝေယူကြ၏။ ပူဇော်ထားသူတိုင်း၌ ဆံတော်များ လိမ်ယှက်ကာ ဓာတ်တော်လုံးများ ဖြစ်လာကြ၏။

ဆံစများသည် စေတီငယ်သဏ္ဌာန် အထွတ်တင်လျက် အဆင့်ဆင့် လိမ်ယှက်ကာ လုံးဝန်းသွားကြပုံမှာ အံ့သြစရာကောင်းလှပေ၏။

www.burmeseclassic.com

www.burmeseclassic.com



## ထူးခြားသည့်အသံတော်

တော်ကူးရိပ်သာသည် နှစ်ဧကခန့်ကျယ်ဝန်း၏။ ဆရာတော်သီတင်းသုံးသော စကြံကျောင်းကလေးနှင့် ဓမ္မာရုံသည် ကိုက်တစ်ရာခန့်ကွာ၏။ ဆွမ်းစားကျောင်းက အနည်းငယ်ပိုဝေးပြီး သိမ်ကျောင်းမှာ စကြံကျောင်းမှ ကိုက်နှစ်ရာကျော် ကွာဝေး၏။

စကြံကျောင်းပေါ်၌ သာမန်လူတို့ပြောဆိုသောအသံများကို မဆိုထားဘိ၊ အော်ပြောသံများကိုပင် ဓမ္မာရုံ၊ ဆွမ်းစားကျောင်းနှင့် သိမ်ကျောင်းတို့တွင် မကြားနိုင်ချေ။

ဆရာတော်သည် အာ'ရပါ'ရ လိုက်လိုက်လှဲလှဲပြောဆိုတတ်သဖြင့် ဆရာတော်၏အသံသည် သာမန်လူတို့၏အသံထက် အနည်းငယ်ပိုကျယ်သည်ဟု ထင်မှတ်ရ၏။ သို့သော် လေဖြတ်ခံရပြီးသည့်နောက်၌ ဆရာတော်သည် စကားလုံးများကို ပီသစွာမရွတ်ဆိုနိုင်သည့်အပြင် စကားသံဖြစ်အောင်ပင် အထူးအားစိုက်၍ ပြောကြားရသဖြင့် အသံကျယ်သည်ဟု မဆိုနိုင်ပါချေ။

သို့စဉ်လျက် ဆရာတော်၏စကြံကျောင်းပေါ်၌ပြောဆိုသောစကားတို့ကို ဓမ္မာရုံ၌လည်းကောင်း၊ ဆွမ်းစားကျောင်း၌လည်းကောင်း၊ သိမ်ကျောင်း၌လည်းကောင်း၊ ရိပ်သာဝင်းအတွင်းနေရာအားလုံး၌လည်းကောင်း ပီပီသသကြားနိုင်သည်ဆိုလျှင် အံ့သြစရာမကောင်းပေဘူးလား။

၁၉၇၉ ခုနှစ်က တော်ကူးရိပ်သာတွင် ကျွန်တော်တရားအားထုတ်စဉ်က ဤထူးခြားချက်ကို ကျွန်တော်မသိရှိရသေးပါ။ ဆရာတော်အား လေဖြတ်ပြီးသည့်နောက်ပိုင်းတွင်မှ ဤအခြင်းအရာပေါ်လွင်လာခဲ့၏။ သို့စဉ်လျက် သတိမမူမိသူများမှာ မိမိတို့ကြားသိကြရပါလျက် သာမန်ဖြစ်စဉ်တစ်ရပ်ဟု ထင်မိလိုက်ကြ၏။

ဒေါ်တင်ရွှေတို့သည် ဆွမ်းစားကျောင်း၌ ဆွမ်းပြင်ရင်း စကြံကျောင်းမှ ဆရာတော်ပြောဆိုသည့်စကားသံများကို အတိုင်းသားကြားနေကြရ၏။

"အို...ဘိုးဘုရားက ဘာတွေများ အားရပါးရပြောနေပါလိမ့်၊ ဘိုးဘုရားအသံကလဲ အော်ကျယ်ဟစ်ကျယ်နဲ့"ဟု သာမန်မျှ မှတ်ချက်ချကြ၏။

တကယ်ကျကျနနစူးစမ်းသည့်ပုဂ္ဂိုလ်နှစ်ဦးမှာ စမတောင်မှဦးပဥ္စင်း **ဦးဇဝန** နှင့် သူ၏ သီတင်းသုံးဖော်ဦးပဥ္စင်းတို့ ဖြစ်ကြ၏။

ဦးဇဝနသည် စမတောင်ပေါ်၌ မေတ္တာဘာဝနာ၊ ကသိုဏ်း၊ ဓုတင်အကျင့်စသည်တို့ကို ပြင်းပြင်းထန်ထန်ကျင့်ကြံခဲ့ပြီးလျှင် တော်ကူးဆရာတော်ထံ၌သုံး

www.burmeseclassic.com

www.burmeseclassic.com



လနီးပါး စနစ်တကျအားထုတ်ခဲ့ရသူဖြစ်၏။ တရားအားထုတ်မှုနှင့်ပတ်သက်၍ တော်ကူးဆရာတော်ကိုယ်တိုင် သာဓုခေါ်ပြီး ချီးမွမ်းခံရသူဖြစ်၏။

ဦးဇဝနသည် တော်ကူးဆရာတော်မပျံလွန်မီ သုံးလကျော်လောက်တွင် တော်ကူးရိပ်သာသို့ ရောက်လာပြီး ဆရာတော်ပျံလွန်ချိန်တွင် ရိပ်သာ၌ပင်ရှိနေသေး၏။ သူသည် ဆရာတော်အား အနီးကပ်ပြုစုခဲ့သူတစ်ဦးလည်း ဖြစ်၏။

ဆရာတော်ပျံလွန်ပြီးသည့်နောက် ဦးဇဝနအား ကျွန်တော်တွေ့ဆုံရာ ဦးဇဝနသည် တော်ကူးဆရာတော်နှင့်ပတ်သက်သည့် အရေးပါသောအချက်များစွာကို ပြောကြားခဲ့၏။

"ဆရာတော်ရဲ့ထူးခြားတဲ့ အသံတော်ကို ဒကာကြီးသတိထားမိရဲ့လား"

"သတိမထားမိဘူးဘုရား၊ ဘယ်လိုပါလဲ"

"ဆရာတော် ကျောင်းပေါ်မှာ ပြောဆိုတဲ့စကားကို ရိပ်သာဝင်းအတွင်း နေရာအားလုံးက အတိုင်းသားကြားရတယ်လေ ဒကာကြီး"

"ဟင်... ဒီလိုဆိုရင် သိပ်ထူးခြားတာပေါ့ဘုရား"

"ဟုတ်တယ်၊ ဦးပဉ္စင်းနဲ့ ဦးပဉ္စင်းအဖော်တို့က နေရာအမျိုးမျိုးကနေပြီး စူးစမ်းနေကြတယ်လေ၊ ဆရာတော်အနီးမှာနေပြီး ကြားရတဲ့အတိုင်း ဓမ္မာရုံမှာလဲ ကြားရတယ်၊ သိမ်ကျောင်းမှာလဲ ကြားရတယ်၊ တခြားသူတွေကိုပြောပြတော့ သူတို့လဲ အလားတူကြားကြရတယ်"

"အင်း... မြတ်စွာဘုရားရဲ့တရားတော်ကို တရားနာပရိသတ်ဘယ်လောက်များများ အားလုံးက ကြည်ကြည်လင်လင်ပြတ်ပြတ်သားသား ကြားနာကြရတယ်လို့ ကြားဖူးတယ်၊ အခုဟာက ဆရာတော်က အစိဋ္ဌာန်ပြီးပြောတာလား၊ အဘိညာဉ်တန်ခိုးနဲ့ပြောတာလား မသိဘူးနော်"

"ဟုတ်တယ်၊ သေသေချာချာစဉ်းစားလေလေ ထူးခြားလေလေပါပဲ"

ကျွန်တော်သည် ပိုသေချာအောင် ဒေါ်တင်ရွှေနှင့် ယောဂီအချို့တို့ကို မေးမြန်းကြည့်သည်။ ဒေါ်တင်ရွှေက မထူးခြားသည့်ဟန်ဖြင့်...

"ဘိုးဘုရားရဲ့စကားသံက 'ကျယ်လောင်ကျယ်လောင်နဲ့ ဆွမ်းစားကျောင်းမှာ တို့ဆွမ်းပြင်နေတာ အတိုင်းသားကြားနေရတာပေါ့"

ထူးခြားချက်ကား မှန်လေပြီ။ ဒေါ်သက်သက်ခင်နှင့် ယောဂီအချို့တို့ကလည်း မှန်ကန်ကြောင်း ထောက်ခံကြပါသည်။

ကျွန်တော်တို့ မသိနားမလည်သော စွမ်းအားကား အမြောက်အမြားပင် ရှိနေသည်တကား။

www.burmeseclassic.com

www.burmeseclassic.com



## ကိလေသာချုပ်ငြိမ်း၍ ခန္ဓာဇာတ်သိမ်းလေသလော

ဗုဒ္ဓမြတ်စွာသည် သတ္တဝါတို့၏စိတ်ကို ညစ်နွမ်းစေသော၊ ယုတ်ညံ့စေသော၊ ပူလောင်စေသော ကိလေသာတရား ၁၀–ပါးကို ဟောကြားခဲ့ပေ၏။ ဤတရားတို့ကား…

၁။ လောဘ … ကာမဂုဏ်အာရုံ၌ တပ်မက်ကပ်ငြိခြင်းသဘော၊
၂။ ဒေါသ … ခက်ထန်ကြမ်းတမ်းခြင်းသဘော၊
၃။ မောဟ … အာရုံ၏သဘောအမှန်ကို မသိခြင်းသဘော၊
၄။ မာန … ထောင်လွှားဝင့်ကြွားခြင်းသဘော၊
၅။ ဒိဋ္ဌိ … လွဲမှားစွာထင်မြင်ယူဆခြင်းသဘော၊
၆။ ဝိစိကိစ္ဆာ … ဘုရား၊ တရား၊ သံဃာ စသည်တို့၌ ယုံမှားသံသယဖြစ်ခြင်းသဘော၊
၇။ ထိန … စိတ်၏အမူ၌ လေးလံထိုင်းမှိုင်းခြင်း, ပျင်းရိခြင်းသဘော၊
၈။ ဥဒ္ဓစ္စ … အာရုံတစ်ခု၌ မငြိမ်သက်ခြင်း, ပျံ့လွင့်ခြင်းသဘော၊
၉။ အဟိရိက … မကောင်းမှုကိုပြုရန် မရှက်ခြင်းသဘော၊
၁၀။ အနောတ္တပ္ပ … မကောင်းမှုကိုပြုရန် မကြောက်လန့်ခြင်းသဘော၊

သတ္တဝါအပေါင်းတို့အား ဆင်းရဲအမျိုးမျိုးနှင့်ရင်ဆိုင်တိုးစေပြီး အပါယ်လေးဘုံ၌ ကျင်လည်နေစေသော တရားဆိုးတို့ကား ဤကိလေသာတရားတို့ပါတည်း။

ကိလေသာတစ်ပါးစီတွင် အကြမ်းစား၊ အလတ်စား၊ အနုစားဟူ၍ သုံးမျိုးစီရှိရာတွင် သီလဖြင့် အကြမ်းစားကိလေသာများကို ချုံးနှိမ်ထားနိုင်၏။ သမထဘာဝနာစီးဖြန်းမှုမှရရှိသည့်သမာဓိဖြင့် အလတ်စားကိလေသာတို့ကို နှိပ်ကွပ်ထားနိုင်၏။ အနုစားကိလေသာတို့ကို မဂ်ပညာ, ဖိုလ်ပညာဖြင့်သာ အပြီးအပိုင်ပယ်သတ်နိုင်၏။

တစ်နည်းဆိုသော် သီလဆောက်တည်ခြင်းဖြင့် အကြမ်းစားကိလေသာတို့ကို ယာယီဖိနှိပ်ထားနိုင်၏။ သမထဘာဝနာဖြင့် ရအပ်သည့်သမာဓိစျာန်ဖြင့် အကြမ်းစားနှင့် အလတ်စားကိလေသာတို့ကို အတော်ကြာကြာ မပေါ်ပေါက်အောင် နှိပ်ကွပ်ထားနိုင်၏။ အပြီးအပိုင်ပယ်သတ်ခြင်းကား မဟုတ်ချေ။ မဂ်ဖိုလ်ဖြင့်သာလျှင် ကိလေသာတို့ကို အနုစားမျိုးစေ့ပါ မကြွင်းကျန်ရအောင် ဖယ်ရှားငြိမ်းသတ်နိုင်ပါသည်။

ဤတွင် မဂ်လေးတန်ဖိုလ်လေးတန်ရှိရာ…

www.burmeseclassic.com

www.burmeseclassic.com



(၁) **သောတာပတ္တိမဂ်ဖိုလ်ဖြင့်** ဒိဋ္ဌိနှင့်ဝိစိကိစ္ဆာဟူသော ကိလေသာနှစ်ပါးကို အပြီးအပိုင်ပယ်သတ်ရှင်းလင်းနိုင်၏။ ဥဒ္ဒစ္စမှတစ်ပါး ကျန်ကိလေသာများ၏အပါယ်ကျရောက်ရန် ရန့်ရင်းကြမ်းတမ်းသောသတ္တိများကိုလည်း ပယ်သတ်၏။ သို့အတွက် သောတာပတ္တိမဂ်ဖိုလ်ရပြီးသောသောတာပန်သည် အပါယ်မလားးရောက်ရတော့ချေ။ သူ့အဖို့ အပါယ်တံခါးပိတ်သွားလေပြီ။

(၂) **သကဒါဂါမိမဂ်ဖိုလ်** သည် ကြွင်းကျန်ရစ်သည့်ကိလေသာများကို ပိုမိုအားပျော့သွားရန် ချိုးနှိမ်ပေး၏။ သကဒါဂါမ်သည် ကာမဘုံ၌ တစ်ကြိမ်သာ ပဋိသန္ဓေနေပြီးနောက် နိဗ္ဗာန်နန်းသို့ကြွလှမ်းမည့်ပုဂ္ဂိုလ်ဖြစ်၏။

(၃) **အနာဂါမိမဂ်ဖိုလ်** သည် ကာမရာဂခေါ် ကာမဂုဏ်ငါးပါး၌တပ်မက်သောတဏှာနှင့် ဗျာပါဒခေါ် ဒေါသကိလေသာတို့ကို အကြွင်းမဲ့ပယ်သတ်၏။ ထို့ကြောင့် အနာဂါမ်ပုဂ္ဂိုလ်သည် ကာမဂုဏ်အာရုံများတွင် နှစ်သက်မွေ့လျော်ခံစားလိုသောစိတ် မရှိတော့ချေ။ အမျက်ထွက်ခြင်း, ကြောက်ရွံ့ထိတ်လန့်ခြင်းတို့လည်း မရှိတော့ချေ။ အနာဂါမ်သည် စုတေသည့်အခါ ကာမဘုံများ၌ မဖြစ်တော့ချေ။ သုဒ္ဓါဝါသဗြဟ္မာဘုံမှတစ်ဆင့် နိဗ္ဗာန်သို့လှမ်းဝင်မည်ဖြစ်၏။

(၄) **အရဟတ္တမဂ်ဖိုလ်** သည် ကြွင်းကျန်ရစ်သော ကိလေသာအားလုံးနှင့် သံယောဇဉ်နှောင်ကြိုးအားလုံးတို့ကို ပယ်ဖြတ်၏။ သို့အတွက် ရဟန္တာပုဂ္ဂိုလ်သည် ကိလေသာမြူအညစ်အကြေးတို့မှ ကင်းစင်၍ လူနတ်ဗြဟ္မာတို့၏ လှူဒါန်းပူဇော်ခြင်းကို ခံယူထိုက်သောပုဂ္ဂိုလ်မြတ် ဖြစ်၏။ သတ္တဝါတို့ ကုသိုလ်မျိုးစေ့စိုက်ပျိုးဖို့ရာ အကျိုးပေးထက်သန်သည့် လယ်ယာမြေကောင်းနှင့်လည်း သဏ္ဌာန်တူ၏။

ရဟန္တာအရှင်မြတ်တွင် လောဘမရှိသဖြင့် မည်သည့်ပစ္စည်းဥစ္စာကိုမျှ မတပ်မက်ချေ။ ဒေါသမရှိသဖြင့် စိတ်ဆိုးခြင်း၊ စိတ်ညစ်ခြင်း၊ စိတ်ပျက်ခြင်း၊ ပူဆွေးခြင်း၊ ငိုကြွေးခြင်း စသည်တို့လည်း မဖြစ်ချေ။

မောဟမရှိသဖြင့် ရုပ်နာမ်တို့၏ အနိစ္စ, ဒုက္ခ, အနတ္တသဘော၊ အကြောင်းအကျိုးဆက်နွယ်သည့် ပဋိစ္စသမုပ္ပါဒ်သဘော၊ သစ္စာလေးပါးတရားတော်၏ သဘောနှင့် နိဗ္ဗာန်သဘောတို့ကို ကိုယ်ပိုင်အသိဉာဏ်ဖြင့် ပိုင်းခြားထင်ထင်သိမြင်နေသူ ဖြစ်၏။

မာနမရှိသည့်အတွက် ထောင်လွှားဝင့်ကြွားခြင်းမရှိ။ ကျော်စောထင်ပေါ်မှု

www.burmeseclassic.com

www.burmeseclassic.com



ကိုလည်း မလိုလား။ ဒိဋ္ဌိကင်းပသည့်အတွက်လည်း ငါ၊ ငါ့ဥစ္စာ၊ ငါ့ပစ္စည်း၊ ငါ့ကျောင်း၊ ငါ့ဆွေမျိုးစသည့် အတ္တဆန်သည့် အယူအဆများလည်း မရှိတော့ချေ။

တစ်ဖန် ဝိစိကိစ္ဆာကင်းစင်သဖြင့် ဘုရား, တရား, သံဃာတို့၌ မမိုတ်မသုန် အသက်ပေး၍ယုံကြည်၏။ ထိန, မိဒ္ဓတို့ နှိပ်စက်ခြင်းမှ ကင်းပသည့်အတွက် လေးလံထိုင်းမှိုင်းခြင်း၊ ပျင်းရိငိုက်မျဉ်းခြင်းလည်း မရှိချေ။

ဥဒ္ဒစ္စမရှိသည့်အတွက်လည်း စိတ်မတည်ငြိမ်မှု၊ အာရုံအမျိုးမျိုးသို့ ပျံ့လွင့်မှုမရှိချေ။ အဟိရိကနှင့် အနောတ္တပ္ပတို့မရှိသည့်အတွက် မကောင်းမှုဒုစရိုက်များကို ရွံမုန်းကြောက်လန့်၏။ ဒုစရိုက်များကို မည်သည့်အခါမျှမကျူးလွန်သည့် အပြင် အကုသိုလ်စိတ်သည်ပင် မည်သည့်အခါမျှမဖြစ်ပေါ်တော့ချေ။

ထို့အပြင် လောဘ, ဒေါသ, မောဟတို့၏ ဆန့်ကျင်ဘက်သဘောများ ဖြစ်ကြသော အလောဘ (ကာမဂုဏ်အာရုံ၌ မတပ်မက်မတွယ်တာခြင်း)၊ အဒေါသ (မကြမ်းတမ်းမခက်ထန်ခြင်း၊ သတ္တဝါများ၌မေတ္တာကရုဏာထားခြင်း)၊ အမောဟ (အာရုံ၏ သဘောအမှန်ကိုသိခြင်း၊ ရုပ်နာမ်တို့၏ သဘော, ပဋိစ္စသမုပ္ပါဒ် ကြောင်းကျိုးဆက်နွယ်သည့်သဘော, အရိယာသစ္စာလေးပါးတို့၏ သဘောကိုသိခြင်း) စသည်ဖြင့်လည်း ရဟန္တာ၏ အရည်အသွေးကို ထောက်ချင့်နိုင်းချိန်နိုင်၏။

သို့သော် အနုသယကိလေသာအထိ ကင်းသည် မကင်းသည်ကို ကျွန်ုပ်တို့ မသိနိုင်ပါ။ တော်ကူးဆရာတော်ကို အနီးကပ်လေ့လာမိသမျှ ကောက်ချက်ချရလျှင် ဆရာတော်၌ လောဘ, ဒေါသ, မောဟ, မာန စသော ကိလေသာတရားတို့ ခေါင်းပါးနေသည်ကို သတိပြုမိပါ၏။ ဆရာတော်သည် လိုချင်တပ်မက်မှုမရှိ၊ အမျက်ဒေါသထွက်လေ့မရှိ၊ မာနဝင့်ကြွားခြင်းလည်း မရှိ။ တွေဝေငိုက်မျဉ်းခြင်းလည်း မရှိ။

ဆရာတော်ထံမှောက်သို့ တောသူတောင်သား ဆင်းရဲသားအများအပြား ရောက်ရှိကြ၏။ မြို့ကြီးများမှ သူဌေးသူကြွယ်အရာရှိကြီးငယ်များလည်း ရောက်ရှိကြ၏။ မင်းကတော်၊ ဝန်ကတော်များနှင့် အရေးကြီးသည့်ပုဂ္ဂိုလ်များလည်း ရောက်လာကြ၏။

ဆရာတော်သည် ရောက်လာသမျှသောပရိသတ်အပေါင်းကို ဆင်းရဲချမ်းသာ ရာထူးနိမ့်မြင့်မခွဲခြားဘဲ ငါ၏ သားသမီးမြေးမြစ်များ ဖြစ်သည်ဟု သဘောထားတော်မူ၏။

ဆရာတော်သည် မိမိအား လှူဒါန်းသည် မလှူဒါန်းသည်ကို အာရုံမပြုချေ။ ရောက်လာသမျှသော ပရိသတ်အပေါင်းတို့အား တရားရေအေးတိုက်ကျွေးရန်နှင့်

www.burmeseclassic.com

www.burmeseclassic.com



မိမိ၏တရားအားထုတ်နည်းဟူသော တရားအမွေအနှစ်ကို ပေးကမ်းရန်တို့ကိုသာ အလေးထားတော်မူ၏။

ဆရာတော်သည် မိမိအားရည်စူး၍လှူဒါန်းသော နဝကမ္မဝတ္ထုများနှင့် သင်္ကန်းပရိက္ခရာအသုံးအဆောင် ဝတ္ထုပစ္စည်းများကို မိမိပိုင်ဟူ၍ ဂရုတစိုက်မှတ်မှတ်ရရသိမ်းဆည်းထားခြင်း မရှိချေ။ နဝကမ္မဝတ္ထုများကို သမီးဖြစ်သူ ဒေါ်တင်ရွှေအား အပ်နှံလှူဒါန်းစေ၍ ဆွမ်းကွမ်းကိစ္စများတွင် လိုအပ်သလိုသုံးစွဲစေပါသည်။ ဒေါ်တင်ရွှေကလည်း စာရင်းဇယားဟူ၍ တိတိကျကျမရေးမှတ်ထားချေ။ မိမိ၌ရှိသမျှငွေကို ရဟန်းရှင်လူ ယောဂီအပေါင်းတို့အား ဖွယ်ဖွယ်ရာရာ မွန်မွန်မြတ်မြတ် ကျွေးမွေးသွားသည်သာ ဖြစ်၏။

ဆရာတော်ဘုရားသည် မိမိအား ကြာသင်္ကန်း၊ အကောင်းစားအိပ်ရာခင်း၊ ပဒုမ္မာသင်္ကန်း၊ စီဝိုင်စီသင်္ကန်း၊ တက်ထရွန်သင်္ကန်း၊ စောင်၊ ခြင်ထောင်၊ မျက်နှာသုတ်ပဝါ စသည်တို့ကို မြောက်မြားစွာလှူဒါန်းထားပါသော်လည်း ပြန်လည်လှူဒါန်းစွန့်ကြဲလိုက်သည်သာ များ၏။ လိုအပ်သမျှ သာမန်ပစ္စည်းများကိုသာ သုံးစွဲသဖြင့် ဆရာတော်၏ကျောင်းသင်္ခမ်းမှာ ရှင်းနေပေတော့၏။ အထင်ကြီးစရာ လိုချင်စရာများကို မတွေ့ရချေ။

ကထိကဦးမိုးစိန်၏ဇနီး ဒေါ်သက်သက်ခင်သည် တော်ကူးရိပ်သာတွင် အားထုတ်စဉ်အခါ၌ ဝေယျာဝစ္စကုသိုလ် အလိုရှိသဖြင့် ဆရာတော်သုံးစွဲသည့် အိပ်ရာခင်း၊ စောင်၊ ခြင်ထောင်၊ မျက်နှာသုတ်ပဝါတို့ကို လျှော်ဖွပ်ခွင့်ပြုရန် ခွင့်တောင်း၏။ ဆရာတော်က ဝမ်းမြောက်စွာ သာဓုခေါ်၍ ခွင့်ပေး၏။

"သမီး...ဒီခြင်ထောင်မှာ ဂုံညင်းစေ့အဝိုင်းလောက် အပေါက်တစ်ပေါက်ရှိတယ်၊ သမီး ချုပ်ပေးလို့ရမလား"

ဆရာတော်က လက်ညှိုး၊ လက်မတို့ဖြင့် ခြင်ထောင်ပေါက်ပမာဏကို မှန်းဆ ပြရင်း ပြုံးလျက်မိန့်ဆို၏။

"တပည့်တော်မ လျှော်ဖွပ်ပြီးတော့ ချုပ်ပေးပါ့မယ်ဘုရား"

ဒေါ်သက်သက်ခင် ခြင်ထောင်ကို ချုပ်ဖာသည့်အခါ ဆရာတော်ညွှန်ပြသည့် အပေါက်တစ်ပေါက်သာမဟုတ်ချေ၊ အပေါက်ငယ်ပေါင်းများစွာကို ချုပ်သီပေးလိုက်ရ၏။

"ဟာဗျာ...ဆရာတော်ကို လှူဒါန်းထားခဲ့တဲ့ ခြင်ထောင်သစ်မရှိဘူးလား" ဟု ကျွန်တော်က အားမလိုအားမရနှင့် ဒေါ်တင်ရွှေအား မေးကြည့်မိသည်။

"ရှိပါတယ်၊ ဆရာတော်က သူသုံးနေကျ စောင်၊ ခြင်ထောင်တွေကိုပဲ သုံးစွဲမယ်ဆိုလို့ အဟောင်းတွေကိုပဲ ထားပေးထားရတယ်"

www.burmeseclassic.com

www.burmeseclassic.com



ဆရာတော်၏ အလိုနည်းမှု အပိစ္ဆတာဂုဏ်၊ ရောင့်ရဲလွယ်မှု သန္တုဋ္ဌိကဂုဏ်နှင့် မိမိကိုယ်ကိုနှိမ့်ချတတ်မှုနိဝါတဂုဏ်တို့သည် ကြည်ညိုလေးမြတ်စရာကောင်းလှပေ၏။

ဆရာတော်ဘုရားသည် ပျံလွန်တော်မူမည့်နှစ်၌ ဂုဏ်သတင်းအထူးကျော်ကြားလာသဖြင့် ရပ်နီးရပ်ဝေးနေရဟန်းရှင်လူများစွာတို့ ဆရာတော်ထံ အဆက်မပြတ် ရောက်လာကြ၏။ မြန်မာနိုင်ငံအရပ်ရပ်မှ အလွှာအသီးသီးမှလူများပါရောက်လာကြသည့်အပြင် နိုင်ငံခြားသားများလည်း လာရောက်ကြ၏။

"ဘုန်းကြီးဆီ ရောက်လာကြတဲ့ လူတွေဟာ သူဌေးတွေပဲ၊ အရာရှိတွေပဲ၊ ဝန်ကြီးကတော်ပဲ စသည်ဖြင့် ဘုန်းကြီးမမြင်ဘူး၊ ဘုန်းကြီးရဲ့ သားသမီးမြေးမြစ်တွေ ဘုန်းကြီးထံအမွေတောင်းခံဖို့ ရောက်လာကြတာပဲလို့သာ ဘုန်းကြီးမြင်ပါတယ်၊ သူတို့ကို ဘုန်းကြီးပေးစွမ်းနိုင်တဲ့တရားအမွေကို ဘုန်းကြီးပေးလိုက်ရရင် ဘုန်းကြီးကျေနပ်ဝမ်းသာသွားတာပဲ"

ဆရာတော်တွင် ကျော်ကြားလိုသော ဝင့်ကြွားလိုသောစိတ်ထားမျိုး မရှိဘဲ ရယူခြင်းထက် ပေးအပ်ခြင်းကိုသာ ကျေးဇူးပြုခံရခြင်းထက် အကျိုးဆောင်ရွက်ပေးခြင်းကိုသာ အစဉ်ထာဝရကိုင်းညွတ်သောစိတ်ထား ရှိပါသည်တကား။

## နတ်များပူဇော်ခြင်း

**စွန်းလွန်းဆရာတော်** ဦးကဝိသည် လေးမင်လေးတန် ပေါက်မြောက်၍ ရဟန္တာအဖြစ်သို့ ရောက်တော်မူသောအခါ သိကြားမင်းနှင့် နတ်မင်းကြီး လေးယောက်တို့က မိမိအား ပူဇော်နေကြသည်ကို တွေ့မြင်ရသည်ဟု ဆို၏။

"အချင်းတို့...လူ့ပြည်မှာ ရဟန္တာတစ်ပါး ပေါ်ထွန်းနေပြီ၊ သွားရောက်ဖူးမြော်ကြကုန်လော့"

နတ်မင်းကြီး၏ ဆော်ဩမှုကြောင့် အနီးအပါးရှိ ဘုမ္မစိုး၊ ရုက္ခစိုးနတ်များသည်လည်းကောင်း၊ ဝေးရပ်မှ နတ်ဗြဟ္မာများသည်လည်းကောင်း၊ တစ်သုတ်ပြီးတစ်သုတ် လာရောက်ဖူးမြော်ကြသည်မှာ ကြည့်၍မဆုံးနိုင်အောင်ရှိသည်ဟု ဆရာတော်၏ ထေရုပ္ပတ္တိစာအုပ်တွင် ဖတ်ရှုရ၏။

၁၂၈၂ ခုနှစ်၌ အရဟတ္တမဂ်ပညာဖြင့် ကိလေသာအကန့်များကို ရိက်ချိုး၍ ဆဠာဘိညရဟန္တာဖြစ်တော်မူသည်ဟုအဆိုရှိသော **ညောင်လွန့်တောရဆရာတော်** သည် ပတ်ဝန်းကျင်တစ်ခိုမိုးခေါင်သဖြင့် ဆွမ်း၊ ကွမ်း ရှားပါးချို့တဲ့ခြင်းနှင့် ကြုံဆုံရသောအခါ ကျောင်းတိုက်အတွင်းရှိသံဃာတော်များအား ဤသို့မိန့်မှာတော်မူ၏။

www.burmeseclassic.com

www.burmeseclassic.com



"ဦးပဥ္စင်းတို့ ... သီလကို သုတ်သင်ပြီး မေတ္တာသာပွားကြ၊ ရဟန်းတရားကိုသာ ကြိုးစားဆောင်ရွက်ကြပါ၊ သူတော်ကောင်းနတ်များက သံဃာတော်များ မငြိုငြင်ရအောင် စောင့်ရှောက်နေကြပါတယ်၊ အနုသာသနိပါဠိဟာရိယခေါ်တဲ့ သီလ, မေတ္တာစတဲ့တန်ခိုးတွေဟာ ကိုယ်ကမသိပေမယ့် အလွန်အားကိုးလောက်အောင် အစွမ်းထက်ကြတယ်၊ သမ္မာဒေဝနတ်တွေလဲ ကိုယ့်ကိုအကြောင်းပြုပြီး မရေမတွက်နိုင်အောင် ကုသိုလ်တိုးကြရတယ်၊ ကိုယ်က မသိပေမယ့် သူတို့က သိတယ်၊ ကျေးဇူးတင်ကြတယ်"

နတ်များ စောင်မ,ပေးခြင်းကြောင့် ညောင်လွန့်ဆရာတော်၏ ဂုဏ်သတင်းသည် အမြို့မြို့အနယ်နယ်သို့ ပျံ့နှံ့ကျော်ကြားသွားပြီးလျှင် အနယ်နယ်အရပ်ရပ်မှ ဆန်အိတ်၊ ဆီပုံး၊ ငါးပိ၊ ငါးခြောက်၊ သကၤန်း စသော ပစ္စည်းလေးပါးတို့သည် ညောင်လွန့်တောရသို့ မီးရထား, ကားတို့ဖြင့် အဆက်မပြတ်ရောက်လာကြကုန်၏။

ကောဇာသက္ကရာဇ် ၁၃၂၄ ခုနှစ် သီတင်းကျွတ်လပြည့်ကျော် ၄ ရက်နေ့တွင် ပျံလွန်တော်မူသော **မိုးကုတ်ဆရာတော်** သည် မပျံလွန်မီ သုံးညဉ့်၌ သန်းခေါင်ယံအချိန်တွင် တစ်စုံတစ်ယောက်နှင့်စကားပြောနေသံကို ဆရာတော်၏ အခန်းအပြင်ဘက်နားဝ၌ စောင့်အိပ်နေသူများက ကြားကြရ၏။ အခန်းတွင်းမှအလင်းရောင်များ ပေါ်ထွက်လာသည်ကိုလည်း တွေ့ကြရ၏။ တံခါးဖွင့်ကြည့်လိုက်သောအခါတွင် ဆရာတော်တရားထိုင်လျက်ချည်းသာ တွေ့ကြရ၏။

"ဆရာတော်ဘယ်သူနဲ့စကားပြောနေပါသလဲဘုရား၊ ခုနက အလင်းရောင်ကြီးကိုလဲ မြင်လိုက်ရတယ်"ဟု ဒကာဦးလှဘူးက လျှောက်ထား၏။

"လှဘူးရာ ... မင်းသိသားပဲ"ဟုသာ ဆရာတော်မိန့်တော်မူ၏။

မိုးကုတ်ဆရာတော်မပျံလွန်မီညဉ့်၌ ဆရာတော်၏ကျောင်းပေါ်သို့ အလင်းရောင်ကြီး ကျဆင်းလာပြီးလျှင် မကြာမီအလင်းရောင်ကြီး ဝင်းခနဲပြန်တက်သွားသည်ကို လူအများပင် မြင်တွေ့ကြရ၏။

တော်ကူးဆရာတော်ဘုရားကိုလည်း ပျံလွန်ချိန်နီးလာသည့်အခါ နတ်များလာရောက်ပူဇော်ကြသည့် အထောက်အထားများကို တွေ့ရှိရသည်ဟုဆို၏။ ပျံလွန်ရန် နှစ်ရက်သာလိုတော့သည့်ညဉ့်၌ ရဟန်းတော်များက ပရိတ်တရားပူဇော်ပြီး စကြံကျောင်းပေါ်မှဆင်းသွားကြသည့်အခါ သိကြားမင်းနှင့် နတ်တို့က တစ်လှည့်၊ ဝိဇ္ဇာရဟန်းတို့ကတစ်လှည့် ရွတ်ဖတ်သရဇ္ဈာယ်ကြသည်ကို ဆရာတော်၏ စကားအရ ဆရာတော်အား စောင့်ကြပ်နေကြသည့် ဦးနာဂိန္ဒ၊ ကိုရင်သီဟနှင့် ဒကာများ ကြားသိကြရ၏။

www.burmeseclassic.com

www.burmeseclassic.com



တစ်ဖန် ဦးနာဂိန္ဒနှင့် ကိုရင်သီဟတို့က ဆရာတော့်ထံပါးတွင် ညဥ့်အိပ်စောင့်နေကြသည့်အခါ မမြင်ရသောပုဂ္ဂိုလ်တို့က ဆရာတော်အား ဝတ်ဖြည့်ကြကြောင်းကိုလည်း အထက်၌ဖော်ပြခဲ့ပေပြီ။

ညဥ့်သန်းခေါင်အချိန်လောက်တွင် ဆရာတော်၏အခန်းပြတင်းမှ မီးလုံးတစ်လုံး ဝင်ရောက်လာပြီး ဆရာတော်အနီး၌ ခေတ္တရပ်တည်လျက် ပြန်လည်ထွက်သွားသည်ကိုလည်း အစောင့်ဦးပဥ္စင်းများက တစ်ကြိမ်မကမြင်တွေ့ကြရ၏။

တော်ကူးဆရာတော် ပျံလွန်သည့်ညဥ့်၌ ကျောင်းပရဝုဏ်တစ်ခုလုံး ငြိမ်သက်တိတ်ဆိတ်နေပြီးလျှင် အလွန်သင်းပျံ့သည့် အမွှေးနံ့တစ်မျိုးသည် တစ်ကျောင်းလုံးကို လေးကြိမ်တိုင်တိုင် လွှမ်းခြုံထားလေ၏။

တော်ကူးဆရာတော်ဘုရားအား နတ်များပူဇော်ကြခြင်းပင် မဟုတ်ပါလော။

## ရုပ်ကလာပ်မပုပ်ပွသည့်အကြောင်းရင်းများ

တော်ကူးဆရာတော်၏ရုပ်ကလာပ်ကို ဆေးဝါးစသည်ဖြင့် ပြုပြင်မှုမရှိဘဲ ၂၅ ရက်တိုင်တိုင် ထားခဲ့ကြရာ၌ ရုပ်ကလာပ်တော်သည် သဘာဝဖြစ်ရပ်ကို လွန်ဆန်၍ ပုပ်ပွနံစော် ပျက်စီးယိုယွင်းခြင်းမရှိခဲ့ချေ။ နောက်ဆုံး မီးသင်္ဂြိုဟ်သည့်အခါ၌လည်း အညှော်နံ့နှင့် မကောင်းသောအနံ့အသက်များ လုံးဝမထွက်ချေ။

သုတ္တနိပါတ (၄-၁၀၃) အရ

"နိက္ကိလေသာန် မတသရီရမ္ပိ ဒုဂ္ဂန္ဓံ နဟောတိ"

"ကိလေသာမရှိသော အသေကောင်သည်လည်း မကောင်းသောအနံ့မဖြစ်၊ (ဝါ) ပုပ်နံခြင်းမဖြစ်"

ဤပါဠိအထောက်အထားအရ ကိလေသာကင်းစင်ကြသော ရဟန္တာသူမြတ်တို့၏ ရုပ်ကလာပ်များသည် ပုပ်ပွနံစော်ခြင်းမရှိဟု မှတ်ယူနိုင်၏။

သို့သော် မပုပ်ပွသောရုပ်ကလာပ်တိုင်းသည် ရဟန္တာသူမြတ်တို့၏ ရုပ်ကလာပ်ဖြစ်သည်ဟုကား ယတိပြတ်မဆုံးဖြတ်နိုင်ချေ။ အကြောင်းသော်ကား ကုသိုလ်ကောင်းမှုပြု၍ ရေးဘဝကဆုတောင်းထားသောကြောင့်လည်းကောင်း၊ ယခုဘဝ၌ သီလကို စင်ကြယ်စွာဆောက်တည်၍ အဓိဋ္ဌာန်ပြုထားလျှင်သော်လည်းကောင်း ရုပ်ကလာပ်များ မပုပ်မပွဘဲ ရှိနိုင်သောကြောင့်ပင်တည်း။

သို့စေကာမူ တော်ကူးဆရာတော်၏ နေဝင်ဖျိုးဖျ ဘဝဆည်းဆာသည် တကယ်ပင်ကြည်ညိုလေးမြတ်ဖွယ်ရာ လုပဝေဆာခဲ့သည်ကိုကား ကျွန်တော်တို့နှစ်သက်အားရစွာ မှတ်တမ်းတင်ထားရမည်ဖြစ်ပါသတည်း။

* * *

www.burmeseclassic.com

www.burmeseclassic.com

အခန်း (၆)

# တော်ကူးကျင့်စဉ်တရား

## မြစ်ဖျားခံရာ သတိပဋ္ဌာန်မှာ

ဝိပဿနာတရားရိပ်သာအမျိုးမျိုး၌ နည်းအမျိုးမျိုးဖြင့် ဟောကြားပြသနေကြသည့် တရားကျင့်စဉ်အသီးသီးတို့သည် ဗုဒ္ဓမြတ်စွာဟောကြားတော်မူခဲ့သည့် မဟာသတိပဋ္ဌာနသုတ္တန်ကို အခြေခံထားကြသည်ချည်း ဖြစ်၏။

တော်ကူးဆရာတော်၏ ကမ္မဋ္ဌာနာစရိယဆရာတော်သည် မော်လမြိုင်မြို့ဝ မဟာသတိပဋ္ဌာန်ကျောင်းတိုက်ဆရာတော်ဦးပဏ္ဍိဝဖြစ်၏။ တစ်ဖန် ဦးပဏ္ဍိဝ၏ဆရာတော်မှာ သထုံမင်းကွန်းဇေတဝန်ဆရာတော် ဦးနာရဒဖြစ်၏။

မင်းကွန်းဇေတဝန်ဆရာတော်သည် မဟာစည်ဆရာတော် ဦးသောဘဏ၏ ကမ္မဋ္ဌာနာစရိယဆရာလည်း ဖြစ်၏။ သို့အတွက် ဆရာတော်ဦးပဏ္ဍိဝနှင့် မဟာစည်ဆရာတော်တို့သည် ဆရာတူ၊ တရားကျင့်စဉ်တူသူများဖြစ်ကြပြီး ခင်မင်ရင်းနှီးကြ၏။

ဆရာတော်ဦးပဏ္ဍိဝသည် မဟာစည်ဆရာတော် ရေးသားပြုစုထားသော ဝိပဿနာရှုနည်းကျမ်းကိုပင် မိမိ၏ ယောဂီများအား လက်ကိုင်ပြုရန် ညွှန်ကြားတော်မူ၏။ မဟာစည်တရားရှုမှတ်နည်းအတိုင်းပင် တပည့်များအား ရှုမှတ်စေ၏။

သို့အတွက် တော်ကူးဆရာတော်ညွှန်ကြားသော တရားကျင့်စဉ်သည် အခြေခံအားဖြင့် မဟာစည်တရားကျင့်စဉ်အတိုင်းပင် ဖြစ်၏။ ထူးခြားသည်ကား ဣရိယာပုထ်လေးပါးဖြင့် လှည့်ပတ်ကာရှုမှတ်စေပြီး ဣရိယာပုထ်တစ်မျိုးစီတွင် ကာလရှည်ကြာစွာရှုမှတ်နိုင်ရန် နည်းပြပေးတော်မူ၏။

www.burmeseclassic.com

www.burmeseclassic.com



တော်ကူးတရားကျင့်စဉ်ကိုမှီငြမ်းပြုကာ တရားရှုမှတ်လိုသူတို့၏အကျိုးငှာ တော်ကူးကျင့်စဉ်ကို အကျဉ်းချုံး၍ ရေးသားတင်ပြပါအံ့။

## ကိုးပါးသီလ

ဗုဒ္ဓမြတ်စွာ၏ ဆင်းရဲငြိမ်းအေးစေသော သံသရာမှလွတ်မြောက်စေသော နိဗ္ဗာန်ချမ်းသာကို မျက်မှောက်ပြုစေသော တရားကျင့်စဉ်သည် သီလသိက္ခာ, သမာဓိသိက္ခာ, ပညာသိက္ခာတည်းဟူသော သိက္ခာသုံးပါး (ဝါ) မဂ္ဂင်ရှစ်ပါး ကျင့်စဉ်တရားဖြစ်၏။

သီလတည်းဟူသော ကျွန်းမြေပေါ်တွင်ရပ်တည်ကာ စိတ်တည်ငြိမ်အောင် သမာဓိအလံကို လွှင့်ထူလျက် ဝိပဿနာဉာဏ်အသီးအပွင့်များပေါ်ထွန်းအောင် ဝိပဿနာတရားကို အားထုတ်စိုက်ပျိုးရမည်။ သမာဓိနှင့်ယှဉ်သောဉာဏ်အလင်းသည် ကိုယ်စိတ်နှစ်ပါး၏အခြေခံသဘောတရားများဖြစ်ကြသော ရုပ်တရား နာမ်တရားတို့၏သဘာဝအမှန်ကို ထိုးထွင်း၍မြင်သိလာစေပါသည်။ ရုပ်နာမ်တရားတို့၏ သဘာဝအမှန်ဖြစ်သည့် အနိစ္စ–မမြဲခြင်း၊ ဒုက္ခ–ဆင်းရဲခြင်း၊ အနတ္တ–အတ္တမရှိခြင်းတို့ကို ကောင်းမွန်ပီပြင်စွာမြင်သိလာသည့်အခါ 'ငါ' ရှိသည်၊ 'သူ' ရှိသည်ဟူသော သက္ကာယဒိဋ္ဌိကွယ်ပျောက်၍ 'ငါ–သူ' တို့ကို စွဲလမ်းတွယ်တာတပ်မက်သည့် တဏှာဉပါဒါန်တို့လည်း ချုပ်ငြိမ်းကာ ဘဝနှောင်အိမ်မှ လွတ်မြောက်၍ ထာဝရချမ်းသာခြင်းကို မျက်မှောက်ပြုရမည်ဖြစ်၏။

သီလမစင်ကြယ်လျှင် သမာဓိမဖြစ်နိုင်၊ သမာဓိမဖြစ်လျှင် ထိုးထွင်းမြင်သိသောပညာ မဖြစ်နိုင်။ ပညာမဖြစ်လျှင် အဝိဇ္ဇာ, တဏှာ, ဒိဋ္ဌိတို့ကို မပယ်သတ်နိုင်။ အဝိဇ္ဇာ, တဏှာ, ဒိဋ္ဌိတို့မချုပ်ငြိမ်းလျှင် နိဗ္ဗာန်ချမ်းသာကို မရနိုင်။

သို့အတွက် သီလကို ရှေးဦးစွာမပြောက်မကျားအောင် စောင့်ထိန်းရမည်။ ယုတ်စွအဆုံး ငါးပါးသီလမြဲရမည်။ ရှစ်ပါးသီလကို စောင့်ထိန်းနိုင်လျှင် ပိုကောင်း၏။ ထို့ထက် ရှစ်ပါးသီလတွင် မေတ္တာအထွတ်တင်ထားသည့် ကိုးပါးသီလကို စောင့်ထိန်းနိုင်လျှင် သာ၍ကောင်း၏။

တော်ကူးရိပ်သာတွင် ယောဂီတို့အား ကိုးပါးသီလကို စောင့်ထိန်းစေလေ့ရှိ၏။ ယောဂီသည် ဘုရား, တရား, သံဃာတို့ကို ရှိသေစွာကန်တော့ပြီးလျှင် သရဏဂုံသုံးပါးနှင့်တကွ အင်္ဂါကိုးပါးရှိသော သီလကို ခံယူကာ စင်ကြယ်စွာ စောင့်ထိန်းရမည်။

www.burmeseclassic.com

www.burmeseclassic.com



## တရားတောင်းခြင်း

"အရှင်ဘုရား...တပည့်တော်တို့သည် အနမတဂ္ဂသံသရာကစ၍ ယခုနေ့၊ ယခုအချိန်အထိ ဘုရားအနန္တ, တရားအနန္တ, သံဃာအနန္တ, ပစ္စေကဗုဒ္ဓါအနန္တ, ဆရာသမား, မိဘဘိုးဘွား, တရားကျင့်ဖူးသောပုဂ္ဂိုလ်, မိမိထက် တစ်ရက် တစ်နာရီ အသက်သိက္ခာကြီးသောသူတို့အပေါ်၌ ကာယကံ, ဝစီကံ, မနောကံတို့ဖြင့် အကယ်၍ပြစ်မှားကျူးလွန်မိသည်ရှိသော် ခွင့်ပြုသည်းခံတော်မူကြပါကုန်၊ အကျွန်ုပ်တို့ကလည်း ခွင့်ပြုသည်းခံပါကုန်၏။ အကျွန်ုပ်တို့ အားထုတ်ကျင့်ကြံသော တရားတော်မြတ်ကို အနှောင့်အယှက်အဖျက်အဆီးမရှိဘဲ ချောချောမောမော ချမ်းချမ်းသာသာနှင့် ထင်မြင်ပေါက်မြောက်ပါစေသတည်း။

"ဘုရားတပည့်တော်တို့ကို သနားသောအားဖြင့် မေတ္တာကရုဏာကြီးကြီး ရှေ့ထား၍ ဂုဏ်ါသဲလုံးနှင့်အမျှ ပွင့်တော်မူကြကုန်သော ဘုရားရှင်အနန္တ တို့သည် အမြဲတမ်းလေ့ကျက်ပွားများ အားထုတ်လေ့ရှိကြကုန်သော မဟာသတိပဋ္ဌာန် ဝိပဿနာကိုယ်ကျင့်တရားကို ပေးသနားတော်မူပါ၊ မဂ်လမ်းဖိုလ်လမ်း နိဗ္ဗာန်လမ်းကို မတိမ်းမစောင်း ဖြောင့်ဖြောင့်တန်းတန်း ညွှန်ပြဆုံးမတော်မူပါ အရှင်ဘုရား၊ ဆရာသမားတို့ ညွှန်ပြဆိုဆုံးမသည့်အတိုင်း ဘုရားတပည့်တော်တို့သည် တစ်သဝေမတိမ်း လိုက်နာကျင့်ကြံရှုမှတ်ပွားများပါကုန်မည်ဘုရား"

## ခန္ဓာကိုယ်ကို အပ်နှင်းလှူဒါန်းခြင်း

ဘုရားတပည့်တော်တို့၏ ခန္ဓာကိုယ်ကို မြတ်စွာဘုရားအား ဆက်ကပ်အပ်နှင်း လှူဒါန်းပါကုန်၏၊ တရားတော်အား ဆက်ကပ်အပ်နှင်းလှူဒါန်းပါကုန်၏၊ သံဃာတော်အား ဆက်ကပ်အပ်နှင်းလှူဒါန်းပါကုန်၏၊ ဆရာသမားတို့အား ဆိုဆုံးမနိုင်ရန် ဆက်ကပ်အပ်နှင်းလှူဒါန်းပါကုန်၏။

## ကိုယ်စောင့်ကမ္မဋ္ဌာန်းလေးပါးကို စီးဖြန်းခြင်း

(၁) ကိလေသာတို့မှ ကင်းဝေးဖြူဝင်း စင်ကြယ်တော်မူပေသော မြတ်စွာဘုရား(သုံးခေါက်ဆိုပါ)။

(၂) သုံးဆယ့်တစ်ဘုံ အလုံးစုံ၌ရှိကြကုန်သော ဒုက္ခိတ, သုခိတ, သတ္တဝါ အနန္တ တို့အား အကျွန်ုပ်တို့ပြုပြုသမျှ ကုသိုလ်ကောင်းမှု၏ အဖို့ဘာဂကို အမျှပေးဝေပါကုန်၏၊ အမျှပေးဝေပါကုန်၏၊ အမျှပေးဝေပါကုန်၏။ အမျှရကြ၍ ကိုယ်စိတ်နှစ်ဖြာ ချမ်းသာကြပါစေ၊ ကိုယ်စိတ်နှစ်ဖြာ ချမ်းသာကြပါစေ၊ ကိုယ်စိတ်နှစ်ဖြာ ချမ်းသာကြပါစေ။

www.burmeseclassic.com

www.burmeseclassic.com



(၃) ဆံပင်, မွေးညင်း, ခြေသည်း, လက်သည်း အစရှိသော ၃၂–ပါးသော ကောဋ္ဌာသအစုအပုံသည် စက်ဆုပ်ဖွယ် ရွံမုန်းဖွယ် မနှစ်သက်ဖွယ် ဖြစ်ချေ၏တကား။ ထိုမှတစ်ပါး စားသောက်သမျှသော ခဲဖွယ် သောဇဉ်တို့သည် မိမိ၏ ကိုယ်တွင်းသို့ရောက်သောအခါ ကိုးပေါက်သော ဒွါရတို့နှင့်တကွ မွေးညင်းပေါက်တို့မှ တသွင်သွင်ယိုစီး၍နေသဖြင့် စက်ဆုပ်ဖွယ် ရွံမုန်းဖွယ် မနှစ်သက်ဖွယ်ဖြစ်ချေ၏တကား။

(၄) အကျွန်ုပ်တို့သည် သေဖို့ရန်သာ မြဲ၏၊ နေဖို့ရန်ကား မမြဲချေ (သုံးခေါက်ဆို)၊ တစ်နေ့ကျလျှင် မုချဆက်ဆက် သေရမည်ပါတကား (သုံးခေါက်ဆိုပါ)။ မအိုခင်၊ မနာခင်၊ မသေခင် ဆိုဆုံးမသော ဆရာသမားတို့နှင့် သေကွဲရှင်ကွဲ ထိုနှစ်ကွဲဖြင့် မကွဲခင်မခွဲခင် တရားကိုအလျင်ဦးအောင် ကြိုးစားအားထုတ် (သုံးခေါက်ဆိုပါ)။

မမေ့မလျော့နှင့်၊ သတိကြပ်ကြပ်ထား၍ မိမိကိုယ်တွင်း၌ ဖြစ်ပေါ်လာသမျှ မျက်စိကမြင်မှု ရုပ်နာမ်သင်္ခါရ၊ နားကကြားမှု ရုပ်နာမ်သင်္ခါရ၊ နှာခေါင်းက နံမှု ရုပ်နာမ်သင်္ခါရ၊ လျှာက အရသာကိုစားသိမှု ရုပ်နာမ်သင်္ခါရ၊ ကိုယ်က အတွေ့ကို ထိသိမှု ရုပ်နာမ်သင်္ခါရ၊ မနောကသဘောကိုကြံသိမှု ရုပ်နာမ်သင်္ခါရ၊ ကွေးချင်မှု ကွေးမှု၊ ဆန့်ချင်မှု ဆန့်မှု၊ ဖောင်းမှု, ပိန်မှုအစရှိသော ရုပ်နာမ်သင်္ခါရကို ဖြစ်ပေါ်တိုင်းဖြစ်ပေါ်တိုင်း မလွတ်ရလေအောင် စူးစူးစိုက်စိုက် လေးလေးနက်နက် ယုံယုံကြည်ကြည် ရိုရိုသေသေ မပြတ်မစဲရှုမှတ်လေ။

## ဝိပဿနာဉာဏ်ဖြစ်ပွားစေရန်

(၁) ယုံကြည်မှု–သဒ္ဓါတရား၊

(၂) မမေ့မလျော့အမှတ်ရမှု– သတိတရား၊

(၃) မပြတ်ရှုမှတ်နိုင်အောင် ကြောင့်ကြစိုက်မှု–ဝီရိယတရား၊

(၄) ရိုသေလေးစားမှု–သက္ကစ္စဂါရဝတရား ဟူသော ဤတရားလေးပါးကို အမြဲလက်ကိုင်ထား၍ အားထုတ်ကျင့်ကြံ ရှုမှတ်ပွားများရမည်။

## သူတော်ကောင်းအစစ်အမှန် ဖြစ်စေရန်

(၁) သည်းခံခြင်း ခွန်အားဗလ၊

(၂) မေတ္တာထားခြင်း ခွန်အားဗလ၊

ဤတရားနှစ်ပါးကို အမြဲလက်ကိုင်ထား၍ မွေးမြူတည်ထောင်ရမည်။

www.burmeseclassic.com

www.burmeseclassic.com



အထက်တွင်ဖော်ပြခဲ့သော တရားတောင်းခြင်း၊ ခန္ဓာကိုယ်ကို အပ်နှင်း လှူဒါန်းခြင်း၊ ကိုယ်စောင့်ကမ္မဋ္ဌာန်းလေးပါးကို စီးဖြန်းခြင်းနှင့် တိုက်တွန်းမှုသြဝါဒစကားတို့ကို မြို့ဝမဟာသတိပဋ္ဌာန်ဆရာတော်ဦးပဏ္ဍိဝက စီစဉ်ခဲ့ပြီး တော်ကူးရိပ်သာ၌ လိုက်နာကျင့်သုံးပါသည်။

နေ့စဉ် ဝိပဿနာတရားအားမထုတ်မီ ကြိုတင်ပြင်ဆင်ကာကွယ်မှုအတွက် ၁၀–မိနစ်ခန့်အချိန်ပေး၍ အထက်ပါအတိုင်း ရှုမှတ်နှလုံးသွင်းနိုင်လျှင် အကျိုးထူးပါသည်။

တော်ကူးဆရာတော်သည် တစ်ခါတစ်ရံတွင် ယောဂီသစ်တို့အား ကိုးပါးသီလပေးပြီးနောက် အထက်ပါတရားတောင်းခြင်း၊ ခန္ဓာကိုယ်အပ်နှင်းလှူဒါန်းခြင်းနှင့် စတုရာရက္ခကမ္မဋ္ဌာန်းခေါ် ကိုယ်စောင့်ကမ္မဋ္ဌာန်းလေးပါးတို့ကို လိုက်ဆိုနိုင်ရန် တိုင်ပေးပါသည်။

အများအားဖြင့်မူ အသိဉာဏ်နည်းပါးသော တောသူတောင်သား ယောဂီသစ်တို့အား တရားညွှန်ပြရာ၌ တော်ကူးဆရာတော်သည် ကိုးပါးသီလကိုချပေးပြီးနောက် အလုပ်ပေးတရားကို တိုက်ရိုက်အကျဉ်းမျှ ရှင်းပြပြီးလျှင် လက်တွေ့တရားအားထုတ်စေပါသည်။ တရားအားထုတ်စဉ်ကာလတွင် နောက်ထပ် သိမှတ်ဖွယ်ရာများကို တစ်စတစ်စ ပြောဟောပြသသွားပါသည်။

ဤသို့ လက်တွေ့အလုပ်နှင့်ယှဉ်၍ တရားညွှန်ပြသောနည်းသည် အထိရောက်ဆုံး ခေတ်အမီဆုံးနည်းပင် ဖြစ်ပေ၏။ ထို့အပြင် တော်ကူးဆရာတော်သည် ယောဂီများ တရားအားထုတ်စဉ် ဘေးအန္တရာယ်များကင်းပအောင် မေတ္တာဘာဝနာကို ပွားများဖြန့်ကျက်ထားပြီးလျှင် ယောဂီများ အားတက်အောင် ၁၅ မိနစ်လျှင် တစ်ကြိမ်ခန့် အားပေးတိုက်တွန်းစကားကို ပြောကြားတော်မူ၏။

## အလုပ်ပေးတရား

"ဒကာ ဒကာမတို့…တရားရှာ ကိုယ်မှာတွေ့ဆိုသလို တရားတွေ့ချင်ရင် ကိုယ်မှာ ရှာရမယ်၊ ကိုယ်ဟာ အနေအထားလေးမျိုးအနက် တစ်မျိုးမျိုးနဲ့ တည်ရှိရတယ်၊ ထိုင်တယ်, ထတယ်, သွားတယ်, လျောင်းတယ်ပေါ့၊ ဒါကို ဣရိယာပုထ်လေးပါးလို့ ခေါ်တယ်၊ တရားရှုမှတ်တဲ့အခါ ကြိုက်တဲ့ဣရိယာပုထ်တစ်ခုနဲ့ ရှုမှတ်ပါ၊ ဣရိယာပုထ်တစ်ခုနဲ့ ရှုမှတ်နိုင်လာတဲ့အခါ ကျန်ဣရိယာပုထ်တွေနဲ့လဲ ရှုမှတ်နိုင်လာကြတာပါပဲ။

"ရန်သူနဲ့စစ်တိုက်တဲ့အခါ စစ်ကြောင်းကြီးလေးကြောင်းနဲ့ချီတက်ပြီး တိုက်

www.burmeseclassic.com

www.burmeseclassic.com



ခိုက်သလိုပေါ့၊ စစ်ကြောင်းတစ်ကြောင်းက ရန်သူကို ထိုးဖောက်ချေမှုန်းနိုင်ရင် ကျန်စစ်ကြောင်းတွေကလဲ ရန်သူကို အလွယ်တကူချေမှုန်းနိုင်ကြတယ်လေ။

"အဲ … ဣရိယာပုထ်တစ်မျိုးစီမှာ ရှုမှတ်နည်းကလဲ လေးမျိုးရှိတယ်ကွဲ့၊

**ကာယ, ဝေဒနာ, စိတ်, ဓမ္မာ၊ ပေါ်ရာရှုမှတ်ပါတဲ့ …**

ကာယဆိုတဲ့ ရုပ်ခန္ဓာမှာ ထင်ရှားဖြစ်ပေါ်လာတာကို သတိကပ်ပြီး ဉာဏ်နဲ့ အဖန်ဖန်ရှုမှတ်တာ တစ်နည်း၊ ဒါကို **ကာယာနုပဿနာသတိပဋ္ဌာန်** လို့ ခေါ်တယ်။

ဆင်းရဲတဲ့ခံစားမှု၊ ချမ်းသာတဲ့ခံစားမှုစတဲ့ ထင်ရှားဖြစ်ပေါ်နေတဲ့ ခံစားမှု ဝေဒနာကို သတိကပ်ပြီး ဉာဏ်နဲ့အဖန်ဖန်ရှုမှတ်တာက နောက်တစ်နည်း၊ ဒီနည်းကို **ဝေဒနာနုပဿနာသတိပဋ္ဌာန်** လို့ ခေါ်တယ်။

ထချင်တဲ့စိတ်၊ ထိုင်ချင်တဲ့စိတ်၊ ရွေ့ချင်တဲ့စိတ်၊ ကွေးချင်တဲ့စိတ်၊ ဆန့်ချင်တဲ့စိတ်၊ အိမ်ကိုစိတ်ကူးတဲ့စိတ် စတဲ့ စဉ်ဆက်မပြတ်တရစပ်ဖြစ်နေတဲ့ စိတ်အပေါင်းမှာ ဖြစ်ဆဲဖြစ်ဆဲစိတ်ကို သတိစွဲကပ်ပြီး ဉာဏ်နဲ့အထပ်ထပ်ရှုမှတ်တာက **စိတ္တာနုပဿနာသတိပဋ္ဌာန်** လို့ ခေါ်တယ်၊ သုံးနည်းရှိပြီနော်။

အဲ … နောက်ဆုံးစတုတ္ထနည်းက သဘောတရားတို့ကို အကြိမ်ကြိမ်ရှုမှတ်တဲ့ **ဓမ္မာနုပဿနာသတိပဋ္ဌာန်** ဖြစ်ပါတယ်၊ ဘယ်လိုသဘောတရားတွေလဲ ဆိုတော့ နီဝရဏငါးပါး၊ ခန္ဓာငါးပါး၊ အာယတန ၁၂–ပါး၊ ဗောဇ္ဈင်ခုနစ်ပါးနဲ့ သစ္စာလေးပါးတို့ ဖြစ်ကြပါတယ်။ ကိုယ့်စိတ်ထဲမှာ ကာမဂုဏ်အာရုံကို လိုချင်တပ်မက်တဲ့ **ကာမစ္ဆန္ဒ**ဖြစ်နေရင် ဖြစ်နေတယ်လို့ ရှုမှတ်ရတယ်၊ တစ်ကြိမ် နှစ်ကြိမ် ရှုမှတ်လိုက်ရင် ကာမစ္ဆန္ဒမဖြစ်တော့ဘဲ ပြတ်စဲသွားတတ်ပါတယ်၊ ပြတ်စဲသွားရင်လဲ ပြတ်စဲသွားကြောင်း သိအောင်ရှုရမယ်။ ကိုယ့်စိတ်ထဲမှာ သူတစ်ပါးကိုပျက်စီးစေလိုတဲ့ **ဗျာပါဒ** ဖြစ်ရင် ဗျာပါဒဖြစ်နေကြောင်း သိအောင်ရှုရမယ်, ရှုမှတ်လို့ ဗျာပါဒပြတ်စဲသွားရင်လဲ ပြတ်စဲကြောင်း သိအောင်ရှုရမယ်။ စိတ်ထဲမှာ လေးလံထိုင်းမှိုင်းတဲ့ **ထိနမိဒ္ဓ**ဖြစ်နေရင် ဖြစ်နေကြောင်းသိအောင်ရှုရမယ်၊ ရှုမှတ်လို့ ထိနမိဒ္ဓမရှိတော့ဘူးဆိုရင် မရှိကြောင်းသိအောင် ရှုရမယ်။ စိတ်ပျံ့လွင့်ခြင်း **ဥဒ္ဓစ္စ**ဖြစ်ရင်လဲ ဖြစ်နေကြောင်းသိအောင်ရှုရမယ်၊ ရှုမှတ်လို့ ဥဒ္ဓစ္စပျောက်သွားရင် ပျောက်သွားကြောင်းကို သိအောင်ရှုမှတ်ရမယ်။ နောင်တတစ်ဖန် ပူပန်တဲ့ **ကုက္ကုစ္စ**ဖြစ်နေရင်လဲ ဖြစ်နေကြောင်းသိအောင် ရှုမှတ်ရမယ်၊ ရှုမှတ်လို့ ကုက္ကုစ္စမဖြစ်တော့ဘူးဆိုရင်လဲ မဖြစ်တော့ကြောင်း သိအောင်ရှုရမယ်။ တရားရှုမှတ်မှုနဲ့ပတ်သက်ပြီး ယုံမှားသံသယဖြစ်ရင် **ဝိစိကိစ္ဆာ**ဖြစ်နေပြီလို့ သိအောင်ရှုရမယ်၊ ရှုမှတ်လို့ ယုံမှားသံသယ ကင်းပျောက်သွားရင်လဲ ကင်းပျောက်ကြောင်းသိအောင် ရှုရမယ်။ သည်

www.burmeseclassic.com

www.burmeseclassic.com



လို သဘောတရားတွေကိုသိအောင် ရှုမှတ်နေတာ ဓမ္မာနုပဿနာသတိပဋ္ဌာန်လို့ ခေါ်တယ်နော်။

## ဖောင်းတာ ပိန်တာ စ,ရှုပါ

"ကဲ...ဒကာ ဒကာမတို့မှတ်မိအောင် ဘုန်းကြီးလိုရင်းကို ထပ်ရှင်းပြမယ်၊ ဒကာတို့ထိုင်တဲ့ ဣရိယာပုထ်နဲ့ စ,ရှုမှတ်တယ်ဆိုပါတော့၊ ကိုယ်ကို မတ်မတ်ထား၊ မျက်နှာကို ရှေ့တည့်တည့်ထားပြီး ယောကျ်ားဖြစ်ရင် ထက်ဝယ်ဖွဲ့ခွေထိုင်ပါ၊ မိန်းမဖြစ်ရင် မိန်းမထိုင်တစောင်းထိုင်ပါ၊ ညောင်းညာလာတဲ့အခါ ယောကျ်ားကလဲ တစောင်းပြန်ထိုင်နိုင်တယ်၊ မိန်းမကလဲ ထက်ဝယ်ဖွဲ့ခွေထိုင်နိုင်တယ်နော်၊ အဲ...ထိုင်တဲ့အခါ သွေးကြောတွေဖိညှပ်မနေအောင် ခြေချင်းမထပ်ဘဲ ခွဲထားတာ ကောင်းတယ်၊ ကိုယ်ကြာကြာထိုင်နိုင်မယ့်အနေအထားကိုအစကတည်းက ရွေးထိုင်ကြပါနော်။

"ထိုင်ပြီးရင် မျက်စိကိုမှိတ်၊ ဘယ်ဘက်လက်ဖဝါးပေါ်မှာ လက်ယာဘက်လက်ဖဝါးကိုတင်ပြီး လက်မချင်း ထိစပ်ထားပါ၊ အသက်မှန်မှန်ရှူပါ၊ အသက်ရှူသွင်းတဲ့အခါ ကိုယ်မှာထင်ရှားတာက ဝမ်းဗိုက်ဖောင်းလာတာပဲ၊ အဲဒါကို ဖောင်းတယ်လို့ရှုပါ၊ အသက်ရှူထုတ်တဲ့အခါ ဝမ်းဗိုက်ပိန်ချပ်သွားတာပဲ၊ အဲဒါကို ပိန်တယ်လို့ရှုပါ။

"ဒါကြောင့် ငြိမ်ငြိမ်ထိုင်ပြီး အသက်မှန်မှန်ရှူရှိုက်နေတဲ့အခါ ဝမ်းဗိုက်မှာ စိတ်ကိုကပ်ထားပြီး 'ဖောင်းတယ် – ပိန်တယ်'လို့ ရှုမှတ်နေပါ၊ အသံထွက်ပြီး ရွတ်ဆိုနေဖို့မလိုဘူး၊ သတိကပ်ပြီး စိတ်နဲ့မပြတ်လပ်အောင် ရှုမှတ်နေဖို့ပါပဲ။

"ဒီရိပ်သာကို ရောက်မလာခင်က အခြားနည်းတွေနဲ့ ဒကာတို့ရှုမှတ်ဖူးတာ ရှိချင်ရှိနေလိမ့်မယ်၊ ဒါပေမဲ့ ဒီရိပ်သာရောက်ရင် ဒီနည်းကိုလိုက်နာပါ၊ ဆရာညွှန်ပြတဲ့အတိုင်း တိတိကျကျလိုက်နာပါ၊ ဒါမှ ဘုန်းကြီးတို့ပေးတဲ့အမွေကို ပြည့်ပြည့်ဝဝ ရမယ်။

"ဖောင်းတယ်–ပိန်တယ် ရှုမှတ်နေတာက ကာယာနုပဿနာထဲမှာအကျုံးဝင်တယ်၊ ဖောင်းခိုက်မှာ ဝမ်းဗိုက်ဖောင်းတက်သွားတာကို သေသေချာချာသိအောင်ရှု၊ ဖောင်းစ, ဖောင်းလယ်, ဖောင်းဆုံး၊ ပိန်စ, ပိန်လယ်, ပိန်ဆုံး အပိုင်းပိုင်းပြတ်ပြီး ဖြစ်ပျက်သွားတာကို မြင်အောင်ရှုမှတ်ပါ၊ ဖောင်းတာကို ဖောင်းတယ်လို့ မှတ်တဲ့စိတ်၊ ပိန်တာကို ပိန်တယ်လို့မှတ်တဲ့စိတ်၊ စည်းဝါးကိုက်ကိုက် တစ်ထပ်တည်းကျအောင် ရှုမှတ်ပါနော်၊ အဲသလိုရှုမှတ်သွားနိုင်ရင် မကြာမီ သမာဓိဖြစ်လာလိမ့်မယ်"

www.burmeseclassic.com

www.burmeseclassic.com



## စိတ္တာနုပဿနာသို့

"စိတ်က အင်မတန်လျင်မြန်တယ်၊ လက်ဖျစ်တစ်တွက်၊ မျက်စိတစ်မှိတ် ကာလတွင်ပဲ စိတ်ကုဋေတစ်သိန်းမက ဖြစ်ပျက်သွားတယ်လို့ မြတ်စွာဘုရား ဟောကြားထားတယ်လေ၊ ပြီးတော့ စိတ်ဟာ အာရုံအမျိုးမျိုးမှာ လှည့်ပတ်ပြီး ကျက်စားနေလေ့ရှိတယ်၊ အာရုံတစ်ခုတည်းမှာနေအောင် စိတ်ကိုဖမ်းချုပ်ထား တဲ့အခါ တဖျပ်ဖျပ်ခုန်နေသလို စိတ်က ရုန်းကန်လှုပ်ရှားနေတယ်။

"ဒါကြောင့် ဒကာတို့...ဖောင်းတယ်, ပိန်တယ်ကို ရှုမှတ်လို့ ခဏကြာရင် ပဲ စိတ်က ငါရှုမှတ်နေတာ နည်းမှန်လမ်းမှန် ဟုတ်မှဟုတ်ပါ့မလားလို့ သံသယ ဝင်လာတတ်တယ်၊ ဖောင်း, ပိန်ကို ရှုမှတ်နေရုံနဲ့ တရားသိလာနိုင်တယ်ဆိုတာ ဖြစ်လာနိုင်ပါ့မလားဆိုတာကိုလဲ သံသယဝင်လာတတ်တယ်၊ တခြားနည်း တစ် မျိုးမျိုးကို ရှုမှတ်ဖူးသူတို့က ယခုနည်းက ယခင်နည်းလောက်ကောင်းပါ့မလား လို့လဲ သံသယဝင်လာတတ်တယ်၊ အဲသလိုသံသယဖြစ်ရင် သံသယဖြစ်တယ်လို့ မှတ်။

"ပြီးတော့တစ်ခါ စိတ်က ယခင်ကျက်စားဖူးတဲ့အာရုံတွေဆီ ရောက်ရောက် သွားတတ်တယ်၊ အိမ်ကိုစိတ်ကူးရောက်ရင် အိမ်စိတ်ကူးတယ်လို့မှတ်၊ ရုပ်ရှင်ရုံ ဆီ စိတ်ကူးရောက်ရင် ရုပ်ရှင်ရုံစိတ်ကူးတယ်လို့မှတ်၊ စားစရာတစ်ခုခုဆီ စိတ် ရောက်သွားရင် အဲဒီစားစရာကိုစိတ်ကူးတယ်လို့မှတ်၊ စိတ်ကူးထဲမှာ သူငယ်ချင်း ကို တွေ့ရင် တွေ့တယ်လို့မှတ်၊ စိတ်ကူးထဲမှာ တစ်စုံတစ်ယောက်နဲ့ စကားပြော ရင် ပြောတယ်လို့မှတ်၊ ဘာပဲစိတ်ကူးကူး စိတ်ကူးရင် စိတ်ကူးတယ်လို့မှတ်၊ ကြံ ရင် ကြံတယ်လို့မှတ်၊ တွေးရင် တွေးတယ်လို့မှတ်၊ ဆင်ခြင်ရင် ဆင်ခြင်တယ်လို့ မှတ်နော်။

"အဲသလို စိတ်ကူးတာ၊ ကြံစည်တာတွေကို သတိမမူမိလို့ စိတ်ကူးတယ်၊ ကြံ စည်တယ်လို့ တစ်ချက်နှစ်ချက်ရှုမှတ်လိုက်ရင် စိတ်ကူးအစဉ်က ပြတ်သွားတယ်၊ သတိမမူရင်တော့ စိတ်ကူးအစဉ်က အရှည်ကြီးဖြစ်နေမယ်၊ ရုပ်ရှင်ရုံသွားတယ် လို့ စိတ်ကူးမိရာကအစ လက်မှတ်ဝယ်တယ်၊ ရုံထဲဝင်ထိုင်တယ်၊ ရုပ်ရှင် စပြတယ်၊ မင်းသား မင်းသမီးတို့ ပြုမူပုံကို သဘောကျတယ်၊ ရုပ်ရှင်ဆုံးတဲ့အထိ စိတ်ကူးက ဆက်နေလိမ့်မယ်။

"စိတ်ကူးတာကို စိတ်ကူးတယ်လို့မှတ်ပြီး စိတ်ကူးအစဉ်ပြတ်သွားတဲ့အခါ ဖောင်းတယ် ပိန်တယ်လို့ ပြန်မှတ်ရမယ်၊ သတိကပ်ပြီး ကောင်းကောင်းရှုမှတ်နိုင် လာတဲ့အခါ အပြင်အကြောင်းအရာဆီ စိတ်ကူးစရောက်သွားတာနဲ့ တစ်ပြိုင်နက်

www.burmeseclassic.com

www.burmeseclassic.com



သတိမူပြီး သိသွားတယ်၊ အဲသလိုသိသွားတယ်ဆိုရင်ပဲ စိတ်ဟာအပြင်မထွက်တော့ဘဲ ဖောင်းတယ်, ပိန်တယ်ဆိုတဲ့ ချည်တိုင်မှာ ပြန်တည်နေပါတယ်။

"နွားသားလေးတစ်ကောင်ကို မိခင်နွားမမှ ခွဲထားပြီး တိုင်တစ်တိုင်မှာ ကြိုးခပ်ရှည်ရှည်နဲ့ချည်ထားတဲ့အခါ နွားသားလေးဟာ အငြိမ်မနေဘဲ ချည်တိုင်ကို ပတ်ပတ်ပြီးပြေးလွှားနေတော့တယ်လေ၊ ဟိုဘက်ပတ်လိုက် ဒီဘက်ပတ်လိုက်နဲ့ နောက်ဆုံး မောပန်းလာတဲ့အခါ ချည်တိုင်ရင်းမှာ ဝပ်စင်းပြီးနေရသလိုပဲ စိတ်ဟာလဲ ဖောင်းတယ်,ပိန်တယ်ဆိုတဲ့ချည်တိုင်မှာ သတိကြိုးနဲ့ချည်ထားတဲ့အခါ ဟိုအာရုံဆီပြေးလိုက်၊ ဒီအာရုံဆီပြေးလိုက်၊ အဲသလိုထွက်ပြေးတိုင်း သတိနဲ့ ပြန်ပြန်ခေါ်လိုက်တော့ နောက်ဆုံးယဉ်ပါးပြီး ချည်တိုင်မှာ ဝပ်စင်းနေပါတော့တယ်။

## ဝေဒနာနုပဿနာသို့

"ဒကာ ဒကာမတို့ ငြိမ်ငြိမ်ထိုင်နေပြီး ဝိပဿနာရှုမှတ်နေတဲ့အခါ ၁၀–မိနစ်၊ ၁၅–မိနစ်၊ နာရီဝက်လောက် ကြာတဲ့အခါမှာ ညောင်းတယ်၊ ကိုက်ခဲတယ်၊ ထုံကျဉ်တယ်၊ ယားတယ်၊ ပူတယ်၊ စူးတယ်၊ ထိုးတယ်၊ အောင့်တယ် စတဲ့ ဝေဒနာတစ်မျိုးမျိုး ဖြစ်ပေါ်လာတတ်တယ်။

"အဲသလိုဝေဒနာထင်ရှားဖြစ်ပေါ်လာတဲ့အခါ စိတ်က ဝေဒနာဆီကိုရောက်ရောက်နေမှာဖြစ်လို့ ဖောင်းတာပိန်တာကို မရှုမှတ်တော့ဘဲ ဝေဒနာကို စူးစိုက်ပြီးမှတ်ပါ။ ညောင်းရင် ညောင်းတယ်မှတ်၊ ကျဉ်ရင် ကျဉ်တယ်မှတ်၊ စူးရင် စူးတယ်မှတ်၊ အောင့်ရင် အောင့်တယ်မှတ်၊ ပူရင် ပူတယ်မှတ်၊ အေးရင် အေးတယ်မှတ်၊ ယားရင် ယားတယ်မှတ်၊ ဝေဒနာမပျောက်မချင်း ဝေဒနာကိုသာ စူးစိုက်ပြီးမှတ်ပါ။

"ဝေဒနာကိုရှုမှတ်တဲ့အခါ ဘုရားပေးတဲ့ဓားနဲ့ ဝေဒနာကို ခုတ်မွှန်းနေတယ်လို့ နှလုံးသွင်းပါဦး၊ အမှန်က ဝေဒနာဟာ အခဲလိုက်အပြင်လိုက် တစ်စပ်တည်းဖြစ်နေတာ မဟုတ်ဘူး၊ အပိုင်းလိုက် အစိတ်လိုက် ဖြစ်ဖြစ်ပြီး ပျက်ပျက်နေတာကို အမှတ်စိပ်နေရင် ထင်ထင်ရှားရှားမြင်သိနိုင်တယ်ကွဲ့၊ ဘုရားဓားနဲ့ ခုတ်မွှန်းဖန်များတော့ ဝေဒနာဟာ အစိတ်စိတ်အမြွှာမြွှာ ကြေမွကုန်တာပေါ့။ ဒါကြောင့် ဝေဒနာကို တင်းတင်းရင်းရင်း မှတ်နိုင်ရင် ဝေဒနာဟာ မှတ်နေဆဲမှာပဲ တဖြည်းဖြည်း မှေးမှိန်ကွယ်ပျောက်သွားတတ်တယ်။

"ဝေဒနာကို နိုင်အောင်ရှုမှတ်နိုင်ရင် သိပ်ကောင်းတယ်လေ၊ တစ်ကြိမ်နိုင်ရင် အောင်ပွဲတစ်ခါရတာပေါ့၊ အောင်ပွဲရလို့ ဝေဒနာပျောက်ကွယ်တဲ့အခါ မူလချည်တိုင်ဖြစ်တဲ့ ဖောင်းတယ်,ပိန်တယ်ကို ပြန်ရှုမှတ်ပါနော်၊ ဝေဒနာထပ်ပေါ်

www.burmeseclassic.com

www.burmeseclassic.com



ရင် ဝေဒနာကို စူးစိုက်ရှုမှတ်ပြန်တာပေါ့၊ စပေါ်စအချိန်မှာ ဝေဒနာသေးငယ်တုန်း ရှုမှတ်လိုက်ရင် ဝေဒနာဟာ ပြန်ကွယ်ပျောက်သွားတတ်ပါတယ်။

"သမာဓိအားကောင်းလာတဲ့အခါမှာ ဝေဒနာကို စူးစိုက်ပြီး သုံးလေးချက်ရှုမှတ်လိုက်ရင်ပဲ ဝေဒနာပပျောက်သွားတယ်။ ဆေးကြိမ်လုံးနဲ့ တို့လိုက်သလိုပါပဲကွယ်။ ဝေဒနာကို နိုင်လာတဲ့အခါ ဝိပဿနာထိုင်ရှုမှတ်ရမှာကို မကြောက်တော့ဘူး၊ အချိန်ကြာကြာရှုမှတ်ဖို့လဲ ဝန်မလေးတော့ဘူးလေ။

"ချမ်းသာတဲ့ဝေဒနာဖြစ်ပေါ်နေတဲ့အခါမှာလဲ ချမ်းသာတယ်၊ ချမ်းသာတယ်လို့မှတ်ပါနော်"

**အားမတန် မာန်လျှော့**

"ဝေဒနာဆိုးတွေကို ဘယ်သူမှရင်မဆိုင်ချင်ဘူး၊ လူတိုင်းက ချမ်းချမ်းသာသာ နေချင်တယ်၊ နာကျင်တယ်, ကိုက်ခဲတယ်, စူးအောင့်တယ်ဆိုရင် သည်းမခံချင်တော့ဘူး၊ ဝေဒနာပပျောက်သွားအောင် ခြေထောက်တွေကို ရွှေ့လျားပြီး ပြင်ထိုင်လိုက်ချင်တယ်။

"ဆရာတော်က ပြောတယ်၊ တပည့်တို့...ဝေဒနာပေါ်လာရင် သည်းခံကြ၊ သည်းခံမှ နိဗ္ဗာန်ရောက်မယ်နော်တဲ့၊ တပည့်တို့က နာနေတော့ သည်းမခံချင်ဘူး၊ ကော့ကရိတ်မှာ ဘုန်းကြီးတရားပြနေစဉ်အခါက **ကရင်အမျိုးသမီး** တစ်ယောက်တရားလာမှတ်တယ်၊ ဝေဒနာပြင်းထန်လာတော့ သူအံကြိတ်ပြီးရှုမှတ်တာ မျက်ရည်တောင် စီးကျလာတယ်၊ သူ တရားလျှောက်တော့..."

"ဆရာတော်ပြတဲ့တရားက တယ်နာသကိုး၊ တပည့်တော်မ သည်းမခံနိုင်တော့ဘူးတဲ့"

"အဲ...သည်းမခံနိုင်တဲ့အခါ ဝေဒနာဟာ ကြီးကြီးလာတယ်လို့ထင်ရတယ်၊ ကိုက်ခဲနေတဲ့ဝေဒနာဟာ ခြေထောက်ပြတ်ထွက်တော့မလောက် နာလာတတ်တယ်၊ ခြေထောက်ထုံကျဉ်နေတယ်ဆိုရင်လဲ ခြေထောက်ဟာ တိုင်လုံးကြီးအရွယ်လောက် ကြီးလာတယ်လို့ ထင်ရတတ်တယ်လေ။

"ဝေဒနာကို ဘယ်လိုမှသည်းမခံနိုင်တဲ့အခါ အားမတန် မာန်လျှော့လိုက်တာပေါ့၊ ခြေထောက်အနေအထားပြင်ချင်တာကို ပြင်လိုက်ပေါ့၊ ဒါပေမဲ့ ပြင်တဲ့အခါ **မုန့်လေမွေလုန်သလို ဖျတ်ခနဲမလှုပ်လိုက်ပါနဲ့၊** ပထမ ခြေထောက်ပြောင်းချင်တဲ့စိတ်ဖြစ်နေတာကို ပြောင်းချင်တယ်၊ ပြောင်းချင်တယ်လို့ မှတ်ပါ၊ ခြေထောက်ရွှေ့လျားတာကို ရွှေတယ်၊ ရွှေ့တယ်လို့မှတ်ပါ၊ ဖြည်းဖြည်းသာသာ လှည့်ပြောင်းပါနော်၊ ခြေလက်ရွှေ့လျားမှုအမှုအရာတိုင်းကို မျက်ခြည်မပြတ် သတိကပ်ပြီး ရှုမှတ်ပါ။

www.burmeseclassic.com

www.burmeseclassic.com



"ကိုယ်တစ်နေရာရာမှာ ယားယံနေတာကို သည်းမခံနိုင်တော့လို့ ကုတ်ချင်တယ်ဆိုရင် ကုတ်ချင်တယ်လို့မှတ်ပါ၊ လက်ကို မ,တင်လိုက်တဲ့အခါ မ,တယ် မ,တယ် မှတ်ပါ၊ လက်ရွှေ့သွားတဲ့အခါ ရွှေ့တယ်, ရွှေ့တယ်မှတ်ပါ၊ ကုတ်တဲ့အခါ ကုတ်တယ်, ကုတ်တယ်မှတ်ပါ၊ ကုတ်ပြီးလို့ လက်ပြန်ရုပ်သိမ်းတဲ့အခါ ရုပ်သိမ်းတယ်, ရုပ်သိမ်းတယ်လို့မှတ်ပါ"

## ဝေဒနာအောင်ပွဲ

"ဝေဒနာဆိုးကိုသည်းမခံနိုင်လို့ ကိုယ်အနေအထားကိုပြုပြင်တဲ့အခါ ခေတ္တခဏတော့ ဝေဒနာသက်သာသွားမယ်၊ ဒါပေမဲ့ မကြာပါဘူး၊ပြန်ပြီး ကိုက်ခဲလာတယ်, ထုံကျဉ်လာတယ်, ယားယံလာပြန်တာပဲ၊ ဝေဒနာကို သည်းမခံနိုင်လို့ ဝိပဿနာရှုမှတ်ခြင်းကို ရပ်တန့်လိုက်မယ်ဆိုရင်လဲ နောက်တစ်ကြိမ်ပြန်ရှုမှတ်တဲ့အခါ ယခင်သမာဓိအဆင့်ရောက်တာနဲ့ ဝေဒနာပြန်ပေါ်လာတာပဲ။

"ဒါကြောင့် ဝေဒနာကို သည်းမခံနိုင်လို့ ခဏခဏပြင်ထိုင်နေရင် သမာဓိထူထောင်ဖို့ ကြန့်ကြာသွားလိမ့်မယ်၊ သည်းမခံနိုင်လို့ ရပ်လိုက်မယ်ဆိုရင်လဲ တရားဟာ ရှေ့မဆက်နိုင်တော့ဘူး၊ ဒါကြောင့် ဝေဒနာကို ကျော်လွှားနိုင်အောင် ရှုမှတ်ရမယ်။

"ဝေဒနာဖြစ်ပေါ်လာတဲ့သဘောကို နည်းနည်းသုံးသပ်ကြည့်ပါဦး၊ သွေးလေ မညီညွတ်လို့ ဝေဒနာဖြစ်ပေါ်လာတာလဲ ရှိတယ်၊ ခြေထောက်များကို ကွေးညွှတ်ထားတဲ့အတွက် သွေးလည်ပတ်မှုနှောင့်နေးသွားလို့လဲ နာကျင်ကိုက်ခဲခြင်း ထုံကျဉ်ခြင်းတို့ ဖြစ်ပေါ်လာနိုင်တယ်၊ ခြေထောက်အလေးချိန်ဖိစီးနေလို့ ခြေမျက်စိနဲ့ ဒူးခေါင်းနေရာတို့မှာ နာကျင်လာတတ်တယ်၊ ကိုယ်အလေးချိန် ဖိကျနေတဲ့ တင်ပါးနှစ်ဖက်မှာလဲ နာကျင်လာတတ်တယ်၊ သို့မဟုတ် ပူလောင်စူးအောင့်လာတတ်တယ်။

"တချို့ဝေဒနာတွေက နဂိုမူလကတည်းက ရှိနေနှင့်တာပါ၊ တရားမမှတ်တုန်းက သမာဓိနည်းနေလို့ နာကျင်နေတာ သို့မဟုတ် ယားယံနေတာကို သတိမထားမိဘူး၊ တရားရှုမှတ်လို့ သမာဓိတက်လာတဲ့အခါမှ သတိထားမိတယ်၊ တကယ်လို့ တရားရှုမှတ်တာကို ရပ်ဆိုင်းလိုက်ရင် ဝေဒနာဟာ ချက်ချင်းပျောက်သွားတယ်၊ တရားရှုမှတ်နေတုန်း မျက်နှာပေါ်မှာ သို့မဟုတ် ကျောပြင်ပေါ်မှာ ပိုးကောင်ကလေးတွေ လျှောက်သွားနေသလို ယားယံနေတာဟာ ဒီလိုဝေဒနာမျိုးပဲ။

"ဒါကြောင့် တရားရှုမှတ်လို့ ပေါ်ပေါက်လာတဲ့ဝေဒနာတွေဟာ ခန္ဓာကိုယ်

www.burmeseclassic.com

www.burmeseclassic.com



ကို အန္တရာယ်ဖြစ်စေလောက်အောင် ပြင်းထန်တဲ့ဝေဒနာတွေမဟုတ်ပါဘူး၊ တုတ်နဲ့ ရိုက်တာလောက်၊ အပ်နဲ့ထိုးတာလောက် မနာကျင်ပါဘူး၊ သည်းခံပြီးရှုမှတ်နိုင်ရင် ဝေဒနာဟာ ပပျောက်သွားပါတယ်။

"သည်းခံပြီး ရှုမှတ်နိုင်ဖို့က ယောနိသောမနသိကာရခေါ်တဲ့ မှန်ကန်စွာ နှလုံးသွင်းမှုရှိရမယ်၊ မြတ်စွာဘုရားက ဗွေဆော်ဦးတရားဖြစ်တဲ့ ဓမ္မစကြာတရားကို ဟောကြားတဲ့အခါမှာ ပဉ္စုပါဒါနက္ခန္ဓာဒုက္ခာ၊ အကျဉ်းအားဖြင့် စွဲလမ်းအပ်သော ဤခန္ဓာငါးပါးသည် ဆင်းရဲခြင်းအမှန်ဖြစ်တယ်လို့ ဟောကြားခဲ့ပါတယ်။

"ဒါကြောင့် ဒီခန္ဓာဟာ ဆင်းရဲတုံးကြီး၊ ဓာတ်ကြီးလေးပါးနဲ့ဖွဲ့စည်းထားတဲ့ ဒီခန္ဓာကိုယ်ဟာ ဓာတ်တစ်ပါးပါးဖောက်ပြန်တာနဲ့ နာကျင်ကိုက်ခဲလာတော့တာပဲ၊ ဒါကြောင့် ဆင်းရဲတဲ့ဝေဒနာကို မြင်တွေ့ရတာဟာ ဘုရားဟောတဲ့ ဒုက္ခသစ္စာတရားကို မြင်တွေ့နေရတဲ့အတွက် ဝမ်းသာစရာဖြစ်လာတာပေါ့။

"ဘုန်းကြီး ဝိပဿနာတရား စ,ရှုမှတ်ချိန်မှာ ဝေဒနာဆိုးတွေ အကြီးအကျယ် ပေါ်ပါတယ်၊ တချို့ဝေဒနာတွေက ပြင်းထန်လွန်းလို့ ဘုန်းကြီး မျက်ရည် တောက်တောက်ကျပါတယ်၊ အသံထွက်ပြီး အော်ညည်းနေရတဲ့အခါလဲ ရှိခဲ့ပါတယ်၊ ဒါပေမဲ့ ဘုန်းကြီး လယ်သမားဘဝက ကင်းကိုက်လို့အော်ငိုနေရတဲ့ ဝေဒနာ၊ လည်ပင်းကို နွားဖွေ့လို့ ၂၁ ရက်လုံးလုံး အစာမစားရ၊ မအိပ်စက်ရဘဲ ကြိတ်မှိတ်ခံနေရတဲ့ဝေဒနာ၊ လှည်းမောင်းသွားရင်း ဒူးခေါင်းကို ငုတ်နဲ့တိုက်မိလို့ ဒူးခေါင်းဟက်တက်ကွဲပြီး မန်းလိုက်နေစဉ်အခါက သေမလောက်ပူလောင်လှတဲ့ဝေဒနာ စတဲ့ ဝေဒနာဆိုးတွေနဲ့နှိုင်းစာရင် တရားအားထုတ်လို့ပေါ်တဲ့ ဝေဒနာဟာ အသေးအမွှားပဲလို့ ဘုန်းကြီးနှလုံးသွင်းတယ်။

"ပြီးတော့တစ်ခါ ဆင်းရဲတဲ့ဝေဒနာပေါ်လာတာဟာ ဒုက္ခသစ္စာတရားကို ဖော်ပြပေးတာပဲလို့ ဘုန်းကြီးသဘောပေါက်လို့ စိတ်မဆိုးတဲ့အပြင် ဝမ်းတောင်သာမိပါတယ်၊ နောက်တစ်ချက်က ဝိပဿနာရှုမှတ်သူတွေအချင်းချင်း ဝေဒနာပေါ်တာ မတူကြဘူး၊ တချို့က ဝေဒနာပြင်းပြင်းထန်ထန်ပေါ်တယ်၊ တချို့က ဝေဒနာဆိုးတွေ လုံးဝမပေါ်ဘဲ ချမ်းချမ်းသာသာနဲ့ရှုမှတ်သွားနိုင်ကြတယ်။

"ဒါကြောင့် ဝေဒနာဆိုးတွေ များများပေါ်တာဟာ အတိတ်ဘဝက အကုသိုလ်ကံ ယခုဘဝကပြုလုပ်မိခဲ့တဲ့ အကုသိုလ်ကံနဲ့လဲ ဆက်စပ်နေတယ်လို့ ယူဆရတယ်၊ ဥပမာပြရရင် ဘုန်းကြီးထံမှာ တရားအားထုတ်ခဲ့တဲ့ တံခွန်တိုင်ရွာသား **မောင်သိန်းလှိုင်** ဟာ ဒီဘဝမှာ သတ္တဝါတော်တော်များများကို ညှဉ်းဆဲသတ်ဖြတ်ခဲ့တယ်။ ဒါကြောင့် တရားမှတ်လို့ သမာဓိအတော်အသင့်ရလာတဲ့အခါ မျက်စိမှိတ်လိုက်တာနဲ့ ငရဲသားတွေ လှံနဲ့လာထိုးလို့ ဝေဒနာမချိမဆံ့ခံရတယ်၊ သူဇြ

www.burmeseclassic.com

www.burmeseclassic.com



ထောက်ကိုလဲ ဓားနဲ့လာလှီးတယ်တဲ့၊ ဗိုက်ကြီးဖောင်းပွပြီး မရှုနိုင်မကယ်နိုင်တာလဲ ဖြစ်ရတယ်၊ နောက်ဆုံးမှာ ငရဲမီးအလောင်ခံလိုက်ရလို့ သူ့ရင်ဘတ်တစ်ခုလုံး တကယ်မီးလောင်တဲ့ဒဏ်ရာ ထင်သွားတယ်လေ။

"ဘုန်းကြီးတို့က မောင်သိန်းလှိုင်ကို ဒကာ...မကြောက်နဲ့၊ ဘုန်းကြီးမေတ္တာပို့နေတယ်လို့ စောင့်ရှောက်အားပေးပြီး တရားဆက်ရှုမှတ်စေတယ်၊ နောက်ဆုံးမှာ ဝေဒနာဆိုးအားလုံးကို သူကျော်လွှန်သွားနိုင်ပါတယ်။ တရားရှုမှတ်လို့ ငြိမ်းအေးတဲ့ချမ်းသာကိုလဲ သူခံစားရတယ်၊ အကုသိုလ်မိုက်ပြစ်တွေကို တရားနဲ့ပေးဆပ်နိုင်လိုက်တာပဲပေါ့လေ၊ ဝမ်းသာစရာမကောင်းဘူးလား၊ သူသာ တရားမရှုမှတ်ခဲ့ရင် သေခါနီးမှာ ငရဲနိမိတ်ထင်မှာ သေချာတယ်၊ သေသွားတဲ့အခါမှာလဲ ငရဲကျမှာ သေချာတယ်လေ။

**"ဒါကြောင့် ချမ်းသာကြီးကြီးကိုလိုချင်ရင် ဆင်းရဲကလေးတွေကို သည်းခံနိုင်ရမယ်။ ဆင်းရဲနဲ့ရင်းနှီးမှလဲ ချမ်းသာကြီးကြီးကို ရရှိတယ်လေ။**

"ဒါကြောင့် ဘုန်းကြီးက ဆင်းရဲတဲ့ဝေဒနာပေါ်လာရင် မတုန်လှုပ်မကြောက်ရွံ့ဘူး၊ ဝမ်းမြောက်ဝမ်းသာနဲ့ ရဲရဲဝံ့ဝံ့ရင်ဆိုင်တယ်၊ နာတယ်, နာတယ်လို့ သည်းခံပြီး ရှုမှတ်တော့ ဝေဒနာအောင်ပွဲကို ရရှိခဲ့ပါတယ်၊ ဘုန်းကြီးနည်းတူ သည်းခံရှုမှတ်ကြတဲ့ ယောဂီများလဲ ဝေဒနာအောင်ပွဲကိုခံယူကြရတာပဲကွဲ့၊ ဒကာတို့လဲ ယုံကြည်မှုသဒ္ဓါတရား, သည်းခံမှု ခန္တီတရားကို လက်ကိုင်ထားပြီး ကြိုးစားရှုမှတ်ကြရင် အောင်ပွဲခံရမှာပေါ့ကွယ်"

## ငါမယ်မှ အောင်ပွဲရ

"ဒကာ ဒကာမတို့ နာကျင်ကိုက်ခဲတဲ့ဝေဒနာတွေကို မခံမရပ်နိုင်အောင် ဖြစ်ရတဲ့အကြောင်းရင်းတစ်ခုက ငါနာတယ်လို့ ထင်မှတ်နေတဲ့အကြောင်းပဲကွဲ့၊ **အနတ္တလက္ခဏာ** သုတ်တော်မှာ မြတ်စွာဘုရားက ငါမရှိဘူးဆိုတဲ့အကြောင်းကို ဒီလိုဟောထားသကွဲ့...

"သတ္တဝါတစ်ဦးဟာ ရုပ်, ဝေဒနာ, သညာ, သင်္ခါရ, ဝိညာဉ်ဆိုတဲ့ ခန္ဓာငါးပါးနဲ့ ဖွဲ့စည်းထားတယ်ကွဲ့၊ ရုပ်ဆိုတဲ့ ဒီကိုယ်ကောင်ဟာ အာရုံကိုသိတတ်တဲ့ သဘောမရှိဘူး၊ ဒါကြောင့် ပုဂ္ဂိုလ်, သတ္တဝါ, ငါ မဟုတ်ဘူးကွဲ့၊ သူ့သဘာဝ အလျောက် တစ်ရံမစဲဖြစ်ပြီးပျက်နေတဲ့ တရားပဲကွဲ့။

"ဝေဒနာဆိုတဲ့ ခံစားမှုအစုကလဲ ပုဂ္ဂိုလ်, သတ္တဝါ, ငါမဟုတ်ဘူးကွဲ့၊ အကြောင်း မညီညွတ်လို့ နာကျင်ကိုက်ခဲတာ ဖြစ်လာတယ်၊ ဖြစ်ပြီးတော့လဲ ပျက်သွားတာပဲကွဲ့၊ ဖြစ်ဖြစ်ပြီး ပျက်ပျက်နေတာဟာ သိပ်မြန် သိပ်စိပ်လို့ တစ်ဆက်

www.burmeseclassic.com

www.burmeseclassic.com



တည်း မရပ်မနား နာကျင်နေတာပဲလို့ ထင်မှတ်မိခြင်းဖြစ်တယ်ကွဲ့၊ သမာဓိကောင်းကောင်းနဲ့ ဝေဒနာကိုရှုမှတ်နိုင်လာတဲ့အခါ ဝေဒနာတွေဟာ ရေပန်းလို တဖွားဖွားဖြစ်ပြီး ရုတ်ခြည်းပဲ တဖွားဖွားပျက်နေတာကို တွေ့ရတယ်ကွဲ့။

"သညာဆိုတဲ့မှတ်သားမှုအစု၊ သင်္ခါရဆိုတဲ့ ပြုပြင်စီရင်မှုအစု၊ ဝိညာဉ်ဆိုတဲ့ သိမှုအစု (စိတ်) တို့ကလဲ အကောင်အထည်မရှိကြလို့ ပုဂ္ဂိုလ်, သတ္တဝါ, ငါလို့ မဆိုနိုင်ဘူးပေါ့ကွယ်၊ သူတို့လဲ အကြောင်းညီညွတ်လို့ ဖြစ်ပေါ်လာကြတယ်၊ ဖြစ်ပြီးရင်လဲ ချက်ချင်းပဲ ပျက်စီးသွားကြတယ်၊ ဖြစ်ပျက်–ဖြစ်ပျက်–ဖြစ်ပျက်တွေက သိပ်မြန်တော့ တို့က တစ်ချိန်လုံးသိနေတယ်လို့ ထင်မိကြတယ်။

"ရုပ်တရားက အကောင်အထည်ရှိတယ်၊ အာရုံကို သိတတ်တဲ့သဘောမရှိဘူး၊ ဝေဒနာ, သညာ, သင်္ခါရ, ဝိညာဉ်တို့က အာရုံကို သိတတ်ကြတယ်၊ ဒါပေမဲ့ အကောင်အထည်မရှိဘူး၊ ဒီလေးပါးကိုပေါင်းပြီး နာမ်လို့ခေါ်တယ်။ ဒါကြောင့် ခန္ဓာငါးပါးကို အကျဉ်းချုပ်လိုက်ရင် ရုပ်နာမ်နှစ်ပါးသာ ရတယ်။

"ရုပ်နာမ်နှစ်ပါးဟာ မပျက်စီးဘဲ တည်မြဲနေကြတဲ့ 'ငါကောင်'၊ 'လိပ်ပြာကောင်'၊ 'ဝိညာဉ်ကောင်' များ မဟုတ်ကြဘူး၊ ခဏမစဲ တဖြစ်တည်းဖြစ်ပြီး တစ်ပျက်တည်းပျက်နေကြလို့ မတည်မြဲတဲ့ **အနိစ္စတရား** များ ဖြစ်ကြတယ်၊ မတည်မြဲဘဲ တစ်ပျက်တည်းပျက်နေကြတဲ့ အခြင်းအရာဟာ တို့ကိုပင်ပန်းဆင်းရဲအောင် နှိပ်စက်နေတာနဲ့ အတူတူပဲ၊ ဒါကြောင့် ရုပ်နာမ်နှစ်ပါးဟာ **ဒုက္ခတရား** များလဲ ဖြစ်ကြတယ်။

"တစ်ဖန် 'ရုပ်ကောင်းနာမ်ကောင်းတွေသာ ဖြစ်ပါစေ၊ ရုပ်ဆိုးနာမ်ဆိုးတွေ မဖြစ်ပါစေနဲ့လို့' တို့ လိုချင်တောင့်တလို့လဲ မရဘူး၊ စီမံခန့်ခွဲလို့လဲ မရဘူး၊ ရုပ်ကောင်း နာမ်ကောင်းတွေဖြစ်ပြီးတော့ မပျက်ပါစေနဲ့လို့လဲ တားမြစ်လို့မရဘူး၊ သူ့သဘာဝအလျောက် အကြောင်းတိုက်ဆိုင်လို့ ဖြစ်ပေါ်လာပြီးတော့ ချက်ချင်းပဲ ပျက်ပျက်သွားကြတယ်၊ ဒါကြောင့် ခန္ဓာငါးပါးဆိုတဲ့ ရုပ်နာမ်တရားတို့ဟာ မိမိအလိုအတိုင်း ဖြစ်စေနိုင်တဲ့ အတ္တသဘောများမဟုတ်ဘဲ **အနတ္တသဘောများ** သာ ဖြစ်ကြသတဲ့။

"ဒကာ ဒကာမတို့ ... ဒီခန္ဓာငါးစု၊ တစ်နည်း ရုပ်နာမ်နှစ်စုတို့ဟာ ခဏမစဲ ပြောင်းလဲဖောက်ပြန်တတ်ကြတဲ့ အနိစ္စတရားများဖြစ်ကြတာနဲ့ အညီ နှစ်သက်သာယာဖွယ်ရာ ချမ်းသာသုခများ မဟုတ်ကြဘူးနော်၊ ရွံမုန်းငြီးငွေ့ဖွယ်ရာ ဆင်းရဲဒုက္ခချည်းဖြစ်ကြတာကို မှတ်ပါ၊ ဒါကြောင့် ဒီခန္ဓာငါးစုကို 'ငါ့ဟာပဲ၊ ငါပဲ၊ ငါ၏ အတ္တပဲ' လို့ ရှုမြင်သုံးသပ်ဖို့ရာ မထိုက်ဘူး၊ ငါရှိနေတယ်လို့ မထင်မှတ်ကြနဲ့၊ ငါ မရှိတော့ ငါပိုင်တဲ့ ကိုယ်ခန္ဓာလဲ မရှိဘူး၊ ငါခံစားတယ်လို့လဲ မရှိဘူးပေါ့။

www.burmeseclassic.com

www.burmeseclassic.com



"ဒီလိုဆိုရင် ဒကာ ဒကာမတို့ တရားမှတ်လို့ နာကျင်ကိုက်ခဲတဲ့ ဝေဒနာ ပေါ်လာတဲ့အခါ ငါနာနေတယ်လို့ နှလုံးသွင်းသင့်သလား"

"နှလုံးမသွင်းသင့်ပါဘုရား"

"ငါနာနေတယ်မဟုတ်ဘူးဆိုရင် ဘယ်လိုရှုမှတ်ရမလဲ"

"နာတယ်, နာတယ်လို့ ရှုမှတ်ရပါမယ်ဘုရား"

"အေး...ရုပ်ဖောက်ပြန်လို့ နာဖို့အကြောင်းပေါ်လာတယ်၊ နာဖို့အကြောင်း ပေါ်လာလို့ စိတ်ထဲမှာ နာတာကိုသိတဲ့ ဝေဒနာစေတသိက်ဖြစ်လာတယ်၊ ဒီလို နာတာ သိတာဆိုတဲ့ သဘောနှစ်ခုဟာ သူ့သဘာဝအလျောက် ဖြစ်ဖြစ်ပြီး ပျက် ပျက်နေကြတဲ့တရားတွေပဲ၊ ငါမရှိဘူး၊ ငါနာနေတာမဟုတ်ဘူးလို့ သေသေချာချာ ပြတ်ပြတ်သားသား သိမြင်နေရင် ငါ၀င်မပါတော့ဘူး၊ နာတာနဲ့သိတာ အစုံလိုက် ဖြစ်ပျက်နေတာကို ဘေးက ပွဲကြည့်ပရိသတ်တစ်ဦးအနေနဲ့ ရှုမှတ်နေနိုင်တော့ တာပေါ့။

"ငါမရှိဘဲနဲ့ ငါနာတယ်လို့ရှုမှတ်နေရင် ဘာဖြစ်မလဲ"

"မခံသာတော့ဘူး ဘုရား"

"အေး...အေး၊ ငါနာနေရင် ငါမခံသာတော့ဘူးပေါ့လေ၊ ဗုဒ္ဓမြတ်စွာက **အတ္တသမံ ပေမံ နတ္ထိ၊ မိမိနဲ့တူတဲ့ချစ်သူ မရှိ၊** မိမိကိုအချစ်ဆုံးလို့ ဟောထားတာ ကို၊ အဲဒီတော့ ငါနာနေရင် ဘယ်ခံနိုင်မလဲ၊ ဟော့...ငါနာနေတယ်၊ တော်တော့ လို့ တရားရှုမှတ်တာကို ရပ်လိုက်ချင်ပြီပေါ့၊ အဲ...နာတာကိုသည်းမခံနိုင်တော့ ဒေါမနဿဝေဒနာ–စိတ်ဆင်းရဲခြင်း ဖြစ်လာတယ်ကွဲ့၊ အစက ဒုက္ခဝေဒနာ– ကိုယ်ဆင်းရဲရုံပဲလေ၊ ဟော...အခု ဒေါမနဿဝေဒနာ–စိတ်ဆင်းရဲခြင်းပါ လိုက် လာပြီ၊ ဆင်းရဲခြင်းနှစ်ထပ်ကွမ်းဖြစ်လာတော့ ဒကာတို့သည်းခံနိုင်စွမ်းရှိကြသ လား"

"သည်းမခံနိုင်ပါ...ဘုရား"

"သည်းမခံနိုင်တော့ တရားရှုမှတ်တာကို တော်လိုက်ချင်ပြီမဟုတ်လား၊ အေး...ဒါကြောင့် ရုပ်ခန္ဓာတစ်နေရာရာမှာ နာနေတာကို ငါနာတယ်လို့ မမှတ် ယူကြနဲ့၊ ငါ မရှိဘူး၊ နာတာနဲ့သိတာပဲရှိတယ်လို့ သဘောပေါက်ပြီးရှုမှတ်နေရင် ဝေဒနာမှာသာ သတိကပ်ပြီး အမှတ်ကောင်းလာလိမ့်မယ်၊ အမှတ်ကောင်းလာ လျှင် **ပါမောဇ္ဇ** ဆိုတဲ့ ဝမ်းမြောက်မှု၊ **ပီတိ** ဆိုတဲ့နှစ်သက်မှု၊ **ပဿဒ္ဓိ** ဆိုတဲ့ ငြိမ်းအေး မှုတွေ ဖြစ်လာလိမ့်မယ်။ ပဿဒ္ဓိဖြစ်လာလျှင် **လဟုတာ** ဆိုတဲ့ စိတ်စေတသိက် တွေ ပေါ့ပါးသွက်လက်မှု၊ **မုဒုတာ** ဆိုတဲ့စိတ်စေတသိက်တို့ နူးညံ့ပျောင်းအိမှု၊ **ကမ္မညတာ** ဆိုတဲ့ စိတ်စေတသိက်တို့ ကောင်းမွန်ခန့်ညားမှုစတဲ့ စေတသိက်တွေ

www.burmeseclassic.com

www.burmeseclassic.com



လဲ အတူတကွတွဲဖက်လာတယ်၊ အဲဒီ ပဿဒ္ဓိစတဲ့တရားတွေ ဖြစ်လာတဲ့အခါ **သုခ** ဆိုတဲ့ ချမ်းသာမှုကိုခံစားရတယ်၊ သုခဖြစ်လာလျှင် **သမာဓိ** ဆိုတဲ့ စိတ်တည်ကြည်မှုဖြစ်လာတယ်၊ အဲဒီတရားကောင်းတွေ ရှင်သန်ထက်သန်လာကြလို့ အနော်တတ်ရေအိုင်ထဲမှာ ဆင်းစိမ်နေရသလို အင်မတန်အေးချမ်းသွားတော့တယ်ကွဲ့။

"ဒကာ ဒကာမတို့...ဝေဒနာကို မကြောက်ကြနဲ့၊ ဝေဒနာကို သည်းခံပြီး ဝေဒနာကိုရှုမှတ်ရတဲ့အတွက် ငါ့သမာဓိမြန်မြန်ရင့်ကျက်ပြီး အင်မတန်အေးချမ်းတဲ့ခံစားမှုတွေကို မကြာခင်ကိုယ်တိုင်ကြုံတွေ့ရတော့မှာပဲလို့ စိတ်ကိုလန်းလန်းဆန်းဆန်းထားပြီး ဖွဲရှိရှိနဲ့ရှုမှတ်ပါ၊ ဝေဒနာကို ကျော်လွန်သွားတာနဲ့တစ်ပြိုင်နက် ချမ်းသာသုခကို တွေ့ရမှာပါ၊ ကဲ...လိုက်ဆိုကြ။

**ဤကိုယ်ကာယ၊ တစ်လံမျှဩ၊ နှစ်ဝနာမ်ရုပ်၊ ဖြစ်၍ချုပ်၏။**
**ရုပ်နာမ်နှစ်ပါး၊ အလွတ်ထား၍၊ ဤကားလိပ်ပြာ၊ ဤကားငါနှင့်**
**ဤမှာစိဝ၊ ဤအတ္တဟု၊ ညွှန်ပြဖို့ရာ၊ မရှိပါသည်၊**
**ခန္ဓာနာမ်ရုပ်မျှပါတကား။**
**နာမ်ရုပ်တရား၊ ဤနှစ်ပါးလည်း၊ ရှည်လျားကာလ၊ မတည်ကြဘဲ၊**
**ခဏဖြစ်လျက်၊ ခဏပျက်၍၊ နှိပ်စက်ခြင်းရာ၊ လိုမပါဘူး၊**
**သဘာဝအား၊ ဤသုံးပါးကြောင့်၊ ဖြစ်ပွားသမျှ၊ အနိစ္စသည်၊**
**ဒုက္ခအနတ္တပါတကား။**

"ဒီလင်္ကာနှစ်ပိုဒ်ဟာ **တိပိဋကဓရဆရာတော် အရှင်ဝိစိတ္တသာရာဘိဝံသ** စပ်ဆိုခဲ့တဲ့ ဓမ္မလက်ဆောင်တွေပဲ၊ ဒါတွေကို သဘောပေါက်နားလည်ပြီးတော့ ဝိပဿနာရှုမှတ်သွားရင် ခန္ဓာငါးစုဟာ ငါ့ဟာမဟုတ်၊ ငါမဟုတ်၊ ငါ့ရဲ့အတ္တမဟုတ်၊ အနိစ္စ, ဒုက္ခ, အနတ္တသဘောချည်းပဲ ဖြစ်ကြတယ်ဆိုတာကို အမှန်အတိုင်းသိမြင်လာမယ်။

"အမှန်အတိုင်း သိမြင်တဲ့ယောဂီဟာ ခန္ဓာငါးစုမှာ ငြီးငွေ့တဲ့ဉာဏ်ဖြစ်ပေါ်လာမယ်၊ ငြီးငွေ့ရင် တပ်မက်ခြင်းကင်းပြီး အရိယာမဂ်ဉာဏ်ဖြစ်ပေါ်လာမယ်။ တပ်မက်ခြင်း တဏှာကင်းချုပ်ပြီး အရိယာမဂ်ဉာဏ်ဖြစ်ပေါ်ရင် ကိလေသာအနှောင်အဖွဲ့မှလွတ်မြောက်တော့မယ်၊ ကိလေသာအနှောင်အဖွဲ့မှ လွတ်မြောက်ရင် ဘဝသစ်ဖြစ်ပေါ်မှု ကုန်ပြီ၊ ဆင်းရဲမှုငြိမ်းအေးပြီး ထာဝရချမ်းသာတဲ့သန္တိသုခကို ခံစားရပြီလို့ ဆင်ခြင်ကာ သိလာပါတော့တယ်ဒကာ ဒကာမတို့"

## မတ်တတ်ရပ်၍ ရှုမှတ်နည်း

တော်ကူးဆရာတော်ဦးနန္ဒိယသည် အသက် ၇၀-အရွယ်ကျမှ ဝိပဿနာတရားကို စတင်ရှုမှတ်ခဲ့၏။ ထိုစဉ်အခါက ဆရာတော်အား မူးဝေခြင်းရောဂါ,

www.burmeseclassic.com

www.burmeseclassic.com



မုတ္တရောဂါ, ပေါင်ကြောဆွဲရောဂါ, နှင်းခူရောဂါ စသည့်ရောဂါမျိုးစုံ နှိပ်စက်နေသဖြင့် ဆရာတော်သည် ထိုင်၍တရားမရှုမှတ်နိုင်ဘဲ မတ်တတ်ရပ်သည့်ဣရိယာပုထ်ဖြင့်ပင် တရားရှုမှတ်ခဲ့သည်။ ထိုမှတစ်ဖန် ဣရိယာပုထ်ကို သုံးနာရီ၊ လေးနာရီ၊ ငါးနာရီစသည်ဖြင့် မပြောင်းလဲဘဲ ကြာကြာရှုမှတ်သည့်အတွက် မိမိ၏ရောဂါဝေဒနာများ ပျောက်ကင်းသွားကြသည်ကို အံ့သြဖွယ်ရာတွေ့ရှိရသည်။

ဤသို့အောင်ပွဲရခဲ့သည့်အတွက် ဆရာတော် တရားညွှန်ပြသည့်အခါ၌ ရောဂါရှိသူတို့အား မတ်တတ်ရပ်သည့် ဣရိယာပုထ်ဖြင့် ကြာကြာရှုမှတ်နိုင်အောင် နည်းညွှန်ပြပေး၏။ ထိုအခါ ရောဂါနှင့်ဆက်စပ်သည့်ဝေဒနာများ လျင်မြန်စွာပေါ်လွင်လာသည်ကို တွေ့ရ၏။ ထိုပေါ်လာသောရောဂါဝေဒနာကို စူးစိုက်ကာ အဖန်ဖန်ရှုမှတ်စေခြင်းဖြင့် ရောဂါများ မကြာမတင်ပျောက်ကင်းသွားကြသည်ကိုလည်း ကြုံတွေ့ရ၏။

ထိုင်၍ရှုမှတ်ဖန်များလာသည့်အခါ တင်ပါးနှစ်ဖက်၌ မခံမရပ်နိုင်အောင် နာကျင်ကိုက်ခဲစပ်လာတတ်၏။ ဤအခါမျိုး၌လည်း မတ်တတ်ရပ်၍ တစ်လှည့်ရှုမှတ်ရန် သင့်လျော်၏။ ထိနမိဒ္ဓဖိစီး၍ ငိုက်မျဉ်းနေသူတို့အတွက် မတ်တတ်ရပ်သော ဣရိယာပုထ်သည် သင့်လျော်၏။

ဤသို့သော အကျိုးကျေးဇူးများကြောင့် တော်ကူးရိပ်သာ၌ ယောဂီများသည် ထိုင်၍လည်းကောင်း၊ ထ၍လည်းကောင်း တရားရှုမှတ်ကြ၏။ မတ်တတ်ရပ်၍ တရားရှုမှတ်သည့်အခါ ခြေဖဝါးနှစ်ဖက်ကို တစ်မိုက်ခန့်ခွာထားပြီး ကိုယ်ကို မတ်မတ်ထား၍ ခိုင်မြဲအောင်ရပ်လျက် ရှုမှတ်ရ၏။ မျက်စိကိုမှိတ်ပြီး လက်နှစ်ဖက်ကို ဘေး၌ချထားနိုင်၏။ အသက်မှန်မှန်ရှူရှိုက်နေခိုက်၌ ဝမ်းဗိုက် ဖောင်းလာ, ပိန်လာသည်ကို သတိကပ်လျက် ဖောင်းတယ်, ပိန်တယ် ရှုမှတ်ပုံမှာ ထိုင်၍ရှုမှတ်သည့်အတိုင်းပင် ဖြစ်၏။

အမှန်မှာ မတ်တတ်ရပ်၍ရှုမှတ်ခြင်းသည် ထိုင်၍ရှုမှတ်ခြင်းထက် ပိုခက်၏။ မတ်တတ်ရပ်၍ရှုမှတ်ရသည့်အခါ၌ ခန္ဓာကိုယ်တစ်ခုလုံး၏ အလေးချိန်သည် ဧရိယာငယ်သည့် ခြေဖဝါးနှစ်ဖက်ပေါ်မှာ စုပြုံ၍ကျရောက်သည့်အတွက် မကြာမြင့်မီပင် ခြေဖဝါးများပူလောင်ကျိန်းစပ်လာတတ်၏။ ဝေဒနာပြင်းထန်လာသည့်အခါ ခြေဖဝါးတို့ကို သံချွန်နှင့်ထိုးမွှေလိုက်သည့်ပမာ နာကျင်စူးရှလှ၏။ ခြေဖဝါးတို့မှ အထက်ဘက်သို့ လျှံတက်သွားသောအပူငွေ့တို့သည် ငယ်ထိပ်တိုင်အောင် ပူလောင်၏။

သို့စေကာမူ အချို့သောယောဂီများသည် မတ်တတ်ရပ်သည့် ဣရိယာပုထ်ကို နှစ်သက်ကြ၏။ ဤဣရိယာပုထ်ဖြင့် ရှုမှတ်ကြသည့်အခါ ထိုင်သောဣရိယာ

www.burmeseclassic.com

www.burmeseclassic.com



ပုထ်ထက်ပင် အချိန်ပိုရှည်ကြာစွာ တရားရှုမှတ်နိုင်ကြ၏။ လေဖြတ်ခံထားသော ယောဂီများအတွက် မတ်တတ်ရပ်သည့် ဣရိယာပုထ်သည် အသင့်တော်ဆုံး ဖြစ်ပေ၏။

## လျောင်းသည့် ဣရိယာပုထ်

တော်ကူးရိပ်သာ၌ လျောင်းသည့်ဣရိယာပုထ်ဖြင့် တရားရှုမှတ်နေသော သူများကိုလည်း မြင်တွေ့ရ၏။ ဤဣရိယာပုထ်ဖြင့် တရားရှုမှတ်ခြင်းသည် ကျွန်တော်၏ အတွေ့အကြုံအရ အခက်ဆုံးဖြစ်၏။ ဖျာပေါ်၌ ပက်လက်လှန်လျောင်းအိပ်ပြီး ခြေကိုဆန့်၊ လက်နှစ်ဖက်ကို ဘေး၌ချကာ မျက်နှာကို အပေါ်တည့်တည့်လှန်၍ ရှုမှတ်ရ၏။

လျောင်းနေခိုက် အသက်ရှူရှိုက်သည့်အခါ ဝမ်းဗိုက်ဖောင်းခြင်း, ပိန်ခြင်းသည် အလွန်ထင်ရှား၏။ မထင်ရှားလျှင် ဝမ်းဗိုက်ပေါ်၌ လက်တင်ထားပါက ထင်ထင်ရှားရှား သိမြင်နိုင်၏။ မျက်စိမှိတ်လျက် ယခင်အတိုင်းပင် "ဖောင်းတယ်...ပိန်တယ်"ဟု ရှုမှတ်ရမည်။

ထိုသို့ရှုမှတ်၍ အသင့်အတင့်ကြာညောင်းလာသည့်အခါ ဦးခေါင်း၏နောက်စေ့နေရာ၌သော်လည်းကောင်း၊ ခြေဖနောင့်နှစ်ဖက်၌သော်လည်းကောင်း၊ ကျောနှင့်တင်ပါးတို့၌သော်လည်းကောင်း နာကျင်သည့်ဝေဒနာ သို့မဟုတ် ပူလောင်သည့်ဝေဒနာ ထင်ပေါ်လာ၏။ ထိုအခါ အထက်၌ဖော်ပြခဲ့သည့်အတိုင်း ဝေဒနာနုပဿနာကို ဆက်လက်ရှုပွားသွားရပေမည်။

လျောင်း၍ရှုမှတ်သည့်အခါ အနီးစပ်ဆုံးရန်သူမှာ ငိုက်မျဉ်းခြင်းပင်ဖြစ်၏။ လုံ့လအားစိုက်မှုနည်းလျှင် မကြာမီအိပ်ပျော်သွားပေလိမ့်မည်။ တရားကောင်း၍ နိုးကြားနေသည့်အခါမျိုး၌ အိပ်ပျော်ခြင်းမရှိဘဲ နာရီများစွာရှုမှတ်နိုင်ပါသည်။

ဖျားနာသူ၊ အင်အားချည့်နဲ့သူတို့အတွက် လျောင်းသည့်ဣရိယာပုထ်သည် သင့်လျော်၏။ နောက်ဆုံးအချိန် သေရာညောင်စောင်း၌ လဲလျောင်းနေရသည့်အခါ ဤဣရိယာပုထ်ဖြင့်ပင် တရားရှုမှတ်ရမည်မဟုတ်ပါလော။ ထို့ကြောင့် ပွဲမဝင်မီ ကြိုတင်ကျင့်ပထားသည့်အနေဖြင့်လည်း လေ့ကျင့်ကာ တရားရှုမှတ်ထားသင့်ပါတော့၏။

## စင်္ကြံလျှောက်၍ မှတ်နည်း

စင်္ကြံလျှောက်ခြင်းသည် အညောင်းပြေ၍ ဣရိယာပုထ်လေးပါးကို မျှတစေ၏။ ထိုင်ခြင်း၊ ရပ်ခြင်း၊ လျောင်းခြင်းစသည့် ဣရိယာပုထ်တစ်မျိုးဖြင့် တရားရှုမှတ်ပြီးတိုင်း တစ်နာရီခန့် စင်္ကြံလျှောက်ပေးသင့်၏။

www.burmeseclassic.com

www.burmeseclassic.com



စကြံလျှောက်ခြင်းသည် ကာယာနုပဿနာတွင် အကျုံးဝင်၏။ အရှင်အာနန္ဒာသည် ဣရိယာပုထ်လေးပါးမှလွတ်၍ ရဟန္တာအဖြစ်သို့ရောက်ရသည်ဟုဆိုသော်လည်း အရဟတ္တမဂ်ဖိုလ်ကို ပေါက်မြောက်ကာ ဆဋ္ဌာဘိညရဟန္တာအဖြစ်သို့ ဆိုက်ရောက်အောင် ပထမအကြိမ် သင်္ဂါယနာမတင်မီညဉ့်၌ ညဉ့်လုံးပေါက် စကြံလျှောက်၍ တရားရှုမှတ်ခဲ့ရ၏။

ထိုင်နေရာမှ မတ်တတ်ရပ်ရန်ကြံသောအခါ 'ထချင်တယ်–ထချင်တယ်' ဟု မှတ်။ ထသည့်အခိုက်၌ 'ထတယ်–ထတယ်' ဟုမှတ်။ ရပ်နေသည့်အခိုက်၌ 'ရပ်တယ်–ရပ်တယ်' ဟု မှတ်။ ထို့နောက် ခြေလှမ်းရန်ကြံသောအခါ 'လှမ်းချင်တယ်–လှမ်းချင်တယ်' ဟု မှတ်။ ခြေလှမ်းသွားစဉ်အခါ၌ 'လှမ်းတယ်' သို့မဟုတ် 'ဘယ်လှမ်းတယ်–ညာလှမ်းတယ်' ဟု မှတ်။ ထိုသို့မှတ်စဉ်အခါ၌ သတိနှင့်အသိစိတ်တို့သည် လှုပ်ရှားနေသည့်ခြေထောက်ကို စူးစိုက်ထားရပေမည်။

ဖြည်းညင်းစွာစကြံလျှောက်သည့်အခါ၌ ရှေးဦးစွာ ခြေတစ်လှမ်းစီတွင် 'ကြွတယ်–လှမ်းတယ်' ဟု နှစ်ချက်မှတ်ပါ။ ဤသို့ကောင်းစွာရှုမှတ်နိုင်လာသည့်အခါ ခြေတစ်လှမ်းစီတွင် 'ကြွတယ်–လှမ်းတယ်–ချတယ်' ဟု သုံးချက်မှတ်ပါ။ စကြံလမ်းအဆုံးသို့ရောက်၍ ရပ်သည့်အခါ 'ရပ်တယ်–ရပ်တယ်' ဟု မှတ်။ ကိုယ်ကို နောက်ပြန်လှည့်သည့်အခါ 'လှည့်တယ်–လှည့်တယ်' ဟု မှတ်။ လှည့်ပြီးလျှင် 'ရပ်တယ်–ရပ်တယ်'၊ ထို့နောက် 'လှမ်းချင်တယ်–လှမ်းချင်တယ်'၊ ထို့နောက် တစ်ဖန် 'ကြွတယ်–လှမ်းတယ်–ချတယ်' ဟု မှတ်ပါလေ။

## ပရမတ်ဆိုက်အောင် မှတ်ပါ

ဖောင်းတယ်–ပိန်တယ်ဟု ရှုမှတ်နေသည့်အခါ၌ ဝမ်းဗိုက်ဖောင်းတက်သွားပုံနှင့် ပိန်ကျသွားပုံတို့ကို ထင်ရှားစွာသိအောင် ရှုမှတ်ရသဖြင့် ဝမ်းဗိုက်သဏ္ဌာန်ပညတ်ကိုသိမှတ်ရာမရောက်လေဟု မေးဖွယ်ရာရှိ၏။ ပညတ်ဆိုသည်မှာ အမှန်ရှိသည့်တရားမဟုတ်။ ပညတ်ကို ရှုမှတ်နေသည့်အတွက် မဂ်ဖိုလ်မရနိုင်။ အမှန်ရှိသည့် ပရမတ်တရားသို့ဆိုက်အောင် ရှုမှတ်နိုင်ပါမှ မဂ်ဖိုလ်သို့ဆိုက်ရောက်နိုင်သည်ဟု စောဒကတက်ဖွယ်ရာရှိ၏။

မှန်၏။ သို့သော် အားထုတ်ခါစ၌ ပညတ်ကို လုံးလုံးဖျောက်၍ရှုမှတ်ရန် မဖြစ်နိုင်။ ပညတ်ကိုပါ ထင်ထင်ရှားရှားသိ၍ ရှုမှတ်မှသာလျှင် သမာဓိနှင့်သတိဉာဏ် ရင့်သန်လွယ်ပေသည်။ ဉာဏ်ရင့်သန်သည့်အခါ၌ကား ပညတ်အာရုံအလုံးစုံ ကွယ်ပျောက်၍ ပရမတ်သဘော၌သာ အသိဉာဏ်ရောက်လျက်ရှိလိမ့်မည်ဟု မဟာစည်ဆရာတော် ရှင်းလင်းပြခဲ့၏။

www.burmeseclassic.com

www.burmeseclassic.com



'ဖောင်းတယ်-ပိန်တယ်'ဟု ရှုမှတ်နေသည့်အခိုက်၌ ပရမတ်သဘောများကား အဘယ်နည်း။ ဖောင်းခြင်း, ပိန်ခြင်းသည် ရုပ်တရား၏ ဖောက်ပြန်ရွေ့လျားခြင်းကို ပြ၏။ ရုပ်တရားဟူသည် ပထဝီ, အာပေါ, ဝါယော, တေဇော စသည့် ဓာတ်ကြီးလေးပါးနှင့် ဖွဲ့စည်းထား၏။

ပထဝီဓာတ်သည် မာခြင်း၊ ပျော့ခြင်း၊ လေးခြင်း၊ ပေါ့ခြင်း၊ ကြမ်းခြင်း၊ ချောခြင်း သဘောရှိ၏။ အာပေါဓာတ်သည် ယိုစီးခြင်း၊ ဖွဲ့စည်းခြင်းသဘောရှိ၏။ တေဇောဓာတ်သည် ပူခြင်း၊ အေးခြင်းသဘောရှိ၏။ ဝါယောဓာတ်သည် တွန်းကန်ခြင်း၊ ထောက်ကန်ခြင်းသဘောရှိ၏။

သို့အတွက် ဝမ်းဗိုက်ဖောင်းတက်စဉ်နှင့် ပိန်ကျစဉ်အခါတို့၌ ကွန်းကန်ခြင်း ထောက်ကန်ခြင်းသဘော၊ မာခြင်း,ပျော့ခြင်းသဘော၊ ပူခြင်း,အေးခြင်းသဘောတို့ကို သိမြင်လျှင် ပရမတ်သဘောကို မြင်သိခြင်းပင်ဖြစ်၏။ ဖောင်းစ, ဖောင်းလယ်, ဖောင်းဆုံး၊ ပိန်စ, ပိန်လယ်, ပိန်ဆုံးတို့ကို စူးစိုက်၍ရှုမှတ်သည့်အခါ တွန်းကန်၊ ထောက်ကန်ခြင်း၊ တင်းမာခြင်းသဘောတို့သည် အပိုင်းပိုင်းပြတ်တောက်၍ ဖြစ်ပျက်နေကြသည်ကိုမြင်တွေ့ရ၏။ ဤသည်ကား ရုပ်တရားတို့၏ မမြဲခြင်း အနိစ္စသဘောကို တစ်စိတ်တစ်ဒေသအားဖြင့် မြင်တွေ့ခြင်းဟုဆိုနိုင်၏။ မှတ်သိစိတ်၏ ဖြစ်ပျက်သွားပုံကို သတိကပ်၍ရှုမှတ်မိလျှင် နာမ်တရား၏ မမြဲပုံကိုလည်း သိလာ၏။

စင်္ကြံလျှောက်သည့်အခါ 'ကြွတယ်-လှမ်းတယ်-ချတယ်'ဟု ရှုမှတ်ရာ၌လည်း တွန်းကန် ထောက်ကန်သည့်သဘော၊ မာ, ပျော့, လေး,ပေါ့သည့်သဘော၊ ဖွဲ့စည်း,ယိုစီးသည့်သဘော၊ ပူခြင်း,အေးခြင်းသဘောတို့ကို မြင်သိလျှင် ပရမတ်ဆိုက်အောင် မြင်နေသည်ဟုမှတ်ယူနိုင်၏။

ခံစားမှု ဝေဒနာ၊ မှတ်သားမှု သညာ၊ စေ့ဆော်မှု စေတနာ၊ ဝမ်းမြောက်မှု ပီတိ၊ ငြိမ်းအေးမှု ပဿဒ္ဓိ၊ နှစ်သက်တွယ်တာမှု လောဘ၊ အလိုမကျမှု ဒေါသ၊ ပျင်းရိငိုက်မျဉ်းမှု ထိနမိဒ္ဓ၊ သံသယဖြစ်မှု ဝိစိကိစ္ဆာ၊ သိမှုစိတ်စသည်တို့ကား ပရမတ်တရားများ ဖြစ်ကြ၏။ ဤတရားတို့၏ ဖြစ်ပျက်မှုကို ရှုသိလျှင် ပရမတ်တရားတို့၏ ဖြစ်ပျက်မှုကို သိခြင်းပင် ဖြစ်ပေ၏။

ရုပ်တရား, နာမ်တရားတို့၏ အနိစ္စ, ဒုက္ခ, အနတ္တသဘောတို့ကို ကောင်းစွာ ထိုးထွင်း၍သိမြင်လာသောအခါ ရုပ်နာမ်တို့ကိုငြီးငွေ့၍ တပ်မက်ခြင်း တဏှာကင်းပျောက်ကာ အရိယာမဂ်ဉာဏ် ဖြစ်ပေါ်လာနိုင်ပေ၏။

www.burmeseclassic.com

www.burmeseclassic.com



## ပိန် ဖောင်း မထင်ရှားလျှင်

ရှုမှတ်ခါစယောဂီအတွက် ဝမ်းဗိုက် ပိန်ခြင်း, ဖောင်းခြင်းတို့ မထင်ရှားလျှင် ဝမ်းဗိုက်ပေါ်၌ လက်တင်ပြီးရှုမှတ်ပါက ထင်ရှားလာနိုင်၏။

ရှုမှတ်၍ သမာဓိအတော်အသင့်ရလာသော ယောဂီအတွက် ပိန် – ဖောင်း သည် အလွန်သိမ်မွေ့သွားသဖြင့် မပေါ်လွင်မထင်ရှားတော့ချေ။ ထိုအခါတွင် ထိုင်၍ရှုမှတ်နေလျှင် "ထိုင်တယ်...ထိတယ်"ဟု ရှုမှတ်နိုင်၏။ "ထိုင်တယ်"ဟု ရှုမှတ်စဉ်အခါ၌ ဦးခေါင်းမှစ၍ ကိုယ်တစ်လျှောက်၊ ထို့နောက် ဖွဲ့ခွေထားသည့် ခြေထောက်များအထိ စိတ်တွင်မြင်တွေ့သွားအောင် ရှုမှတ်ပါ။ "ထိတယ်"ဟု မှတ်သည့်အခါ၌ တင်ပါးတစ်ဖက်နှင့်ကြမ်းခင်းထိုင်ခင်းတို့ ထိတွေ့နေခြင်းကို ရှုမှတ်ပါ။ ဘယ်ဘက်တင်ပါး၏ ထိခြင်းကို ပထမအကြိမ်မှတ်ပါ၊ ဒုတိယအကြိမ်၌ ညာဘက်တင်ပါး၏ ထိခြင်းကို ရှုမှတ်ပါ။ ဤသို့ လှည့်ပတ်၍ရှုမှတ်ပေးလျှင် စိတ်ပို၍တည်ငြိမ်လွယ်ပါသည်။

မတ်တတ်ရပ်၍ "ဖောင်းတယ်–ပိန်တယ်"ဟု ရှုမှတ်နေခိုက်၌ ဖောင်း ပိန် မထင်ရှားလျှင် "ရပ်တယ်–ထိတယ်"ဟု ရှုမှတ်ပါ။ "ရပ်တယ်"ဟု ရှုမှတ်သည့်အခါ၌ ဆံစမှခြေဖဝါးအထိ လက်နှစ်ဖက်ဖြင့်သပ်ချလိုက်သလို စိတ်တွင်မြင်လာအောင် ရှုပါ။ "ထိတယ်"ဟု မှတ်သည့်အခါ၌ ဘယ်ခြေဖဝါးနှင့်ကြမ်းပြင် ထိခြင်းကို တစ်လှည့်၊ ညာခြေဖဝါးနှင့်ကြမ်းပြင်ထိခြင်းကို တစ်လှည့် ရှုမှတ်ပါ။

လျောင်းအိပ်၍ "ဖောင်းတယ်–ပိန်တယ်"ဟု ရှုမှတ်ခိုက်၌ ဖောင်း–ပိန် မထင်ရှားလျှင် "လျောင်းတယ်–ထိတယ်"ဟု ရှုမှတ်နိုင်၏။ "လျောင်းတယ်"ဟု ရှုမှတ်သည့်အခါ ဦးခေါင်းမှခြေဖျားအထိ လျောင်းနေသည့်ပုံကို ထင်မြင်အောင် ရှုမှတ်ပါ။ "ထိတယ်"ဟု ရှုမှတ်သည့်အခါ၌ တင်ပါးနှင့်အိပ်ရာ ထိနေခြင်းကို သော်လည်းကောင်း၊ ခြေဖနောင့်နှင့်အိပ်ရာ ထိနေခြင်းကိုသော်လည်းကောင်း ရှုမှတ်နိုင်၏။

ထိုသို့ "ထိုင်တယ်–ထိတယ်" သို့မဟုတ် "ရပ်တယ်–ထိတယ်" သို့မဟုတ် "လျောင်းတယ်–ထိတယ်"ဟု ရှုမှတ်နေဆဲ၌ ဝေဒနာပေါ်လာသည့်အခါ ဝေဒနာကို စူးစိုက်၍ ဆက်လက်ရှုမှတ်သွားရမည်ဖြစ်သည်။

## ထူးခြားသည့် ကိုယ်အမူအရာများ

တရားရှုမှတ်စဉ်အတွင်း၌ တရားရှုသူမသိဘဲနှင့်ဖြစ်စေ၊ သိလျက်နှင့်ဖြစ်စေ ထိန်းသိမ်း၍မရသည့် ထူးခြားသောကိုယ်အမူအရာများ ဖြစ်ပေါ်လာတတ်၏။ ကိုယ်ခန္ဓာရှေ့နောက်ယိမ်းခြင်း၊ ဘေးတစ်ဖက်တစ်ချက်ဆီသို့ ကိုယ်ယိမ်းခြင်း၊

www.burmeseclassic.com

www.burmeseclassic.com



လက်များ မြောက်တက်ပြီး ကပဟန်ပြုခြင်း၊ မိမိ၏နဖူး သို့မဟုတ် ရင်ဘတ်ကို လက်ဝါးဖြင့်ရိုက်ခြင်း၊ ခြေလက်များ တုန်ခါခြင်း၊ ထိုင်လျက်ရှုမှတ်စဉ် ရှေ့သို့ ကိုင်းညွတ်ပြီး နဖူးနှင့်ကြမ်းပြင် အကြိမ်ကြိမ်ထိတိုက်ခြင်း၊ လျောင်းလျက်ရှုမှတ် စဉ် ခြေထောက်တစ်ဖက်ဆီ မြောက်တက်ပြီးနောက် အရှိန်နှင့်ပြန်ကျလာခြင်း စသည်တို့ ဖြစ်ကြ၏။

ဤသို့ထူးခြားသည့် ကိုယ်အမူအရာများသည် သူ့သဘောအလျောက်ဖြစ် ပေါ်လာခြင်းဖြစ်ရာ စိုးရိမ်ကြောက်လန့်စရာမလိုပေ။ ရှုမှတ်လျှင် ပျောက်သွား မှာပဲဟု ယုံကြည်စိတ်ချပြီး ထိုယိမ်းမှုစသည်ကို "ယိမ်းတယ်–ယိမ်းတယ်" ဟု မနှေးမမြန် မှန်မှန်ပိုင်းပြီးရှုမှတ်ပါ။ မကြာမီပင် ထိုယိမ်းမှုစသည်တို့ ပပျောက် သွားပါလိမ့်မည်။

တော်ကူးဆရာတော်သည် ထိုသို့ထူးခြားသောကိုယ်အမူအရာများ ဖြစ်ပေါ် လာလျှင် အနီး၌နေ၍ အထူးအားပေးစောင့်ရှောက်တော်မူ၏။

"ဒကာဒကာမတို့...မကြောက်လန့်နဲ့၊ မော်လမြိုင်မြို့ဝ သတိပဋ္ဌာန်ကျောင်း မှာ ဘုန်းကြီးတရားရှုမှတ်စဉ်က ဒီလိုဖြစ်ခဲ့ဖူးတာပဲ၊ ဘုန်းကြီးဖြစ်တာ သူတစ်ပါး မြင်ရင် မသင့်တော်လို့ ဘုန်းကြီးတံခါးပိတ်ပြီးရှုမှတ်ခဲ့ရတယ်၊ တင်းတင်းရင်းရင်း ရှုမှတ်လိုက်တော့ တစ်ရက်နှစ်ရက်အတွင်း ပျောက်တာပဲကွဲ့"

"ဘုန်းကြီးဆီမှာ တစ်ခါက သွေးတိုးရောဂါရှိတဲ့ ဦးပဥ္စင်းရွယ်ရွယ်တစ်ပါး လာအားထုတ်တယ်ကွဲ့၊ ပထမသူ့လက်တွေတုန်ခါတယ်၊ ဒီနောက် တစ်ကိုယ် လုံး တုန်ခါလာတယ်၊ သူ့ကိုယ်တုန်ခါတာ ဘယ်လောက်ပြင်းထန်သလဲဆိုရင် ကျောင်းကလေးပါ လိုက်တုန်ခါတာကွဲ့၊ ဘုန်းကြီးသူ့အနားမှာနေပြီး အားပေး တယ်၊ ဦးပဥ္စင်း ဘာမှမကြောက်နဲ့၊ ဘုန်းကြီးစောင့်ရှောက်နေတယ်၊ ဦးပဥ္စင်းကို တရားပေါ်ပြနေတာ သိပ်ကောင်းတယ်၊ "တုန်တယ်–တုန်တယ်" လို့ နိုင်အောင် သာ မှတ်၊ ဦးပဥ္စင်းရောဂါပါ ပျောက်ကင်းသွားမှာ သေချာတယ်လို့၊ သူလဲ ကြိတ် မှတ်ပြီးရှုမှတ်တာ တုန်တာလဲ ပျောက်သွားတယ်၊ ရောဂါလဲ ပျောက်သွားတယ် ကွဲ့"

ဆရာတော်က ကိုယ်တွေ့နမူနာများပြောပြပြီး အားပေးစောင့်ရှောက်သည့် အတွက် ယောဂီသစ်များသည် ရဲရဲဝံ့ဝံ့ရှုမှတ်ကြသဖြင့် ထူးခြားသောကိုယ်အမူ အရာများမှာ မကြာမတင်ပျောက်သွားကြသည်သာ ဖြစ်ပေ၏။

www.burmeseclassic.com

www.burmeseclassic.com



## လမ်းပေါ်အကပမာ ယိမ်းနွဲ့ကာ

တစ်ကြိမ်က တော်ကူးရိပ်သာ၌ ကျွန်တော်ရှိနေစဉ် စိတ်ဓာတ်ထက်မြက်သည့် မူလတန်းကျောင်းအုပ်ဆရာမတစ်ဦးသည် မတ်တတ်ရပ်ကာ တရားရှုမှတ်နေစဉ် သူ၏လက်နှစ်ဖက်သည် ဘေးသို့ဆန့်တန်း၍ မြောက်တက်လာကြပြီးနောက် ကိုယ်ခန္ဓာသည် လက်ယာရစ်လှည့်သွားပြီး ခါးတိမ်းညွှတ်သွား၏။ ထိုနောက် ခါးပြန်မတ်လာ၍ ကိုယ်ခန္ဓာသည် လက်ဝဲရစ်တစ်ဖန်လှည့်ကာ ခါးတိမ်းညွှတ်သွားပြန်၏။ ဤနည်းအတိုင်း ကြိမ်ဖန်များစွာ ယိမ်းနွဲ့ဟန်ချီဖြစ်နေသည့်အတွက် ဘေးကနေကြည့်လျှင် ကာယအလှလေ့ကျင့်ခန်းပြုလုပ်လေသလား သို့မဟုတ် တိုင်းရင်းသားအကတစ်မျိုးကို ကပြနေသလားဟု ထင်မှတ်ဖွယ်ရှိ၏။

ရန်ကုန်မှ အငြိမ်းစားအရာရှိကြီးတစ်ဦးနှင့် ဇနီးတို့သည် ထိုစဉ်အခါက တော်ကူးရိပ်သာ၌ အတူတကွတရားရှုမှတ်နေလေရာ ကျောင်းအုပ်ဆရာမ၏ ယိမ်းနွဲ့ဟန်ချီတရားရှုမှတ်ပုံကို စကားစပ်မိကြသည့်အခါ ...

"**She is doing street dancing.** သူမက လမ်းမပေါ်အက ကပြနေတာ"ဟု အငြိမ်းစားအရာရှိကြီးက မှတ်ချက်ချ၏။

နောက်တစ်ကြိမ် တရားရှုမှတ်ကြသည့်အခါ အရာရှိကြီးကိုယ်တိုင် စောစောက ဆရာမနည်းအတိုင်း 'ယိမ်းနွဲ့ဟန်ချီ'ဖြစ်လာလေတော့၏။ တရားရှုမှတ်ချိန်ပြီး၍ ဇနီးမောင်နှံနှစ်ဦး စကားလက်ဆုံကျမိပြန်ရာ...

"**Now I am doing street dancing.** အခု ငါကိုယ်တိုင် လမ်းပေါ်ကအက ကပြနေပြီကွဲ့"ဟု ခင်ပွန်းက ဝန်ခံချက်ပြုလိုက်၏။

ဤပုဂ္ဂိုလ်တို့၏ 'ယိမ်းနွဲ့ဟန်ချီ'တရားရှုကွက်များသည် တော်ကူးဆရာတော်၏ တပည့်ကြီးဖြစ်သူ ဦးနာဝိက၏ စောင့်ရှောက်အားပေးမှုကြောင့် ငါးရက်ခန့်ကြာသောအခါ ပပျောက်သွားကြ၏။ ထိုအခါ ထိုပုဂ္ဂိုလ်တို့သည် ဣရိယာပုထ်ရှည်ရှည်ဖြင့် တရားရှုမှတ်နိုင်လာကြ၏။

## ဗလီဗောဓ ကင်းရှင်းမှု

အိမ်ရာထူထောင်သည့် လူတို့ဘောင်၌ ဆောင်ရွက်စရာကိစ္စများမှာ မကုန်နိုင်အောင် မြားမြောင်လှပေ၏။

"ဒကာ...ဘုရားအမွေအစစ်ဖြစ်တဲ့ ဝိပဿနာတရားကို အားထုတ်ကြည့်ပါဦးလား"

"တင်ပါ့ဘုရား...လုပ်စရာကိစ္စတွေ ရှိနေသေးတယ်၊ နောက်မှအားထုတ်ပါ့မယ်ဘုရား"

www.burmeseclassic.com

www.burmeseclassic.com



"ဒကာ…လူ့လောကမှာ ဆောင်ရွက်စရာကိစ္စတွေက ကုန်နိုင်ပါ့မလား၊ သာကီဝင်မင်းတွေ တစ်အိမ်တစ်ယောက် ရဟန်းပြုရမယ်လို့ ဆွေးနွေးတိုင်ပင်ကြတဲ့အခါ **နောင်တော်မဟာနာမ်**က **ညီတော်အနုရုဒ္ဓါ**ကို မေးတယ်၊ 'သင် ရဟန်းပြုမလား၊ လူ့ဘောင်မှာနေပြီး လူမှုကိစ္စတွေကို လုပ်မလား' တဲ့။

"အနုရုဒ္ဓါမင်းသားက ပြန်မေးတယ်၊ လူမှုကိစ္စတွေက ဘာတွေလဲ" တဲ့။

"စားဝတ်နေရေးအတွက် နေ့စဉ်လုပ်ကိုင်ရတဲ့အလုပ်တွေပေါ့၊ မိုးတွင်းရောက်ရင် လယ်တောဆီသို့ ရိက္ခာကဲ့ရမယ်၊ လယ်ထွန်ရမယ်၊ ကန်သင်းရိုးဖို့ရမယ်၊ မျိုး ပျိုးရမယ်၊ ကောက်စိုက်ရမယ်၊ ပေါင်းသင်းရမယ်၊ လယ်လုပ်သားတွေနဲ့ ကျွဲနွားတွေကို စီမံရမယ်၊ ဆောင်းရောက်ရင် လယ်စောင့်ရမယ်၊ ကောက်ပင်တွေ ရိတ်သိမ်းရမယ်၊ စပါးနယ်ရမယ်၊ ကောက်လှေ့ရမယ်၊ စပါးတွေကို ရွာထဲသို့ကဲ့ရမယ်၊ ကျီကျတွေမှာထည့်ပြီး ထိန်းသိမ်းရမယ်၊ နေ့စဉ်စားဖို့ ဆန်ဖွပ်ရမယ်၊ နွေရောက်ရင် ထင်းခုတ်ရမယ်၊ ဖက်ခူးရမယ်၊ လယ်တဲပြင်ရမယ်၊ အိမ်ပြင်ရမယ်၊ ဒီအလုပ်တွေ လုပ်ရမှာပေါ့ ညီလေးရဲ့"

"နောက် မိုးတွင်းရောက်ရင် ဘာလုပ်ရဦးမလဲ" လို့ ညီတော်က ထပ်မေးတယ်။

"လယ်လုပ်ငန်းကို တစ်ဖန်ပြန်လုပ်ရပြန်တာပေါ့ ညီလေးရဲ့"

"ဒီအမှုကိစ္စတွေက ဘယ်တော့အဆုံးသတ်မလဲ"

"ဘယ်တော့မှ မဆုံးဘူး၊ သေတဲ့အထိ လုပ်ကြရတာပဲ"

"ဟာ…ဒီလိုဆိုရင် လူမှုကိစ္စတွေကို အစ်ကိုပဲ လုပ်ပါတော့၊ ညီတော်ရဟန်းပြုမယ်တဲ့။ အခု ဒကာတို့ခေတ်မှာ စားဝတ်နေရေးကိစ္စ၊ သားသမီးကိစ္စ စတဲ့ကိစ္စအမျိုးမျိုးနဲ့ ပိုတောင်အလုပ်များသေးမဟုတ်လား၊ အနုရုဒ္ဓါမင်းသားလို တစ်ခါတည်း တိခနဲဖြတ်နိုင်မှပြတ်တာ ဒကာရဲ့"

"မှန်ပါ့ဘုရား၊ ကြိုးစားပါ့မယ်"

တော်ကူးဆရာတော်သည် ရောက်လာသူတိုင်းအား တရားအားထုတ်ရန် တိုက်တွန်း၏။ သို့သော် တရားခွင်သို့ အပ်ကျမပ်ကျရောက်လာသူ ဦးရေမှာ ၁၀ ယောက် တစ်ယောက်သာ။

တရားအားထုတ်နေစဉ်ကာလ၌ ဟိုကိစ္စ ဒီကိစ္စဆောင်ရွက်စရာရှိသေးသည်ဟု ကြောင့်ကြစိုက်နေရခြင်းကို ပလိဗောဓဟု ခေါ်၏။ ဆိုင်ရောင်းရန် စီမံစရာရှိသေးသည်၊ ရုံးကိစ္စဆောင်ရွက်စရာ ကျန်သွားသည်၊ စာမေးပွဲကိစ္စ စာကြည့်စရာရှိသေးသည်။ ကျန်းမာရေးကိစ္စ ဆရာဝန်နှင့်တွေ့ရဦးမည် စသည့် နောက်ဆံတင်း

www.burmeseclassic.com

www.burmeseclassic.com



စေသော အမှုကိစ္စလေးများသည် သမာဓိထူထောင်ရာ၌ လွန်စွာအနှောင့်အယှက် ဖြစ်စေကြ၏။

တစ်ခါက **ပန်းနာရောဂါသည်** တစ်ဦး တော်ကူးရိပ်သာသို့ ရောက်လာ၏။ သူစားနေကျ ဆေးပုလင်းများကို လွယ်အိတ်တစ်လုံးအပြည့် ယူလာ၏။ သို့စဉ်လျက် အရေးကြီးသည့်ဆေးတစ်မည် မေ့ကျန်ခဲ့သေးသည်ဟုဆို၏။

တော်ကူးဆရာတော်က "ဒကာ... ဆေးလွယ်အိတ်ကို အသာသိမ်းထားစမ်းပါ၊ ဝိပဿနာတရားကိုသာ ကြိုးစားပြီးမှတ်ပါ၊ ဘုရားဆေးစားနေတဲ့အခါ ဒကာ ဘာဆေးမှစားစရာမလိုဘူး" ဟု အမိန့်ရှိ၏။

ထိုဒကာသည် မယုံတစ်ဝက် ယုံတစ်ဝက်နှင့် တရားအားထုတ်လေရာ ရက်သတ္တတစ်ပတ်သာသာ အားထုတ်ပြီးသောအခါ ဆေးမစားဘဲနေနိုင်လာသည်ကို တွေ့ရ၏။

## စကားနည်းမှ တရားမြန်မည်

ဆရာတော်ပျံလွန်ခါနီးအချိန်တွင် အထက်အညာမှ **စာပေဝါသနာရှင်** တစ်ဦး ရောက်လာ၏။

"ဆရာတော်ဘုရား၊ တပည့်တော်သိလိုတဲ့အချက်များကို မေးမြန်းဖို့ နာရီဝက်ခန့် ခွင့်ပြုပါဘုရား"

"ဒကာ အခုလာတာ ပြဿနာမေးဖို့လား၊ ဝိပဿနာတရားအားထုတ်ဖို့လား"

"ဝိပဿနာတရား အားထုတ်ဖို့ပါ"

"ဒီလိုဆိုရင် ဒကာမေးချင်တာတွေ မမေးနဲ့ဦး၊ တရားအားထုတ်ပြီးတော့မှ မေးပါ၊ အခု ဘုန်းကြီး အလုပ်ပေးတရား ပြောပြမယ်၊ ဒကာအခုစပြီး အားထုတ်ပါ"

ထိုပုဂ္ဂိုလ်သည် မလွှဲသာတော့ဘဲ စတင်ကာ တရားအားထုတ်ရလေ၏။ တရားအားထုတ်ပြီးနောက် မေးစရာမရှိတော့ချေ။

တရားအားထုတ်ရာတွင် စကားပြောခြင်းသည် အကြီးဆုံးအနှောင့်အယှက် တစ်ခုဖြစ်၏။ ထို့ကြောင့် ဆရာတော်က "ယောဂီတွေ စကားမပြောကြနဲ့၊ စကားပြောတာ ကိုယ့်အတွက်လဲ ဓမ္မန္တရာယ်ဖြစ်တယ်၊ သူများအတွက်လဲ အနှောင့်အယှက်ဖြစ်တယ်" **"စကားနည်းပြီး တရားမြန်ကြပါ"** ဟု တိုက်တွန်းတော်မူ၏။

www.burmeseclassic.com

www.burmeseclassic.com



## နီဝရဏကို တိုက်ဖျက်ပြီ

ဈာန်မဂ်ဖိုလ်တရားကို မရအောင်၊ ကုသိုလ်တရားကိုမရအောင် ပိတ်ပင်တားဆီးတတ်သောတရားတို့ကို နီဝရဏတရားဟုခေါ်၏။ နီဝရဏတရားတို့ကို ငြိမ်းသတ်နိုင်မှ စိတ်တည်ကြည်ပြီး သမာဓိကောင်းလာနိုင်၏။ ဣရိယာပုထ်ရှည်ရှည်ဖြင့် ရှင်လန်းစွာအားထုတ်နိုင်လာ၏။

ဝိပဿနာတရားပွားများစဉ် နှိမ်နင်းရမည့် နီဝရဏတရားငါးပါးရှိပေ၏။

(၁) **ကာမစ္ဆန္ဒနီဝရဏ** – ကာမဂုဏ်အာရုံများကို လိုချင်နှစ်သက်သည့် တဏှာလောဘ၊ တရားအားထုတ်နေစဉ်အတွင်း၌ စိတ်သည် သူကျက်စားဖူးသည့် ကာမဂုဏ်အာရုံအမျိုးမျိုးဆီသို့ ပြေးလွှားနေတတ်၏။ ရုပ်ရှင်ရုံသို့ရောက်လိုက်၊ ရေဒီယိုကက်ဆက်သို့ရောက်လိုက်၊ စားသောက်ဆိုင်သို့ရောက်လိုက်၊ သူငယ်ချင်းများဆီသို့ရောက်လိုက်၊ အလုပ်ပြင်ရန် မှန်ရှေ့ရောက်လိုက်နှင့် စိတ်ကူးအမျိုးမျိုး ပေါ်ပေါက်တတ်၏။ ဤသို့စိတ်ကူးရောက်သွားသည်ကို သတိနှင့်ဖြတ်တောက်ပြီး 'ဖောင်းတယ်–ပိန်တယ်' အာရုံဆီသို့ စိတ်ကိုပြန်ပြန်တင်ပေးရမည်။

(၂) **ဗျာပါဒနီဝရဏ** – စိတ်ဆိုးစိတ်ပျက်ခြင်း အမျက်ဒေါသ။ တရားအားထုတ်စဉ် နာကျင်ကိုက်ခဲသည်ကို အလိုမကျခြင်း၊ ညောင်းညာထုံကျဉ်လာသည်ကို သည်းမခံနိုင်ခြင်း၊ တရားမတက်၍ စိတ်မာတတ်ကျခြင်း၊ အေးမှအနှောင့်အယှက်များကြောင့် စိတ်ရှုပ်ရခြင်း၊ ဤသည်တို့ကား ကုသိုလ်ရေးကိုပိတ်ပင်တားဆီးတတ်သည့် ဗျာပါဒနီဝရဏတို့တည်း။ ချိုးနှိမ်ပယ်ပစ်ပါလေ။

(၃) **ထိနမိဒ္ဓနီဝရဏ** – စိတ်စေတသိက်တို့ကို လေးလံထိုင်းမှိုင်းစေသည့်သဘောများ၊ တရားအားထုတ်နေစဉ် ပျင်းရိငိုက်မျဉ်းလာခြင်း၊ အားမထုတ်လိုခြင်း စသည်တို့သည် ထိနမိဒ္ဓ၏ဒဏ်ချက်များပါပေ။ သဒ္ဓါ ဝီရိယတို့ကိုမြှင့်တင်၍ လေးလံထိုင်းမှိုင်းမှုကို ပယ်ဖျောက်ပါ။

(၄) **ဥဒ္ဓစ္စ,ကုက္ကုစ္စနီဝရဏ** – စိတ်ပျံ့လွင့်ခြင်းနှင့် နောင်တတစ်ဖန် ပူပန်ခြင်းသဘောတို့တည်း။ အာရုံအမျိုးမျိုးဆီသို့ စိတ်ကူးရောက်နေခြင်းသည် စိတ်ပျံ့လွင့်ခြင်းသဘောပင်ဖြစ်၏။ အာရုံတစ်ခုတည်း၌ စိတ်တည်တံ့အောင်မနေဘဲ ငေးမောတွေးတောနေခြင်းသည်လည်း ဥဒ္ဓစ္စ၏လှုံ့ဆော်မှုကြောင့်ပင် ဖြစ်၏။ ကုက္ကုစ္စကမူ ပြုခဲ့ပြီးသော မကောင်း

www.burmeseclassic.com

www.burmeseclassic.com



မှု၊ မပြုရသေးသောကောင်းမှုတို့အတွက် နောင်တတစ်ဖန် ပူပန်နေခြင်းသဘောဖြစ်၏။ မဆင်မခြင်ပြောမိ၍ သူတစ်ဖက်သားစိတ်ကွက်သွားခြင်း၊ ဆရာသမားနှင့်တရားအပေါ်၌ မသင့်တင့်မလျောက်ပတ်စွာ ဝေဖန်မိခြင်း၊ ဆရာညွှန်ပြသည့် တရားရှုမှတ်နည်းကို မလိုက်နာမိခြင်း၊ ကျန်းမာနုပျိုစဉ်အခါက တရားအားမထုတ်ခဲ့ခြင်း စသည်တို့အတွက် နောင်တရနေခြင်းသည် ကုက္ကုစ္စသဘောပင် ဖြစ်၏။

(၅) **ဝိစိကိစ္ဆာနီဝရဏ** – ဘုရား, တရား, သံဃာနှင့် ကုသိုလ်တရားစသည်တို့၌ ယုံမှားသံသယဖြစ်ခြင်းသဘော။ မြတ်စွာဘုရားသည် အလုံးစုံသော တရားတို့ကို အလိုလိုသိမြင်နိုင်သည်မှာ ဟုတ်ပါ့မလား။ မိမိအားထုတ်နေသော ဝိပဿနာတရားသည် မဂ်ဖိုလ်နိဗ္ဗာန်သို့ ပို့ဆောင်ပေးနိုင်သည်ဆိုသည်မှာ ဟုတ်နိုင်ပါ့မလား။ မိမိအား တရားညွှန်ပြနေသော ဆရာတော်သည် လမ်းမှန်ကိုတကယ်ညွှန်ပြပေးနိုင်ပါ့မလား စသည်ဖြင့် သံသယဖြစ်ခြင်းမျိုးကို ဝိစိကိစ္ဆာဟုခေါ်၏။ ဤသို့ သံသယ ဖြစ်နေလျှင် တရားမတက်ဘဲ ရပ်တန့်နေမည်ဖြစ်၏။

## အမြတ်ဆုံးအောင်နိုင်ရေး

အထက်ပါ နီဝရဏတရားတို့သည် စိတ်ကိုညစ်ညမ်းယုတ်ညံ့စေသော ကိလေသာတရားများတွင် အကျုံးဝင်ကြ၏။ ဝိပဿနာကျင့်စဉ်သည် ကိလေသာတရားများကို လောင်မြိုက်စေပြီး ဝဋ်ဆင်းရဲမှကျွတ်လွတ်စေသော တစ်ကြောင်းတည်းသောနည်းလမ်းဖြစ်၏။

မဂ္ဂင်ရှစ်ပါးနှင့်ညီညွတ်သော ဝိပဿနာတရားလမ်းကြောင်းပေါ်တွင် လျှောက်သွားနေသော ပညာထက်မြက်သည့် ဝေနေယျပုဂ္ဂိုလ်သည် အောက်ပါ ပဓာနိယင်္ဂါ ငါးပါးနှင့်ပြည့်စုံလျှင် တစ်ညဉ့်အတွင်း သို့မဟုတ် တစ်နေ့အတွင်း၌ပင် မဂ်ဖိုလ်နိဗ္ဗာန်တရားထူးကိုသိနိုင်သည်ဟု မဇ္ဈိမပဏ္ဏာသ **ဗောဓိရာဇကုမာရသုတ်တော်** ၌ မြတ်စွာဘုရားဟောကြားတော်မူခဲ့၏။

## ပဓာနိယင်္ဂါငါးပါးဟူသည်ကား

(၁) ဘုရား၊ တရား၊ သံဃာ၊ ကမ္မဋ္ဌာန်းပေးသောဆရာသမားနှင့် တရားရှုမှတ်နည်းတို့ကို ကောင်းစွာသက်ဝင်ယုံကြည်သော သဒ္ဓါတရား။

(၂) စားသောက်သမျှအစာကို အညီအမျှကြေညက်စေနိုင်သော ပါစကဝမ်းမီးနှင့်ပြည့်စုံ၍ ကောင်းစွာကျန်းမာခြင်း။

www.burmeseclassic.com

www.burmeseclassic.com



(၃) မိမိ၌မရှိသော ဂုဏ်ကျေးဇူးကို ထုတ်ဖော်ပြောဆိုခြင်းမရှိသည့်အပြင် ရှိသောအပြစ်ကိုလည်း မဖုံးကွယ်ဘဲ ဖြစ်ပေါ်သည့်အတိုင်း အမှန်ကိုသာ ဆရာသမားနှင့် သီတင်းသုံးဖော်တို့အား ပြောပြတတ်ခြင်း။

(၄) အသားအသွေး ခန်းခြောက်လိုက ခန်းခြောက်ပျက်စီးပါစေ၊ အရေ, အကြော, အရိုးမျှသာ ကျန်လိုကကျန်ပါစေ၊ တရားထူးကို မရမချင်း မပြတ်အားထုတ်မည်ဟု ဆောက်တည်လျက် စတုရင်္ဂဝီရိယဖြင့် ပြင်းထန်စွာအားထုတ်ခြင်း။

(၅) ရုပ်နာမ်ခန္ဓာတို့၏ အဖြစ်အပျက်ကို သိမြင်သော ဉဒယဗ္ဗယဉာဏ် ဖြစ်ပေါ်ခြင်း။

ဤအင်္ဂါငါးပါးနှင့်ပြည့်စုံ၍ ထက်မြက်သော သတိ, ဝီရိယတို့ဖြင့် သမာဓိထူထောင်ကာ ရုပ်နာမ်တရားတို့၌ လက္ခဏာရေးသုံးပါးထင်မြင်အောင် ဝိပဿနာတင်၍ ရှုမှတ်ကြရမည်ဖြစ်သည်။

## သံသယကိုပယ်

ဗုဒ္ဓမြတ်စွာသည် သိသင့်သိထိုက်သောတရားအလုံးစုံကို သိမြင်တော်မူ၍ ဝဋ်ဆင်းရဲမှလွတ်မြောက်ပြီး ထာဝရနိဗ္ဗာန်ချမ်းသာကို မျက်မှောက်ပြုစေနိုင်သော သစ္စာလေးပါးတရားတော်မြတ်ကို ဟောကြားညွှန်ပြပေးနိုင်သည့် ဗုဒ္ဓဘုရားအစစ်ဖြစ်ခြင်းမှာ ယုံမှားသံသယမရှိသင့်ပေ။ ဗုဒ္ဓညွှန်ပြသည့်မဂ္ဂင်ရှစ်ပါးနှင့်ပြည့်စုံသော မဇ္ဈိမပဋိပဒါဝိပဿနာကျင့်စဉ်ကို လိုက်နာကျင့်သုံးကြသည့်အတွက် နိဗ္ဗာန်ရွှေပြည်မြတ်သို့ ဝင်ရောက်သွားကြပြီးသော ဝင်ရောက်နေဆဲဖြစ်ကြသော ရဟာန်းရှင်လူ ပုဂ္ဂိုလ်များစွာတို့က သိပ္ပံနည်းကျသက်သေအခိုင်အမာ ထူပြပြီးဖြစ်သည်။

သို့အတွက် ဘုရား၊ တရား၊ သံဃာအပေါ်၌လည်းကောင်း၊ ဘုရားလမ်းစဉ်အတိုင်း ကိုယ်တိုင်ကျင့်ကြံအားထုတ်ခဲ့ပြီး ကိုယ်တိုင်သိမြင်ခဲ့သည့်အတိုင်း ဝိပဿနာတရားကို ညွှန်ကြားပြပေးနေသည့် ကမ္မဋ္ဌာန်းတရားပြဆရာသမားများအပေါ်၌လည်းကောင်း၊ မဟာသတိပဋ္ဌာန်သုတ္တန်ဒေသနာအတိုင်း ညွှန်ပြထားသော ကျင့်စဉ်တရားအပေါ်၌လည်းကောင်း ယုံမှားသံသယမဖြစ်ကြဘဲ ယုံကြည်မှုသဒ္ဓါတရားအပြည့်အဝထားကြပါလျှင် ပထမပဓာနိယင်္ဂအရည်အသွေးနှင့်ပြည့်စုံမည် ဖြစ်သည်။

“ဒကာ ဒကာမတို့...တို့မြတ်စွာဘုရားက အလုံးစုံကိုသိမြင်တဲ့ သဗ္ဗညုတဉာဏ်ရှင် သမ္မာသမ္ဗုဒ္ဓအစစ်နော်၊ တရားတော်ကလဲ သံသရာဝဋ်ဆင်းရဲမှ လွတ်

www.burmeseclassic.com

www.burmeseclassic.com



မြောက်စေနိုင်တဲ့ သစ္စာလေးပါးတရားအစစ်နော်၊ သံဃာတော်ကလဲ ဗုဒ္ဓမြတ်စွာ ပညတ်ခဲ့တဲ့ ဝိနည်းတော်များနဲ့အညီ ကျင့်ကြံနေထိုင်ပြီး ဗုဒ္ဓတရားတော်ကို နှစ် ၂၅၀၀ ကျော် ထိန်းသိမ်းခဲ့တဲ့ သံဃာတော်အစစ်နော်၊ ဘုန်းကြီးတို့ကလဲ မိမိကိုယ်တိုင် စားသုံးပြီးလို့ တကယ်အနှစ်သာရနှင့် ပြည့်စုံတာကို သိပြီးဖြစ်လို့ တစ်ဆင့်ပြန်လည်ဖြန့်ချိပေးနေတာနော်၊ ယခုပြပေးတဲ့ဝိပဿနာတရားဆိုတာ အကောင်းဆုံးတရားပဲလို့ နှစ်နှစ်ခြိုက်ခြိုက်နှလုံးပိုက်ထားကြပါတော့”ဟု တော်ကူးဆရာတော်က ရှင်းလင်းမြွက်ကြားလေ့ရှိ၏။

## အစာလည်း ဆေး

“ဘုန်းကြီးတို့ရိပ်သာကို ရောက်လာကြတဲ့ ယောဂီများဟာ အစားရှောင်ဖို့ မလိုဘူး၊ တရားအမှတ်နဲ့သာ စားပါ၊ အကုန်ဆေးဖြစ်တယ်၊ အမှတ်နဲ့စားတယ် ဆိုတာ ကိလေသာမဖြစ်အောင်စားဖို့ပြောတာ၊ ထမင်းဝိုင်းကိုမြင်ရင် မြင်တယ်လို့ စမှတ်၊ ထမင်းဝိုင်းမှာထိုင်ချရင် ထိုင်ချတယ်လို့မှတ်၊ လက်ဆေးရင် လက်ဆေးတယ်မှတ်၊ ပြီးတော့ ထမင်းခူးဖို့ လက်ရွေ့တယ်၊ ဇွန်းကိုင်တယ်၊ ထမင်းခူးတယ်၊ ထမင်းဇွန်းရွေ့လာတယ်၊ ပန်းကန်မှာ ထည့်တယ်၊ ဇွန်းပြန်ထားတယ်၊ ဒါတွေကို အကုန်မှတ်ပါ။ ဟင်းခပ်တော့လဲ အလားတူပဲ၊ လက်အဆင့်ဆင့်ရွေ့သွားပုံ၊ ဟင်းလောင်းထည့်ပုံ၊ ဇွန်းပြန်ထားပုံတို့ကို မလွတ်အောင်မှတ်ရမယ်။ ထမင်းလုတ်ပြင်တော့ပြင်တယ်၊ ထမင်းလုတ်ယူတော့ယူတယ်၊ ပါးစပ်ဆီသို့ လက်ရွေ့သွားတော့ ရွေ့လာတယ်၊ ပါးစပ်ဟတော့ ဟတယ်၊ ထမင်းလုတ်ခွံ့ထည့်တော့ ထည့်တယ်၊ လက်ချတော့ ချတယ်၊ ထမင်းလုတ်ဝါးတော့ ဝါးတယ်၊ အရသာထင်ပေါ်လို့ ချိုရင် ချိုတယ်၊ ဆိမ့်ရင် ဆိမ့်တယ်၊ စပ်ရင်စပ်တယ်ပေါ့၊ မျိုချတဲ့အခါ မျိုချတယ်ပေါ့လေ၊ အဲသလို အသေးစိတ်မှတ်မှတ်သွားနိုင်ရင် ကိလေသာမဖြစ်တော့ဘူးကွဲ့။

“အဲသလိုစားတော့ မသင့်တဲ့အစာလဲ မရှိဘူး၊ စားပြီးအစာမကြေတာလဲ မရှိဘူး၊ တို့ရိပ်သာကို သွေးတိုးဦးပဥ္စင်းရောက်လာတုန်းက ဆားမစားရဲဘူး၊ ငါးပိ မစားရဲဘူး၊ ဝက်သားမစားရဲဘူး၊ ဆရာဝန်ရှောင်ခိုင်းတယ်လို့ သူပြောတယ်၊ ဘုန်းကြီးက တရားအမှတ်နဲ့သာစား၊ ဘာမှရှောင်စရာမလိုဘူးလို့ပြောလိုက်တယ်၊ သူက တကယ်ယုံကြည်ပြီးစားတော့ရောဂါမတိုးတဲ့အပြင် ပိုပိုပြီးကျန်းမာလာတယ်ကွဲ့”

တော်ကူးဆရာတော်၏ ဤသို့သောစကားကိုထောက်ရှုလျှင် တရားရှုနေသောယောဂီသည် ဝိပဿနာတရားရှုမှတ်စဉ်အခါ၌ အစာကြေညက်ပြီး ကျန်းမာခြင်းနှင့် ပြည့်စုံရမည်ဟူသော ဒုတိယပဓာနိယင်္ဂအရည်အသွေးနှင့်လည်း အလွယ်တကူပြည့်စုံနိုင်ပေ၏။

www.burmeseclassic.com

www.burmeseclassic.com



## မှသားကိုရှောင် ဇွဲကိုဆောင်

မိမိ၌မရှိသောဂုဏ်ကို ထုတ်ဖော်မပြောဘဲ ရှိသည့်အပြစ်ကိုလည်း မကွယ်ဖျောက်ခြင်းဟူသည့် တတိယပဓာနိယင်္ဂတရားသည်လည်း သီလကို လုံခြုံစွာစောင့်ထိန်း၍ ဆရာသမားနှင့် တရားတော်တို့အား ရိုသေလေးစားသူ (သဗ္ဗဂါရဝတရားနှင့် ပြည့်စုံသူ) အတွက် ပြည့်စုံပြီးဖြစ်ပေ၏။

အသားအသွေး ခန်းခြောက်လိုက ခန်းခြောက်ပါစေ၊ အရေ, အကြော,အရိုးမျှသာ ကျန်လိုက ကျန်ပါစေ၊ နောက်မဆုတ်တမ်း တရားရှုမှတ်မည်ဟူသည့် စတုရင်္ဂဝီရိယနှင့်ပြည့်စုံခြင်းသည် အလွန်အရေးကြီးသော စတုတ္ထပဓာနိယင်္ဂတရားဖြစ်၏။ ဤသို့သော ထူးခြားသည့် ဇွဲလုံ့လနှင့်တရားရှုမှတ်ခြင်းကို တော်ကူးဆရာတော်သည် မိမိကိုယ်တွေ့သာဓကများဖြင့် ညွှန်ပြသွားပေ၏။

**Examples are better than precepts** ဆိုသည်နှင့်အညီ မျက်ဝါးထင်ထင်ကိုယ်တွေ့မြင်အောင် လက်တွေ့စံနမူနာလုပ်ပြခြင်းသည် အကျယ်ချဲ့ကား၍ ဟောကြားပို့ချနေသည်ထက် သာလွန်ပါသတည်း။

## ဝိပဿနာမှတ်တိုင်

ပဌမပဓာနိယင်္ဂတရားဖြစ်သော ဥဒယဗ္ဗယဉာဏ်ဆိုသည်မှာ ရုပ်နာမ်တို့၏ ဖြစ်ခြင်း, ပျက်ခြင်းကို ထိုးထွင်း၍မြင်သိသောဉာဏ်ဖြစ်၏။ ဝိပဿနာဉာဏ်စဉ်အဆင့်ဆင့် မြင့်တက်ရာတွင် စတုတ္ထအဆင့်ဉာဏ် ဖြစ်၏။

ဤဉာဏ်ဖြစ်ပေါ်လျှင် နိဗ္ဗာန်အရောက် ဆက်လက်ချီတက်သွားနိုင်ရန် သေချာပြီဖြစ်သည့်အတွက် ဤဉာဏ်သည် အရေးကြီးသော ဝိပဿနာမှတ်တိုင်ဖြစ်၏။

"ဒကာ ဒကာမတို့...ဖောင်းတယ်–ပိန်တယ်ဆိုတာကို စူးစိုက်ပြီးတော့သာ ရှုမှတ်ပါ၊ သမာဓိဖြစ်လာတဲ့အခါ ရုပ်သဘောနဲ့ နာမ်သဘောတို့ကို ပိုင်းခြားပြီး ခွဲခြားသိလာမယ်၊ ဒီလိုသိတဲ့ဉာဏ်ကို **'နာမရူပ ပရိစ္ဆေဒဉာဏ်'** လို့ခေါ်တယ်။

"နောက်တစ်ဆင့်တိုးတက်ပြီး ကံ, စိတ်, ဥတု, အာဟာရအကြောင်းတရားတွေကြောင့် ရုပ်တရားတွေ ဖြစ်ပေါ်နေကြတယ်၊ မှတ်သိစရာရုပ်ရှိလို့ မှတ်သိတဲ့နာမ် ဖြစ်ပေါ်နေတယ်၊ ရူပါရုံအဆင်းဓာတ်နဲ့ မျက်စိအကြည်ရုပ်တို့ ထိတိုက်မိလို့ မြင်သိစိတ်ဖြစ်လာတယ်၊ သဒ္ဒါရုံအသံဓာတ်နဲ့ နားအကြည်ရုပ်တို့ထိတိုက်မိလို့ ကြားသိစိတ်ဖြစ်လာတယ်၊ ဒီလိုအကြောင်းအကျိုးတို့ကို ဆက်စပ်ပြီးသိတဲ့ဉာဏ်ကို **'ပစ္စယပရိဂ္ဂဟဉာဏ်'** လို့ခေါ်တယ်။

www.burmeseclassic.com

www.burmeseclassic.com



ရုပ်နာမ်တို့ဟာ မမြဲတဲ့အနိစ္စတရားတွေပဲ၊ ဖြစ်ဖြစ်ပြီး ပျက်ပျက်နေမှုဖြင့် အစဉ်မပြတ် ဆင်းရဲအောင် နှိပ်စက်နေကြတဲ့ ဒုက္ခတရားတွေပဲ၊ မိမိအလိုသို့ မလိုက်ဘဲ သဘာဝသဘောအရဖြစ်ပျက်နေကြတဲ့ အနတ္တတရားတွေပဲ၊ အဲသလို ရုပ်နာမ်တို့အပေါ်မှာ အနိစ္စ, ဒုက္ခ, အနတ္တလို့ လက္ခဏာသုံးပါးတင်ပြီး ရှုမှတ်တတ်တဲ့ ဉာဏ်ကို **'သမ္မသနဉာဏ်'** လို့ခေါ်တယ်။

သမာဓိပိုရင့်လာတဲ့အခါမှာ ရုပ်နဲ့နာမ်တို့ဟာ တဖွားဖွားဖြစ်ပြီး တဖွားဖွား ပျက်နေတာကို ထင်ထင်ရှားရှားပဲ မြင်သိလာပါတယ်။ ဒီဉာဏ်ကိုတော့ **'ဥဒယဗ္ဗယဉာဏ်'** လို့ ခေါ်တယ်။ ဒီဉာဏ်ဖြစ်ပေါ်ပြီဆိုရင် မှန်မှန်သာရှုမှတ်သွားပေတော့၊ ရုပ်နာမ်တို့ရဲ့ အပျက်သဘောကိုသာမြင်သိတဲ့ **'ဘင်္ဂဉာဏ်'**၊ ခဏမစဲပျက်ပျက်နေကြတဲ့ ရုပ်နာမ်တို့ဟာ ကြောက်လန့်စရာကောင်းတဲ့ဘေးကြီးပဲလို့ သိတဲ့ **'ဘယဉာဏ်'**၊ ရုပ်နာမ်တို့ဟာ အိုင်းအမာကြီးနဲ့တူတယ်၊ မီး ၁၁ –ပါးတို့ အလျှံတပြောင်ပြောင် တောက်လောင်ရာဌာနတွေပဲလို့ အပြစ်မြင်လာတဲ့ **'အာဒီနဝဉာဏ်'**၊ ကြောက်လန့်စရာကောင်းတဲ့ ရုပ်နာမ်တို့ကို ထွေးပိုက်မထားချင်တော့ဘဲ ငြီးငွေ့လာတဲ့ **'နိဗ္ဗိဒါဉာဏ်'**၊ အပြစ်မြင်ပြီးငြီးငွေ့လာတော့ ရုပ်နာမ်သင်္ခါရ အနှောင်အဖွဲ့မှလွတ်မြောက်လိုတဲ့ **'မုဉ္စိတုကမျတာဉာဏ်'**၊ လွတ်မြောက်လိုတော့ လွတ်မြောက်အောင် အပြင်းအထန်ရုန်းကန်တဲ့သဘောနဲ့ ရုပ်နာမ်သင်္ခါရတို့ကို ထပ်မံသိမ်းဆည်းတဲ့ **'ပဋိသင်္ခါဉာဏ်'**၊ ရုပ်နာမ်တို့ကို ကောင်းစွာသိမ်းဆည်းလာနိုင်တဲ့အခါမှ ရုပ်နာမ်တို့ဟာ သုညသဘောအလျောက်ဖြစ်နေကြတာပဲ၊ ငါနဲ့မဆိုင်ဘူး၊ ကြောင့်ကြစိုက်စရာမလိုဘူးလို့ လျစ်လျူရှုပြီး ရှုမှတ်နိုင်လာတဲ့အခါ **'သင်္ခါရုပေက္ခာဉာဏ်'**၊ သင်္ခါရုပေက္ခာဉာဏ်ရင့်သန်ပြီး အထွတ်အထိပ်သို့ရောက်လာတဲ့အခါ အထက်မဂ်ဉာဏ်ဖြစ်ပေါ်လာနိုင်အောင် ပေါင်းကူးပေးတဲ့ **'အနုလောမဉာဏ်'**၊ အဲဒီနောက် နိဗ္ဗာန်ကိုလှမ်းမြင်တဲ့ **'ဂေါတြဘုဉာဏ်'**၊ သစ္စာလေးပါးသိမြင်ပြီး နိဗ္ဗာန်ကိုပြေးဝင်သွားတဲ့ **'မဂ်ဉာဏ်'**၊ မဂ်ရဲ့အကျိုးဖြစ်တဲ့ **'ဖိုလ်ဉာဏ်'**၊ အဲဒီနောက် မဂ်ဖိုလ်နိဗ္ဗာန်တို့ကိုဆင်ခြင်တဲ့ **'ပစ္စဝေက္ခဏာဉာဏ်'**၊ အဲသလိုဉာဏ်စဉ် အဆင့်ဆင့်ဖြစ်ပေါ်သွားတော့တာပဲ။

ပထမအကြိမ် မဂ်သို့ဆိုက်ရောက်တယ်ဆိုရင်ပဲ သက္ကာယဒိဋ္ဌိနဲ့ဝိစိကိစ္ဆာတို့ကို အပြီးအပိုင်ပယ်သတ်လိုက်နိုင်ပြီဖြစ်လို့ ပုထုဇဉ်အနွယ်ပြတ်ပြီး အရိယာအနွယ်သို့ ကူးပြောင်းသွားတော့တယ်၊ သောတာပန်ဖြစ်ပြီး အပါယ်တံခါးပိတ်သွားတဲ့အတွက် ဘဝအာမခံချက်ရသွားပါပြီ။ ရှေ့ကို အဆင့်ဆင့်တိုးတက်ပြီး ရဟန္တာဖြစ်မှာသေချာတဲ့အတွက် အမြတ်ဆုံးအောင်နိုင်ခြင်းကို လက်ဝယ်ပိုင်ပိုင် ဆုပ်ကိုင်နိုင်ပြီလို့ ဆိုနိုင်ပါတော့တယ်။

www.burmeseclassic.com

www.burmeseclassic.com



မဂ္ဂင်ရှစ်ပါးနှင့်ပြည့်စုံသော ကျင့်စဉ်တရားရှိသည့် ဗုဒ္ဓသာသနာအတွင်း၌ သာလျှင် အမြင့်ဆုံးအောင်နိုင်သည့်အရိယာပုဂ္ဂိုလ်များ ပေါ်ထွန်းနိုင်သည်တကား။

●

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၇)

# တော်ကူးဆရာတော်ရဲ့ ဩဝါဒကထာ

**တကာယ်ချစ်လျှင် မနှစ်စေချင်**

"ဒကာ၊ ဒကာမတို့…မိမိတို့ကိုယ်ကို မချစ်ကြဘူးလား"

"ချစ်ကြပါတယ်ဘုရား"

"အေး…မိမိကိုယ်ကို မိမိအချစ်ဆုံးလို့ မြတ်စွာဘုရားဟောထားခဲ့သနော်၊ မိမိကိုယ်ကိုချစ်ရင် မိမိနစ်နာအောင် လုပ်သင့်သလား"

"မလုပ်သင့်ပါဘုရား"

"အေး…နစ်နာအောင် မလုပ်သင့်ဘူးနော်၊ ဒါပေမဲ့ အမှန်သဘောကို မသိအောင် မောဟဖုံးထားတော့ မိမိတို့ကိုယ်ကို အနစ်နာဆုံးဖြစ်အောင် လုပ်နေကြတယ်၊ ဘယ်လိုအလုပ်က မိမိကိုယ်ကို အနစ်နာဆုံးဖြစ်စေသလဲ"

"အပါယ်ကျစေတဲ့အလုပ်ပါဘုရား"

"ဟုတ်တာပေါ့၊ အပါယ်ကျရတဲ့အဖြစ်လောက် ဘဝနစ်နာတာမရှိဘူးလေ၊ **လယ်တီဆရာတော်**က ဒီလိုစပ်ဆိုခဲ့သကွဲ့…

*ငါးအာရုံဘင်အစု၊ ခင်မှုနဲ့နေ့ကုန်၊*

*နင် ယခုမေ့ပုံလို တွေ့မကြုံစခန်း၊*

*ပါယ်လေးဝသောကဘုံမှာ၊ မျောရရုံရှိတော့ခမန်း၊*

*အောက်ဝီစိသောင်းအငှမှာ၊ ခေါင်းမပြူစတမ်း၊*

*နှစ်အရှည် နစ်မည့်လမ်းကိုလ၊ နင်မျှော်စမ်းနင့်ကို"*

"အာရုံငါးပါးက တည်မြဲတဲ့တရားတွေလား၊ မတည်မြဲကြဘူးနော်၊ ခုမြင်ပြီး ခုပျောက်၊ ခုကြားပြီး ခုပျောက်သွားတာပဲ၊ အဲဒီမတည်မြဲတဲ့အာရုံတွေကို ခင်

www.burmeseclassic.com

www.burmeseclassic.com



မင်တွယ်တာပြီးတော့ တစ်နေ့ကုန်တစ်နေ့ခန်း လိုက်စားနေကြမယ်ဆိုရင် သေတော့ ဘယ်ရောက်မလဲ"

"အပါယ်ရောက်လိမ့်မယ် ဘုရား"

"သေချာပါတယ်နော်၊ ရာဂတဏှာနဲ့သက္ကာယဒိဋ္ဌိတို့က အပါယ်ကျအောင် ဆွဲချသွားလိမ့်မယ်၊ အဲဒါကို နင်သတိမေ့နေလို့ အပါယ်လေးဝသောကဘုံမှာ နစ်မျောဖို့ နီးနေပါပြီတဲ့၊ အပါယ်နှုတ်ခမ်းဝကို ရောက်နေပါပြီတဲ့၊ ဒကာတို့ ဘယ်ရောက်နေကြပြီလဲ"

"အပါယ်နှုတ်ခမ်းကို ရောက်နေပါပြီဘုရား"

"ဘာကြောင့် အပါယ်နှုတ်ခမ်းကို ရောက်နေတာလဲ၊ ငါစွဲပေါ်အခြေခံပြီး ငါချမ်းသာအောင် ကာမဂုဏ်အာရုံတွေကို ခံစားနေလို့မဟုတ်လား"

"ဟုတ်ပါတယ်ဘုရား"

## ငါစွဲမျက်နှာဖုံး

"သက္ကာယဒိဋ္ဌိက သိပ်ကြောက်စရာကောင်းတယ်၊ မိမိရထားတဲ့ခန္ဓာငါးပါး အစုကို 'ငါ-ငါ' လို့ သတ္တဝါတွေ စွဲလမ်းနေကြတယ်၊ ဒကာတို့ ငါစွဲကို ဖျောက်နိုင်ကြရဲ့လား"

"မဖျောက်နိုင်ပါဘုရား၊ ထင်ထင်ရှားရှားမြင်တွေ့နေရတဲ့ ခန္ဓာကြီးကိုရော၊ ခံစားမှု၊ မှတ်သားမှု၊ ပြုပြင်မှု၊ သိမှုအစုတို့ကိုရော ငါလို့ပဲထင်နေမိပါတယ်ဘုရား"

"အဲသလိုအထင်ရောက်အောင် မောဟခေါ်တဲ့အဝိဇ္ဇာက ဖုံးလွှမ်းထားတယ်လေ၊ ဝိပဿနာပညာနဲ့ ဝိဇ္ဇာအသိဉာဏ်နဲ့ မောဟကိုဖောက်ခွဲပစ်မှ 'ငါ' ဆိုတဲ့မျက်နှာဖုံး ကွာမှာ၊ ဝိပဿနာမရှုမှတ်ဘဲနဲ့ ငါစွဲဆိုတဲ့မျက်နှာဖုံး ကွာနိုင်ပါ့မလား"

"မကွာနိုင်ပါဘုရား"

"အမှန်ကိုမမြင်ရင် ငါစွဲမကွာနိုင်ဘူး၊ အင်မတန်သိမ်မွေ့တဲ့ တရားကွဲ့၊ ငါရှိတယ်လို့ စွဲလမ်းနေတဲ့ သက္ကာယဒိဋ္ဌိအယူဝါဒအပေါ် အခြေခံပြီးတော့ ယခု 'ငါ' သေသွားရင်လဲ နောက် 'ငါ' ဆက်ဖြစ်ဦးမှာပဲ၊ 'ငါ' ဟာ ဘယ်တော့မှ မပျောက်ပျက်ဘူးလို့ ထပ်မံယူဆလာတယ်၊ ဒီအယူအဆကို **သဿတဒိဋ္ဌိ** လို့ ခေါ်တယ်။

"တချို့ကလဲ ငါသေရင် နောက်ဘာမှမဖြစ်တော့ဘူး၊ ဘဝပြတ်သွားတယ်လို့ ယူဆတယ်၊ ဒီအယူဝါဒကို **ဥစ္ဆေဒဒိဋ္ဌိ**လို့ ခေါ်တယ်။

"သဿတဒိဋ္ဌိနဲ့ ဥစ္ဆေဒဒိဋ္ဌိတို့ကို အကြောင်းပြုပြီးတော့ အလွန်ဆိုးတဲ့ ဒိဋ္ဌိသုံးမျိုးဖြစ်လာပြန်တယ်၊ ဒါတွေက (၁) နတ္ထိကဒိဋ္ဌိ၊ (၂) အဟေတုကဒိဋ္ဌိ၊ (၃) အကိရိယဒိဋ္ဌိတို့ ဖြစ်ကြပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



"**နတ္ထိကဒိဋ္ဌိ**က ကုသိုလ်လုပ်တာလဲ အကျိုးမရှိဘူး၊ အကုသိုလ်လုပ်တာလဲ အကျိုးမရှိဘူးတဲ့၊ ကံရဲ့အကျိုးကိုပယ်တဲ့ အယူဝါဒပဲ။ နောက်ဘဝမရှိဘူးလို့ ယုံတဲ့လူဟာ ကံရဲ့အကျိုးမရှိဘူးလို့ ယူဆတော့မှာပေါ့။ အဲဒီတော့ အလှူပေးတာ သီလစောင့်တာ ဝိပဿနာရှုမှတ်တာ အကျိုးမရှိဘူးတဲ့၊ သူ့အသက်သတ်တာ သူ့ဥစ္စာခိုးတာ သူ့သားမယားဖျက်ဆီးတာတွေလဲ အရေးမကြီးဘူးတဲ့၊ နောင်ဘဝ မကောင်းကျိုးပေးစရာမရှိဘူးလို့ ယူဆထားတာကို၊ ဒီဝါဒတွေထွန်းကားရင် လောကပျက်စီးမှာပဲ။

"**အဟေတုကဒိဋ္ဌိ**က အကြောင်းကိုပယ်တဲ့အယူဝါဒကွဲ့၊ ယခုဘဝ လူဖြစ်တာလာ ဘာအတိတ်အကြောင်းမှမရှိဘူးတဲ့၊ ဆင်းရဲတယ် ချမ်းသာတယ် အရုပ်ဆိုးတယ် အရုပ်လှတယ်ဆိုတာတွေလဲ ဘယ်အတိတ်အကြောင်းနဲ့မှမဆိုင်ဘူးတဲ့၊ ဒီအယူရှိတဲ့လူတွေက အတိတ်ဘဝရှိခဲ့တာကို မယုံဘူး၊ အတိတ်က ကုသိုလ်ကံကြောင့် ဒီဘဝမှာ လှတယ် ချမ်းသာတယ်ဆိုတာကိုလဲ မယုံဘူး၊အတိတ်က အကုသိုလ်ကံကြောင့် ဒီဘဝမှာ အကျည်းတန်တယ် ဆင်းရဲတယ်ဆိုတာကိုလဲ မယုံဘူး၊ မယုံတော့ ကောင်းမှုကံတွေလုပ်ဖို့ မကြိုးစားတော့ဘူးပေါ့။

"**အကိရိယဒိဋ္ဌိ**က ကံကိုပယ်တဲ့ဝါဒကွဲ့၊ ကုသိုလ်လုပ်ရင်လဲ ကုသိုလ်ကံမဖြစ်ဘူးတဲ့၊ အကုသိုလ်လုပ်ရင်လဲ အကုသိုလ်ကံမဖြစ်ဘူးတဲ့၊ ကံကိုပယ်လိုက်တယ်ဆိုတော့ အကြောင်းကိုရော အကျိုးကိုရောပယ်တဲ့ဝါဒပဲပေါ့။

"နတ္ထိကဒိဋ္ဌိ၊ အဟေတုကဒိဋ္ဌိ၊ အကိရိယဒိဋ္ဌိ တစ်မျိုးမျိုးကို စွဲစွဲမြဲမြဲခံယူထားတဲ့လူဟာ သေရင်ငရဲရောက်မှာပဲ၊ ဟိုအဝီစိသောင်းအငူမှာ နှစ်ကာလရှည်ကြာစွာ ခေါင်းမပြူနိုင်အောင် ငရဲခံရဖို့ရှိတယ်တဲ့"

## လက်ငင်းလုပ်ရမည့်အလုပ်

"ဒါကြောင့် ငါစွဲဆိုတဲ့သက္ကာယဒိဋ္ဌိကို အရေးတကြီးပယ်သတ်ဖို့ လိုမနေဘူးလား ဒကာတို့"

"အရေးတကြီးလိုအပ်ပါတယ် ဘုရား"

"**ဒိဋ္ဌိသက္ကာယ၊ မပယ်သတ်က၊ လေးဝအပါယ်၊ ရောက်ဦးမယ်၊ နင်ဝယ်သတိထားတဲ့။ ဒိဋ္ဌိသက္ကာယ၊ ပယ်သတ်မှ၊ လေးဝအပါယ်၊ လွတ်မြောက်မယ်** တဲ့။ ဒါဖြင့်ရင် သက္ကာယဒိဋ္ဌိကိုပယ်သတ်ဖို့ အရေးကြီးမနေဘူးလား"

"အရေးကြီးပါတယ် ဘုရား"

"မြတ်စွာဘုရားက… **ရင်ဝလှံစူး၊ ဆံဦးမီးလောင်၊ မရှောင်အဟုတ်၊ နောက်မဆုတ်ရ၊ သက္ကာယကို ပယ်သတ်ရမယ်** တဲ့။ ရင်ဝမှာလှံစူးရင် ချက်ချင်းဆွဲနုတ်

www.burmeseclassic.com

www.burmeseclassic.com



ကုသရမယ်မဟုတ်လား၊ ဦးခေါင်းထိပ်မှာ ဆံပင်မီးလောင်နေရင် ချက်ချင်းငြိမ်းသတ်ရမယ်မဟုတ်လား၊ အဲသလို မိမိစိတ်နှလုံးမှာ စွဲလောင်နေတဲ့ သက္ကာယဒိဋ္ဌိကို ချက်ချင်းငြိမ်းသတ်ရမယ်တဲ့၊ နောက်ကျသွားရင် အပါယ်ကိုရောက်သွားမယ်နော်၊ အပါယ်ရောက်သွားရင် ငြိမ်းသတ်လို့မရတော့ဘူး၊ ဒါကြောင့် အိုခြင်းတရားက မဦးခင်၊ နာခြင်းတရားက မဦးခင်၊ သေခြင်းတရားက မဦးခင် သင်အရင်ဦးအောင် လုပ်ရမယ့်အလုပ်က ဘာအလုပ်လဲ"

"ဝိပဿနာအလုပ်ပါဘုရား"

"အေး...ကာမဂုဏ်ခံစားတာ ကိလေသာတိုးပွားတဲ့အလုပ်၊ သက္ကာယဒိဋ္ဌိကိုကြီးထွားခိုင်မာစေတဲ့အလုပ်၊ ဝိပဿနာအလုပ်ကမှ ကိလေသာအညစ်အကြေးကို ဆေးကြောသုတ်သင်ပေးနိုင်တယ်၊ သက္ကာယဒိဋ္ဌိအမြစ်ပြုတ်အောင် ပယ်နုတ်ပေးနိုင်တယ်။ ဒါလက်ငင်းလုပ်ရမယ့်အလုပ်လို့ မှတ်ထားကြနော်"

## တစ်ကြောင်းတည်းသော ခရီးလမ်း

*"ကောယနော အယံဘိက္ခဝေမဂ္ဂေါတိ ဧွကေမဂ္ဂေါ*
*အယံဘိက္ခဝေမဂ္ဂေါ၊ နိဒ္ဒိဋ္ဌာပထဘူတောတိအတ္ထော"*

"အို...ချစ်သားရဟန်းတို့၊ ဤဝိပဿနာသတိပဋ္ဌာန်လမ်းစဉ်သည် နိဗ္ဗာန်ရောက်စေသော တစ်ကြောင်းတည်းသောလမ်းပေတည်း၊ နှစ်သွယ်နှစ်ခွဖြစ်သော ခရီးလမ်းမဟုတ်ဘူး"တဲ့။

*"ကောယနော အယံဘိက္ခဝေမဂ္ဂေါ သတ္တာနံဝိသုဒ္ဓိယာ*
*သောကပရိဒေဝါနံ သမတိက္ကမာယ၊ ဒုက္ခဒေါမနဿာနံ*
*အတ္ထင်္ဂမာယ၊ ဉာယဿအဓိဂမာယ၊ နိဗ္ဗာနဿ*
*သစ္ဆိကိရိယာယ၊ ယဒိဒံစတ္တာရောသတိပဋ္ဌာနာ"*

"အို...ချစ်သားရဟန်းတို့၊ သတိပဋ္ဌာန်လေးပါးတည်းဟူသော ခရီးလမ်းသည် ခပ်သိမ်းသောသတ္တဝါတို့အား စိတ်၏အညစ်အကြေးဖြစ်သည့် ကိလေသာတို့မှစင်ကြယ်ခြင်းဌာ တစ်ကြောင်းတည်းသောခရီးလမ်းပေတည်း၊ စိုးရိမ်ပူဆွေးမှု၊ ငိုကြွေးမြည်တမ်းမှုတို့ကို လွန်မြောက်ခြင်း ပယ်စွန့်ခြင်းဌာ တစ်ခုတည်းသောခရီးလမ်းပေတည်း၊ ကိုယ်ဆင်းရဲစိတ်ဆင်းရဲခြင်းတို့၏ ချုပ်ငြိမ်းကွယ်ပျောက်ခြင်းဌာ တစ်ခုတည်းသောခရီးလမ်းပေတည်း၊ လေးပါးသောမဂ်ဉာဏ်ကို သိမြင်ရခြင်းဌာ နိဗ္ဗာန်ကိုမျက်မှောက်ထင်ထင်သိမြင်ခြင်းဌာ တစ်ကြောင်းတည်းသော ခရီးလမ်းပေတည်းတဲ့"

www.burmeseclassic.com

www.burmeseclassic.com



"ဒါကြောင့် ကာယာနုပဿနာ၊ ဝေဒနာနုပဿနာ၊ စိတ္တာနုပဿနာ၊ ဓမ္မာနုပဿနာဆိုတဲ့ သတိပဋ္ဌာန်လေးပါးကျင့်စဉ်ဟာ စိတ်အညစ်အကြေးကို ကင်းစင်ဖို့၊ ပူဆွေးမှုကိုလွန်မြောက်ဖို့၊ ငိုကြွေးမှုကိုလွန်မြောက်ဖို့၊ စိတ်ဆင်းရဲကို ချုပ်ငြိမ်းဖို့၊ အရိယာမဂ်ကိုရဖို့၊ နိဗ္ဗာန်ကိုမျက်မှောက်ပြုဖို့ တစ်ကြောင်းတည်းသော ခရီးလမ်းပဲလို့ ဘုရားဟောထားတယ်နော်"

"ကဲ... လိုက်ဆိုကြ"

*"စိတ်အညစ်အကြေးကို ကင်းစေလို၊ သတိပဋ္ဌာန်လမ်းကိုလိုက်ရမယ်။*
*ပူဆွေးမှုကိုလွန်မြောက်လို၊ သတိပဋ္ဌာန်လမ်းကို လိုက်ရမယ်။*
*ငိုကြွေးမှုကိုလွန်မြောက်လို၊ သတိပဋ္ဌာန်လမ်းကို လိုက်ရမယ်။*
*ကိုယ်ဆင်းရဲကို ချုပ်ငြိမ်းလို၊ သတိပဋ္ဌာန်လမ်းကို လိုက်ရမယ်။*
*စိတ်ဆင်းရဲကို ချုပ်ငြိမ်းလို၊ သတိပဋ္ဌာန်လမ်းကို လိုက်ရမယ်။*
*အရိယာမဂ်ကို ရချင်လို၊ သတိပဋ္ဌာန်လမ်းကို လိုက်ရမယ်။*
*နိဗ္ဗာန်နန်းကို ရောက်ချင်လို၊ သတိပဋ္ဌာန်လမ်းကို လိုက်ရမယ်"*

"အင်မတန်အဖိုးတန်တဲ့ အကျိုးခုနစ်ပါးကိုရရှိအောင် အခုယောဂီတို့ ဝိပဿနာရှုမှတ်ကြတော့မယ်နော်၊ ဒီအလုပ်ဟာ နိဗ္ဗာန်လမ်းမကြီးပေါ်မှာ တည့်တည့်မတ်မတ် လျှောက်သွားတဲ့အလုပ်ပဲ၊ ဘုရား၊ ပစ္စေကဗုဒ္ဓါ၊ ရဟန္တာ များစွာတို့ဟာ ဒီခရီးလမ်းအတိုင်းလျှောက်သွားကြလို့ နိဗ္ဗာန်ရွှေပြည်မြတ်သို့ ဝင်ရောက်သွားကြပြီ၊ တို့တစ်တွေလဲ ဒီအရိယာလမ်းစဉ်ကို လိုက်သွားနေရတာပါလားလို့ နားလည်သဘောပေါက်ပြီး ဝမ်းမြောက်ဝမ်းသာရှုမှတ်ကြပါနော်"

## အကျိုးအမြတ်အကြီးဆုံးအလုပ်

"ဒကာ ဒကာမတို့၊ ဖောင်းတာကို ဖောင်းတယ်လို့သိအောင်ရှု၊ ပိန်တာကို ပိန်တယ်လို့သိအောင်ရှု၊ ထိုင်နေတာကို ထိုင်တယ်လို့သိအောင်ရှု၊ တင်ပါးနဲ့ကြမ်းခင်းထိနေတာကို ထိတယ်လို့သိအောင်ရှု၊ မြင်တာကိုမြင်တယ်လို့ရှု၊ ကြားတာကို ကြားတယ်လို့ရှု၊ နံတာကို နံတယ်လို့ရှု၊ ကြံတွေးတာကို ကြံတွေးတယ်လို့သိအောင်ရှု၊ ဒီလိုသိအောင်ရှုနေတဲ့အလုပ်က သာမညအလုပ်မဟုတ်ဘူးနော်၊ အာရုံ ဝင်ရောက်ရာ ဒွါရခြောက်ပေါက်မှာ လောဘမီး၊ ဒေါသမီး၊ မောဟမီးတို့ မလောင်အောင် ငြိမ်းသတ်နေတာပဲ။

"တစ်နည်းပြောရရင် သံသရာဝဋ်ဆင်းရဲကို ကျော်ဖြတ်နိုင်ဖို့ လော်ခတ်နေတဲ့ လှေကြီးထဲကို ကိလေသာရေတွေ မဝင်လာအောင် တားဆီးပိတ်ပင်နေတာပဲ

www.burmeseclassic.com

www.burmeseclassic.com



ကွဲ့၊ ကိလေသာရေဝင်ရင် လှေနစ်မယ်၊ လှေနစ်ရင် အပါယ်ကျမယ်၊ ကိလေသာရေမဝင်တော့ လှေဟာဦးပဲ့ထောင်ပြီး ပေါ့ပေါ့ပါးပါးနဲ့ သံသရာဟိုဘက်ကမ်းရောက်သွားလိမ့်မယ်။

"ဒါကြောင့် ဖောင်းတယ်–ပိန်တယ်လို့ တစ်ချက်တစ်ချက်ရှုမှတ်တာဟာ မဂ္ဂင်လှေမှာတပ်ထားတဲ့ လှော်တက်ကြီးကို တစ်ချက်လှော်ခတ်လိုက်သလို လှေကို ရှေ့သို့သွားအောင် တွန်းပို့ပေးနေတာပဲလို့သိရမယ်၊ ဥပမာ...ဧရာဝတီမြစ်ကြောင်းအတိုင်း ရန်ကုန်ကနေ မန္တလေးရောက်အောင် လှော်တက်အကြိမ်နှစ်သန်း လှော်ခတ်ရတယ်ဆိုပါစို့၊ လှေကိုခရီးလမ်းအတိုင်း တည့်မတ်အောင်ပဲ့ထိန်းပြီး အကြိမ်နှစ်သန်းလှော်ခတ်ရင် မန္တလေးကို မဆိုက်ရောက်ဘူးလား။

"အဲသလိုပဲ မဂ္ဂင်လှေကြီးကို နိဗ္ဗာန်ဆိုက်ရောက်ဖို့ အကြိမ်နှစ်ကုဋေ လှော်ခတ်ဖို့လိုရင် အကြိမ်နှစ်ကုဋေပြည့်အောင် လှော်ခတ်ပြီးတဲ့အခါ နိဗ္ဗာန်ပန်းတိုင်ကို မဝင်ရောက်နိုင်ဘူးလား။

"လူတွေ တန်ဖိုးဖြတ်နေကျနည်းနဲ့ပြောရရင်တော့ ဝိပဿနာအလုပ်မှာ တစ်ချက်ရှုမှတ်တိုင်း ရွှေတစ်ကျပ်သားရတာနဲ့ တူတယ်ကွဲ့၊ **တစ်နေ့ရှုမှတ်လိုက်ရင် လှည်းတစ်စီးအပြည့် ရွှေတုံးတွေရတော့တာပေါ့၊** လူ့ပြည်က ရွှေတုံးတွေဟာ တစ်ဘဝပဲ သုံးလို့ရတယ်၊ ဝိပဿနာအလုပ်ကရတဲ့ ရွှေတုံးတွေဟာ တစ်သံသရာလုံး သုံးစွဲလို့ရတယ်ကွဲ့၊ ဒါကြောင့် ဝိပဿနာအလုပ်ကို ကြိုးစားလုပ်ကြ"

## လမ်းခုလတ်မှပြန်မလှည့်နှင့်

"ဒကာ ဒကာမတို့...မန္တလေးသွားတဲ့လူတစ်ယောက်ဟာ ပထမအကြိမ် တောင်ငူက လှည့်ပြန်တယ်၊ ဒုတိယအကြိမ် ပျဉ်းမနားက လှည့်ပြန်တယ်၊ တတိယအကြိမ် သာစည်က လှည့်ပြန်တယ်၊ အဲသလို လှည့်လှည့်ပြန်နေရင် မန္တလေးရောက်နိုင်ပါ့မလား"

"မရောက်နိုင်ဘူး ဘုရား"

"မရောက်ရုံတင်မကဘူး၊ ခရီးစရိတ်လဲ အကြိမ်ကြိမ်ကုန်ကျရတယ်မဟုတ်လား၊ ဝိပဿနာတရားရှုမှတ်တဲ့အခါမှာလဲ ပန်းတိုင်မရောက်ခင် ရပ်ရပ်နားလိုက်ရင် ပန်းတိုင်ရောက်နိုင်ပါဦးမလား"

"မရောက်နိုင်ပါဘူးဘုရား"

"ဒါကြောင့် အကောင်းဆုံးအလုပ်၊ အမြတ်ဆုံးအလုပ်ကို လုပ်နေတဲ့အခါ တော်ကြာ ညောင်းလာတာနဲ့ မရပ်လိုက်နဲ့၊ ကျဉ်လာတာနဲ့ မရပ်လိုက်နဲ့၊ ကိုက်ခဲလာတာနဲ့ မရပ်လိုက်နဲ့နော်၊ သည်းခံပြီးရှုမှတ်သွားရမယ်"

www.burmeseclassic.com

www.burmeseclassic.com



## ဓားပြကြီးငါးယောက်

"ဒကာ,ဒကာမတို့...မငြိမ်းချမ်းတဲ့ ရပ်ရွာဒေသမှာ ခရီးသွားတဲ့အခါ သူခိုးဓားပြတွေကိုမကြောက်ရဘူးလား၊ အဖြူရောင်နယ်မြေမှာ ခရီးသွားရတာတောင် ခါးပိုက်နှိုက်ကို မကြောက်ရဘူးလား၊ ကြောက်ရတယ်နော်။

"တစ်ခါက ရန်ကုန်က ဇနီးမောင်နှံနှစ်ယောက် တော်ကူးရိပ်သာမှာတရားအားထုတ်ဖို့လာကြတယ်၊ မုတ္တမမှာ ရထားပေါ်ကဆင်းပြီး သဘော်ပေါ်သို့ တိုးဝှေ့အတက်မှာ ဒကာမရဲ့ပိုက်ဆံအိတ်ကို လူတစ်ယောက်က အလစ်နှိုက်ယူလိုက်သတဲ့၊ ဒါနဲ့ ဒကာရဲ့အင်္ကျီအိတ်မှာကျန်တဲ့ငွေနဲ့ လမ်းစရိတ်လုပ်ပြီး လာရသတဲ့၊ ဆွမ်းစရိတ်လှူဒါန်းဖို့ ငွေမရှိတော့ဘူးတဲ့။

"ဘုန်းကြီးက ပြောလိုက်တယ်၊ ဝတ္ထုငွေဆိုတာ မတည်မြဲတဲ့ သင်္ခါရတရားပဲ၊ ဆွမ်းစရိတ်မလှူဒါန်းရတာ ကိစ္စမရှိဘူး၊ ဘုန်းကြီးတို့ ဒါနပြုပါ့မယ်၊ ဒီလိုဒါနပြုခွင့်ရတာကို ဘုန်းကြီးတို့သိပ်ဝမ်းသာတယ်လို့၊ ပြီးတော့ ဒကာ,ဒကာမတို့ကို ဝိပဿနာအမွေပေးရတာကို ဘုန်းကြီးပိုပြီးဝမ်းသာတယ်လို့။

"ဒကာတို့ ဝိပဿနာစ,ရှုမှတ်ကြတဲ့အခါ အစဦးပိုင်းမှာ ကိလေသာရန်သူတွေက ထကြွသောင်းကျန်းနေဆဲမို့ အနှောင့်အယှက်တွေနဲ့ တွေ့ကြလိမ့်မယ်၊ အထူးသဖြင့် ကုသိုလ်တရားတွေမဖြစ်အောင် မတိုးပွားအောင် တားဆီးတတ်တဲ့ နီဝရဏငါးပါးဟာ ဓားပြငါးယောက်နဲ့တူတယ်။

"တရားရှုမှတ်နေတုန်း 'ဖောင်း-ပိန်'ပေါ်မှာ စိတ်မတည်ငြိမ်ဘဲ ဟိုဟိုဒီဒီ စိတ်ရောက်နေရင် စိတ်ပျံ့လွင့်နေခြင်းဆိုတဲ့ **ဥဒ္ဓစ္စဓားပြ** အနှောင့်အယှက်ပေးနေပြီလို့ သိပါ။ တစ်ခါ တီဗွီကြည့်ချင်တယ်၊ သီချင်းနားထောင်ချင်တယ်၊ မုန့်စားချင်တယ်ဖြစ်လာရင် ကာမဂုဏ်အာရုံကိုလိုချင်တဲ့ **ကာမစ္ဆန္ဒဓားပြ** တိုက်နေပြီလို့ သိပါ။

"ညောင်းညာကိုက်ခဲလာလို့ စိတ်ညစ်လာတယ်၊ တော်ချင်လာတယ်ဆိုရင် အမျက်ဒေါသဆိုတဲ့ **ဗျာပါဒဓားပြ** တိုက်နေပြီလို့သိပါ။ တစ်ခါ ပျင်းရိငိုက်မျဉ်းလာတယ်ဆိုရင် **ထိနမိဒ္ဓဓားပြ** တိုက်နေပြီလို့မှတ်ပါ။ တစ်ခါ ဒီဝိပဿနာရှုမှတ်လို့ စိုးရိမ်ပူဆွေးခြင်းတွေကို လွန်မြောက်ပြီး နိဗ္ဗာန်ချမ်းသာကို ရမယ်ဆိုတာ ဟုတ်နိုင်ပါ့မလားလို့ သံသယဖြစ်လာရင် **ဝိစိကိစ္ဆာဓားပြ** တိုက်နေပြီလို့ မှတ်ပေတော့။

"ရဲစွမ်းသတ္တိရှိတဲ့ ခရီးသွားယောကျ်ားဟာ နှောင့်ယှက်လာတဲ့ဓားပြ တစ်ဦးကို ခုခံတွန်းလှန်ပြီးတော့ လိုရာခရီးရောက်အောင် ခရီးဆက်သွားသလို အောင်ပွဲခံလိုတဲ့ ယောဂီဟာလဲ နီဝရဏဓားပြတို့ကို ခုခံတွန်းလှန်ပြီးတော့ ဝိပဿနာအလုပ်ကို အားကြိုးမာန်တက်ဆက်လုပ်သွားရမယ်။

www.burmeseclassic.com

www.burmeseclassic.com



"ပင်လယ်သမုဒ္ဒရာထဲမှာ ခရီးသွားနေတဲ့ သင်္ဘောတွေဟာ ဒီလှိုင်းများ ရိုက်ပုတ်တာကို ထိမထင်ဘဲ မိမိတို့သွားလိုတဲ့အရပ်သို့ တည့်တည့်မတ်မတ်သွားကြသလို မဂ္ဂင်ဖောင်ကို လှော်ခတ်နေတဲ့ ယောဂီတို့ကလဲ နီဝရဏလှိုင်းဒဏ်များကို အလေးမပြုဘဲ လိုရာပန်းတိုင်ကိုရောက်အောင် ဇွဲရှိရှိနဲ့ လှော်ခတ်သွားကြရမယ် နော်"

## သင်္ဘောငယ်ကို သင်္ဘောကြီးဖြစ်အောင်

"ဒကာ, ဒကာမတို့ ...ပင်လယ်ခရီးသွားဖူးကြသလား၊ ဘုန်းကြီးငယ်ငယ်က **သီဟိုဠ်ကျွန်း** က မြတ်စွာဘုရားစွယ်တော်ကိုဖူးချင်လို့ သင်္ဘောနဲ့ခရီးသွားခဲ့ဖူးတယ်၊ ပင်လယ်မှာ လှိုင်းလုံးတွေက တယ်ကြီးသကိုး၊ သင်္ဘောငယ်ငယ်နဲ့သွားတဲ့အခါ လှိုင်းကြီးတွေရိုက်ပုတ်တော့ သင်္ဘောက ဟိုလူးဒီလူးတာကိုး၊ ခရီးသည်တွေ လှိုင်းမူးပြီး အော့အန်ကုန်ကြတယ်။

"ဘုန်းကြီး သီဟိုဠ်ကပြန်လာတော့ သင်္ဘောခပ်ကြီးကြီးစီးပြီး ပြန်လာတယ်၊ လှိုင်းဘယ်လောက်ကြီးကြီး သင်္ဘောလှုပ်ရုံလောက် လှုပ်တာ၊ အဲဒီတော့ လှိုင်းမမူးတော့ဘူးကွဲ့။

"ယောဂီတို့... ဝိပဿနာ ရှုမှတ်တဲ့အခါ အစကနဦးမှာတော့ လှေငယ်သင်္ဘောငယ်နဲ့ ပင်လယ်ခရီးသွားရသလိုပဲ၊ လှိုင်းလေတွေရဲ့ ရိုက်ပုတ်တဲ့ဒဏ်ကို အလူးအလိမ့်ခံကြရတယ်။

"သင်္ဘောလူးလိမ့်တဲ့အခါ အလိုက်သင့်ယိမ်းနွဲ့ပြီး သည်းညည်းခံသွားရင် မကြာမီ ကျင့်သားရလာပြီး မမူးတော့ဘူး၊ လှိုင်းပုတ်တာကိုလဲ ဂရုမစိုက်တော့ဘူး၊ ကြောင့်ကြမှုကင်းကင်းရှင်းရှင်းနဲ့ ခရီးဆက်သွားဝံ့တယ်။

"ထို့အတူပဲ ဝိပဿနာရှုမှတ်လို့ ညောင်းညာကိုက်ခဲလာတာကိုသည်းညည်းခံနိုင်ရင် မကြာမီသင်္ဘောငယ်ငယ်က သင်္ဘောကြီးကြီးဖြစ်လာပြီး လှိုင်းလေ ဘယ်လိုပဲ ရိုက်ပုတ်ရိုက်ပုတ် ဂရုမစိုက်တော့ဘူး၊ တည်တည်ငြိမ်ငြိမ်နဲ့ သမုဒ္ဒရာလေးစင်းကို ဖြတ်ကျော်နိုင်တော့တယ်။

"ဝိပဿနာရှုမှတ်ရာမှာ ခန္တီလက်နက်, ဇွဲလက်နက်တို့နဲ့ သင်္ဘောကြီးကြီးဖြစ်လာအောင် တည်ဆောက်ပြီးတော့ အာသဝေါတရားလေးပါးဆိုတဲ့ သမုဒ္ဒရာလေးစင်းကိုဖြတ်ကျော်နိုင်အောင် ခုတ်မောင်းသွားရမယ်၊ အာသဝေါတရားတွေကို လွန်မြောက်တာနဲ့ နိဗ္ဗာန်ချမ်းသာဆီ ဆိုက်ရောက်တော့တာပါပဲ"

www.burmeseclassic.com

www.burmeseclassic.com



## မုန့်လေပွေ မီးကင်သလို

"တောရွာဘုရားပွဲများမှာ အဒေါ်ကြီးတွေ မုန့်လေပွေမီးကင်ရောင်းတာကို တွေ့ဖူးကြတယ်မဟုတ်လား။ ဘယ်လိုကင်ရသလဲ၊ မုန့်ကို ဝါးခြမ်းပြားနှစ်ချပ်နဲ့ ညှပ်ပြီး ဟိုဘက်လှည့်လိုက် ဒီဘက်လှည့်လိုက် လုပ်ပေးရတယ်လေ။

"တချို့ယောဂီတွေ တရားထိုင်တာ တင်ပါးတစ်ဖက် နာကျင်ကိုက်ခဲလာရင် နောက်တင်ပါးတစ်ဖက်နဲ့ လှည့်ထိုင်လိုက်တယ်၊ တော်ကြာအဲဒီဘက် နာကျင်လာတော့ နောက်တစ်ဖက်လှည့်ပြန်ရော၊ ဟိုဘက်လှည့်လိုက် ဒီဘက်လှည့်လိုက်နဲ့ မုန့်လေပွေမီးကင်သလို ကင်နေကြတာ ဘုန်းကြီးမြင်ပါတယ်၊ လှည့်တဲ့အခိုက်မှာ ရှက်မှာစိုးလို့ ဘုန်းကြီးမပြောဘူး၊ အခုမှ ပြောပြတာလေ၊ ခဏခဏလှည့်ရင် သမာဓိမဖြစ်ဘူးကွဲ့၊ သမာဓိမဖြစ်ရင် ရုပ်နာမ်တို့ရဲ့အမှန်သဘောကို မမြင်သိနိုင်ဘူး။

"တရားရှုမှတ်တာ သည်းခံပြီးရှုမှတ်ကြ၊ မုန့်လေပွေမီးကင်သလို ဟိုဘက်ဒီဘက် ခဏခဏမလှည့်ကြပါနဲ့နော်"

## တရားမှောင်မခိုကြနှင့်

"တချို့က ပစ္စည်းသာမှောင်ခိုတာမဟုတ်ဘူး၊ တရားကိုပါ မှောင်ခိုတယ်ကွဲ့၊ ဘယ်လိုလုပ်သတုံးဆိုရင် တရားထိုင်မှတ်နေတုန်း ခြေထောက်ထုံကျဉ်လာရင် ခြေထောက်ကို ကြွကြွပေးတယ်၊ တင်ပါးနာကျင်လာရင် မသိမသာ ကိုယ်စောင်းငဲ့ပေးပြီး တင်ပါးကိုကြွပေးတယ်။

"မတ်တတ်ရပ်ပြီး တရားရှုမှတ်တဲ့အခါမှာလဲ ခြေဖဝါးပူစပ်နာကျင်လာတဲ့အခါ ခြေဖျားထောက်လိုက်၊ ကိုယ်အလေးချိန်ကိုဟိုဘက်ခြေထောက်ပေါ်ပြောင်းလိုက်၊ ဒီဘက်ခြေထောက်ပေါ်ပြောင်းလိုက် လုပ်တတ်ကြတယ်ကွဲ့၊ အဲဒါ တရားမှောင်ခိုတယ်လို့ ခေါ်တယ်။

"အရပ်ထဲမှာတော့ ပစ္စည်းမှောင်ခိုလို့ ဈေးတက်တယ်၊ ရိပ်သာထဲမှာတော့ တရားမှောင်ခိုရင် နီဝရဏတွေပဲ တက်တယ်၊ တရားမတက်ဘူးကွဲ့၊ ဒါကြောင့် တရားမှောင်မခိုကြပါနဲ့လို့ တိုက်တွန်းပါရစေဦး"

## စကားဝင်တော့ တရားမှောက်

"ပင်လယ်ခရီးသွားတဲ့အခါ လှေဝမ်းမလုံလို့ ရေဝင်လာရင် ဘာဖြစ်သလဲ ဒကာကြီးတို့"

"ရေဝင်ရင် လှေနစ်ပါတယ်ဘုရား"

www.burmeseclassic.com

www.burmeseclassic.com



"အဲသလိုပဲ တရားရှုမှတ်တဲ့အခါ စကားနည်းနည်းပြောတဲ့လူဟာ လှေထဲကို ရေနည်းနည်းဝင်တာနဲ့တူတယ်၊ စကားများများပြောတဲ့လူဟာ ရေများများဝင်တာနဲ့တူတယ်၊ **ရေများများဝင်တော့ လှေမှောက်သလို စကားများများဝင်တော့ တရားမှောက်တယ် ဒကာကြီးတို့**...

"ပင်လယ်ထဲမှာ လှေနစ်လို့ ကယ်သူမပေါ်ရင် ဒီတစ်ဘဝပဲသေမယ်၊ သာသနာနဲ့ကြုံတောင့်ကြုံခဲ ကြုံနေဆဲအခိုက်မှာ ဝိပဿနာရှုမှတ်ဖြစ်တယ်ဆိုတာ အင်မတန်ရခဲတဲ့ ဒုလ္လဘတရားပဲ၊ ဘဝပေါင်းတစ်သိန်းတစ်သန်းကြာလို့မှ ဒီလိုအခွင့်အရေးမျိုး တစ်ခါကြုံရတာမဟုတ်ဘူး၊ ဒီလိုအခါမှာမှ တရားမှောက်ရင် ဘဝပေါင်းများစွာ ဆက်သေရတာနဲ့တူတူပဲ"

## ဝေဒနာပြဒါးတိုင်

"ဒကာတို့...တရားမှတ်တဲ့အခါ ဝေဒနာဟာ သမာဓိအတိုင်းအတာကိုပြတဲ့ ပြဒါးတိုင်ပဲ၊ ကိုယ်အပူချိန်ကို ပြဒါးတိုင်နဲ့တိုင်းရသလို သမာဓိအနုအရင့်ကိုလဲ ဝေဒနာနဲ့ တိုင်းတာနိုင်သကွဲ့"

"ရှုမှတ်စအချိန်မှာ သမာဓိမရှိသေးလို့ နာကျင်ခံခက်တဲ့ဝေဒနာတွေ အများကြီး ပေါ်တယ်၊ သမာဓိကောင်းလာတဲ့အခါ ဝေဒနာအပေါ်နည်းပြီး တရားထိုင်ရတာ ကောင်းလာတယ်"

**"သမာဓိဆိုတာ အာရုံတစ်ခုတည်းမှာ စိတ်စူးစိုက်တည်ငြိမ်နေတာကို ခေါ်တယ်၊** ဒကာ, ဒကာမလေးတွေ စိတ်ဝင်စားစရာကောင်းတဲ့ အချစ်ဝတ္ထု၊ သိုင်းဝတ္ထု၊ စုံထောက်ဝတ္ထုတို့ကို ဖတ်ရှုကြတဲ့အခါ ဇာတ်လမ်းမှာစိတ်ဝင်စားနေတာမို့ အမေခေါ်လဲ မကြားဘူး၊ အဖေခေါ်လဲ မကြားဘူး၊ ညောင်းညာနာကျင်တာလဲ မသိဘူးမဟုတ်လား၊ ဇာတ်လမ်းဆုံးလို့ ပတ်ဝန်းကျင်ကိုသတိထားလိုက်တော့မှ နေဝင်ချိန်ရောက်နေပြီဆိုတာ သိရတယ်၊ ကွေးထားတဲ့ဒူးတွေကို ဆန့်ကြည့်လိုက်တော့မှ မခံသာအောင် နာကျင်နေတာကို သိရတော့တယ်၊ ဒီလိုမဟုတ်လား။

"အဲ...တရားရှုမှတ်နေတဲ့အခါ သမာဓိကောင်းနေရင် ဘေးဘီက အသံဗလံတွေမကြားတော့ဘူး၊ မော်တော်ကားသံတွေ၊ လူသံတွေကိုမကြားတော့ဘူး၊ ညောင်းညာနေတာကိုလဲ မသိဘူး၊ စိတ်က ဖောင်းတယ်, ပိန်တယ် အမှတ်အာရုံထဲမှာပဲ စူးစိုက်နစ်မြုပ်နေတာလေ။

"အဲ... တရားရပ်နားထားတဲ့အချိန်မှာ အဖော်တစ်ယောက်ယောက်နဲ့ ကောင်းကောင်းစကားလက်ဆုံပြောကြည့်ပါ၊ နောက်တစ်ချိန် တရားထိုင်တဲ့အခါ သမာဓိကျဲသွားပြီဖြစ်လို့ အားပါးပါး...အားပါးပါးလို့ အော်နေရအောင်

www.burmeseclassic.com

www.burmeseclassic.com



ကိုက်ခဲနာကျင်တဲ့ဝေဒနာတွေ ပေါ်ပြီလေ၊ သူမခံမရပ်နိုင်တော့ဘူး၊ စောစောက ငါ့အမှတ်ကောင်းနေတာ၊ ခုဘာဖြစ်လို့ မကောင်းရတာလဲ၊ သူ့လှေဝမ်းထဲကို ရေအများကြီးဝင်နေပြီဆိုတာ သူမေ့သွားပြီလေ"

"ဒါကြောင့် တရားရှုမှတ်တဲ့အခါမှာ တတ်နိုင်သလောက် စကားမပြောနဲ့၊ **မဟာစည်ဆရာတော်ဘုရားက တရားအားထုတ်တဲ့နေရာမှာ စကားပြောတာဟာ အပြစ်အကြီးဆုံးတဲ့၊** လုံးဝစကားမပြောဘဲနေနိုင်ရင် သိပ်ကောင်းတာပေါ့၊ ရှေးကကိုယ်တော်ကြီးတွေ စကားပြောမိမှာစိုးလို့ ရေငုံထားကြတယ်လေ၊ ရေငုံဆရာတော်တွေအကြောင်း ကြားဖူးတယ်မဟုတ်လား"

## လူ့တန်ဖိုးမတက်

"မြို့ရွာများမှာကုန်ဈေးနှုန်းတွေ တရိပ်ရိပ်တက်နေတယ်လို့ကြားနေရတယ်၊ လူတွေရဲ့တန်ဖိုးကျတော့ မတက်ဘူးကွဲ့"

"လူ့တန်ဖိုးဆိုတာ သူတော်ကောင်းဥစ္စာခုနစ်ပါးကိုခေါ်တယ်၊ သဒ္ဓါ, သီလ, သုတ, စာဂ, ပညာ, ဟိရီ, ဩတ္တပ္ပတဲ့။ ဘုရား, တရား, သံဃာ, ရတနာသုံးပါးမှာ ယုံကြည်အားကိုးတဲ့သဒ္ဓါ မြင့်တက်လာမှ လူ့တန်ဖိုးမြင့်တက်လာတယ်၊ သီလရှိမှ လူ့တန်ဖိုးရှိတယ်၊ နိဗ္ဗာန်ရောက်ကြောင်းတရား ဗဟုသုတတွေ တိုးမြင့်လာမှ လူ့တန်ဖိုးတက်တယ်၊ မိမိပိုင်ပစ္စည်းဥစ္စာတွေကို ပေးလှူစွန့်ကြဲလို့ စာဂမြင့်တက်လာမှ လူ့တန်ဖိုးမြင့်တက်တယ်၊ ဝိပဿနာပညာတိုးတက်လာမှ လူ့တန်ဖိုးမြင့်တက်လာတယ်၊ မကောင်းမှုကိုပြုရမှာကို ရှက်ကြောက်တတ်မှ အဟိရိကအနောတ္တပ္ပတရားတွေတိုးပြီး လူ့တန်ဖိုးတိုးတက်လာပါတယ်။

"ဝိပဿနာတရားရှုမှတ်နေတဲ့သူဟာ သူတော်ကောင်းတရားတွေပြည့်စုံလာအောင် အမြန်ဆုံး အထိရောက်ဆုံးနည်းနဲ့ ကြိုးစားအားထုတ်ရာရောက်တဲ့အတွက် သူ့ဘဝရဲ့တန်ဖိုးဟာလဲ ဒီရေအလားတိုးတက်လာလိမ့်မယ်၊ ဒါကြောင့် လူ့တန်ဖိုးမြင့်တက်အောင် ဝိပဿနာအလုပ်ကို ကျားကုတ်ကျားခဲ စွဲစွဲမြဲမြဲ အားထုတ်ကြ"

## အသိဉာဏ် ထောင်ကျနေတယ်

"လူအများစုဟာ ဝိပဿနာတရားအားထုတ်ရမှာကို မသိကြသေးဘူး၊ လူ့ဘဝက သေရင်အပါယ်ကျဖို့က သိပ်လွယ်တယ်၊ **နခသိခသုတ်တော်** မှာ မြတ်စွာဘုရားက လက်မ,လက်သည်းပေါ်မှာ မြေမှုန့်နည်းနည်းကော်ယူပြီး ရဟန်းတို့ကိုပြတယ်"

www.burmeseclassic.com

www.burmeseclassic.com



"ချစ်သားတို့...ငါ့လက်သည်းပေါ်မှာရှိတဲ့ မြေမှုန့်နဲ့ ကမ္ဘာမြေထုမှာ ရှိတဲ့ မြေမှုန့် ဘယ်ဟာကပိုများသလဲတဲ့"

"အရှင်ဘုရားလက်သည်းပေါ်ကမြေမှုန့်ဟာ နည်းနည်းကလေးပါ၊ ကမ္ဘာမြေထုမှာရှိတဲ့မြေမှုန့်က အဆပေါင်းများစွာ ပိုများပါတယ်ဘုရား"

"အေး...လူတွေသေလွန်ကြတဲ့အခါ ကောင်းရာသုဂတိဘုံသို့ရောက်ကြတဲ့အရေအတွက်က ဟောဒီလက်သည်းပေါ်က မြေမှုန့်အရေအတွက်လောက် ရှိရင် အပါယ်ဒုဂ္ဂတိဘုံများသို့ကျရောက်ရတဲ့ အရေအတွက်က ကမ္ဘာမြေထုမှာရှိတဲ့ မြေမှုန့်အရေအတွက်လောက် များတယ်ကွဲ့။

"မြတ်စွာဘုရားက သဗ္ဗညုတဉာဏ်တော်နဲ့ သိမြင်တော်မူလို့ သတ္တဝါတွေကို သနားကြင်နာပြီး ညွှန်ပြဟောကြားနေတာ၊ ဘုန်းကြီးတို့ကလဲ ဒုလ္လဘတရား ငါးပါးနဲ့ပြည့်စုံဖို့ ခဲယဉ်းတဲ့အကြောင်း၊ ခုအခါမှာ ဘုရားသာသနာနဲ့ကြုံနေရတဲ့ အပြင် ဘုရားအမွေအစစ်ဖြစ်တဲ့ ဝိပဿနာတရားကျင့်စဉ်ကို ညွှန်ပြပေးဝေနေတဲ့ ကမ္မဋ္ဌာနာစရိယဆရာတော်တွေလဲ ရှိနေပြီဖြစ်လို့ တရားအားထုတ်ဖို့အကြောင်း အမြဲတိုက်တွန်းနေပါတယ်။

"ငါးကြီးကြီးလိုချင်ရင် ငါးသေးသေးကို ငါးစာအဖြစ်စွန့်ပါ၊ အကျိုးကြီးကြီး လိုချင်ရင် အကျိုးသေးသေးကိုစွန့်ပါ၊ တစ်သံသရာလုံးအကျိုးကျေးဇူး အလွန်ကြီးမားပြီး အတုမရှိတဲ့ နိဗ္ဗာန်ချမ်းသာကိုရယူလိုရင် ဝိပဿနာတရားကို အားထုတ်ကြပါလို့ ဘုန်းကြီးတို့က တဖွဖွတိုက်တွန်းနေပါတယ်။

"တိုက်တွန်းပေမယ့် လူအများစုက အသိဉာဏ်ထောင်ကျနေကြတယ်၊ မိမိတို့စွဲယူထားတဲ့ လောကီအသိအမြင်ကို မစွန့်ပစ်နိုင်ကြဘူး၊ တချို့က ဆရာပြတဲ့ တရားကျင့်စဉ်ကို တိတိကျကျမလိုက်နာဘဲ ရေးကကျင့်ကြံဖူးတဲ့အတိုင်း ကျင့်ကြံနေကြတယ်၊ ဒီလူတွေလဲ အသိဉာဏ်ထောင်ကျနေကြတဲ့လူတွေပါပဲ"

## ကျွန်ုပ်သဘော ကမ်းကစ္စာ

"လူတွေကို တရားအားထုတ်ဖို့တိုက်တွန်းတော့ ဘာလုပ်စရာ ညာလုပ်စရာ ရှိသေးတယ်၊ မအားသေးဘူးတဲ့၊ သေမင်းခေါ်တဲ့အခါ ငါမအားသေးဘူးလို့ငြင်းလို့ ရမလား။

**"လူဆိုတာ ကျွေးတဲ့လက်မဆန့်မီ၊ ဆန့်တဲ့လက်မကျွေးမီ သေနိုင်တာပဲ၊ ဘယ်နေ့၊ ဘယ်အချိန်၊ ဘယ်နေရာမှာ ဘာရောဂါနဲ့သေရမယ်ဆိုတာ သေမင်းနဲ့ ချိန်းချက်ထားတာမဟုတ်ဘူး"**

**"ကိုယ်နဲ့ရွယ်တူ ကိုယ့်အောက်လူ သေသူတွေက များလှပြီ၊** ဟိုတလော

www.burmeseclassic.com

www.burmeseclassic.com



တုန်းက ကျုံဒိုးသွားတဲ့ နှစ်ထပ်သင်္ဘော မော်လမြိုင်ကမ်းက ခွာတော့ ခရီးသည်တွေ မြူးပျော်နေကြတယ်၊ လက်တွေလှုပ်ပြကြ၊ ပဝါဖြူတွေ ခါယမ်းကြနဲ့၊ ပြုံးပြုံးရွှင်ရွှင်နှုတ်ဆက်ကြတယ်လေ၊ လူတွေက သင်္ဘောအပြည့်ပြွတ်သိပ်နေတာပဲ၊ သူတို့ရည်ရွယ်ထားတာက ကရင်ပြည်နယ် ကျုံဒိုးရွာကိုသွားဖို့ပေါ့၊ အမှန်က သေမင်းနိုင်ငံဆီ သူတို့ဦးတည်နေကြတာကို မရိပ်စားမိကြဘူး။

"မြစ်လယ်ရောက်တော့ ရေစီးကလဲ သန်၊ လေကြမ်းကလဲ တွန်းလှဲ၊ လူတွေက ရုတ်ရုတ်သဲသဲဆိုတော့ သင်္ဘောမှောက်ပါလေရော။ စောစောက ပြုံးပြုံးရွှင်ရွှင် နှုတ်ဆက်ခဲ့ကြတဲ့သူတွေ မျက်စိပြူးကြောင်ကြောက်လန့်ပြီး ဘာလုပ်ရမှန်းတောင် မသိကြတော့ဘူး၊ 'ကယ်ပါဦး...ကယ်ပါဦး' နဲ့ တစာစာငိုမြည်ကြတယ်၊ မကယ်နိုင်ကြတော့ဘူး၊ အများကြီးပဲ ရေနစ်ပြီး သေကုန်ကြရော။

*"ပစ္စည်းရှာအလုပ်နှင့်၊ နေ့ပုပ်လို့ ရက်ကုန်၊*
*နှစ်မျောလို့အသက်ကုန်တယ်၊ တွက်ပုံဖြင့်မကောင်း။*
*ခုလိုနှင့် သံသာဗွေမှာ၊ ခန္ဓာတွေ များခဲ့စကောင်း။*
*အသက်မွေးမှုစခန်းပိုအောင်၊ ဝမ်းကိုသာ နင်ကျောင်း။*
*လေးဆယ်ကျော်အရွယ်နှောင်းခါမှ၊ သူကြွယ်လောင်းလုပ်ချင်။*
*မိုးကုန်ပြီ ထွန်မချချင်နှင့်၊ ရွံ့စရာများဖို့ဖြစ်အင်။ ။*
*နွားအိုကြီး အမော့သင်သလို၊ မလျှော့လျှင် ဘဝဆုံးရှာတော့၊*
*အစတုံးနှင့်အဆင်၊ လွဲဖို့သာပြင်၊ တရားသို့မသက်ဝင်လျှင်၊*
*အခက်နင်ကြုံတွေ့ လိမ့်လေး ...တဲ့"*

"**လယ်တီဆရာတော်** က သံဝေဂရဖွယ်ကောင်းအောင် တေးထပ်ရေးဖွဲ့ထားတယ်လေ၊ ဒါပေမဲ့ လူတွေက သံဝေဂမရပါဘူး၊ **မမွေ့သဘောဘယ်လိုပြောပြော၊ လိပ်ကျောကြောင်ကော် ပြောင်ချော်ချော်နဲ့၊ ပျော်တပြုံးပြုံး မော်မဆုံးဘဲ ကုန်းရုန်းရင်းသာ အသက်ဆုံးရှာကြတယ်** "

## သစ်ရွက်စိမ်း မီးကင်ပုံနှယ်

"ဒကာ ဒကာမတို့...သစ်ရွက်စိမ်း သစ်ရွက်ခြောက်တွေကို လှည်းကျင်းစုပုံပြီး မီးရှို့တဲ့အခါ ဘာမြင်ရသလဲ၊ မီးအပူရှိန်ထိတာနဲ့တစ်ပြိုင်နက် သစ်ရွက်စိမ်းတွေဟာ တဖြောက်ဖြောက်အသံမြည်ပြီး ကော့တွန့်လာကြတာ၊ ပြီးတော့ မီးလောင်သွားကြတာကို မမြင်ဘူးလား။

"ခန္ဓာကိုယ်ထဲမှာ အာရုံစိုက်ပြီး ဝိပဿနာမီးတောက်နဲ့ ရှို့မြိုက်တော့

www.burmeseclassic.com

www.burmeseclassic.com



လောဘ, ဒေါသ, မောဟ ကိလေသာတို့ဟာ တဖြောက်ဖြောက် မီးတောက်လောင်ကြတယ်လေ၊ မြတ်စွာဘုရားက ဒီလိုဟောကြားထားပါတယ်။

*"ဣဓဘိက္ခဝေ ဘိက္ခုကာယေ ကာယာနုပဿီဝိဟာရတိ*
*အာတာပီသမ္ပဇာနော သတိမာ ဝိနေယျလောကေ*
*အဘိဇ္ဈာဒေါမနဿံ"*

"ရဟန်းတို့...ဤသာသနာတော်၌ ယောဂီရဟန်းသည် ရူပကာယကို အာရုံပြု၍ဖြစ်သော ကိလေသာကိုလွန်စွာပူပန်စေတတ်သည့် သမ္မပ္ပဓာန်လုံ့လရှိသည်ဖြစ်၍ ရူပကာယကို ကောင်းစွာအပြားအားဖြင့်သိသော ပညာအဆင်အခြင်ဉာဏ်နှင့် ပြည့်စုံသည်ဖြစ်၍ ရူပကာယကို အောက်မေ့ရှုမှတ်တတ်သော သတိနှင့် ပြည့်စုံသည်ဖြစ်၍ ရုပ်ခန္ဓာဟူသည့်လောက၌ ရူပကာယကို တပ်မက်လျက် ကြံစည်ခြင်းဟူသော လောဘ၊ ကြံစည်တိုင်းမရခြင်းကြောင့် နှလုံးမသာယာခြင်းဟူသော ဒေါမနဿကို ခေတ္တခဏအားဖြင့် ပယ်ဖျောက်ကာ ရူပကာယ၌ ဆံပင်, မွေးညှင်း အစရှိသော ကောဋ္ဌာသအပေါင်းကို အဖန်ဖန်ရှုလေ့ရှိသည်ဖြစ်၍နေ၏"တဲ့။

"အဲသလိုနေတဲ့အခါ ကိလေသာတွေ တဖြည်းဖြည်းသေ့ ခြောက်သွားကြတယ်နော်၊ တိတ္တိတို့ရဲ့ ပဥ္စတပအယူဝါဒဖြစ်တဲ့ နေမွန်းတည့်ချိန် နေမင်းကြီးအောက်မှာ မီးပုံလေးပုံဝိုင်းလျက် အပူမြိုက်ခံနေခြင်းဖြင့် ကိလေသာတို့ဟာ မခန်းခြောက်သွားကြဘူး၊ ဝိပဿနာမီးတောက်နဲ့ ရှို့မြိုက်မှ ကိလေသာတို့ဟာ ခန်းခြောက်သွားကြတာနော်"

## ဥယျာဉ်မြေကွက်ကို ခုတ်ထွင်သည့်ပမာ

"ဒကာတို့....မြေရိုင်းတစ်ကွက်ပေါ်မှာ ဥယျာဉ်ခြံစိုက်ပျိုးချင်တယ်ဆိုရင် ဘာလုပ်ရမလဲ၊ ပထမ ပေါင်းသင်ရှင်းလင်းရတယ်မဟုတ်လား၊ ပေါင်းပင်, ချုံနွယ်ပင်တို့ကို ဓားထက်ထက်နဲ့ခုတ်ထွင်လိုက်ရင် မကြာခင်ရှင်းလင်းသွားတာပဲလေ။

"အဲဒီနောက် ခြေမအရွယ် လက်မောင်းအရွယ် ခြေသလုံးအရွယ်ရှိကြတဲ့ အပင်လတ်များကို ဓားကောင်းကောင်းနဲ့ ခုတ်ထွင်ရှင်းလင်းရတယ်နော်၊ နောက်ဆုံးမှာတော့ အပင်ကြီးတွေကို ပုဆိန်ကောင်းကောင်းနဲ့ ခုတ်လှဲရှင်းလင်းရတယ်ကွဲ့၊ အမေရိကန်ပုဆိန်ကြီးနဲ့ ခုတ်ရရင် တစ်ချက်ခုတ် တစ်ဖတ်၊ တစ်ချက်ခုတ် တစ်ဖတ်နဲ့ သစ်ဖတ်တွေ ပွဲစဉ်ထွက်တယ်။ တစ်နာရီလောက် တစ်မနက်လောက် ဇွဲရှိရှိနဲ့ခုတ်ရင် အပင်ဘယ်လောက်ကြီးကြီး ပြိုလဲတော့တာပဲကွဲ့။

www.burmeseclassic.com

www.burmeseclassic.com



"ဘုရားပေးထားတဲ့ သတိပဋ္ဌာန်ဓားလက်နက်က အလွန်ထက်တာကွဲ့၊ ဘုရားဓားက ဝေဒနာရောဂါဆိုတဲ့ပေါင်းပင်တွေကိုလဲ ရှင်းလင်းနိုင်တယ်၊ ကိလေသာ အပင်ကြီးတွေကိုလဲ ခုတ်လို့ပြတ်တယ်ကွဲ့၊ သဒ္ဓါ, ဝီရိယ, သတိ,သမာဓိ, ပညာဆိုတဲ့ ဗိုလ်ကြီးငါးပါးနဲ့ ကြပ်မတ်ပြီးတော့သာ ခုတ်၊ ဘာရောဂါ ဘာဝေဒနာမှ မခံနိုင်ဘူး၊ အကျိတ်အလုံးတွေလဲ မခံနိုင်ဘူး၊ နောက်ဆုံး ကိလေသာတွေလဲ မခံနိုင်ဘူး၊ အကုန်ပြတ်တောက်ကြေမွကုန်ကြတာပါပဲ။

"အဲ... နွေအခါမှာ ခြံမြေကွက်ပေါ်က ချုံနွယ်ပိတ်ပေါင်းနဲ့ အပင်ငယ် အပင်ကြီးတွေကို ခုတ်ထွင်လိုက်တယ်၊ ပြီးတော့ တစ်မိုးပစ်ထားလိုက်တယ်ဆိုရင် ချုံနွယ်ပိတ်ပေါင်းတွေ၊ အပင်ငယ်တွေ၊ အပင်ကြီးရဲ့အညွှန့်အတက်တွေ တစ်ဖန်စည်ပင်ဝေဆာလာကြပြန်တယ်မဟုတ်လား၊ ချုံနွယ်, အပင်ငယ်, အပင်ကြီးတွေကို တစ်ဖန်မရှင်သန်မကြီးထွားစေချင်ဘူးဆိုရင် မြေတူးလှန်တဲ့စနစ်နဲ့ အမြစ်တွေကို တူးထုတ်ပြီး မီးပုံရှို့လိုက်ရတယ်နော်။

"ဝေဒနာကိုပယ်သတ်တဲ့နည်းကလဲ ဒီအတိုင်းပဲကွဲ့၊ ပထမ သမာဓိအသင့်အတင့်ထူထောင်ပြီး ဝေဒနာအသေးစားတွေကို ပယ်သတ်ရမယ်၊ ရှုမှတ်လိုက်ရင် ချက်ချင်းလောက်ကို ဝေဒနာငယ်တွေ ပျောက်သွားကြတယ်၊ နည်းနည်းပိုကြီးတဲ့ ဝေဒနာကိုတော့ နည်းနည်းကြာကြာရှုမှတ်ရတာပေါ့၊ အတော်ကြီးတဲ့ဝေဒနာဆိုရင် အတော်ကြာအောင်ရှုမှတ်ရမှာပေါ့။

"အဲ... အော်ဂိုရလောက်အောင် ပြင်းထန်စူးရှတဲ့ ဝေဒနာမျိုးကို တွန်းလှန်တော့မယ်ဆိုရင် ခန္တီတရားနဲ့ သည်းခံဟန့်တားထားပြီးတော့ သဒ္ဓါ, ဝီရိယ, သတိ, သမာဓိ, ပညာ ဗိုလ်တွေနဲ့ နောက်မဆုတ်တမ်း ရှုမှတ်ပေးပေတော့။ တစ်နာရီကြာချင်ကြာမယ်၊ တစ်မနက်ကြာချင်ကြာမယ်၊ တစ်ရက်ကြာချင်ကြာမယ်ပေါ့၊ ဘုရားဓားနဲ့ မနားတမ်းသာခုတ်ပိုင်းနေရင် နောက်ဆုံး ဝေဒနာအပင်ကြီးဟာ ပြိုလဲသွားတော့တာပဲ။

"အဲသလို တစ်ကြိမ်အနိုင်ရပြီးရင် အဲဒီဝေဒနာကို မကြောက်နဲ့တော့၊ သူနောက်တစ်ခါပေါ်လာရင် စောစောကနည်းအတိုင်း ထပ်ရှုမှတ်၊ သူပြိုကွဲသွားရပေဦးမယ်၊ နောက်ထပ်တစ်ကြိမ် ဒီလိုဝေဒနာပေါ်လာမယ်ဆိုရင်လဲ နိုင်အောင်သာ ထပ်ရှုမှတ်၊ ဘုန်းကြီးအတွေ့အကြုံအရ သုံးကြိမ်အနိုင်ရပြီးတဲ့အခါ အဲဒီဝေဒနာဆိုးဟာ ပြန်လည်ပြီးတော့ ဦးမထောင်လာနိုင်တော့ဘူး။

"သစ်ပင်တွေကို မြေလှန်စနစ်နဲ့ အမြစ်ပါမကျန်တူးဖြိုပြီး မီးပုံရှို့သလိုဝေဒနာကြီး, သေးတို့ကိုလဲ မြေလှန်စနစ်နဲ့ ရှုမှတ်တူးဖြိုပြီး ဝိပဿနာမီးတောက်နဲ့ ရှို့မြိုက်ရင် အကင်းပါသေသွားကြလိမ့်မယ်"

www.burmeseclassic.com

www.burmeseclassic.com



## ငါးများကို ကွန်ပစ်ဖမ်းသလို

"ဒကာတို့…ရေကန်ထဲက ငါးများကို ကွန်ပစ်ပြီးဖမ်းဖူးကြတယ် မဟုတ်လား၊ ပထမ ငါးငယ်ငယ်တွေကို ခပ်များများဖမ်းမိတယ်၊ နောက် အလတ်အရွယ် ငါးတွေကို ခပ်များများဖမ်းမိတယ်၊ ငါးရံ့, ငါးခူကြီးကြီးတွေကတော့ ကန်ပေါင်အောက်ခြေက ရွှံ့မြေနုန်းမြေထဲမှာ တိုးဝှေ့ဝင်အောင်းနေကြတယ်၊ သင်းတို့ မှုန်နောက်ပြီး ရေပေါ်တက်လာအောင် လိုက်မွှေနှောက်ပြီးမှ သင်းတို့ကို ဖမ်းလို့ရတယ်။

"ဝိပဿနာရှုမှတ်တဲ့အခါမှာလဲ ပထမ အပေါ်ယံဝေဒနာအသေးစားတွေ ပေါ်တယ်၊ ဒီနောက် အနည်းငယ်အတွင်းကျတဲ့ အသားအရေထဲက ဝေဒနာအလတ်စားတွေ ပေါ်တယ်၊ ဒီနောက်တစ်ခါ အရိုးနှင့် ရိုးတွင်းခြင်ဆီတွေထဲက အကြီးစားဝေဒနာတွေ ပေါ်တယ်၊ ပေါ်လာသမျှဝေဒနာတွေကို ကျော်လွှန်နိုင်အောင် ရှုမှတ်ရမယ်။

"ဇွဲရှိရှိနဲ့ စူးစူးစိုက်စိုက်သာရှုမှတ်ပေးရင် အနေးနဲ့အမြန် ဝေဒနာကိုနိုင်လာမှာပဲ၊ ဝေဒနာကိုနိုင်ရင် ပထမအဆင့် အောင်ပွဲရပြီလေ"

## မီးလောင်ပြီးမှ မီးငြိမ်းတယ်

"မုန့်တိုင်းကျနေတဲ့အခါများမှာ ပင်လယ်ရေဟာ ကြောက်စရာကောင်းအောင် ပွက်လောထနေတယ်နော်၊ ဟော…မုန်တိုင်းလဲလွန်သွားရော ပင်လယ်ပြင်ဟာ တစ်ခါတည်းငြိမ်ကျသွားတော့တယ်။

"ဝေဒနာနဲ့နပန်းလုံးနေရတဲ့အခါမှာတော့ ဒကာတို့ မရှုနိုင်မကယ်နိုင်အောင် အင်မတန်ပင်ပန်းဆင်းရဲကြမှာပေါ့လေ၊ ဘုန်းကြီးက ဝေဒနာနဲ့နပန်းလုံးရတာကို ကြိုက်တယ်၊ ဝေဒနာပေါ်လေ ကြိုက်လေ၊ ဒီတော့မှ အာရုံစူးစိုက်ပြီး ရှုမှတ်နိုင်တာကိုး၊ ကိုယ်ထဲတစ်နေရာရာမှာ နာနေတာဟာ ငါနာနေတာမဟုတ်ဘူးလို့မှတ်၊ နာနေတာနဲ့ ရှုမှတ်သိတဲ့စိတ်နဲ့ တစ်ထပ်တည်းကျဖို့ကိုသာ ကြိုးစားမှတ်၊ ဝေဒနာနဲ့ငါ အိုးစားကွဲသွားရင် ငါမပါဘဲ အသာလေးရှုမှတ်နေရုံပဲ။

"ဝေဒနာကို စူးစိုက်ရှုမှတ်နိုင်လာတဲ့အခါ ပီတိ, ပဿဒ္ဓိ, သုခတို့ ဖြစ်ပေါ်လာပြီး သမာဓိလဲ ဖြစ်ပေါ်လာတော့တယ်လေ၊ မကြာခင် အေးငြိမ်းပြီး ချမ်းသာတဲ့ ခံစားမှုတွေ ပေါ်လွင်ထင်ရှားလာတော့တယ်လေ"

"ဒကာတို့…အမှိုက်ပုံကို မီးရှို့တော့ ပထမမီးလောင်တာ တွေ့ရတယ်၊ မီးလောင်နေခိုက်မှာတော့ အနားမကပ်နိုင်အောင် ပူတယ်၊ ဟော…တော်ကြာတော့

www.burmeseclassic.com

www.burmeseclassic.com



မီးငြိမ်းတာ တွေ့ရတယ်၊ မီးငြိမ်းသွားတဲ့အခါ တဖြည်းဖြည်းအေးလာတော့တာ ပေါ့။

"ယောဂီတွေ တရားရှုမှတ်တဲ့အခါ တချို့က နာကျင်လို့ သို့မဟုတ် ပူလောင်လို့ အားပါး အားပါး...နာတယ် ပူတယ်လို့အော်တယ်၊ ဒီတော့ ဘုန်းကြီးမေးတယ်၊ အဲ...ဒကာကို ဘယ်သူရိုက်သလဲ၊ ဘယ်သူမှမရိုက်ဘူး၊ တရားသဘောအရ ဝေဒနာဖော်ပြတာပါ။ စွဲလမ်းအပ်တဲ့ခန္ဓာငါးပါးအစုဟာ ဒုက္ခသစ္စာပဲလို့ ဘုရားဟောထားတယ်၊ ခန္ဓာရှိရင် ဒုက္ခရှိမှာပဲ၊ ဒုက္ခသစ္စာကိုမြင်သိနေရတာ ဒကာကံကောင်းတာပေါ့။

"ပြီးတော့ ဒုက္ခနဲ့ရင်းမှ သုခရတယ် ဒကာရဲ့၊ မြတ်စွာဘုရား သက်တော်ထင်ရှားရှိစဉ်အခါက **ဗောဓိမင်းသား** ဟာ ကောကနုဒပြာသာဒ်တက်မင်္ဂလာ အခမ်းအနားမှာ ဘုရားအမှူးရှိတဲ့ သံဃာတော်တွေကို ဆွမ်းကပ်လှူဒါန်းတယ်၊ ပြီးတော့ ဘုရားရှင်ကို လျှောက်ထားတယ်။

"မြတ်စွာဘုရား...တပည့်တော်မှာ ဤသို့အကြံအစည်ဖြစ်ပေါ်နေပါတယ်၊ ချမ်းသာနဲ့ရင်းနှီးသဖြင့် ချမ်းသာသုခကို မရနိုင်ဘူး၊ ဆင်းရဲဒုက္ခနဲ့ရင်းနှီးမှ ချမ်းသာသုခ ရနိုင်တယ်ဆိုတဲ့ အကြံအစည်ပါဘုရား"

"မင်းသား...ငါလဲပဲ ဘုရားမဖြစ်မီ သစ္စာလေးပါးတရားကို ထိုးထွင်းပြီး မသိသေးတဲ့ဘုရားလောင်းဘဝမှာ ရှိစဉ်အခါတုန်းက **ချမ်းသာနဲ့ရင်းနှီးသဖြင့် ချမ်းသာသုခကို မရနိုင်ဘူး၊ ဆင်းရဲဒုက္ခနဲ့ရင်းနှီးမှ ချမ်းသာသုခကို ရနိုင်တယ်** လို့ အကြံအစည်ဖြစ်ခဲ့ဖူးပါတယ်"တဲ့။ (မဇ္ဈိမပဏ္ဏာသပါဠိတော်)

"ဘုရားလောင်း သိဒ္ဓတ္ထမင်းသားဟာ ရဟန်းပြုပြီးတော့ ဥရုဝေလတောမှာ ခြောက်နှစ်ကြာအောင် အလွန်ဆင်းရဲပင်ပန်းတဲ့ ဒုက္ကရစရိယာအကျင့်ကို ကျင့်ခဲ့ရတယ်မဟုတ်လား။ ပြီးတော့ မဟာဗောဓိပင်ရင်းမှာ ဝိပဿနာတရားကို ရှုဆင်ခြင်တော့မှ သစ္စာလေးပါးကိုမြင်သိပြီး ဘုရားအဖြစ်ကိုလဲ ရတယ်၊ နိဗ္ဗာန်ချမ်းသာကိုလဲ ခံစားရတော့တယ်လေ။

"ဒါကြောင့် ဒကာ စိတ်မပျက်နဲ့၊ **ကိုယ်ဘယ်လိုပန်းပန်း စိတ်မနွမ်းစေနဲ့နော်၊ ကိုယ်ပင်ပန်းပေမယ့် စိတ်ရွှင်လန်းနေနိုင်တယ်၊** စိတ်ကို တက်တက်ကြွကြွထားပြီး ရှုမှတ်ပါ၊ မီးလောင်တာတွေ့ပြီးရင် မီးငြိမ်းတာတွေ့ရမယ်၊ ဒုက္ခတွေ့ပြီးရင် သုခတွေ့ရမယ်၊ အခု ဒုက္ခကို ကျော်လွန်နိုင်ရင်ပဲ အနောတတ်အိုင်မှာ တစ်ကိုယ်လုံး ဆင်းစိမ်နေရသလို အေးစိမ့်နေပါလိမ့်မယ်"

www.burmeseclassic.com

www.burmeseclassic.com



## ပင့်ကူထောင်ဖမ်းသည့်ဥပမာ

"ဒကာတို့…ဝိပဿနာရှုမှတ်တဲ့အခါ ပင့်ကူထုံးကိုလဲ နှလုံးမူသင့်တယ်၊ ပင့်ကူက စေးကပ်တဲ့ကြိုးမျှင်နဲ့ ပင့်ကူအိမ်ဖွဲ့ဆောက်ပြီးတဲ့အခါ အိမ်အလယ်မှာ ရပ်စောင့်နေတယ်၊ ကြိုးမျှင်တစ်နေရာမှာ ပိုးကောင်တစ်ကောင် လာငြိတွယ်ရင် ပင့်ကူက ချက်ချင်းသွားပြီး ဖမ်းစားလိုက်တယ်၊ ပြီးတော့ အိမ်အလယ်မှာ ထိုင်စောင့်နေပြန်တယ်။

"နောက် ပိုးကောင်တစ်ကောင် ထပ်မိတယ်ဆိုရင် ပင့်ကူဟာ ချက်ချင်းသွားပြီး ဖမ်းစားပြန်တာပဲ၊ စားပြီးရင် သူ့အိမ်အလယ်ကို ပြန်လာပြီး ထိုင်စောင့်နေပြန်တာပဲ။ သူအစာဝတဲ့အခါကျတော့ ပိုးကောင်မိရင်လဲ သူဖမ်းမစားတော့ဘဲ လျစ်လျူရှုနေလိုက်တော့တယ်။

"ယောဂီတို့လဲ တရားရှုမှတ်ဖို့ ပရိကမ်လုပ်ပြီးတဲ့အခါ ဖောင်းတယ်–ပိန်တယ်ဆိုတဲ့ချည်တိုင်မှာ အသိစိတ်ကို သတိနဲ့ကပ်ထားရမယ်၊ ခန္ဓာကိုယ်တစ်နေရာမှာ ဝေဒနာပေါ်လာရင် ဝေဒနာဆီသို့ အာရုံပြောင်းရွှေ့ပြီးရှုမှတ်ရမယ်၊ ဝေဒနာ ပျောက်သွားတော့ မူလချည်တိုင်မှာ သတိပြန်ကပ်ထားရမယ်။

"အဲသလို ဝေဒနာပေါ်လာတိုင်း ဝေဒနာဆီသို့ အာရုံရွှေ့ပြောင်းပြီး စူးစူးစိုက်စိုက်ရှုမှတ်ပါ၊ ဝေဒနာကွယ်ပျောက်တဲ့အခါ ဖောင်း–ပိန်ချည်တိုင်ဆီပဲ ပြန်လာပါ၊ တဖြည်းဖြည်းနဲ့ သမာဓိကောင်းစွာတည်တံ့လာတဲ့အခါ ဝေဒနာအသေးအမွှားတွေ အလတ်စားတွေ ပေါ်လာတာကို မသိတော့ဘူး၊ ချည်တိုင်မှာပဲ စိတ်စူးစိုက်ပြီး ရှုမှတ်နေနိုင်တော့တယ်"

## ငါးမိနစ်သာ သည်းခံပါ

"ဒကာ, ဒကာမတို့…ဝေဒနာကို မနိုင်သေးတဲ့အခါမှာ ထုံကျဉ်ညောင်းညာ နာကျင်ကိုက်ခဲတဲ့ ဝေဒနာတစ်မျိုးမျိုးပေါ်လာရင် ဣရိယာပုထ်ကို ပြောင်းလိုက်ချင်တယ်။

"အဲသလိုပြောင်းချင်လာတယ်ဆိုရင် ချက်ချင်းမပြောင်းလိုက်ပါနဲ့၊ ဣရိယာပုထ်ကို ခဏခဏပြောင်းနေရင် သမာဓိထူထောင်ဖို့ ကြန့်ကြာသွားလိမ့်မယ်၊ ဒါကြောင့် ပြောင်းချင်တဲ့စိတ်ကို အာရုံပြုပြီး ပြောင်းချင်တယ်…ပြောင်းချင်တယ် လို့မှတ်ပါ၊ စိတ်အေးအေးထားပြီးတော့သာ မှတ်ပါ၊ ငါးမိနစ်သာ မှတ်ပါ။

"ငါးမိနစ်မှတ်ပြီးလို့ ဣရိယာပုထ်ကို ပြောင်းချင်တဲ့စိတ် ဖြစ်နေသေးရင် ပြောင်းချင်တယ်…ပြောင်းချင်တယ်လို့ ငါးမိနစ်ထပ်မှတ်ပါ၊ ငါးမိနစ်ပြည့်သွား

www.burmeseclassic.com

www.burmeseclassic.com



ပြန်ပြီ၊ နောက်ထပ်ငါးမိနစ် ဆက်မှတ်နိုင်ရင် နောက်တစ်ချီ ဆက်မှတ်ဦးပေါ့ နော်၊ ဒီလိုမှတ်နေရင်းနဲ့ ဣရိယာပုထ်ပြောင်းချင်တဲ့စိတ် ပျောက်သွားနိုင်တယ်၊ ပပျောက်သွားရင် မူလမှတ်နေကျ 'ဖောင်းတယ် – ပိန်တယ်' သို့မဟုတ် 'ထိုင်တယ်–ထိတယ်'စတဲ့အာရုံကို ဆက်မှတ်ပေါ့။

"ဒကာတို့...ပြောင်းချင်လာတဲ့အတိုင်း အဲသလိုငါးမိနစ်ပြီး ငါးမိနစ် အချိန်ရွှေ့ဆိုင်းပြီး ပြောင်းချင်တဲ့စိတ်ကို ရှုမှတ်ပါ၊ တရားရှုမှတ်ခြင်းကို ရပ်ဆိုင်းချင်တယ်ဆိုရင်လဲ ရပ်ချင်တယ်... ရပ်ချင်တယ်လို့ ငါးမိနစ်ကြာ မှတ်ပါ၊ ပြီးရင် နောက်ထပ်ငါးမိနစ်စီ တိုးတိုးပြီးမှတ်သွားပါ၊ ရပ်ချင်တဲ့စိတ် ပြေပျောက်သွားရင် မူလချည်တိုင်အာရုံကို အေးအေးဆေးဆေးဆက်ရှုမှတ်ပေါ့။

"ဝေဒနာကို သည်းခံနိုင်မှ နိဗ္ဗာန်ရမယ်၊ အားမတန်တဲ့အခါတော့ မာန်လျှော့ပေါ့လေ၊ သည်းခံနိုင်ရင် မလျှော့နဲ့၊ ပြောင်းချင်စိတ်လဲ မရှိ၊ ဝေဒနာလဲ မရှိဘူးဆိုရင် တော်စရာမလိုတော့ဘူး၊ သူ့သဘောအတိုင်း သူသယ်ဆောင်သွားလိမ့်မယ်၊ တစ်နေ့ကြာချင်ကြာမယ်၊ တစ်ရက်ကြာချင်ကြာမယ်။

"အဲဒီအခါ မတွေ့ဖူးတဲ့တရား တွေ့ရမယ်၊ မမြင်ဖူးတဲ့တရား မြင်ရမယ်၊ မသိဖူးတဲ့တရား သိရမယ်၊ တစ်သိတည်းသိ၊ တစ်မြင်တည်းမြင်၊ တစ်လင်းတည်းလင်း၊ တစ်ရှင်းတည်းရှင်း၊ တစ်စင်တည်းစင်၊ တစ်ကြည်တည်းကြည်၊ အမြိုက်သုခ ဆေးအရည်နဲ့ ဆွတ်ဖျန်းထားသလို ငြိမ်းချမ်းနေပေလိမ့်မယ်"

## ကိုယ်တွေ့သာဓက ထုတ်ဖော်ပြ

တော်ကူးဆရာတော်သည် ၁၅ မိနစ်၊ နာရီဝက်ခန့်တွင် တစ်ကြိမ်ကျ ယောဂီတို့အား ဖွဲ့နဲ့ရှုမှတ်ရန် အမြဲအားပေးလေ့ရှိ၏။ ယောဂီက မတည်ငြိမ်ဘဲ ကိုယ်လှုပ်ရှားလာသည်ကိုမြင်တွေ့လျှင် အထူးဂရုစိုက်၍ အားပေးတိုက်တွန်းတော်မူ၏။

ထိုမှတစ်ပါး ယောဂီတွင် တရားရှုမှတ်လိုသောသဒ္ဒါနှင့် အရိုးကြေကြေ အရေခန်းခန်းရှုမှတ်လိုသော ဝီရိယတို့ ထက်သန်အားကောင်းလာရန် ကိုယ်တွေ့သာဓကအမျိုးမျိုးကို ပြောပြပြီး လှုံ့ဆော်ပေးတော်မူ၏။

"တို့ကျောင်းကို မနေ့ကရောက်လာတဲ့ ကိုရင်နှစ်ပါးကို ဒကာတို့သတိထားမိကြသလား၊ ဒီကိုရင်တွေက ဖွဲ့သိပ်ကောင်းတယ်ကွဲ့၊ အခုမတ်တတ်ရပ်ပြီး တရားမှတ်နေတာ နှစ်နာရီပေါက်သွားပြီကွဲ့။

"မနှစ်က သီတင်းကျွတ်မှာ မုဒုံမြို့နယ်အတွင်းက ကလော့သော၊ တောင်ပေါက် စတဲ့ရွာခုနစ်ရွာက ဒကာတစ်စု တရားလာမှတ်ကြတယ်၊ သူတို့က လယ်

www.burmeseclassic.com

www.burmeseclassic.com



သမားတွေပီပီ တယ်ခွဲကောင်းကြသကိုး၊ ရက်သတ္တတစ်ပတ်အတွင်းမှာ ဣရိယာပုထ် မပြောင်းဘဲ ခြောက်နာရီပေါက်အောင် တရားရှုမှတ်နိုင်ကြတယ်ကွဲ့။

"သူတို့ပြန်သွားကြတော့ သူတို့ကိုးကွယ်ကြတဲ့ဘုန်းကြီးများကို သူတို့တိုက်တွန်းတယ်၊ အရှင်ဘုရားတို့ ဝိပဿနာတရားရှုမှတ်ကြပါတဲ့၊ ဝိပဿနာတရားအားထုတ်နည်းကိုလဲ သင်ပြဟောကြားပေးကြပါတဲ့၊ တကယ်လို့ ဝိပဿနာတရား မပြပေးနိုင်ရင် တပည့်တော်တို့ ကျောင်းခွဲကြရမယ်လို့ တောသူတောင်သားတွေ ပီပီ ဘွင်းဘွင်းရှင်းရှင်းအကျပ်ကိုင်ကြတာကိုး။

"အဲဒီတော့ ခုနစ်ရွာကဘုန်းကြီးတွေ ငြိမ်မနေနိုင်ကြတော့ဘူး။ ဒီမှာ လာ တရားအားထုတ်ကြရတယ်၊ သူတို့ဒကာတွေထက်သာအောင် ရှုမှတ်မှပဲဆိုတဲ့ ခွဲနဲ့ အားခဲကြိုးပမ်းကြတော့ ဆယ်ရက်ကျော်ကျော်လောက် အားထုတ်ပြီးတာနဲ့ ၁၂ နာရီပေါက်ကုန်ကြတော့တာပဲ။

"တို့ကျောင်းမှာ အခုလောလောဆယ် ညနေစောင်းကစပြီး နောက်နေ့မနက် အရုဏ်တက်တဲ့အထိ မတ်တတ်ရပ်ပြီး တရားရှုမှတ်နေတဲ့ကိုရင်တွေ ရှိသကွဲ့၊ ဟို **ဦးပဥ္စင်းကောသလ** ဆိုရင် ၂၄ နာရီပေါက် မတ်တတ်ရပ်မှတ်နေတယ်၊ ထိုင်ပြီးတော့ လဲ ၂၄ နာရီရှုမှတ်နိုင်တယ်ကွဲ့၊ ဒကာကြီးတို့ ခွဲကောင်းကောင်းနဲ့ ရှုမှတ်ကြရင် မကြာခင် သူတို့လိုရှုမှတ်လာနိုင်ကြမှာပေါ့"

## တရားခေါ်ရာ လိုက်သွားပါ

"ဒကာတို့... ဒီရိပ်သာမှာ မိမိကြိုက်တဲ့ ဣရိယာပုထ်နဲ့ မိမိရှုမှတ်နိုင်သလောက် ရှုမှတ်ဖို့ ဘုန်းကြီးခွင့်ပြုထားတယ်၊ အချိန်ကန့်သတ်ချက်မထားဘူး၊ မိမိဆက်ရှုနိုင်သေးတယ်ဆိုရင် မတော်လိုက်နဲ့၊ ဆက်ရှုမှတ်ပါ၊ တရားက ခေါ်နေလျက်နဲ့ မိမိက လိုက်မသွားရင် အခါအခွင့်တစ်ခု ဆုံးရှုံးသွားနိုင်တယ်။

"နောက်တစ်ချက် ဘုန်းကြီးသတိပေးချင်တာက **တရားဆိုတာ သူခေါ်မှ လိုက်သွားလို့ရတာ၊ သူမခေါ်ရင် လိုက်သွားလို့မရဘူး၊** မနေ့က ငါးနာရီပေါက်အောင် တစ်ဆက်တည်းရှုမှတ်နိုင်ပေမယ့် ဒီနေ့ ငါးနာရီပေါက်အောင် မှတ်နိုင်ချင်မှနိုင်မယ်၊ ရှုမှတ်လိုတဲ့စိတ်မရှိဘဲနဲ့ အတင်းဇွတ်မှိတ်ပြီး တရားရှုမှတ်ဖို့ကို ဘုန်းကြီးမတိုက်တွန်းဘူး။

"တရားမှတ်တာ သဘာဝကျကျမှတ်ရမယ်၊ အတင်းလုပ်ယူတာမျိုး မဖြစ်သင့်ဘူး၊ အဲ...တရားက ခေါ်နေပြီဆိုရင် နောက်မတွန့်နဲ့၊ မိုးချုပ်သန်းခေါင်ရောက်နေပါစေ အချိန်ကိုဂရုမစိုက်နဲ့၊ မိုးလင်းသွားရင်လဲ အရေးမကြီးဘူး၊ နောက်နေ့ ကူးသွားပြီး ထမင်းစားချိန်ရောက်လို့လဲ မတော်နဲ့၊ တရားဆက်မှတ်နိုင်သလောက် အဆုံးအထိ လိုက်မှတ်သွားပါနော်။

www.burmeseclassic.com

www.burmeseclassic.com



"အဲသလို တစ်ကြိမ်လိုက်သွားနိုင်ရင် သိပ်အကျိုးကျေးဇူးများတယ်၊ ၁၂ နာရီပေါက်၊ သို့မဟုတ် ၂၄ နာရီပေါက်အောင် တစ်ခါရှုမှတ်ဖူးရင် ဣရိယာပုထ် ရှည်ရှည်ရှုမှတ်တဲ့နည်း သိသွားပြီလေ၊ နောက် အလျဉ်းသင့်ရင် ထပ်ရှုမှတ်နိုင် တာပေါ့။ ဥပမာ လန်ဒန်မြို့ကြီးဆီ တစ်ခေါက်သွားဖူးရင် နောက်ထပ်တစ်ခေါက် ထပ်သွားရမှာကို ဝန်မလေးတော့ဘူးလေ၊ သွားတတ်နေပြီကိုး၊ သွားရဲတဲ့စိတ်လဲ ရှိနေပြီလေ။

"ဣရိယာပုထ်ရှည်ရှည်သွားတဲ့အခါ ဝေဒနာအဆင့်ဆင့်ကိုကျော်လွှား သွား ရတယ်ကွဲ့၊ ဥပမာ တစ်နာရီကြာ ရှုမှတ်နေကျ ယောဂီဟာ တစ်နာရီအတွင်း ပေါ် တဲ့ ဝေဒနာများကို သူကောင်းကောင်းခံနိုင်နေတယ်၊ အချိန် နှစ်နာရီသို့တိုးပြီး ရှု မှတ်တဲ့အခါ ဝေဒနာသစ်တွေ ပေါ်လာလိမ့်မယ်၊ ဒီဝေဒနာသစ်တွေကို သူကျော် လွှားနိုင်မှ နှစ်နာရီပေါက်အောင် ရှုမှတ်နိုင်မယ်။

"အလားတူပဲ သုံးနာရီကြာ၊ လေးနာရီကြာ ရှုမှတ်တဲ့အခါ ပိုမိုပြင်းထန်တဲ့ ဝေဒနာသစ်တွေ ပေါ်လာတတ်တယ်၊ ဒီဝေဒနာတွေကို ကျော်လွှားနိုင်မှ သုံးနာရီ ပေါက်၊ လေးနာရီပေါက်အောင် ရှုမှတ်သွားနိုင်တာ၊ ဒါကြောင့် ၂၄ နာရီပေါက် အောင် ရှုမှတ်နိုင်တဲ့သူဟာ ဝေဒနာမျိုးစုံလောက်ကို သူနိုင်ထားပြီ။ လောက အတွင်း ခရီးနှင်တဲ့အခါ လောကဓံလှိုင်းဂယက် ပြင်းပြင်းထန်ထန်ရိုက်ခတ်လာ ရင်ပဲဖြစ်ဖြစ်၊ သေရာညောင်စောင်းမှာ လဲလျောင်းနေတဲ့အခါမှာပဲဖြစ်ဖြစ် အလွန် ဆိုးရွားတဲ့ဝေဒနာတွေနဲ့ ရင်ဆိုင်ရရင်လဲ သူ မကြောက်တော့ဘူး၊ မတုန်လှုပ် တော့ဘူး၊ တည်တည်ငြိမ်ငြိမ်ခံနိုင်စွမ်းရှိသွားပြီလေ၊ သိပ်အဖိုးတန်တယ်လေ၊ ဘဝကူးကောင်းဖို့ သေချာသွားပြီလေ"

## စစ်တစ်ကြောင်းအောင်နိုင်ရေးသာ ပဓာန

"ဒကာတို့…စစ်တိုက်ခိုက်ကြတဲ့အခါမှာ ရန်သူစစ်ခံတပ်ကို ထိုးဖောက် ဖျက်ဆီးနိုင်အောင် စစ်ကြောင်းအမျိုးမျိုးခွဲပြီး ချီတက်တိုက်ခိုက်ကြရတယ်၊ စစ် တစ်ကြောင်း အောင်နိုင်ရေးသာ အဓိကပါ၊ စစ်တစ်ကြောင်းအောင်နိုင်သွားရင် ရန်သူပြိုကွဲသွားပြီလေ၊ ကျန်စစ်ကြောင်းတွေက အလွယ်တကူထိုးဖောက်ပြီး ဝင် ရောက်နိုင်တော့တာပေါ့။

"ဝိပဿနာတရားရှုမှတ်တဲ့အခါမှာ ဣရိယာပုထ်လေးပါးရှိတဲ့အနက်က မိမိအားသန်တဲ့ ဣရိယာပုထ်နဲ့ ကြာကြာရှုမှတ်နိုင်အောင် ကြိုးစားပါ၊ ဣရိယာ ပုထ်တစ်မျိုးနဲ့ ခြောက်နာရီပေါက်ရှုမှတ်နိုင်ရင် အခြားဣရိယာပုထ်နဲ့လဲ ခြောက် နာရီပေါက်အောင် အနည်းငယ်လေ့ကျင့်လိုက်ရုံနဲ့ ရှုမှတ်နိုင်တော့တယ်လေ။

www.burmeseclassic.com

www.burmeseclassic.com



"စစ်တိုက်တဲ့အခါ ပရိယာယ်ကြွယ်တဲ့ဘက်က စစ်အောင်နိုင်ဖို့ အခွင့်သာသလို နည်းပရိယာယ်ကြွယ်တဲ့ယောဂီက အောင်ပွဲခံဖို့ ပိုအခွင့်သာတာပေါ့ကွယ်"

## ဟန်ကိုယ့်ဖို့ မာန်သူ့ဖို့

"စစ်ပွဲ ရင်ဆိုင်ဆင်နွှဲတဲ့အခါမှာ ကိုယ်က အားနည်းပြီး ရန်သူရဲ့ဖိတိုက်ခြင်းကို ခံနေရရင် အကျအဆုံးနည်းအောင် စုစည်းပြီးတော့ နောက်ဆုတ်တန်ဆုတ်ပေးရတယ်၊ ပြီးတော့မှ အင်အားကိုတိုးမြှင့်ပြီး ချက်ကောင်းကို စောင့်ပြီး ပြန်တိုက်ရတယ်။

"ဒုတိယကမ္ဘာစစ်အတွင်းက ဂျပန်တွေအလုံးအရင်းနဲ့ဝင်လာတော့အင်္ဂလိပ်တပ်တွေ အားမတန်လို့ အိန္ဒိယဘက်သို့ဆုတ်ခွာပေးကြရတယ်၊ ပြီးတော့မှ လူသူလက်နက်စုဆောင်းပြီး ပြန်လှန်တိုက်နိုင်တဲ့အခါ မြန်မာပြည်တွင်းကို တစ်ဖန်ပြန်ဝင်လာကြတယ်၊ မြန်မာ့တပ်မတော်ကလဲ ကူတိုက်ပေးလို့ ဂျပန်ကို လွယ်လွယ်ကူကူနဲ့ပဲ အောင်နိုင်လိုက်ပါတယ်။

"ဝိပဿနာတရားရှုမှတ်တဲ့အခါမှာလဲ ဖွဲ့ ဝီရိယကောင်းကောင်းနဲ့ ကြိုးစားရှုမှတ်ပါလျက်နဲ့ စိတ်ပျံ့လွင့်ပြီး ဝေဒနာကို ဘယ်နည်းနဲ့မှမကျော်လွှန်နိုင်ဘူးဆိုရင် အားမတန် ဟန်မပျက် မာန်လျှော့ရပေလိမ့်မယ်။

"သမာဓိထပ်မံထူထောင်ပြီး သဒ္ဓါ, ဝီရိယ, သတိ,သမာဓိ, ပညာ ဗိုလ်ငါးပါးကို ခွန်အားတူညီမျှတစွာချိတက်နိုင်တဲ့အခါမှာ ဣရိယာပုထ်ကိုတိုးမြှင့်ပြီးရှုမှတ်တာပေါ့၊ ကိုယ်က ဣရိယာပုထ်ရှည်ရှည်မှတ်နိုင်ပါတယ်လို့ ပြတ်ပြတ်သားသား ယုံကြည်ချက်ရှိရင် ယုံကြည်မှုတန်ခိုးအာနိသင်အရ အောင်မြင်ပေါက်မြောက်နိုင်ပါတယ်"

**စိတ်သည် လောကတွင် အားအကြီးဆုံး။ စိတ်သည် လောကအလုံးစုံကို လွှမ်းမိုးနိုင်ပြီး လောကအလုံးစုံသည် စိတ်၏နောက်သို့ လိုက်ပါနေကြသည် မဟုတ်ပါလော။**

## ရောဂါပျောက်မှု အပိုဆု

မြတ်စွာဘုရား၏ ဝိပဿနာတရားစကြာသည် ကိလေသာဗိုလ်ချုပ်များနှင့်ယင်းသားများကို နှိမ်နင်းပယ်သတ်နိုင်စွမ်းရှိသည့်အပြင် ဝဋ်နာကံနာမဟုတ်သည့် ၉၆ ပါးသောရောဂါများကိုပါ ထူးဆန်းအံ့ဩဖွယ်ကောင်းအောင် ပျောက်ကင်းစေနိုင်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com



တရားရိပ်သာများစွာတွင် ရောဂါပျောက်ကင်းသည့်သာဓကများကို တွေ့မြင်ကြားသိနေရပေသည်။ သို့ရာတွင် မဟာသတိပဋ္ဌာန်ဆေးရုံတော်ဟု နာမည်တွင်သော တော်ကူးရိပ်သာလောက် ရောဂါပျောက်ကင်းသည့်ရိပ်သာများကား ရှားပါးလှပေလိမ့်မည်။

တော်ကူးဆရာတော်သည် သုံးနာရီနှင့်အထက် ဣရိယာပုထ်ရှည်ရှည်ဖြင့် တရားရှုမှတ်သည့်အတွက် မိမိတွင်စွဲကပ်နေသည့် ရောဂါမျိုးစုံကို ပျောက်ကင်းစေနိုင်ခဲ့၏။ ထို့နောက် အခြားရောဂါရှင်မြောက်မြားစွာတို့အား ဣရိယာပုထ်ရှည်ရှည်ဖြင့် တရားရှုမှတ်နည်းကို ညွှန်ပြပေးရာတွင် ထိုသူတို့အားလည်း မူးဝေသည့်ရောဂါမှစ၍ ကင်ဆာရောဂါအထိ ရောဂါမျိုးစုံတို့၏စက်ကွင်းမှ ထူးထွေဆန်းကြယ်စွာ လွတ်မြောက်စေခဲ့၏။

သို့အတွက် ဝိပဿနာတရားဆေးသည် ရောဂါအလုံးစုံကို အံ့သြစဖွယ် ပျောက်ကင်းစေနိုင်သော ဓမ္မသြသဓဆေးကြီးဖြစ်သည်ဟု တော်ကူးဆရာတော်သည် အကြွင်းမရှိယုံကြည်ခဲ့၏။ ယုံကြည်သည်နှင့်အညီ ဆရာဝန်များ ကုသ၍ မပျောက်ကင်းသောရောဂါများကိုပင် တရားဆေးကိုစားသုံးစေခြင်းဖြင့် ပျောက်ကင်းစေခဲ့ပါသည်။

ရောဂါပျောက်ကင်းပုံအမျိုးမျိုးကို **"ဝိပဿနာဝုဏ်ထူးဆောင်"** တော်ကူးဆရာတော်အကြောင်း ပထမစာအုပ်၌ အတော်စုံလင်စွာဖော်ပြခဲ့၏။ ဤစာအုပ်ရှေ့ပိုင်း၌လည်း သာဓကအချို့ကို ထပ်မံဖော်ပြခဲ့ပါသည်။

## အတ္တ ဘယ်ပျောက်သွားသလဲ

မဟာစည်ဆရာတော်ဘုရား သက်တော်ထင်ရှားရှိစဉ်အခါ တော်ကူးဆရာတော်သည် မိမိ၏တူမတော်သူ **မပညာသီ** အား ရန်ကုန်မြို့ ဦးနောက်နှင့်အာရုံကြောအထူးကုဆေးရုံတွင် တင်ထားသည်ကိုကြည့်ရှုရန်အတွက် ရန်ကုန်သို့ကြွလာပြီး မဟာစည်ရိပ်သာ၌ ယာယီသီတင်းသုံးတော်မူ၏။

ထိုအခါ ဥပုသ်ပြုသည့်နေ့ရက်နှင့် ကြုံကြိုက်သဖြင့် ကမ္မဋ္ဌာနာစရိယဆရာတော်အပါး ၇၀ – ခန့်တို့သည် မဟာစည်ရိပ်သာသိမ်တော်၌ ဥပုသ်ပြုကြ၏။ ဥပုသ်ကိစ္စပြီးစီးသည့်အခါ မဟာစည်ဆရာတော်က...

"တော်ကူးဘုန်းကြီး ရှိသလား"ဟု မေးတော်မူ၏။

"ရှိပါတယ်ဘုရား"ဟု တော်ကူးဆရာတော်က ဖြေကြား၏။

"တော်ကူးဘုန်းကြီး ဣရိယာပုထ်ရှည်ရှည်ရှုမှတ်နိုင်တယ်လို့ ကြားသိရတယ်၊ ဘယ်လောက်ကြာကြာ ရှုနိုင်သလဲ"

www.burmeseclassic.com

www.burmeseclassic.com



"တပည့်တော် ထိုင်တဲ့ဣရိယာပုထ်နဲ့ ၂၄ နာရီ၊ ရပ်တဲ့ဣရိယာပုထ်နဲ့ ၂၄ နာရီ၊ လျောင်းတဲ့ဣရိယာပုထ်နဲ့ ၂၄ နာရီ၊ စင်္ကြံလျှောက်တာက အလိုရှိသလောက် ရှုမှတ်နိုင်ပါတယ်ဘုရား၊ ဆရာတော်စစ်ဆေးချင်ရင် တပည့်တော် ယခုရှုမှတ်ပြပါ့မယ်ဘုရား"

"အရှင်ဘုရား...ဣရိယာပုထ်တစ်မျိုးနဲ့ ကြာကြာရှုမှတ်တဲ့နည်းကို ပြောပြပါ"

"တပည့်တော် ဖောင်းပိန်ကစပြီး ပေါ်တာအကုန်ရှုမှတ်တာပဲဘုရား၊ ဘာတစ်ခုမှမလွတ်အောင် ရှုမှတ်ပါတယ်၊ ဝေဒနာပေါ်လာသမျှကိုလဲ ကင်းစင်သွားအောင် ရှုမှတ်ပါတယ်၊ ငြိမ်းအေးချမ်းသာနေတဲ့အခါမှာလဲ ချမ်းသာတယ်... ချမ်းသာတယ်လို့ ရှုမှတ်ပါတယ်၊ တော်ချင်တဲ့စိတ်ပေါ်လာရင်လဲ တော်ချင်တယ် တော်ချင်တယ်လို့ တော်ချင်တဲ့စိတ် ပျောက်သွားတဲ့အထိ ရှုမှတ်ပါတယ်။ ဝေဒနာတွေကလဲကင်း၊ ချမ်းသာခြင်းနဲ့လဲ ပြည့်စုံ၊ ဝိပဿနာအာရုံမှာလဲ တပည့်တော်က ပျော်မွေ့တော့ ဣရိယာပုထ်ရှည်ရှည်နဲ့ရှုမှတ်နိုင်တာပဲဘုရား၊ တပည့်တော် ရှုမှတ်တဲ့နည်းမှာ ချွတ်ချော်တာ မှားယွင်းတာရှိရင် ပြုပြင်ပေးပါဘုရား"

"အရှင်ဘုရား ရှုမှတ်တာ မှန်ပါတယ်၊ ဘယ်နေရာမှ ပြင်စရာမလိုဘူး၊ အရှင်ဘုရားရှုမှတ်ပုံကို ဓာတ်ပုံရိုက်ပြီး မှတ်တမ်းတင်ခွင့်ပြုပါ"

ထူးချွန်သည့်တပည့်ကို ဆရာက ချီးမြှင့်သည့်အနေဖြင့် သံဃာတော်ရှေ့မှောက်၌ တော်ကူးဆရာတော်ကို မဟာစည်ဆရာတော်ဘုရားက မေးမြန်းစစ်ဆေးခဲ့၏။ ထိုနောက် အင်္ဂလိပ်ဒကာတစ်ဦးက တော်ကူးဆရာတော်တရားရှုမှတ်ပုံကို ဓာတ်ပုံရိုက်ယူ၏။ ဓာတ်ပုံရိုက်ပြီးနောက် အင်္ဂလိပ်ဒကာက တော်ကူးဆရာတော်အနီးသို့ချဉ်းကပ်ကာ မဝံ့မရဲနှင့် မေးခွန်းတစ်ခုမေး၏။

"ဆရာတော်...ရုပ်နာမ်ချုပ်ပျောက်တဲ့အခါ အတ္တဘယ်ရောက်သွားသလဲ"

တော်ကူးဆရာတော် ပြုံးပြုံးကြီးဖြေကြားတော်မူ၏။

"ဒကာကြီး...အတ္တက နဂိုကတည်းကမရှိဘူး၊ ဒါကြောင့် ဘယ်ကိုမှပျောက်မသွားဘူး၊ ဗုဒ္ဓမြတ်စွာရဲ့တရားဝါဒက အနတ္တဝါဒပါ၊ ဝိပဿနာတရား အားထုတ်တာကလဲ အတ္တစွဲ–ငါစွဲပျောက်သွားအောင်လုပ်ရတဲ့ အလုပ်ပါပဲ၊ အတ္တအစွဲပျောက်မှ ကိလေသာအနှောင်အဖွဲ့က လွတ်မြောက်ပြီး ချမ်းသာအစစ်ကို ခံစားရတယ် ဒကာ့ကြီး"

အင်္ဂလိပ်ဒကာက ခေါင်းတညိတ်ညိတ်နှင့် ခပ်မဆိတ်နားထောင်နေ၏။ အတ္တအစွဲခိုင်မြဲနေသူအား ဉာဏ်မျှရင်းပြရုံမျှဖြင့် သူကျေနပ်နိုင်မည်မဟုတ်ပါချေ။ ကိုယ်တိုင်လုပ်၍ ကိုယ်တိုင်မြင်မှ ယုံကြည်နိုင်မည်ဖြစ်သတည်း။

www.burmeseclassic.com

www.burmeseclassic.com



## ရောဂါပျောက်သပ လက်တွေ့ပြ

ဝိပဿနာတရားအားထုတ်သဖြင့် ရောဂါမျိုးစုံပျောက်ကင်းပုံကို တော်ကူးဆရာတော်သည် ကိုယ်တိုင်ပင် စံနမူနာပြခဲ့သည်။ နောက်ဆုံး လေဖြတ်ခံရပြီး ရောဂါဖိစီးနေသဖြင့် တရားဟော၍မပြောပြနိုင်သည့်အခါတွင်ပင် လေးလံလှသော မိမိခန္ဓာကိုယ်ကို ဝိုင်းဝန်း၍ထူမ,ပေးစေပြီးနောက် လက်တွေ့တရားရှုပြတော်မူခဲ့၏။

"ဘုန်းကြီး စောစောကပြောတဲ့ မဟာစည်ရိပ်သာရောက်တဲ့အခေါက်ကပေါ့၊ ဘုန်းကြီးကို စပရိန်ခုတင်နဲ့ နိုင်ငံခြားမွေ့ရာပေါ်မှာ ကျိန်းစက်စေတယ်၊ အိပ်ရာက လေထိုးထားတော့ တင်းနေတာပဲ၊ ကိုယ်လှုပ်လိုက်ရင် ခုန်ဆွခုန်ဆွနဲ့ ကိုယ်ကြွတက်တယ်။

"အဲ...နံနက်စောစော ဘုန်းကြီးလျှောင်းစက်နေရင်းနဲ့ တရားရှုမှတ်နေတယ်၊ ဦးနန္ဒိယ...ဦးနန္ဒိယ တဲ့၊ ဦးပဍ္ဍင်းငယ်တစ်ပါးက လာခေါ်တယ်၊ ဘုရားလို့ထူးပြီး ဘုန်းကြီးရုတ်တရက်ထလိုက်တာ စပရင်အိပ်ရာက တွန်းကန်တော့ ဗိုင်းခနဲ အောက်ကြမ်းပြင်ပေါ်ကိုဘုန်းကြီးလိမ့်ကျသွားတယ်၊ ခြေထောက်ခေါက်ပြီး ကျသွားလို့ ဘုန်းကြီးကိုယ်ကြီးနဲ့ဆိုတော့ခြေထောက်က ရောင်ရမ်းလာတော့တယ်။

"ဘုန်းကြီးကိုခေါ်တာ ဘာလုပ်ဖို့လဲလို့မေးလိုက်တော့ အရုဏ်ဆွမ်းစားပင့်တာပါဘုရားတဲ့၊ ဦးပဍ္ဍင်းကပြန်ဖြေတယ်၊ဟဲ့...ငါထလို့မရတော့ဘူး၊ ဘုန်းကြီး ထကြည့်တယ်လေ၊ ခြေထောက်က မထောက်နိုင်ဘူး၊ သိပ်ကိုနာနေတယ်၊ သူဝိုင်းထူမ,ပေးလို့ ဘုန်းကြီးထလာတယ်၊ ထော့နဲ့ ထော့နဲ့နဲ့ ဘုန်းကြီးအရုဏ်ဆွမ်း သွားဘုဉ်းပေးတယ်၊ နာတယ်လို့ ဘုန်းကြီးမပြောဘူး။

"နေမြင့်လာတော့ နေ့ဆွမ်းစားဖို့ မြို့ထဲက ဒကာတစ်ယောက် လာပင့်တယ်၊ တော်ကူးဆရာတော်ပါ ကြွပါတဲ့၊ ဘုန်းကြီးခြေထောက်နာတာ မပြောဘူး၊ လိုက်သွားတယ်၊ ပြန်လာတော့ ခြေထောက်တစ်ခုလုံးက ကြောက်စရာကောင်းအောင် ရောင်တက်နေပြီ။ ဘုန်းကြီးက မဟန်နိုင်လို့ ထော့နဲ့ထော့နဲ့ဖြစ်သွားတယ်၊ ဆွမ်းကျွေးတဲ့ဒကာက အကဲခတ်မိလို့ မေးလျှောက်တော့မှ ဘုန်းကြီးခြေထောက် အကြီးအကျယ်ရောင်နေတာ သူမြင်သိသွားတယ်၊ ခုတင်ပေါ်က လိမ့်ကျတာကိုလဲ သူသိသွားတော့...

"အရှင်ဘုရား အရိုးကျိုးသွားသလားမသိဘူး၊ အရိုးကုဆေးရုံကို တပည့်တော် ပို့ပေးပါရစေဘုရား"

"ဒကာ...မပို့နဲ့၊ ဘုန်းကြီး တရားဆေးနဲ့ ကုပါ့မယ်"

www.burmeseclassic.com

www.burmeseclassic.com



"အရှင်ဘုရား ဆေးရုံမကြွချင်ရင် နှိပ်တတ်တဲ့ဒကာတစ်ဦး တပည့်တော် ခေါ်ပေးမယ် ဘုရား"

"တစ်ခါခေါ်နှိပ်ရင် ကျပ်သုံးလေးဆယ်ပေးရသတဲ့၊ ဘုန်းကြီးက မခေါ်ပါနဲ့လို့ ပြောလိုက်တယ်လေ၊ ဒါနဲ့ မဟာစည်ရိပ်သာမှာရှိတဲ့ ဆရာဝန်မတစ်ဦးက ခြေထောက်ကို ဆေးလိမ်းပေးတယ်၊ အရောင်အကိုက်သက်သာအောင်ပေါ့၊ ဒါပေမဲ့ မသက်သာပါဘူး၊ သူတို့လုပ်စရာရှိတာ လုပ်ပြီးတဲ့အခါ 'သွားကြတော့'လို့ ဘုန်းကြီးပြောလိုက်တယ်၊ ဘုန်းကြီးတည်းခိုတဲ့ အခန်းတံခါးကို ပိတ်လိုက်ပြီးတော့ ဘုန်းကြီးတရားရှုမှတ်တယ်၊ မတ်တတ်ရပ်တဲ့ဣရိယာပုထ်နဲ့ပဲပေါ့"

"နေ့လယ်ကနေ မွန်းလွဲ၊ မွန်းလွဲကနေ ညနေစောင်း၊ ညနေစောင်းကနေ မိုးချုပ်ပေါ့၊ အဲသလို ခြောက်နာရီကြာရှုမှတ်တဲ့အခါ ဝေဒနာအကြီးအကျယ်သုံးကြိမ် ပေါ်တယ်၊ ပထမ ခြေခေါက်တဲ့နေရာမှာ ခြေထောက်ပြတ်ထွက်လေသလားလို့တောင် ထင်ရအောင် နာတယ်၊ ဘုန်းကြီးကြိုက်ပြီ၊ ဝေဒနာပေါ်လေလေ ဘုန်းကြီးကြိုက်လေလေပဲ၊ ဒီဝေဒနာကို ကျော်လွန်အောင် ဘုန်းကြီးရှုမှတ်နိုင်ရင် ရောဂါသက်သာသွားမယ်ဆိုတာ ဘုန်းကြီးသိတယ်၊ ဘုန်းကြီးအတွေ့အကြုံက ပြောပြနေတယ်လေ။

"ဒါကြောင့် ဘုန်းကြီးမလှုပ်ဘူး၊ ဣရိယာပုထ်မပြောင်းဘူး၊ တင်းတင်းရင်းရင်းကို မှတ်တယ်၊ ဝေဒနာက ခြေပြတ်ထွက်မလောက် နာနေတယ်၊ နာလွန်းလို့ ကိုယ်ပါသိမ့်သိမ့်တုန်နေတယ်၊ ဘယ်လိုနာနာ ဘယ်လောက်နာနာ ဘုန်းကြီး အမှတ်မလျှော့ဘူး၊ လျှော့လို့မဖြစ်ဘူးလေ၊ လျှော့ရင် ဘုန်းကြီးရှုံးပျက်သွားမှာပေါ့။

"သေလဲပြီးပေါ့၊ ဘုန်းကြီးအလျှော့ပေးလို့ မဖြစ်ဘူး၊ အမှန်က မသေနိုင်ဘူးဆိုတာ ဘုန်းကြီးသိတယ်၊ ပူတယ်...နာတယ်, ပူတယ်...နာတယ်လို့ ဘုန်းကြီး ဝေဒနာမှာ စိတ်စူးစိုက်ပြီး မှတ်တယ်၊ တစ်နာရီပြီးတစ်နာရီ ဘုန်းကြီး မတော်ဘူး။

"ဟော...ပူတာ တဖြည်းဖြည်းအေးလာပြီ၊ နာတာလဲ တစ်စတစ်စ သက်သာလာပြီ၊ ဒါပေမဲ့ နည်းနည်းကျန်သေးတယ်၊ အဲဒီနည်းနည်းကျန်နေတာဟာ တရားခေါ်တာပါပဲ၊ ဝေဒနာအကုန်ကင်းစင်အေးငြိမ်းသွားအောင် မှတ်ရမယ်။

"ဒုတိယ ကြီးကျယ်တဲ့ဝေဒနာက ပေါင်ရင်းမှာအကြီးအကျယ်နာပြန်တယ်၊ ပေါင်ပြတ်ထွက်မလောက်ပဲ။ အဲဒီက ပျောက်ပြန်တော့ ရင်ဘတ်အောင့်ပြန်တယ်၊ တစ်ကိုယ်လုံးလဲ အနာထုံလာတယ်၊ အဲသလို သုံးနေရာသုံးကြိမ် အကြီးအကျယ်နာပြီးတဲ့နောက် ဝေဒနာပျောက်သွားတယ်။ သေးသေးမွှားမွှားနာတာလဲ မရှိတော့ဘူး။ တစ်ကိုယ်လုံးအေးငြိမ်းပြီး ချမ်းသာနေတယ်။ ဘုန်းကြီးမတော်ဘူး၊ တော်

www.burmeseclassic.com

www.burmeseclassic.com



စရာအကြောင်းမှ မရှိတော့ဘဲ၊ နောက်ထပ် ကိုးနာရီကြာ အရဏ်ကျင်းတဲ့အထိ ဘုန်းကြီးဆက်မှတ်တယ်။

"မိုးလင်းတော့...ဒီအနာသက်သာသွားပြီဖြစ်လို့ ဘုန်းကြီး လမ်းကောင်းကောင်းလျှောက်လို့ရပြီ၊ ဘုန်းကြီး မဟာစည်ဆရာတော်ထံသွားပြီး အကျိုးအကြောင်း လျှောက်ပြတယ်၊ ၁၅-နာရီလောက် ဣရိယာပုထ်မပြင်ဘဲ ရှုမှတ်လိုက်တာ ရောဂါသက်သာပျောက်ကင်းသွားပြီလို့၊ ဆရာတော်ဘုရားကြီးက သာဓုခေါ်တော်မူတယ်။

"အဲသလို...ကိုယ်တိုင်လုပ်တော့ ကိုယ်တိုင်သိတယ်၊ ဒီအသိက ဘုန်းကြီးဆီမှာရှိတယ်၊ ဘယ်တော့မှမမေ့ဘူး၊ မလုပ်တဲ့သူ မသိဘူး၊ တချို့က ဘုန်းကြီးကိုလာမေးတယ်၊ ဘုရားလက်ထက်က ဂျာမားခံရတဲ့ရဟန်းဟာ ဘယ်လိုရှုမှတ်လို့ နိဗ္ဗာန်ရောက်သွားသလဲတဲ့။

"ပေါ်တဲ့ဝေဒနာကို စူးစူးစိုက်စိုက်ရှုမှတ်တာပဲပေါ့၊ သမာဓိတည်လာရင် ပီတိ, ပဿဒ္ဓိ, သုခတွေ ဖြစ်လာမယ်လေ၊ သမာဓိယှဉ်တဲ့စိတ်က ရုပ်နာမ်တို့ရဲ့ အနိစ္စ, ဒုက္ခ, အနတ္တသဘောကို ထိုးထွင်းပြီးသိမြင်လာတယ်လေ၊ ဒီလက္ခဏာသုံးပါးကို ထင်ထင်ရှားရှားသိမြင်လာရင် သစ္စာလေးပါးကိုမြင်သိပြီး နိဗ္ဗာန်ဝင်နိုင်တာပဲပေါ့။

"ကိုယ်လုပ်မှ ကိုယ်သိတယ်၊ ကိုယ်စားမှ ကိုယ်ဝတယ်၊ ကိုယ်သွားမှ ကိုယ်ရောက်တယ်နော်၊ **ဘုရားပေးတဲ့ သတိပဋ္ဌာန်ဆေးလက်နက်က ဟင်းရွက်လိုးတဲ့ ကုလားဓားမဟုတ်ဘူး၊ ရောဂါအားလုံးနဲ့ ကိလေသာအားလုံးကို အမြစ်ပြတ် အမျိုးသုဉ်းအောင် ခုတ်သင်နိုင်တဲ့ ဓားစကြာကွဲ့**၊ မယုံမရှိနဲ့၊ ဘုန်းကြီးကိုယ်တွေ့ပါပဲ"

## ကြက်မ ဥကို ဝပ်သည့်ပမာ

"ဒကာ,ဒကာမတို့...ကြက်မတွေဥဥတဲ့အခါ ဆယ်လုံး, ဆယ့်နှစ်လုံးအထိ မဥဘူးလား"

"ဥပါတယ်ဘုရား"

"အဲဒီဥတွေကို ကြက်မက မဝပ်ဘဲ ဆားနားက ကတော်ကတော်လို့ အော်နေရင် ဥတွေပေါက်လာမလား၊ ပုပ်သွားမလား"

"ပုပ်သွားပါမယ်ဘုရား"

"အဲဒီဥပမာအတိုင်းပဲကွဲ့၊ ပုဂ္ဂိုလ်တချို့က နိဗ္ဗာန်ကို လိုချင်တယ် လိုချင်

www.burmeseclassic.com

www.burmeseclassic.com



တယ်လို့ အော်နေပြီး ဝိပဿနာအလုပ်ကိုတော့ မလုပ်ဘူးကွဲ့၊ ဒီပုဂ္ဂိုလ်တွေ နိဗ္ဗာန် ရမှာလား၊ ကြက်ဥလို ပုပ်သွားကြမှာလား”

“ပုပ်သွားကြလိမ့်မယ်ဘုရား”

“တကယ်လို့ ဝိပဿနာတရားကို ကြိုးစားလုပ်ရင် ကြက်ဥတွေပေါ်မှာ ကြက်မ,ဝပ်လို့ ကြက်သားကလေးတွေ ပေါက်လာသလို သောတာပန်လဲ ဖြစ်နိုင်တယ်၊ သကဒါဂါမ်လဲ ဖြစ်နိုင်တယ်၊ အနာဂါမ်လဲ ဖြစ်နိုင်တယ်၊ ရဟန္တာလဲ ဖြစ်နိုင်တယ်၊ ဒီဘဝမှာဖြစ်အောင်လုပ်ရင် ဖြစ်ကိုဖြစ်လာမှာကွဲ့၊ မြတ်စွာဘုရားက ရဲရဲဝံ့ဝံ့နဲ့ အာမခံချက်နဲ့ ဟောကြားထားတာပဲ။

“ကဲ... ဒကာ,ဒကာမတို့... တရားနာကြားပြီးတော့ ဘုရားဟောအတိုင်း တရားအားထုတ်မှသာ မိမိတို့ဥထားတဲ့ဥများပေါ်မှာ ကြက်မ,ဝပ်တာနဲ့ တူတယ် နော်။ ကြက်မ,ဝပ်ရင် ကြက်ကလေးတွေ ပေါက်လာမှာ သေချာသလို ဒကာတို့ အမှန်တကယ်ကြိုးစားအားထုတ်ရင် မဂ်ဖိုလ်အထိပေါက်သွားမှာ သေချာတယ် နော်။

“မိမိကိုယ်ကို အပုပ်မခံနဲ့၊ မဂ်ဖိုလ်ပေါက်အောင် တရားအမှတ်နဲ့ ဝပ်ပေး ကြပါ”

## အရိယာစားကျက်မှာ မွေ့လျော်ပါ

“ဒကာ, ဒကာမတို့... ဝိပဿနာတရားရှုမှတ်နေတဲ့သူဟာ အရိယာ စားကျက်မှာ နေနေတဲ့သူပဲ၊ အရိယာပုဂ္ဂိုလ်များက ဝိပဿနာအာရုံနဲ့ပဲ အမြဲနေထိုင် ကြတယ်”

“အရိယာစားကျက်မှာ နေတဲ့လူဟာ ဘေးရန်အန္တရာယ်တွေ ကင်းရှင်းနေ တယ်၊ ဝိပဿနာအမှတ်နဲ့သေရင် အပါယ်မလားဘူး၊ နတ်ပြည်လောက်တော့ အလွယ်ကလေး၊ သေခါနီးမှာ တစ်မဂ်တစ်ဖိုလ်တောင်ရသွားနိုင်တယ်။

**“ဗီလုံးငှက်ကလေး** ကို မိခင်က အစာရှာထွက်ခါနီးမှာ မှာတယ်၊ ငါ့သား နွားခြေရာခွက်ထဲမှာပဲနေ၊ အပြင်မထွက်နဲ့တဲ့၊ ငှက်ကလေးက အမေ့စကား နား မထောင်ဘူး၊ နွားခြေရာခွက်ရဲ့အပြင်ဘက် ထွက်လာလို့ စွန်သုတ်ချီသွားလေ ရော။

“စွန်လက်သည်းကြားက ဗီလုံးငှက်ကလေးက ညည်းရှာတယ်၊ ငါ အမေ့ စကားကို နားမထောင်မိတာ ‘မှားပြီ... မှားပြီ’ တဲ့၊ ဒီတော့ စွန်က မေးတယ်၊ ‘ဟေ့ ကောင်... မင်း ဘာမှားသလဲ’ တဲ့။

“ကျွန်တော့်အမေစကား နားမထောင်ဘဲ နွားခြေရာခွက်အပြင်ထွက်မိတာ

www.burmeseclassic.com

www.burmeseclassic.com



မှားတာပဲ၊ နို့မဟုတ်ရင် ခင်ဗျားကျွန်တော့်ကို ဖမ်းနိုင်မှာမဟုတ်ဘူး၊ ဗီလုံးငှက်က ဒီလိုပြောတော့ စွန်ကြီးက 'ကြည့်သေးတာပေါ့'လို့ ငှက်ကလေးကို နွားခြေရာခွက်အနား ပြန်ချပေးလိုက်တယ်။

"ဒီတော့ ဗီလုံးငှက်ကလေးက လက်ခမောင်းခတ်ပြီး 'ကျွန်တော့်ကိုမိအောင် ဖမ်းစမ်းဗျာ'လို့ ကြုံးဝါးလိုက်တယ်၊ စွန်ကြီးက ဒေါသထွက်ပြီး အရှိန်နဲ့ထိုးလိုက်ပါလေရော၊ ငှက်ကလေးက နွားခြေရာခွက်ထဲ ခုန်ဆင်းလိုက်တယ်၊ သူ့ကို စွန်သုတ်ဆွဲတာမမိဘူး၊ တွင်းနှုတ်ခမ်းနဲ့ စွန်ရင်ဘတ်ဆောင့်မိလို့ ရင်ကွဲပြီး စွန်ကြီးသေပါလေရောတဲ့။

"ဗီလုံးငှက်ကလေးကို သူ့မိခင်မှာသလို **မြတ်စွာဘုရား** ကလဲ ပရိနိဗ္ဗာန်စံဝင်ခါနီးအထိ အကြိမ်များစွာမှာကြားသွားတယ်။

**"ချစ်သား, ချစ်သမီးတို့...သင်တို့ကို နောက်ဆုံးစကားအဖြစ် ငါဘုရားမှာကြားခဲ့ပါမယ်၊ ရုပ်နာမ်ဆိုတဲ့ သင်္ခါရတရားတို့ဟာ ပျက်စီးခြင်းသဘော ရှိကြတယ်၊ မမေ့မလျော့တဲ့သတိတရားနဲ့ သီလ, သမာဓိ, ပညာတို့ကို ပြီးပြည့်စုံအောင် ကြိုးစားအားထုတ်ပြီး နေရစ်ကြလို့...**"

"သတိတရားနဲ့ သီလ, သမာဓိ, ပညာတို့ကို ပြီးပြည့်စုံအောင် နေပါဆိုတာ ဝိပဿနာတရားနဲ့နေဖို့ပြောတာပဲ၊ ထိုင်နေရင်လဲ အမှတ်နဲ့၊ မှတ်တတ်ရပ်နေရင်လဲ အမှတ်နဲ့၊ သွားရင်လဲ အမှတ်နဲ့၊ စားရင်လဲ အမှတ်နဲ့၊ ရေချိုးရင်လဲ အမှတ်နဲ့၊ အင်္ကျီဝတ်ရင်လဲ အမှတ်နဲ့၊ မော်တော်ကားစီးရင်လဲ အမှတ်နဲ့၊ နောက်ဆုံး အိပ်တဲ့အခါမှာလဲ အမှတ်နဲ့ပဲအိပ်ပေါ့၊ ဒီလိုအမြဲမပြတ် ရှုမှတ်နေတာဟာ အရိယာတို့မွေ့လျော်တဲ့အရိယာစားကျက်မှာ နေထိုင်တာခေါ်တာပဲ။

"ဝိပဿနာအမှတ်နဲ့နေတဲ့လူကို လောဘ, ဒေါသ, မောဟ စတဲ့ ကိလေသာရန်သူတွေ ဝင်မနှောင့်ယှက်နိုင်ဘူး၊ အမှတ်လွတ်သွားတာနဲ့ မောဟကိလေသာဖုံးလွှမ်းလိုက်လို့ ကာမဂုဏ်အာရုံတွေကို အကောင်းလို့ထင်လာတယ်၊ ကောင်းတဲ့ အာရုံတွေကို မြင်ရ, ကြားရ, နံရ, စားသိရ, ထိတွေ့ရတော့ လိုချင်မှုလောဘဖြစ်လာတယ်၊ မကောင်းတဲ့အာရုံနဲ့ ကြုံဆုံလာရတဲ့အခါမှာ မကျေမနပ် မနှစ်သက်တဲ့ ဒေါသဖြစ်လာတယ်။

"ဒေါသစိတ်နဲ့သေရင် ငရဲကျမယ်၊ လောဘစိတ်နဲ့သေရင် ပြိတ္တာဖြစ်မယ်၊ မောဟစိတ်နဲ့သေရင် တိရစ္ဆာန်ဖြစ်ဖို့များတယ်၊ ဒါကြောင့် လောဘ, ဒေါသ, မောဟတို့ရဲ့ ဘေးရန်ဟာ အင်မတန်ကြောက်စရာကောင်းတယ်။

**"လောဘကို ဒါနနဲ့သတ်ရမယ်၊ ဒေါသကို သီလနဲ့သတ်ရမယ်၊ မောဟကို ပညာနဲ့သတ်ရတယ်၊** ဝိပဿနာဘာဝနာပွားများနေတဲ့အခိုက်မှာ သီလလုံခြုံနေ

www.burmeseclassic.com

www.burmeseclassic.com



တယ်၊ သီလလုံခြုံနေလို့ သူတစ်ပါးအသက်ကိုလဲ မသတ်ဘူး၊ သူတစ်ပါးဥစ္စာကို လဲမခိုးဘူး၊ သူတစ်ပါးသားမယားကိုလဲ မဖျက်ဆီးဘူး၊ သူတစ်ပါးထိခိုက်နစ်နာ အောင် ဘာမှမလုပ်ဘူး၊ ဒါကြောင့် သူတစ်ပါးအသက်ချမ်းသာအောင်၊ ပစ္စည်း ချမ်းသာအောင်၊ စိတ်ချမ်းသာအောင် အလှူဒါနကြီး ပေးလှူရတာနဲ့ အတူတူပဲ ပေါ့။

"သီလလုံရင် သမာဓိဖြစ်လာတယ်၊ သမာဓိဖြစ်လာရင် ထိုးထွင်းမြင်သိနိုင် တဲ့ပညာဖြစ်လာတယ်၊ ပညာဖြစ်လာရင် မောဟဦးဆောင်တဲ့ ကိလေသာတရား တွေကို တစ်စတစ်စနဲ့ အမြစ်ပြတ်ချေမှုန်းနိုင်တယ်။

"ဤအကြောင်းတွေကြောင့် ချစ်သား, ချစ်သမီးတို့...သင်တို့သည် အပါယ် ဘေးမှလွတ်ကင်းပြီး ဆင်းရဲခြင်းရဲ့ အကြောင်းရင်းဖြစ်တဲ့ ကိလေသာတွေကို အမြစ်ပြတ်ချေမှုန်းနိုင်အောင် အမြတ်ဆုံးနေခြင်း အကောင်းဆုံးနေခြင်းဖြစ်တဲ့ အရိယာစားကျက်မှာ နေ့ရက်မကွာ အမြဲတစေနေထိုင်ကြကုန်လော့၊ ဤသို့နေ ထိုင်ရသဖြင့် အမြတ်ဆုံးနိဗ္ဗာန်ချမ်းသာကို လျင်မြန်ဆောစွာမျက်မှောက်ပြုနိုင်ကြ ပါစေကုန်သတည်း။"

* * *

www.burmeseclassic.com

www.burmeseclassic.com

အခန်း (၈)

# တော်ကူးရိပ်သာက စိတ်ခေါ်လျက်ပါ

### သာစွဘာနေ တော်ကူးမြေ

မော်လမြိုင်မြို့မှ သံဖြူဇရပ်မြို့သို့ ခရီးသည်တင်ဆောင်သော ဟိုင်းလတ်သို့မဟုတ် ဒတ်ဆန်းကားကိုစီးသွားလျှင် ပထမ ၁၈ မိုင်ဝေးသည့် မုဒုံမြို့သို့ရောက်၏။ ထို့နောက် မိုင်တိုင်အမှတ် ၂၃ ၌ တော်ကူး၊ တံခွန်တိုင်ရွာညီနောင်သို့ ရောက်၏။

ထိုရွာညီနောင်အဝင်ဝလမ်းထိပ်မှ အရှေ့ဘက်သို့ မျှော်ကြည့်လျှင် စိမ်းစိုလန်းဆန်းသည့် တောတန်းကျယ်နှင့် မို့မို့မှိုင်းမှိုင်းညို့ဆိုင်းနေသော တောင်ညိုတန်းကြီးကို မြင်တွေ့ရလိမ့်မည်။

တစ်ဖန် အနောက်ဘက်သို့ လှမ်းမျှော်ကြည့်လျှင် ရွာဝင်လမ်းကျယ်၏ ဆားတစ်ဖက်တစ်ချက်စီ၌ အနန်းပင်များနှင့် ရော်ဘာခြံများသည် မျက်စိတစ်ဆုံး စိတန်းနေကြသည်ကို ကြည်နူးစဖွယ်မြင်တွေ့ရမည်ဖြစ်၏။

ရွာအဝင်လမ်းထိပ်၌ ခရီးသည်များခိုနားရန် ခုံကန်းရှည်၊ သွပ်မိုးရုံလုလုကလေး ရှိ၏။ အဆာပြေဝယ်စားနိုင်သည့် ဈေးဆိုင်ကလေးများလည်း ရှိ၏။ ထို့အပြင် ခရီးသည်များကိုစောင့်ဆိုင်းနေသော ဆိုက်ကားများလည်း အမြဲရှိနေကြ၏။

ဆိုက်ကားတစ်စီးအား 'တော်ကူးဆရာတော်ရဲ့သတိပဋ္ဌာန်ကျောင်းသို့ ပို့ပေးပါ'ဟု ပြောလိုက်လျှင် ၁၀ မိနစ်ခန့်အတွင်း၌ တော်ကူးရိပ်သာသို့ ဆိုက်ဆိုက်မြိုက်မြိုက်ရောက်ရှိသွားမည်ဖြစ်၏။

တော်ကူးရိပ်သာသည် မော်လမြိုင်-သံဖြူဇရပ် ကားလမ်းမကြီးမှ ခြောက်

www.burmeseclassic.com

www.burmeseclassic.com



ဖာလုံခန့်သာ ဝေး၏။ ကားသံများကို မကြားရပါ။ တော်ကူးရွာထိပ်ရှိ ရာဘာခြံများအကြား၌ တည်ရှိသဖြင့် တောရကျောင်းသဖွယ် တိတ်ဆိတ်၏။

တော်ကူးရိပ်သာ၏ မြေအကျယ်သည် နှစ်ကေခန့်ရှိ၏။ သရက်၊ ပိန္နဲ၊ ကွမ်းသီး၊ အုန်း၊ ကျွဲကော၊ ကြက်မောက်၊ ရှောက်၊ သံပရာ၊ သဘော်၊ မာလကာ စသည့် သီးစားပင်များနှင့်လည်းကောင်း၊ ခရေ၊ ပိတောက်၊ အနန်း စသည့် ပန်းပင်များနှင့် လည်းကောင်း သာယာတင့်မောဖွယ်ရှိ၏။

ရေတွင်းလေးတွင်းမှရေမှာ ကြည်လင်အေးမြလှ၏။ တစ်နှစ်ပတ်လုံး ချိုးသုံး၍မကုန်နိုင်ချေ။ မောင်းတက်များ တပ်ဆင်ထားသဖြင့် ရေခပ်ရန် မပင်ပန်းလှချေ။ ထို့အပြင် တုံကင်ရေစုပ်စက်များလည်း တပ်ဆင်ထားပြီးလျှင် မော်တာ ရေစုပ်စက်ဖြင့်လည်း ရေတင်ယူနိုင်ပြီဖြစ်၏။

"ဒီရိပ်သာရောက်မှ လေကောင်းကောင်းရှူရ ရေဝဝသောက်ရ၊ ချိုးရသဗျာ၊ ရေက အေးကြည်ရုံတင်မက လေးလေးပင်ပင်နဲ့ အရသာလဲရှိလှတယ်၊ သောက်ချိုးရတာ တစ်ခါတည်းလန်းဆန်းသွားတာပဲ"

ရိပ်ဝေးမှရောက်လာကြသော ယောဂီများက ဤသို့မှတ်ချက်ချကြ၏။ **လူယောဂီများ တည်းခိုရန်** အဆောက်အအုံများလည်း ပြည့်စုံလှ၏။ ၁၂ ခန်းတွဲ ယောဂီဆောင်သစ်၊ သုံးခန်းတွဲယောဂီဆောင်ဟောင်း၊ ပေ ၆၀ ခန့်ရှည်လျားသည့် စကြံကျောင်းအောက် ယောဂီတန်းလျား၊ ယောကျ်ား ၅၀ ခန့် အိပ်စက်နိုင်သည့် ပျဉ်ခင်းဖက်ကာ ယာယီယောဂီဆောင်၊ အမျိုးသမီး ၂၅ ဦးခန့် အိပ်စက်နိုင်သည့် ပျဉ်ခင်းဖက်ကာ ယာယီယောဂီဆောင်။

ဤသို့ သီးခြားဆောင်များအပြင် လိုအပ်လျှင် အလျား ၅၃ ပေ၊ အနံ ၂၈ ပေ၊ အမြင့် ၁၆ ပေကျယ်ဝန်းသည့် ဓမ္မာရုံ၌လည်းကောင်း၊ ဆွမ်းစားကျောင်း၌လည်းကောင်း၊ ယောဂီများညဉ့်ဘက်တွင် အိပ်စက်နိုင်ကြသေး၏။

ယောဂီများအတွက် ရေလောင်းအိမ်သာငါးခန်း၊ အမျိုးသမီးရေချိုးခန်း တစ်ခန်း၊ အပန်းဖြေရန်သစ်ပင်ရိပ်များ၊ တရားရှုမှတ်ရန်ဓမ္မာရုံနှင့် ဘုရားဝတ်ပြုရန် သာသနာ့ရောင်ခြည် စေတီငယ်တစ်ဆူ။

ယခုအခါ ဆရာတော်စံကျောင်းသစ်၊ ဓမ္မာရုံသစ်၊ ၂၄–ခန်းတွဲ အမျိုးသမီး ယောဂီဆောင်သစ်တို့ကိုလည်း တိုးချဲ့တည်ထောင်၍ပြီးလေပြီ။

## ရဟန်းယောဂီများအတွက်

၁၂ ခန်းတွဲသံဃာဆောင်၊ အရှေ့မြောက် သစ်သားကျောင်း၊ တိုက်ကျောင်း၊ သိမ်ကျောင်း၊ အရှေ့ကျောင်း၊ အနန်းပင်ကျောင်းများအပြင် ဆရာတော်၏ ကျောင်း

www.burmeseclassic.com

www.burmeseclassic.com



နှင့် ဆက်စပ်လျက် အလျား ၆၆ ပေ၊ အကျယ် ရှစ်ပေရှိသည့် စင်္ကြံဆောင်တို့ရှိကြ၏။

ဆရာတော်ပျံလွန်ခါနီးအချိန်တွင် ဤရိပ်သာ၌ လူယောဂီ ၂၀၀ ကျော်နှင့်သံဃာ ၃၀ ကျော်တို့ မွေ့လျော်ပျော်ပါးစွာ အတူတကွတရားရှုမှတ်ခဲ့ကြ၏။

ညဉ့်အချိန်များ၌ ရိပ်သာပိုင်မီးစက်ဖြင့် ရိပ်သာတစ်ဝင်းလုံး ထိန်ထိန်လင်းနေအောင် မီးထွန်းထားနိုင်၏။

## ဖော်ရွေဝတ်ကျေ စံထိုက်သလေ

အမေရိကန်၊ အင်္ဂလန်၊ ဩစတြေးလျ၊ ဂျပန်နိုင်ငံများသို့ ကျွန်တော် သွားရောက်လှည့်ပတ်ဖူးပါသည်။ မြန်မာနိုင်ငံအတွင်း၌လည်း လှည့်လည်ခရီးထွက်ခဲ့ဖူးပါသည်။ မည်သည့်အရပ်သို့ရောက်ရောက် ပြုံးချိုဖော်ရွေစွာ ကြိုဆိုဧည့်ခံမည့်သူများရှိလျှင် ပျော်မွေ့စရာကောင်းသည်။ ကြိုဆိုအလေးဂရုပြုသူမရှိလျှင်ကား မြို့ကြီးပြကြီးများဖြစ်စေကာမူ ပျော်မွေ့စရာမကောင်းချေ။

တော်ကူးရိပ်သာ၏ထူးခြားချက်မှာ ဆရာတော်မှအစ ဝေယျာဝစ္စပြုသူအားလုံးက ပြုံးရွှင်ဖော်ရွေစွာကြိုဆိုဂရုစိုက်ပေးကြခြင်းဖြစ်၏။ တောသူတောင်သားတို့ဘာဝ မည်သည့်ဟိတ်ဟန်မျှမရှိ၊ စည်းကမ်းကလနားလည်း မထား၊ ရိုးသားပွင့်လင်းစွာ ဆက်ဆံပြောဆို၍ အတတ်နိုင်ဆုံးဧည့်ဝတ်ပြုပေးကြ၏။

ဒကာများဘက်က ဆရာတော်၏ညီဖြစ်သူ ဦးထွန်းဖေ ၈၆–နှစ်က အမှူးပြုလျက် ဦးဂျီ၊ ဦးဖိုးမျှင်၊ ဦးကျော်အုန်း၊ ဦးသိန်းလှိုင်၊ ဦးအောင်ရှိန်၊ ဦးပန်းရှိန်၊ ဦးပါခွေး၊ ဦးအောင်ရှိန်၊ ဦးအုန်းရှိန်၊ ဦးသိန်း၊ ဦးစိုးသိန်း၊ ဦးဘိုးစံ၊ ဦးထွန်းကြည်၊ ဦးရွှေလေး၊ ဦးသာအောင်၊ ဦးကြည်၊ ဦးပါလွင်၊ ဦးငွေစိုး၊ ဦးကျော်သောင်း စသည်တို့ကလည်းကောင်း။

အမျိုးသမီးများဘက်မှ ဆရာတော်၏သမီးဒေါ်တင်ရွှေ ၆၈ နှစ်က ဦးဆောင်လျက် ဒေါ်လှတင်၊ ဒေါ်အေးသွင်၊ ဒေါ်တင်ရီ၊ ဒေါ်ဝင်းကြည်၊ ဒေါ်စန်းတင့်၊ ဒေါ်နှင်းလှိုင်၊ ဒေါ်အေးခိုင်၊ ဒေါ်သင်းလှိုင်၊ ဒေါ်လှသိန်းတို့ကလည်းကောင်း ကျရာတာဝန် လိုအပ်ရာအမှုကိစ္စတို့ကို မခိုမကတ် မဖင့်မနှေး မညည်းမညူဘဲ ကြည်ကြည်ဖြူဖြူ ရွှင်ရွှင်ပျပျ လက်ညီတက်ညီလုပ်ကိုင်ဆောင်ရွက်ပေးကြ၏။

ဝါတွင်းကာလ ရိပ်သာတွင် ယောဂီများလာသည့်အခါ တော်ကူးတံခွန်တိုင်ရွာညီနောင်မှ အမျိုးသားအမျိုးသမီးများသည် ရိပ်သာသို့ စုရုံးလာရောက်ကြပြီး ဝေယျာဝစ္စအမှုများကို အားတက်သရောကူညီဆောင်ရွက်ပေးကြ၏။

ဆွမ်းထမင်းများကို ကူညီချက်ကြ၏၊ ထင်းခွဲ ရေခပ်ကြ၏၊ ကျွေးမွေးဧည့်

www.burmeseclassic.com

www.burmeseclassic.com



ခံရာတွင် တစ်ယောက်တစ်လက် ပါဝင်ကြ၏။ ယောဂီဆောင်များကို ပြုပြင်သန့်စင်ပေးကြ၏။

ကလေးငယ်များကပင် ယောဂီများထံသို့ ချဉ်းကပ်၍ "ဦးဦး...ကျွန်တော် ဘာလုပ်ပေးရမလဲ၊ ဒေါ်ဒေါ်...ခိုင်းစရာရှိရင် ပြောနော်" စသည်ဖြင့် ဖြူစင်သည့် စေတနာသဒ္ဓါရှေ့ထားလျက် မိမိတို့တတ်အားသလောက် အမှုဆောင်ရွက်ပေးကြ၏။

အထူးသဖြင့် ယောဂီများကို ရင်ဝယ်ဖွားသည့် သားသမီးများပမာ နေ့ညဉ့်မပျက် မရပ်မနားဂရုစိုက်စောင့်ရှောက်ပေးသည့် ပုဂ္ဂိုလ်မှာ ဒေါ်တင်ရွှေဖြစ်၏။ သံဃာတော်များနှင့် ယောဂီများ၏ နေ့စဉ်စားသောက်ရေးကို လိုလေသေးမရှိအောင် ဆောင်ရွက်ပေး၏။

မနက် ၃ နာရီခန့်ကတည်းက ထ၍ လုပ်အားပေးသူများနှင့်အတူ အရုဏ်ဆွမ်း ချက်ပြုတ်၏။ သံဃာများ ဆွမ်းဘုဉ်းပေးပြီးလျှင် ယောဂီများကို တစ်ဖန် ကျွေးမွေးဧည့်ခံပြန်၏။ ဆန်ပြုတ်မျှသာမဟုတ်၊ ထမင်းဟင်း မုန့်ကော်ဖီ စသည်တို့ဖြင့် ဖွယ်ဖွယ်ရာရာဖြစ်အောင် တတ်အားသမျှ စီစဉ်ကျွေးမွေး၏။

နံနက်လင်းလျှင် ရွာဈေးသို့သွား၍ ဟင်းလျာနှင့်အချိုပွဲများအတွက် အားတက်သရော စီစဉ်ချက်ပြုတ်ပြန်၏။ ကပ္ပိယနှင့်ကျောင်းသားများက ရွာလည်၍ ခံယူရရှိသော ဟင်းလျာမုန့်များနှင့် ကျောင်း၌ချက်ပြုတ်ထားသည့် ဆွမ်းဟင်းလျာများကို နေ့ဆွမ်းအဖြစ် ဖွယ်ဖွယ်ရာရာဆက်ကပ်ကြ၏။

ယောဂီများသည် နေ့ဆွမ်း၌လည်း ဖွယ်ဖွယ်ရာရာစားသောက်ကြရ၏။ တို့စရာမျိုးစုံနှင့် ငါးပိရည်ချက်က အမြဲတစေထမင်းမြိန်စေ၏။ တစ်စုံတစ်ယောက်က နာမကျန်းလျှင် ဆန်ပြုတ်၊ ပေါင်မုန့်၊ နို့ စသည်တို့ကို အထူးစီစဉ်ပေး၏။

ဒေါ်တင်ရွှေသည် ယောဂီတစ်ဦးအား 'စားမြိန်ရဲ့လား...နေကောင်းရဲ့လား၊ တရားမှတ်လို့ကောင်းရဲ့လား' ဟု အမြဲမေးမြန်းစုံစမ်း၏။ ဆွမ်းလွှတ်ပြီး တရားဆက်မှတ်နေသော ယောဂီတို့အားလည်း သွားရောက်အားပေးလျက် တရားဖြုတ်သည့်အခါ သင့်လျော်သည့်အာဟာရကို မှီဝဲနိုင်ရန် စီစဉ်ပေးလေ့ရှိ၏။

"ရိပ်သာတွေထဲမှာ တော်ကူးရိပ်သာက ကျွေးမွေးတာ အသာဆုံးပဲဟေ့"

"ဟင်းတွေအမည်စုံရုံသာမက ငါးပိရည်ချက်နဲ့ တို့စရာကလဲ တစ်သက်မမေ့နိုင်စရာ ဖြစ်နေပြီဗျ"

"ဒေါ်တင်ရွှေပြုစုစောင့်ရှောက်တာ မိခင်အရင်းထက်တောင် သာချင်သဗျ"

"ဒီရိပ်သာက မျက်နှာကြီးငယ် မခွဲခြားဘူးရှင့်၊ အားလုံးကို အညီအမျှ ဂရုတစိုက်ကျွေးမွေးစောင့်ရှောက်တာပဲ"

www.burmeseclassic.com

www.burmeseclassic.com



ဤသို့လျှင် ယောဂီများထံမှ ကြည်နူးဝမ်းမြောက်သည့် အာမေဋိတ်စကားများသည် ရိပ်သာပြင်ပသို့ပင် ပဲ့တင်ထပ်လာ၏။

တော်ကူးဆရာတော်ပျံလွန်တော်မူပြီးနောက်၌လည်း တော်ကူးရိပ်သာသည် ရှေးမူမပျက် ယောဂီများကို ဖိတ်ခေါ်လျက် ကျွေးမွေးစောင့်ရှောက်လျက် **ဆရာတော်ဦးနာဝိက** က တရားဆက်ပြပေးလျက် ရှိပေ၏။

## ဩဝါဒါစရိယဆရာတော်များ

**၁။ ဦးစာရိတ္တ၊** သက်တော် ၇၃ နှစ်၊ သိက္ခာတော် ၅၂ ဝါ။

တော်ကူးရိပ်သာ၌ တော်ကူးဆရာတော်ဘုရား ပျံလွန်သည့်အခါ ဩဝါဒါစရိယဆရာတော် စဉ်ဆက်မပြတ်ရေးအတွက် တော်ကူးဆရာတော်သည် မိမိမပျံလွန်မီသုံးနှစ်ခန့်ကတည်းကပင် ကြိုတင်စီစဉ်ခဲ့၏။ တော်ကူးဆရာတော်သဘောကျသည့်ပုဂ္ဂိုလ်မှာ မော်လမြိုင်မြို့ဝ သတိပဋ္ဌာန်ကျောင်းတွင် မိမိနှင့်အတူ တရားအားထုတ်ဖော် ဖြစ်ခဲ့ဖူးသည့် ဦးစာရိတ္တဖြစ်၏။ ထိုစဉ်က ဦးစာရိတ္တသည် ရက် ၄၀ မျှ တော်ကူးဆရာတော်လောင်း ဦးနန္ဒိယနှင့်အတူ သတိပဋ္ဌာန်တရားကို ပြင်းပြင်းထန်ထန် အားထုတ်ခဲ့၏။

တရားအားထုတ်ပြီးသည့်နောက် ဦးစာရိတ္တသည် မော်လမြိုင်မြို့ဝ မဟာသတိပဋ္ဌာန်ကျောင်းတွင်ပင် ဆက်လက်သီတင်းသုံးတော်မူခဲ့၏။ မိမိပျံလွန်သည့်အခါ တော်ကူးရိပ်သာ၌ ဦးစာရိတ္တအား ဩဝါဒါစရိယဆရာတော်အဖြစ် ဆောင်ရွက်ခွင့်ပြုရန် မဟာသတိပဋ္ဌာန်ဆရာတော်ဦးပဏ္ဍဝထံသို့ တော်ကူးဆရာတော်နှင့် ဒကာများက သုံးနှစ်ကြိုတင်၍ လျှောက်ထားခဲ့ကြ၏။

တော်ကူးဆရာတော်ပျံလွန်သောအခါ ဦးစာရိတ္တသည် တော်ကူးရိပ်သာသို့ကြွလာပြီး ဩဝါဒါစရိယဆရာတော်အဖြစ် ဆောင်ရွက်၏။ တော်ကူးဆရာတော်၏ ဈာပနကိစ္စနှင့် တော်ကူးရိပ်သာကို စနစ်တကျဆက်လက်ဖွင့်လှစ်ထားရှိရေးကိစ္စတို့ကို ဆောင်ရွက်တော်မူ၏။

ဦးစာရိတ္တသည် စစ်ကိုင်းတိုင်း၊ အရာတော်မြို့နယ်၊ ပုလဲသာရွာဇာတိ ဖြစ်၏။ နာမကျန်းဖြစ်နေသော ခမည်းတော်အား အနီးကပ်ကြည့်ရှုစောင့်ရှောက်ရန် အတွက်လည်းကောင်း၊ မော်လမြိုင်မြို့ဝ မဟာသတိပဋ္ဌာန်ကျောင်းတွင် ပဓာနနာယကနှင့် ကမ္မဋ္ဌာနာစရိယဆရာတော်ဦးသုမနအား ဝိုင်းဝန်းကူညီရန်အတွက်လည်းကောင်း၊ ဦးသုမနက ၁၃၄၉ ခုနှစ်၊ တပို့တွဲလဆုတ် ၁၄ ရက်နေ့တွင် စာရေး၍ ပြန်ခေါ်ယူသည့်အတွက် ဦးစာရိတ္တသည် ထိုနေ့၌ပင် မော်လမြိုင်မြို့သို့ ထွက်ခွာသွားလေ၏။

www.burmeseclassic.com

www.burmeseclassic.com



၂။ **ဦးကေတုမာလာ၊** သက်တော် ၅၁ နှစ်၊ သိက္ခာ ၃၀ ဝါ။

ဦးစာရိတ္တပြန်ကြွသွားပြီးသည့်နောက် တော်ကူးရိပ်သာ၌ ဩဝါဒါစရိယ ဆရာတော်အဖြစ် တာဝန်ထမ်းဆောင်ရန် ဦးကေတုမာလာကို တော်ကူးရိပ်သာ ဒါယကာများနှင့် သံဃာတော်များက ရွေးချယ်ပင့်ဆောင်ကြ၏။

ဦးကေတုမာလာသည် အသက်ပင်ငယ်သော်လည်း ပရိယတ်, ပဋိပတ် အတွေ့အကြုံ နံ့စပ်သူဖြစ်၏။

ဦးကေတုမာလာတွင် ထူးခြားချက်များစွာရှိ၏။ မုဒုံမြို့နယ်၊ ကမာဝက်ရွာတွင် လယ်သမားများဖြစ်ကြသော ဦးထက်၊ ဒေါ်ပုလဲဥတို့၏ သားသမီး ခုနစ်ဦးထွန်းကားသည့်အနက် ပဉ္စမမြောက်ရင်သွေးမှာ ဦးကေတုမာလာလောင်းလျာဖြစ်သည့် မောင်ချစ်ကြည်ဖြစ်၏။ မောင်ချစ်ကြည်ကို ၁၃၁၁ ခုနှစ်၊ နယုန်လဆုတ် ၁၁ ရက်၊ တနင်္လာနေ့နံနက် ၁၀ နာရီတွင် မွေးဖွားသဖြင့် နက္ခတ် ၂၇ လုံးပြည့်ညီသည့်အချိန်သမယကောင်း ဖြစ်၏။ ဤကား ဦးကေတုမာလာ၏ ပထမထူးခြားချက် ဖြစ်၏။

မောင်ချစ်ကြည်သည် ရုပ်ရည်သန့်စင်မွန်ရည်ပြီး ရိုးသားဖြောင့်မတ်၏၊ ကျန်းမာရေးကောင်း၏၊ ပညာဉာဏ်ပွင့်လင်း၏၊ ကမာဝက်ရွာအထက်တန်းကျောင်း၌ စတုတ္ထတန်းကို အောင်မြင်သည်အထိ ပညာဆည်းပူးပြီးနောက် ရှင်သာမဏေဝတ်၏။ ရှင်သာမဏေဘဝဖြင့် သုံးဝါကြာမျှ ပရိယတ်စာပေနှင့် မွန်စာပေတို့ကို ဆည်းပူးခဲ့၏။

အသက် ၁၅ နှစ်အရွယ်တွင် ရှင်လိင်ပြန်ပြီး ပဉ္စမတန်းတွင် ဆက်လက်ပညာသင်ကြား၏။ ထိုအခါ မိဘများ အသက်ကြီးရင့်လာပြီဖြစ်၍ လယ်ယာလုပ်ငန်းခွင်တွင် မိဘတို့အား ကူညီဖေးမရန် လိုအပ်လာ၏။ မောင်ချစ်ကြည်သည် ကိုယ်ကျိုးကို မငဲ့ကွက်ဘဲ အစ်ကို အစ်မများကို ကျောင်းပညာဆက်လက်သင်စေပြီး မိမိကသာ ကျောင်းမှထွက်၍ လယ်ယာလုပ်ငန်းခွင်တွင် ဝင်ရောက်လုပ်ကိုင်၏။

မောင်ချစ်ကြည်၏ မိဘတို့သည် တံခွန်တိုင်ရွာ မြေနိမ့်ပိုင်း၌ လယ်ကေ ၅၀၊ ကမာဝက်ရွာအနီး၌ရှိသော နိုင်လုံ့ရွာတွင် ၁၁ ကေခွဲနှင့် ကော့တကွန်ရွာတွင် ငါးကေ၊ စုစုပေါင်း လယ်ယာမြေ ၆၆ ကေခွဲကို လုပ်ကိုင်ကြ၏။

အသက် ၁၅ နှစ်အရွယ်သာရှိသေးသော မောင်ချစ်ကြည်သည် လယ်လုပ်ငန်းကို နားလည်လာသည်နှင့်တစ်ပြိုင်နက် မိဘနှစ်ပါးတို့အား အနားပေးကာ လယ်သုံးကွက်စလုံးကို မိမိတစ်ဦးတည်း ဦးဆောင်၍ လုပ်ကိုင်လေတော့၏။ တံခွန်တိုင်မြေနိမ့်ပိုင်းရှိ မောင်ချစ်ကြည်တို့၏ လယ်ကေ ၅၀ မှာ ကန်သင်းရိုးများ မကြာခဏ ပြိုကျပျက်စီးသဖြင့် အမြဲတစေ ပြုပြင်ပေးရ၏။ ဤသို့ ခဲခဲယဉ်းယဉ်း

www.burmeseclassic.com

www.burmeseclassic.com



လယ် ဖိဖိ ကေခွဲကို ငယ်ငယ်ရွယ်ရွယ်သာရှိသေးသည့် မောင်ချစ်ကြည်က ခြောက်နှစ်တိုင်တိုင် အောင်မြင်စွာလုပ်ကိုင်ခဲ့သည်မှာ ဖွဲ့, လုံ့လ, ဝီရိယ, ဖြတ်ထိုးဉာဏ်နှင့် စီမံခန့်ခွဲမှုစွမ်းရည်တို့ မည်မျှထက်မြက်ကြောင်းကို ခန့်မှန်းနိုင်ပေ၏။ ဤစွမ်းရည်သည် ဦးကေတုမာလာ၏ ဒုတိယထူးခြားချက် ဖြစ်၏။

တတိယထူးခြားချက်မှာ အသက် ၂၁ နှစ်အရွယ်ရောက်လာပြီဖြစ်သော်လည်း အခြားသော လူပျိုကာလသားများကဲ့သို့ ပျော်ချင်ပါးချင်စိတ်မရှိဘဲ အိမ်ထောင်ပြုလိုစိတ်လည်း ကင်းစင်လျက် သာသနာ့ဘောင်အတွင်းသို့ ဝင်ရန် စိတ်တိမ်းညွတ်နေခြင်းဖြစ်၏။ မြင့်မြတ်သော ပဗ္ဗဇိတရဟန်းဘဝဖြင့် မိဘနှစ်ပါးတို့အား ကျေးဇူးဆပ်လို၏။

သို့ဖြစ်၍ မိဘတို့ထံ ခွင့်ပန်ကာ ကမာဝက်ရွာ ခြသေ့်ဗုဒ္ဓဝင်ကျောင်းတော်ကြီး၌ ဦးဉာဏဝံသထေရ်ကို ဥပဇ္ဈာယ်ဆရာပြုလျက် အသက် ၂၁–နှစ်၌ပင် မြင့်မြတ်သည့် ရဟန်းဘဝကို ခံယူခဲ့လေ၏။

## ဓုရနှစ်သွယ် ကြိုးစားမယ်

ဦးကေတုမာလာသည် ရဟန်းဘဝဖြင့် ကမာဝက်ရွာခြသေ့်ကျောင်း၌ သုံးဝါ၊ မော်လမြိုင်မြို့နယ် ကတိုးကျေးရွာ မဟာရင်စာသင်တိုက်၌ ခြောက်ဝါ၊ ရန်ကုန်မြို့ ဗဟန်းမြို့နယ် ကျိုက်သီမွန်ကျောင်း၌ တစ်ဝါကျော် စသည်ဖြင့် ပရိယတ်စာပေကို လေ့လာဆည်းပူးခဲ့၏။ သဒ္ဒါ, သင်္ဂြိုဟ်, အဘိဓမ္မာ, ဋီကာကျော်, ဝိနည်းငါးကျမ်းပါဠိတော်, ပါစိတ္တျာဒိ အဋ္ဌကထာ, အင်္ဂုတ္တရပါဠိတော် စသည့်ကျမ်းစာကြီးများကို နှစ်နှစ်ခြိုက်ခြိုက် လေ့လာဆည်းပူးခဲ့ပါသော်လည်း စာမေးပွဲဝင်ရန်မူ ဆန္ဒမရှိချေ။ ရန်ကုန်၌ သီတင်းသုံးစဉ် ကျိုက်သီမွန်ကျောင်းဆရာတော်၏ တိုက်တွန်းမှုကြောင့် ပထမငယ်တန်းကို ဖြေဆိုအောင်မြင်ခဲ့၏။

ဦးကေတုမာလာသည် ဂန္ထဓုရကို ထမ်းရွက်နေစဉ် ဝိပဿနာဓုရဘက်သို့လည်း စိတ်ကိုင်းညွတ်နေ၏၊ သို့အတွက် စာဝါနားချိန်များ၌လည်းကောင်း၊ သီးသန့်ဝါဆို၍လည်းကောင်း၊ မဟာစည်နည်းအတိုင်း တရားညွှန်ပြသောရိပ်သာများ ဖြစ်ကြသည့် သံဖြူဇရပ်မြို့ သာသနာ့ပါလမွန်ရိပ်သာကျောင်းတွင် နှစ်ဝါကျော်၊ မော်လမြိုင်မြို့ မဟာသတိပဋ္ဌာန်ကျောင်းတိုက်တွင် လေးလ၊ မော်လမြိုင်တောင်ဝိုင်း မဟာစည်ရိပ်သာ၌ ရက် ၅၀၊ ထားဝယ်မြို့ ရင်ငေးတောရကျောင်း၌ လေးလ အသီးသီးအားထုတ်ခဲ့၏။

ဦးကေတုမာလာသည် သတိပဋ္ဌာန်နည်းပညာနှင့် ရုပ်နာမ်တို့၏ သဘောမှန်ကို နှိုက်နှိုက်ချွတ်ချွတ်သိမြင်လို၏။ သို့အတွက် အိပ်ချိန်အနည်းငယ်သာ ထား

www.burmeseclassic.com

www.burmeseclassic.com



၍ အရိုးကြေကြေ အရေခန်းခန်း စတုရင်္ဂဝီရိယဖြင့် စွမ်းစွမ်းတမံ တရားအားထုတ်၏။ ငယ်ရွယ်နုပျိုကျန်းမာသန်စွမ်းပြီး စိတ်ဆန္ဒအလွန်ပြင်းပြသဖြင့် ဝေဒနာကို ဘာမထီဘဲ ခြေပြတ်ချင်ပြတ်၊ ခါးပြတ်ချင်ပြတ်၊ ကြောက်ရွံ့နောက်တွန့်ခြင်းမရှိဘဲ စွဲစွဲမြဲမြဲအားထုတ်သဖြင့် ဝေဒနာပေါ်သရွေ့ကို အောင်နိုင်လေ၏။

ဦးကေတုမာလာသည် သံဖြူဇရပ်မြို့ သာသနာ့ပါလရိပ်သာတွင် ရပ်, ထိုင်, လျောင်း, ဣရိယာပုထ် သုံးမျိုး၌ နှစ်နာရီစီကြာအောင် မလှုပ်မရှားဘဲ ငြိမ်သက်စွာ တရားရှုမှတ်နိုင်၏။ ထားဝယ်မြို့ ရင်ငေးတောရကျောင်း၌ ဦးကေတုမာလာ၏ အတွေ့အကြုံမှာ အလွန်စိတ်ဝင်စားဖွယ်ကောင်းသဖြင့် အနည်းငယ် အသေးစိတ် ဖော်ပြပါမည်။

## ထားဝယ် ရင်ငေးရိပ်သာ တရားရှုနည်း

ဆရာတော်**ဦးဣန္ဒိယ**သည် ထားဝယ်မြို့၌ ရင်ငေးရိပ်သာနှစ်ခု ဖွင့်လှစ်ပြီး မဟာစည်နည်းဖြင့်ပင် တရားပြလျက်ရှိ၏။ သို့သော် ဦးဣန္ဒိယ၏နည်းမှာ အလွန်တင်းကျပ်လှ၏။ အစကနဦးတွင် တစ်နေ့လျှင် ခြောက်ကြိမ်၊ သို့မဟုတ် ခုနစ်ကြိမ် တရားထိုင်စေ၍ တစ်ကြိမ်လျှင် တစ်နာရီကြာ ရှုမှတ်စေ၏။ တစ်ကြိမ်ထိုင်ပြီးတိုင်း တစ်နာရီကြာစင်္ကြံလျှောက်၍ ရှုမှတ်ရ၏။

တရားရှုမှတ်နေသည့်အခါ၌ ခြေလက်ကိုယ်နှုတ်ခမ်းစသည်တို့ကို လုံးဝ မလှုပ်ရ၊ ခါးကို မကိုင်းညွတ်ရ၊ တစ်သမတ်တည်း ခါးမတ်တည်နေရန် သတိကြပ်ကြပ်ထားရ၏။ ထိနမိဒ္ဓဝင်၍ ငိုက်မျဉ်းခြင်းမဖြစ်ရန်အတွက်လည်း ဝီရိယအထူးမြှင့်တင်ထားရ၏။ ကျောက်ရုပ်တုကိုယ်တော်ကဲ့သို့ မလှုပ်မရှားဘဲ ရှုမှတ်နေရ၏။

ဤသို့တင်းတင်းကျပ်ကျပ် ထိုင်ရှုမှတ်လျှင် ၁၅ မိနစ်အတွင်း၌ပင် ဝေဒနာပြင်းထန်စွာပေါ်လာ၏။ ဝေဒနာပေါ်လျှင် သည်းညည်းခံ၍ ဝေဒနာကိုကျော်လွန်နိုင်ရန် စူးစိုက်ကာရှုမှတ်ရ၏။ ဝေဒနာကိုကြောက်သဖြင့် ထွက်ပြေး၍မရ။ ထွက်ပြေးပြီးပြန်လာလျှင် ဝေဒနာနှင့်ရင်ဆိုင်ရဦးမည်ဖြစ်သည်။ သို့အတွက် အားမာန်အပြည့်တင်းကာ ရဲရဲဝံ့ဝံ့ သတ္တိရှိရှိဖြင့် နာသည့်နေရာကို စူးစိုက်လျက် ဝေဒနာ တစ်စချင်း တဖျပ်ဖျပ်ပြတ်ထွက်သွားအောင် ရှုမှတ်ပေးရ၏။

ဆရာတော်က တရားစစ်သည့်အခါ၌လည်း အလွန်တင်းကျပ်၏။ ယမန်နေ့က တရားအစစ်ဆေးခံပြီးနောက် ထသွားသည်ကစ၍ ယခုလာရောက်သည့်အချိန်အထိ ၂၄ နာရီအတွင်း မည်သို့ဖြစ်ပျက်၍ မည်သို့ရှုမှတ်ခဲ့သည်တို့ကို အသေးစိတ် လျှောက်ထားရ၏။ မည်သည့်စိတ်ဖြင့် အိပ်ပျော်သွားပြီး နိုးလာသည့်အခါ၌

www.burmeseclassic.com

www.burmeseclassic.com



ဗိုက်ဖောင်းခိုက် နိုးသလား၊ ဗိုက်ပိန်ခိုက် နိုးသလားစသည်တို့ကိုလည်း အနုစိတ်မှတ်သားထားရ၏။

ထို့အပြင် တစ်နေ့လျှင် ခုနစ်ကြိမ်ထိုင်သည့်အနက် မည်သည့်ကိုယ်အစိတ်အပိုင်းမျှမလှုပ်ရှားဘဲ ကျောက်ရုပ်တုကဲ့သို့ငြိမ်သက်စွာထိုင်နိုင်သောအကြိမ်ကို အောင်နိုင်သောအကြိမ်ဟု သတ်မှတ်၏။ ခြေလက်နှုတ်ခမ်းစသည်တို့ကို လှုပ်မိလျှင်ဖြစ်စေ၊ ခါးကိုင်းညွတ်သွားလျှင်ဖြစ်စေ၊ ငိုက်မျဉ်းသွားလျှင်ဖြစ်စေ၊ မအောင်မြင်တော့ဟု သတ်မှတ်၏။ မိမိရှုမှတ်ခဲ့သည်မှာ ဘယ်နှစ်ကြိမ်အောင်ပွဲရခဲ့သည်ကိုလည်း လျှောက်ထားရ၏။

ဦးကေတုမာလာသည် ဆရာတော်ညွှန်ပြသည့်အတိုင်း တိတိကျကျလိုက်နာ၏။ အစပိုင်းတွင် လိုက်နာရန်အလွန်ခက်ခဲလှသဖြင့် ဘယ်လိုနည်းနှင့်မျှ အောင်ပွဲမရနိုင်ဟု ထင်မှတ်ခဲ့မိ၏။ သို့စေကာမူ အရိုးကြေကြေ အရေခန်းခန်း တင်းတင်းကျပ်ကျပ် ရှုမှတ်သည့်အခါ တဖြည်းဖြည်းအောင်မြင်မှုရလာသည်ကို တွေ့ရ၏။ တစ်နေ့ခုနစ်ကြိမ်ထိုင်သည့်အနက် လုံးဝမလှုပ်ရှားဘဲ အောင်မြင်မှုရသည့်အကြိမ်မှာ နှစ်ကြိမ်သုံးကြိမ်ရှိလာ၏။

ဆရာတော်ကလည်း ဦးကေတုမာလာ၏ကြံ့ခိုင်ရဲရင့်သောစိတ်ဓာတ်နှင့် ထက်မြက်သော ဖွဲ့, ဝီရိယတို့ကို ချီးကျူး၍ ဆွမ်းစားလျှင် အနှောင့်အယှက်ကင်းရန် တစ်ဝိုင်းသီးသန့်စီစဉ်ပေး၏။

ရင်ငေးတောရကျောင်း၌ တရားစစ်ဆေးခံချိန်မှအပ ယောဂီများ လုံးဝစကားပြောခွင့်မရ။ စကားပြောမိလျှင် မည်သူမဆို သဲဒဏ်အခေါက် ၂၀ သယ်ထမ်းရ၏။ ထို့အပြင် မျက်စိတို့ကိုလည်း လေးတောင်ထက် ပိုကွာဝေးသောအရပ်သို့ ကြည့်ခွင့်မပြုချေ။

တစ်နာရီကြာသော ဣရိယာပုထ်ကို နိုင်နင်းလာသည့်အခါ တစ်နာရီခွဲကြာသော ဣရိယာပုထ်ဖြင့် တစ်နေ့ငါးကြိမ်ထိုင်၍ ငါးကြိမ်စင်္ကြံလျှောက်ရ၏။ ထို့နောက် နှစ်နာရီကြာသောဣရိယာပုထ်ဖြင့် တစ်နေ့လေးကြိမ်ထိုင်၍ လေးကြိမ်စင်္ကြံလျှောက်ရ၏။ ထိုနောက်တစ်ဖန် သုံးနာရီကြာသော ဣရိယာပုထ်ဖြင့် တစ်နေ့ သုံးကြိမ်ထိုင်၍ သုံးကြိမ်စင်္ကြံလျှောက်ရ၏။

ဦးကေတုမာလာသည် ဆရာတော်ညွှန်ပြသည့်အတိုင်း အောင်မြင်စွာ ရှုမှတ်နိုင်၏။ တင်းတင်းရင်းရင်းရှုမှတ်သည့် အလေ့အကျင့်ဖြစ်လာသောအခါ ဣရိယာပုထ် တိုးမြှင့်၍ရှုမှတ်ရန် ဝန်မလေးတော့ချေ။ ဝေဒနာကိုလည်းကောင်း၊ ကာမစ္ဆန္ဒ, ဗျာပါဒ, ထိနမိဒ္ဓ စသည့် နီဝရဏတရားများကိုလည်းကောင်း ကောင်းစွာအောင်မြင်ထားပြီးဖြစ်၍ ရှုမှတ်လိုက်လျှင် မှတ်သိစိတ်သည် အာရုံ၌နှစ်ဝင်၍ ရှာန်ချမ်း

www.burmeseclassic.com

www.burmeseclassic.com



သာကို ခံစားနေရသည့်အလား အေးငြိမ်းနေ၏။ ကြမ်းပြင်နှင့်ကိုယ် မတွေ့ထိဘဲ လေထဲ၌လွင့်နေသည်ဟူ၍လည်းကောင်း၊ ခန္ဓာကိုယ် လုံးဝပျောက်ကင်းနေသည်ဟူ၍လည်းကောင်း ထူးခြားသောခံစားမှုအမျိုးမျိုးကိုလည်း ကြုံတွေ့ရ၏။

ဆရာတော်က သုံးနာရီကြာသော ဣရိယာပုထ်ဖြင့် ရှုမှတ်စေသော်လည်း ဦးကေတုမာလာသည် ငါးနာရီကျော်ကြာသည့် ဣရိယာပုထ်များဖြင့် ငြိမ်သက်စွာရှုမှတ်နိုင်ခဲ့၏။ နံနက် ၅ နာရီ အရုဏ်ဆွမ်းစားပြီးချိန်မှ ကျောက်တိုင်ကဲ့သို့ ငြိမ်သက်စွာထိုင်၍ရှုမှတ်နေလျှင် နေ့လယ်ဆွမ်းစားရန် သံချောင်းခေါက်သည်အထိ ကြာ၏။ ဆက်လက်ရှုမှတ်ရန် မသင့်လျော်၍ တရားဖြုတ်လိုက်ခြင်း ဖြစ်သည်။ ဆက်လက်ရှုမှတ်ရန် အနည်းငယ်မျှဝန်မလေးချေ။

စင်္ကြံလျှောက်သည့်အခါ၌လည်း ကြွတယ်၊ လှမ်းတယ်၊ ချတယ် ဟူသောအဆင့်တိုင်းကို စူးစူးစိုက်စိုက်ရှုမှတ်နိုင်သဖြင့် ညောင်းညာလေးလံခြင်း လုံးဝမဖြစ်ဘဲ ပေါ့ပါးသွက်လက်ကာ လေထဲတွင် လမ်းလျှောက်နေရသလိုခံစားရ၏။ သုံးနာရီကြာ တစ်စပ်တည်းစင်္ကြံလျှောက်ပြီးသော်လည်း လုံးဝမမောမပန်းဘဲ လန်းဆန်းတက်ကြွကာ ဆက်လက်၍ပင် စင်္ကြံလျှောက်နေချင်သေး၏။ သုံးနာရီကြာ စင်္ကြံလျှောက်ပြီးလျှင် သုံးနာရီကြာ ငြိမ်သက်စွာထိုင်မှတ်ရန် မခဲယဉ်းကြောင်းကိုလည်း ကိုယ်တွေ့သိရှိလာရ၏။ ဣရိယာပုထ်ညီညွတ်မှု၏ အကျိုးကျေးဇူးပင် ဖြစ်သည်။

ဦးကေတုမာလာသည် နံနက်ဆွမ်းစားချိန်ပြီးမှ ထိုင်၍ တရားရှုမှတ်နေသောအခါ ခန္ဓာကိုယ်တစ်ခုလုံးသည် ရေမြှုပ်စိုင်ကဲ့သို့ တဖွားဖွားပြိုကွဲပျက်စီး၍ အမှုန်ကလေးများအဖြစ် လည်ပတ်နေသည်ကို မြင်တွေ့ရ၏။ နေ့ဆွမ်းစားချိန် သံချောင်းတီးသည်အထိ ငါးနာရီကျော် ထိုင်မှတ်နေခဲ့သော်လည်း ခေတ္တခဏကလေးဟုပင် ထင်မိ၏။ မျက်စိကိုဖွင့်၍ ပတ်ဝန်းကျင်ကို ကြည့်လိုက်သည့်အခါ ကြည့်လိုက်သောအရာတိုင်းပင် ရေမြှုပ်စိုင်ကဲ့သို့ ပြိုကွဲပြီး ဝိုင်းကြီးပတ်ပတ်လည်နေသည်ကို မြင်တွေ့ရ၏။

ဦးကေတုမာလာ မူးဝေလာ၏။ ခြေလက်များကို လှုပ်ကြည့်သည်၊ လှုပ်၍မရ။ ထရန် ကြိုးစားကြည့်သည်၊ ထ၍မရ။ ဆွမ်းစားကျောင်းသို့ မသွားနိုင်သည့်အတွက် ဝေယျာဝစ္စကုသိုလ်ရှင် ဒေါ်မြကြည်က လာရောက်ပင့်လျှောက်၏။ စကားမပြောဘဲနေနေကျဖြစ်၍ စကားပြန်မပြောမိ၊ သင်္ခါရတရားတို့ ပြိုကွဲပျက်စီးနေသည့်သဘောကိုသာ ရှုနေမိ၏။ ထို့ကြောင့် ထိုနေ့တွင် ဆွမ်းမဘုဉ်းပေးလိုက်ရချေ။

ဦးကေတုမာလာသည် သင်္ခါရတရားတို့၏ အဖြစ်အပျက်သဘောတို့ကိုမြင်

www.burmeseclassic.com

www.burmeseclassic.com



တွေ့ပြီးနောက် ဝိပဿနာလမ်းဆုံးသည်အထိ စိုက်စိုက်မတ်မတ် ရဲရဲဝံ့ဝံ့ဆက်လက်ကာ လျှောက်သွားရန် မဆုတ်နစ်တော့ချေ။ မဟာစည်နည်းဖြင့် ဝိပဿနာရှုမှတ်ခြင်းသည် အရိယာစခန်းတိုင်အောင် ပို့ဆောင်ပေးနိုင်သည်ဟူ၍လည်း လေးလေးနက်နက် ယုံကြည်မိ၏။

## တော်ကူးဆရာတော်ထံ အမွေခံ

ဦးကေတုမာလာသည် စာဝါနားချိန်များတွင် ဇာတိရပ်ဌာန် ကမာဝက်ရွာသို့ပြန်လာပြီးနောက် တော်ကူးဆရာတော်ထံသို့သွားရောက်ပြီး ဆရာတော်၏ နည်းနာကို ခံယူလေ့ရှိ၏။ ဆရာတော်၏ ကျေးဇူးကြောင့်ပင် ဦးကေတုမာလာသည် ထိုင်သောကြရိယာပုထ်ဖြင့် ၁၀ နာရီခွဲကြာအောင် တစ်စပ်တည်း ကျောက်ရုပ်တုပမာ ငြိမ်သက်စွာရှုမှတ်နိုင်ခဲ့၏။

၁၃၅၀ ပြည့်နှစ် ဒုတိယဝါဆိုလဆန်း ၂၁ ရက်နေ့တွင် တော်ကူးရိပ်သာမှ သံဃာများနှင့် ဒါယကာများ ပင့်ဆောင်ချက်အရ တော်ကူးရိပ်သာသို့ကြွရောက်ပြီး ဩဝါဒါစရိယတာဝန်ကို ထမ်းရွက်၏။

ဦးကေတုမာလာသည် စည်းကမ်းစနစ်ကြီးသည့် ဆရာတော်များထံမှ ပရိယတ်၊ ပဋိပတ်အမွေများကို ရရှိခဲ့သည်နှင့်အညီ တော်ကူးရိပ်သာကြီးကို စည်းကမ်းရှိရှိ စနစ်ကျကျနှင့် တော်ကူးဆရာတော်၏ လမ်းစဉ်အတိုင်း ဆက်လက်ဖွံ့ဖြိုးတိုးတက်သွားအောင် ဆောင်ရွက်ခဲ့ပေ၏။

## ကမ္မဋ္ဌာနာစရိယဆရာတော်များ

**၁။ ဦးနာဝိက၊** သက်တော် ၇၃ နှစ်၊ သိက္ခာတော် ၂၀-ဝါ။

တော်ကူးဆရာတော်ဘုရားကြီး ကျန်းမာသန်စွမ်းရှိနေစဉ်အခါကပင် ဆရာတော်ဘုရား၏ တာဝန်ပေးချက်အရ ဦးနာဝိကသည် လက်ထောက်ကမ္မဋ္ဌာနာစရိယဆရာတော်အဖြစ် တာဝန်ထမ်းဆောင်ခဲ့၏။ ဆရာတော်ဘုရားမကျန်းမာစဉ်အခါနှင့် ပျံလွန်တော်မူသည့်အခါတို့၌ကား ဦးနာဝိကသည် တော်ကူးရိပ်သာ၏ အဓိကတရားညွှန်ပြပေးသူ ကမ္မဋ္ဌာနာစရိယဆရာတော်ဖြစ်လာသည်။

ဝိပဿနာတရားရှုမှတ်ရာတွင် ဦးနာဝိကသည် တော်ကူးဆရာတော်ဘုရား၏ စံချိန်ကို မီအောင်ကြိုးပမ်းအားထုတ်ခဲ့၏။ ထိုင်သောကြရိယာပုထ်ဖြင့် ၃၅ နာရီ၊ မတ်တတ်ရပ်သောကြရိယာပုထ်ဖြင့် ၂၃ နာရီ၊ လျောင်းသောကြရိယာပုထ်ဖြင့် နာရီ ၂၀ စံချိန်တင်ထားနိုင်သူ ဖြစ်၏။

တရားပြသရာတွင်လည်း ဦးနာဝိကသည် တော်ကူးဆရာတော်၏ နည်းနာ

www.burmeseclassic.com

www.burmeseclassic.com



နိဿယကို ထက်ကြပ်မကွာလိုက်နာ၍ စေတနာ, မေတ္တာအပြည့်အဝဖြင့် ညွှန်ကြားပြသပေးသည့်အတွက် အောင်မြင်လျက်ရှိ၏။

ဦးနာဝိက၏လုံ့လဥဿာဟဖြင့် နည်းလမ်းညွှန်ပြပေးခြင်း၊ မေတ္တာစေတနာဖြင့် ကူညီဖေးမ,စောင့်ရှောက်ပေးခြင်းတို့ကြောင့် တော်ကူးရိပ်သာသို့ ရောက်ရှိလာကြသည့် ယောဂီများသည် တော်ကူးဆရာတော်ဘုရားရှိစဉ်အခါကကဲ့သို့ပင် ဣရိယာပုထ်ရှည်ရှည်ထိုင်နိုင်ခြင်း၊ ရောဂါပျောက်ကင်းခြင်းနှင့် ဝိပဿနာဉာဏ်အမြင်ရခြင်းတည်းဟူသော အကျိုးကျေးဇူးများကို ထွားထွားစွင့်စွင့် ပွင့်ပွင့်ကားကားရယူခံစားနိုင်လျက်ရှိကြပေ၏။

## ကိုစွမြားမြောင် လူတို့ဘောင်၌

မုဒုံမြို့နယ် ကမာဝက်ရွာကြီးတွင် လယ်ယာလုပ်ငန်းဖြင့် အသက်မွေး ဝမ်းကျောင်းနေကြသော ဦးလနှင့်ဒေါ်တီတို့တွင် ကောဇာသက္ကရာဇ် ၁၂၈၉ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၁ ရက် စနေနေ့၌ သားတစ်ယောက်ထွန်းကား၏။ သားဦးဖြစ်၍ မိဘတို့က ချစ်စနိုးဖြင့် မောင်တောင်ငွေဟု အမည်ပေးကြ၏။

မောင်တောင်ငွေသည် အသားအရေဖြူစင်၍ ရုပ်ရည်ခန့်ညား၏။ ရိုးရိုးအေးအေးနေတတ်သဖြင့် လူချစ်လူခင်ပေါများ၏။ အရွယ်ရောက်လာသည့်အခါ တစ်ရွာတည်းနေ မအိမ်မေနှင့်အကြောင်းပါ၍ သားသမီးလေးယောက် ထွန်းကား၏။ မိဘရိုးရာဖြစ်သည့် လယ်လုပ်ငန်းဖြင့်ပင် အသက်မွေး၏။

ဦးလ၊ ဒေါ်တီတို့သည် မွန်လူမျိုးတို့၏ ဓလေ့ထုံးတမ်းအရ ရတနာသုံးပါးကို အလွန်ကြည်ညိုလေးစားကြ၏။ သားသမီးများကို ငယ်စဉ်ကတည်းကပင် ကျောင်းကန်ဘုရားများဆီသို့ ခေါ်သွားလေ့ရှိ၏။ သို့အတွက် မောင်တောင်ငွေ၏ နှလုံးသားဝယ် ရတနာသုံးပါးကိုကြည်ညိုသော သဒ္ဓါတရားသည် စောစောစီးစီး ငယ်စဉ်ကတည်းကပင် နေရာယူထားနှင့်၏။

ကိုတောင်ငွေ အသက် ၃၀ ကျော်တွင် တော်ကူးရိပ်သာဖွင့်လှစ်ချိန်နှင့် ကြုံကြိုက်သဖြင့် အမိ ဒေါ်တီ၊ အစ်မ ဒေါ်ငွေလှရင်, အဒေါ်ဖြစ်သူ ဒေါ်စိန်ဟန်တို့နှင့်အတူ တော်ကူးဆရာတော်ထံ သင်္ကြန်ကာလ ခုနစ်ရက်ကြာတရားအားထုတ်ကြ၏။ တော်ကူးဆရာတော်က သစ္စာလေးပါးကို ဤသို့ရှင်းပြ၏။

"ဖြစ်ပျက်သမျှ သင်္ခါရတရားတို့ဟာ ဆင်းရဲခြင်းအမှန်ဖြစ်တဲ့ ဒုက္ခသစ္စာပဲ။

"ရုပ်နာမ်ဖြစ်စဉ်ကို ငါပဲ သူပဲဟုထင်နေတဲ့ တွယ်တာမှုတဏှာက ဆင်းရဲကြောင်းအမှန်ဖြစ်တဲ့ သမုဒယသစ္စာပဲ။

www.burmeseclassic.com

www.burmeseclassic.com



"သမုဒယကိုပယ်သတ်လိုက်ရင် ဆင်းရဲခြင်းအကြောင်းချုပ်ငြိမ်းသွားလို့ ရုပ်နာမ်တို့လဲ ချုပ်ငြိမ်းသွားတယ်၊ အဲဒါ နိရောဓသစ္စာ-နိဗ္ဗာန်ပဲ။

"မဟာသတိပဋ္ဌာန်ဝိပဿနာကျင့်စဉ်ဟာ သမုဒယကိုပယ်သတ်ပြီး ဆင်းရဲချုပ်ငြိမ်းရာ နိဗ္ဗာန်ချမ်းသာသို့ အမှန်ပို့ဆောင်နိုင်တဲ့ လမ်းကောင်းလမ်းမှန် ဖြစ်ခြင်းကြောင့် မဂ္ဂသစ္စာခေါ်တယ်။

"ဒီသစ္စာလေးပါးကိုသိရင် သောတာပန်ဖြစ်ပြီ၊ အပါယ်တံခါးပိတ်ပြီ၊ အမြတ်ဆုံး နိဗ္ဗာန်ချမ်းသာကို မျက်မှောက်ပြုရပြီ၊ ဒီလိုအမြတ်ဆုံးချမ်းသာကို ရဖို့အတွက် ဝိပဿနာတရားကို အားထုတ်တာပါပဲ"

ကိုတောင်ငွေသည် တော်ကူးဆရာတော် ဟောကြားသည့် ဝိပဿနာတရားကို အလွန်သဘောကျနှစ်သက်၏။ ထို့ကြောင့် ဇနီးသားသမီးတို့အား ကျွေးမွေးရန် လယ်ယာလုပ်ငန်းခွင်ဝင်ရင်း ဝိပဿနာရှုကွက်ကို တတ်အားသမျှရှုမှတ်၏။ နောက်နှစ်များတွင် နှစ်စဉ် ၁၀ ရက်မှ ရက် ၃၀ အထိ တော်ကူးရိပ်သာသို့ဝင်၍ တရားအားထုတ်ခဲ့၏။

ထိုကာလအတွင်း မိမိဇာတိရပ်ရွာဖြစ်သော ကမာဝက်ရွာကြီးတွင် ကိုးကွယ်ဆည်းကပ်သူများပြားသည့် ရွာလယ်ခြသေ့ကျောင်းကြီး၌ ဝိပဿနာရှုမှတ်သည့် ဌာနတစ်ခုဖြစ်လာရန်အတွက်လည်းကောင်း၊ ကမ္မဋ္ဌာန်းရှုမှတ်ရာ နှစ်ထပ်တိုက်အဆောင်တစ်ခုဖြစ်လာရန်အတွက်လည်းကောင်း ဦးတောင်ငွေဦးဆောင်၍ အကောင်အထည်ဖော်ပေးနိုင်ခဲ့၏။

ဦးတောင်ငွေသည် ဝီရိယအထူးကောင်းသူတစ်ဦးဖြစ်၏။ လယ်ယာလုပ်ငန်းကိုလည်း မလျှော့၊ အိမ်မှုကိစ္စကိုလည်း မလစ်ဟင်းစေဘဲ ပဋိပတ်သာသနာအတွက် အားကြိုးမာန်တက်ဆောင်ရွက်နေခြင်းဖြစ်၏။

## သံဝေဂတရား လွှန်ချောက်ချား

အသက် ၄၀ ခန့်တွင် မိမိနေအိမ်၌ နှစ်လအရွယ်သမီးလေးကို ပွေ့ချီထားစဉ် ဦးတောင်ငွေသံဝေဂရကာ မျက်ရည်ပေါက်ပေါက်ကျလာ၏။

"ငါ့မှာ သံယောဇဉ်နှောင်ကြိုးတွေ တစ်ချောင်းပြီးတစ်ချောင်း တိုးလာပါပေါ့လား၊ ဒီနှောင်ကြိုးတွေကို ငါမဖြတ်တောက်နိုင်ရင် သံသရာဝဋ်ဆင်းရဲထဲမှာ တပြောင်းပြန်ပြန် ငါကျင်လည်ရဦးမှာပါလား"

အသက် ၅၀ အရွယ်တွင် တစ်ဖန်ဦးတောင်ငွေသံဝေဂဖြစ်မိပြန်သည်။ အချိန်မှန်မှန် မစားသောက်ဘဲ လယ်ယာထဲတွင် တစ်နေကုန်တစ်နေခန်း နှစ်ရှည်လများကြိုးပမ်းလုပ်ကိုင်ခဲ့သော ဦးတောင်ငွေကို ဗိုက်နာလေအောင့်ရောဂါသည် အတော်

www.burmeseclassic.com

www.burmeseclassic.com



ကြာမြင့်စွာ နှိပ်စက်ခဲ့လေပြီ။ ဆော်ဒါကို နိုင်နိုင်ပက်စားပါမှ ခေတ္တမိုက်အောင့် သက်သာသည့်အဆင့်သို့ ရောက်နေပါပြီ။

တစ်ဖန် လေးလံသော လယ်ယာသုံးပစ္စည်းများကို ချီမ,မိ၍ ခါးကျိုးသွားသလိုဖြစ်ပြီး မခံမရပ်နိုင်အောင် ခါးနာခဲ့၏။ အနှိပ်သည်ထံ မပြတ်မလပ်သွားရောက်ပြီး အနှိပ်ခံပါမှ ယာယီသက်သာခွင့်ရသည်။

လယ်ယာလုပ်ငန်းခွင်၌ ခါးနာရောဂါနှင့် မိုက်အောင့်ရောဂါတို့ တွဲဖက်နှိပ်စက်လေသောအခါများတွင် ဦးတောင်ငွေသည် မတ်မတ်လမ်းလျှောက်သွားရန် မစွမ်းနိုင်တော့ဘဲ ကလေးငယ်ပမာ လေးဖက်ထောက်ကာ တွားသွားခဲ့ရ၏။

"သြော်…ငါသည် လူ့ဝတ်ကြောင်ဘဝနဲ့ ကျင်လည်ခဲ့သည်မှာ အသက် ၅၀ ရှိလာပြီ၊ ရောဂါဝေဒနာကလဲ ခါးနဲ့မိုက်ကို ခွစီးပြီး ငါ့ကိုနှိပ်စက်နေတာ ဒီကနေ့ သေမလား၊ မနက်ဖြန်သေမလား မသိ၊ ဝိပဿနာတရားကိုလဲ ငါဖြစ်ဖြစ်မြောက်မြောက် အားမထုတ်ခဲ့ရသေး၊ ငါ့အတွက် အပါယ်တံခါးဟာ မပိတ်သေးဘူး၊ အပါယ်ဆိုတာ သတ္တဝါတွေအဖို့ အလွန်ကြောက်စရာကောင်းတာပဲ၊ ငါချစ်တဲ့ ဇနီးနဲ့သားသမီးတွေကိုရော၊ လယ်ယာမြေနဲ့ ကျွဲနွားတွေကိုရော အကုန်စွန့်ပြီး ရဟန်းဝတ်မှ တော်ရော့မယ်"

ဇနီးသည်ထံချဉ်းကပ်၍ ရဟန်းပြုခွင့်တောင်း၏။ လယ် ၂၅ ဧကကို မိသားစု လုပ်ကိုင်၍ စားသောက်နိုင်ကြောင်း တင်ပြ၏။ ဇနီးသည်က ရော်ဘာခြံတစ်ခြံ ရပါမှ မိသားစုစားဝတ်နေရေး ဖူလုံမည်ဟု အကြောင်းပြ၏။

ဦးတောင်ငွေသည် ဇနီးအလိုကျဖြစ်အောင် သုံးလေးနှစ်မျှ အလုပ်တိုးလုပ်၍ အပင်တစ်ထောင်ရှိသည့် ရော်ဘာခြံတစ်ခြံကို ဝယ်ယူပေးခဲ့၏။ ထိုအတောအတွင်း၌ ခြသော့်ကျောင်းဆရာတော်နှင့် ကမ္မဋ္ဌာန်းဆရာတော် ဦးသုဓမ္မတို့ နာမကျန်း၍ ဆေးရုံတက်ကြရ၏။

"ဆရာတော်တွေဟာ ဝဝဖြိုးဖြိုး ကျန်းမာနေကြရာက ဆေးရုံတက်ကြရသေးတယ်၊ ငါက ရောဂါဖိစီးလို့ လမ်းတောင်ကောင်းကောင်းမလျှောက်နိုင်တဲ့ လူ၊ ဖြန်းခနဲ လဲသေသွားရင် ငါဒီဘဝလူဖြစ်ရှုံးပြီ၊ မဖြစ်ချေဘူး၊ မြန်မြန်ရဟန်းဝတ်ပြီး သတိပဋ္ဌာန်တရားကို အားထုတ်မှပဲ"

ဦးတောင်ငွေသည် ယင်းသို့တွေးမိကာ လယ်တောမှ ရွာသို့တက်လာ၏။ အနှိပ်သည်ထံသွား၍ အနှိပ်ခံ၏။ အိမ်ပြန်လာသည့်အခါ ဇနီးသည်က "ကနေ့ ဘယ်မှာထမင်းစားမလဲ"ဟု မေး၏။

"ဒီကနေ့ ငါဘယ်မှာမှ ထမင်းမစားတော့ဘူး၊ ကျောင်းသွားပြီး ရဟန်းဝတ်တော့မယ်"

www.burmeseclassic.com

www.burmeseclassic.com



ဦးတောင်ငွေသည် ခင်မင်ရင်းနှီးသည့် ဦးပဥ္စင်းထံသွား၍ ရဟန်းဝတ်လိုကြောင်း လျှောက်ထား၏။

"ဟဲ့...တကယ်လား၊ စောစောက ဒကာတစ်ဦး သင်္ကန်းတစ်စုံလာလှူသွားတယ်၊ ရော့...ယူသွား၊ ဆံချပြီး သာမဏေဝတ်ထား၊ နာရီပြန်တစ်ချက်မှာ ပဥ္စင်းတက်ရမယ်"

သို့ဖြစ်၍ ၁၃၄၃ ခု၊ အသက် ၅၄ နှစ်တွင် ဦးတောင်ငွေသည် ဦးနာဝိကဘွဲ့ အမည်ဖြင့် ကမာဝက်ရွာ ခြေသဲ့ကျောင်းသိမ်တော်တွင် ရဟန်းအဖြစ်သို့ ရောက်ရှိလေ၏။

## ယောက်ျားတနည် ဘာမထိ

ရဟန်းဘဝတွင် ခါးနာရောဂါနှင့် ဗိုက်အောင့်ရောဂါတို့က ဆက်လက်နှိပ်စက်နေသဖြင့် တော်ကူးရိပ်သာသို့ ကြွသွားပြီး သတိပဋ္ဌာန်တရားကို ကျားကုတ်ကျားခဲ အားထုတ်လေ၏။

ဦးနာဝိကသည် တော်ကူးဆရာတော်ကဲ့သို့ပင် အလွန်ပင်ပန်းနွမ်းဟိုက်ဖွယ်ကောင်းသည့် လယ်သမားကြီးဘဝကို ဖြတ်ကျော်ခဲ့ရသည့်အပြင် သေလုနီးပါး ပြင်းထန်သည့် ရောဂါများ၏ ဖိစီးနှိပ်စက်ခြင်းဒဏ်ကိုလည်း အလူးအလိမ့်ခံခဲ့ရ၏။ သံဝေဂတရားနှင့် ရဟန်းဘောင်သို့ ကူးဝင်လာသည်နှင့်အညီ တရားစစ်တလင်းတွင် အရှိုးကြေကြေ အရေခန်းခန်း စတုရင်္ဂဝီရိယဖြင့် သဲသဲမဲမဲ အားထုတ်လေ၏။

အပါယ်မှလွတ်မြောက်ရေးဟူသော ဆန္ဒာဓိပတိပေါ်တွင် အားကြီးသော ဝီရိယစိတ်ဓာတ်တို့က လိုက်ပါလာကြသောအခါ ဦးနာဝိကသည် တော်ကူးဆရာတော် ချမှတ်ထားသောလမ်းစဉ်ကို အောင်မြင်ဆောလျင်စွာ လိုက်လျှောက်နိုင်လေတော့၏။ တော်ကူးဆရာတော်ကဲ့သို့ပင် ဣရိယာပုထ်ရှည်ရှည်ဖြင့် စံချိန်တင်၍ တရားရှုမှတ်နိုင်ခဲ့၏။

"ဦးပဥ္စင်းက တယ်ပါရမီထူးတာပဲ၊ ထိုင်ပြီးရှုမှတ်နေတဲ့အခါ သဘော်ကြီးတွေလို မလှုပ်မရှားဘဲ တည်ငြိမ်နေတယ်၊ ယိုင်တာ, တုန်တာ, ခါတာ, ကွေးကောက်တာတွေ ဘာမှမရှိဘူး။ မတ်တတ်ရပ်ပြီး ရှုမှတ်နေတဲ့အခါမှာလဲ ကျောက်တိုင်လိုပဲ တည့်မတ်နေတယ်၊ နည်းနည်းမှ မလှုပ်ဘူး။ လျောင်းပြီးမှတ်နေရင်လဲ သစ်တုံးကြီးချထားသလိုပဲ ငြိမ်နေတော့တယ်"

ဤသို့လျှင် ဦးနာဝိကအား တော်ကူးဆရာတော်ဘုရားက ချီးကျူးတော်မူ၏။

www.burmeseclassic.com

www.burmeseclassic.com



**မေတ္တာခွန် အားမာန်ချို**

ဦးနာဝိကသည် အလွန်ရှည်ကြာသောဣရိယာပုထ်များဖြင့် အဘယ်ကြောင့် တရားရှုမှတ်နိုင်ခဲ့သနည်း။

ဤသို့ ဣရိယာပုထ်တစ်မျိုးစီဖြင့် နာရီပေါင်းများစွာ မလှုပ်မရှား မရွေ့ မပြောင်းဘဲ တရားအားထုတ်နိုင်ခဲ့သည့်အကြောင်းတွင် **ပထမအကြောင်းရပ်မှာ တော်ကူးဆရာတော်ဘုရား၏ မေတ္တာစေတနာကြောင့်ပင် ဖြစ်ပေ၏။**

ဦးနာဝိကသည် တော်ကူးဆရာတော်ဘုရားသိတင်းသုံးသည့် စကြံကျောင်းကလေးပေါ်တွင် ဆရာတော်၏ အနီးအပါး၌ပင် ထိုင်၍လည်းကောင်း မတ်တတ်ရပ်၍လည်းကောင်း လျှောင်း၍လည်းကောင်း တရားရှုမှတ်ခဲ့၏။ သို့ဖြစ်၍ ဆရာတော်ဘုရား၏ စောင့်ရှောက်အားပေးမှုကို အချိန်ပြည့်ရရှိခဲ့၏။ ဦးနာဝိက၏ လုံ့လ တွန့်ဆုတ်မည့်အရိပ်အယောင်ကို မြင်တွေ့လျှင်ပင်...

"ဦးပဉ္ဇင်းစိတ်မလျှော့နဲ့၊ အားတင်းထား၊ မြတ်စွာဘုရားပေးထားတဲ့ တရားလက်နက်က ရောဂါဝေဒနာအားလုံးကို အောင်နိုင်တယ်၊ ပျင်းတယ်၊ တော်ချင်တယ်၊ စိတ်ပျက်တယ်၊ အားငယ်တယ် စတဲ့ ကိလေသာပရိယာယ်တွေကိုလဲ အောင်နိုင်တယ်၊ ရဲရဲသာဆက်မှတ်၊ အောင်ပွဲရလိမ့်မယ်"

စသည်ဖြင့် ဆရာတော်ဘုရားက အားပေးတိုက်တွန်း၏။ ထို့ကြောင့် ဦးနာဝိကသည် လျော့ကျလာသည့် ဇွဲလုံ့လကို အားမာန်တင်းကာ ဆက်လက်ရှုမှတ်နိုင်ခဲ့၏။

**ဒုတိယအကြောင်းရပ်မှာ သည်းခံမှုဟူသည့် ခန္တီတရားဖြစ်၏။** ဝေဒနာပြင်းထန်စွာပေါ်နေသည့်အခိုက်၌ မလှုပ်မရှားဘဲ သည်းညည်းခံနိုင်ရန်မှာ ခန္တီတရားကို ကျင့်သုံးရ၏။ ဤသို့ကျင့်သုံးနိုင်ရန်မှာ ယောနိသောမနသိကာရခေါ် မှန်ကန်သောနှလုံးသွင်းမှု ရှိရ၏။ တစ်ဖန် မှန်ကန်စွာနှလုံးသွင်းတတ်ရန်မှာ ရတနာသုံးပါးနှင့် ဆရာသမားတို့အပေါ်တွင် ယုံကြည်မှုခိုင်မြဲရ၏၊ အပါယ်ကို ကြောက်လန့်သည့် သံဝေဂတရားဖြစ်ထားရ၏၊ တရားသဘောကိုလည်း အသင့်အတင့် နားလည်ထားရ၏။

"နာကျင်ကိုက်ခဲပူလောင်မှုတွေက ရုပ်၊ သိနေတာက နာမ်၊ သူမဟုတ် ငါမဟုတ်၊ အနတ္တတရားသာ ဟုတ်သည်။ သင်္ခတသင်္ခါရာအနိစ္စာ ရုပ်နာမ်သင်္ခါရတရားတို့သည် ဖြစ်ပြီးလျှင် ပျက်စီးသွားရမှာပဲ၊ ဝေဒနာဆိုးတွေကလဲ ဖြစ်ပြီး ပျက်သွားရမှာပဲ၊ အဖြစ်အပျက်ကုန်တဲ့အခါ ငြိမ်းချမ်းမှာ သေချာတာပဲ"

ဤသို့ ဦးနာဝိက နားလည်သဘောပေါက်ထားသဖြင့် ဆင်းရဲသည့်ဝေဒနာဆိုးတို့ကို ကောင်းစွာသည်းခံနိုင်လာ၏။

www.burmeseclassic.com

www.burmeseclassic.com



တော်ကူးဆရာတော်ဘုရားက ရှေ့က ဝေဒနာအမျိုးမျိုးကို သည်းညည်းခံကာ ဣရိယာပုထ်ရှည်ရှည်ဖြင့် သွားပြထားသည့်အတွက်လည်း တပည့်တို့က နောက်မှလိုက်ပါရန် ဝန်မလေးကြတော့ချေ။

**တတိယအကြောင်းရပ်မှာ သမာဓိတရား အားကောင်းလာခြင်း ဖြစ်၏။** ဝေဒနာကို စူးစိုက်၍ရှုမှတ်နေသည့်အခါ သမာဓိဖြစ်နေ၏။ ရှေ့သမာဓိနှင့် နောက်သမာဓိ ဆက်စပ်သွားလျှင် သမာဓိအားကောင်းလာ၏။ သမာဓိအားကောင်းလာသည့်အခါ ကြိမ်စကြာနှင့် တို့လိုက်သလို ဝေဒနာကို စူးစိုက်မှတ်လိုက်သည်နှင့် တစ်ပြိုင်နက် ဝေဒနာပပျောက်သွား၏။ ပျင်းရိသည့်စိတ်, တော်ချင်သည့်စိတ်တို့ ပေါ်လာလျှင်လည်း သတိကပ်၍ ရှုမှတ်လိုက်လျှင် ထိုစိတ်တို့ ကွယ်ပျောက်သွားကြ၏။

**သမာဓိနှင့်အတူ ပီတိ–နှစ်သက်ခြင်း၊ ပဿဒ္ဓိ–ငြိမ်းအေးခြင်း၊ သုခ–ချမ်းသာခြင်း၊ လဟုတာ–ပေါ့ပါးသွက်လက်ခြင်း စသည့် ထူးခြားကောင်းမွန်သည့် တရားများလည်း ယှဉ်တွဲဖြစ်ပေါ်လာကြ၏။ ထိုအခါ ကိုယ်စိတ်နှစ်ဖြာ ကြည်သာ ချမ်းမြေ့စွာနှင့် ရှည်ရှည်ကြာကြာ တရားအားထုတ်သွားနိုင်ပေ၏။**

"အဲဒီအခါ ကြမ်းပြင်ပေါ်မှာ ထိုင်နေရင်လဲ ကြမ်းပြင်နဲ့မထိဘူး၊ ရပ်နေလျှောင်းနေတယ်ဆိုရင်လဲ လေပေါ်လွင့်နေသလို၊ လှေစီးပြီး ရေပေါ်မျောနေသလို၊ ပီတိသုခတွေ အထူးအားကောင်းနေတယ်၊ အဲဒီအခါ တံတွေးထွေးဖို့လဲ မလို၊ ကျင်ကြီးကျင်ငယ်စွန့်ဖို့လဲ မလို၊ အာဟာရမှီဝဲလဲ အရေးမကြီးတော့ဘူး" ဟူသည့် ဦးနာဝိက၏ အတွေ့အကြုံမှာ အားကျစရာကောင်း၏။

**"သမာဓိရှိသောစိတ်သည် ထိုးထွင်း၍ မြင်သိနိုင်၏"** ဟု ဘုရားဟောရှိသည်နှင့်အညီ စိတ်ကြည်လင်စုစည်းနေသည့်အခါ ရုပ်နာမ်တို့၏ သဘောမှန်ကို မြင်သိလာတော့၏။ ကိုယ်တိုင်ကျင့်ကြံ၍ ကိုယ်တိုင်မြင်သိသည့်အခါ ကိုယ်တိုင်အလင်းပေါက်သည့် ဝိပဿနာဉာဏ်ပညာ ပေါ်ပေါက်လာ၏။ ထိုအခါ ယောဂီသည် ပို၍ကျေနပ်အားရပြီး အားသစ်လန်းကာ သတိပဋ္ဌာန်တရားကို အားကြိုးမာန်တက် ဆက်လက်အားထုတ်နိုင်လေတော့၏။

## စိတ်သာရှင်စေ ဘုရားဟော

**သဒ္ဓါ၊ ဝီရိယ၊ သတိ၊ သမာဓိ၊ ပညာတို့နှင့် ထောက်ပံ့ထားသည့်စိတ်သည် အားရှိ၏။ အားရှိသည့်စိတ်သည် ဆင်းရဲဒုက္ခကို သည်းခံနိုင်၏၊ ဖွဲ့ရှိ၏၊ အစက်အခဲကို ကျော်လွှားနိုင်၏။**

www.burmeseclassic.com

www.burmeseclassic.com



စိတ်သည် ပဓာနအကျဆုံး၊ စိတ်တစ်လုံးကို အောင်နိုင်လျှင် အကုန်လုံးကို အောင်၏။ ဦးနာဝိကသည် ဆရာသမားကောင်းကို မှီဝဲရသဖြင့် စိတ်ဓာတ်အား ကောင်း၏။ မိမိဆရာကဲ့သို့ပင် ဝေဒနာဆိုးများကို ရင်ဆိုင်ရန် ဝန်မလေးချေ။

"ဦးပဥ္စင်းတို့က ဆင်းရဲဒုက္ခကို မကြောက်ဘူး၊ ဝေဒနာဆိုး ပေါ်လာရင် အဲဒီဝေဒနာကို မကျော်လွှန်နိုင်ဘဲနဲ့ တရားအားထုတ်မှုကို မရပ်လိုက်ဘူး၊ ဆွမ်းစားချိန်ရောက်လို့ ဆွမ်းမစားရရင် နေပါစေ၊ ကျိန်းစက်ချိန်ရောက်လို့ မကျိန်းစက်ရရင် နေပါစေ၊ ခြေပြတ်, ခါးပြတ်မလောက် ဝေဒနာက ပြင်းထန်ချင်ပြင်းထန်နေပါစေ၊ ဦးပဥ္စင်းမရပ်ဘူး၊ ဝေဒနာကျော်လွှန်ပြီး ငြိမ်းအေးသွားမှ ရပ်တယ်။

"ဦးပဥ္စင်းက ခါးနာရောဂါရှိတော့ တရားရှုမှတ်တဲ့အခါ ခါးပြတ်ထွက်တော့မလောက် ဝေဒနာဆိုးကြီး ပေါ်ပါတယ်၊ ဦးပဥ္စင်း တစ်နာရီပြီးတစ်နာရီ သည်းခံပြီး ရှုမှတ်တယ်၊ ဝေဒနာဆိုးက ပျောက်မသွားဘူး၊ ၁၃ နာရီအထိ မှတ်တယ်၊ မပျောက်သေးဘူး၊ ၁၄ နာရီရောက်တော့ ပပျောက်သွားတယ်၊ နာကျင်ကိုက်ခဲမှုဟာ နှမ်းစေ့တစ်စေ့လောက်မျှ မကျန်ရှိတော့ဘူး၊ တကယ်လို့သာ ၁၃ နာရီမှတ်ပြီးတော့ ဦးပဥ္စင်းရပ်နားလိုက်ရင် ဝေဒနာဆိုးကို မအောင်နိုင်ဘဲ တိုးလိုးတန်းလန်းဖြစ်နေလိမ့်မယ်။

"နောက်တစ်ခါ ဆရာတော်ရဲ့ကျောင်းပေါ်မှာ လျှောင်းစက်တဲ့ ဣရိယာပုထ်ဖြင့် ဦးပဥ္စင်းတရားမှတ်နေတယ်၊ ဦးပဥ္စင်းမှာ ရင်အောင့်ဗိုက်နာရောဂါလဲ ရှိတော့ စမှတ်ခါစရှိသေး၊ ဗိုက်အောင့်, ရင်အောင့်, ဗိုက်ကြောဆွဲပြီး ရင်တင်းကျပ်လာတယ်၊ အသက်ရှုမရအောင်ဖြစ်လာတယ်၊ ကုဋီသွားချင်လွန်းလို့ ထ,ကြည့်တယ်၊ ထလို့မရဘူး၊ ကုန်းကုန်းကွကွနဲ့ လေးဖက်ထောက်သွားပြီး ကလေးငယ်တစ်ယောက်လို ကုဋီတက်ရတယ်။

"ကုဋီတက်ပြီးတော့ တရားမှတ်နေတဲ့ဆီကို ကုန်းကုန်းကွကွနဲ့ပဲ ပြန်လာရတယ်၊ အဲဒီအခါ ဒီလိုစဉ်းစားတယ်၊ အခုငါ့ရောဂါဟာ ဆေးရုံတက်ရမယ့်ရောဂါပဲ၊ ဒီအနားမှာ ဆေးရုံမရှိဘူး၊ ဒီရောဂါဟာ သေနိုင်တဲ့ရောဂါပဲ၊ ငါတရားခွင်မှာသေရင် မြတ်တယ်၊ ဒါကြောင့် သေချင်သေပါစေတော့၊ တရားဆေးနဲ့ပဲ ငါ့ရောဂါကို ကုတော့မယ်လို့"

"ဒါကြောင့် ကုန်းကုန်းကွကွနဲ့ပဲ ပြတင်းပေါက်ပေါင်ကိုကိုင်ပြီး ရောဂါရဲ့ ဝေဒနာကို တင်းတင်းရင်းရင်းရှုမှတ်တယ်၊ နာရီဝက်လောက်ကြာတော့ လေအန်ထွက်လာတယ်၊ တဟော့ဟော့နဲ့ လေတွေကို အများကြီးအန်ထုတ်တယ်။ အတော်ကြာအောင် ဆက်လက်ပြီးရှုမှတ်တော့ လေဖြတ်သလိုဖြစ်ပြီး ဝေဒနာပျောက်

www.burmeseclassic.com

www.burmeseclassic.com



သွားတယ်၊ ဗိုက်အောင့်, ရင်အောင့်, အသက်ရှူကျပ်တာတွေ မရှိတော့ဘူး၊ တရားရှုမှတ်တဲ့အခါ ရောဂါပျောက်တယ်ဆိုတာကို ဦးပဥ္စင်းလုံးလုံးလျားလျား သဘောကျ ယုံကြည်သွားပါပြီ၊ ဒါကြောင့် မဂ်ဖိုလ်ရရေးအတွက်–

**"ကိုယ်နဲ့အသက်၊ မငဲ့ကွက်၊ ရက်စက်နိုင်ရမည်၊**

**လမ်းဆုံးမရောက် လက်မမြှောက်၊ တောက်လျှောက်သွားရမည်"**

လို့ အဓိဋ္ဌာန်ပြုလိုက်ပါတယ်။

"တော်ကူးဆရာတော်ရဲ့ လမ်းစဉ်အတိုင်း ဦးပဥ္စင်းတို့ ဝေဒနာကို သည်းသည်းခံပြီး ဣရိယာပုထ်ရှည်ရှည်နဲ့ တရားရှုမှတ်ခဲ့လို့ ရောဂါတွေအားလုံးပျောက်ပြီး နှစ်ပေါင်းများစွာ ဘာဆေးမှမသောက်ရဘဲနဲ့ ကျန်းမာနေပါတယ်"

ဦးနာဝိကသည် အသားအရေစိုပြည်လျက် မျက်နှာနုပျိုဝင်းဝါလျက် အလွန်ကျန်းမာချမ်းသာနေပေ၏။

## ဆရာနည်းကျ တရားညွှန်ပြ

ဦးနာဝိကသည် တော်ကူးဆရာတော်ထံသို့ ဆရာကျေနပ်သည့်အထိ တရားအားထုတ်ပြီးသည့်နောက် ဆရာထံမှောက်၌ပင် လက်ထောက်တရားပြတာဝန်ကို ထမ်းရွက်ခဲ့ရ၏။

"ဦးပဥ္စင်း...တရားပြဆရာရဲ့အဓိကတာဝန်ဟာ ယောဂီတွေ ဘေးဘယာဝေးကွာပြီး ချမ်းသာစွာတရားရှုမှတ်နိုင်အောင် မေတ္တာဖြန့်ကျက်ပေးထားရမယ်၊ ယောဂီအနီးမှာနေပြီး အရိပ်တကြည့်ကြည့်နဲ့ အချိန်ပြည့်စောင့်ရှောက်ပေးရမယ်၊ ယောဂီလှုပ်ရှားလာပြီး စိတ်ဓာတ်လျော့ကျပုံကိုတွေ့ရင် အားတက်လာအောင် အားပေးချီးမြှောက်ပေးရမယ်၊ ယောဂီက တရားအမှတ်ကောင်းနေလို့ ၁၀ နာရီ, ၁၂ နာရီပေါက်အောင် တရားမှတ်နေတယ်ဆိုရင်လဲ သူတရားဖြုတ်တဲ့အထိ စောင့်ရှောက်ပေးရမယ်။

"ဆရာက အချိန်မလပ် အားပေးချီးမြှောက်တဲ့အတွက် တပည့်တွေက ဝေဒနာဆိုးတွေကို ကျော်လွှားနိုင်ပြီး ဣရိယာပုထ်ရှည်ရှည်ရှုမှတ်နိုင်တယ်။ ချမ်းချမ်းသာသာနဲ့ ဣရိယာပုထ်ရှည်ရှည်ရှုမှတ်နိုင်တဲ့အခါ သမာဓိကောင်းလာတယ်၊ သမာဓိကောင်းလာတော့ ရုပ်,နာမ်အဖြစ်အပျက်ကို ထိုးထွင်းပြီး မြင်သိလာတယ်၊ ရုပ်,နာမ်အဖြစ်အပျက်ကိုမြင်သိနေရင် အနိစ္စ, ဒုက္ခ, အနတ္တလက္ခဏာတွေ ထင်ရှားလာတယ်။ ဒါဟာ ရုပ်နာမ်အဖြစ်အပျက်မှာ ဉာဏ်သက်ဝင်ပြီး ဝိပဿနာဉာဏ်စဉ်တွေ ဖြစ်နေတာပါပဲ၊ ဉာဏ်စဉ်အဆင့်ဆင့်မြင့်တက်သွားရင် နောက်ဆုံးမဂ်ဉာဏ်သို့ဆိုက်ဝင်ပြီး သံသရာဝဋ်ဆင်းရဲမှလွတ်မြောက်နိုင်တော့မှာပေါ့။

www.burmeseclassic.com

www.burmeseclassic.com



သတ္တဝါတွေကို အပါယ်ဘေး, ဝဋ်ဆင်းရဲဘေးမှလွတ်မြောက်အောင် ညွှန်ပြဖေးမ ကူညီပေးရတာ မြတ်စွာဘုရားတို့ကျင့်ကြံတဲ့ အမြတ်ဆုံးလမ်းစဉ်ပါပဲ"

ဆရာဩဝါဒပေးသည့်အတိုင်း ဦးနာဝိကသည် တစ်သဝေမတိမ်း လိုက်နာ၍ တရားညွှန်ပြပေးသည့်အတွက် ဆရာ့နည်းတူပင် အောင်မြင်မှုများရရှိလျက်ရှိပေ၏။ ယောဂီများထံမှလည်း ဦးနာဝိကအား ချီးကျူးကျေးဇူးတင်သည့်စကားများ ပေါ်ထွက်လျက်ရှိ၏။

"အရှင်ဘုရား... အချိန်မလပ်စောင့်ကြပ်ပြီး အားပေးချီးမြှောက်ပေးလို့ တပည့်တော်တို့ ဝေဒနာကို ကျော်လွှန်ပြီး ဣရိယာပုထ်ရှည်ရှည်နဲ့ ရှုမှတ်နိုင်ကြပါတယ်ဘုရား၊ နာကျင်ခံခက်တဲ့ ဝေဒနာများကို မကြောက်တော့ပါဘူး၊ ဒုက္ခကိုလွန်မြောက်ရင် ချမ်းသာသို့ရောက်မယ်ဆိုတာကိုလဲ သံသယမရှိတော့ပါဘူး၊ ရုပ်နာမ်သဘာဝကိုလဲ သိမြင်ခွင့်ရလာတဲ့အတွက် အလွန်တရာကျေးဇူးကြီးမားလှပါတယ်ဘုရား"

"ဒီရိပ်သာက မဂ္ဂင်သဘော်ကြီးတစ်စင်း ထွက်ခွာသွားပြီးတဲ့နောက် မဂ္ဂင်သဘော်ငယ်တစ်စင်း ထွက်ခွာဦးမယ်"ဟု တော်ကူးဆရာတော်မပျံလွန်မီက မိန့်ဆိုခဲ့၏။ ထိုစကားစုသည် တော်ကူးဆရာတော်နှင့် ဦးနာဝိကတို့ကို ရည်ညွှန်းထားခြင်း ဖြစ်လေသလော။

တော်ကူးရိပ်သာသည် ဦးနာဝိက၏ ဆရာ့နည်းကျ တရားညွှန်ပြပေးမှုကြောင့် တော်ကူးဆရာတော်ဘုရားရှိစဉ်အခါကကဲ့သို့ပင် ယောဂီအပေါင်းတို့အား အကျိုးကျေးဇူးအနန္တ ပြုလျက်ရှိပေသည်တကား။

ယခုအခါ ဦးနာဝိကသည် တော်ကူးမဟာသတိပဋ္ဌာန်ရိပ်သာကျောင်း၏ စတုတ္ထမြောက် ကမ္မဋ္ဌာနာစရိယဆရာတော်ဖြစ်နေပါပြီ။ မူလတော်ကူးဆရာတော်၏ နည်းနာနိဿယအတိုင်း ယောဂီများအား တရားပြသ, စောင့်ရှောက်, ချီးမြှောက်ပေးသဖြင့် တော်ကူးရိပ်သာသည် ပို၍စည်ပင်ဝပြောတိုးတက်လာပါသည်။ ရောဂါပျောက်ကင်းသူ, တရားထူးသိမြင်သူများလည်း များစွာပေါ်ပေါက်လာခဲ့သည်။

၂။ **ဦးခေမ္မစာရ၊** သက်တော် ၈၂ နှစ်၊ သိက္ခာတော် ၁၈-ဝါ။

တော်ကူးဆရာတော်ဘုရား သုံးနှစ်တာနာမကျန်းဖြစ်နေစဉ်ကာလ၌ ဆရာတော်ထံပါးတွင် အချိန်ပြည့်နေထိုင်ကာ ဝတ်ကြီးဝတ်ငယ်လိုလေသေးမရှိအောင် ကြည်ကြည်ဖြူဖြူ စိတ်ရှည်လက်ရှည် ကျေကျေပွန်ပွန် ပြုစုစောင့်ရှောက်ပေးသူမှာ ဦးခေမ္မစာရဖြစ်၏။

www.burmeseclassic.com

www.burmeseclassic.com



ဦးဓမ္မစာရသည် ဆရာတော်အား အနီးကပ်ပြုစုစောင့်ရှောက်ပေးရုံသာမက လုပ်ငန်းကိစ္စအဝဝကိုလည်း ဆရာတော်ကိုယ်စား ဆောင်ရွက်ပေးရသူဖြစ်၏၊ ယောဂီသစ်များက တော်ကူးဆရာတော်ဘုရားအား လာရောက်ကန်တော့ကြသည့်အခါ ဆရာတော်က ဆုပေး၏။ ထို့နောက် ဆရာတော်ကိုယ်စား ဦးဓမ္မစာရက သီလပေး၍ အလုပ်ပေးတရားကို ဟောကြားရှင်းလင်းပြရ၏။ ယောဂီသစ်များကို ဆရာတော်၏ကျောင်းပေါ်၌ပင် တရားရှုမှတ်စေပြီး ဦးဓမ္မစာရက စောင့်ရှောက်၍ နည်းညွှန်ပြပေးရ၏။ ဣရိယာပုထ်တစ်မျိုးမျိုးဖြင့် သုံးနာရီကြာရှုမှတ်နိုင်လာသောအခါ ဓမ္မာရုံသို့ပို့ဆောင်ပြီး ဦးနာဝိကထံမှောက်၌ တရားဆက်လက်ရှုမှတ်စေ၏။

တစ်ခါတစ်ရံတွင် ဦးနာဝိကသည် ကမာဝက်ရွာခြသေ့ကျောင်းသို့သွား၍ ကမ္မဋ္ဌာန်းရှုမှတ်နည်းကိုပြသပေးရ၏။ ထိုအခါမျိုးတွင် ဦးဓမ္မစာရသည် ဆရာတော်ကျောင်းပေါ်ရှိ ယောဂီများကိုသာမက ဓမ္မာရုံ၌ တရားမှတ်နေကြသော ယောဂီများကိုပါ တရားပြသပေးရ၏။

## နောက်ခံဘဝဇာတ်လမ်း

ဦးဓမ္မစာရ၏ ငယ်နာမည်မှာ မောင်ပွကြီးဖြစ်၏။ ၁၂၈၁ ခု၊ ကဆုန်လဆုတ် ၁၁ ရက်၊ နံနက် ၃ နာရီ၊ စနေနေ့တွင် မွေးဖွားခဲ့ပြီး ကလေးဘဝကပင် ဖြူဖြူဝဝချစ်စဖွယ်ရှိ၍ မောင်ပွကြီးဟု အမည်တွင်ခဲ့ခြင်းဖြစ်၏။ ကြီးလာသောအခါ၌ မောင်ထွန်းမြင့်အမည်သို့ ပြောင်းခဲ့၏။ မိဘနှစ်ပါးမှာ ဦးလွင်၊ ဒေါ်ငွေဇင်တို့ဖြစ်ကြ၏။ ဖခင်သည် ရန်ကုန် စိန်ပေါ်ကျောင်းဆရာ ဖြစ်၏။

မောင်ထွန်းမြင့်သည် အဋ္ဌမတန်းအထိ ပညာဆည်းပူးခဲ့၏။ ဒုတိယကမ္ဘာစစ်ပြီး၍ အင်္ဂလိပ်ပြန်ဝင်လာသောအခါ အသက် ၂၅ နှစ်ရှိပြီဖြစ်သော ကိုထွန်းမြင့်သည် Reserved Bank ဘဏ်တိုက်၌ ငွေလဲလှယ်ရေးဌာန၏ ကြီးကြပ်ရေးမှူးအဖြစ် တာဝန်ထမ်းရွက်၏။ ထို့နောက် စတီးဘရားသားကုမ္ပဏီ၌ လမ်းရှာသတ္တုတွင်းဆိုင်ရာ စာရင်းကိုင်အဖြစ် ထမ်းရွက်၏၊ ထိုမှတစ်ဖန် မြန်မာ့လေကြောင်းဌာန (ယူ–ဘီ–အေ)၏ လက်ထောက်ပို့ဆောင်ရေးအရာရှိအဖြစ် ထမ်းရွက်၍ ပြည်တွင်းပြည်ပ အရောင်းဌာန၏ ငွေစာရင်းများကို ကြီးကြပ်ရ၏။

အသက် ၅၃ နှစ်ခန့်တွင် အလုပ်မှအနားယူပြီး သမထအလုပ်များကို လေးနှစ်ကြာ သဲသဲမဲမဲ အားထုတ်၏။ ပုပ္ပားတောင်၊ တိုက်ကြီးမှန်ပြတောင်၊ ဥဒိုရွာလေး ဇောခိမြေ၊ ပဲခူးမြို့ ဒေးစွန်ပါဘုရားနှင့် ရွှေသာလျောင်းဘုရား၊ တွံတေး ရွှေဆံတော်ဘုရား၊ ရန်ကုန် ကန်ဘဲ့ ၃–လမ်းအတွင်းရှိ မိုးအေးရိပ်သာနှင့် ဘုရားအဆူ

www.burmeseclassic.com

www.burmeseclassic.com



ဆူတို့၌ အမိဋ္ဌာန်ဝင်ခဲ့၏။ ဂုဏ်တော်ပုတီးစိပ်၍လည်းကောင်း၊ အာနာပါနသတိကို စီးဖြန်း၍လည်းကောင်း အားထုတ်ခဲ့၏။

## သမထမှ ဝိပဿနာသို့

သမာဓိရင့်လာသည့်အခါ အကြားအမြင်ရလာသဖြင့် ရင်းနှီးသည့်မိတ်ဆွေများက စီးပွားရေး၊ လူမှုရေးကိစ္စများ မေးမြန်းလာကြသည်ကို မှန်ကန်စွာ ပြောကြားပေးနိုင်၏။ မိမိထံသို့ ယနေ့မည်သူလာမည်၊ မည်သည့်စကားများကို ပြောကြားမည် စသည်တို့ကိုလည်း ကြိုတင်သိရှိနေ၏။ မိတ်သင်္ဂဟများမှအစပြု၍ မေးမြန်းသူ တဖြည်းဖြည်းများလာ၏။

ထိုအခါ "လာဘ်လာဘကို မျှော်ကိုး၍ သမထအလုပ်ကို ငါလုပ်ခဲ့ခြင်းမဟုတ်၊ သမထတန်ခိုးသတ္တိကို အမှန်သိလို၍ ငါအားထုတ်ခဲ့၏။ ယခုဤတန်ခိုးသတ္တိကို ငါသိရုံမျှမက သမထအလုပ်သည် သံသရာလည်စေသောအလုပ်သာဖြစ်ကြောင်းကိုလဲ ငါသိပြီ။ သံသရာမှလွတ်မြောက်စေသည့် အပြတ်လမ်းစဉ်ကို ငါလိုက်မှ တော်မည်"ဟု ဆင်ခြင်စဉ်းစားမိလာ၏။ ထို့ကြောင့် သမထအလုပ်ကိုစွန့်၍ ဝိပဿနာအလုပ်ဘက်သို့ ဦးလှည့်လိုက်၏။

၁၉၈၁ ခုနှစ်တွင် ညီအစ်ကိုတစ်ဝမ်းကွဲတော်သူ ဦးသာဇံ နေထိုင်ရာ သံဖြူဇရပ်မြို့သို့ ထွက်လာ၏။ သကြင်္န်အကြိုနေ့၌ ဦးသာဇံ၏ဇနီး ဒေါ်သန်းမြင့်က "တော်ကူးဆရာတော်ထံသွားမည်၊ လိုက်ခဲ့ပါ"ဟုခေါ်သဖြင့် တော်ကူးရိပ်သာသို့ ရောက်လာ၏။ တော်ကူးဆရာတော်ညွှန်ကြားသောနည်းဖြင့် ပထမအကြိမ် ၁၁ ရက် အားထုတ်လိုက်ရ၏။ နောက် ဒုတိယအကြိမ်၌ ၁၃ ရက်၊ တတိယအကြိမ်၌ ၁၈ ရက်၊ စတုတ္ထအကြိမ်၌ သုံးလကြာအားထုတ်ခဲ့၏။ ထိုင်သောဣရိယာပုထ်ဖြင့် ၁၂ နာရီ၊ မတ်တတ်ရပ်သော ဣရိယာပုထ်ဖြင့် ၂၀ နာရီ၊ လျှောင်းသည့် ဣရိယာပုထ်ဖြင့် ခြောက်နာရီရှုမှတ်နိုင်လာ၏။

သာသနာ့ဘောင်အတွင်းသို့ ဝင်ရောက်ရန် စိတ်အားသန်လာသဖြင့် ၁၉၈၃ ခုနှစ်တွင် ဇနီးဒေါ်ရီရီ(အငြိမ်းစားငွေစာရင်းအရာရှိ)၊ သားမောင်ရဲထွန်း(ဘူမိဗေဒသတ္တုရှာဖွေရေးအရာရှိ)၊ ချွေးမနှင့် မြေးနှစ်ဦးတို့အား ခွင့်ပန်နှုတ်ဆက်ပြီးနောက် တော်ကူးဆရာတော်ထံ၌ ရဟန်းခံရန် ထွက်လာ၏။ လမ်းခရီးတွင် ညီဝမ်းကွဲတော်သူ ဦးစိုးတင့်က အတင်းဖိတ်ခေါ်သဖြင့် မြိတ်မြို့သို့ လိုက်ပါသွားရပြီး ဦးစိုးတင့်တို့ကပင် ပစ္စည်းလေးပါးဒါယကာပြုသဖြင့် မြိတ်မြို့ဘုရားငါးဆူကျောင်းတိုက် ဆရာတော်ဦးပညာဇောတအား ဥပဇ္ဈာယ်ပြု၍ ရဟန်းအဖြစ်ကို

www.burmeseclassic.com

www.burmeseclassic.com



ခံယူခဲ့ရ၏။ ထိုကျောင်းတိုက်၌ ၄၅ ရက်ကြာ သီတင်းသုံးပြီးလျှင် ရန်ကုန်မြို့မှ တစ်ဆင့် တော်ကူးရိပ်သာသို့ ကြွလာခဲ့၏။

ထိုအချိန်၌ တော်ကူးဆရာတော်မှာ ကျန်းမာသန်စွမ်းလျက်ရှိ၏။ ဆရာတော်အား ဝတ်ကြီးဝတ်ငယ်ပြုရင်း ဆရာတော်နည်းတူ ဣရိယာပုထ်အလုံးစုံ၌ ၂၄ နာရီကြာ ရှုမှတ်နိုင်ရန် အားထုတ်၏။ သို့သော် အားထုတ်ဆဲ၌ ဆရာတော်မကျန်းမာလာ၍ ဆရာတော်အား အချိန်ပြည့်ပြုစုရန်လိုအပ်လာသည့်အတွက် မတ်တတ်ရပ်သည့် ဣရိယာပုထ်တစ်မျိုး၌သာ ၂၄ နာရီပေါက်ရောက်နိုင်ခဲ့၏။

တော်ကူးဆရာတော် ပျံလွန်ပြီးသောအခါ၌ "ဤရိပ်သာသည် တော်ကူးဆရာတော်ရှိစဉ်ကအတိုင်း ဆက်လက်တည်တံ့၍ မဆုတ်ယုတ်စေရဘူး" ဟူသော အာသီသဖြင့် တော်ကူးရိပ်သာ၌ ဆက်လက်သီတင်းသုံးလျက် ကိုယ်တိုင်လည်း တရားအားထုတ်၍ ယောဂီများအားလည်း တရားပြကာ ဝေယျာဝစ္စအမှုများကိုလည်း ဆရာတော်ရှိစဉ်ကအတိုင်း ဆက်လက်ဆောင်ရွက်၏။

**၃။ ဦးနာဂိန္ဒ၊** သက်တော် ၄၆ နှစ်၊ သိက္ခာတော် ၁၆–၀၊။

တရားအားထုတ်ရာတွင် တော်ကူးဆရာတော်၏ ချီးကျူးခြင်းကို ခံရပြီး လက်ထောက်ကမ္မဋ္ဌာနာစရိယအဖြစ် ထမ်းရွက်ခွင့်ရသူ ပုဂ္ဂိုလ်ငယ်တစ်ဦးမှာ ဦးနာဂိန္ဒဖြစ်၏။

လူဝတ်ကြောင်ဘဝက အိမ်ထောင်ကျခဲ့ပြီး သားသမီးလေးယောက်ရခဲ့၏။ မုဒုံမြို့ ကျိုက်ကာရွာတွင် မိခင်နှင့်အတူနေထိုင်ပြီး မိဘလယ်ယာကို လုပ်ကိုင်ခဲ့၏။ မူလက ကျန်းမာသန်စွမ်းသူဖြစ်သော်လည်း လယ်ယာလုပ်ငန်းခွင်တွင် အချိန်မှန်မှန် မစားသောက်ရသည့်အတွက် လေအောင့်ဗိုက်နာဖြစ်လာ၏။ လေရောဂါဟု ခေါ်ကြ၏။ ထို့နောက် အစာအိမ်ရောဂါဖြစ်လာပြီး အစားစား၍မရတော့။ စားသမျှအန်ထုတ်၏။ မုဒုံဆေးရုံသို့တက်၍ ခြောက်လကြာဆေးအကုသ ခံခဲ့၏။

ရောဂါသက်သာလာသော်လည်း မပျောက်ကင်းချေ။ အိမ်ရောက်သော် တပိန်ပိန် တလိမ်လိမ်နှင့် အိပ်မပျော်စားမဝင်ဖြစ်လာပြန်၏။ ပင်ကိုဆူဖြိုးခန့်ညားသည့် ရုပ်အသွင်သည် ကွယ်ပျောက်သွားပြီး စာခြောက်ရုပ်အသွင် ပေါက်လာ၏။ ကောင်းနိုးရာရာ မြန်မာ့ဆေးဝါးများကို မှီဝဲပါသော်လည်း သက်သာတစ်လှည့် ဖျားနာတစ်လှည့်ဖြစ်နေ၏။

အိမ်တွင် လူပိုလူနာတစ်ဦးအဖြစ် ကြာရှည်စွာနေ၍မရ။ မိုးရာသီတွင် လယ်တောသို့ဆင်းပြီး မိဘလယ်ယာကို ကြိုးကြပ်လုပ်ကိုင်ရ၏။ အစာက ကြမ်း၊ အလုပ်

www.burmeseclassic.com

www.burmeseclassic.com



က ပင်ပန်းသည့်အတွက် အစာအိမ်ရောဂါပြန်ထကာ လယ်တော၌ သုံးကြိမ်တိုင်တိုင် သေလုမျောပါးဖြစ်ခဲ့ရ၏။ အရေးပေါ်အခြေအနေဖြစ်၍ ဆွေမျိုးမိတ်သင်္ဂဟများပင် စုဝေးလာကြရ၏။ လေးလ ငါးလခန့် ဆေးကုသခြင်းကို ခံယူရပြန်၏။

## သေလောက်သည့်ဝေဒနာကို ကျော်လွှားသော ရိပ်သာ

မရဏာသေမင်းနှင့် သုံးကြိမ်တိုင်တိုင် အလွန်နီးကပ်စွာ ရင်ဆိုင်ခဲ့ရသည်ကို အလွန်တရာ ထိတ်လန့်သွားပြီး ပြင်းစွာသံဝေဂရလေ၏။ ပင်ကိုက ရတနာသုံးပါး ကိုင်းရှိုင်းသူဖြစ်သည်နှင့်အညီ ဝိပဿနာတရားရှုမှတ်ခြင်းကို သန်လျင်တောရနည်းဖြင့် ငါးနှစ်ခန့် ပြောက်ကျားပြောက်ကျား အားထုတ်ခဲ့ဖူး၏။ သို့သော် သေလုနီးပါးပြင်းထန်သော ရောဂါဝေဒနာကို သည်းခံနိုင်စွမ်းမရှိသေးချေ။ သို့အတွက် ကျန်းမာလာလျှင် ဝေဒနာဆိုးများကိုကျော်လွှားနိုင်အောင် တရားပြသပေးနိုင်သည့်ရိပ်သာသို့သွား၍ တရားအားထုတ်မည်ဟု ကြံရွယ်ထားလိုက်၏။

ကျိုက်ကာရွာနှင့် တော်ကူးရွာတို့သည် သူကြီးတစ်ပိုင်တည်းတွင် ပါဝင်ကြသဖြင့် တော်ကူးဆရာတော်၏ဂုဏ်သတင်းသည် ကျိုက်ကာရွာသို့ချဉ်းနင်းရောက်ရှိလာ၏။ ဦးနာဂိန္ဒလောင်းလျာသည် အနည်းငယ်နေကောင်းလာလျှင်ပင် တော်ကူးဆရာတော်၏ထံမှောက်သို့ ရောက်လာ၏။ ဆရာတော်၏ခြေရင်းတွင်ပင် ဆရာတော်ညွှန်ပြသည့် သတိပဋ္ဌာန်ကျင့်စဉ်ကို ပြင်းပြင်းထန်ထန်အားထုတ်လေ၏။

၁၀ ရက်ခန့်ကြာလျှင်ပင် တရားတန်ခိုး ထင်ပေါ်လာ၏။ တရားရှုမှတ်နေချိန်တွင် "ဟော့...ဟော့"ဟူ၍ လေအန်လေတော့၏။ လေအမြောက်အမြား အန်ပြီးသောအခါ ရောဂါသက်သာလာ၏။ ရောဂါသက်သာလာသည်နှင့်တစ်ပြိုင်နက် မိသားစုစားဝတ်နေရေးကို ငဲ့ကွက်၍ တရားမှထွက်ပြီး လယ်လုပ်ပြန်၏။ မကြာမီ ရောဂါပြန်ထပြီး ယခင်ထက်ပိုဆိုးလာ၏။ တော်ကူးရိပ်သာသို့ ခြေဦးလှည့်ရပြန်၏။

တော်ကူးရိပ်သာသို့ ပထမအကြိမ်လာရောက်စဉ်က ရောဂါပျောက်ရေးကို အဓိကထား၏။ ဒုတိယအကြိမ်၌ကား ရောဂါပျောက်ရေးကိုသာမက တရားသဘောသိမြင်ရေးကိုပါ ဦးတည်ထားလိုက်၏။ ပထမလူဝတ်ကြောင်အနေဖြင့် ၁၅ ရက် တရားအားထုတ်၏။ ထို့နောက် သာမဏေဘဝနှင့် ရဟန်းဘဝသို့ အဆင့်ဆင့်တက်လှမ်းပြီး ရှစ်လကြာ စွဲစွဲမြဲမြဲအားထုတ်၏။

ဤကာလအတွင်း၌ ထိုင်သောဣရိယာပုထ်ဖြင့် ခြောက်နာရီ၊ ရပ်သောဣရိယာပုထ်ဖြင့် ရှစ်နာရီ၊ လျှောင်းသောဣရိယာပုထ်ဖြင့် သုံးနာရီစသည်ဖြင့် တရား

www.burmeseclassic.com

www.burmeseclassic.com



ရှုမှတ်ခဲ့၏။ အိပ်ချိန်မှအပ နိုးသည့်ကာလ၌ တစ်စပ်တည်းကျအောင် တရားအားထုတ်ခဲ့၏။ ပထမ လေးလကျော်ကာလ၌ တရားရှုမှတ်စဉ် 'တဟော့...ဟော့' နှင့် တစ်နေ့ကုန် လေအန်ထွက်လေ၏။ ငါးလအတွင်းသို့ရောက်သောအခါမှ လေအန်ခြင်းပျောက်သွားပြီး ဗိုက်နာလေအောင့်သည့်ရောဂါသည်လည်း ပျောက်ကင်းသလောက် ဖြစ်လာ၏။

တော်ကူးဆရာတော်၏ ကျေးဇူး၊ တရားတော်တို့၏ ကျေးဇူးတို့ကို ပေးဆပ်သည့်အနေဖြင့် ဦးနာဂိန္ဒသည် တော်ကူးရိပ်သာ၌ သီတင်းသုံးလျက် ဆက်လက်အားထုတ်ရင်း ယောဂီများကို တရားကူပြပေး၏။ အသံကောင်း၍ အပြောအဆိုရှင်းလင်းပြတ်သားပြီး မေတ္တာစေတနာဖြင့် တော်ကူးဆရာတော်နည်းအတိုင်း တရားပြပေးနိုင်ခြင်းကြောင့်လည်းကောင်း၊ ယောဂီတို့စိတ်ဓာတ်တက်ကြွအောင် အားပေးအားမြှောက်ပြုပေးနိုင်ခြင်းကြောင့်လည်းကောင်း ယောဂီများ အလွန်နှစ်သက်ချီးကျူးကြ၏။

## တရားတန်ခိုးကြောင့် ပြည့်ဖြိုးကျန်းမာ

ဦးနာဂိန္ဒသည် တော်ကူးရိပ်သာသို့ စရောက်စဉ်ကကဲ့သို့ အရိုးပေါ် အရေတင် စာခြောက်ရုပ်အသွင်ဖြင့် မဟုတ်တော့။ သွေးသားများ ပြည့်ဖြိုးရှန်းဝေကာ တကာယ့်ကျန်းမာရေးကောင်းလျက် ခန့်ညားသည့်ဥပမိအသွင်ဖြင့် ဖြစ်နေပေပြီ။ ဦးနာဂိန္ဒနှင့် ဦးနာဝိကတို့သည် သတိပဋ္ဌာန်တရား၏ အစွမ်းသတ္တိဖြင့် သေလုမျောပါးရောဂါများမှ နာလန်ထူကာ သက်ရှင်ကျန်းမာ ရွှင်လန်းချမ်းမြေ့စွာရှိနေကြသော စံပြသာဓကကြီးများ ဖြစ်ကြပေသတည်း။

ယခုအခါ ဦးနာဂိန္ဒသည် တော်ကူးရွာအရှေ့ဘက်တောင်ခြေတောထဲ၌ ရိပ်သာကျောင်း သီးသန့်ထူထောင်ပြီးလျှင် မူလ **တော်ကူးဆရာတော်**၏ နည်းနာနိဿယအတိုင်း ယောဂီများအား တရားပြသ, စောင့်ရှောက်, ချီးမြှောက်ပေးနေပါ၏။

၅။ **ဦးဇနဝ၊** သက်တော် ၄၇ နှစ်၊ သိက္ခာတော် ၁၅-ဝါ။

တက္ကသိုလ်ဘွဲ့ရ လူငယ်တစ်ဦးက သာသနာ့ဘောင်သို့ ဝင်ရောက်ကာ သမထဝိပဿနာတွင် ထွန်းထွန်းပေါက်ပေါက်ဖြစ်နိုင်ရေးအတွက် သက်စွန့်ကြိုးပမ်းအားထုတ်ခဲ့သဖြင့် တော်ကူးဆရာတော်ဘုရား၏ ချီးကျူးခြင်း၊ သာဓုခေါ်ခြင်းကို ခံယူခဲ့ရသူမှာ ဦးဇဝနဖြစ်၏။

ဦးဇဝနသည် တော်ကူးရိပ်သာသို့ ကြွမလာမီအချိန်တွင် လယ်ဝေးမြို့နယ်

www.burmeseclassic.com

www.burmeseclassic.com



စမတောင်၌ သီတင်းသုံး၍ သမထဝိပဿနာအလုပ်ကို ငါးလတိုင်တိုင် ဝီရိယစိတ် အဓိဋ္ဌာန်လျက် ပြင်းပြင်းထန်ထန် အားထုတ်ခဲ့၏။ အနာဂါမ်ဆရာသက်ကြီး၏ နည်းအတိုင်း အားထုတ်၍ ထွက်လေဝင်လေချုပ်ကာ ခန္ဓာကိုယ်ပျောက်လျက် ဦးခေါင်းအရေခွံ လှုပ်စိလှုပ်စိဖြစ်နေသည့် ခံစားချက်များကို ကြုံတွေ့ခဲ့ရ၏။

ဦးဇဝနသည် တော်ကူးဆရာတော် မပျံလွန်မီ လေးလကျော်အလို ၃–၁၂–၈၆ နေ့တွင် တော်ကူးရိပ်သာသို့ ရောက်လာ၏။

"ကိုယ်တော် ဘယ်မှာသီတင်းသုံးသလဲ"

တော်ကူးဆရာတော်က ဦးဇဝနအား အာလာပသလ္လာပစကား မြွက်ကြား ၏။

"မန္တလေးတိုင်း၊ လယ်ဝေးမြို့နယ်၊ စမတောင်မှာပါ ဘုရား"

"အားပါး...အဝေးကြီးပဲ၊ ကောင်းတယ်လေ၊ ဘုန်းကြီးဆီက အမွေယူသွား ပေါ့၊ ကိုယ်တော် သိမ်ကျောင်းမှာ ဦးနာဝိကတို့နဲ့အတူတူ သီတင်းသုံးနော်"

ဦးဇဝနသည် မိမိအသုံးအဆောင်များကို နေရာချပြီးနောက် ဆရာတော်ထံ ကမ္မဋ္ဌာန်းတောင်း၏။ ဆရာတော်ညွှန်ပြသည့်အတိုင်း ဆရာတော်ကျောင်းပေါ်၌ ပြတင်းပေါက်အနီးတွင် မတ်တတ်ရပ်လျက် နေ့ ၁၂ နာရီခန့်အချိန်မှစ၍ တရား ရှုမှတ်ရာ ညဉ့် ၇ နာရီတွင်မှ ရပ်နား၏။

"အားပါး...ဒီကိုယ်တော် ဖွဲ့ကောင်းတယ်ဟေ့"ဟု ဆရာတော်ချီးကျူး၏။

နောက်နေ့နံနက်တွင် ဘုရားဝတ်ပြုပြီးနောက် နံနက် ၅ နာရီ ၁၅ မိနစ်မှ နံနက် ၆ နာရီကျော်ကျော်အထိ ဆွမ်းခံထွက်၏။ ဆွမ်းခံခရီးမှာ ခြေလှမ်း ၅၀၀၀ ခန့်ရှိပြီး ဆွမ်းလောင်းသူဦးရေမှာ ၇၀ ကျော်ရှိသည်ဟု ဦးဇဝနမှတ်သားနိုင်ခဲ့၏။

ခေတ္တနားပြီးနောက် နံနက် ၇ နာရီမှ ၁၀ နာရီခွဲအထိ တစ်ကြိမ်၊ ဆွမ်းဘုဉ်း ပေးပြီးနောက် နေ့ခင်း ၁၂ နာရီမှ ညဉ့် ၇ နာရီ၊ ၈ နာရီအထိ တစ်ကြိမ်၊ ဆရာတော် ကျောင်းပေါ်၌ မတ်တတ်ရပ်၍လည်းကောင်း၊ လျောင်း၍လည်းကောင်း ဦးဇဝန ပုံမှန်တရားရှုမှတ်သွား၏။ မကြာမီပင် ဝေဒနာကို သည်းညည်းခံကျော်လွှားနိုင် ပြီး ဣရိယာပုထ်နိုင်လာသဖြင့် ၁၂ – ၁၅ နာရီကြာအောင် တစ်စပ်တည်းရှုမှတ်နိုင် လာ၏။

၅–၁–၈၇ ရက် ညဉ့်တွင် ထူးဆန်းသောအဖြစ်တစ်ခုကို ကြုံတွေ့ရ၏။ ဦး ဇဝနသည် တော်ကူးဆရာတော်အား အလွန်ကြည်ညိုပြီး အလွန်ခင်မင်ရင်းနှီး လာသည့်အတွက် ညဉ့်ဘက်တရားဖြုတ်ပြီးသည့်အခါ ဆရာတော်အားဝတ်ပြုလေ့ ရှိ၏။ ဆရာတော်သည် လေဖြတ်ထားရာမှ နာလန်ထူလာနိုင်ပြီဖြစ်သော်လည်း လက်ယာလက်ကို ဦးခေါင်းပေါ်ရောက်အောင် မမြှောက်တင်နိုင်ချေ။

www.burmeseclassic.com

www.burmeseclassic.com



ဦးဇဝနသည် ဆရာတော်၏ လက်ယာလက်ကို အမှတ်စိတ်ဖြင့် နှိပ်ပေးနေ၏။

"အားပါး...ဟန်ကျသွားပြီ"ဟု ဆရာတော်ထံမှ အသံထွက်လာ၏။ ဆရာတော် လက်ယာလက်ကို မြှောက်ကြည့်၏။

"အရင်က ဒီလိုမြှောက်လို့မရဘူးကိုယ်တော်၊ အခုမြှောက်လို့ရပြီ"

ဦးဇဝနက ခေတ္တဆက်၍ နှိပ်ပေးနေစဉ် ၁၀ နာရီထိုးသံထွက်ပေါ်လာ၏။

"ကိုယ်တော် နားတော့လေ၊ ကျန်းမာပါစေ...ချမ်းသာပါစေ"

ဦးဇဝန ထွက်သွားသည့်အချိန်၌ ဦးနာဂိန္ဒနှင့် ကိုရင်ခေမာစာရတို့သည် ဆရာတော်၏ ခြေရင်းတွင် တရားထိုင်နေကြ၏။

နောက်နေ့တွင် ဦးဇဝနရေချိုးရန် ရေတွင်းသို့သွားသောအခါ ဆရာတော်ဘုရားသည် ရေတွင်းအနီး၌ထိုင်နေ၏။ ဦးပဥ္စင်းနှင့်ကိုရင်များက ဆရာတော်၏ လက်သည်းများကို လှီးပေးနေကြ၏။ ဦးဇဝနလည်း ဝင်ရောက်ကာ ဝတ်ကူဖြည့်၏။

"ညဥ့်က ဦးပဥ္စင်းထွက်သွားပြီးနောက် ဘိုးဘုရားက 'နှိပ်ပေး...နှိပ်ပေး၊ ကောင်းတယ်၊ ဘုန်းကြီးကုသိုလ်တွေ အမျှဝေပေးမယ်'လို့ တစ်နာရီကျော်ကျော်လောက် စကားပြောနေတယ်၊ တပည့်တော်တို့ လက်နှိပ်ဓာတ်မီးနဲ့ ထိုးကြည့်တော့ ဘယ်သူ့ကိုမှမမြင်ဘူး၊ ဒါနဲ့ 'ဘိုးဘုရား... ဘယ်သူနဲ့ စကားပြောနေတာလဲ'လို့ မေးကြည့်တော့ 'ကုသိုလ်လိုချင်တဲ့ပုဂ္ဂိုလ်တွေပေါ့'လို့ ဘိုးဘုရားက ဖြေတယ်"

ဦးနာဂိန္ဒနှင့် ကိုရင်ခေမာစာရတို့က ဦးဇဝနအား ပြောပြကြ၏။

"ကိုယ်တော်နှိပ်သွားတဲ့နေရာကို သူတို့ဆက်နှိပ်ပေးတယ်ကွဲ့"ဟု ဆရာတော်က ဖြည့်စွက်ပြောဆိုလိုက်၏။

ထိုညဥ့်၌ ဆရာတော်အား ဝတ်ပြုစဉ် ဦးဇဝနက စကားစရှာ၍...

"ဘိုးဘုရား... မိုးကုတ်ဆရာတော်တို့က တစ်ပါးတည်းအခန်းထဲမှာ သီတင်းသုံးနေတဲ့အခါ နတ်တွေလာပူဇော်ကြတာတဲ့၊ ဘိုးဘုရားလဲ တစ်ပါးတည်းအခန်းလုံလုံမှာ သီတင်းသုံးရင် နတ်တွေလာပူဇော်ကြမှာပေါ့"

"အေး...ပူဇော်ချင်တဲ့ပုဂ္ဂိုလ်တွေက လူခြေတိတ်ရင် လာကြမှာပေါ့"

"တပည့်တော် စမတောင်မှာ အားထုတ်နေစဉ်တုန်းက ညောင်ဦးက ၂၇ ဝါရဦးပဥ္စင်းတစ်ပါးကြွလာတယ်၊ တပည့်တော်က 'အရှင်ဘုရား...ဝိပဿနာ ပရိကံပြုနည်းနဲ့ရှုမှတ်နည်း သင်ပြပေးပါ'လို့လျှောက်ထားတော့ မဟာစည်နည်းကို သူပြပေးတယ်။ တပည့်တော်တို့နှစ်ဦး အခန်းထဲမှာတံခါးပိတ်ပြီး တရားရှု

www.burmeseclassic.com

www.burmeseclassic.com



မှတ်နေစဉ် 'ရှူးရှူး…ရှူးရှူး' နဲ့ ရေမွှေးဖျန်းသံကြားရတယ်၊ အသံကြားရာဘက်ကို ကြည့်ကြတော့ ဘာမှမမြင်ရဘူး၊ ဒါပေမဲ့ အလွန်မွှေးတဲ့ ရေမွှေးရနံ့က တစ်ခန်းလုံးသင်းပျံ့သွားတယ်၊ တပည့်တော်ရဲ့ခေါင်းအုံးစွပ်နဲ့ မျက်နှာသုတ်ပဝါတို့ တောင် ယခုတိုင် ရေမွှေးနံ့သင်းနေသေးတယ်၊ တပည့်တော်ရဲ့သာဝတ္ထိက ဒကာကို ပေးပြီး သူ့အိမ်ဘုရားစင်မှာ တင်လှူထားစေပါတယ်"

တော်ကူးဆရာတော်သည် ဦးဇဝနကိုစိုက်ကြည့်ပြီး ဩဝါဒပေးလိုက်၏။

"ကိုယ်တော်…နောက်ကို နတ်တွေက ရေမွှေးနံ့ပေးရင် 'မွှေးတယ်…မွှေးတယ်' လို့ရှုမှတ်နော်၊ ငါ့ကိုကြည်ညိုတာပဲဆိုပြီး အမှတ်မလွတ်စေနဲ့၊ ဒီလိုပဲ တရားရှုမှတ်ရင် ထူးဆန်းတာတွေ အများကြီးတွေ့ရပါတယ်"

ဦးဇဝနသည် ၆–၁–၈၇ မှ ၂၀–၁–၈၇ အထိ ၁၅ ရက်တိုင်တိုင် မုတင်ငါးပါးကိုဆောင်ယူပြီး သက်သတ်လွတ်ဆွမ်းဘုဉ်းပေးကာ တစ်ရက်လျှင် နာရီ ၂၀ ဝန်းကျင် တရားရှုမှတ်ခဲ့၏။ ဣရိယာပုထ်တစ်ခုတည်းဖြင့် နာရီ ၂၀ တိုင်အောင် ရှုမှတ်ခဲ့သည့်နေ့များလည်း ရှိခဲ့၏။

## အောင်ပွဲရသူများ

ဦးဇပနမုတင်ဆောင်၍ တရားအားထုတ်နေစဉ် ရေးမြို့မှ အသက် ၆၀ ကျော်ခြောက်ဝါရှိဦးပဥ္စင်းကြီးတစ်ပါးနှင့် အဖော်ရဟန်းတစ်ပါးတို့ တော်ကူးဆရာတော်ထံ လာရောက်ကာ တရားအားထုတ်ကြ၏။ ခုနစ်ရက်အတွင်း၌ပင် ဤဦးပဥ္စင်းနှစ်ပါးအား တော်ကူးဆရာတော်က သံဃာများရှေ့၌ ချီးကျူးတော်မူ၏။

"ရေးကိုယ်တော်တွေ…ဝေဒနာအားလုံးကို သည်းညည်းခံပြီး ကျော်လွှားနိုင်လို့ နာရီ ၂၀ ကျော် လုံးဝမလှုပ်ရှားဘဲ ငြိမ်ငြိမ်သက်သက်တရားရှုမှတ်နိုင်ကြတယ်၊ ဒီကိုယ်တော်တွေ ကိလေသာအောင်ပွဲရသွားကြပြီလေ၊ ဘယ်သူတွေ အောင်ပွဲရပြီး ဘယ်သူတွေမရသေးဘူးဆိုတာ ဘုန်းကြီးသိတယ်၊ တချို့က အသိဉာဏ်ထောင်ကျနေလို့ ပြောလို့မရဘူးလေ"

အောင်ပွဲရသူတို့ကို ဆရာတော်က သာဓုခေါ်ပြီး တရားပြခွင့်ပြုတော်မူ၏။ ဦးဇဝနသည် အလွန်အားကျပြီး မိမိတရားရှုမှတ်၍ တွေ့ရှိချက်များကို ဆရာတော်အား လျှောက်ကြား၏။ ဆရာတော်က လှုပ်ရှားသွားလာလုပ်ကိုင်နေသည့်အချိန်များ၌လည်း အမှတ်သတိမလွတ်စေဘဲ သမ္မဇညတရားနှင့်အညီရှုမှတ်ရန် ဩဝါဒပေး၏။

ဦးဇဝနသည် ညွှန်ကြားသည့်အတိုင်း အချိန်ပြည့်ကြိုးစား၍ရှုမှတ်၏။ ၂၄–၁–၈၇ ညဥ့်တွင် ဆရာတော်အား ဝတ်ဖြည့်နေစဉ်…

www.burmeseclassic.com

www.burmeseclassic.com



"ကိုယ်တော်နိုပ်တာသိပ်ကောင်းတယ်၊ အားကြီးပေါ့သွားပြီ၊ ဒီညဉ့် ဘုန်းကြီး တစ်ညဉ့်လုံးတရားမှတ်မယ်လေ၊ ကိုယ်တော် သိမ်မှာတရားပြန်မှတ်တော့၊ အောင်ပွဲရဖို့နီးနေပြီ၊ ဝေဒနာနည်းနည်းကျန်နေတာ ဒီညဉ့်အပြတ်မှတ်လိုက်တော့"

ညဉ့် ၁၀ နာရီထိုးပြီဖြစ်၍ ဦးဇဝနသည် ဆရာတော်အား ခုတင်ခြေရင်းသို့ တွဲခေါ်ပြီး မတ်တတ်ရပ်၍ တရားရှုမှတ်သည့်အနေအထားတွင် ထားပေးခဲ့၏။ ဦးဇဝနသည် သိမ်သို့ပြန်၍ မြတ်စွာဘုရားဆင်းတုရှေ့တွင် တင်းတင်းရင်းရင်း အဓိဋ္ဌာန်ပြုလျက် ခြင်များကိုက်သည်ကိုလည်း မလှုပ်ရှားဘဲ တရားရှုမှတ်လေ၏။

နံနက် ၁ နာရီ ၁၅ မိနစ်တွင် မိမိအခြေအနေကိုသုံးသပ်ကြည့်ရာ ဆင်းရဲခပ်သိမ်း ကင်းငြိမ်းပပျောက်ပြီး ကိုယ်စိတ်နှစ်ဖြာ ထူးထူးခြားခြား ကြည်လင်ပေါ့ပါးနေသည်ကို သိရှိရ၏။ ထူးခြားသောတရားအတွေ့ကို ဆရာတော်အား လျှောက်ထားရန် ဆရာတော်ကျောင်းသို့လာခဲ့၏။ ဆရာတော်သည် ဆင့်ထားသောခေါင်းအုံးသုံးလုံးကိုအမှီပြု၍ တရားရှုမှတ်နေ၏။ ဦးဇဝနသည် ဆရာတော်ထံပါး၌ လျှောင်းစက်ကာ တရားရှုမှတ်နေလိုက်၏။ နံနက် ၃ နာရီ ၁၅ မိနစ်တွင် ဆရာတော်အား ဦးဇဝနကြည့်လိုက်ရာ ဆရာတော်၏မျက်နှာတွင် ခြင်မြောက်မြားစွာ ကိုက်ခဲနေကြသည်ကို မြင်ရသဖြင့် ခြောက်လှန့်ရန် လက်ဟန်ပြင်လိုက်၏။

"နေပါစေ၊ ကိုက်ပါစေ...ကိုက်ပါစေ"

ဆရာတော်၏မိန့်ကြားသံ ပေါ်ထွက်လာ၏။ ဆရာတော်သည် ခြင်ကိုက်သည်ကိုပင် သည်းညည်းခံ၍ တရားရှုမှတ်နေပါပကော။

ဦးဇဝနသည် မိမိတရားအတွေ့ထူးပုံကို လျှောက်ထားလိုက်၏။

"ကိုယ်တော် ဘာဖြစ်လို့ရပ်လိုက်တာလဲ၊ ဆက်ပြီးရှုမှတ်နေရတယ်၊ ကောင်းတယ်လေ...ကိုယ်တော်အောင်ပွဲရပြီလေ၊ လက်မှတ်ရပြီလေ၊ ကိုယ်တော် သာသနာအကြီးအကျယ်ပြုရဦးမယ်"ဟု မိန့်တော်မူ၏။

ဦးဇဝနသည် နောက်နှစ်ရက်သုံးရက်ကြာအောင် အိပ်ချင်စိတ်မရှိဘဲ ရွှင်လန်းကြည်သာလျက် တရားအမှတ်နှင့်မွေ့လျော်နေ၏။ အခြားရဟန်းတော်များရှေ့တွင် ဦးဇဝနအား ဆရာတော်က ဤသို့ချီးမြှောက်၏။

"ဒီကိုယ်တော်ကိုကြည့်စမ်း၊ သူရောက်စတုန်းက အသားတွေမည်းနေတယ်လေ၊ အခု တရားဆေးကောင်းကောင်းစားတတ်သွားပြီ၊ တရုတ်လိုဖြစ်လာပြီ၊ သူ အောင်ပွဲရသွားပြီလေ"တဲ့။

ဦးဇဝနသည် ရက် ၆၀ ကြာတရားရှုမှတ်ပြီးနောက် ဆရာတော်ထံခွင့်ပန်၍ စမတောင်သို့ တစ်လခွဲကျော် ပြန်ကြွသွား၏။ ဆရာတော်က မိမိအမည်ရေး

www.burmeseclassic.com

www.burmeseclassic.com



ထိုးထားသည့် ယပ်တောင်တစ်ချောင်း၊ လက်ကိုင်ပဝါ၊ မျက်နှာသုတ်ပဝါ၊ သင်္ကန်းတစ်စုံ၊ မိမိ၏ ဆံတော်၊ မုတ်ဆိတ်တော်နှင့် မြတ်စွာဘုရားဓာတ်တော်ရှစ်ဆူတို့ကို ချီးမြှောက်လိုက်၏။

## တော်ကူးနည်းမှိ တရားဖြန့်ချိ

ဦးဇဝနသည် ၂၂-၃-၈၇ ရက်နေ့၌ တော်ကူးရိပ်သာသို့ ပြန်ရောက်လာ၏။ ဆရာတော်အား ဝတ်ကြီးဝတ်ငယ်ပြုစုပြီး တရားလည်းဆက်ရှုမှတ်၏။

"ကိုယ်တော်...စိတ်တစ်လုံးကို သေအောင်လုပ်၊ ဓာတ်လုံးအောင်သလို စိတ်တစ်လုံးအောင်ရင် အားလုံးကို မြင်ရသိရပြီလေ၊ ပြောပြလို့မကုန်တော့ဘူး" ဟု ဆရာတော်သြဝါဒပေးတော်မူ၏။

သင်္ကြန်နီးလာသောအခါ တော်ကူးရိပ်သာတွင် နေရာမဆံ့အောင် ယောဂီများပြားလာပြီး ဆရာတော်ဘုရားလည်း နာမကျန်းဖြစ်လာ၏။ ထိုအခါ ဦးဇဝနသည် ယောဂီများအား တရားကူပြပေးရ၏။

၁၃၄၈ ခုနှစ်၊ တန်ခူးလပြည့်ကျော်၊ (၁၃-၄-၈၇) နေ့၌ ဦးဇဝနသည် မိမိသီတင်းသုံးသည့်တိုက်ကျောင်း၌ ရန်ကုန်စိတ်ရောဂါအထူးကုဆေးရုံမှ အထူးကုဆရာဝန်ကြီး ဒေါက်တာသိန်းဌေးဖေ၊ လက်ထောက်ဆရာဝန် ဦးဟန်စိန်တို့ ပါဝင်သော အဖွဲ့ဝင်ရှစ်ဦး၊ ဗိုလ်မှူးကံဆိုင်နှင့် ဒုတိယဗိုလ်မှူးကြီးမောင်မောင်လေး (အငြိမ်းစား) တို့ကို တော်ကူးဆရာတော်၏ နည်းနိဿယအတိုင်း တရားပြပေးနေ၏။ ယောဂီတို့ကလည်း နေ့ဆွမ်းစားပြီးချိန်မှစ၍ တရားရှုမှတ်နေကြရာ မိုးချုပ်လာပြီဖြစ်သော်လည်း မရပ်နားကြသေး။ တော်ကူးရိပ်သာသို့ရောက်လာသည်မှာ နှစ်ရက်သုံးရက်သာရှိသေး၍ ဤမျှကြာအောင် တစ်စပ်တည်းမရှုမှတ်ခဲ့ဖူးကြချေ။ ဦးဇဝန၏ အားပေးမှုကြောင့် ထူးထူးခြားခြားရှုမှတ်နေကြခြင်းဖြစ်၏။ ညဉ့် ၇ နာရီ ၄၈ မိနစ်တွင် တော်ကူးဆရာတော်ပျံလွန်သွားပြီဖြစ်ကြောင်း သတင်းစကားကြားရသည့်အခါမှ တရားဖြုတ်ပြီး ဆရာတော်ကျောင်းပေါ်သို့ ပြေးတက်သွားကြလေ၏။

ရွှေတောင်ကြီးက ပြိုခဲ့လေပြီ။

နောက်နေ့တွင် ဆရာတော်၏ ရုပ်ကလာပ်တော်ကို လူအများပူဇော်နိုင်ရန် ပိုမိုကျယ်ဝန်းသည့် ဓမ္မာရုံသို့ ယူဆောင်သွားကြ၏။ ဆရာတော်၏ စံကျောင်းပေါ်၌ကား ဆရာတော်၏ အနန္တ ကျေးဇူးတော်ကို ဓမ္မပူဇာဖြင့်ပူဇော်လိုကြသော ယောဂီများသည် နေမွန်းတည့်ချိန်မှစ၍ ညဉ့် ၆ နာရီအထိ တရားရှုမှတ်ကြ၏။ ဦးဇဝနက ထိုယောဂီတို့အား မေတ္တာပို့သ၍ ဆရာတော်ပြောဆိုခဲ့သည့်စကားများ

www.burmeseclassic.com

www.burmeseclassic.com



ဖြင့် အားပေးပြောကြားရာ ယောဂီသစ်များပါ ခြောက်နာရီကြာအောင် တစ်စပ်တည်း ချမ်းသာအေးမြစွာ ရှုမှတ်နိုင်ကြလေ၏။

ဦးဇဝနသည် တော်ကူးဆရာတော်အား ကျေးဇူးဆပ်သည့်အနေဖြင့် ဆရာတော့်၏ နည်းနိဿယကို အများပြည်သူတို့၏ အကျိုးငှာ ဆက်လက်ဖြန့်ချိလျက်ရှိ၏။

စမတောင်၊ မိတ္ထီလာ၊ မန္တလေး၊ ရန်ကုန် စသည့်မြို့များ၌ တော်ကူးဆရာတော်နည်းအတိုင်း တရားပြသပေးရာတွင် သုံးရက်အတွင်း၌ ငြိမ်းချမ်းသောသုခကို ခံစားလျက် ညဉ့်လုံးပေါက်တရားထိုင်နိုင်သူများ ပေါ်ထွက်လာကြသဖြင့် ဆရာတော်ကြီးများကပင် အံ့သြပီတိဖြစ်ကြကာ တော်ကူးနည်းနာနိဿယကို မေးမြန်းစုံစမ်းကြလေ၏။

တော်ကူးဆရာတော်မရှိတော့ပြီဖြစ်လင့်ကစား အောင်ပွဲရတပည့်များ၏ ကြိုးပမ်းမှုကြောင့် ဆရာတော်၏ ထူးခြားသော အောင်ပွဲခံတရားရှုမှတ်နည်းသည် အစွန့်ရှည်စွာ ဆက်လက်ရှင်သန်တည်တံ့ပြန့်ပွားနေဦးမည်ဖြစ်ချေသည်တကား။

စေတနာမွန်ဖြင့်

ဒေါက်တာမင်းတင်မွန်

www.burmeseclassic.com

www.burmeseclassic.com

## ဒေါက်တာမင်းတင်မွန်၏ ဓမ္မရတနာစာအုပ်များ

ဤဓမ္မရတနာစာအုပ်များကို ဖတ်ရှုလေ့လာလျှင်
ကြီးကျယ်သော ဓမ္မသဝနကုသိုလ်နှင့်
ကောင်းကျိုးချမ်းသာ မင်္ဂလာအဖြာဖြာကို ရရှိမည်ဖြစ်သည်။

၁။ **မြတ်ဗုဒ္ဓ** – ဘုရားကို ဘာကြောင့် ကိုးကွယ်ထိုက်သလဲ။
၂။ **မြတ်ဓမ္မ** – တရားကျင့်သူကို တရားက ဘယ်လိုစောင့်ရှောက်မလဲ။
၃။ **မြတ်သံဃာ** – သံဃာတော်သည် ဘာကြောင့် အမြတ်ဆုံးရတနာ ဖြစ်သလဲ။
၄။ **မြတ်သရဏဂုံ** – ရတနာမြတ်သုံးပါး ကိုးကွယ်လျှင် အပါယ်မကျဘူး။
၅။ **ဘဝအောင်မြင်ရေး** – အကြိမ်ပေါင်းများစွာ ပြန်ရိုက်ရသောစာအုပ်။
၆။ **ဘဝလမ်းနှစ်သွယ်** – သုဂတိအလင်းလမ်းနှင့် အပါယ်ဒုဂ္ဂတိလမ်း ဘယ်လိုလှမ်း?
၇။ **ဘဝချမ်းသာရေး** – ယခုဘဝ နောက်ဘဝ အကောင်းဆုံးချမ်းသာတွေက ဘာလဲ။
၈။ **ဖားအောက်တောရမိတ်ဆက်** – ဗုဒ္ဓအလိုတော်ကျ သမထ ဝိပဿနာရှုနည်းက?
၉။ **လိမ္မာယဉ်ကျေး တို့ရင်သွေး** – ပြည်သူ့ရင်သွေးရတနာများ လိမ္မာရေးခြားရှိကြဖို့။
၁၀။ **မေတ္တာနှင့် သစ္စာ သရုပ်ဖော်** – အလှဆုံးတရားနှင့် အမြတ်ဆုံးတရားတို့ကို လက်တွေ့ကျင့်ဖို့။
၁၁။ **မေတ္တာနှင့်သစ္စာအဖွင့်** – တစ်လောကလုံးကို အလှဖုံးစေ, မြင့်မြတ်စေသော တရားနှစ်ပါး။
၁၂။ **တော်ကူးဝိပဿနာဂုဏ်ထူးဆောင်** – ထူးဆန်းစွာ ရောဂါပျောက်ခြင်းများ။
၁၃။ **ဆေးမကုဘဲ ငြိမ်းအေးနည်း** – ကျန်းမာချမ်းသာစွာနေနိုင်သည့်တရားရှုနည်း။
၁၄။ **မြတ်ဒါန** – တိုးတက်ကြီးပွားအောင် အကျိုးကြီးအောင် ဘယ်လို လှူဒါန်းရမလဲ။
၁၅။ **မြတ်သီလ** – အလှဆုံးတန်ဆာ၊ အကောင်းဆုံး ကိုယ်ကျင့်စာရိတ္တ၊ လိုတိုင်းရစေ။
၁၆။ **မြတ်ဘာဝနာ** – အကျိုးအကြီးဆုံး အကောင်းဆုံး ဘဝနေနည်း ဘာဝနာရှုနည်းများ။
၁၇။ **ဗုဒ္ဓအဘိဓမ္မာအနှစ်ချုပ်** – လောကအကြောင်း ကောင်းစွာသိနားလည်စေတဲ့ ဗုဒ္ဓဒဿန၊ အဘိဓမ္မာ (ရိုးရိုးတန်း) စာမေးပွဲ လက်စွဲ။

www.burmeseclassic.com

www.burmeseclassic.com

၁၈။ **ဘဝရည်မှန်းချက်နှင့် ဘဝလမ်းစဉ်** – The Aim and Way of Life.
၁၉။ **ဗုဒ္ဓဘာသာစာရိတ္တနှင့် ကျင့်ဝတ်များ** – Buddhist Ethics and Duties.
၂၀။ **ဗုဒ္ဓဝါဒနှင့် ခေတ်သစ်ဘဝ** – Buddhism in Modern Life.
၂၁။ **ဘဝကိစ္စနှင့် ဘဝပန်းတိုင်** – The Purpose and the Goal of Life.
၂၂။ **သိပ္ပံနယ်လွန် ဗုဒ္ဓဘာသာ** – The Supreme Science of the Buddha.
၂၃။ **တော်ကူးဆရာတော် ဘဝဆည်းဆာနှင့် ကျင့်စဉ်တရား** – တရားရှုခြင်းဖြင့် အားလုံးကို အနိုင်ရ။
၂၄။ **ရှေးဘဝ နောက်ဘဝ သိပ္ပံနည်းကျ အထောက်အထားများ** – အတိတ်ဘဝတွေကို ဘယ်လိုသိနိုင်သလဲ။
၂၅။ **အမြတ်ဆုံးပန်းတိုင် စေကန်ပိုင်** (ပထမတွဲ) – ဗုဒ္ဓနည်းကျ မှန်ကန် တိကျသော တရားရှုနည်း။
၂၆။ **တက္ကသိုလ် အဘိဓမ္မာပေါင်းချုပ်** – ဗုဒ္ဓဒေသနာ အဘိဓမ္မာကို အရှင်းဆုံးတင်ပြထားသည့် စာအုပ်။ စာသင်သားများအား အဘိဓမ္မာအထောက်အကူပြု။
၂၇။ **The Essence of Buddha-Abhidhamma** – ဗုဒ္ဓအဘိဓမ္မာကို အကောင်းဆုံး ရှင်းလင်းချက်။
၂၈။ **ယဉ်ကျေးလိမ္မာ ရင်သွေးကမ္ဘာ** (အိတ်ဆောင်) – မှု, လယ်, ထက် စာရိတ္တပညာ လက်စွဲ။
၂၉။ **တော်ကူးကျင့်စဉ်တရား** (အိတ်ဆောင်) – ဒုက္ခဝေဒနာကို ကျော်လွှား၍ ငြိမ်းအေးမှု ရယူနည်း။
၃၀။ **ဖားအောက်တောရ မိတ်ဆက်** (အိတ်ဆောင်) – သမာဓိပြည့်မီအောင် ထူထောင်၍ ပရမတ်တရားများကို မြင်အောင် ဝိပဿနာရှုနည်း။
၃၁။ **မြတ်ဗုဒ္ဓ** (အိတ်ဆောင်) – ဘုရားကို လေးစားကြည်ညိုလျှင် မုချကြီးပွား တိုးတက်မည်။
၃၂။ **အဘိဓဇမဟာရဋ္ဌဂုရု သပြေကန်ဆရာတော်ဘုရားကြီး** – သာသနာ့တံခွန် စံပြ ပုဂ္ဂိုလ်ထူး။
၃၃။ **သောက, ဒေါသ, အဏ္ဏ ဘဝအစက်အခဲဟူသမျှ ကျော်လွှားအံ့** – How to Live without Fear and Worry (I).
၃၄။ **ပျော်ရွှင်အောင်မြင်သော နေထိုင်နည်း** – How to Live without Fear and Worry (II).
၃၅။ **ခေတ်အမြင်နှင့် သိမှတ်စရာ ဗုဒ္ဓဘာသာအကျဉ်း** – Buddhism in Nutshell.
၃၆။ **အမြတ်ဆုံးပန်းတိုင် စေကန်ပိုင်** (ဒုတိယတွဲ) – ဗုဒ္ဓနည်းကျ မှန်ကန်တိကျသော ဝိပဿနာရှုနည်း။

www.burmeseclassic.com

www.burmeseclassic.com

၃၇။ **ဗုဒ္ဓစကားတော်** - The Word of the Buddha.

၃၈။ **ဘဝလွတ်မြောက်ရေးနှင့် အရိယသစ္စာ** - The Nobel Liberation and The Nobel Truths.

၃၉။ **Good English** - အကောင်းဆုံး အင်္ဂလိပ်သဒ္ဒါစာအုပ်။

၄၀။ **Good Letters** - အကောင်းဆုံး အင်္ဂလိပ်စာရေးနည်း။

၄၁။ **Good Essays** - အကောင်းဆုံး အင်္ဂလိပ်စာစီစာကုံးများ။

၄၂။ **Good Speaking** - အကောင်းဆုံး အင်္ဂလိပ်စကားပြောနည်း။

၄၃။ **Poket Best Speaking** - အိတ်ဆောင် အကောင်းဆုံး အင်္ဂလိပ်စကားပြော။

၄၄။ **Best Basic Speaking** - အကောင်းဆုံး အခြေခံ အင်္ဂလိပ်စကားပြော။

၄၅။ **အင်္ဂလိပ်စာအလင်းပြ** (တက္ကသိုလ်ဝင်တန်း သင်ရိုးသစ်) - အကောင်းဆုံးဆရာက သင့်အား အနီးကပ်သင်ပြပေးပြီး ပြဋ္ဌာန်းစာအုပ်တစ်အုပ်လုံးကို အသေးစိတ် ရှင်းပြ, သင်ပြ, ဖြေပြထားသည်။

၄၆။ **ဓာတုဗေဒအလင်းပြ** - တက္ကသိုလ်ဝင်တန်း သင်ရိုးကုန်။

၄၇။ **အောင်ပွဲဝင် ဓာတုဗေဒ** - တက္ကသိုလ်ဝင်တန်း အထူးမှတ်စု။

တရားကို ပေးလှူခြင်းသည် အမြတ်ဆုံးအလှူဖြစ်သည်၊
တရားအရသာသည် အမွန်မြတ်ဆုံးအရသာဖြစ်သည်၊
တရားနှင့်မွေ့လျော်ခြင်းသည် အကောင်းဆုံးမွေ့လျော်ခြင်းဖြစ်သည်၊
တရားကို သိပြီး လက်တွေ့ကျင့်သုံးခြင်းဖြင့်
အမြတ်ဆုံးချမ်းသာကို ရယူနိုင်ကြပါစေ၊

www.burmeseclassic.com